# ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး – ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး – ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး – ဒို့အရေး

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအားဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအားဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံ များအားဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားစည်းလုံးညီညွတ်မှု ခိုင်မာရေး
* စည်းကမ်းပြည့်ဝသောဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
* ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော်၏စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်ရှိရေး

## လူမှုရေးဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

| | | | | |
|---|---|---|---|---|
| ပထမပုံနှိပ်ခြင်း၊ | ၁၉၆၃ ခုနှစ်၊ | အောက်တိုဘာလ၊ | အုပ်ရေ | ၁၅၀၀ |
| ဒုတိယပုံနှိပ်ခြင်း၊ | ၁၉၈၅ ခုနှစ်၊ | နိုဝင်ဘာလ၊ | အုပ်ရေ | ၂၀၀၀ |
| တတိယပုံနှိပ်ခြင်း၊ | ၂၀၀၁ ခုနှစ်၊ | စက်တင်ဘာလ၊ | အုပ်ရေ | ၅၀၀၀ |
| စတုတ္ထပုံနှိပ်ခြင်း၊ | ၂၀၁၆ ခုနှစ်၊ | ဖေဖော်ဝါရီလ၊ | အုပ်ရေ | ၂၇၅၀ |

ပုံနှိပ်သူ
ဦးဖုန်းနိုင် (၀၀၃၅၄)
မန်နေဂျာ
ကင်းစောင့်ပုံနှိပ်တိုက်
(၂၀၆) ရွှေသစ္စာလမ်း၊ ရန်ကင်းမြို့နယ်
ရန်ကုန်မြို့

ထုတ်ဝေသူ
ဦးစောထီမသေ (၀၀၅၉၄)
ဥက္ကဋ္ဌ
မြန်မာပြည်သတ္တမနေ့ဥပုသ်အသင်းတော်
(၆၈) ဦးဝိစာရလမ်း၊ ရန်ကုန်မြို့

အုပ်ရေ – ၂၇၅၀

တန်ဖိုး – ၃၅၀၀

# အသင်းတော်အတွက်
# ဩဝါဒများ

မစ္စစ်အယ်လင်ဂျီဝှိုက်



မစ္စစ်အယ်လင်ဂျီဝှိုက်

# အသင်းတော်အတွက် ဩဝါဒများ

(ဒုတိယပိုင်း)

အယ်လင်ဂျီဝှိုက်ရေးသားသည့် **“Counsels for the Church”** စာအုပ်ကို
ဦးစောဦးက “အသင်းတော်အတွက်ဩဝါဒများ” အမည်ဖြင့်
မြန်မာပြန်ဆိုသည်

# KEY TO ABBREVIATIONS

| | |
|---|---|
| AA | Acts of the Apostles |
| AH | Adventist Home |
| CD | Counsels on Diet and Foods |
| CG | Child Guidance |
| CH | Counsels on Health |
| CM | Colporteur Ministry |
| CS | Counsels on Stewardship |
| CT | Counsels to Parents, Teachers, and Students |
| DA | Desire of Ages |
| Ed | Education |
| Ev | Evangelism |
| EW | Early Writings of Ellen G. White |
| FE | Fundamentals of Christian Education |
| GC | Great Controversy |
| GW | Gospel Workers |
| LS | Life Sketches of Ellen G. White |
| ML | My Life Today |
| MH | Ministry of Healing |
| MM | Medical Ministry |
| MYP | Messages to Young People |
| PK | Prophets and Kings |
| PP | Patriarchs and Prophets |
| RH | The Adventist Review and Sabbath Herald (Review and Herald) |
| SC | Steps to Christ |
| SL | Sanctified Life |
| ST | Signs of the Times |
| Te | Temperance |
| 1T | Testimonies for the Church, Vol. 1 (2T, etc., for vols, 2 to 9) |
| 1TT | Testimonies Treasures, Vol.1 (2TT, 3TT, for vols, 2 and 3) |
| WM | Welfare Ministry |

# မာတိကာ


အခန်း စာမျက်နှာ

၂၇။ ခင်ပွန်း (သို့မဟုတ်) ဇနီးရွေးခြင်း ---------- ၁

၂၈။ မယုံကြည်သောသူကိုလက်မထပ်နှင့် ---------- ၁၈

၂၉။ ထိမ်းမြားစုံဖက်ခြင်း ---------- ၂၈

၃၀။ ပျော်ရွှင်အောင်မြင်သောပေါင်းဖက်ခြင်း ---------- ၃၆

၃၁။ ခင်ပွန်းနှင့်ဇနီးတို့၏ဆက်သွယ်ခြင်း ---------- ၄၃

၃၂။ မိခင်နှင့်သားသမီး ---------- ၅၄

၃၃။ ခရစ်ယာန်မိခင်နှင့်ဖခင် ---------- ၆၄

၃၄။ ခရစ်ယာန်အိမ်ထောင် ---------- ၇၅

၃၅။ အိမ်ထောင်တွင်ဝိညာဉ်ရေးသြဇာများ ---------- ၈၀

၃၆။ အိမ်ထောင်၏ငွေကြေးကိစ္စ ---------- ၈၆

၃၇။ အားလပ်သည့်နေ့နှင့်နှစ်လည်အထိမ်းအမှတ်
နေ့များတွင် အိမ်ထောင်၏လုပ်ငန်းများ ---------- ၉၄

၃၈။ အားသစ်ဖြည့်ရန်ပျော်မြူးခြင်း ---------- ၉၉

၃၉။ ကွယ်ကာထားအပ်သောစိတ်၏အဝင်ဝများ ---------- ၁၁၅

၄၀။ ဖတ်စရာများကိုရွေးချယ်ခြင်း ---------- ၁၁၈

၄၁။ တေးဂီတအတီးအမှုတ် ---------- ၁၂၇

၄၂။ ဝေဖန်ခြင်းနှင့်၎င်း၏အကျိုးအပြစ် ---------- ၁၃၀

၄၃။ အဝတ်အထည်နှင့်ပတ်သက်သောအကြံဉာဏ် ---------- ၁၄၄

၄၄။ ပျိုရွယ်သူတို့အားနှိုးဆော်ခြင်း ---------- ၁၅၃

၄၅။ သားသမီးများအားဆုံးမသွန်သင်၍
ပညာသင်ကြားပေးရေး ---------- ၁၆၈

၄၆။ ခရစ်ယာန်ပညာသင်ကြားရေး ---------- ၁၉၈

၄၇။ မြို့ခြံ၍နေထိုင်ရန်ဖိတ်ခေါ်ခြင်း ---------- ၂၂၆

၄၈။ သန့်ရှင်းစင်ကြယ်ခြင်းသည်အရေးကြီးခြင်း ---------- ၂၃၆

# မာတိကာ


အခန်း စာမျက်နှာ

၄၉။ ကျွန်ုပ်တို့သုံးဆောင်သောအစာ—————————————— ၂၄၁
၅၀။ အသားပါသောအစာများ —————————————— ၂၅၆
၅၁။ ကျန်းမာရေးပြုပြင်ပြောင်းလဲခြင်းအမှု၌ သစ္စာရှိခြင်း —————————————— ၂၆၆
၅၂။ လူနှင့်ဘုရားသခင်ဆက်သွယ်မှုကို သန့်ရှင်းစွာထားပါ —————————————— ၂၈၂
၅၃။ စိတ်နှလုံးနှင့်အသက်တာဖြူစင်ခြင်း —————————————— ၂၉၆
၅၄။ လူနာအတွက်ဆုတောင်းခြင်း—————————————— ၃၀၈
၅၅။ ဆေးကုသခြင်းလုပ်ငန်း —————————————— ၃၁၉
၅၆။ ကျွန်ုပ်တို့၏အယူဝါဒကိုလက်မခံသူတို့နှင့် ဆက်သွယ်ခြင်း —————————————— ၃၃၀
၅၇။ အစိုးရအရာရှိများ၊ ဥပဒေများနှင့် ကျွန်ုပ်တို့ဆက်ဆံရေး —————————————— ၃၃၅
၅၈။ စာတန်၏လှည့်ဖြားခြင်းအလုပ် —————————————— ၃၄၆
၅၉။ မှားသောလောကဓာတ်ပညာ—စာတန်၏ ခေတ်အလင်းဝတ်ရုံ—————————————— ၃၅၂
၆၀။ စာတန်၏လှည့်ဖြားသောအဲ့ဩဖွယ်ရာများ —————————————— ၃၆၈
၆၁။ ရောက်လာမည့်အရေးဆိုက်ရာကာလ —————————————— ၃၇၆
၆၂။ ဆန်ခါနှင့်ချသောအချိန် —————————————— ၃၈၆
၆၃။ သတိရစရာအချက်တချို့ —————————————— ၃၉၅
၆၄။ ကျွန်ုပ်တို့၏ယဇ်ပုရောဟိတ်မင်းသခင်ယေရှု —————————————— ၄၀၇
၆၅။ ယောရှုနှင့်ကောင်းကင်တမန် —————————————— ၄၁၃
၆၆။ “ငါသည်အလျင်အမြန်လာမည်”—————————————— ၄၂၃

## အခန်း (၂၇)
# ခင်ပွန်း (သို့မဟုတ်) ဇနီးရွေးခြင်း

ထိမ်းမြားလက်ထပ်ခြင်းသည် ဤလောက၌လည်းကောင်း၊ လာလတ္တံ့သောလောက၌လည်းကောင်း သင်၏အသက်တာကိုပြုပြင်ဩဇာ ညောင်း၍ ထိခိုက်စေသောအရာဖြစ်လိမ့်မည်။ မိမိ၏အပြုအမူကို ဘုရားသခင် သဘောတူညီမှုကိုမခံမယူဘဲ ဖြောင့်မှန်သောခရစ်ယာန်သည် ဤအမှု၌ မိမိ သဘောအကြံအစည်အတိုင်း ပြုလုပ်လိမ့်မည်မဟုတ်။ သူသည် မိမိကိုယ်တိုင် ရွေးချယ်ခြင်းပြုလုပ်မည်မဟုတ်။ ဘုရားသခင်သည် သူ့အတွက်ရွေးချယ်ပေး ရလိမ့်မည်ဟု သူသည်ထင်မှတ်လိမ့်မည်။ သခင်ခရစ်တော်သည် မိမိကိုယ်ကို နှစ်သက်အောင်ပြုတော်မမူသောကြောင့်၊ ကျွန်ုပ်တို့သည် မိမိတို့ကိုယ်တိုင်ကို နှစ်သက်စေအောင်မပြုရကြ။ မိမိမချစ်ခင်သောသူကို လက်ထပ်ရမည်ဟု ကျွန်ုပ်မဆိုလိုပါ။ ဤအမှုသည် အပြစ်ဖြစ်လိမ့်မည်။ သို့ရာတွင် ပျက်စီးခြင်း သို့ရောက်စေရန် စိတ်အထင်အမြင်နှင့်စိတ်ထကြွလာသောသဘောတို့ကို အခွင့်မပေးရ။ ဘုရားသခင်သည် စိတ်နှလုံးတစ်ခုလုံး၊ အမြတ်ဆုံးသောချစ်ခင် နှစ်သက်ခြင်းကို အလိုရှိတော်မူ၏။

ထိမ်းမြားလက်ထပ်ခြင်းပြုဖို့ ဆင်ခြင်စဉ်းစားနေသောသူတို့သည် မိမိတို့ရှာဖွေတည်ထောင်ရမည့် အိမ်ထောင်၏အကျင့်နှင့်ဩဇာသည် မည်ကဲ့သို့ ဖြစ်လာရမည်ကို ဆင်ခြင်စဉ်းစားရကြမည်။ သူတို့သည် မိဘဖြစ်လာကြ သောအခါ သူတို့၌သန့်ရှင်းသောတာဝန်ကိုပေးအပ်ထားလေပြီ။ ဤလောက ၌သားသမီးတို့၏ကောင်းစားရေးနှင့် လာလတ္တံ့သောလောက၌ သူတို့၏ ပျော်ရွှင်ရေးသည် အများအားဖြင့် သူတို့အပေါ်၌မှီခိုပေသည်။ ငယ်ရွယ်သော သူတို့၏ကာယနှင့်ဉာဏဗလတိုးပွားရေးသည် သူတို့နှင့်အများအားဖြင့် သက်ဆိုင်ပေသည်။ အဖွဲ့အစည်း၊ အပေါင်းအသင်း၏အခြေအနေသည် အိမ်ထောင်၏အကျင့်အပေါ်၌မှီခိုသည်။ အိမ်ထောင်၏ဩဇာညောင်းမှုအလိုက် တိုးတက်ခြင်း (သို့မဟုတ်) ဆုတ်ယုတ်ခြင်းအမှုကို ဖော်ပြလိမ့်မည်။

ခရစ်ယာန်လူငယ်တို့သည် မိတ်ဆွေဖွဲ့ရာ၌လည်းကောင်း၊ အပေါင်းအဖော်ရွေးရာ၌လည်းကောင်း ကြီးစွာသတိပြုရကြမည်။ ယခုဖြူစင်သောရွှေဟု သင်ထင်သောအရာသည် ယုတ်ညံ့သောသတ္တုဖြစ်နေမည်အကြောင်း သတိပြုလော့။ လောကီအပေါင်းအသင်းတို့သည် ဘုရားဝတ်ပြုကိုးကွယ်ရေး၌ သင့်အဖို့အနှောင့်အယှက်ဖြစ်စေတတ်သည်။ ၎င်းပြင် အလုပ်အကိုင်၌ လည်းကောင်း၊ ထိမ်းမြားလက်ထပ်ခြင်း၌လည်းကောင်း ဘယ်အခါမျှမြင့်တင် ခြင်းမပြု၊ (သို့မဟုတ်) မြင့်မြတ်အောင်မပြုသောသူနှင့်မသင့်လျော်သော ပေါင်းဖော်ခြင်းဖြင့် အများသောဝိညာဉ်တို့သည် ပျက်စီးကြ၏။

သင်သည် တစ်သက်ပတ်လုံးပေါင်းသင်းရမည်ဟု ထင်သောသူ၏ အကျင့်တိုးပွားမှုရှိသမျှ၊ သူ၏သဘောထားရှိသမျှကို သေချာစွာစစ်ဆေးစောင့်ကြည့်နေပါ။ သင်လှမ်းရသောခြေလှမ်းသည် သင်၏အသက်တာတွင် အရေးအကြီးဆုံးဖြစ်သဖြင့် အလျင်အမြန်မပြုအပ်ပေ။ သင်သည် ချစ်နိုင်သော်လည်း ကန်းစွာမချစ်အပ်ပေ။

သင်၏အိမ်ထောင်အသက်တာသည် ပျော်ရွှင်မည် (သို့မဟုတ်) မညီညွတ်၍ စိတ်ဆင်းရဲစေမည်ကိုသိရှိရန် သေချာစွာစစ်ဆေးကြည့်ရှုရမည်။ ဤကဲ့သို့အိမ်ထောင်ဖက်ပြုခြင်းဖြင့် ကောင်းကင်ဘက်သို့ရောက်အောင် ကူညီခြင်းရရှိပါမည်လော၊ ၎င်းအားဖြင့် ကျွန်ုပ်သည် ဘုရားသခင်ကိုတိုး၍ချစ်လာမည်လော၊ ဤအသက်တာ၌ ၎င်းအားဖြင့် ကျွန်ုပ်သည် သာ၍အသုံးဝင်သောသူဖြစ်လာမည်လောဟူသောအကြောင်းများကို ဆင်ခြင်မေးမြန်းကြည့်လော့။ ဤကဲ့သို့အမှု၌ဆန့်ကျင်ဘက်မရှိလျှင် ဘုရားသခင်ကိုကြောက်ရွံ့ခြင်းနှင့် ရှေ့သို့တက်လှမ်းလော့။

အသက်တာအတွက်အဖော်ရွေးသောအခါ မိဘနှင့်သားသမီးတို့၏ ကိုယ်၊ စိတ်၊ ဝိညာဉ်ရေးတို့၌ကောင်းစားရေးအတွက် အကောင်းဆုံးဖြစ်စေရမည်။ မိဘနှင့်သားသမီးတို့သည် မိမိတို့နှင့်သက်ဆိုင်ရာလူအချင်းချင်းအတွက် ကောင်းချီးဖြစ်စေလျက် မိမိတို့၏ဘုရားသခင်အား ချီးမြှောက်စေဖို့ဖြစ်ရလိမ့်မည်။

## ဇနီးဖြစ်ရမည့်သူ၌အကျင့်စာရိတ္တများကို စစ်ဆေးကြည့်ရမည်

မိမိအသက်တာ၏တာဝန်ကိုထမ်းဆောင်ရန် သင့်လျော်သောသူ၊ မိမိအားသူမ၏ပြုပြင်ပေးခြင်းအားဖြင့် မြင့်မြတ်ကောင်းမွန်စေလျက် သူ၏အချစ်တွင် မိမိအားပျော်ရွှင်စေမည့်သူကို လူငယ်တစ်စုံတစ်ယောက်သည် မိမိ၏အိမ်ထောင်ဖက်အဖြစ် ရွေးချယ်ပါစေ။

"သမ္မာသတိရှိသောမယားမူကား၊ ထာဝရဘုရားပေးသနားတော်မူရာဖြစ်၏။ သူ၏ခင်ပွန်းသည် သူ့ကိုယုံ၍ ...... ထိုမယားသည် မိမိခင်ပွန်း၏အကျိုးကိုမဖျက်၊ တစ်သက်လုံးပြုစုတတ်၏။" "ပညာစကားကိုပြောတတ်၍ မေတ္တာတရားအားဖြင့်နှုတ်မြွက်တတ်၏။ အိမ်သူအိမ်သားပြုသမျှတို့ကို ကြည့်ရှုတတ်၏။ ပျင်းရိခြင်းအစာကိုမစားတတ်။ သူ၏သားသမီးတို့သည်ထ၍ အမိကိုကောင်းချီးပေးတတ်ကြ၏။ သူ၏ခင်ပွန်းကလည်း လူမျိုးသမီးအများတို့သည် ကောင်းမွန်စွာပြုကြပြီ။ သို့ရာတွင် သင်သည် ထိုသူအပေါင်းတို့ကိုလွန်ကဲပြီဟု သူ့ကိုချီးမွမ်းတတ်၏။" ထိုကဲ့သို့သောမယားကိုရသောသူသည် "ကောင်းသောအရာကိုရ၍ ထာဝရဘုရား၏ကျေးဇူးတော်ကိုခံရ၏။"

ဆင်ခြင်ရန်အချက်များကို ယခုဖော်ပြထားပါသည်။ သင်လက်ထပ်သောသူသည် သင်၏အိမ်ထောင်၌ ပျော်မွေ့ခြင်းကိုဖြစ်စေမည်လား၊ သူမသည် ချွေတာသုံးစွဲသူဖြစ်သလား၊ (သို့မဟုတ်) လက်ထပ်ပြီးသောအခါ သူမသည် မိမိကိုယ်တိုင်ရရှိသောဝင်ငွေများကိုသာမက သင်၏ငွေကိုပင် အချည်းနှီးသောအရာအတွက်၊ အလှအပကိုနှစ်သက်ခြင်းအတွက် သုံးလိမ့်မည်လော။ ဤလမ်း၌ သူမ၏စည်းကမ်းဥပဒေသည် မှန်ကန်သလော။ ယခုသူမ၌အားကိုးမှီခိုစရာရှိခဲ့ပြီလား။ ယောကျာ်းတစ်ယောက်၏စိတ်သည် အချစ်နှင့်လည်းကောင်း၊ ထိမ်းမြားလက်ထပ်ရန်အတွက် စဉ်းစားနေခြင်းနှင့်လည်းကောင်း ပြည့်ဝနေသဖြင့် ဤအရာတို့သည် အကျိုးမရှိသကဲ့သို့

ပယ်ရှားထားလိမ့်မည်။ သို့သော် ဤအရာတို့ကိုအချိန်မီဆင်ခြင်ရမည်။ အကြောင်းမူကား၊ ၎င်းတို့သည် သင်၏ရေ့အသက်တာအတွက် အရေးကြီးကြသည်။

သင်သည်မယားရွေးသောအခါ၌ သူမ၏အကျင့်ကိုလေ့လာကြည့်ပါ။ သူမသည် သည်းခံ၍ဆင်းရဲခြင်းဒဏ်ခံနိုင်မည်လား။ သင်၏မိခင်နှင့်ဖခင်တို့သည် တကယ်ခွန်အားကြီးသောသားတစ်ယောက်ကိုအလိုရှိနေသောအခါ၌ သူမသည် သူတို့ကိုမစောင့်ရှောက်ဘဲနေလိမ့်မည်လား။ ၎င်းပြင် သူမသည် မိမိ၏အကြံအစည်အတိုင်းလိုက်နာ၍ မိမိသဘောကျဖြစ်စေရန် သူ့ကိုမိဘများထံမှခွဲခွာစေပြီး မိဘတို့သည် ချစ်ခင်စရာကောင်းသောသမီးကိုမရဘဲ သားတစ်ယောက်ပင်ဆုံးရှုံးလောက်အောင် စွန့်ပစ်ထားခြင်းခံရကြမည်လော။

## ခင်ပွန်းဖြစ်ရမည့်သူ၌အကျင့်စာရိတ္တတို့ကို စစ်ဆေးကြည့်ရမည်

မိမိသည်ထိမ်းမြားလက်ထပ်ခြင်းမပြုမီ မိမိနှင့်တစ်သက်ပတ်လုံးပေါင်းသင်းဆက်ဆံရမည့်သူသည် ထိုက်တန်သင့်လျော်သလားဟု အမျိုးသမီးတိုင်းသည် စုံစမ်းစစ်ဆေးကြည့်ရမည်။ လွန်ခဲ့သောကာလက သူသည် မည်ကဲ့သို့မှတ်တမ်းတင်ခဲ့သနည်း။ သူ၏အသက်တာသည် ဖြူစင်သန့်ရှင်းသလော။ သူပြောပြသောအချစ်သည် မြင့်မြတ်သောသဘောသက်ဝင်သလား၊ (သို့မဟုတ်) စိတ်ထကြွလာသဖြင့် အပေါ်ယံကဖော်ပြသောအချစ်ဖြစ်သလား။ သူမအားပျော်ရွှင်စေအောင်ပြုလုပ်နိုင်မည့်အကျင့်များ သူ၌ရှိသလား။ သူ၏အချစ်၌ သူမသည် မှန်သောငြိမ်သက်ခြင်းနှင့်ပျော်ရွှင်ခြင်းကို တွေ့ရှိနိုင်မည်လော။ သူမသည် မိမိတစ်ဦးတည်း၏သဘောအတိုင်း ပြုလုပ်ခွင့်ရရှိမည် လား၊ (သို့မဟုတ်) သူမ၏ဝေဖန်ပိုင်းခြားသိနားလည်တတ်သောသဘောကို ယောကျာ်း၏အလိုအတိုင်း ဖြစ်စေရမည်လား။ ကယ်တင်ရှင်၏တောင်းဆိုချက် တို့ကိုအမြတ်ဆုံးအရာကဲ့သို့ သူမသည် ချီးမြှောက်နိုင်မည်လား။ ကိုယ်ခန္ဓာ

နှင့်ဝိညာဉ်၊ အကြံအစည်နှင့်ရည်ရွယ်ချက်တို့ကို ဖြူစင်သန့်ရှင်းစွာထားနိုင်မည်လား။ အိမ်ထောင်ဖက်ပြုသော အမျိုးသမီးတိုင်း၏ကောင်းစားရေးအတွက် ဤအရာတို့သည် အရေးကြီးပေသည်။

ငြိမ်သက်ပျော်ရွှင်သောပေါင်းဖက်ခြင်းကိုအလိုရှိ၍ နောင်ကာလ၌ ဝမ်းနည်းပူဆွေးခြင်းတို့နှင့်ကင်းလွတ်လိုသောအမျိုးသမီးသည် မိမိ၏အချစ်ကို မပေးအပ်မီ ကျွန်ုပ်၏ချစ်သူ၌မိခင်ရှိသလားဟု မေးမြန်းစုံစမ်းရမည်။ သူမ၏ ထူးခြားသောအကျင့်သည် အဘယ်အရာဖြစ်သနည်း။ သူမအားစောင့်ရှောက်ရန်တာဝန်ကို သူသည်သိရှိသလား။ သူမ၏အလိုဆန္ဒနှင့်ပျော်ရွှင်ရေးကို သူသည်ဂရုစိုက်ပါသလား။ သူသည် သူ၏မိခင်ကိုရိုသေလေးစားခြင်းမရှိလျှင် မိမိ၏မယားအပေါ်၌ ရိုသေခြင်းနှင့်ချစ်ခြင်း၊ ကြင်နာခြင်းနှင့်ဂရုစိုက်ခြင်းရှိမည်လား။ ထိမ်းမြားလက်ထပ်ခြင်းအမှုများပြီးသောအခါ သူသည် ကျွန်ုပ်ကို ချစ်လျက်ရှိနေဦးမည်လား။ သူသည် ကျွန်ုပ်တို့၏အမှားများအတွက်သည်းခံမည်လား၊ (သို့မဟုတ်) အပြစ်တင်၊ အနိုင်အထက်ပြု၊ အာဏာပြမည်လား။ မှန်သောချစ်ခြင်းသည် အမှားအများကိုဂရုမစိုက်ဘဲနေမည်၊ မေတ္တာသည် ၎င်းတို့ကိုဝေဖန်ခြင်းပြုမည်မဟုတ်။

သန့်ရှင်းဖြူစင်၊ ယောကျ်ားပီသသောအကျင့်ရှိသူ၊ ကြိုးစားအားထုတ်၍ထကြွခြင်း၊ ရိုးသားခြင်းရှိသူ၊ ဘုရားသခင်ကိုချစ်၍ကြောက်ရွံ့သောသူကို ပျိုရွယ်သောမိန်းမသည် မိမိ၏တစ်သက်တာအဖော်အဖြစ် ရွေးချယ်လက်ခံပါစေ။

ရိုသေခြင်းမရှိသောသူကိုရှောင်လော့။ ပျင်းရိခြင်းကိုနှစ်သက်သောသူကိုရှောင်လော့။ ရိုသေလေးမြတ်ဖွယ်သောအရာတို့ကို ပြောင်လှောင်ကဲ့ရဲ့သောသူကိုရှောင်လော့။ ညစ်ညမ်းသောစကားကိုပြောသောသူ၊ အရက်တစ်ခွက်ကိုပင်သောက်တတ်သူကို ပေါင်းဖော်ခြင်းမပြုနှင့်။ ဘုရားသခင်အားပြုအပ်သောတာဝန်ကို မသိသောသူ၏အကြံပေးချက်တို့ကို နားမထောင်နှင့်။ ဘုရားသခင်ကိုမချစ်မကြောက်၊ မှန်သောဖြောင့်မတ်ခြင်းတရား၏စည်းကမ်းများကိုမသိ၊ သူတို့၏အလွန်နှစ်သက်ဖွယ်ပေါင်းဖော်ခြင်းမှဖြတ်ပယ်ရန်

ဝိညာဉ်ကိုသန့်ရှင်းစေသည့် ဖြူစင်သောဘုရားသခင်၏တရားသည် သင့်အား ခွန်အားကိုပေးလိမ့်မည်။ ကျွန်ုပ်တို့သည် မိတ်ဆွေ၏အားနည်းခြင်းနှင့်မသိနား မလည်ခြင်းကို အစဉ်သည်းခံနိုင်သော်လည်း သူ၏ဆိုးညစ်သော အပြစ်ဒုစရိုက်များကို ဘယ်အခါမျှသည်းခံနိုင်ကြမည်မဟုတ်။

## မေတ္တာသည်သခင်ယေရှုထံမှအဖိုးထိုက်သော လက်ဆောင်ဖြစ်ခြင်း

မေတ္တာသည် သခင်ယေရှုထံမှရရှိသည့် အဖိုးထိုက်သောလက်ဆောင်ဖြစ်၏။ ဖြူစင်သန့်ရှင်းသောမေတ္တာသည် ထင်မြင်ချက်မဟုတ်၊ စည်းကမ်းဥပဒေတစ်ခုဖြစ်သည်။ မှန်သောမေတ္တာအားဖြင့် နှိုးဆော်ခြင်းခံရသောသူတို့သည် ယုတ္တိကင်းသောသူ (သို့မဟုတ်) ကန်းသောသူမဟုတ်ကြချေ။

မှန်ကန်၊ သစ္စာရှိ၊ ဖြူစင်သောမေတ္တာအစစ်သည် အနည်းငယ်မျှသာရှိ၏။ အဖိုးထိုက်သောဤအရာဝတ္ထုသည် အလွန်ရှားပါး၏။ တပ်မက်ခြင်းကို မေတ္တာဟုခေါ်နေကြသည်။

မှန်သောမေတ္တာသည် မြင့်မြတ်သန့်ရှင်းသောစည်းကမ်းဥပဒေဖြစ်၍ စိတ်နှိုးဆော်ခြင်းဖြင့်ထကြွလာပြီး ပြင်းထန်စွာစစ်ဆေးခြင်းခံရသောအခါ ရုတ်တရက်ပျောက်ကွယ်သွားသော မေတ္တာမျိုးနှင့်သဘောတွင် များစွာကွာခြား၏။

မေတ္တာသည် ကောင်းကင်မှကြီးပွားလာသောအပင်ဖြစ်၍ ၎င်းကို ပြုစု၍ ဩဇာဓာတ်ပေးရမည်။ ချစ်ခင်သောစိတ်နှလုံး၊ သစ္စာရှိ၍ချစ်ခင်သော စကားများသည် ပျော်ရွှင်သောအိမ်ထောင်များကိုဖြစ်စေလျက် ၎င်း၏ဩဇာညောင်းခြင်းလက်အောက်၌ ရောက်လာသောသူအပေါင်းတို့အပေါ်၌ မြင့်မြတ်သောတန်ခိုးဩဇာကိုဖြစ်ပေါ်လာစေ၏။

ဖြူစင်သောမေတ္တာသည် မိမိ၏အကြံအစည်ရှိသမျှတို့တွင် ဘုရားသခင်နှင့်အတူတိုင်ပင်လျက် ဘုရားသခင်၏ဝိညာဉ်တော်နှင့် လုံးလုံးညီညွတ်ခြင်းရှိသော်လည်း တပ်မက်ခြင်းသဘောသည် ခေါင်းမာ၊ ကြမ်းတမ်း၍ယုတ္တိမရှိ၊

တားမြစ်သောအမှုအပေါင်းကိုတော်လှန်လျက် မိမိရွေးချယ်သောအရာကို မိမိ၏ရုပ်တုဖြစ်စေလိမ့်မည်။ မှန်သောမေတ္တာရှိသောအပြုအမူအပေါင်းတို့တွင် ဘုရားသခင်၏ကျေးဇူးတော်ကိုထင်ရှားစေလိမ့်မည်။ ယဉ်ကျေးသိမ်မွေ့ခြင်း၊ ရိုးသားခြင်း၊ ရိုးဖြောင့်ခြင်း၊ အကျင့်ကောင်းခြင်းနှင့်ဘာသာတရားကို ရိုသေခြင်းအမှုတို့သည် ထိမ်းမြားလက်ထပ်ခြင်းအမှုတွင် တစ်ဆင့်ပြီးတစ်ဆင့် ထင်ရှားလာသောအကျင့်များဖြစ်လိမ့်မည်။ ထိုသို့ချုပ်ချယ်ခြင်းရှိသောသူတို့သည် အသီးအသီးဘက်၌သာ စိတ်ဝင်စားနေခြင်းမရှိသဖြင့် ဆုတောင်းစည်းဝေးနှင့်အခြားစည်းဝေးများတွင် စိတ်ဝင်စားခြင်းကင်းမဲ့နေကြမည်မဟုတ်။ ဘုရားသခင်က သူတို့အားကရုဏာနှင့်ချပေးတော်မူသောအခွင့်အရေးများကို ဂရုစိုက်ခြင်းကြောင့် သမ္မာတရား၌သူတို့၏စိတ်ဝင်စားမှုသည် ပျောက်ကွယ်သွားလိမ့်မည်မဟုတ်။

အာရုံခံစားမှုအပြင် အခြားသာ၍ကောင်းသည့်အခြေခံမရှိသော ထိုမေတ္တာသည် ခေါင်းမာ၊ မျက်စိကန်းလျက်ချုပ်ချယ်၍မရနိုင်။ ရိုသေခြင်း၊ မှန်ကန်ခြင်းနှင့် စိတ်၏မြင့်မြတ်သောတန်ခိုးရှိသမျှသည် တပ်မက်ခြင်း၏ကျွန်ဖြစ်သွားကြ၏။ ဤကဲ့သို့မိုက်မဲခြင်း၏ချည်နှောင်ခြင်းကိုခံနေရသောသူသည် မကြာခဏဆင်ခြင်ဥာဏ်၊ အသိဥာဏ်တို့ကိုပေးသောအကြံကို မလိုက်နာဘဲနေတတ်၏။ ဆွေးနွေးတိုင်ပင်ခြင်း၊ တောင်းပန်ခြင်းအားဖြင့် သူ့ကိုမှားသောလမ်းကိုသိမြင်စေခြင်းငှာ သွေးမဆောင်နိုင်။

မှန်သောမေတ္တာသည်ခိုင်မာ၊ ဒေါသဆောင်၍ ပြင်းထန်သောတပ်မက်ခြင်းသဘောမဟုတ်။ ၎င်းသည်တည်ငြိမ်၍ သဘောတွင်လေးနက်၏။ ၎င်းသည် အပြင်အပအရာတို့ကိုကျော်လွန်ကြည့်မြင်တတ်၍ အရည်အချင်းများကိုသာ ၎င်းသည် ပညာရှိလျက်ဝေဖန်ပိုင်းခြားတတ်၍ ၎င်း၏စွဲလမ်းမှုသည် တကယ်ပင်ဖြစ်လျက်တည်မြဲ၏။

တပ်မက်ခြင်း၊ စိတ်၏နှိုးဆော်ခြင်းတို့နှင့်လွတ်ကင်းသောမေတ္တာသည် ဝိညာဉ်ရေးနှင့်သက်ဆိုင်လာ၍ အပြောအဆို၊ အပြုအမူတို့တွင် ထင်ရှားသိသာလာ၏။ ခရစ်ယာန်သည် သန့်ရှင်းသောကြင်နာခြင်း၊ ချစ်ခြင်းနှင့်

ပြည့်ဝလျက် သည်းမခံခြင်း၊ ဒေါသထွက်ခြင်းကင်းရမည်။ သခင်ခရစ်တော်၏ကျေးဇူးတော်အားဖြင့် ကြမ်းတမ်းသောအပြုအမူတို့ကို ပျော့ပျောင်းစေရမည်။

## မှန်ကန်သောဆုံးဖြတ်ချက်ကိုပြုရန်ဆုတောင်းခြင်း၊ ကျမ်းစာလေ့လာခြင်းကိုပြုဖို့လိုခြင်း

ဘုရားသခင်ခန့်ထားတော်မူခြင်းအားဖြင့် ထိမ်းမြားလက်ထပ်ခြင်းသည် သန့်ရှင်းသောထိမ်းမြားခြင်းဖြစ်၍ ဘယ်သောအခါမျှ ကိုယ်ကျိုးရှာလိုသောသဘောနှင့်မပြုလုပ်ရ။ သူတို့ပြုလုပ်နေသောလမ်းသည် ဘုရားသခင်၏အလိုတော်နှင့်ညီညွတ်သည်ကိုသိရှိမည်အကြောင်း၊ ဤအမှုကိုဆောင်ရွက်ရန်စဉ်းစားနေကြသောသူတို့သည် ကြည်ညိုသောစိတ်နှင့်လည်းကောင်း၊ ဆုတောင်းခြင်းနှင့်လည်းကောင်း ထိုအမှုကိစ္စသည်အရေးကြီးသည်ကိုဆင်ခြင်လျက် ဘုရားသခင်၏အကြံဉာဏ်ကိုတောင်းခံရမည်။ ဤအချက်နှင့်စပ်ဆိုင်၍ ဘုရားသခင်၏နှုတ်ကပတ်တော်၌သွန်သင်ထားသောအရာကို သေချာစွာဆင်ခြင်ရမည်။ ကျမ်းစာ တွင်ညွှန်ပြထားသောအချက်များနှင့်ညီညွတ်စွာ အထူးသဖြင့် ပြုလုပ်သော ထိမ်းမြားလက်ထပ်ခြင်းအမှုကို ကောင်းကင်ကနှစ်သက်တော်မူ၏။

အေးဆေးတည်ငြိမ်စွာဆွေးနွေးဝေဖန်အပ်သော အကြောင်းအရာတစ်ခုမှာ ထိမ်းမြားလက်ထပ်ခြင်းနှင့်ဆိုင်သောအကြောင်းအရာဖြစ်သည်။ လူများတို့အား တစ်သက်တာလုံးပေါင်းသင်းဆက်ဆံရေးကိုမပြုလုပ်မီ ကျမ်းစာကိုအကြံဉာဏ်ပေးသောအရာအဖြစ် အသုံးပြုဖို့လိုပေသည်။ သို့ရာတွင် ဤကိစ္စများ၌ ထင်မြင်ချက်များအတိုင်းပြုလုပ်နိုင်ကြသည်ဟု အယူရှိကြ၏။ ၎င်းပြင်အများသောကိစ္စတို့၌ ချစ်ဝေဒနာလွှမ်းမိုးနေသောစိတ်အတိုင်းပြုလုပ်မိသဖြင့် အဆုံး၌ပျက်စီးခြင်းသို့ရောက်ရကြ၏။ အခြားသောအရာများထက် ဤအချက်တွင် လူငယ်တို့သည် အနည်းငယ်သတိပညာမဲ့ကြောင်းပြကြ၏။ ဤအချက်

၌သူတို့သည် ဆွေးနွေးတိုင်ပင်ခြင်းအမှုကိုငြင်းပယ်ကြ၏။ ထိမ်းမြားခြင်းနှင့် ဆိုင်သောအမှုသည် သူတို့ကိုဆွဲဆောင်နေသည်ဟုထင်ရ၏။ သူတို့သည် ဘုရားသခင်၏အလိုတော်ကိုဝန်မခံကြ။ သူတို့၏အာရုံများသည် ချည်နှောင် ထားခြင်းခံရ၍ သူတို့၏အကြံအစည်ကို တစ်ယောက်ယောက်ကဖျက်ဆီး မည်ကိုကြောက်ရွံ့လျက် သူတို့သည် မိမိတို့၏ကိစ္စကိုလျှို့ဝှက်စွာပြုတတ် ကြ၏။

အများသောသူတို့သည် ဘေးရောက်စေတတ်သောဆိပ်ကမ်းထဲသို့ သင်္ဘောစီးသွားနေကြ၏။ သူတို့၌ရေကြောင်းပြလိုနေသည်။ မိမိတို့၏သင်္ဘော ကိုလမ်းပြရန် ကျွမ်းကျင်သည်ဟုသူတို့သည် ထင်မှတ်ကြလျက် အလွန် လိုအပ်သောအကူအညီကိုလက်မခံဘဲ ပြက်ရယ်ပြုကြသည်။ သို့သော် သူတို့၏ ယုံကြည်ခြင်းကိုပျက်စီးစေမည့်ကျောက်ဆောင်ကို ထိခိုက်မိတော့မည်ကို သူတို့သည်မသိရှိကြ။ သူတို့သည် နှုတ်ကပတ်တော် (ကျမ်းစာ) ကို ကြိုးစား၍ လေ့ကျက်ခြင်းမပြုကြလျှင် ယခုကာလ၊ နောင်ကာလအတွက်ပင် သူတို့နှင့် အခြားသောသူတို့၏ပျော်ရွှင်ခြင်းကိုတားဆီးပိတ်ပင်မည့် အလွန်ဆိုးသော အမှားကြီးတစ်ခုကို ပြုမိကြလိမ့်မည်။

ထိမ်းမြားလက်ထပ်ခြင်းမပြုမီ ယောကျ်ားနှင့်မိန်းမတို့သည် တစ်နေ့ လျှင်နှစ်ကြိမ်ဆုတောင်းလေ့ရှိကြလျှင် လက်ထပ်ဖို့ကြံစည်ကြသောအခါ တစ်နေ့ လျှင်လေးကြိမ်ဆုတောင်းရကြမည်။ ထိမ်းမြားခြင်းသည် ဤလောက ၌လည်း ကောင်း၊ လာလတ္တံ့သောလောက၌လည်းကောင်း သင်၏အသက်တာ ကိုပြုပြင် သြဇာညောင်း၍ ထိခိုက်စေသောအရာဖြစ်လိမ့်မည်။

ကျွန်ုပ်တို့ခေတ်ကာလ၏ထိမ်းမြားမင်္ဂလာအများနှင့် ၎င်းတို့ကိုကျင်းပ ပြုလုပ်နည်းတို့သည် နောက်ဆုံးကာလ၏နိမိတ်လက္ခဏာတစ်ခုဖြစ်လာကြ၏။ ယောကျ်ား၊ မိန်းမတို့သည် အလွန်စိတ်ခိုင်၊ ခေါင်းမာကြသဖြင့် ပြဿနာတွင် ဘုရားသခင်ကိုပယ်ရှားထားကြ၏။ ဘာသာသည် ဤအရေးကြီးသန့်ရှင်း သောကိစ္စတွင် မသက်ဆိုင်သကဲ့သို့ ၎င်းကိုပယ်ထားကြ၏။

## ဘုရားကိုကြောက်ရွံ့သောမိဘတို့၏အကြံဉာဏ်

ထိမ်းမြားလက်ထပ်ခြင်း၌ ထိုမျှများသောဆင်းရဲဒုက္ခမှုများဖြစ်လာသည့်အခါ အဘယ်ကြောင့်လူငယ်တို့သည် သတိပညာမရှိဘဲနေရကြသနည်း။ အသက်ကြီးသောသူနှင့် သာ၍အတွေ့အကြုံရှိသောသူတို့၏အကြံဉာဏ်ကို မလိုဟု သူတို့သည်အဘယ်ကြောင့်ဆက်လက်ထင်မှတ်နေကြသနည်း။ အလုပ်အကိုင်များတွင် ယောကျ်ား၊ မိန်းမတို့သည် သတိကြီးစွာရှိကြောင်းပြကြ၏။ အရေးကြီးသောအမှုတစ်စုံတစ်ခုကို အစပြုမဆောင်ရွက်မီ သူတို့သည် မိမိတို့၏အလုပ်အတွက်ပြင်ဆင်ခြင်းပြုတတ်ကြသည်။ မိမိတို့ဆောင်ရွက်ရမည့်အမှုသည် မပျက်စီးမည်အကြောင်း ထိုလုပ်ငန်းနှင့်စပ်ဆိုင်၍ အချိန်နှင့်ငွေကိုမှန်ကန်စွာအကုန်ခံလျက် အလုပ်အကြောင်းကို သေချာစွာစစ်ဆေး လေ့လာကြ၏။

လက်ထပ်ထိမ်းမြားခြင်းအမှုနှင့်သက်ဆိုင်လာလျှင် မည်မျှသာ၍ဂရုစိုက်သတိပြုဖို့ကောင်းသနည်း။ ဤကိစ္စမှာလည်း နောင်လာလတ္တံ့သောလူမျိုး၊ နောင်လာလတ္တံ့သောအသက်တာကို ထိခိုက်စေတတ်သည့်အရာဖြစ် ၏။ ဤကဲ့သို့ဖြစ်ရမည့်အစား၊ ၎င်းကိစ္စကိုပြောင်လှောင်ပြီး ပေါ့ဆစွာထင်မှတ်ကြလျက် စိတ်ထကြွမှုအလျောက် တပ်မက်သောစိတ်ဖြင့်ပြုမူကြပြီးလျှင်အကန်းကဲ့သို့တည်ကြည်စွာဆင်ခြင်စဉ်းစားခြင်းမရှိကြ။ ဤကဲ့သို့ဖြစ်ရခြင်း၏တစ်ခုတည်းသောအကြောင်းမှာ၊ စာတန်သည် လောက၌ဒုက္ခဆင်းရဲနှင့်ပျက်စီးခြင်းကို တွေ့မြင်လိုသောကြောင့်တည်း။ ထိုကြောင့် ဝိညာဉ်များကိုရှုပ်ထွေးသွားစေခြင်းငှာ သူသည် ဤပိုက်ကွန်ကိုရက်လုပ်ထားလေပြီ။ ဆင်ခြင်ခြင်းမရှိသောဤသူတို့အား ဤလောက၌ပျော်ရွှင်ခြင်းမရှိစေခြင်းငှာလည်းကောင်း၊ လာလတ္တံ့သောလောက၌ ပျော်စရာကောင်းသည့်အိမ်မရရှိစေခြင်းငှာလည်းကောင်း သူသည်အလွန်တွေ့မြင်လို၏။

သားသမီးတို့သည် မိဘတို့၏အကြံပေးဝေဖန်ချက်တို့ကို ဂရုမစိုက်ဘဲမိမိတို့သဘောအတိုင်းသာပြုလုပ်သင့်ကြသလား။ အချို့တို့သည် မိဘ

တို့၏အလို (သို့မဟုတ်) မိဘတို့နှစ်သက်သောအမှုတို့ကိုပင် ဘယ်အခါမျှ မစဉ်းစားကြ၊ မိဘတို့၏သေချာပြည့်စုံသောဝေဖန်ချက်ကို ဂရုမစိုက်တတ်ကြ။ တစ်ကိုယ်ကောင်းကြံသောသဘောအားဖြင့် သူတို့သည် မိဘတို့၏မေတ္တာကို မိမိတို့၏စိတ်နှလုံးထဲမှပယ်ရှားထားကြ၏။ ဤကိစ္စနှင့်ပတ်သက်၍ ငယ်ရွယ်သောသူတို့၏စိတ်သည် ထကြွလာသင့်သည်။ ပဥ္စမပညတ်တစ်ခုတည်း၌သာ ကတိတော်တစ်ခုတွဲဖက်ပါလာ၏။ သို့ရာတွင် ချစ်ခင်သောသူတို့သည် ၎င်းကို ပေါ့ဆစွာသဘောထားကြလျက် သေချာစွာငြင်းပယ်ကြလေပြီ။ မိခင်၏မေတ္တာကိုပေါ့ဆစွာသဘောထားလျက် ဖခင်၏ဂရုစိုက်မှုကိုရှုတ်ချခြင်းသည် အများသောလူငယ်တို့၏ပြစ်မှုများဖြစ်ပေသည်။

ဤအချက်နှင့်စပ်ဆိုင်၍ အကြီးဆုံးသောအမှားတစ်ခုကား၊ ငယ်ရွယ်၍ဗဟုသုတမရှိသည့်သူတို့အား သူတို့၏အချစ်ရေးတွင်အနှောင့်အယှက် မပြုရ၊ သူတို့၏ချစ်ခြင်းဗဟုသုတတွင် ဝင်ရောက်စွက်ဖက်ခြင်းမပြုရဟူသော အချက်ဖြစ်သည်။ နေရာတိုင်းမှနေ၍ကြည့်ရှုပြုမှုရသောအချက်သည် ဤအချက်ပင်ဖြစ်သည်။ နှစ်ဖက်စလုံးအတွက်ဗဟုသုတရှိသော သူတို့၏ အကူအညီနှင့်တည်ကြည်သေချာစွာဆင်ခြင်စဉ်းစားခြင်းအမှုသည် အသေအချာ လိုအပ်ပေသည်။ အများသောသူတို့က အလွန်ပေါ့လျော့စွာပြုမူတတ်ကြသည် အရာမှာ ဤအချက်ပင်ဖြစ်သည်။ လူငယ်မိတ်ဆွေများတို့၊ ဘုရားသခင်ကို လည်းကောင်း၊ဘုရားသခင်ကိုကြောက်ရွံ့သောမိဘများကိုလည်းကောင်း တိုင်ပင်ဆွေးနွေးကြလော့။ ဤကိစ္စအကြောင်းကိုဆုတောင်းပါ။

သား (သို့မဟုတ်) သမီး၏သဘောကိုမတိုင်ပင်ဘဲ မိဘတို့သည် အိမ်ထောင်ဖက်ကိုရွေးသင့်သလောဟု သင်တို့ကမေးကြ၏။ သင်တို့အား မေးသင့်သည်အတိုင်း သင်တို့ကိုပင် ကျွန်ုပ်ကပြန်၍မေးပါသည်။ မိဘတို့သည် သားသမီးတို့ကိုချစ်ကြလျှင် အိမ်ထောင်ဖက်ရွေးမှုသည် မိဘကို ပျော်ရွှင်စေရမည်အမှုဖြစ်သောအခါ သား (သို့မဟုတ်) သမီးသည် မိဘတို့ကို မတိုင်ပင်ဘဲ ထိုသို့အိမ်ထောင်ဖက်ရွေးရမည်လော။ ၎င်းပြင် ထိုသားသမီးတို့သည် မိဘတို့၏အကြံပေးချက်၊ တောင်းပန်ချက်တို့ကိုဂရုမစိုက်ဘဲ မိမိ၏

သဘောအတိုင်း အတင်းအကျပ်ပြုမူရမည်လော။ ထိုသို့မပြုရ။ သူသည် ဘယ်အခါမျှလက်မထပ်လျှင် ထိုသို့မပြုအပ်ဟု ကျွန်ုပ်ကအသေအချာဖြေဆို ပါသည်။ ပဥ္စမပညတ်တော်က ထိုသို့ပြုခြင်းကိုတားမြစ်ထား၏။ "သင်၏ ဘုရားသခင်ထာဝရဘုရားပေးသနားတော်မူသောပြည်၌ သင်သည် အသက်တာ ရှည်မည်အကြောင်း သင်၏မိဘကိုရိုသေစွာပြုလော့။" ဤပညတ်သည် ကတိ တော်ပါသောပညတ်ဖြစ်၍ နားထောင်သောသူတို့အဖို့ ထာဝရဘုရားသည် ထိုကတိတော်ကိုပြည့်စုံစေတော်မူမည်။ သားသမီးတို့၏အလိုဆန္ဒကိုမသိရှိ ရဘဲ သတိပညာရှိသောမိဘတို့သည် သားသမီးတို့အတွက်အိမ်ထောင်ဖက်ကို ဘယ်အခါမျှရွေးချယ်လိမ့်မည်မဟုတ်။

လူငယ်တို့သည် မိမိတို့၏မေတ္တာကို သင့်လျော်သောအိမ်ထောင် ဖက်အပေါ်ထားရှိနိုင်မည်အကြောင်း၊ မိခင်နှင့်ဖခင်တို့က သူတို့အားအချစ် ကိစ္စတွင် လမ်းပြသွန်သင်ပေးဖို့တာဝန်ရှိသည်ဟု ထင်မှတ်ရကြမည်။ သားသမီး တို့သည် သန့်ရှင်းမြင့်မြတ်၍ ကောင်းမြတ်မှန်ကန်သောအရာတို့၌စွဲလမ်းကြ မည်အကြောင်း၊ သားသမီးများအားအလွန်ငယ်ရွယ်စဉ်အခါကပင် ဘုရားသခင် ၏ကျေးဇူးတော်အားဖြင့် မိဘတို့ကကိုယ်တိုင်သွန်သင်လျက် ပုံသက်သေပြ ရကြမည်။ တူညီသောအရာသည် တူညီသောအရာကိုစွဲလမ်းနှစ်သက်တတ်၏။ သစ္စာတရား၊ ဖြူစင်ခြင်းနှင့်ကောင်းမြတ်ခြင်းကိုနှစ်သက်သောသဘောကို အလွန်ငယ်သောအခါ၌ပင် စိတ်ဝိညာဉ်ထဲ၌တည်ရှိလာပါစေ။ ထိုအခါ လူငယ်တို့သည် ဤသဘောမျိုးရှိသောသူတို့နှင့် ပေါင်းဖော်ကြလိမ့်မည်။

## မင်္ဂလာဆောင်ရန်စဉ်းစားနေသူတို့အဖို့သတိပေးချက်များ

ငယ်ရွယ်သောသူတို့သည် စိတ်၏တိုက်တွန်းချက်ကို လုံးလုံးအားကိုး တတ်ကြသည်။ သူတို့သည် ရည်းစားများ၏နှစ်သက်ဖွယ်အပြင်အပလက္ခဏာ အားဖြင့် အလွန်လွယ်ကူစွာစွဲမက်သွားခြင်း (သို့မဟုတ်) ဖမ်းစားခြင်းမခံ သင့်ကြချေ။ ယခုခေတ်ကာလ၌ လူပျိုလှည့်ခြင်းကိစ္စတွင် လှည့်ဖြားခြင်းနှင့်

လျှို့ဝှက်ခြင်းနည်းကိုအသုံးပြုကြသဖြင့် ဤနည်းသည် ထာဝရဘုရားထက် ဝိညာဉ်၏ရန်သူအသုံးပြုသောနည်းဖြစ်ပေသည်။ အခြားနေရာမှာထက် ဤနေရာတွင် ကောင်းသောဆင်ခြင်ဉာဏ်ကို အသုံးပြုရမည်။ သို့ရာတွင် ဤကိစ္စ၌ ဤဉာဏ်မျိုးကို အနည်းငယ်မျှအသုံးမပြုကြပါ။

ချစ်ဝေဒနာလွှမ်းမိုးနေသောစိတ်နှင့် စိတ်ကူးယဉ်နေခြင်းအမှုကို နူနာကဲ့သို့သတိပြုကာကွယ်ရမည်။ လောကတွင် ဤခေတ်ကာလ၌ အများ သော ယောကျ်ားကလေးနှင့်မိန်းကလေးတို့တွင် သီလကင်းမဲ့နေကြသည်။ ထို့ကြောင့် သတိကြီးစွာထားဖို့သင့်ပေသည်။ သူတို့၌အခြားလိုအပ်သော အရည် အချင်းများ မရှိခဲ့သော်လည်း ကောင်းသောသီလနှင့်အကျင့်ပြည့်စုံသော သူတို့သည် အကျင့်သီလ၌တကယ်ပင် အဖိုးတန်သောသူများဖြစ်ကြသည်။

လောကတွင် ဤခေတ်ကာလ၌ လူငယ်တို့သည် စိတ်ကူးယဉ်ခြင်း အမှု၌နနယ်လျက် ဘာသာရေးအတွေ့အကြုံတွင်လည်းနည်းပါးကြ၏။ ကျွန်ုပ်၏ညီမ၊ ဘုရားသခင်သည် သင့်အားပြောင်းလဲစေခြင်းငှာ အလိုရှိတော်မူ၏။ သင်တို့၏ချစ်ခြင်းမေတ္တာကိစ္စကိုမြင့်တင်ပါဟု ကျွန်ုပ်တောင်းပန်ပါသည်။ သင့်ကိုဝယ်ယူတော်မူသောရွေးနုတ်ရှင်အတွက် သင်၏စိတ်ခွန်အား၊ ကာယခွန်အားကိုအသုံးပြုပါ။ သင်၏အမှုကိစ္စအပေါင်းတို့သည် ဘုရားသခင်၌ ဖြစ်ပေါ်လာမည်အကြောင်း သင်၏အကြံအစည်နှင့်စိတ်ကူးများကိုသန့်ရှင်းပါစေ။

လူပျိုလှည့်ခြင်းဖြင့် ညအချိန်ကိုအများအားဖြင့် ကုန်လွန်စေကြသော သူတို့ကို စာတန်၏တမန်တို့သည် စောင့်ကြည့်နေကြသည်။ သူတို့ သည် မိမိတို့၏မျက်စိကို အသေအချာဖွင့်ကြည့်နိုင်ကြလျှင် သူတို့၏အပြော အဆိုအပြုအမူတို့ကို ကောင်းကင်တမန်တစ်ပါးသည် ရေးမှတ်နေသည်ကို မြင်ရကြလိမ့်မည်။ ကျန်းမာခြင်းစည်းကမ်းနှင့်ကာယဆိုင်ရာဥပဒေများကို လွန်ကျူး ကြပြီ။ လက်မထပ်မီ လူပျိုလှည့်ချိန်၌ပြုတတ်သောအမှုများကို လက်ထပ်ပြီး မှပြုသင့်ပေသည်။ သို့ရာတွင် အများအားဖြင့် လူပျိုလှည့်ချိန်အခါမှာပင် ပြုတတ်သော အမှုတို့ သည် လက်ထပ်သောအခါ ပြီးဆုံးသွားတတ်ကြသည်။

စာတန်သည် မည်ကဲ့သို့ပြုလုပ်ရမည်ကိုသိနားလည်၍ ဝိညာဉ်များကို ပျက်စီးစေရန် အကြံအစည်အမျိုးမျိုးတွင် မိမိ၏နတ်ဆိုးဉာဏ်ကို ထင်ရှားစေ၏။ သူသည် ခြေလှမ်းတိုင်းကိုစောင့်ကြည့်လျက် အကြံအစည်အမျိုးမျိုးကိုဖော်ပြ၏။ ၎င်းပြင် မကြာခဏ ဘုရားသခင့်စကားတော်၏အကြံဉာဏ် ထက် ဤအကြံအစည်များကို လိုက်နာတတ်ကြသည်။ ငယ်ရွယ်၍သတိ မရှိသောသူတို့ကို ဖမ်းမိစေခြင်းငှာ အလွန်သေချာကောင်းမွန်စွာရက်ထား၍ ဘေးရောက်စေသောပိုက်ကွန်ကို ကျင်လည်စွာပြင်ဆင်ထား၏။ မကြာခဏ အလင်းနှင့်ဖုံးအုပ်ထားသကဲ့သို့ အယောင်ဆောင်ထားသော်လည်း ၎င်းကို တိုးဝင်သောသူတို့သည် များစွာဝမ်းနည်းခြင်းနှင့်တွေ့ကြုံရကြ၏။ အဆုံး၌ နေရာတိုင်းတွင် ပျက်စီးနေသောလူသတ္တဝါတို့ကို ကျွန်ုပ်တို့တွေ့ရကြသည်။

## မသင့်လျော်သောအပြုအမူ

စိတ်နှလုံးကိုမထိလေးစားပြုခြင်းအမှုသည် သန့်ရှင်းသောဘုရားသခင့်မျက်မှောက်တော်၌ သေးငယ်သောအပြစ်မဟုတ်။ သို့ရာတွင် အချို့သောသူတို့သည် ပျိုရွယ်သောမိန်းမများကို နှစ်သက်သောလက္ခဏာကိုပြ၍ သူတို့၏မေတ္တာကိုဖော်ပြပြီးလျှင် မိမိတို့သဘောအတိုင်းပြုမူကြလျက် မိမိတို့ပြောဆိုသောစကားများနှင့် ၎င်းတို့၏အကျိုးအပြစ်ကို မေ့လျော့နေတတ်ကြသည်။ အသစ်သောမျက်နှာများကို သူတို့သည်စွဲလမ်းကြပြန်လျက် အလားတူစကားများကိုထပ်မံပြော၍ အခြားသောသူအား အလားတူဂရုစိုက်လာကြပြန်၏။

ဤကဲ့သို့သောသဘောမျိုးသည် အိမ်ထောင်ပြုပြီးသောအသက်တာ ၌ပင် ထင်ရှားစေတတ်၏။ အိမ်ထောင်ပြုခြင်းဖြင့် လှုပ်ရှားနေတတ်သောစိတ်ကို အမြဲသဖြင့်မတည်မြဲစေပါ။ စိတ်လှုပ်ရှားသောသူအား အခြေခံတရား များ၌တည်မြဲခြင်း၊ သစ္စာရှိခြင်းကိုမဖြစ်စေပါ။ သူတို့သည် တည်မြဲမှု၌ငြီးငွေ့ လာသဖြင့် မကောင်းသောအပြုအမူတို့တွင် မကောင်းသောအကြံအစည်ကို ထင်ရှားစေကြလိမ့်မည်။ ထိုအခါ စာတန်သည် ဖြောင့်မတ်သောလမ်းမှ

သူတို့အားသွေးမဆောင်နိုင်မည်အကြောင်း သူတို့၏စိတ်ကို ခါးစည်းကဲ့သို့ မြဲမြဲစေလျက် သူတို့၏အကျင့်ကိုစောင့်ရှောက်ကာကွယ်ဖို့ ငယ်ရွယ်သူတို့အတွက် မည်မျှလိုအပ်သနည်း။

သူမ၏မိဘများမသိဘဲ မိန်းမပျိုတစ်ယောက်နှင့်ပေါင်းသင်းဆက်ဆံ မိတ်ဆွေဖွဲ့သောလူငယ်သည် ထိုမိန်းမပျို (သို့မဟုတ်) သူမ၏မိဘများအပေါ်၌ မြင့်မြတ်သောခရစ်ယာန်အပြုအမူကိုမပြချေ။ လျှို့ဝှက်စွာဆက်သွယ်တွေ့ဆုံခြင်းအားဖြင့် သူမ၏စိတ်ကိုဆွဲဆောင်သောသတ္တိကို သူသည်ရရှိသော်လည်း ဘုရားသခင့်သားသမီးတိုင်း၌ရှိအပ်သောမြင့်မြတ်၊ ဖြောင့်မတ်ခြင်းသဘောကို ထိုသို့ပြုရာ၌မထင်ရှားစေပါ။ သူတို့၏ရည်ရွယ်ချက်ပြည့်စုံစေရန် သူတို့သည် မထင်မရှားသောအမှု၊ ကျမ်းစာ၏စံနမူနာနှင့်မညီညွတ်သောအမှုကိုပြုကြသဖြင့် သူတို့ကိုချစ်၍ သူတို့အပေါ်၌သစ္စာစောင့်ရှောက်ရန် ကြိုးစားသောသူတို့အပေါ် ၌ သူတို့သည် သစ္စာမရှိကြောင်းဖော်ပြကြ၏။ ထိုသို့သောအပြုအမူမျိုးအား ဖြင့် ထိမ်းမြားလက်ထပ်ခြင်းအမှုသည် ဘုရားသခင်၏နှုတ်ကပတ်တော်နှင့် မညီညွတ်ချေ။ သမီးတစ်ယောက်အား တာဝန်ကိုပျက်ကွက်စေလျက် ဘုရားသခင်၏သေချာထင်ရှားသောအမိန့်အတိုင်း မိဘစကားကိုနားထောင်၍ မိဘကိုရိုသေသော သူမ၏စိတ်ကို ရှုပ်ထွေးစေသောသူသည် အိမ်ထောင့်တာဝန်၌ သစ္စာမရှိသောသူ ဖြစ်လိမ့်မည်။

ကျောက်ပြားများပေါ်၌ ဘုရားသခင်၏လက်ညှိုးတော်ဖြင့် "သင်သည် မခိုးရ" ဟုရေးထား၏။ သို့သော် လျှို့ဝှက်စွာမေတ္တာကိုခိုးယူခြင်းအမှုကို မည်မျှပြုကျင့်လျက် ခွင့်လွှတ်နေကြပြီနည်း။ လှည့်ဖြားသောလူပျိုလှည့်ခြင်းကိုထင်ရှားစေလျက် လျှို့ဝှက်စွာဆက်သွယ်တွေ့ဆုံမှုကိုပြုကြသဖြင့် အဆုံး၌ အတွေ့အကြုံမရှိ၊ ဤအရာတို့မှမည်ကဲ့သို့သောအမှုအရာဖြစ်ပေါ်လာမည်ကို မသိသောသူသည် မိဘတို့ထံမှ မိမိ၏မေတ္တာကိုခွဲခွာလာစေပြီးလျှင် မိမိပြုသောအမှုအားဖြင့် သူမ၏အချစ်နှင့်မထိုက်တန်သောသူဖြစ်ကြောင်းကို ပြသော သူအပေါ်သို့ သူမ၏ချစ်ခြင်းမေတ္တာကိုပုံအပ်ရသောအခြေအနေသို့ ရောက်လာလေ၏။ ကျမ်းစာက မဖြောင့်မှန်သောအမှုမျိုးတိုင်းကို အပြစ်တင် လျက်ရှိ၏။

မိမိတို့၏အသက်တာ၌ ဖြောင့်မတ်တည်ကြည်ခြင်းရှိ၍ အခြား အကြောင်းအရာတိုင်းကို သိရှိနားလည်သည်ဟုထင်မှတ်လျက် ခရစ်ယာန်ဟု အခေါ်ခံနေသောသူတို့သည် ဤနေရာ၌ကြောက်မက်ဖွယ်အမှားကိုပြုကြသည်။ သူတို့၌သေချာစွာဆုံးဖြတ်ထားသောအလိုဆန္ဒရှိကြသဖြင့် ၎င်းဆန္ဒကို အကြောင်းပြခြင်းဖြင့် ပြောင်းလဲနိုင်မည်မဟုတ်။ သူတို့သည် လူ၏ထင်မြင် တိုက်တွန်းချက်ကို အလွန်နှစ်သက်သဘောကျနေကြသဖြင့် သူတို့တွင် ကျမ်းစာ ကိုသေချာစွာစစ်ဆေးရှာဖွေလိုသောစိတ်မရှိကြ၊ ဘုရားသခင်နှင့် ရင်းနှီးစွာဆက် သွယ်လိုသောစိတ်မရှိကြ။

ပညတ်တော်ဆယ်ပါးတွင် တစ်ပါးကိုကျူးလွန်ခဲ့သောအခါ ဆက်လက် ကျူးလွန်ရန်ခြေလှမ်းများသည် သေချာသလောက်ဖြစ်၏။ မိန်းမတို့၏ ဣန္ဒြေကို ကာကွယ်ထားသောအရာသည် တစ်ကြိမ်ပျက်စီးသွားပါက အယုတ် ဆုံးသော ကာမဂုဏ်လွန်ကျူးခြင်းအမှုသည် အလွန်အပြစ်ကြီးသည်ဟုမထင် ရချေ။ ယခုခေတ်လောကတွင် မကောင်းမှုအတွက် မိန်းမ၏ဩဇာညောင်း ခြင်းကြောင့် ကြောက်မက်ဖွယ်ရာအကြောင်းအရာများကို မြင်ရကြပြီတကား၊ "အမျိုးပျက်သော မိန်းမ" တို့၏သွေးဆောင်ခြင်းအားဖြင့် ထောင်ပေါင်းများစွာ သောသူတို့သည် ထောင်ကျနေကြ၍ များစွာသောသူတို့သည် မိမိတို့ကိုယ် ကိုသတ်သေကြလျက် အများသောသူတို့သည် အခြားသောသူတို့၏အသက် ကိုတိုစေကြသည်။ "သူ၏ခြေတို့သည် သေခြင်းသို့ဆင်း၍ သူသွားရာ လမ်းသည် မရဏာနိုင်ငံသို့ ရောက်တတ်၏" ဟု ဝိညာဉ်တော်အားဖြင့် နှုတ်ကပတ်တော်တွင် ရေးသားထား သောစကားများသည် မည်မျှမှန်ကန် သနည်း။

ဘေးဥပဒ်များ၍ တားမြစ်ထားသောနေရာသို့ လူတို့အားမသွားစေရန် အသက်တာလမ်းခရီး၏နံဘေးတစ်ဖက်တစ်ချက်တွင် သတိပေးသောမီးတိုင် များကို ထွန်းညှိထားပါသည်။ သို့ရာတွင် ဤအရာကိုဂရုမစိုက်၊ ဆင်ခြင်တုံ တရားကိုဆန့်ကျင်လျက် ဘုရားသခင်၏ပညတ်တော်ကိုအမှုမထားဘဲ

ဘုရားသခင်၏လက်စားချေတော်မူခြင်းကို မထီမဲ့မြင်ပြုလျက် လူအပေါင်းတို့သည် သေစေသောလမ်းကိုရွေးချယ်ကြလေပြီ။

ကိုယ်ကာယကျန်းမာရေး၊ ထက်မြက်သောဉာဏ်စွမ်းနှင့်ကောင်းမြတ်သောအကျင့်တို့ကိုတည်မြဲနေစေဖို့ အလိုရှိသောသူတို့သည် "လူပျိုတို့၏ အပျော်အပါးတပ်မက်ခြင်းစိတ်ကိုရှောင်" ရကြမည်။ ကျွန်ုပ်တို့အထဲတွင် ရဲရင့်စွာထကြွလျက်ရှိသော ဆိုးညစ်ခြင်းအမှုကို စိတ်အားကြီးစွာသေသေချာချာတားမြစ်ရန် ကြိုးစားနေသောသူတို့အား အမှားကိုပြုလုပ်နေသူတို့က မုန်း၍အမျက်ထွက်နေကြသော်လည်း ဘုရားသခင်သည် သူတို့ကိုချီးမြှောက်၍အကျိုးကိုပေးတော်မူလိမ့်မည်။[၁]

(1) AH 43-57, 70-75.

---o---

# အခန်း (၂၈)
# မယုံကြည်သောသူကိုလက်မထပ်နှင့်

ခရစ်ယာန်နှင့်မယုံကြည်သောသူကို လက်ထပ်ခြင်းအကြောင်းနှင့် စပ်ဆိုင်၍ ဘုရားသခင်၏နှုတ်ကပတ်တော်က သွန်သင်ထားသောအချက်ကို ခရစ်ယာန်လောကတွင် အံ့ဩ၊ ကြောက်မက်ဖွယ်အမှုမထား၊ ဂရုမစိုက်ဘဲ နေသည်ကိုတွေ့ရသည်။ ဘုရားသခင်ကိုချစ်၍ကြောက်ရွံ့သည်ဟု ဆိုကြသောသူအများတို့သည် အနန္တဉာဏ်တော်ရှင်၏အကြံပေးချက်ထက် မိမိတို့၏ သဘောကိုလိုက်နာလိုကြသည်။ ဤလောကနှင့်လာလတ္တံ့သောလောကတွင် နှစ်ဦးနှစ်ဖက်၏ပျော်ရွှင်ကောင်းစားရေးနှင့်ဆိုင်သောကိစ္စတွင် ဆင်ခြင်စဉ်းစားခြင်း၊ ဝေဖန်ပိုင်းခြားခြင်းနှင့် ဘုရားသခင်ကိုကြောက်ရွံ့ခြင်းအမှုများကို ပယ်ရှားထားကြလျက် ကန်းသောစိတ်ကိုတိုက်တွန်းချက်နှင့် ခေါင်းမာသောဆုံးဖြတ်ချက်များကိုဖြစ်ပေါ်လာစေရန် အခွင့်ပေးကြလေပြီ။

တစ်နည်းအားဖြင့်သိနားလည်တတ်၍ ဖြောင့်မှန်သောယောကျ်ားနှင့် မိန်းမတို့သည် အကြံပေးချက်ကိုနားမထောင်ဘဲနေကြ၏။ သူတို့သည် မိတ်ဆွေများ၊ ဆွေမျိုးများနှင့်ဘုရားသခင်၏ကျွန်များက တောင်းပန်နှိုးဆော် ချက်တို့ကို ဂရုမစိုက်ဘဲနေကြ၏။ သတိပေးစကားများကိုစော်ကားနှောင့်ယှက် သောအရာများကဲ့သို့သဘောထားကြ၍ သစ္စာနှင့်တားမြစ်သောစကားကိုပြောဆို သောမိတ်ဆွေအား ရန်သူကဲ့သို့ပြုမူ၏။ ဤအရာအားလုံးသည် စာတန် အလိုရှိသကဲ့သို့ ဖြစ်ကြလေပြီ။ စာတန်သည် ဝိညာဉ်၏ပတ်လည်၌ဂါထာမန္တရား ကြိုးများကိုရက် လုပ်ထား၍ ၎င်းသည် ဖမ်းမိဆွဲဆောင်ထားခြင်းခံနေရ၏။ ကိလေသာတပ်မက် ခြင်းစိတ်ကို ချုပ်တည်းခြင်းဟူသောဇက်ကြိုးကို ဆင်ခြင် တုံတရားကလွတ်ကျ သွားစေလေပြီ။ ဖမ်းမိခြင်းခံရသောသူသည် ဒုက္ခ ဆင်းရဲနှင့်ချည်နှောင်ခြင်းခံ နေရသောအသက်တာ၌ ကျင်လည်နေရကြောင်း သိရှိလာ၍ အလွန်နောက်ကျ နေသည့်တိုင်အောင် မသန့်ရှင်းသောတပ်မက် ခြင်းစိတ်သည် စိုးမိုးလျက်ရှိ၏။ ဤအရာသည် စိတ်အထင်အားဖြင့်ဖော်ပြ

ချက်မဟုတ်။ တကယ်ဖြစ်သောအကြောင်းအရာကို ပြန်၍ဖော်ပြချက်ဖြစ်သည်။ ဘုရားသခင်သည် ထင်ရှားစွာတားမြစ်ထားသောဆက်ဆံတွဲဖက်ခြင်းအမှုကို အခွင့်ပြုတော်မမူ။

ထာဝရဘုရားက ရှေးဣသရေလလူတို့အား မိမိတို့ပတ်လည်ရှိ မယုံကြည်သောလူမျိုးတို့နှင့်အိမ်ထောင်ဖက်မပြုရန် အမိန့်ပေးထားတော်မူ၏။ "သူတို့နှင့်စုံဖက်ခြင်းမပြုရ။ သင်၏သမီးကိုသူ၏သားနှင့်လည်းကောင်း၊ သင်၏သားကို သူ၏သမီးနှင့်လည်းကောင်း ထိမ်းမြားပေးစားခြင်းကိုမပြုရ" အကြောင်းရင်းကိုဖော်ပြထား၏။ ဘုရားသခင်သည် ထိုသို့စုံဖက်ခြင်း၏အကျိုးအပြစ်ကိုသိမြင်တော်မူသဖြင့်၊ "အကြောင်းမူကား၊ သူတို့သည်သင်၏သားကို ငါ၌ မဆည်းမကပ်စေဘဲ အခြားတစ်ပါးသောဘုရားအား ဝတ်ပြုစေခြင်းငှာ သွေးဆောင်ကြလိမ့်မည်၊ ထိုအခါအမျက်ထွက်၍ သင်တို့ကိုချက်ချင်းဖျက်ဆီးတော်မူလိမ့်မည်ဟု မိန့်တော်မူ၏။" "အကြောင်းမူကား၊ သင်သည် သင်၏ဘုရားသခင်ထာဝရဘုရားအဖို့ သန့်ရှင်းသောအမျိုးဖြစ်၏။ မြေကြီးပေါ်မှာရှိသမျှသောလူမျိုးထက် သင်၏ဘုရားသခင်ထာဝရဘုရားပိုင်ထိုက်သောအမျိုးဖြစ်စေခြင်းငှာ သင့်ကိုရွေးချယ်တော်မူပြီ။"

ခရစ်ယာန်တို့သည် ဘုရားတရားမရှိသောသူတို့နှင့်ထိမ်းမြားစုံဖက်ခြင်းအကြောင်း အလားတူတားမြစ်ချက်ကို ဓမ္မသစ်ကျမ်းတွင်တွေ့ရှိရသည်။ တမန်တော်ပေါလုသည် ကောရိန်သုအသင်းသားတို့အား ပထမရေးလိုက်သောစာတွင်၊ "မိန်းမသည် မိမိခင်ပွန်းမသေမီကာလပတ်လုံး တရားအားဖြင့်ချည်နှောင်လျက်ရှိ၏။ ခင်ပွန်းသေလျှင်မူကား၊ မိမိ၏အလိုအတိုင်း ဘုရားသခင်၌သာ အခြားသောသူ၏မယားဖြစ်ခြင်းငှာ အခွင့်ရှိ၏" ဟု ဖော်ပြထား၏။ တစ်ဖန်သူ၏ဒုတိယသြဝါဒစာတွင် ဤကဲ့သို့ရေးထား၏။ "မယုံကြည်သောသူတို့နှင့်တွဲဖက်၍ ဆန့်ကျင်ဘက်ဖြစ်သောထမ်းပိုးကိုမထမ်းကြနှင့်။ တရားသောအမှုသည် မတရားသောအမှုကို အဘယ်သို့လက်ခံနိုင်မည်နည်း။ အလင်းသည် မှောင်မိုက်နှင့်အဘယ်သို့ဆက်ဆံနိုင်မည်နည်း။ ခရစ်တော်သည် ဗေလျာလနှင့်အဘယ်သို့သင့်တင့်နိုင်မည်နည်း။ ယုံကြည်သောသူသည်

မယုံကြည်သောသူတို့နှင့်အတူ အဘယ်အကျိုးအပြစ်ကိုခံရမည်နည်း။ ဘုရားသခင်၏ဗိမာန်တော်သည် ရုပ်တုနှင့်အဘယ်သို့စပ်ဆိုင်ရမည်နည်း။ ဘုရားသခင်မိန့်တော်မူသည်ကား၊ သူတို့တွင်ငါကိန်းဝပ်မည်။ သူတို့တွင် လှည့်လည်၍ သူတို့၏ဘုရားသခင်ဖြစ်မည်။ သူတို့သည်လည်း ငါ၏လူ ဖြစ်ကြလိမ့်မည်ဟု မိန့်တော်မူသည်နှင့်အညီ၊ သင်တို့သည် အသက်ရှင် တော်မူသော ဘုရားသခင်၏ဗိမာန်တော်ဖြစ်ကြ၏။ ထိုကြောင့် ထာဝရဘုရား မိန့်တော်မူပြန်သည်ကား သင်တို့သည် ထိုသူတို့အထဲမှထွက်၍ အသီးအခြား နေကြလော့၊ မစင်ကြယ်သောအရာကိုလက်နှင့်မျှမတို့ကြနှင့်။ ထိုသို့ပြုလျှင် သင်တို့ကိုငါသည်လက်ခံမည်။ သင်တို့၏အဖဖြစ်မည်။ သင်တို့သည်လည်း ငါ၏သားသမီးဖြစ်ကြလိမ့်မည်ဟု အနန္တတန်ခိုးနှင့်ပြည့်စုံသော ထာဝရဘုရား မိန့်တော်မူ၏။"

ဘုရားသခင်၏လူများတို့သည် တားမြစ်ထားသောနေရာသို့ ဘယ် အခါမျှစွန့်စား၍မသွားအပ်။ ယုံကြည်သောသူနှင့်မယုံကြည်သောသူတို့၏ ထိမ်းမြားစုံဖက်ခြင်းအမှုကို ဘုရားသခင်က တားမြစ်ထားတော်မူ၏။ သို့ရာ တွင် မကြာခဏစိတ်နှလုံးပြောင်းလဲသောသူသည် မိမိ၏သဘောအတိုင်းပြုမူ တတ်ကြ၍ ဘုရားသခင်အခွင့်ပေးတော်မမူသောထိမ်းမြားစုံဖက်ခြင်းအမှုကို ပြုတတ်ကြ၏။ ဤအကြောင်းကြောင့် များစွာသောယောကျ်ား၊ မိန်းမတို့သည် လောကတွင်မျှော်လင့်ခြင်းကင်းမဲ့၍ ဘုရားသခင်နှင့်ကင်းကွာနေကြ၏။ သူတို့ ၏မြင့်မြတ်သောရမ္မက်သည်သေလျက်ရှိ၍ အခြေအနေအားဖြင့် သူတို့သည် စာတန်၏ထောင်ချောက်ထဲတွင် ရောက်နေကြ၏။ တပ်မက်ခြင်းနှင့်စိတ်၏ နှိုးဆော်ခြင်းအလိုသို့လိုက်သောသူတို့သည် ဤအသက်တာ၌များစွာဒုက္ခ ရောက်ခြင်းအသီးအနှံကိုရိတ်ရ၍ သူတို့၏ဝိညာဉ်ဆုံးရှုံးရာလမ်းသို့ရောက် သွားလိမ့်မည်။

သမ္မာတရားကိုဝန်ခံသောသူတို့သည် မယုံကြည်သောသူတို့ကို ထိမ်းမြားစုံဖက်ခြင်း၌ ဘုရားသခင်အလိုတော်ကိုခြေဖြင့်နင်းကြ၏။ သူတို့သည် ဘုရားသခင်၏နှစ်သက်တော်မူခြင်းကိုမရကြသဖြင့် နောင်တရဖို့ရန်

အလွန်ခက်ခဲသောအမှုကိုဖြစ်စေကြ၏။ မယုံကြည်သောသူ၌ အလွန်ကောင်းသောအကျင့်စာရိတ္တရှိလိမ့်မည်။ သို့ရာတွင် သူ (သို့မဟုတ်) သူမသည် ဘုရားသခင်၏တောင်းဆိုချက်တို့ကိုမလိုက်လျောဘဲ ထိုမျှကြီးကျယ်သော ကယ်တင်ခြင်းကို ဂရုမစိုက်ခဲ့ကြသဖြင့် ထိုသို့သောစုံဖက်ထိမ်းမြားခြင်းကို ပြုလုပ်ဖို့မသင့်ကြောင်း လုံလောက်သောအကြောင်းရင်းဖြစ်သည်။ မယုံကြည် သောသူ၏အကျင့်သည် "သင်၌တစ်ခုလိုသေး၏" ဟု သခင်ယေရှုကမိန့်တော်မူ ခြင်းခံရသောလူငယ်၏အကျင့်နှင့်တူ၏။ လိုသောအရာတစ်ခုသည် ထိုအရာ ပင်ဖြစ်၏။

## သဘောချင်းမတူလျှင်လူနှစ်ဦးသည်အတူခရီးသွားနိုင်သလော

မယုံကြည်သောသူသည် ဘာသာတရားကိုနှစ်သက်လျက် သူသည် ခရစ်ယာန်မဖြစ်သည်မှလွဲ၍ ပေါင်းဖက်သောသူ၌ လိုအပ်သောအရည်အချင်းအားလုံးနှင့်ပြည့်စုံသည်ဟု တစ်ခါတစ်ရံဆင်ခြေပေးတတ်ကြသည်။ မယုံကြည်သောသူနှင့်စုံဖက်ခြင်းသည် မသင့်လျော်ကြောင်းကိုယုံကြည်သောသူသည် ကောင်းစွာဝေဖန်ပိုင်းခြားသိနိုင်သော်လည်း အမှုဆယ်ခုတွင် ကိုးခု၌ မိမိတို့၏စိတ်အလိုဆန္ဒက အောင်မြင်သွားလေ၏။ တရားဟောစင်မြင့်၌ ကတိသစ္စာပြုသောအချိန်မှာပင် ဝိညာဉ်ရေး၌ကျဆုံးခြင်းအမှုသည် အစပြုလာ၏။ ဘာသာတရား၌ စိတ်အားထက်သန်မှုသည် လျော့ပါးလာ၍ နှစ်ဦးစလုံးတို့သည် စာတန်၏အလံအောက်သို့ရောက်သွားသည့်တိုင်အောင် ခိုင်ခံ့သောရဲတိုက်တို့သည် တစ်ခုပြီးတစ်ခုပြိုပျက်သွားကြလေပြီ။ လက်ထပ်ပွဲအခမ်းအနား၌ပင် လောကသဘောသည် အသိစိတ်၊ ယုံကြည်ခြင်းနှင့်ဘုရားသခင်၏ တရားတို့ကို အောင်မြင်သွားလေပြီ။ အိမ်ထောင်သစ်၌ ဆုတောင်းချိန်ကို မရှိသေကြ။ သတို့သားနှင့်သတို့သမီးတို့သည် တစ်ယောက်ကိုတစ်ယောက် ရွေးချယ်ကြပြီး သခင်ယေရှုကိုနှင်ထုတ်ကြလေပြီ။

ပထမ၌မယုံကြည်သောသူသည် အသစ်သောဆက်ဆံမှုတွင် ဆန့်ကျင်ဘက်အမှုတို့ကိုမပြဘဲနေလိမ့်မည်။ သို့သော်ကျမ်းစာ၏သမ္မာတရားနှင့်ဆိုင်သော

အချက်ကို ဂရုစိုက်ဆင်ခြင်ဖို့ရန်ဖော်ပြသောအခါ ကျွန်ုပ်သည် အဘယ်သူဖြစ်သည်ကို သင်သည်သိရှိလျက် ကျွန်ုပ်ကိုစုံဖက်ပြီ၊ ကျွန်ုပ်အားနှောင့်ယှက်ခြင်းကိုအလိုမရှိပါ။ ဤအချိန်မှစ၍ သင်၏ထူးခြားသောထင်မြင်ချက်များအကြောင်းကို မပြောမဆိုဘဲနေကြစို့ဟုပြောဆိုလျက် သူ၏သဘောကိုချက်ချင်းထင်ရှားလာစေ၏။ ယုံကြည်သောသူသည် မိမိ၏ယုံကြည်ခြင်းတရား၌ ထူးခြားစွာ စိတ်အားထက်သန်မှုကိုပြခဲ့လျှင် ခရစ်ယာန်အတွေ့အကြုံ၌ စိတ်ဝင်စားမှုမရှိသောသူအားကြင်နာမှုကင်းကြောင်း ပြသကဲ့သို့ဖြစ်လိမ့်မည်။

အသစ်သောဆက်ဆံမှုတွင် ယုံကြည်သောသူသည် မိမိရွေးချယ်ခဲ့သောအဖော်၏သဘောကို လိုက်လျောသင့်သည်ဟုဆင်ခြင်၏။ ပေါင်းသင်းဆက်ဆံရေး၊ လောကပျော်ရွှင်ရေးတို့ကို အားပေးကူညီလာ၏။ ပထမ၌ ဤကဲ့သို့ပြုလုပ်ရန် များစွာစိတ်ဝင်စားခြင်းမရှိ၊ သို့ရာတွင် ဘုရားသခင်၏တရား၌စိတ်ဝင်စားမှုသည် သာ၍နည်းပါးလာ၍ ယုံကြည်ခြင်းတရားကိုယုံမှားခြင်း၊ မယုံကြည်ခြင်းတို့နှင့်လဲလှယ်လေပြီ။ တစ်ခါက တည်ကြည်ဖြောင့်မှန်သောယုံကြည်သူဖြစ်၍ သခင်ခရစ်တော်၏နောက်တော်သို့စိတ်အားကြီးစွာလိုက်လျှောက်သောသူသည် ယခုယုံမှား၍ယိမ်းယိုင်သောသူဖြစ်လာလိမ့်မည်ဟု မည်သူမျှမမျှော်လင့်ခဲ့ပါ။ သတိပညာမရှိသောထိမ်းမြားစုံဖက်ခြင်းအားဖြင့် ပြောင်းလဲမှုကြီးကိုဖြစ်စေပြီတကား။

လောကနှင့်ဆက်ဆံခြင်းသည် ဘေးမကင်းသောအမှုတစ်ခုဖြစ်သည်။ အများသောယောကျ်ားများနှင့်မိန်းမများတို့၏ထိမ်းမြားစုံဖက်ခြင်းအချိန်သည် သူတို့၏ဘာသာရေးအတွေ့အကြုံနှင့် သူတို့၏အသုံးကျခြင်းအကြောင်းများကိုလက်စသတ်သောအချိန်ဖြစ်သည်ကို စာတန်သည်ကောင်းစွာသိ၏။ သူတို့ကိုသခင်ခရစ်တော်သည် ဆုံးရှုံးတော်မူပြီ။ သူတို့သည် ခရစ်ယာန်သဘော၌နေထိုင်ရန် အတော်ကြာကြိုးစားကြလိမ့်မည်။ သို့ရာတွင် သူတို့၏ကြိုးစားမှုရှိသမျှသည် ဆန့်ကျင်ဘက်လမ်းသို့ပို့ဆောင်နေခြင်းမျှသာဖြစ်၏။ တစ်ကြိမ်ကသူတို့၏ယုံကြည်ခြင်းနှင့်မျှော်လင့်ခြင်းကိုပြောပြဖို့အခွင့်အရေးရလျက်ဝမ်းမြောက်ခြင်းရှိခဲ့ကြ၏။ သို့ရာတွင် မိမိတို့၏ကံတရားအတွက် စုံဖက်ရသောသူသည်မိမိတို့ပြောပြလိုသောအကြောင်းအရာ၌ စိတ်ဝင်စားမှုမရှိသည်ကိုသိရသဖြင့်

သူတို့သည် ၎င်းတို့ကိုပြောပြလိုသောစိတ်မရှိကြတော့ချေ။ ထိုကြောင့် အဖိုး ထိုက်သောဘုရားသခင်၏တရား၌ ယုံကြည်ခြင်းသည် စိတ်နှလုံးအထဲ၌ ပျောက်ကွယ်သွား၍ စာတန်သည် ယုံမှားခြင်းသဘောကို သူတို့အထဲ၌ ပါးနပ်စွာဖြစ်ပေါ်လာစေရန် စီမံလေ၏။

"သဘောချင်းမတူလျှင် လူနှစ်ဦးသည် ခရီးသွားနိုင်သလော။" "မြေကြီး ပေါ်မှာသင်တို့တွင် နှစ်ယောက်တို့သည် သဘောချင်းတူ၍ဆုတောင်း လျှင် တောင်းသမျှသောဆုကို ကောင်းကင်ဘုံ၌ရှိတော်မူသော ငါ၏ခမည်း တော်သည် ပေးတော်မူလတ္တံ့။" သို့ရာတွင် မည်မျှထူးခြားသောမြင်ကွင်းဖြစ် သနည်း။ ထိုသို့ရင်းနှီးစွာဆက်ဆံပေါင်းသင်းရသောသူတို့တွင် တစ်ယောက်ကား၊ ဘုရား သခင်၏တရား၌ ကြည်ညိုလေးစားခြင်းရှိလျက် အခြား တစ်ယောက်ကား ဂရုမစိုက်အမှုမထားဘဲနေ၏။ တစ်ယောက်သောသူသည် ထာဝရအသက်ရှင်ရာ လမ်းကိုရှာဖွေလျက်နေ၍ အခြားတစ်ယောက်ကား သေခြင်းသို့ပို့သည့် ကျယ် သောလမ်းတွင်နေ၏။

စိတ်နှလုံးပြောင်းလဲသောသူများနှင့် ထိမ်းမြားစုံဖက်ခြင်းကြောင့် ရာပေါင်းများစွာသောသူတို့သည် ခရစ်တော်နှင့်ကောင်းကင်ကိုစွန့်လွှတ်ကြ လေပြီ။ သခင်ခရစ်တော်ကိုချစ်၍ ကိုယ်တော်နှင့်ပေါင်းသင်းဆက်ဆံရခြင်း အမှုသည် သူတို့အတွက် များစွာအဖိုးမထိုက်သောကြောင့် သေတတ်သော လူနှင့်ပေါင်းဖော်ရခြင်းကို သူတို့သည်သာ၍ နှစ်သက်နိုင်ကြပါသလား။ ကောင်းကင်သည် များစွာမြတ်နိုးဖွယ်မကောင်းသောကြောင့် အဖိုးထိုက်သော သခင်ယေရှုကို မချစ်သောသူအတွက် သူတို့သည် ကောင်းကင်စည်းစိမ် ချမ်းသာကို လက်လွှတ်လိုသောဆန္ဒရှိနေကြပါသလော။

## မယုံကြည်သောသူတို့အားခရစ်ယာန်များက ပြန်ဖြေရသောအချက်

ဘာသာရေးအခြေခံတရား၌ခိုင်ခံ့ကြောင်း စစ်ဆေးသောစုံစမ်းခြင်း အခြေအနေသို့ ခရစ်ယာန်တိုင်းသည်ရောက်ရှိလာသောအခါ သူတို့သည်

ည်ကဲ့သို့ပြုသင့်ကြသနည်း။ အတုယူဖို့သင့်လောက်အောင် မြဲမြံသောစိတ်နှင့်သူသည် ပွင့်လင်းစွာအောက်ပါအတိုင်းပြောဆိုရမည်။ ကျွန်ုပ်သည် ဖြောင့်မှန်သောခရစ်ယာန်ဖြစ်ပါသည်။ သတ္တမနေ့သည် ကျမ်းစာ၏ဥပုသ်နေ့ ဖြစ်သည်ကိုကျွန်ုပ်ယုံကြည်ပါသည်။ ကျွန်ုပ်တို့၏ယုံကြည်ခြင်းတရားနှင့် အခြေခံတရားသည်ဆန့်ကျင်ဘက်လမ်းသို့ညွှန်ပြနေပါသည်။ ကျွန်ုပ်သည် ဘုရားသခင်၏အလိုတော်ကို သာ၍စုံလင်စွာသိနားလည်ရန် ရှာဖွေကြိုးစား လျှင် ကျွန်ုပ်သည်သာ၍သာ၍လောကနှင့်မတူတော့ဘဲ သခင်ခရစ်တော်နှင့် တူညီလာလိမ့်မည်ဖြစ်သောကြောင့် ကျွန်ုပ်တို့သည် အတူတကွပျော်ရွှင်မှုကို မရနိုင်ကြ။ သင်သည်ခရစ်တော်၌နှစ်သက်ခြင်းမရှိဘဲနေ၍ ဘုရားသခင်၏ တရားကို ဂရုစိုက်ချင်သောစိတ်မရှိလျှင် ကျွန်ုပ်မနှစ်သက်သောလောကကို သင်သည်နှစ်သက်နေလျက်သင်မနှစ်သက်နိုင်သော ဘုရားသခင်၏အရာ တို့ကို ကျွန်ုပ်သည် နှစ်သက်နေလိမ့်မည်။ ဝိညာဉ်အရာတို့ကို ဝိညာဉ်အား ဖြင့်သာသိနားလည်နိုင်၏။ ဝိညာဉ်ရေး၌သိနားလည်ခြင်းမရှိလျှင် ဘုရားသခင်က ကျွန်ုပ်အားတောင်းဆိုသောအရာတို့ကို သင်သည်သိမြင်နိုင်မည်မဟုတ်။ ကျွန်ုပ်ကိုးကွယ်သောဘုရားသခင်အား ကျွန်ုပ်ပြုအပ်သောတာဝန်တို့ကို သင်သည် ကောင်းစွာသိရှိနိုင်မည်မဟုတ်။ ထို့ကြောင့် ဘာသာရေးတာဝန်များအတွက် သင့်ကိုဂရုမစိုက်ဟု သင်သည်ထင်မှတ်လိမ့်မည်။ သင်သည် ပျော်မွေ့ခြင်း ရှိမည်မဟုတ်။ ကျွန်ုပ်သည်ဘုရားသခင်၌ချစ်ခင်စွဲလမ်းခြင်းရှိသောကြောင့် သင်သည် မနာလိုသောသဘောထားရှိနေလိမ့်မည်။ ၎င်းပြင် ကျွန်ုပ်သည် မိမိ၏ဘာသာတရားယုံကြည်မှုတွင်တစ်ဦးတည်းဖြစ်နေလိမ့်မည်။ သင်၏ ထင်မြင်ချက်များသည် ပြောင်းလဲ၍သင်၏စိတ်နှလုံးသည် ဘုရားသခင် တောင်းဆိုသောအရာတို့ကိုလက်ခံလျက်ကျွန်ုပ်၏သခင်ယေရှုကိုချစ်လာဖို့သိရှိ လာသောအခါ ကျွန်ုပ်တို့သည် ပြန်၍ဆက်ဆံပေါင်းသင်းခြင်းပြုနိုင်ကြလိမ့်မည်။

ထိုသို့အားဖြင့် ယုံကြည်သောသူသည် မိမိ၏သိတတ်သောစိတ်ကသဘောတူသည်အတိုင်း သခင်ခရစ်တော်အတွက် ဆက်ကပ်ပူဇော်ခြင်းကိုပြု

လေပြီ။ ၎င်းပြင်သူသည် ထာဝရအသက် လက်မလွတ်နိုင်လောက်အောင် အလွန်တန်ဖိုးထားကြောင်းကိုပြသည်။ သခင်ယေရှုထက်လောကကိုရွေးချယ်၍ သခင်ခရစ်တော်၏လက်ဝါးကပ်တိုင်မှဝေးကွာသွားအောင် သွေးဆောင်မည့်သူနှင့်တစ်သက်လုံးပေါင်းဖော်ရမည့်အစား ထိမ်းမြားခြင်းမပြုဘဲနေသည်က သာ၍ကောင်းလိမ့်မည်ဟု သူသည်ထင်မှတ်နေ၏။

## မသင့်လျော်သောစေ့စပ်ကြောင်းလမ်းခြင်းကို ဖျက်ပယ်ရန်သာ၍ကောင်း၏

သခင်ခရစ်တော်၌သာ ထိမ်းမြားစုံဖက်ခြင်းအမှုကို ဘေးကင်းစွာပြုလုပ်နိုင်သည်။ လူတို့၏မေတ္တာသည် အရင်းနှီးဆုံးဆက်သွယ်မှုသဘောကို ဘုရားသခင်၏မေတ္တာတော်မှဆွဲယူရမည်။ သခင်ခရစ်တော်အုပ်စိုးတော်မူသောနေရာ၌သာ ပြင်းထန်၊ မှန်ကန်၍ ကိုယ်ကျိုးမရှာသောချစ်ခြင်းမေတ္တာမျိုးသည် တည်ရှိနိုင်၏။

မိမိနှင့်စုံဖက်ရန်ကြံစည်ထားသောသူ၏အကျင့်ကို ပြည့်စုံစွာမသိသေးဘဲ စေ့စပ်ကြောင်းလမ်းထားခြင်းအမှုကိုပင် ပြုလုပ်ခဲ့ပြီးသော်လည်း ထိုသို့စေ့စပ်ထားမှုကြောင့် သင်မချစ်ခင်မလေးစားနိုင်သောသူနှင့်စုံဖက်ရမည်ဟု ကတိသစ္စာအသေအချာပြုလုပ်ထားသည်ဟု မထင်မှတ်ပါနှင့်၊ သင်သည် မည်ကဲ့သို့သောစည်းကမ်းချက်များဖြင့် စေ့စပ်မှုပြုခဲ့သည်ကိုအထူးသတိပြုပါ။ သို့ရာတွင် အမှားပြုသကဲ့သို့နောက်မှကွဲသွားရခြင်းထက် လက်မထပ်မီစေ့စပ်ခြင်းကိုဖျက်ခြင်းသည် သာ၍ကောင်း၊ အလွန်သာ၍ကောင်းပေသည်။

သို့သော် ကျွန်ုပ်သည်ကတိပေးခဲ့ပြီ၊ ယခုထိုကတိကိုပြန်၍ဖျက်ရမည်လောဟု သင်ကပြောဆိုလိမ့်မည်။ ကျမ်းစာနှင့်မညီညွတ်ဘဲ သင်သည် ကတိပြုခဲ့လျှင် နှောင့်နှေးခြင်းမရှိဘဲ တတ်နိုင်သမျှ၎င်းကိုဖျက်ဆီးလျှင် ထိုမျှလျင်မြန်စွာကတိပြုစေရန် တိုက်တွန်းသောအမှားအတွက်နှိမ့်ချခြင်းနှင့်

ဘုရားသခင်ရှေ့တွင်နောင်တရလော့ဟု ကျွန်ုပ်ကပြောဆိုလိုပါသည်။ ထိုသို့ သောကတိကိုတည်စေ၍ သင့်ကိုဖန်ဆင်းတော်မူသောသူကိုရှုတ်ချခြင်းထက် ဘုရားသခင်ကိုကြောက်ရွံ့ခြင်းနှင့် ထိုကတိကိုပြန်၍ရုပ်သိမ်းလျှင် သာ၍ ကောင်း၏။

ထိမ်းမြားစုံဖက်ခြင်းအမှုကိုပြုလုပ်ရာ၌ ဣန္ဒြေစောင့်ခြင်း၊ ရိုးသား ဖြောင့်မှန်ခြင်း၊ ဘုရားသခင်နှစ်သက်တော်မူ၍ ဘုရားသခင်၏ဘုန်းတော်ကို ထင်ရှားစေခြင်းငှာ ရည်ရွယ်ချက်များရှိပါစေ။ ထိမ်းမြားစုံဖက်ခြင်းအမှုသည် ဤလောက၌ဖြစ်စေ၊ လာလတ္တံ့သောလောက၌ဖြစ်စေ နောင်အသက်တာကို ထိခိုက်စေတတ်သည်။ ရိုးဖြောင့်သောခရစ်ယာန်သည် ဘုရားသခင်နှစ်သက် တော်မမူသောအရာတို့ကို ကြံစည်ပြုလုပ်လိမ့်မည်မဟုတ်။

စိတ်သည် လူ၏မေတ္တာကိုတောင့်တလျက်ရှိ၏။ သို့ရာတွင် ဤ မေတ္တာသည် သခင်ခရစ်တော်၏မေတ္တာနေရာတွင်အစားထိုးဖို့ရန် ခိုင်ခံ့ခြင်း၊ သန့်ရှင်းဖြူစင်ခြင်း (သို့မဟုတ်) အဖိုးထိုက်တန်ခြင်းမရှိလှချေ။ အသက်တာ ၏စိုးရိမ်ပူပန်ခြင်း၊ တာဝန်များနှင့်ဝမ်းနည်းခြင်းတို့ကိုရင်ဆိုင်ရန် မိမိ၏ ကယ်တင်ရှင်၌သာလျှင် ဇနီးသည်ဉာဏ်ပညာ၊ ခွန်အားနှင့်ကျေးဇူးတော်ကိုတွေ့ရှိ နိုင်သည်။ သူမသည် ကိုယ်တော်ကို မိမိ၏ခွန်အားနှင့်လမ်းပြဖြစ်စေရမည်။ မိန်းမသည် လောကမိတ်ဆွေတစ်စုံတစ်ယောက်အား မိမိကိုယ်ကိုမပေးအပ်မီ သခင်ခရစ်တော်အား မိမိကိုယ်ကိုပေးအပ်ပါစေ။ ၎င်းပြင် ဤအမှုနှင့်ဆန့်ကျင် သောပေါင်းသင်းဆက်ဆံခြင်းကိုမပြုရ။ မှန်သောပျော်မွေ့ခြင်းကိုတွေ့ရှိလိုသော သူတို့သည် မိမိတို့ပိုင်ဆိုင်သမျှနှင့် မိမိတို့ပြုလုပ်သမျှအပေါ်သို့ ကောင်းကင် မှကောင်းချီးသက်ရောက်စေရမည်။ ဘုရားသခင်၏စကားကို နားမထောင် ခြင်းကြောင့် အများသောသူတို့၏စိတ်နှလုံးနှင့်အိမ်ထောင်များသည် ဒုက္ခ ဆင်းရဲခြင်းနှင့်ပြည့်ဝနေကြ၏။ ကျွန်ုပ်၏ညီမ၊ သင်၌မှောင်ရိပ်များကို ဘယ်သောအခါမျှမပယ်ရှားသောအိမ်ထောင်မရှိသေးလျှင် ဘုရားသခင်၏ရန်သူ နှင့် သင်ကိုယ်တိုင်စုံဖက်ခြင်းမပြုပါနှင့်။

## ထိမ်းမြားပြီးနောက်ပြောင်းလဲလာသော သူတစ်ဦးတည်းအတွက်အကြံဉာဏ်

မပြောင်းလဲသေးမီ လက်ထပ်ခဲ့သောသူသည် ပြောင်းလဲလာသော အခါ ဘာသာရေး၌များစွာခြားနားခြင်းရှိသော်လည်း မိမိ၏အဖော်အားသစ္စာ ရှိဖို့ သာ၍ခိုင်ခံ့သောတာဝန်ရှိပေသည်။ သို့ရာတွင် စုံစမ်းခြင်းနှင့်ညှဥ်းဆဲခြင်း များပင် ဖြစ်ပေါ်လာတတ်သော်လည်း ဘုရားသခင်ကိုလောကနှင့်စပ်ဆိုင်သော အရာများအပေါ်တွင် ထားရှိရမည်။ ချစ်ခြင်းမေတ္တာနှင့်လည်းကောင်း၊ နှိမ့်ချ ခြင်းနှင့်လည်းကောင်း ဤကဲ့သို့သစ္စာရှိစွာပြုကျင့်ခြင်းဖြင့် မယုံကြည်သောသူ၏ စိတ်ကိုပြောင်းလဲစေလိမ့်မည်။ ◦

---o---

# အခန်း (၂၉)
# ထိမ်းမြားစုံဖက်ခြင်း

ဘုရားသခင်သည် လူယောကျ်ားမှလူမိန်းမကိုဖန်ဆင်းတော်မူ၍ မိန်းမသည် ယောကျ်ားအဖို့အဖော်နှင့်အထောက်အမဖြစ်လျက် သူနှင့်တစ်လုံးတစ်ဝတည်းဖြစ်၍ သူ့ကိုအားပေးကူညီဝမ်းမြောက်စေမည်။ ၎င်းပြင် ယောကျ်ားသည် တစ်ဖန်သူမအဖို့ခွန်အားကြီးသောအကူအညီဖြစ်ရမည်။ သန့်ရှင်းသောရည်ရွယ်ချက်နှင့် ထိမ်းမြားစုံဖက်ခြင်းကိုပြုသောသူယောကျ်ားအပေါင်းသည် မိန်းမ၏ဖြူစင်သောချစ်ခြင်းကိုရရှိရန် မိန်းမသည် ယောကျ်ား၏အကျင့်ကို နူးညံ့တိုးတက်စေ၍ ပြည့်စုံစေရန်ပြုသောသူတို့သည် သူတို့အတွက် ဘုရားသခင်၏ရည်ရွယ်ချက်ကိုပြည့်စုံစေကြ၏။

သခင်ခရစ်တော်သည် ဤထုံးစံကိုဖျက်ဆီးရန်မဟုတ်ဘဲ မူလ သန့်ရှင်းမြင့်မြတ်သောအခြေအနေသို့ပြန်ရောက်ရှိစေရန်ပြုလုပ်ဖို့ ကြွလာတော် မူ၏။ လူတွင်ဘုရားသခင်၏အကျင့်နှင့်ပြည့်စုံသောပုံသဏ္ဍာန်မျိုးကို ပြန်၍ ဖြစ်ပေါ်လာစေရန်ပြုပြင်ဖို့ ကိုယ်တော်သည်ကြွလာတော်မူ၍ ထိမ်းမြားစုံဖက် ခြင်းအမှုကို ထောက်မအားပေးခြင်းဖြင့် မိမိ၏အမှုတော်ကိုအစပြုတော်မူ၏။

ဧဝကိုအာဒံအား အထောက်အမအဖြစ်ပေးတော်မူသော ကိုယ်တော်သည် မင်္ဂလာဆောင်ပွဲ၌ ပထမဆုံးအံ့ဖွယ်အမှုကိုပြုတော်မူ၏။ ဆွေမျိုးများနှင့် မိတ်ဆွေများသည် ဝမ်းမြောက်စွာစုရုံးလျက်ရှိကြသော လက်ထပ်ပွဲအခန်းမကြီးတွင် သခင်ခရစ်တော်သည် မိမိ၏အမှုတော်ကိုအစပြုဆောင်ရွက်တော် မူ၏။ ထိုသို့အားဖြင့် မင်္ဂလာဆောင်ခြင်းအမှုကို မိမိကိုယ်တော်တိုင်အသိအမှတ် ပြုခဲ့သောထုံးစံအဖြစ် အသိအမှတ်ပြုလျက် ၎င်းကိုအခွင့်ပြုတော်မူ၏။ အိမ်ထောင်များကိုဖြစ်ပေါ်လာစေရန် ယောကျ်ားနှင့်မိန်းမတို့အား သန့်ရှင်းစွာ ထိမ်းမြားစုံဖက်စေရန် ကိုယ်တော်သည် စီမံထားတော်မူ၏။ ထိုအိမ်ထောင် များတွင်ပါဝင်သော အိမ်ထောင်သားများတို့သည် ချီးမြှောက်ခြင်းခံရလျက် အထက်ကောင်းကင်အိမ်ထောင်သားများအဖြစ် အသိအမှတ်ပြုခြင်းခံရကြ လိမ့်မည်။

## ထိမ်းမြားလက်ထပ်ပွဲသည်ရိုးသား၍ပျော်ရွှင်ဖွယ်အခါဖြစ်ရမည်

သခင်ခရစ်တော်ထံမှအစပြု ထွက်ပေါ်လာသောမေတ္တာတော်သည် လူ၏မေတ္တာကိုဘယ်အခါမျှမဖျက်မဆီးဘဲ ၎င်းကိုပါဝင်စေ၏။ ထိုမေတ္တာတော်အားဖြင့် လူ၏မေတ္တာသည် ချွတ်ခြင်းခံရ၍ ဖြူစင်လာလျက်မြင့်မြတ်လာ ၏။ လူ၏မေတ္တာသည် ဘုရားသခင့်သဘောနှင့်မဆက်ဆံ၊ ကောင်းကင် ဘက်သို့ကြီးပွားရန် ပြုကျင့်ပေးခြင်းမခံရမီတိုင်အောင် အဖိုးထိုက်သောအသီး များကိုမသီးနိုင်။ သခင်ယေရှုသည် ပျော်ရွှင်သောထိမ်းမြားစုံဖက်ခြင်း၊ ပျော်ရွှင်သောအိမ်ထောင်ဧည့်သည်များကို တွေ့မြင်လိုတော်မူ၏။

ကာနမြို့၌ကျင်းပသောထိမ်းမြားလက်ထပ်ပွဲသို့ သခင်ယေရှုနှင့်အတူ တပည့်တော်များပါဖိတ်ခေါ်ခြင်းခံရသည်ဟု ကျမ်းစာကဖော်ပြထား၏။ ထိမ်းမြားလက်ထပ်ပွဲသို့ဖိတ်ခေါ်သောအခါ ကျွန်ုပ်တို့သည် ထိုသို့အလွန်ပျော်ရွှင်စရာကောင်းသောအခါမျိုးသို့ လာရောက်ဖို့မသင့်ဟုပြောစေရန် သခင်ခရစ်တော်သည် ခရစ်ယာန်များအားအခွင့်ပေးတော်မမူ။ ဤပွဲသို့လာရောက်တော်မူခြင်းဖြင့် ကိုယ်တော်၏ထုံးစံစည်းကမ်းများကိုစောင့်ရာ၌ ဝမ်းမြောက်သောသူတို့နှင့်အတူ ကျွန်ုပ်တို့အားပါဝင်ဝမ်းမြောက်စေခြင်းငှာ ကိုယ်တော်သည် အလိုရှိတော်မူကြောင်းကို သခင်ခရစ်တော်ကသွန်သင်တော်မူ၏။ ကောင်းကင်စည်းကမ်းနှင့်အညီ လူတို့ပြုလုပ်ကျင်းပသောအပြစ်ကင်းသည့်ပွဲများကို ကိုယ်တော်သည် ဘယ်အခါမျှစိတ်ပျက်စေအောင်ပြုတော်မမူပေ။ သခင်ခရစ်တော်ကိုယ်တိုင်လာရောက်ချီးမြှင့်တော်မူသော လူအစုအဝေးတွင် ကိုယ်တော်၏တပည့်တော်တို့သည်လည်း လာရောက်ခွင့်ရှိပေသည်။ ဤပွဲသို့လာရောက်တော်မူပြီးနောက် အခြားပွဲများသို့လည်း ခရစ်တော်သည် ကြွရောက်တော်မူလျက် ကိုယ်တိုင်လာရောက်ခြင်းအားဖြင့် ၎င်းပွဲများကိုသန့်ရှင်းစေတော်မူ၏။

နှစ်ဦးနှစ်ဖက်စလုံးသည် ကောင်းမွန်ပြည့်စုံစွာရှိကြသော်လည်း ကျွန်ုပ်တို့သည် လက်ထပ်ပွဲကိုကြီးကျယ်ခမ်းနားစွာပြုလုပ်ကျင်းပဖို့ရန် အကြောင်းမရှိချေ။

ထိမ်းမြားလက်ထပ်ပွဲတွင် အလွန်ပျော်ရွှင်မြူးထူးခြင်းအမှုများ၊ ဟန်ဆောင်မှုများတွေ့ရသည်မှာ များစွာမသင့်လျော်ဟု ကျွန်ုပ်ထင်မြင်ပါသည်။ ထိုသို့မဖြစ်ရပါ။ ၎င်းသည် ဘုရားသခင်စီမံတော်မူသောပွဲဖြစ်၍ အလွန်ကြည်ညိုသောသဘောနှင့်ပြုမူရကြမည်။ အောက်အရပ်ဤမြေကြီးပေါ်၌ အိမ်ထောင်ကိုတည်ထောင်သကဲ့သို့ အိမ်ထောင်သည် မည်ကဲ့သို့ဖြစ်ရမည်ကို ဖော်ပြရကြမည်။ ရှေးဦးစွာဘုရားသခင်၏ဘုန်းတော်ကို အမြဲထင်ရှားစေရမည်။၁

## ထိမ်းမြားပြီးစသူတို့အဖို့အကြံဉာဏ်

ကျွန်ုပ်၏ညီ၊ ညီမများ၊ သင်တို့သည် တစ်သက်တာလုံးအတွက် ပဋိညာဉ်ပြုလျက် ထိမ်းမြားစုံဖက်ကြပြီ။ အိမ်ထောင်အသက်တာတွင် သင်တို့သည်လေ့လာသင်ကြားဖို့ရန်အချိန်သည် အစပြုလေပြီ။ အိမ်ထောင်သက်၏ ပထမနှစ်သည် အတွေ့အကြုံဆည်းပူးရာနှစ်ဖြစ်၍ ထိုနှစ်တွင်သူငယ်တစ်ယောက်သည် ကျောင်း၌သင်ခန်းစာကိုသင်ကြားရသကဲ့သို့ ခင်ပွန်းနှင့်ဇနီးတို့သည် တစ်ဦးသဘောကိုတစ်ဦးနားလည်ရန် သင်ကြားရကြသည်။ ပထမအိမ်ထောင်သက်တွင် နောင်ကာလ၏ပျော်ရွှင်ရေးကိုပျက်စီးစေမည့်အကြောင်းအရာများ မပေါ်လာပါစေနှင့်။

အိမ်ထောင်မှုကိစ္စတို့ကိုသင့်လျော်စွာနားလည်ဖို့ အလုပ်သည်တစ်သက်တာလုံး၏အလုပ်ဖြစ်သည်။ အိမ်ထောင်ပြုသောသူတို့သည် ဤအသက်တာ ၌ ဘယ်အခါမျှပြည့်စုံစွာမအောင်မြင်သေးသောကျောင်း၌ ဝင်ရောက်သင်ကြားနေရကြသည်။ ကျွန်ုပ်၏မောင်၊ သင့်ဇနီး၏အချိန်ကာလ၊ ခွန်အားနှင့်ပျော်ရွှင်ရေးတို့သည် ယခုသင်၏အချိန်ကာလ၊ ခွန်အားနှင့်ပျော်ရွှင်ရေးတို့နှင့်အတူ စည်းလုံးလျက်ရှိသည်။ သူမအပေါ်၌ သင်၏ဩဇာညောင်းမှုသည် အသက်ရှင်ခြင်းတိုင်အောင် အသက်ရှင်ခြင်း၏အမွေးအကြိုင်ဖြစ်၏၊ (သို့မဟုတ်) သေခြင်း

တိုင်အောင် သေခြင်း၏အမွေးအကြိုင်ဖြစ်၏။ သူမ၏အသက်တာကိုမပျက်စီးစေရန် အထူးဂရုစိုက်ပါ။

ကျွန်ုပ်၏ညီမ၊ သင်သည် ယခုအိမ်ထောင်သက်၏တာဝန်များနှင့် သက်ဆိုင်၍ ပထမလက်တွေ့သင်ခန်းစာများကို သင်ကြားရလိမ့်မည်။ ဤသင်ခန်းစာများကို နေ့စဉ်ကတိတည်ခြင်းနှင့်သင်ကြားလေ့လာရန်သတိပြုပါ။ စိတ်မကျေနပ်ခြင်း၊ စိတ်မသက်သာခြင်းမဖြစ်ပါစေနှင့်။ အေးအေးဆေးဆေးနေလျက် ဘာမျှမပြုလုပ်လိုသောအချိန်အခါကို မတောင့်တပါနှင့်။ ကိုယ်ကျိုးရှာလိုသောသဘောမရှိစေရန် အမြဲသဖြင့် သတိပြုစောင့်ရှောက်ပါ။

သင်တို့သည် တစ်သက်တာလုံးအတွက်ထိမ်းမြားစုံဖက်ရာတွင် သင်တို့၏မေတ္တာသည် အသီးအသီး၏ပျော်ရွှင်ရေးအတွက်ဖြစ်စေရမည်။ ဤအရာသည် သင်တို့နှင့်သက်ဆိုင်၍ ဘုရားသခင်၏အလိုတော်ဖြစ်၏။ သို့ရာတွင် သင်တို့သည် တစ်လုံးတစ်ဝတည်းပူးပေါင်းလျက်ရှိသော်လည်း သင်တို့အသီးအသီး၏အခြေအနေသည် ပျောက်ပျက်သွားသည်မဟုတ်။ ဘုရားသခင်သည် သင်တို့အသီးအသီး၏အခြေအနေကို ပိုင်ဆိုင်တော်မူ၏။ ဘုရားသခင့်အကြောင်းကို သင်ကဤကဲ့သို့မေးမြန်းရမည်။ မည်သည့်အရာ သည်မှန်သနည်း၊ မည်သည့်အရာသည်မှားသနည်း။ ကျွန်ုပ်အားဖန်ဆင်း ထားခြင်း၏ရည်ရွယ်ချက်ကို ကျွန်ုပ်သည် မည်ကဲ့သို့ပြည့်စုံစေနိုင်မည်နည်း။ "မိမိတို့ကိုယ်ကိုမိမိတို့မပိုင်၊ သင်တို့သည် အဖိုးနှင့်ဝယ်တော်မူသောသူဖြစ် သောကြောင့်၊ ဘုရားသခင်ပိုင်တော်မူသော သင်တို့၏ကိုယ်ခန္ဓာနှင့်စိတ်ဝိညာဉ် အားဖြင့် ဘုရားသခင်၏ဘုန်းတော်ကိုထင်ရှားစေကြလော့" (၁ကော ၆း၁၉၊ ၂၀)။ လူနှင့်ဆိုင်သောသင်၏မေတ္တာသည် ဘုရားသခင်အတွက် သင်၏ မေတ္တာအောက်တွင်တည်ရှိစေရမည်။ သင်၏မေတ္တာဘဏ္ဍာသည် သင့် အတွက်အသက်ကိုစွန့်တော်မူသောသူအတွက်ဖြစ်စေရမည်။ ဘုရားသခင် အတွက်အသက်ရှင်လျက် ဝိညာဉ်သည် ဘုရားသခင်အပေါ်၌ အကောင်းဆုံး နှင့်အမြတ်ဆုံးချစ်ခြင်းမေတ္တာကိုထားလေ၏။ သင့်အတွက်အသေခံတော်မူသော သူအတွက် သင်သည် သင်၏မေတ္တာကို အများဆုံးသက်ရောက်စေပြီလော။

ထိုသို့ဖြစ်လျှင် သင်တို့အချင်းချင်းအတွက်ထားသောမေတ္တာသည် ကောင်းကင်နှင့်သက်ဆိုင်လိမ့်မည်။

ချစ်ခြင်းမေတ္တာသည် ကျောက်သလင်းကဲ့သို့ကြည်လင်၍ တင့်တယ်စွာဖြူစင်လျက်ရှိလိမ့်မည်။ သို့ရာတွင် ၎င်းသည် စုံစမ်းစစ်ဆေးခြင်းမခံရသေးသဖြင့် တိမ်နေလိမ့်မည်။ အရာခပ်သိမ်းတွင် သခင်ခရစ်တော်ကိုပထမဦးဆုံး၊ နောက်ဆုံးနှင့်အကောင်းဆုံးဖြစ်ပါစေ။ ကိုယ်တော်ကိုအမြဲကြည့်နေပါ၊ ၎င်းပြင် သင်၏မေတ္တာသည် စုံစမ်းခြင်းကိုခံယူသောအခါ ကိုယ်တော်အတွက် သူ၏ချစ်ခြင်းမေတ္တာသည် နေ့စဉ်သာ၍ပြင်းထန်ခိုင်ခံ့လာလိမ့်မည်။ ကိုယ်တော်အတွက် သင်၏မေတ္တာသည် တိုးပွားလာသောအခါ အချင်းချင်းအတွက် သင်တို့၏မေတ္တာသည်လည်း သာ၍ပြင်းထန်ခိုင်ခံ့လာလိမ့်မည်။ “ငါတို့ရှိသမျှသည် မျက်နှာဖုံးကိုဖွင့်လျက် မှန်ကိုကြည့်သကဲ့သို့ ဘုရားသခင်၏ဘုန်းအသရေတော်ကိုကြည့်မြင်၍ ငါတို့သည် ဘုန်းအသရေတိုးပွား၍ ပုံသဏ္ဌာန်တော်နှင့်အညီ ပြောင်းလဲခြင်းရှိရကြ၏” (၂ကော ၃း၁၈)။ သင်သည် လက်မထပ်မီကမပြုခဲ့ရသောတာဝန်များကို ယခုပြုလုပ်ရပြီ။ “ထိုကြောင့် ကျေးဇူးပြုခြင်း၊ စိတ်နှိမ့်ချခြင်း၊ နူးညံ့သိမ်မွေ့ခြင်း၊ စိတ်ရှည်ခြင်းတို့ကို ယူတင်ဝတ်ဆောင်ကြလော့။” ခရစ်တော်သည် ငါတို့ကိုချစ်တော်မူသည်နည်းတူ၊ သင်တို့သည် မေတ္တာတရား၌ ကျင်လည်ကြလော့။” အောက်ပါဩဝါဒကို သေချာစွာလေ့လာပါ။ “အချင်းမိန်းမတို့၊ ဘုရားသခင်၏အုပ်စိုးတော်မူခြင်းကို ဝန်ခံသကဲ့သို့ ကိုယ်ခင်ပွန်း၏အုပ်စိုးခြင်းကိုဝန်ခံကြလော့။ အကြောင်းမူကား၊ ခရစ်တော်သည် အသင်းတော်အပေါ်မှာ ခေါင်းဖြစ်တော်မူသကဲ့သို့ ယောကျ်ားသည် မိမိခင်ပွန်း၏အပေါ်မှာခေါင်းဖြစ်၏။ အသင်းတော်သည် ခရစ်တော်၏အုပ်စိုးတော်မူခြင်းကိုဝန်ခံသကဲ့သို့၊ မိန်းမတို့လည်း ကိုယ်ခင်ပွန်း၏အုပ်စိုးခြင်းကို အရာရာ၌ဝန်ခံကြလော့။ အချင်းယောကျ်ားတို့၊ ခရစ်တော်သည် အသင်းတော်ကိုချစ်တော်မူသကဲ့သို့၊ သင်တို့လည်း ကိုယ်ခင်ပွန်းကိုချစ်ကြလော့” (ကော၊ ၃း၁၂။ ဧဖက် ၅း၂၊၂၂–၂၅)။

တစ်သက်လုံးအတွက် တွဲဖက်ခြင်းတည်းဟူသော ထိမ်းမြားစုံဖက်ခြင်းသည် သခင်ခရစ်တော်နှင့်အသင်းတော်တို့၏ပူးပေါင်းတွဲဖက်ခြင်းကို ပုံဆောင်၏။ အသင်းတော်အတွက် သခင်ခရစ်တော်က ဖော်ပြတော်မူရသော သဘောမျိုးသည် ခင်ပွန်းနှင့်ဇနီးတို့က အသီးအသီးအပေါ်၌ ဖော်ပြရသော သဘောဖြစ်သည်။

ခင်ပွန်းဖြစ်စေ၊ ဇနီးဖြစ်စေ မည်သူမျှအုပ်စိုးလိုသောဆန္ဒကိုမပြရာ။ ဤအမှု၌လမ်းပြရန် အခြေခံတရားကို ဘုရားသခင်ကစီမံတော်မူ၏။ သခင်ခရစ်တော်သည် အသင်းတော်ကိုချစ်ခင်မြတ်နိုးသည်နည်းတူ ခင်ပွန်းသည် မိမိ၏ဇနီးကိုချစ်ခင်မြတ်နိုးရမည်။ ၎င်းပြင် ဇနီးသည် မိမိ၏ခင်ပွန်းကိုရိုသေချစ်ခင်ရမည်။ နှစ်ဦးစလုံးတို့သည် ကျေးဇူးပြုကြင်နာတတ်သောသဘောကို မွေးမြူလျက် ဘယ်အခါမျှတစ်ယောက်ကိုတစ်ယောက် စိတ်နာစေအောင် မပြုဖို့ စိတ်ပိုင်းဖြတ်ထားရမည်။

ကျွန်ုပ်၏မောင်နှင့်ညီမ၊ သင်တို့နှစ်ဦးစလုံး၌ ခိုင်ခံ့သောစိတ်ဓာတ်ရှိပေသည်။ သင်တို့၌ဖြစ်စေ၊ သင်တို့နှင့်ဆက်သွယ်နေသောသူတို့၌ဖြစ်စေ စိတ်ဓာတ်ကိုကြီးစွာသောကောင်းချီး (သို့မဟုတ်) ကြီးစွာသောကျိန်ခြင်းကို ဖြစ်အောင် သင်တို့သည်ပြုလုပ်နိုင်ကြသည်။ တစ်ယောက်ကိုတစ်ယောက် ကိုယ်အလိုရှိသကဲ့သို့ အတင်းအကျပ်ပြုလုပ်စေရန် မကြံစည်ပါနှင့်။ သင်တို့သည် ဤသို့ပြုလျက် တစ်ယောက်၏မေတ္တာကိုတစ်ယောက်က အမြဲရရှိမထားနိုင်။ ကိုယ်အလိုအတိုင်းပြုမူလိုသောသဘောကိုပြခြင်းဖြင့် အိမ်ထောင်၌ငြိမ်သက်ခြင်းနှင့်ပျော်မွေ့ခြင်းကိုဖျက်ဆီး၏။ သင်တို့၏အိမ်ထောင်အသက်တာသည် ခိုက်ရန်ဖြစ်နေသောအသက်တာမဖြစ်ပါစေနှင့်။ သင်တို့သည် ဤသို့ပြုနေလျှင် နှစ်ဦးစလုံး၌ပျော်မွေ့ခြင်းရှိကြလိမ့်မည်မဟုတ်၊ ကိုယ့်အလိုဆန္ဒကိုပယ်ထား၍ အပြောအဆို၌ကြင်နာ၍ အပြုအမူ၌နူးညံ့ပါစေ။ သင်၏စကားများသည် ကောင်းကျိုးနှင့်မကောင်းမှုကိုဖြစ်စေတတ်သောကြောင့် သတိပြုပါ။ သင်၏စကားသံများတွင် ထိခိုက်နစ်နာစေသောအသံများမပါစေနှင့်။

သင်တို့၏စုံဖက်ခြင်းအသက်တာတွင် သခင်ခရစ်တော်နှင့်တူညီခြင်းတည်းဟူသော အမွေးအကြိုင်ကိုသက်ရောက်ပါစေ။

လူတစ်ယောက်သည် ထိမ်းမြားစုံဖက်ခြင်းအမှုကိုမပြုမီ မိမိကိုယ်ကိုချုပ်တည်းလျက် သူတစ်ပါးနှင့်မည်ကဲ့သို့ပြုမူဆက်ဆံရမည်ကို သင်ကြားလေ့လာရမည်။

ကျွန်ုပ်၏မောင်၊ ကြင်နာသနား၍ သည်းခံလျက်စိတ်ရှည်ခြင်းရှိလော့။ သင်သည် သင်၏ဇနီးကိုအုပ်စိုးဖို့မဟုတ်ဘဲ သူမကိုမစကူညီသောသူဖြစ်မည်အကြောင်း၊ သင်၏ဇနီးသည် သင့်ကိုမိမိ၏ခင်ပွန်းအဖြစ် လက်ခံသည်ကိုသတိပြုပါ။ ဘယ်အခါမျှနိုင်လိုမင်းထက်ပြု၍ အာဏာရှင်သဘောမထားပါနှင့်။ သင်အလိုရှိသကဲ့သို့ သင်၏ဇနီးအားပြုစေရန် သင်၏ခိုင်ခံ့သောစိတ်ဆန္ဒကိုအသုံးမပြုပါနှင့်။ သင်အလိုရှိသည်အတိုင်းပြုတတ်သကဲ့သို့ သူမသည်လည်း မိမိအလိုအတိုင်းပြုတတ်သောဆန္ဒတစ်ခုရှိသည်ကို သတိပြု ပါ။ သင်၌သာ၍ ကျယ်ဝန်းစွာအတွေ့အကြုံရှိသည်ကိုလည်းသတိပြုပါ။ ဆင်ခြင်စဉ်းစား၍ ယဉ်ကျေးခြင်းရှိပါ။ "အထက်မှသက်ရောက်သောပညာ မူကား၊ ရှေးဦးစွာစင်ကြယ်၏။ ထိုမှတစ်ပါး၊ အသင့်အတင့်နေတတ်၏။ ဖြည်းညင်းသောသဘောရှိ၏။ သွေးဆောင်လွယ်၏။ သနားကြင်နာမှုနှင့် လည်းကောင်း၊ ကောင်းကျိုးနှင့်လည်းကောင်းပြည့်စုံ၏" (ယာကုပ် ၃း၁၇)။

ဘုရားသခင်သည်ချစ်ခြင်းမေတ္တာဖြစ်တော်မူ၍ ဘုရားသခင်၏ကျေးဇူးတော်အားဖြင့် ထိမ်းမြားလက်ထပ်ခြင်းတွင် သင်ကတိထားခဲ့သည့်အတိုင်း အသီးအသီး၏ပျော်ရွှင်ရေးကို သင်သည်အောင်မြင်စွာပြုလုပ်နိုင်မည်ကို ကျွန်ုပ်၏မောင်၊ ညီမတို့သတိပြုကြပါ။ ၎င်းပြင် ရွေးနုတ်တော်မူသောအရှင်၏ခွန်အားဖြင့် ကောက်ကွေ့နေသောအသက်တာကို ဘုရားသခင်၌ဖြောင့်သွားစေရန် သင်သည် ပညာနှင့်လည်းကောင်း၊ ခွန်အားနှင့်လည်းကောင်း ပြုလုပ်နိုင်လိမ့်မည်။ သခင်ခရစ်တော်မပြုလုပ်နိုင်သောအရာသည် အဘယ်အရာရှိသနည်း။ ကိုယ်တော်သည် ပညာ၌လည်းကောင်း၊ ဖြောင့်မတ်ခြင်း၌လည်းကောင်း၊ ချစ်ခြင်းမေတ္တာ၌လည်းကောင်း စုံလင်တော်မူ၏။ သင်တို့အချင်းချင်းအပေါ်၌

သင်တို့၏မေတ္တာကိုပုံအပ်ရန် စိတ်ကျေနပ်လျက် သင်တို့ကိုယ်တိုင်နှုတ်ပိတ် မနေကြပါနှင့်။ သင်တို့ပတ်လည်၌ရှိသောသူများ၏ပျော်ရွှင်ရေးကိုဖြစ်စေရန် အခွင့်အရေးကိုရှာလျက် သူတို့အား သင်၏ချစ်ခြင်းကိုဝေမျှပါ။ ကြင်နာစွာ ပြောဆိုသောစကားများ၊ ထောက်ထားစာနာခြင်းနှင့်ကြည့်ရှုခြင်းအမှုများ၊ နှစ်သက်သဘောကျကြောင်းဖော်ပြချက်များတို့သည် တစ်ဦးတည်းအားထုတ် နေသောသူများအတွက် ရေငတ်သောဝိညာဉ်အဖို့ ရေအေးတစ်ခွက်ကဲ့သို့ဖြစ် လိမ့်မည်။ အားပေးသောစကားတစ်ခွန်း၊ ကြင်နာစွာပြုသောအမှုတစ်ခုသည် ပင်ပန်းနေသောသူ၏ပခုံးပေါ်မှ လေးသောဝန်ထုပ်ကိုပေါ့စေလိမ့်မည်။ ကိုယ်ကျိုးမရှာဘဲ အမှုဆောင်ရွက်ခြင်း၌ မှန်သောပျော်မွေ့ခြင်းကိုတွေ့ရှိရ၏။ ထိုသို့သောစကား၊ အပြုအမူတိုင်းတို့ကို ကောင်းကင်စာစောင်တွင် သခင် ခရစ်တော်အားပြုစုသကဲ့သို့ မှတ်တမ်းတင်ထား၏။ "သင်တို့သည် ဤသူ တည်းဟူသောငါ့ညီတို့တွင် အငယ်ဆုံးသောသူတစ်ယောက်အားပြုသမျှတို့ကို ငါ့အားပြုကြပြီ" ဟု ကိုယ်တော်ကမိန့်တော်မူ၏။ (မ ၂၅း၄၀)။

ကယ်တင်ရှင်၏မေတ္တာတည်းဟူသော နေရောင်ခြည်တွင်နေထိုင်ပါ။ ထိုအခါ သင်၏သြဇာညောင်းမှုသည် လောကအား ကောင်းချီးပေးလိမ့် မည်။ သခင်ခရစ်တော်၏ဝိညာဉ်တော်သည် သင့်ကိုအုပ်စိုးပါစေ။ သင်၏ နှုတ်ခမ်းတို့သည် ကြင်နာခြင်းသဘောတရားနှင့်ပြည့်ဝပါစေ။ သခင်ခရစ်တော်၌ အသစ်သောအသက်တာတွင် တစ်ဖန်မွေးဖွားခြင်းခံရသောသူတို့၏အပြောအဆို၊ အပြုအမူတို့တွင် စိတ်ရှည်ခြင်းနှင့်ကိုယ်ကျိုးမရှာခြင်းသဘောတို့ကိုထင်ရှား စေ၏။[၂]

(1) AH 99-101; (2) 7T 45-50.

---o---

# အခန်း (၃၀)
# ပျော်ရွှင်၊ အောင်မြင်သောပေါင်းဖက်ခြင်း

ထိမ်းမြားမင်္ဂလာပြုသောသူတို့တွင် စုံလင်သောမေတ္တာနှင့် ညီညွတ်ခြင်းရှိရမည်ဟု ဘုရားသခင်ကစီမံထားတော်မူပြီ။ သတို့သားနှင့်သတို့သမီးတို့သည် ကောင်းကင်စကြဝဠာရှေ့တွင် ဘုရားသခင်စီမံထားတော်မူသည်အတိုင်း အချင်းချင်းချစ်ဖို့ရန် မိမိတို့ကိုယ်တိုင်ကတိသစ္စာပြုကြပါစေ။ ဇနီးသည် မိမိ၏ခင်ပွန်းကိုရိုသေလေးစား၍ ခင်ပွန်းသည် မိမိ၏ဇနီးကို ချစ်ခင်မြတ်နိုးရမည်။

ယောကျ်ားနှင့်မိန်းမတို့သည် အိမ်ထောင်ဖက်၏အစအဦးတွင် မိမိတို့ကိုယ်ကို ဘုရားသခင်အား ထပ်မံဆက်ကပ်ပူဇော်ရကြမည်။

မည်မျှသေချာစွာနှင့်လည်းကောင်း၊ သတိပညာနှင့်လည်းကောင်း ထိမ်းမြားစုံဖက်ခြင်းအမှုကိုပြုပြီးသော်လည်း မင်္ဂလာပွဲကိုပြုလုပ်သောအခါ အနည်းငယ်သောစုံတွဲသာလျှင် ပြည့်စုံစွာစုံဖက်ခြင်းကိုပြုရကြပါသည်။ ထိမ်းမြားရာ၌ လူနှစ်ဦးကိုအမှန်တွဲဖက်ခြင်းအမှုမှာ နောင်လာမည့်နှစ်များ၏ အလုပ်ကိစ္စမျှသာဖြစ်သည်။

အသက်တာ၏ရှုပ်ထွေးခြင်း၊ စိုးရိမ်ပူပန်ခြင်းဝန်ထုပ်များကို လက်ထပ်ပြီးစဇနီးမောင်နှံတို့သည် တွေ့ကြုံရကြသောအခါ ထိမ်းမြားစုံဖက်ခြင်းနှင့်ဆိုင်သည့် စိတ်ကူးယဉ်ထားသောအကြောင်းအရာများသည် ပျောက်ကွယ်သွားကြ၏။ လင်နှင့်မယားသည် လက်မထပ်မီကသိဖို့ခက်သော အချင်းချင်း၏သဘောကို အသီးအသီးလေ့လာရကြ၏။ သူတို့၏ဗဟုသုတတွင် ဤ အချိန်သည် အရေးအကြီးဆုံးဖြစ်သည်။ နောင်တွင် မိမိတို့အသက်တာ တစ်ခုလုံး၏ ပျော်ရွှင်ရေး၊ အသုံးဝင်ရေးသည် ယခုသူတို့လိုက်လျှောက်သောလမ်း မှန်အပေါ်၌ အမှီပြုပေသည်။ မကြာခဏသူတို့သည် အသီးအသီးတွင် မမျှော်လင့်သောအားနည်းမှုနှင့်ချွတ်ယွင်းချက်များကို တွေ့မြင်ရကြ၏။ သို့ရာတွင် မေတ္တာကပူးပေါင်းပေးသော စိတ်နှလုံးတို့သည် ထိုအခါမှစ၍

မသိရှိရသေးသည့် အလွန်ကောင်းသောအရာတို့ကိုတွေ့ရှိလာကြ၏။ ချွတ်ယွင်းချက်များထက် အလွန်ကောင်းသောအချက်များကို ရှာကြံဖို့ကြိုးစားပါ။မကြာခဏကျွန်ုပ်တို့၏အခြေအနေ၊ ကျွန်ုပ်တို့ပတ်ဝန်းကျင်၏အခြေအနေ အားဖြင့် အခြားသူ၏အကြောင်းကို ကျွန်ုပ်တို့အားဖော်ပြလိမ့်မည်။

ချစ်ခြင်းမေတ္တာကိုဖော်ပြခြင်းသည် အားနည်းခြင်းအမှုဖြစ်သည်ဟု ထင်မှတ်ကြသောသူအများရှိ၍ သူတို့သည် တစ်စုံတစ်ခုကိုအမြဲချန်လှပ်ထားလျက် ၎င်းသည် အခြားသောအရာတို့ကိုငြင်းပယ်တွန်းလှန်လေ၏။ ဤသဘောမျိုးသည် ထောက်ထားညှာတာသောစိတ်မျိုးထွက်မလာစေရန်တားဆီး၏။ လိုက်လျော၍ရက်ရောတတ်သောစိတ်ဆန္ဒများကို နှိပ်ကွပ်ထားသောအခါ ၎င်းဆန္ဒများသည် ကုန်ခန်းသွား၍ စိတ်သည်ညှိုးငယ်လျက် ကြင်နာခြင်းကင်းမဲ့နေ၏။ ကျွန်ုပ်တို့သည် ဤအမှားကိုရှောင်ရမည်။ ဖော်ပြခြင်းမရှိဘဲ မေတ္တာသည် ကြာရှည်မတည်မနေနိုင်။ ကြင်နာခြင်း၊ ထောက်ထားညှာတာခြင်းကင်းမဲ့နေခြင်းကြောင့် သင်နှင့်ဆိုင်သောသူ၏စိတ်ထဲ၌ ချွတ်ယွင်းခြင်းမဖြစ်ပါစေနှင့်။

မေတ္တာကိုအတင်းအကျပ်တောင်းဆိုခြင်းမပြုဘဲ အချင်းချင်း၎င်းမေတ္တာကိုပေးကမ်းကြပါစေ။ သင်ကိုယ်တိုင်၌ရှိသောအမြတ်ဆုံးအရာတို့ကို ပြုပြင်ပေး၍ အချင်းချင်း၌ရှိသည့်ကောင်းသောအရည်အချင်းတို့ကို လျင်မြန်စွာနှစ်သက်သဘောကျကြောင်းသိမြင်ရခြင်းသည် အံ့ဩဖွယ်ကောင်းသောအားတက်ဖွယ်နှင့် စိတ်ကျေနပ်ဖွယ်ဖြစ်၏။ ကောင်းမြတ်သောအရာများအတွက် ကြိုးစားနေသူအဖို့ ထောက်ထားညှာတာလေးစားမှုကို ခွန်အားရှိစေ၏။ ၎င်းပြင် မေတ္တာပင်လျှင် သာ၍မြင့်မြတ်သောရည်ရွယ်ချက်ကိုရရှိစေဖို့ အားပေးထားသောအခါ ၎င်းသည်တိုးပွားလာ၏။

## အသက်နှစ်ချောင်းကိုပူးပေါင်းခြင်း

ခက်ခဲခြင်း၊ ရှုပ်ထွေးခြင်း၊ စိတ်အားလျော့ခြင်းအကြောင်းများဖြစ်ပေါ်လာသော်လည်း ခင်ပွန်းဖြစ်စေ၊ ဇနီးဖြစ်စေ မိမိတို့၏စုံဖက်ရေးသည် မှားသည်၊

စိတ်ပျက်ဖွယ်ကောင်းသည်ဟုမထင်အပ်ကြပေ။ အချင်းချင်းတတ်နိုင်သမျှ အရာခပ်သိမ်းတွင် အဆင်ပြေအောင်ပြုလုပ်ဖို့ စိတ်ဆုံးဖြတ်ကြပါ။ စောစောက ဂရုစိုက်ကြသည်အတိုင်း ဆက်လက်ဂရုစိုက်ကြပါ။ အသက်တာ၏စစ်ပွဲများ ကိုတိုက်လှန်ရာ၌ အချင်းချင်းတစ်ယောက်ကိုတစ်ယောက် အမျိုးမျိုးသောနည်း ဖြင့် အားပေးကြပါ။ အချင်းချင်းတို့၏ပျော်ရွှင်ရေးကို တိုးတက်အောင်လေ့လာ ကြပါ။ အချင်းချင်းချစ်ခြင်းမေတ္တာရှိကြပါစေ။ အချင်းချင်းသည်းခံကြပါစေ။ ထိုအခါ ထိမ်းမြားစုံဖက်ခြင်းသည် မေတ္တာ၏အဆုံးဖြစ်ရမည့်အစား မေတ္တာ ၏အစအဦးကဲ့သို့ဖြစ်လိမ့်မည်။ ထူးကဲစွာမှန်သောမိတ်ဆွေဖြစ်ခြင်း၊ စိတ်နှလုံး အသီးအသီးကိုချည်နှောင်ထားသောမေတ္တာသည် ကောင်းကင်ဝမ်းမြောက်ခြင်း ကို ကြိုတင်ဖော်ပြခြင်းဖြစ်သည်။

လူအားလုံးတို့သည် သည်းခံခြင်းတရားကိုလေ့ကျင့်ခြင်းဖြင့် သည်းခံ ခြင်းစိတ်ကိုပွားများစေရမည်။ ကြင်နာသနား၍ စိတ်ရှည်ခြင်းအားဖြင့် မှန်သော မေတ္တာသည် စိတ်အထဲ၌အမြဲတည်ရှိနေလိမ့်မည်။ ၎င်းပြင် ကောင်းကင်က နှစ်သက်သောအရည်အချင်းများသည် တိုးပွားလာလိမ့်မည်။

စိတ်ဝမ်းကွဲပြားသောအမှုများပေါ်လာသောအခါ စာတန်သည် အခွင့်အရေးယူရန်အသင့်ရှိလျက် ခင်ပွန်း (သို့မဟုတ်) ဇနီး၌မနှစ်သက်ဖွယ် မျိုးရိုးအကျင့်များကိုဖြစ်ပေါ်လာစေခြင်းဖြင့် ဘုရားသခင်ရှေ့တော်၌ ကတိ သစ္စာပြုခြင်းဖြင့် စုံဖက်လာကြသောသူတို့ကို စိတ်ဖောက်ပြန်စေလိမ့်မည်။ ထိမ်းမြားရာ၌သူတို့သည် တစ်လုံးတစ်ဝတည်းဖြစ်စေရန် ကတိသစ္စာပြုကြ သည်။ ဇနီးသည် ခင်ပွန်းကိုချစ်၍ သူ၏စကားကိုနားထောင်ရန်ကတိထား ၍ ခင်ပွန်းသည် ဇနီးကိုချစ်ခင်မြတ်နိုးရန် ကတိထား၏။ ဘုရားသခင်၏ ပညတ်တော်ကိုလိုက်နာလျှင် အိမ်ထောင်၌ ခိုက်ရန်ဖြစ်စေသောနတ်ဆိုးသည် မကပ်နိုင်။ ၎င်းပြင် သဘောကွဲလွဲခြင်းရှိမည်မဟုတ်၊
ချစ်ခြင်းမေတ္တာ၌ဖောက်ပြန် ဖို့လည်း အခွင့်ရမည်မဟုတ်။

ဝိညာဉ်ကယ်ဆယ်ရေးအမှုတွင် မိမိတို့၏အကျိုးစီးပွား၊ မိမိတို့၏ ထောက်ထားညှာတာမှု၊ မိမိတို့၏မေတ္တာနှင့် မိမိတို့၏အလုပ်၌ ပူးပေါင်း

ကြသောသူတို့၏ရာဇဝင်တွင် ဤအချိန်သည် အရေးကြီးသောအခါဖြစ်သည်။ ထိမ်းမြားစုံဖက်ရာ၌ အလွန်အရေးကြီးသောအဆင့်သို့ရောက်လာ၏။ အသက်နှစ်ချောင်းကိုတစ်လုံးတစ်ဝတည်းဖြစ်အောင် ပူးပေါင်းခြင်းတည်း။ ခင်ပွန်းနှင့်ဇနီးတို့သည် ဘုရားသခင်၏အလုပ်တွင် တစ်လုံးတစ်ဝတည်းသန့်ရှင်းခြင်းနှင့်တိုးတက်ဆောင်ရွက်နိုင်ရန် အတူတကွပူးပေါင်းရမည်မှာ ဘုရားသခင်၏အလိုတော်အတိုင်းဖြစ်ပေသည်။ သူတို့သည် ဤသို့ပြုလုပ်နိုင်ကြပါသည်။

ဤကဲ့သို့ထိမ်းမြားလက်ထပ်ပြုသောအိမ်ထောင်၌ ဘုရားသခင်၏ကောင်းချီးသည် ကောင်းကင်မှနေရောင်ခြည်အလင်းကဲ့သို့ဖြစ်၏။ အကြောင်းမူကား၊ လင်ယောကျာ်းနှင့်ဇနီးတို့သည် သခင်ယေရှုခရစ်၏အုပ်စိုးခြင်း၊ ကိုယ်တော့်ဝိညာဉ်တော်၏လမ်းပြခြင်းကိုရရှိလျက် သန့်ရှင်းသောချည်နှောင်ခြင်းဖြင့်ပူးပေါင်းမည်ဟု ထာဝရဘုရား၏အလိုတော်အတိုင်း စီမံထားပေသည်။

အိမ်ထောင်သည် မြေကြီးပေါ်၌အပျော်ရွှင်ဆုံးသောနေရာ၊ ကောင်းကင်ရှိအိမ်ထောင်၏ပုံပမာဖြစ်စေရန် ဘုရားသခင်သည် အလိုရှိတော်မူ၏။ အိမ်ထောင်၏စုံဖက်ခြင်းတာဝန်များကိုဆောင်ရွက်လျက် သခင်ယေရှုခရစ်နှင့်မိမိတို့၏အကျိုးစီးပွားများဆက်သွယ်စေလျက်၊ ကိုယ်တော်၏လက်ရုံးတော်နှင့်ကတိတော်ကိုမှီခိုလျက် ခင်ပွန်းနှင့်ဇနီးတို့သည် ဘုရားသခင်၏ကောင်းကင်တမန်များက နှစ်သက်ထောက်ခံသော ဤစုံဖက်ခြင်းတွင် ပျော်ရွှင်ခြင်းကိုအတူတကွ ဝေမျှခံစားနိုင်ကြသည်။

## သဘောကွဲလွဲခြင်းဖြစ်လာသောအခါ

ခင်ပွန်းနှင့်ဇနီးတို့သည် မိမိတို့၏စိတ်နှလုံးကို ဘုရားသခင်အားမပေးအပ်လျှင် မိမိတို့၏များပြားလှသောတာဝန်နှင့်စပ်ဆိုင်၍ သင့်လျော်မှန်ကန်သောဆုံးဖြတ်ချက်များကိုပြုလုပ်သော်လည်း အိမ်ထောင်နှင့်ဆိုင်သောအခက်အခဲများကို နေရာတကျဖြစ်အောင်စီမံဖို့ခဲယဉ်းပေသည်။ ခင်ပွန်းနှင့်ဇနီးတို့သည် မိမိတို့အိမ်ထောင်၏အကျိုးစီးပွားတို့ကိုကွဲပြားနေစေကြလျှင်

သူတို့အချင်းချင်းသည် ချစ်ခြင်းမေတ္တာ၌မည်ကဲ့သို့တည်မြဲနေနိုင်ကြမည်နည်း။ သူတို့သည် မိမိတို့၏အိမ်ထောင်နှင့်စပ်ဆိုင်သောအရာများတွင် စိတ်သဘောချင်းညီညွတ်ကြရမည်။ ၎င်းသည် ခရစ်ယာန်ဖြစ်လျှင် မိမိ၏ခင်ပွန်းအား မိမိကိစ္စများတွင် မိမိ၏အဖော်ကဲ့သို့သဘောထားရမည်။ အကြောင်းကား၊ ခင်ပွန်းသည် အိမ်ထောင်၏ဦးခေါင်းကဲ့သို့ဖြစ်ရမည်။

သင်သည် အခြေအနေတစ်ခုကိုစဉ်းစားဆင်ခြင်သောအခါ သင်သည် အမှုကိစ္စကိုကောင်းစွာချင့်ချိန်ဝေဖန်ခြင်းမပြု၊ သင်၏ထင်မြင်ချက်ကိုသာစွဲလမ်းနေခြင်းဖြင့် မည်ကဲ့သို့ဖြစ်မည်ကိုမဆင်ခြင်ဘဲ သင့်ဇနီး၏ထင်မြင်ချက်သည် သင်နှင့်မတူသည်ကိုသိရှိလျက် အခြားသူကိုအားမကိုးသောလက္ခာနှင့် သင်၏ထင်မြင်ချက်တို့ကို သင်၏ဆုတောင်းချက်များနှင့်ပြောဆိုချက်များတွင် ဖော်ပြနေသောအခါ သင်၏သဘောသည်မှားနေ၏။ သင့်ဇနီး၏ထင်မြင်ချက်တို့ကိုဂရုမစိုက်၊ လူကြီးလူကောင်းများကဲ့သို့ သင်နှင့်သဘောကွဲလွဲနေသည်ဟုသိရသော ထိုအချက်များကိုမပယ်ရှားဘဲနေလျက် မနှစ်သက်ဖွယ်သောအချက်များအပေါ်၌ သင်သည် ဆက်လက်စွဲလမ်းနေ၍ သင့်ပတ်လည်၌ရှိလူများကိုအမှုမထားဘဲ သင်၏ထင်မြင်ချက်တို့ကို ခိုင်မာစွာဆက်လက်ဖော်ပြနေလျှင် သင်၏သဘောသည် မှားယွင်းနေ၏။ အခြားသူတို့သည် သင့်ကိုယ်တိုင်နှင့်သဘောကွဲလွဲလျက် အမှုအရာတို့ကိုထင်မြင်ဖို့အခွင့်မရှိဟု သင်သည်ထင်မှတ်ခဲ့ပြီ။ ဤအသီးများသည် ခရစ်ယာန်သစ်ပင်ပေါ်၌မသီးချေ။

ကျွန်ုပ်၏မောင်၊ ညီမများတို့၊ သခင်ယေရှုကိုလက်ခံရန် သင်တို့၏စိတ်နှလုံးကိုဖွင့်ထားကြပါ။ ဝိညာဉ်ဗိမာန်တော်ထဲသို့ ကိုယ်တော်ကိုဖိတ်ခေါ်ပါ။ လူအပေါင်းတို့၏အိမ်ထောင်အသက်တာတွင် ဝင်ရောက်လာသောအခက်အခဲများကိုအောင်မြင်ရန် အချင်းချင်းကူညီကြပါ။ သင်၏ရန်သူနတ်ဆိုးအားအောင်မြင်ရန် သင်သည် ပြင်းထန်သောတိုက်ပွဲကိုတိုက်ရလိမ့်မည်။ ဤစစ်ပွဲ၌ဘုရားသခင်သည် သင့်ကိုကူညီစေဖို့မျှော်လင့်လျှင် "သခင်၊ ကျွန်ုပ်ဝိညာဉ်၏ရန်သူကိုဆုံးမတော်မူပါ" ဟု သင်သည် ဒူးထောက်၍ကြွေးကြော်ရ

သော်လည်း အောင်မြင်၍ မှားယွင်းသောစကားကိုမပြောဘဲ နှုတ်ကိုပိတ်ထား နိုင်ရန် သင်တို့နှစ်ဦးသည် ပူးပေါင်းလျက်ဆုံးဖြတ်ရမည်။

ဘုရားသခင်၏အလိုတော်သည် ပြည့်စုံလျှင် ခင်ပွန်းနှင့်ဇနီးတို့သည် အချင်းချင်းဂရုစိုက်လျက် မေတ္တာနှင့်ယုံကြည်အားထားမှုကို ပွားများစေလိမ့်မည်။ အိမ်ထောင်၏ငြိမ်သက်ခြင်းနှင့်စည်းလုံးခြင်းကို ပျက်စီးစေသောအရာ ရှိသမျှသည် နှိပ်ကွပ်၍ ကြင်နာခြင်းနှင့်ချစ်ခြင်းမေတ္တာကို မွေးမြူပွားများစေရမည်။ နူးညံ့သိမ်မွေ့ခြင်း၊ စိတ်ရှည်ခြင်းနှင့်ချစ်ခြင်းမေတ္တာသဘောတို့ကို ထင်ရှားစေသော သူ၏အပေါ်သို့ ထိုသဘောမျိုးတို့ကို ပြန်၍ထင်ရှားစေလိမ့်မည်။ ဘုရားသခင်၏ဝိညာဉ်တော်သည် တည်ရှိအုပ်စိုးနေသောအခါ အိမ်ထောင်မှုရေးကိစ္စတွင် မသင့်လျော်သောအရာဟူ၍ ပြောဆိုနေဖို့လိုတော့မည်မဟုတ်။ ဘုန်းတော်၏ မျှော်လင့်ခြင်းတည်းဟူသော သခင်ခရစ်တော်သည် ဧကန်အမှန်ပင် အတွင်း၌တည်ရှိနေလျှင် အိမ်ထောင်၌ စည်းလုံးခြင်းနှင့်ချစ်ခြင်းမေတ္တာရှိလိမ့်မည်။ စိတ်နှလုံးထဲ၌ သခင်ခရစ်တော်တည်ရှိနေသောခင်ပွန်းနှင့် သဘာချင်းညီညွတ်လိမ့်မည်။ ကိုယ်တော်ချစ်သောသူတို့အတွက် သခင်ခရစ်တော်သည် သွား၍ ပြင်ဆင်နေတော်မူသောအခန်းများအတွက် အတူတကွကြိုးစားကြလိမ့်မည်။

ထိမ်းမြားစုံဖက်ခြင်းအမှုကို ဘုရားသခင်စီမံထား၍ သန့်ရှင်းသော တရားအားဖြင့် ကာကွယ်ထားတော်မူသော မင်္ဂလာကိစ္စတစ်ခုကဲ့သို့ သဘောထားသောသူတို့သည် ဆင်ခြင်တုံတရား၏အုပ်စိုးခြင်းကို ခံယူလိုက်လျှောက်ကြလိမ့်မည်။

အိမ်ထောင်သက်တွင် တစ်ခါတစ်ရံယောကျ်ားနှင့်မိန်းမများတို့သည် စည်းကမ်းမရှိ၊ လမ်းလွဲသောသားသမီးများကဲ့သို့ ပြုမူတတ်ကြသည်။ ခင်ပွန်းသည် မိမိသဘောအတိုင်းပြုလို၏။ ဇနီးသည်လည်း မိမိသဘောအတိုင်း ပြုလို၏။ မည်သူမျှလက်မလျှော့လိုကြ။ ဤကဲ့သို့သောအခြေအနေမျိုးသည် ကြီးစွာစိတ်ဆင်းရဲခြင်းကိုဖြစ်စေတတ်သည်။ ခင်ပွန်းနှင့်ဇနီးနှစ်ဦးသည် တစ်ယောက်သဘောကိုတစ်ယောက်ကလိုက်လျောသင့်ပေသည်။ သူတို့သည် မိမိတို့၏သဘောအတိုင်း ဆက်လက်ပြုလုပ်နေကြသမျှကာလပတ်လုံး ပျော်ရွှင်ခြင်းကိုမဖြစ်စေပါ။[၂]

အချင်းချင်းသည်းခံခြင်း၊ ချစ်ခြင်းမရှိကြလျှင် မည်သည့်လောကီ တန်ခိုးမျှသင်နှင့်သင်၏ခင်ပွန်းတို့ကို ခရစ်ယာန်စည်းလုံးခြင်း၌ တည်မြဲစေ ခြင်းငှာ မပြုလုပ်နိုင်။ သင်တို့သည် ဘုရားသခင်အလိုရှိတော်မူသည်အတိုင်း တစ်ဦးအပေါ်တစ်ဦးချစ်နိုင်ကြမည်အကြောင်း၊ အိမ်ထောင်ပြုရာတွင် အချင်းချင်း ရင်းနှီးစွာဆက်ဆံလျက် တစ်ဦးအပေါ်တစ်ဦး ကြင်နာထောက်ထား၍ ပေါင်းဖက် ခြင်းအမှုတွင် သန့်ရှင်းမြင့်မြတ်ပြီးလျှင် သင်တို့အသက်တာထဲသို့ ဝိညာဉ် တန်ခိုးသက်ရောက်လာစေရမည်။ ထာဝရဘုရားသခင်က ရောက်ရှိစေလိုသော အခြေအနေသို့ သင်တို့သည်ရောက်ရှိလာကြသောအခါ သင်တို့သည် မြေကြီး ပေါ်၌ကောင်းကင်ကိုလည်းကောင်း၊ သင်တို့၏အသက်တာ၌ ဘုရားသခင်ကို လည်းကောင်း တွေ့ရှိကြလိမ့်မည်။

ကျွန်ုပ်၏မောင်၊ ညီမများတို့၊ ဘုရားသခင်သည် ချစ်ခြင်းမေတ္တာ ဖြစ်တော်မူသည်ကိုလည်းကောင်း၊ ဘုရားသခင်၏ကျေးဇူးတော်အားဖြင့် ထိမ်းမြား မင်္ဂလာ၌ ကတိထားခဲ့သည့်အတိုင်း သင်တို့သည် အချင်းချင်း ကိုပျော်ရွှင် စေခြင်းငှာ ပြုလုပ်နိုင်ကြမည်ကိုလည်းကောင်း သတိရကြပါ။[၃]

သခင်ခရစ်တော်၏ကျေးဇူးတော်အားဖြင့် သင့်ကိုယ်ကိုလည်းကောင်း၊ ကိုယ်ကျိုးရှာတတ်သောသဘောကိုလည်းကောင်း အောင်မြင်နိုင်သည်။ သင်သည် ကိုယ်တော်၏အသက်တာမျိုး၌ အသက်ရှင်လျက်ခြေလှမ်းတိုင်း၌ ကိုယ်ကိုငြင်းပယ်ခြင်းသဘောကိုပြ၍ အကူအညီလိုသောသူတို့အား များစွာ ထောက်ထားညှာတာခြင်းသဘောကို ထင်ရှားစေကြသောအခါ သင်သည် တစ်ခုပြီးတစ်ခုအောင်မြင်ခြင်းကိုရရှိလိမ့်မည်။ သင့်ကိုယ်ကိုမည်ကဲ့သို့အောင်မြင် ၍ သင်၏အကျင့်တွင် အားနည်းသောအချက်တို့ကို မည်ကဲ့သို့ခိုင်ခံ့လာစေ ရမည်ကို သင်သည် တစ်နေ့ပြီးတစ်နေ့ သာ၍သိရှိနားလည်လာလိမ့်မည်။ သခင်ယေရှု၏အလိုတော်သို့ သင်၏အလိုကိုအပ်နှင်းသောကြောင့် သခင်ယေရှု သည် သင်၏အလင်း၊ သင်၏ခွန်အား၊ သင်၏ဝမ်းမြောက်ခြင်းသရဖူဖြစ် လာလိမ့်မည်။[၄]

(1) AH, 101-107; (2) AH, 118-121; (3) AH, 112; (4) 7T, 49.

---0---

# အခန်း (၃၁)
# ခင်ပွန်းနှင့်ဇနီးတို့၏ဆက်သွယ်ခြင်း

ထိမ်းမြားစုံဖက်ခြင်းအမှုကို ဘုရားသခင်စီမံထား၍ သန့်ရှင်းသော တရားအားဖြင့် ကာကွယ်ထားတော်မူသော မင်္ဂလာကိစ္စတစ်ခုကဲ့သို့ သဘော ထားသောသူတို့သည် ဆင်ခြင်တုံတရား၏အုပ်စိုးခြင်းကိုခံယူ လိုက်လျှောက် ကြလိမ့်မည်။

သခင်ယေရှုက မည်သည့်လူမျိုးကိုမျှအိမ်ထောင်ဖက်မပြုရဟု အတင်း အကျပ်ပညတ်ထားတော်မမူ။ သန့်ရှင်းသောအိမ်ထောင်ပြုခြင်းကိစ္စကိုဖျက်ဆီး ရန် ကိုယ်တော်သည် ကြွလာတော်မူသည်မဟုတ်ဘဲ ၎င်းကိုချီးမြှောက်အားပေး ၍ မူလသန့်ရှင်းခြင်းအခြေအနေ၌ ပြန်၍တည်ရှိနေစေရန် ကြွလာတော်မူ၏။ သန့်ရှင်း၍ကိုယ်ကျိုးမရှာသော မေတ္တာတည်ရှိနေသောအိမ်ထောင်မှုကိစ္စကို ကိုယ်တော်သည် နှစ်သက်ခြင်းနှင့်ကြည့်ရှုတော်မူ၏။

## ထိမ်းမြားခြင်းအမှုသည်တရားနှင့်ညီလျက်သန့်ရှင်း၏

စားသောက်လျက်၊ ထိမ်းမြားစုံဖက်လျက်နေခြင်းအမှုသက်သက်၌ အပြစ်မရှိ၊ တရားနှင့်ညီသောအမှုကို သင့်လျော်စွာပြုမှု၍ အပြစ်ဖြစ်စေရန် လွန်ကျူးစွာမပြုလျှင် နောဧလက်ထက်၌ ထိမ်းမြားစုံဖက်ခြင်းသည် တရား နှင့်ညီ၏။ ၎င်းပြင် ယခုလည်းထိမ်းမြားစုံဖက်ခြင်းသည် တရားနှင့်ညီ၏။ သို့ရာတွင် နောဧလက်ထက်၌ ဘုရားသခင်ကိုမတိုင်ပင်၊ ဘုရားသခင်၏ လမ်းပြခြင်း၊ အကြံပေးခြင်းကိုမခံမယူဘဲ လူများတို့သည် ထိမ်းမြားစုံဖက် ခဲ့ကြ၏။

အသက်တာနှင့်ဆိုင်သောအကြောင်းအရာအပေါင်းသည် ကြာရှည် မတည်ခြင်းအကြောင်းသည် ကျွန်ုပ်တို့ပြုမူပြောဆိုသမျှတို့ကို ပြောင်းလဲပြင်ဆင် ပေးတတ်သောအစွမ်းကိုဖြစ်စေ၏။ နောဧလက်ထက်၌ သင့်လျော်စွာအသုံး

ပြုလျှင် တရားနှင့်ညီသောအရာကို အလွန်အမင်းအလွဲနှစ်သက်ကြခြင်းကြောင့် ထိမ်းမြားစုံဖက်ခြင်းသည် ဘုရားသခင်ရှေ့တော်၌အပြစ်သင့်၏။ လောကတွင် ဤခေတ်၌ထိမ်းမြားစုံဖက်ခြင်း၊ ၎င်းစုံဖက်ခြင်းနှင့်သက်ဆိုင်သောအရာတို့၌သာ စိတ်စွဲလမ်းနေကြခြင်းဖြင့် မိမိတို့၏ဝိညာဉ်များကို ဆုံးရှုံးနေသောသူများစွာ ရှိကြသည်။

ထိမ်းမြားစုံဖက်ခြင်းအမှုသည် သန့်ရှင်း၏။ သို့ရာတွင် ဤယုတ်ညံ့သောခေတ်၌ ၎င်းအမှုတွင် ဆိုးယုတ်ခြင်းအမျိုးမျိုးနှင့်ပြည့်ဝလျက်ရှိ၏။ ၎င်းကိုမသင့်မလျော်သောနည်းဖြင့် အသုံးပြုကြသဖြင့် ရေလွှမ်းမမိုးမီ လက်ထက်က ထိမ်းမြားစုံဖက်ခြင်းအမှုသည် အပြစ်ဒုစရိုက်ဖြစ်ခဲ့သည်နည်းတူ ယခုနောက်ဆုံးနေ့၏နိမိတ်လက္ခဏာတစ်ခုဖြစ်သော အပြစ်ဖြစ်လာလေပြီ။ ထိမ်းမြားစုံဖက်ခြင်း၏သန့်ရှင်းသောသဘောနှင့် ၎င်း၏စည်းကမ်းများကို နားလည်သောအခါ ၎င်းကိုယခုလည်း ကောင်းကင်ကနှစ်သက်ထောက်ခံ လိမ့်မည်။ ၎င်းပြင် နှစ်ဦးနှစ်ဖက်ပျော်ရွှင်ခြင်းအကျိုးကိုခံစားရ၍ ဘုရားသခင် ၏ဘုန်းတော်ကိုထင်ရှားစေလိမ့်မည်။

## ထိမ်းမြားစုံဖက်ခြင်း၏အခွင့်အရေးများ

ခရစ်ယာန်ဟုခေါ်နေသောသူတို့သည် ထိမ်းမြားစုံဖက်ခြင်းနှင့်ဆိုင် သော အခွင့်အရေးတိုင်း၏အကျိုးအပြစ်များကို နေရာတကျဆင်ခြင်စဉ်းစား ရကြမည်။ ၎င်းပြင် အပြုအမူတိုင်းကို သန့်ရှင်းသောအခြေခံတရားများပေါ်၌ အခြေပြုရမည်။ အများသောအမှုကိစ္စတို့၌ မိဘတို့သည် ထိမ်းမြားစုံဖက်ခြင်းနှင့် ဆိုင်သော မိမိတို့၏အခွင့်အရေးများကို ယုတ်ညံ့စွာအသုံးပြုခဲ့ကြ၍ မိမိတို့၏ အလိုသို့လိုက်ခြင်းအားဖြင့် မိမိတို့၏တိရစ္ဆာန်ကဲ့သို့သောရမ္မက်ကို အားပေး ကြလေပြီ။

(အခြားသောအခါများ၌ မမဝိုက်က "အိမ်ထောင်ကိစ္စ၏လျှို့ဝှက်ရာ နှင့်အခွင့်အရေးများ" ဟုဖော်ပြထားသည်။)

တရားနှင့်ညီသောအမှုကို အလွန်အကြူးပြုကျင့်ခြင်းဖြင့် ပြင်းထန်သောအပြစ်ကိုဖြစ်စေ၏။

အိမ်ထောင်သက်တွင် အများသောမိဘတို့သည် ရရှိထိုက်သောဗဟုသုတကိုမရကြချေ။ စာတန်သည် အခွင့်အရေးယူလျက် သူတို့၏စိတ်နှင့်အသက်တာကို မအုပ်စိုးစေခြင်းငှာ သူတို့သည် ကာကွယ်ထားခြင်း မရှိကြ။ မိမိတို့၏အိမ်ထောင်သက်တွင် အလွန်အကြူးကိစ္စများကို ချုပ်ချယ် ထားစေရန် ဘုရားသခင်သည် အလိုရှိတော်မူသည်ကို သူတို့သည် မသိမမြင် ကြချေ။ မိမိတို့၏ရမ္မက်ကိုချုပ်တည်းခြင်းသည် ဘာသာရေးနှင့် ဆိုင်သောတာဝန်ဖြစ်သည်ကို အနည်းငယ်မျှလောက်သာသိရှိကြသည်။ သူတို့သည် မိမိတို့သဘောအတိုင်း ရည်ရွယ်ချက်များရှိလျက် ထိမ်းမြား စုံဖက်ကြ၏။ ထို့ကြောင့် ထိမ်းမြားစုံဖက်ခြင်းသည် သာ၍ယုတ်ညံ့သော ရမ္မက်လိုက်စားခြင်းအမှုကို သန့်စင်စေသည်ဟု သူတို့ကဆင်ခြေပေးကြသည်။ ဘုရားတရားကြည်ညိုသည်ဟု ဆိုသောယောကျ်ား၊ မိန်းမများပင်လျှင် တပ်မက် သောစိတ်၏အလိုသို့လိုက်လျောကြလျက် အသက်ရှင်စေသောခွန်အားကို ဖြုန်းတီးခြင်းအတွက် ဘုရားသခင်အားထုချေရှင်းလင်းရမည်ကို သူတို့သည် စဉ်းစားခြင်းမရှိကြ။ ထိုသို့ခွန်အားကိုဖြုန်းတီးခြင်းသည် အသက်တိုစေလျက် ကိုယ်ခန္ဓာတစ်ခုလုံးကို အားနည်းစေတတ်သည်။

## ကိုယ်ကိုငြင်းပယ်ခြင်းနှင့်ချုပ်တည်းခြင်းကိုလေ့ကျင့်ခြင်း

မိမိတို့၏ဖန်ဆင်းရှင်အား စုံလင်စွာဝတ်ပြုကိုးကွယ်ခြင်းငှာ၊ စိတ်နှင့် ကာယအင်္ဂါစတို့ကို အကောင်းဆုံးအခြေအနေ၌ထိန်းသိမ်းထားဖို့ ဘုရားသခင်အားပြုအပ်သောမိမိတို့တာဝန်ကို လူအပေါင်းသိရှိနားလည်စေရန် ကျွန်ုပ်မည်မျှအလိုရှိသနည်း။ မိမိ၏ခင်ပွန်း၌ တိရစ္ဆာန်၏ရမ္မက်မျိုးထကြွလာခြင်း မရှိစေရန် ခရစ်ယာန်ဇနီးသည် အပြောအဆို၊ အပြုအမူအားဖြင့်တားဆီးပါစေ။ အများသောသူတို့သည် ဤဘက်၌ဖြုန်းတီးရန်ခွန်အားမရှိ။ ပျိုရွယ်စဉ်အခါ

မှစ၍ သူတို့သည် ဦးနှောက်ကိုအားနည်းစေလျက် တိရစ္ဆာန်ရမ္မက်ကို လိုက်လျောခြင်းဖြင့် ကိုယ်ခန္ဓာကိုတဖြည်းဖြည်းပြိုပျက်စေခဲ့ကြလေပြီ။ သူတို့၏အိမ်ထောင်သက်တွင် ကိုယ်ကိုငြင်းပယ်၍ အပျော်အပါးချုပ်တည်းခြင်းကို အထူးသတိပြုစောင့်ရှောက်ရမည်။

ကျွန်ုပ်တို့သည် လူသတ္တဝါတို့အတွက်အကျိုးရှိ၍ ဘုရားသခင်အား စုံလင်စွာဝတ်ပြုကိုးကွယ်နိုင်မည်အကြောင်း စိတ်သဘောကိုဖြူစင်သန့်ရှင်းစေလျက် ကိုယ်ကာယကိုကျန်းမာစွာထားရှိစေရန် ကျွန်ုပ်တို့၌ ဘုရားသခင်အားပြုရန်အရေးကြီးသောတာဝန်များရှိသည်။ တမန်တော်က ဤကဲ့သို့သတိပေးစကားများပြောထားပါသည်။ "ထိုကြောင့်၊ သင်တို့၏သေတတ်သောကိုယ်ခန္ဓာ၏တပ်မက်ခြင်းအလိုသို့လိုက်ရသည်တိုင်အောင် အပြစ်တရားသည် ထိုကိုယ်ခန္ဓာ၌အစိုးမရစေနှင့်။" "ပွဲ၌ပြိုင်၍အချင်းချင်းတိုက်သောသူမည်သည်ကား၊ အရာရာ၌တပ်မက်ခြင်းကိုချုပ်တည်းတတ်၏" ဟုပြောဆိုလျက် သူက ကျွန်ုပ်တို့အား ဆက်လက်တိုက်တွန်းပြန်၏။ မိမိတို့ကိုယ်ကိုခရစ်ယာန်ဟုခေါ်နေသောသူတို့အား မိမိတို့ကိုယ်ခန္ဓာကို "အသက်ရှင်ခြင်းလက္ခဏာ၊ သန့်ရှင်း ခြင်းလက္ခဏာ၊ ဘုရားသခင်နှစ်သက်ဖွယ်သောလက္ခဏာနှင့်ပြည့်စုံသောယဇ်" အဖြစ်ဆက်ကပ်ရန် သူကဆုံးမဩဝါဒပေးပါသည်။ သူက၊ "သူတစ်ပါးကို ဆုံးမပြီးမှ ကိုယ်တိုင်ရှုံးသောသူမဖြစ်ရမည်အကြောင်း ကိုယ်ကိုထိုး၍နှိပ်စက် လေ့ရှိ၏" ဟုဆို၏။

မိမိ၏ဇနီးကိုကာမဂုဏ်ဖျော်ဖြေဖို့ရန် သူ့အားနှိုးဆော်သော မေတ္တာသည် ဖြူစင်သောမေတ္တာမဟုတ်။ ၎င်းသည် ကိုယ်အလိုဆန္ဒကို တောင့်တနေသောတိရစ္ဆာန်၏တပ်မက်ခြင်းစိတ်ဖြစ်သည်။ တမန်တော်က သီးခြားဖော်ပြသောနည်းဖြင့် မိမိ၏မေတ္တာကိုဖော်ပြသောသူမည်မျှနည်းသနည်း။ "ခရစ်တော်သည် အသင်းတော်ကိုချစ်တော်မူသကဲ့သို့ သင်တို့လည်း ကိုယ် ခင်ပွန်းကိုချစ်ကြလော့။ ထိုအသင်းတော်သည်သန့်ရှင်းလျက်၊ အပြစ်ကင်း လျက်ရှိသည်ဖြစ်၍ ......အသင်းတော်ကိုခရစ်တော်သည် (မညစ်ညူးစေဘဲ) စင်ကြယ်သန့်ရှင်းစေမည်အကြောင်း ထိုအသင်းတော်အဖို့အလိုငှာ ကိုယ်ကို

စွန့်တော်မူ၏။" အိမ်ထောင်ဖက်ပြုခြင်းတွင် ဘုရားသခင်က သန့်ရှင်းသည် ဟုအသိအမှတ်ပြုတော်မူသော ဤမေတ္တာမျိုးဖြစ်သည်။ မေတ္တာသည် ဖြူစင်သန့်ရှင်းသောအခြေခံတရားဖြစ်၏။ ကာမဂုဏ်တပ်မက်ခြင်းကား၊ ချုပ်တည်းခြင်းကိုအခွင့်ပေးမည်မဟုတ်။ ၎င်းပြင် ဆင်ခြင်တုံတရားအားဖြင့် စီမံအုပ်စိုးခြင်းရှိမည်မဟုတ်။ ၎င်းသည် ဖြစ်ပျက်သောအကြောင်းအရာကို မမြင်။ အကြောင်းရင်းမှအကျိုးအပြစ်တိုင်အောင် ၎င်းသည် ဆင်ခြင်စဉ်းစား ခြင်းရှိမည်မဟုတ်။

## ကိုယ်ကိုချုပ်တည်းခြင်းစိတ်ကိုအားနည်းစေရန် စာတန်သည်ကြိုးစားခြင်း

သာ၍ယုတ်ညံ့သောတပ်မက်ခြင်းသဘောများသည် တိုးပွားနေစဉ် အခါအကျင့်တန်ခိုးများသည် တဖြည်းဖြည်းအားနည်းလာကြသဖြင့် သူတို့၏ဝိညာဉ်တိုးပွားရေးအတွက် မိမိသည် စိုးရိမ်ဖို့မလိုကြောင်းကို စာတန် သည်သိရှိသောကြောင့် အိမ်ထောင်ဖက်ပြုကြသော သူတို့၏ကိုယ်ကိုချုပ်တည်း ခြင်းသဘောကို အားနည်းစေ၍ ဖြူစင်သောသဘောကို ယုတ်လျော့သွားစေရန် စာတန်သည်ကြိုးစား၏။ သူတို့၏သားသမီးများတွင် မိမိ၏မုန်းစရာကောင်း သောပုံသဏ္ဌာန်ကို အခြားသောနည်းအားဖြင့် သာ၍ကောင်းစွာမဖြစ်စေနိုင် ကြောင်းကိုလည်း ကောင်း၊ ထိုသို့အားဖြင့် မိဘတို့၏အကျင့်ထက် သူတို့၏ အကျင့်ကို သာ၍လွယ်ကူစွာပြုပြင်ပေးနိုင်ကြောင်းကိုလည်းကောင်း သူသည် သိရှိရသေး၏။

ယောကျာ်းနှင့်မိန်းမများတို့၊ တပ်မက်ခြင်း၊ ၎င်း၏အလိုသို့လိုက်ခြင်း၏အကျိုးအပြစ်သည် အဘယ်အရာဖြစ်သည်ကို သင်တို့သည် တစ်နေ့၌ သိနားလည်လာကြလိမ့်မည်။ ယုတ်ညံ့သောတပ်မက်ခြင်းကို အခြားနေရာ၌ တွေ့ရှိသည်နည်းတူ အိမ်ထောင်ပြုခြင်း၌လည်း တွေ့ရှိရသည်။

ယုတ်ညံ့သောတပ်မက်ခြင်းအမှုတို့ကို လိုက်လျောခြင်းအကျိုးအပြစ်ကား၊ အဘယ်အရာဖြစ်သနည်း။ ဘုရားသခင်၏ကောင်းကင်တမန်များ ကြီးကြပ်အုပ်ချုပ်ရသောအိပ်ခန်းသည် မသန့်ရှင်းသောအကျင့်များအားဖြင့် ညစ်ညူးလာ၏။ ၎င်းပြင် ရုက်စရာကောင်းသောတိရစ္ဆာန်သဘောသည် ကြီးစိုးနေသောကြောင့် ကိုယ်ကာယများသည် ပျက်စီးလာကြ၏။ စက်ဆုပ်ဖွယ်ကောင်းသောအကျင့်များသည် စက်ဆုပ်ဖွယ်ရောဂါများကိုဖြစ်စေ၏။ ကောင်းချီးမင်္ဂလာကဲ့သို့ဖြစ်စေဖို့ ဘုရားသခင်ပေးတော်မူသောအရာသည် ကျိန်ခြင်းဖြစ်လာ၏။

အလွန်အကြူးဖိုမဆက်ဆံခြင်းသည် ဘုရားဝတ်ပြုကိုးကွယ်ခြင်းကို နှစ်သက်သောသဘောကို အကယ်ပင်ပျက်စီးစေ၍ ဦးနှောက်ထဲမှကိုယ်ကာယကိုအားဖြစ်စေဖို့ လိုသောအရာဝတ္ထုတို့ကိုပယ်ရှားသဖြင့် အင်အားကိုအသေအချာကုန်ခန်းသွားစေလိမ့်မည်။ ဤကဲ့သို့ကိုယ်ကိုပျက်စီးစေသောအလုပ်တွင် အဘယ်မိန်းမမျှ မိမိ၏ခင်ပွန်းကိုအားပေးခြင်းမပြုအပ်။ သူမသည် အလင်းတရားကိုရရှိ၍ သူ့ကိုအမှန်ချစ်ခင်လျှင် ထိုသို့ပြုမည်မဟုတ်။

တိရစ္ဆာန်၏တပ်မက်ခြင်းမျိုးကို သာ၍လိုက်စားလေလေ၊ ထိုသဘောမျိုးသည် သာ၍ခိုင်ခံ့လာလျက် ထိုသို့သောအကျင့်ကိုလိုက်စားဖို့ရန် သာ၍စိတ်ပြင်းထန်လေလေဖြစ်၏။ ဘုရားသခင်ကိုကြောက်ရွံ့သောယောကျ်ားနှင့်မိန်းမတို့သည် မိမိတို့၏တာဝန်ကိုလိုက်နာဖို့ရန် နိုးကြားကြပါစေ။ ခရစ်ယာန်ဟုခေါ်နေသောသူအများတို့သည် ဤအမှု၌ချုပ်တည်းခြင်းမရှိကြသောကြောင့် အာရုံကြောနှင့်ဦးနှောက်ကြောများ သေခြင်းဝေဒနာကို ခံစားနေရကြသည်။

## ခင်ပွန်းတို့သည်ဆင်ခြင်အပ်ခြင်း

ခင်ပွန်းတို့သည် သတိရှိ၊ ဂရုစိုက်၊ မြဲမြံ၊ သစ္စာရှိလျက် သနားတတ်ရကြမည်။ သူတို့သည်မေတ္တာနှင့်ထောက်ထားစာနာခြင်းသဘောကို ပြရကြမည်။ သူတို့သည် သခင်ခရစ်တော်၏စကားများကို ပြည့်စုံစေကြလျှင်

သူတို့၏မေတ္တာသည် ယုတ်ညံ့လျက် လောကနှင့်ဆိုင်၍ အပျော်အပါးနှင့် ဆိုင်သောသဘောများရှိလိမ့်မည်မဟုတ်။ ထိုသဘောများသည် မိမိတို့ ကိုယ်ခန္ဓာကိုပျက်စီးစေလျက် ဇနီးတို့ကိုအားနည်းစေ၍ ရောဂါရစေလိမ့်မည်။ မိမိတို့၏ဇနီးများသည် အရာခပ်သိမ်းတွင် ယောကျ်ားတို့၏အလိုသို့လိုက်ရ မည်ဟု ဇနီးတို့ကပြောဆိုလျက် သူတို့သည် ယုတ်ညံ့သောတပ်မက်ခြင်းအလို သို့လိုက်နေကြမည်မဟုတ်။ မှန်သောခရစ်ယာန်တိုင်း၌ ပြည့်စုံအပ်သည့် မြင့်မြတ်သောအကျင့်၊ ဖြူစင်သောစိတ်နှလုံး၊ မြင့်မြတ်သောစိတ်သဘောတို့နှင့် ခင်ပွန်းသည်ပြည့်စုံသောအခါ အိမ်ထောင်ဖက်ပြုခြင်းအမှုတွင် ၎င်းသဘော များကိုထင်ရှားစေလိမ့်မည်။ သူ၌သခင်ခရစ်တော်၏သဘောမျိုးရှိလျှင် သူသည် မိမိကိုယ်ခန္ဓာကိုဖျက်ဆီးသောသူဖြစ်လိမ့်မည်မဟုတ်။ နူးညံ့သောမေတ္တာနှင့် ပြည့်စုံလျက် သခင်ခရစ်တော်၌ရှိသော အမြတ်ဆုံးစံနမူနာကို မီအောင်လိုက် ဖို့ကြိုးစားလိမ့်မည်။

ဇနီးသည် ခင်ပွန်း၏ကျွန်ဖြစ်လာရန် သည်းခံခြင်းနှင့်အလိုလိုက် လျက် သူ၏ဆိုးသွမ်းသောတပ်မက်ခြင်းကို လိုက်လျောသောအခါ မည်သည့် ယောကျ်ားမျှ မိမိ၏ဇနီးကိုမှန်ကန်စွာမချစ်နိုင်။ သူမသည် ထိုသို့အလိုလိုက် ခြင်းဖြင့် တစ်ခါက သူ၏မျက်စိထဲ၌ရှိခဲ့သောသူမ၏တန်ဖိုးသည် ဆုံးရှုံး သွား၏။ သူမအားဖြင့် မြင့်မြတ်သောအခြေအနေရှိသမျှမှ အောက်ကျသော နေရာသို့ရောက်အောင် ဆွဲချခြင်းခံရသည်ကို သူသည်မြင်ရ၍ မိမိပြုသကဲ့သို့ အခြားသူ၏ရှုတ်ချခြင်းကို သူမသည် အလွယ်တကူလိုက်လျောလိမ့်မည်ဟု မကြာမီသူသည် ယုံမှားခြင်းရှိလာ၏။ သူသည် သူမ၏မြဲမြံခြင်းနှင့်ဖြူစင် ခြင်းကိုယုံမှားလာ၍ သူမကိုငြီးငွေ့လာသဖြင့် သူ၏အလွန်ဆိုးသွမ်းသော တပ်မက်ခြင်းစိတ်ကို ထကြွပြင်းထန်လာစေရန် အသစ်သောအရာတို့ကိုရှာဖွေ တတ်၏။ ဘုရားသခင်၏ပညတ်တော်ကိုဂရုမစိုက်တော့ချေ။ ဤသူတို့သည် တိရစ္ဆာန်ထက်သာ၍ဆိုးသွမ်းကြ၏။ သူတို့သည် လူပုံသဏ္ဍာန်ဆောင်ထား သောနတ်ဆိုးများဖြစ်ကြ၏။ သူတို့သည် မှန်ကန်သန့်စင်သောမေတ္တာ၏ မြင့်မြတ်သောအခြေခံတရားများကို မကျွမ်းကျင်ကြချေ။

ဇနီးသည်လည်း ခင်ပွန်းကိုမနာလိုဝန်တိုဖြစ်လာ၍ အခွင့်သာလျှင် သူသည် မိမိကိုလောကဝတ်ပြုသကဲ့သို့ အခြားမိန်းမကိုအလွယ်တကူလောက ဝတ်ပြုလိမ့်မည်ဟု သံသယဖြစ်လာ၏။ သူသည် ဩတ္တပ္ပစိတ် (သို့မဟုတ်) ဘုရားသခင်ကိုကြောက်ရွံ့ခြင်းစိတ်ဖြင့် စိုးမိုးထားခြင်းမခံရကြောင်းကို သူမ သည်သိမြင်ရ၏။ ဤသန့်ရှင်းသောအကာအကွယ်အပေါင်းသည် ကိလေသာ တပ်မက်ခြင်းအားဖြင့် ပျက်စီးကုန်လေပြီ။ ခင်ပွန်း၌ ဘုရားသခင်နှင့် တူညီ သောအရာအပေါင်းတို့သည် ယုတ်ညံ့ရိုင်းစိုင်းသော ကိလေသာတပ်မက် ခြင်း၏ ကျွန်ဖြစ်လာကြ၏။

## ယုတ္တိမရှိသောတောင်းဆိုချက်ကိုပြုသောအခါ

ယခုဆုံးဖြတ်ရမည့်အမှုကား၊ အောက်ပါအတိုင်းဖြစ်သည်။ ခင်ပွန်း အား ယုတ်ညံ့သောတပ်မက်ခြင်းစိတ်မှတစ်ပါး အဘယ်အရာမျှစိုးရိမ်ခြင်း မရှိသည်ကိုသိမြင်ရ၍ ဘုရားသခင်အဖို့အသက်ရှင်ခြင်းလက္ခဏာနှင့်ပြည့်စုံသော ယဇ်အဖြစ် သီးသန့်ထားဖို့ သန့်ရှင်းစင်ကြယ်လျက် အသရေတင့်တယ်ခြင်း ရှိစေခြင်းငှာ ဘုရားသခင်၏ပညတ်ထားတော်မူသော မိမိ၏ကိုယ်ကာယကို ထိခိုက်နစ်နာစေရန် သူမသည် ပြုမူနေသည်ကို ကောင်းစွာဝေဖန်ပိုင်းခြား သိရှိသောအခါ ဇနီးသည် ခင်ပွန်း၏တောင်းဆိုချက်ကို သဘောတူစွာလက်ခံ ရမည်လော။

ကျန်းမာရေးနှင့်အသက်ကိုအဆုံးခံလျက် မိမိခင်ပွန်း၏တိရစ္ဆာန်ရမ္မက် ကိုဖြည့်တင်းစေရန် ဇနီးအားတိုက်တွန်းသောမေတ္တာသည် သန့်ရှင်းဖြူစင်သော မေတ္တာမဟုတ်။ သူမ၌မှန်သောမေတ္တာနှင့်မှန်သောပညာရှိလျှင် စိတ်ပါဝင်စား ဖွယ်ဖြစ်သောဝိညာဉ်အရာများကို စွဲလမ်းခြင်းဖြင့် ကိလေသာတပ်မက်ခြင်း စိတ်မှ မြင့်မြတ်၍ ဝိညာဉ်ရေးနှင့်ဆိုင်သောအချက်များသို့ သူ၏စိတ်ကို ပြောင်းလဲသွားစေခြင်းငှာ သူမသည် ရှာကြံကြိုးစားလိမ့်မည်။ သူမနှစ်သက် သော်လည်း နှိမ့်ချခြင်းနှင့်လည်းကောင်း၊ ချစ်ခင်စွာနှင့်လည်းကောင်း အလွန်

အကြူးကိလေသာလိုက်စားခြင်းဖြင့် မိမိကိုယ်ကာယကိုယုတ်ညံ့စေခြင်းငှာ မပြုလုပ်လိုကြောင်းကိုတိုက်တွန်းပါ။ ဘုရားသခင်သည် မိမိ၏ကိုယ်ခန္ဓာ တစ်ခုလုံးကို ရှေးဦးစွာ အမြတ်ဆုံးအခြေအနေ၌တည်ရှိစေရန် တောင်းခံထား တော်မူသဖြင့် ဤသို့တောင်းခံထားတော်မူခြင်းအမှုကို ဂရုမစိုက်ဘဲမနေလို၊ အကြောင်းမူကား၊ သူမသည် ဘုရားသခင်၏နေ့ကြီး၌ မိမိ၏အကြောင်း သက်သေခံရလိမ့်မည်ကို သူမကကြင်နာစွာ၊ နူးညံ့စွာ သူ့အားသတိပေး ရမည်။

သူမသည် မိမိ၏ချစ်ခင်ခြင်းသဘောတို့ကိုမြင့်မြတ်စေ၍ သန့်ရှင်းခြင်း၊ ရိုသေခြင်းနှင့် ကောင်းမွန်သောမိန်းမဂုဏ်အသရေကိုထိန်းသိမ်းထားလျှင် မိန်းမ သည် မိမိ၏သတိပညာရှိသောဩဇာအားဖြင့် မိမိ၏ခင်ပွန်းအား သန့်ရှင်းစေ ခြင်းငှာ များစွာပြုလုပ်နိုင်၍ ထိုသို့အားဖြင့် မိမိ၏မြင့်မြတ်သောတာဝန်ကို ပြည့်စုံ စေလိမ့်မည်။ ထိုသို့ပြုခြင်းဖြင့် သူမသည် မိမိခင်ပွန်းနှင့်မိမိကိုယ်တိုင် ကို ကယ်တင်နိုင်၍ ထိုသို့အားဖြင့် လုပ်ငန်းနှစ်ခုကို ပြုလုပ်နိုင်လိမ့်မည်။ စီမံ ဖို့ရန်အလွန်သိမ်မွေ့၍ ခက်ခဲသောဤအမှု၌ များစွာပညာဉာဏ်နှင့်သည်းခံ ခြင်းသာမက မှန်ကန်သောရဲရင့်ခြင်းနှင့်တည်ကြည်ခြင်းသဘောကိုလည်း လိုပေ သည်။ ဆုတောင်းခြင်း၌ ခွန်အားနှင့်ကျေးဇူးတော်ကိုတွေ့ရှိနိုင်သည်။ ရိုးဖြောင့် သောမေတ္တာသည် စိတ်နှလုံးထဲ၌ကြီးစိုးနေသော အခြေခံတရားဖြစ် ရမည်။ ဘုရားသခင်ကိုချစ်ခြင်းနှင့် ခင်ပွန်းကိုချစ်ခြင်းသည်သာလျှင် အပြုအမူ ၏မှန် ကန်သောအကြောင်းဖြစ်နိုင်သည်။

ဇနီးသည် မိမိ၏ခန္ဓာနှင့်စိတ်ကို မိမိခင်ပွန်း၏အုပ်စိုးခြင်းလက် အောက်သို့အပ်နှံ၍ အရာခပ်သိမ်းတွင် သူ၏အလိုကိုလိုက်လျက် မိမိ၏ဩတ္တပ္ပ စိတ်၊ မိမိ၏ဂုဏ်အသရေနှင့် မိမိ၏ဟုတ်မှန်သောအခြေအနေကိုပင် စွန့်လွှတ် သောအခါ မိမိ၏ခင်ပွန်းအား ကောင်းကျိုးကိုရရှိစေရန်မြှင့်တင်ပေးဖို့ ကြီးကျယ် သောဩဇာတန်ခိုးကိုအသုံးပြုရန် အခွင့်အရေးကိုသူမသည် ဆုံးရှုံးလေ၏။ သူမသည် သူမ၏ခက်ထန်သောသဘောကိုပျော့ပျောင်းစေနိုင်၍ တပ်မက် ခြင်းအားဖြင့် လောကတွင်တည်ရှိနေသောပျက်စီးခြင်းထဲမှလွတ်ကင်းလျက်

သူတို့သည် ဘုရားသခင့်သဘောမျိုးကိုရရှိနိုင်ကြမည်အကြောင်း သူ၏တပ်မက်ခြင်းကိုစိုးမိုး၍ ဝိညာဉ်ရေး၌ သာ၍စိတ်အားထက်သန်လာရန် သူ့ကိုစိတ်အားကြီးစွာဖြင့် ကြိုးစားအားထုတ်စေလျက် သန့်ရှင်းစေရန် ပြုပြင်ပေးနိုင်သောအခြေအနေသို့ရောက်အောင် သူမ၏သန့်ရှင်းစေသောဩဇာကို အသုံးပြုနိုင်သည်။ ကျေးဇူးတော်အားဖြင့် အသစ်ပြုပြင်ခြင်းမရှိသောစိတ်နှလုံးသည် အများအားဖြင့်ရှာကြနေသည့် ယုတ်ညံ့သောကိလေသာလိုက်စားမှုတို့ထက် သာ၍မြင့်မြတ်သောအကြောင်းအရာကြီးများသို့ လိုက်စားစေရန် ဩဇာညောင်းခြင်းတန်ခိုးသည် စိတ်ကိုအကြီးအကျယ်လမ်းညွှန်နိုင်သည်။ ခင်ပွန်း၏မေတ္တာတွင်တိရစ္ဆာန်၏တပ်မက်ခြင်းစိတ်သည် အခြေခံအချက်ဖြစ်၍ သူ၏အပြုအမူတို့ကိုအုပ်စိုးနေသောအခါ ဇနီးသည် မိမိ၏ခင်ပွန်းအားနှစ်သက်စေခြင်းငှာသူမသည် သူ၏အခြေအနေမျိုးသို့ရောက်ရှိလာရမည်ဟုထင်မှတ်လျှင် သူမသည် ဘုရားသခင်နှစ်သက်တော်မမူအောင်ပြုလုပ်၏။ အကြောင်းကား၊ သူမသည် မိမိ၏ခင်ပွန်းအပေါ်၌သန့်ရှင်းစေသောဩဇာကိုအသုံးမပြုသောကြောင့်တည်း။ တားမြစ်သောစကားတစ်ခွန်းမျှမပြောဘဲ သူမသည် သူ၏တိရစ္ဆာန်ကဲ့သို့တပ်မက်ခြင်းသဘောကို လိုက်လျောသင့်သည်ဟုထင်လျှင် သူမသည် သူ၏အပေါ်၌လည်းကောင်း၊ ဘုရားသခင်အပေါ်၌လည်းကောင်း ပြုအပ်သောတာဝန်ကိုနားမလည်ချေ။

## သင်တို့ကိုအဖိုးနှင့်ဝယ်တော်မူ၏

ယုတ်ညံ့သောတပ်မက်ခြင်းသဘောတို့သည် ကိုယ်ကာယ၌ရှိကြ၍ ၎င်းအားဖြင့် ၎င်းတို့ကိုအသုံးပြု၏။ ဓာတိပကတိ၊ ကာယနှင့်ဆိုင်သော ဓာတိပကတိတပ်မက်ခြင်းဆိုသောစကားများသည် ယုတ်ညံ့၍ ပျက်စီးခြင်း သဘောကိုထင်ရှားစေကြ၏။ ဓာတိပကတိ (သို့မဟုတ်) ကာယကိုယ်တိုင်သည် ဘုရားသခင်၏အလိုတော်နှင့်ဆန့်ကျင်ဘက်မပြုလုပ်နိုင်။ ကျွန်ုပ်တို့သည် စွဲလမ်းသောအရာများ၊ တပ်မက်သောအရာများနှင့်တကွ ကိုယ်ကာယကို

လက်ဝါးကပ်တိုင်၌ရိုက်ထားစေခြင်းငှာ ကျွန်ုပ်တို့အားအမိန့်ပေးထားတော်မူ၏။ ကျွန်ုပ်တို့သည် ကိုယ်ကာယ၌ ဝေဒနာကိုသက်ရောက်စေရမည်လော၊ ထိုသို့မပြုရ။ အပြစ်ပြုဖို့ရန်လိုက်ပါတတ်သောသဘောကို သေစေရမည်။ ပျက်စီးစေတတ်သောအကြံအစည်ကို ပယ်ရှားရမည်။ အကြံအစည်တိုင်းကို သခင်ယေရှုထံတော်သို့ပို့ဆောင်ရမည်။ တိရစ္ဆာန်ကဲ့သို့သောတပ်မက်ခြင်းစိတ်အပေါင်းတို့ကို ဝိညာဉ်၏မြင့်မြတ်သောတန်ခိုးအောက်သို့ရောက်အောင် နှိပ်ကွပ်ထားရမည်။ ဘုရားသခင်၏မေတ္တာသည် အမြတ်ဆုံးသောအခြေအနေ၌ကြီးစိုးနေရမည်။ သခင်ခရစ်တော်သည် ကွဲပြားခြင်းမရှိသောမိမိတို့၏စိတ်ကို စိုးမိုးအုပ်ချုပ်နေရမည်။ ကျွန်ုပ်တို့၏ကိုယ်ခန္ဓာကို ဘုရားသခင်ဝယ်ထားသောဘဏ္ဍာကဲ့သို့ သဘောထားရမည်။ ကိုယ်ခန္ဓာ၏အစိတ်အပိုင်းများသည် ဖြောင့်မတ်ခြင်း၏တန်ဆာများဖြစ်လာရကြမည်။[1]

(1) AH, 121-128.

———o———

## အခန်း (၃၂)
# မိခင်နှင့်သားသမီး

ဇနီးနှင့်မိခင်ဖြစ်သောသူသည် အိမ်ထောင်ထိန်းသိမ်းမှုကို ပင်ပန်းစွာ လုပ်ဆောင်နေရသောသူသာဖြစ်ရမည်အစား သူမသည်စာဖတ်၍ ကိုယ်တိုင် ဗဟုသုတကြွယ်ဝသောသူဖြစ်၍ မိမိ၏ခင်ပွန်းအတွက်အဖော်ဖြစ်လျက် စိတ် ဉာဏ်တိုးတက်နေသောသားသမီးများနှင့် ရင်းနှီးစွာဆက်သွယ်လျက်ရှိ ရမည်။ မိမိချစ်ခင်သောသားသမီးများအား သာ၍မြင့်မြတ်သောအသက်တာ ကိုရရှိစေရန် စွမ်းဆောင်ပေးနိုင်သောအခွင့်အရေးကို ယခုသတိပညာနှင့်အသုံး ပြုရမည်။ ချစ်ခင်သောကယ်တင်ရှင်ကို မိမိ၏နေ့စဉ်အဖော်နှင့်အကျွမ်းဝင် သောမိတ်ဆွေ အဖြစ်အချိန်ယူလျက် ဆက်ဆံရမည်။ ကိုယ်တော်၏နှုတ်ကပတ် တော်ကို အချိန်ယူလျက်လေ့ကျက်၍ လယ်ပြင်ထဲသို့သားသမီးတို့နှင့်အတူ သွားပြီး ဖန်ဆင်းထားသောလှပသည့်အရာများအားဖြင့် ဘုရားသခင့်အကြောင်း ကိုလေ့ လာရမည်။

သူမသည် စိတ်ပျော်ရွှင်အားရခြင်းရှိရမည်။ အချိန်ရှိသမျှအဝတ်ချုပ် နေရမည့်အစား နေ့အလုပ်ပြီးသောအခါ ညနေအချိန်အိမ်ထောင်သားများနှင့် ပေါင်းသင်းဆက်ဆံရမည်။ ထိုသို့အားဖြင့် အများသောယောကျ်ားတို့သည် အသင်း၏ကလပ်များ (သို့မဟုတ်) အရက်ဆိုင်များထက် အိမ်ထောင်အဖွဲ့ အစည်းကို နှစ်သက်ရွေးချယ်လာကြလိမ့်မည်။ အများသောယောကျ်ားကလေး တို့သည် လမ်းမ (သို့မဟုတ်) အချိုအချဉ်ရောင်းဆိုင်တို့ကို ရှောင်ကြဉ်ကြ လိမ့်မည်။ အများသောမိန်းကလေးများတို့သည် ယုတ်ညံ့၍ လမ်းမှားသော အဖွဲ့အစည်းတို့မှကယ်ဆယ်ခြင်းခံရကြလိမ့်မည်။ အိမ်ထောင်၏ဩဇာသည် ဘုရားသခင်စီမံထားသည့်အတိုင်း မိဘနှင့်သားသမီးတို့အတွက် တစ်သက်တာ ၏ကောင်းချီးမင်္ဂလာဖြစ်လာရမည်။

ဇနီးသည် မိမိသဘောအတိုင်းမပြုအပ်သလောဟူသောပြဿနာကို မေးတတ်ကြသည်။ ခင်ပွန်းသည် အိမ်ထောင်၏ဦးခေါင်းဖြစ်ရမည်ဟု

ကျမ်းစာကသေချာစွာဖော်ပြထားပါသည်။ "ဇနီးတို့၊ သင်တို့၏ခင်ပွန်းအုပ်စိုးခြင်းကိုဝန်ခံကြလော့။" ဤဆုံးမစကားကို ဤမျှလောက်သာဖော်ပြထားလျှင် ဇနီး၏အခြေအနေမှာ မနာလိုစရာမဟုတ်ဟု ကျွန်ုပ်တို့ပြောဆိုနိုင်သည်။ သို့ရာတွင် ဆုံးမစကားတွင် "သခင်ဘုရား၌လျောက်ပတ်သည်အတိုင်း" ဟု ဖော်ပြထားသေးသည်ကို ကျွန်ုပ်တို့ဖတ်ရှုရကြလိမ့်မည်။

ကျွန်ုပ်တို့၌ ဘုရားသခင်၏ဝိညာဉ်တော်ရှိရမည်။ သို့မဟုတ်လျှင် ကျွန်ုပ်တို့သည် အိမ်ထောင်၌ညီညွတ်ခြင်းကို ဘယ်အခါမျှမရရှိနိုင်။ ဇနီးတွင် သခင်ခရစ်တော်၏သဘောမျိုးရှိလျှင် သူမသည် မိမိ၏အပြောအဆိုတွင် သတိထားလိမ့်မည်။ သူမသည် မိမိ၏စိတ်သဘောကိုအုပ်စိုးထား၍ အုပ်စိုးခြင်းကိုဝန်ခံသော်လည်း သူမသည် ကျွန်ဖြစ်သည်ဟုမထင်မှတ်ဘဲ ခင်ပွန်း၏အဖော်ဖြစ်သည်ဟုထင်မှတ်လိမ့်မည်။ ခင်ပွန်းသည် ဘုရားသခင်၏ကျွန်ဖြစ်လျှင် သူသည် မိမိ၏ဇနီးအပေါ်၌ အစိုးတရမပြုဘဲနေလိမ့်မည်။ သူသည် အဓမ္မပြုလုပ်လိမ့်မည်မဟုတ်။ ကျွန်ုပ်တို့သည် အလွန်အမင်းစိုးရိမ်ပူပန်ခြင်းဖြင့် အိမ်ထောင်၏ချစ်ခြင်းမေတ္တာကိုမပွားများစေနိုင်။ ထာဝရဘုရား၏ဝိညာဉ်တော်သည် အိမ်ထောင်၌တည်ရှိလျှင် ၎င်းအိမ်ထောင်သည် ကောင်းကင်အိမ်ထောင်မျိုးဖြစ်၏။ တစ်စုံတစ်ယောက်သည် မှားယွင်းလျှင် အခြားသူတို့သည် သခင်ခရစ်တော်ကဲ့သို့ သည်းခံခြင်းရှိကြလျက် စိမ်းကားစွာသဘောထားကြမည်မဟုတ်။

## မိဘအဖြစ်

မိခင်ဖြစ်ရမည့်မိန်းမတိုင်းသည် အမြဲသဖြင့် အားရပျော်ရွှင်ရောင့်ရဲသောသဘောကို အားပေးတိုက်တွန်းခြင်းအမှုတွင် ကြိုးစားအားထုတ်သမျှအတွက် မိမိ၏သားသမီးများတို့၏ကာယအခြေအနေနှင့်အကျင့်စာရိတ္တတို့တွင် ဆယ်ဆမျှအကျိုးခံစားရမည်ကိုသိရှိလျက် မည်ကဲ့သို့သောပတ်ဝန်းကျင်၌မဆို ထိုသို့သောသဘောမျိုးကိုအားပေးတိုက်တွန်းရမည်။ ဤမျှပြုရုံသာမကသေးဘဲ

သူမသည် အကျင့်အားဖြင့်ရှင်လန်းဖွယ်ကောင်းသောအရာတို့ကို ဆင်ခြင် စဉ်းစားလာနိုင်၍ ထိုသို့အားဖြင့် စိတ်ပျော်ရွှင်သောသဘောကို အားပေး တိုက်တွန်းလျက် အိမ်ထောင်နှင့်သူမ၏အပေါင်းအသင်းများပေါ်၌ သူမ၏ ပျော်ရွှင်သောသဘောကို တန်ပြန်ဖြစ်ပေါ်လာစေနိုင်၏။ ၎င်းပြင် အများအား ဖြင့် သူမ၏ကာယကျန်းမာရေးသည် တိုးတက်လာလိမ့်မည်။ သူမသည် စိတ်ပျက်ဝမ်းနည်းနေသောအခါဖြစ်သကဲ့သို့ သွေးများသည် ထိုင်းမှိုင်းစွာ လှုပ်ရှားမနေကြဘဲ အသက်တည်ရာနေရာ၌ ခွန်အားကိုရရှိလိမ့်မည်။ သူမ၏ ပျော်ရွှင်သောစိတ်အားဖြင့် သူမ၏ဉာဏ်နှင့်အကျင့်စာရိတ္တတိုး၍ ကြီးပွား တောင့်တင်းလာ၏။ စိတ်ဆန္ဒ၏တန်ခိုးသည် စိတ်၏ထင်မြင်ချက်များကို တားဆီးနိုင်၍ အာရုံကြောများကို အကြီးအကျယ်သက်သာစေလိမ့်မည်။ မိဘများ ထံမှဆက်ခံရရှိအပ်သောအသက်ရှင်စေခြင်းတန်ခိုးကို လက်လွတ်သော သားသမီးတို့သည် အထူးသတိပြုရမည်။ မိမိတို့တည်ရှိနေရခြင်းအကြောင်းနှင့် သက်ဆိုင်သောတရားများကို သေချာစွာဂရုစိုက်ခြင်းအားဖြင့် သာ၍ ကောင်းမြတ်သောအခြေအနေ၌ တည်ရှိနေနိုင်လိမ့်မည်။

မိခင်ဖြစ်လာဖို့မျှော်လင့်သောသူသည် မိမိ၏စိတ်ဝိညာဉ်ကို ဘုရား သခင်၏မေတ္တာ၌တည်ရှိနေစေရမည်။ သူမသည် သခင်ခရစ်တော်၏စကား တော်များအတိုင်း လိုက်နာပြုကျင့်လျက် သခင်ယေရှု၏မေတ္တာ၌တည်ရှိနေ ရမည်။ မိခင်သည် ဘုရားသခင်နှင့်အတူ လုပ်ဖော်ဆောင်ဖက်ဖြစ်ကြောင်း သူမသည် သတိပြုရမည်။

ခင်ပွန်းနှင့်ဇနီးသည်တို့သည် အတူတကွလုပ်ကိုင်ဆောင်ရွက်ရကြ မည်။ မိခင်တို့သည် ဘုရားသခင်၏ပလ္လင်ပေါ်၌ မိမိတို့၏ကိုယ်ကိုဆက်ကပ် ပူဇော်၍ မိမိတို့၏သားသမီးများကိုမမွေးဖွားမီနှင့်မွေးဖွားပြီးနောက် ဘုရားသခင် အားဆက်ကပ်ပူဇော်ကြလျှင် ကျွန်ုပ်တို့၌ မည်မျှကောင်းသော လောကကြီးတစ်ခု ရှိလိမ့်မည်နည်း။

မမွေးဖွားမီကပြုပြင်ခြင်း၏အကျိုးသည် များစွာအကျိုးမရှိဟု များစွာ သောမိဘတို့သည်ထင်မှတ်ကြသော်လည်း ကောင်းကင်က ထိုသို့မထင်မှတ်ပါ။

ဘုရားသခင်၏ကောင်းကင်တမန်က နှစ်ကြိမ်တိုင်အောင်အလွန်အရေးကြီးသည့်သဘောနှင့်ပေးသောသတင်းစကားသည် ကျွန်ုပ်တို့အထူးဂရုစိုက်သင့်ကြောင်းကိုဖော်ပြ၏။

ဟေဗြဲမိခင် (မာနော်၏ဇနီး) အား မိန့်တော်မူသောစကားများသည် ဘုရားသခင်က ကာလအဆက်ဆက်ရှိမိခင်များအား မိန့်တော်မူသောစကားများလည်းဖြစ်၏။ ကောင်းကင်တမန်က "ငါပြောသမျှကို မိန်းမရှောင်ရ မည်။" "ငါမှာထားသမျှအတိုင်းစောင့်ရှောက်ရမည်" ဟုဆို၏။ မိခင်၏ အလေ့အကျင့်အားဖြင့် သားသမီးတို့၏ကျန်းမာရေးကိုထိခိုက်လိမ့်မည်။ သူမသည် အစားအသောက်နှင့်တပ်မက်ခြင်းစိတ်တို့ကို အခြေခံတရားအား ဖြင့် စိုးမိုးချုပ်ချယ်ထားရမည်။ သူမအားသားကိုပေးရာ၌ ဘုရားသခင်၏ ရည်ရွယ်ချက်တို့ကို သူမသည် ပြည့်စုံစေလိုလျှင် သူမသည် တစ်စုံတစ်ခု ကိုရှောင်ကြဉ်၍ တစ်စုံတစ်ခုကိုမပြုလုပ်ဘဲနေရမည်။

လောကသည် ငယ်ရွယ်သောသူတို့ကိုဖမ်းရန် ထောင်ချောက်များနှင့်ပြည့်ဝလျက်ရှိ၏။ လူအပေါင်းတို့သည် ကိုယ်ကျိုးရှာ၍ ကာမဂုဏ်ပျော်မွေ့ခြင်းအသက်တာမျိုးဖြင့် သွေးဆောင်ခြင်းခံနေရကြသည်။ ပျော်ရွှင်စရာကောင်းသောခရီးဖြစ်သည်ဟု သူတို့ထင်မှတ်နေသောလမ်းတွင် ကွယ်ဝှက်ထားသောဘေးဥပဒ်များ၊ (သို့မဟုတ်) ကြောက်စရာလမ်းဆုံးကို သူတို့သည် ကောင်းစွာမမြင်နိုင်ကြ။ အစားအသောက်နှင့်တပ်မက်ခြင်း၏အလိုသို့လိုက်ခြင်းအားဖြင့် သူတို့၏အင်အားသတ္တိများကို ကုန်ခန်းစေကြလျက် သန်းပေါင်းများစွာသောလူတို့သည် ဤလောကအတွက်နှင့် လာလတ္တံ့သောလောကအတွက် ဆုံးရှုံးပျက်စီးနေကြသည်။ မိမိတို့၏သားသမီးများသည် ဤစုံစမ်းခြင်းတို့ကိုတွေ့ဆုံရကြမည်ကို သတိပြုရကြမည်။ သားသမီးကိုမမွေးဖွားမီကပင် သားသမီးတို့သည် မကောင်းသောအရာကို အောင်မြင်စွာခုခံတိုက်ခိုက်မည်အကြောင်းပြင်ဆင်ခြင်းကိုအစပြုရမည်။

သားသမီးမမွေးဖွားမီ သူမသည် မိမိ၏အလိုသို့လိုက်လျှင် ကိုယ်ကျိုးရှာ၍ သည်းခံခြင်းမရှိဘဲ အတင်းအကျပ်ပြုလုပ်တတ်လျှင် ဤသဘောများသည်

သားသမီးတွင်ပြန်၍ဖြစ်ပေါ်လာလိမ့်မည်။ ထိုသို့အားဖြင့် သားသမီးတို့သည် မကောင်းသောအမှု၌ မအောင်မြင်နိုင်လောက်အောင် ဆိုးသောအကျင့်ကို အမွေခံလာကြပါသည်။

သို့ရာတွင် မိခင်သည် မတိမ်းမယိမ်းဘဲ မှန်ကန်သောအခြေခံတရားများကိုလိုက်နာပြီး သူမသည် ငြိမ်းခြမ်း၍ ကိုယ်ကိုငြင်းပယ်လျှင် သူမသည် ကြင်နာ၊ နူးညံ့၍ ကိုယ်ကျိုးမရှာဘဲနေလျှင် သူမသည် မိမိ၏သားသမီးများအား အဖိုးတန်သော ဤအကျိုးမျိုးကိုပင် အမွေပေးလိမ့်မည်။

နို့စို့သူငယ်များသည် မိခင်အဖို့မှန်ကဲ့သို့ဖြစ်ကြ၍ အကျင့်စလေ့နှင့် အပြုအမူတို့ကို ၎င်းအထဲတွင်ပြန်မြင်ရလိမ့်မည်။ ထိုကြောင့် ငယ်ရွယ်သော ဤသင်ကြားလေ့လာနေသူတို့၏မျက်မှောက်၌ သူမသည် မိမိ၏အပြောအဆိုနှင့်အပြုအမူတို့တွင် မည်မျှသတိထားဖို့ကောင်းသနည်း။ သူတို့အထဲ၌ဖြစ်ပေါ်လာစေလိုသောအကျင့်စလေ့များကို မိမိကိုယ်တိုင်၌လည်း ဖြစ်ပေါ်လာစေရန် ပြုပြင်ပျိုးထောင်ပေးရမည်။

## မိခင်၏တာဝန်များကိုဘယ်သောအခါ ပေါ့ပါးစေရမည်နည်း

သားသမီးများမမွေးဖွားမီအချိန်ကာလအတွင်း မိန်းမတစ်ယောက်၏ အသက်တာတွင် ပြောင်းလဲခြင်းမရှိသည်မှာ အများအားဖြင့် မှားယွင်းပေသည်။ ဤအရေးကြီးသောအချိန်တွင် မိခင်၏အလုပ်သည် ပေါ့ပါးရမည်။ သူမ၏ကိုယ်ကာယ၌ ကြီးကျယ်စွာပြောင်းလဲခြင်းဖြစ်နေ၏။ ၎င်းသည် သွေးကိုများစွာလိုသဖြင့် သွေးအဖြစ်သို့ပြောင်းလဲသွားစေရန် အာဟာရဖြစ်စေဖို့ အကောင်းဆုံးအစာများကို တိုး၍သုံးဆောင်ရမည်။ သူမသည် အာဟာရဖြစ်စေသောအစာကို များစွာမရရှိလျှင် သူမ၌ကာယခွန်အားကိုမရရှိ စေနိုင်သဖြင့် သူမ၏သားသမီးတို့သည် အသက်ရှင်စေသောသတ္တိနှင့် ကင်းလွတ်၏။

သူမ၏အဝတ်များကိုလည်း ဂရုစိုက်ရမည်။ ချမ်းစိမ့်ခြင်းမဖြစ်စေရအောင် သတိပြုရမည်။ သူမသည် မိမိ၌အဝတ်အထည်လုံလောက်စွာရရှိစေရန် အသက်ရှင်စေသောသတ္တိကို အပေါ်ယံ၌သာဖြည့်စွက်ခြင်းမပြုရ။ မိခင်သည်ကျန်းမာ၍ အာဟာရဖြစ်စေသောအစာတို့ကို များစွာမရရှိလျှင် ကောင်းသောသွေးကိုများစွာမရရှိနိုင်။ သူမ၏သွေးသွားလာလှုပ်ရှားမှုသည် ညှိုးဖျင်း၍ သူမ၏သားသမီး၌လည်း ထိုသို့သောသွေးကင်းမဲ့နေလိမ့်မည်။ သင်၏သားသမီး၌ ကိုယ်ကာယအဖို့ အာဟာရဖြစ်စေရန် အစာကိုကောင်း သောသွေးအဖြစ်သို့ပြောင်းလဲစေနိုင်သောအစွမ်းကင်းမဲ့နေလိမ့်မည်။ မိခင်နှင့် သားသမီးတို့၏ကျန်းမာရေးသည် ကောင်းမွန်၍နွေးသောအဝတ်အထည်နှင့် အာဟာရဖြစ်စေသောအစာပေါ်၌ များစွာတည်ပေသည်။

## နို့တိုက်ရသောမိခင်၏အခြေအနေ

နို့စို့သူငယ်အတွက် အကောင်းဆုံးအစာသည် သဘာဝကချပေးသောအစာဖြစ်သည်။ အကြောင်းမရှိဘဲ ၎င်းကိုပယ်ရှားမထားသင့်။ မိမိသက်သာစေဖို့ (သို့မဟုတ်) ပေါင်းသင်းဆက်ဆံရေးအတွက် မိမိ၏သားငယ်အား နို့တိုက်ခြင်းလုပ်ငန်းကို မပြုလုပ်လိုသောမိခင်သည် သနားကြင်နာခြင်းကင်းမဲ့သောသူဖြစ်၏။

မိခင်ထံမှနို့စို့သူငယ်သည် အာဟာရကိုရရှိနေသောအချိန်သည် အလွန်အရေးကြီးပေသည်။ အများသောမိခင်တို့သည် ကလေးကိုနို့တိုက်နေစဉ် မိမိတို့၏သွေးကိုဆူပူထကြွစေရန် ပင်ပန်းစွာအလုပ်လုပ်ရကြသဖြင့် မိခင်၏ ညှိုးဖျင်းသောနို့ရည်ကြောင့်သာမက မကျန်းမာစေသောအစားအသောက်အား ဖြင့် မိခင်၏သွေးသည် အဆိပ်အတောက်ဖြစ်လာသောကြောင့် နို့စို့နေရသော ကလေး၌များစွာထိခိုက်ခြင်းဖြစ်စေ၏။ မကျန်းမာစေသောအစားအသောက် သည် မိခင်၏ကိုယ်ကာယတစ်ခုလုံးကို ညှိုးဖျင်းစေသဖြင့် သူငယ်၏အာဟာရ ကိုထိခိုက်စေတတ်သည်။ မိခင်၏စိတ်သဘောအခြေအနေကြောင့် သူငယ်ကို

ထိခိုက်စေတတ်သည်။ မိခင်သည်ပျော်ရွှင်ခြင်းမရှိ။ အလွယ်တကူလန့်ဖျပ် ၍
အမျက်ဒေါသထွက်တတ်လျှင် မိခင်ထံမှနို့စို့နေရသောသူငယ်၌ လေနာထ ခြင်း၊
အကြောဆွဲခြင်း၊ တက်ခြင်းဖြစ်တတ်သည်။

မိခင်ထံမှရရှိသောအာဟာရ၏အမျိုးအစားအလိုက် သားသမီး၏
အကျင့်စာရိတ္တကိုလည်း အနည်းနှင့်အများထိခိုက်တတ်၏။ ထိုကြောင့် မိခင်
သည် သူငယ်အားနို့တိုက်နေစဉ်အခါ မိမိ၏စိတ်ကိုပျော်ရွှင်စွာထား၍ မိမိ
သဘောကိုလုံးလုံးချုပ်တည်းထားဖို့ မည်မျှအရေးကြီးသနည်း။ ထိုသို့ပြုခြင်းဖြင့်
သူငယ်၏အစာသည် ပျက်စီးခြင်းမရှိ၊ ၎င်းပြင် သူငယ်ကိုပြုစုရာတွင် မိခင်၏
စိတ်သည် တည်ငြိမ်ခြင်းရှိသောကြောင့် သူငယ်၏စိတ်ကို များစွာပြုပြင်ပေး
၏။ သူငယ်သည်လန့်တတ်၍ အလွယ်တကူစိတ်လှုပ်ရှားခြင်းဖြစ်လျှင် မိခင်
၏သေချာ၊ ဖြည်းညင်းသောအမူအရာသည် သက်သာစွာပြုပြင်ပေး၍ သူငယ်
၏ကျန်းမာခြင်းအခြေအနေသည် များစွာတိုးတက်လာလိမ့်မည်။

## မေတ္တာနှင့်သိမ်မွေ့စွာပြုစုခြင်းတွင်အချိန်မှန်ကန်ခြင်း

သားသမီးများသည် မိဘများအား ဘုရားသခင်က အပ်ပေးထားသော
အဖိုးတန်ပစ္စည်းဖြစ်၍ တစ်နေ့နေ့၌ ဘုရားသခင်သည် သူတို့၏လက်မှပြန်
၍တောင်းတော်မူမည်။ ကျွန်ုပ်တို့သည် သာ၍အချိန်ယူလျက်၊ သာ၍ဂရုစိုက်
လျက်၊ သာ၍ဆုတောင်းလျက် သူတို့ကိုသွန်သင်ပေးရကြမည်။ သူတို့သည်
မှန်ကန်သောသွန်သင်ခြင်းကို သာ၍အလိုရှိပေသည်။

သားသမီးတို့၌ဖြစ်တတ်သောရောဂါဝေဒနာအများမှာ စီမံပြုစုခြင်း၌
မှားယွင်းခြင်းရှိသောကြောင့်ဖြစ်နိုင်သည်။ အစားအသောက်၌ အချိန်မမှန် ခြင်း၊
ချမ်းအေးသောညနေပိုင်းတွင် လုံလောက်စွာအဝတ်ဝတ်မထားခြင်း၊ သွေး
ကောင်းမွန်စွာသွားလာလှုပ်ရှားစေရန် ခပ်ပြင်းပြင်းကိုယ်လက်လှုပ်ရှားမှုကင်း
ခြင်း၊ သန့်ရှင်းသောလေကို များစွာမရခြင်းတို့သည် ရောဂါ၏အကြောင်းရင်း

များဖြစ်နိုင်သည်။ မိဘတို့သည် ရောဂါ၏အကြောင်းရင်းကိုရှာဖွေပြီးနောက် မြန်နိုင်သမျှမြန်မြန် မှားယွင်းသောအခြေအနေများကို ပြုပြင်ပေးရမည်။

အများအားဖြင့်သားသမီးများအား ငယ်ရွယ်စဉ်အချိန်ကပင် အစားအသောက်၌မက်မောစေခြင်းငှာ ထိန်းသိမ်းပြုစုလာကြ၍ စားသောက်ဖို့အသက်ရှင်လာကြသည်ဟု သူတို့အားသွန်သင်ထားကြ၏။ ငယ်ရွယ်စဉ်ကပင် သားသမီး တို့၏အကျင့်ဓလေ့တို့ကို မိခင်သည် များစွာပြုပြင်ပေးနိုင်သည်။ အစား အသောက်၌ချုပ်တည်းရန် သူမသည် သွန်သင်ပေးနိုင်သည် (သို့မဟုတ်) အစားအသောက်၌မက်မော၍ အစားကြီးသောသူဖြစ်လာရန် သွန်သင်ပေးနိုင်သည်။ မိခင်သည် မကြာခဏတစ်နေ့အတွက်ပြုလုပ်ရမည့်လုပ်ငန်းကို စီမံထားသည်။ ကလေးသူငယ်ကဒုက္ခပေးလာသောအခါ နှစ်သိမ့်စေလျက် စိတ်ပြောင်းအောင်ပြုလုပ်ရမည့်အစား သူငယ်အားငြိမ်သက်သွားစေရန် စားစရာတစ်စုံတစ်ခုကိုပေးမိ၏။ ဤသို့ပြုခြင်းဖြင့် ခဏလောက်သာငြိမ်သက်သွားသော်လည်း အဆုံး၌ပို၍ဆိုးလာ၏။ သူငယ်တို့၏အစာအိမ်သည် အနည်းငယ်မျှမလိုသေးသောအခါ အစာအိမ်သည် အစာများဖြင့်ပြည့်ကျပ်သွား၏။ မိခင်သည် အနည်းငယ်အချိန်ယူ၍ ဂရုစိုက်ဖို့လိုပေသည်။ သို့သော် မိခင်၏သားသမီးများအတွက် အချိန်ကုန်ခံဖို့ရန် ထိုအချိန်သည် မိမိအဖို့အလွန်အဖိုးတန်နေ၏။ မိမိ၏သားသမီးများကျန်းမာပျော်ရွှင်စေဖို့ထက် မိမိ၏အိမ်ကိုဧည့်သည်များချီးမွမ်းအောင်ပြုပြင်ဖို့နှင့် ခေတ်ဆန်ဆန်အများကြိုက်အောင် အစားအသောက်တို့ကိုချက်ပြုတ်ဖို့ကိစ္စတို့က သာ၍အရေးကြီးသည်ဟု ထင်မှတ်နေ၏။

နို့စို့သူငယ်အတွက် အဝတ်များကိုပြင်ဆင်ရာတွင် ခေတ်မီ၍လူအများချီးမွမ်းစေဖို့ထက် သက်သာ၍ကျန်းမာစေဖို့ ဦးစွာစီမံရမည်။ မိခင်သည် အဝတ်စငယ်များကိုလှပအောင် ပန်းထိုးခြင်း၊ ဆန်းဆန်းချုပ်လုပ်ခြင်းဖြင့် အချိန်ကုန်မခံရ၊ ထိုသို့ပြုခြင်းဖြင့် ကလေးသူငယ်နှင့်မိမိ၏ကျန်းမာရေးကို ထိခိုက်စေတတ်သည်။ မိမိ၏မျက်စိနှင့်အာရုံကြောများကို ပင်ပန်းအောင် စက်ချုပ်ခြင်းဖြင့် အချိန်ကုန်မခံပါနှင့်။ ထိုအချိန်မျိုး၌ သူမသည်အနားယူလျက်

ကိုယ်လက်လှုပ်ရှားခြင်းပြုဖို့သင့်သည်။ မိမိ၌လိုအပ်သောခွန်အားကိုရရှိဖို့ရန် ပြုလုပ်ဖို့သူမ၌တာဝန်ရှိကြောင်းသတိပြုရမည်။၂

# သူငယ်ကိုဆုံးမသွန်သင်ရာ၌ ကိုယ်ကိုချုပ်တည်းဖို့လိုခြင်း

သူငယ်အားသွန်သင်ဆုံးမရာ၌ မိခင်၏မြဲမြံ၊ ရင့်ကျက်သောအလို ဆန္ဒနှင့် သူငယ်၏ယုတ္တိကင်း၍ စနစ်မရှိသောအလိုဆန္ဒတို့သည် တွေ့ဆုံရကြ သည့်အခါများရှိတတ်သည်။ ထိုသို့သောအခါများတွင် မိခင်သည် ကြီးစွာ သတိပညာရှိအပ်သည်။ သတိကင်းစွာပြုမူစီမံခြင်း၊ အတင်းအကျပ်ပြုလုပ်ခိုင်း ခြင်းဖြင့် သူငယ်၌ကြီးစွာဘေးရောက်စေတတ်သည်။

တတ်နိုင်သောအခါတိုင်း ဤကဲ့သို့အရေးကြီးသောအဖြစ်မျိုးကို ရှောင် အပ်သည်။ အကြောင်းကား၊ ထိုအမှုသည် မိခင်နှင့်သူငယ်တို့နှစ်ဦး စလုံးအ တွက် ပြင်းထန်သောအားထုတ်မှုကြီးဖြစ်သည်။ သို့သော် ထိုသို့ သောအရေး ကြီးသည့်အဖြစ်မျိုးတစ်ကြိမ်ဖြစ်ခဲ့လျှင် သူငယ်သည် သတိပညာရှိသော မိခင်၏ အလိုဆန္ဒကိုလိုက်လျောစေရန် ပြုပြင်ပေးရမည်။

မိခင်သည် မိမိကိုယ်ကိုလုံးလုံးချုပ်တည်းထားလျက် သူငယ်တွင် ခုခံတတ်သောသဘောဖြစ်ပေါ်လာစေမည့်အပြုအမူမျိုး တစ်ခုမျှမပြုသင့်။ သူမ သည် ကျယ်လောင်သောအသံနှင့်အမိန့်မပေးရ။ အသံကိုပျော့၍ နူးညံ့စေခြင်း ဖြင့် များစွာအကျိုးခံစားရလိမ့်မည်။ သူငယ်အား သခင်ယေရှုထံဆွဲဆောင် သောနည်းမျိုးဖြင့် သူမသည် သူငယ်အပေါ်၌ပြုမူရမည်။ ဘုရားသခင်သည် မိမိကိုကူညီသောသူ၊ မေတ္တာသည် မိမိ၏တန်ခိုးဖြစ်ကြောင်းသတိပြုရမည်။

သူမသည် သတိပညာရှိသောခရစ်ယာန်ဖြစ်လျှင် မိမိ၏အလိုသို့ လိုက်ရန် သူငယ်ကိုအတင်းအကျပ်ပြုဖို့မကြံစည်ပါနှင့်။ ရန်သူသည်မအောင်မြင် မည်အကြောင်း သူမသည် စိတ်အားကြီးစွာဆုတောင်း၍ဆုတောင်းနေစဉ် ဝိညာဉ်အသက်တာ၌ ခွန်အားအသစ်ရရှိလာကြောင်း သိရှိလာ၏။ သူမ၏ အထဲ၌ပြုပြင်သောတန်ခိုးသည် သူငယ်၏အထဲ၌လည်း ပြုပြင်နေသည်ကို

သူမသည်မြင်ရ၏။ သူငယ်သည်သာ၍သိမ်မွေ့လျက် သာ၍အလိုလိုက်လာ ၏။ စစ်ပွဲကိုအောင်မြင်လေပြီ။ သူမ၏သည်းခံခြင်း၊ ကြင်နာခြင်း၊ သတိ ပညာနှင့် တားမြစ်သော သူမ၏စကားများသည် မိမိတို့၏လုပ်ငန်းကိုပြီးမြောက် စေကြပြီ။ မိုးရွာပြီးနောက်နေပူသကဲ့သို့ မုန်တိုင်းကျရောက်ပြီးနောက် ငြိမ်သက် ခြင်းရှိလာ၏။ ရှုခင်းကိုကြည့်နေသောကောင်းကင်တမန်တို့သည်လည်း ဝမ်းမြောက် ခြင်းနှင့်သီချင်းဆိုကြလေ၏။

ခင်ပွန်းနှင့်ဇနီးတို့၏အသက်တာတွင်လည်း ဤကဲ့သို့အရေးကြီးသော အခါမျိုးဖြစ်ပေါ်လာတတ်၍ ဘုရားသခင်၏ဝိညာဉ်တော်အားဖြင့် စိုးမိုးခြင်း မခံရလျှင် သူတို့သည် ထိုအခါများ၌ သားသမီးတို့တွင် မကြာခဏထင်ရှား တတ်သောစိတ်ဇောနှင့်ယုတ္တိကင်းသောသဘောမျိုးကို ထင်ရှားစေကြလိမ့်မည်။ မီးခတ်ကျောက်တစ်ခုနှင့်တစ်ခု ထိခိုက်တတ်သကဲ့သို့ အလိုဆန္ဒတစ်ခုနှင့်တစ်ခု တိုက်ခိုက်ရလိမ့်မည်။[၃]

(1) AH, 110-118; (2) AH, 255-267; (3) 7T, 47,48.

———o———

# အခန်း (၃၃)
# ခရစ်ယာန်မိခင်နှင့်ဖခင်

ဖခင်သည် အိမ်ထောင်၏ယဇ်ပုရောဟိတ်အဖြစ်၊ မိခင်သည် အိမ်တွင်း ခရစ်ယာန်သာသနာပြုအဖြစ် သင်တို့သည် အိမ်ထောင်၌ မိမိတို့၏တာဝန်ကို သစ္စာနှင့်ထမ်းဆောင်ကြသောအခါ အိမ်အပြင်ဘက်၌ကောင်းသောအမှုများကို ပြုလုပ်ဖို့ အင်အားကိုတိုးပွားနေစေကြသည်။ သင်တို့၏အင်အားများကို တိုးတက်အောင်ပြုလုပ်သောအခါ သင်တို့သည် အသင်းတော်၌လည်းကောင်း၊ အနီးအနား၌လည်းကောင်း အမှုဆောင်ရန်သင့်လျော်လာကြသည်။ သင်တို့၏ သားသမီးများတို့ကို သင်တို့ကိုယ်တိုင်၌လည်းကောင်း၊ ဘုရားသခင်၌လည်းကောင်း ချည်နှောင်ထားခြင်းဖြင့် မိခင်များ၊ ဖခင်များ၊ သားသမီးများတို့သည် ဘုရားသခင်နှင့်အတူ လုပ်ဖော်ဆောင်ဖက်များဖြစ်ကြ၏။

## မိခင်၏လုပ်ငန်းသည်သန့်ရှင်းခြင်း

မိန်းမသည် မူလကပင် သူမအတွက် ဘုရားသခင်စီမံထားတော်မူသည်အတိုင်း မိမိ၏ခင်ပွန်းနှင့်တန်းတူဖြစ်ရမည်။ နာမည်အားဖြင့်သာမဟုတ်ဘဲ စကားအတိုင်း မိခင်ပီသသောမိခင်များကို လောကသည်အလိုရှိ၏။ မိန်းမ၏ခြားနားသောတာဝန်များသည် ယောကျာ်း၏တာဝန်ထက်သာ၍ သန့်ရှင်းစင်ကြယ်သည်ဟု ကျွန်ုပ်တို့သည် အသေအချာပြောဆိုနိုင်သည်။ မိမိ၏လုပ်ငန်းသည် သန့်ရှင်းစင်ကြယ်ကြောင်းကို မိန်းမသည်သိရှိလျက် ဘုရားသခင်၏ခွန်အားနှင့်လည်းကောင်း၊ ဘုရားသခင်ကိုကြောက်ရွံ့ခြင်းနှင့် လည်းကောင်း မိမိ၏အသက်တာလုပ်ငန်းကိုထမ်းဆောင်ရမည်။ မိမိ၏သားသမီး များအား ဤလောကတွင် အသုံးဝင်စေခြင်းငှာလည်းကောင်း၊ သာ၍ကောင်း သောလောကတွင် အိမ်ထောင်တစ်ခုဖြစ်စေခြင်းငှာလည်းကောင်း သွန်သင်လမ်းပြပေးရမည်။၁

ဖနီးသည် ခင်ပွန်းကိုလုံးလုံးအားကိုးနေလျက် မိမိ၏ခွန်အားကို မစွန့်ရ၊ ၎င်းပြင် မိမိ၏စွမ်းရည်သတ္တိတို့ကိုတိမ်မြုပ်မနေစေရ။ သူမ၏ထူးခြား သောဂုဏ် အင်္ဂါတို့ကို သူ၏ဂုဏ်အင်္ဂါတို့တွင်နစ်မြုပ်မသွားစေရ။ သူမသည် မိမိခင်ပွန်း၏ ဘေးတွင်ရပ်နေရန် သူနှင့်တန်းတူဖြစ်ကြောင်းသိရှိလျက် သူမသည် မိမိ၏တာ ဝန်တွင်သစ္စာရှိလျက် ခင်ပွန်းသည် မိမိ၏တာဝန်တွင် သစ္စာရှိ ရမည်။ နိုင်ငံ၏အကြီးဆုံးတရားသူကြီးအဖြစ်ပင် ခင်ပွန်းသည်ခန့်ထားခြင်း ခံရလျှင် သူသည် မိမိ၏တာဝန်ကို မြင့်မြတ်အောင်ဆောင်ရွက်ရသည်နည်းတူ သူမ၏ သားသမီးများအား သွန်သင်ပေးရခြင်းလုပ်ငန်းသည်လည်း အရာ ခပ်သိမ်းတွင် မြင့်မြတ်ကြီးမြင့်ပေသည်။

ရာဇပလ္လင်ပေါ်၌ရှိသောရှင်ဘုရင်၏အလုပ်သည် မိခင်၌ရှိသောအလုပ် လောက်မမြင့်မြတ်ချေ။ မိခင်သည် မိမိ၏အိမ်ထောင်သည် ဘုရင်မဖြစ်သည်။ မိမိတို့၏သားသမီးတို့သည် သာ၍မြင့်မြတ်လျက် ထာဝရတည်သောအသက်တာ အတွက် သင့်လျော်လာသောသူများဖြစ်လာမည်အကြောင်း၊ သူတို့၏အကျင့် စာရိတ္တကိုပြုပြင်ပေးနိုင်သောတန်ခိုးသည် သူမ၌ရှိ၏။ ကောင်းကင်တမန်သည် သာ၍မြင့်မြတ်သောအလုပ်ကိုမတောင်းနိုင်၊ အကြောင်းကား၊ ဤအလုပ်ကို လုပ်ခြင်းဖြင့် မိခင်သည် ဘုရားသခင်အတွက် အမှုဆောင်ရွက်နေလေပြီ။ မိမိ၏လုပ်ငန်းသည် မြင့်မြတ်ကြောင်းကိုသာ သူမသည်သိရှိပါစေ။ ထိုအခါ သူမအား ခွန်အားနှင့်နိုးကြားလာစေလိမ့်မည်။ လောကအလိုသို့လိုက်ခြင်းငှာ သွေးဆောင်ခြင်းအမှုကို သူမသည် တားဆီးနိုင်မည်အကြောင်း မိမိလုပ်ငန်း ၏တန်ဖိုးကို သူမသည်သိရှိလျက် ဘုရားသခင်၏လက်နက်စုံကိုယူတင် ဝတ်ဆောင်ပါစေ။ သူမ၏လုပ်ငန်းသည် ကာလအစဉ်အဆက်ဖြစ်၏။

အိမ်ထောင်ကျပြီးသောယောကျ်ားများသည် မိမိတို့အလုပ်သို့သွားကြ ၍ အိမ်၌ရှိသောသားသမီးများကိုစောင့်ရှောက်ရန် မိမိတို့၏ဇနီးများကိုထား ခဲ့ကြ လျှင် ဇနီးနှင့်မိခင်သည် ခင်ပွန်းနှင့်ဖခင်၏အလုပ်လောက်ကြီးကျယ်၍ အရေး ကြီးသောလုပ်ငန်းကို အပြည့်အစုံဆောင်ရွက်နေရ၏။ တစ်ဦးသည် သာသနာ နယ်မြေ၌ရှိသော်လည်း အခြားတစ်ဦးသည် အိမ်ထောင်၌သာသနာ

ပြုသူဖြစ်လျက် မကြာခဏ သူမ၏စိုးရိမ်ပူပန်ခြင်းနှင့်တာဝန်များသည် ခင်ပွန်းနှင့်ဖခင်၏စိုးရိမ်ပူပန်ခြင်းနှင့်တာဝန်များထက် အလွန်သာ၍များပြား၏။ သူမ၏လုပ်ငန်းသည် ကြည်ညိုဖွယ်ဖြစ်၍ အရေးကြီး၏။ သာသနာနယ်မြေ၌ရှိသောခင်ပွန်းသည် လူတို့၏ချီးမွမ်းခြင်းကိုခံရတတ်သော်လည်း အိမ်ထောင်၌လုပ်ဆောင်ရသော သူမသည် မိမိ၏အလုပ်အတွက် မြေကြီးပေါ်၌ ဂုဏ်အသရေကိုမရရှိတတ်။ သို့သော် သူမသည် မိမိ၏အိမ်ထောင်အတွက် အကောင်းဆုံးအကျိုးဖြစ်ထွန်းစေရန်လုပ်ဆောင်၍ ဘုရားသခင်၏ပုံသဏ္ဌာန်နှင့်အညီ အိမ်ထောင်သားတို့၏အကျင့်စာရိတ္တကိုပြုပြင်ရန်ကြိုးစားလျှင် ကောင်းကင်တမန်က သူမ၏အမည်ကိုလောကတွင် အကြီးဆုံးသာသနာပြုတစ်ဦးကဲ့သို့မှတ်တမ်းတင်ထား၏။ လူ၏ကန့်သတ်ထားသောအမြော်အမြင်ကဲ့သို့ ဘုရားသခင်သည် အရာခပ်သိမ်းကိုမြင်တော်မူသည်မဟုတ်။

လောကသည်ပျက်စီးစေသောအရာများနှင့်ပြည့်ဝနေ၏။ ခေတ်ဆန်ခြင်းနှင့်ထုံးစံဓလေ့တို့သည် ငယ်ရွယ်သူတို့အား အကြီးအကျယ်သွေးဆောင်နေကြသည်။ မိခင်သည် သွန်သင်လမ်းပြ၊ တားမြစ်ဖို့တာဝန်ကိုမဆောင်ရွက် လျှင် သူမ၏သားသမီးတို့သည် မကောင်းသောအရာကို သဘာဝအလျောက် လက်ခံလျက် ကောင်းသောအရာမှလွှဲသွားကြလိမ့်မည်။ မိခင်တိုင်းသည် ကယ်တင်ရှင်ထံသို့ မကြာခဏသွား၍ “ကျွန်ုပ်တို့သည် သူငယ်ကိုမည်ကဲ့သို့ ဆုံးမ၍ မည်ကဲ့သို့ပြုပြင်ပေးရမည်ကို ကျွန်ုပ်တို့အားသွန်သင်တော်မူပါ” ဟု တောင်းလျှောက်ရကြမည်။ နှုတ်ကပတ်တော်၌ ဘုရားသခင်ဖော်ပြထား တော်မူသော သြဝါဒများကို သူမသည် သတိပြုပါစေ။ ထိုအခါ သူမအလိုရှိ သောဉာဏ်ပညာကိုရရှိလိမ့်မည်။

မိမိတို့၏အချိန်များသည် တန်ဖိုးမဖြတ်နိုင်ကြောင်း မိခင်တိုင်းသည် သိရှိကြပါစေ။ သူမ၏လုပ်ငန်းကိုအရေးကြီးသော တရားစီရင်ရာနေ့ရက်တွင် စစ်ဆေးတော်မူမည်။ ထိုအခါ၌ ယောကျ်ားနှင့်မိန်းမတို့၏ဆုံးရှုံးမှုနှင့်ပြစ်မှုအများတို့သည် မိမိတို့၏သားသမီးတို့အား မှန်သောလမ်း၌ လမ်းပြဖို့ရန် တာဝန်ရှိသောသူတို့၏ဂရုမစိုက်ခြင်း၊ သတိမပြုခြင်းကြောင့်ဖြစ်သည်ကို

တွေ့ရှိရလိမ့်မည်။ ထိုအခါ၌လောကအား ထူးကဲသောအလင်း၊ သမ္မာတရားအလင်း၊ သန့်ရှင်းခြင်းအလင်းနှင့် ကောင်းချီးပေးသောသူတို့၏ဩဇာညောင်းခြင်းနှင့် အောင်မြင်ခြင်း၏အကြောင်းရင်းမှာ ဆုတောင်းသောခရစ်ယာန်မိခင်ကြောင့်ဖြစ်ကြောင်း သိရှိရကြလိမ့်မည်။

## ကောင်းကျိုးအတွက်မိခင်၏တန်ခိုး

မိခင်၏အဆင့်အတန်းသည် နိမ့်ကျလှသော်လည်း ဖခင်၏ဩဇာနှင့်ပူးပေါင်းနေသော သူမ၏ဩဇာသည် အစဉ်အမြဲညောင်းလျက်ရှိ၏။ ဘုရားသခင်နောက် ကောင်းကျိုးအတွက် မိခင်၏တန်ခိုးသည် မြေကြီးပေါ်၌အရှိန်အပြင်းဆုံးဖြစ်၏။

ခရစ်ယာန်မိခင်သည် မိမိ၏သားသမီးတို့ပတ်လည်၌ရှိသောဘေးဥပဒ်များကို အမြဲကောင်းစွာ ဝေဖန်ပိုင်းခြားသိမြင်လိမ့်မည်။ သူမသည် မိမိ၏စိတ်ဝိညာဉ်ကိုဖြူစင်သန့်ရှင်းသောအခြေအနေ၌ တည်ရှိနေစေလိမ့်မည်။ သူမသည် မိမိ၏စိတ်သဘောနှင့်အကျင့်များကို ဘုရားသခင်၏နှုတ်ကပတ်တော်အားဖြင့် စိုးမိုးအုပ်ချုပ်၍ မိမိ၏တာဝန်ကိုသစ္စာနှင့်ပြုလုပ်လျက် အမြဲကြုံတွေ့နေရသော စုံစမ်းခြင်းအမှုကလေးများကို အောင်မြင်လျက်ရှိလိမ့်မည်။

ကလေးသူငယ်တို့သည် လျင်မြန်စွာသိမှတ်တတ်ကြသည်။ သူတို့သည် သည်းခံလျက် မေတ္တာနှင့်ပြောဆိုတတ်သောအသံကို ကလေးတို့၏စိတ်ထဲ၌ ချစ်ခြင်းမေတ္တာကိုခန်းခြောက်စေတတ်သော သည်းမခံ၊ ဒေါသပါသောအမိန့်မှခွဲခြားသိရှိတတ်သည်။ မှန်သောခရစ်ယာန်မိခင်သည် စိတ်ဆိုးခြင်း၊ ထောက်ထားညှာတာတတ်ရသောမေတ္တာကင်းမဲ့ခြင်းအားဖြင့် သားသမီးတို့ကိုမိမိထံပါးမှနှင်ပစ်လိမ့်မည်မဟုတ်။

မိခင်တို့၊ သင်တို့၏ဩဇာနှင့်ပုံသက်သေတို့သည် သင်တို့သားသမီးတို့၏အကျင့်နှင့်ကံကြမ္မာကို ဖန်တီးပေးကြောင်းကိုသိရှိကြပါ။ မိမိတို့၏တာဝန်ကိုမြော်မြင်လျက် မှန်ကန်၊ ကောင်းမြတ်၍ တင့်တယ်သောအရာတို့

ကိုသာ ပြန်၍ဖြစ်ပေါ်လာစေပြီးလျှင် ကောင်းစွာညီညွတ်သောစိတ်သဘော နှင့် ဖြူစင်သောအကျင့်ကိုဖြစ်ထွန်းလာစေအောင် ပြုပြင်ပေးပါ။

အိမ်ထောင်၌စိတ်စွဲလမ်းစရာ ဘာမျှမတွေ့ဘဲ အမြဲသဖြင့်မြည်တွန် ကြိမ်းမောင်း၍ ညည်းညူနေခြင်းအမှုတို့ကို တွေ့ဆုံနေရသောခင်ပွန်းနှင့် သားသမီးများစွာတို့သည် အိမ်မှဝေးသောနေရာ၊ အရက်ဆိုင် (သို့မဟုတ်) အခြားတားမြစ်ထားသော ကာမဂုဏ်၏ပျော်မွေ့ဖွယ်ရာနေရာများ၌ စိတ် သက်သာမှု၊ စိတ်ပျော်ရွှင်မှုတို့ကို ရှာကြံတတ်ကြသည်။ ဇနီးနှင့်မိခင်သည် အိမ်ထောင်၏စိုးရိမ်ခြင်းနှင့်ပြည့်ဝလျက်ရှိစဉ် မိမိ၏ခင်ပွန်းနှင့်သားသမီးများ ရှေ့၌ ထူးထူးခြားခြားအမျက်ထွက်ခြင်းနှင့် အခက်အခဲများကိုရှောင်ကြဉ် ပယ်ရှားထားသော်လည်း ခင်ပွန်းနှင့်သားသမီးတို့အပေါ်၌ ယဉ်ကျေးဖွယ်ရာ အပြုအမူတို့ကို အနည်းငယ်ဖော်ပြဖို့ရန် မကြာခဏသတိမပြုမိကြချေ။ သူမ သည် စားသောက်ရန် (သို့မဟုတ်) ဝတ်ဆင်ရန် တစ်စုံတစ်ခုကိုပြင်ဆင်ရာ၌ စိတ်စွဲလမ်းနေစဉ် ခင်ပွန်းနှင့်သားသမီးတို့သည် သူစိမ်းကဲ့သို့ဝင်ထွက် သွားလာနေကြ၏။

မိခင်တို့သည် အိမ်၌မသေသပ်သောအဝတ်တို့ကို ဝတ်နေကြလျှင် မိမိတို့၏သားသမီးတို့အား ထိုသို့မသေသပ်သောအဝတ်တို့ကိုဝတ်စေရန် သူတို့ကသွန်သင်ပေးနေကြသည်။ ဟောင်းနွမ်းစုတ်ပြတ်နေသော်လည်း မည်သည့် အဝတ်မျိုးမဆို အိမ်တွင်ဝတ်ဖို့သင့်လျော်သည်ဟု အများသောမိခင် တို့သည် ထင်မှတ်ကြသည်။ သို့ရာတွင် မကြာမီသူတို့သည် အိမ်ထောင်၌ ဩဇာကင်းမဲ့ လာကြ၏။ သားသမီးတို့သည် မိမိတို့မိခင်၏အဝတ်နှင့် သေသပ် စွာဝတ်သော အခြားမိခင်တို့၏အဝတ်များကို နှိုင်းယှဉ်ကြည့်ကြပြီးလျှင် သူတို့ သည် မိခင် ၌ရိုသေခြင်းနည်းပါးလာကြ၏။

အိမ်ထောင်၌ ကောင်းမွန်သေသပ်သောအလုပ်တို့ကိုလုပ်ဆောင်ဖို့ လိုသောအခါတိုင်း မိမိတို့ကိုယ်တိုင်လုပ်ဆောင်ခြင်းသည် ယုတ်ညံ့သည်ဟု မထင်မမှတ်ဘဲ မှန်သောမိခင်နှင့်ဇနီးသည် မိမိ၏တာဝန်တို့ကို ဣန္ဒြေနှင့် လည်းကောင်း၊ အားရဝမ်းမြောက်ခြင်းနှင့်လည်းကောင်း ဆောင်ရွက်လိမ့်မည်။၂

# အိမ်ထောင်၏ခေါင်းဆောင်သည် သခင်ခရစ်တော်ကိုအတုယူရမည်

အိမ်ထောင်သားအပေါင်းတို့၏ဗဟိုသည် ဖခင်ဖြစ်၏။ သူသည် ဥပဒေကိုပြုလုပ်ပေးသောသူဖြစ်လျက် အင်အားသတ္တိ၊ တည်ကြည်ခြင်း၊ ဖြောင့်မှန်ခြင်း၊ သည်းခံခြင်း၊ ရဲရင့်ခြင်း၊ ကြိုးစားအားထုတ်ခြင်းနှင့် လက်တွေ့အသုံးဝင်ခြင်းတည်းဟူသော ခိုင်ခံ့သည့်သီလများတွင် မိမိကိုယ်တိုင် လူကြီးပီပီပုံသက်သေပြရမည်။ တစ်နည်းအားဖြင့် ဖခင်သည် အိမ်ထောင်၏ ယဇ်ပုရောဟိတ်ဖြစ်လျက် နံနက်နှင့်ညနေတိုင်း ဘုရားသခင်၏ပလ္လင်တော် တွင် ယဇ်ကိုဆက်ကပ်ပူဇော်ရမည်။ ဇနီးနှင့်သားသမီးတို့အား ဤပူဇော်ခြင်း အမှုတွင် ပါဝင်ရန်နှင့် ကျေးဇူးတော်ကိုချီးမွမ်းခြင်း၊ သီချင်းကိုလည်း နံနက် နှင့်ညနေတိုင်းသီဆိုလျက် ဖခင်သည် အိမ်ထောင်၏ယဇ်ပုရောဟိတ်ဖြစ်သည် အတိုင်း မိမိကိုယ်တိုင်နှင့်မိမိ၏သားသမီးများ တစ်နေ့လုံးပြုခဲ့သောအပြစ် များအတွက် ဘုရားသခင်အားဖော်ပြဝန်ချတောင်းပန်ရမည်။ မိမိကိုယ်တိုင် သိရှိသောအပြစ်၊ လျှို့ဝှက်၍ ဘုရားသခင်သာသိမြင်နိုင်သောအပြစ်များတို့ကို ဝန်ချတောင်းပန်ရမည်။ မိမိသည် ဤအမှုများကိုဖခင်ရှိလျှင် ကိုယ်တိုင်အား ဖြင့်လည်းကောင်း၊ ဖခင်မရှိလျှင် မိခင်အားဖြင့်လည်းကောင်း စိတ်ပါစွာပြုမှု ကြလျှင် အိမ်ထောင်၌ကောင်းချီးမင်္ဂလာသက်ရောက်လိမ့်မည်။

ခင်ပွန်းနှင့်ဖခင်ဖြစ်သူအား သင်၏ဝိညာဉ်ပတ်ဝန်းကျင်သည် သန့်ရှင်းစင်ကြယ်ခြင်းနှင့်ပြည့်ဝလျက်ရှိသည်ကို အသေအချာသတိပြုပါဟု ကျွန်ုပ်တို့ပြောဆိုလိုပါသည်။ သင်သည် သခင်ခရစ်တော်အကြောင်းကို နေ့စဉ် သင်ကြားလေ့လာရမည်။ အိမ်ထောင်၌ရက်စက်ကြမ်းကြုတ်သောသဘောကို ဘယ်အခါမျှမပြုပါနှင့်။ ဤသို့ပြုသောသူသည် စာတန်၏ကိုယ်စားလှယ် များနှင့်အတူတကွ လုပ်ဆောင်သူဖြစ်၏။ ဘုရားသခင်၏အလိုတော်နှင့်အညီ ပြုလျက် သင့်အလိုဆန္ဒကို ဘုရားသခင်လက်အောက်၌ရောက်ရှိပါစေ။ သင့်ဇနီး၏အသက်တာကို ပျော်ရွှင်နှစ်သက်ဖွယ်ဖြစ်အောင် မိမိအစွမ်းရှိသမျှ

ဆောင်ရွက်ပါ။ ဘုရားသခင်၏နှုတ်ကပတ်တော်ကို သင့်အားအကြံဉာဏ် ပေးသောအရာကဲ့သို့ သဘောထားလော့။ အိမ်ထောင်တွင် နှုတ်ကပတ် တော်၏ ဩဝါဒများအတိုင်း လိုက်နာပြုကျင့်လော့။ ထိုအခါ သင်သည် အသင်းတော်၌ ထိုဩဝါဒများအတိုင်းပြုကျင့်၍ သင့်အလုပ်အကိုင်၌လည်း ထိုသို့ပြုကျင့်လိမ့် မည်။ ကောင်းကင်၏အခြေခံတရားများသည် သင်ပြုလုပ် ဆောင်ရွက်သမျှသော အမှုကိစ္စတို့ကို မြင့်မြတ်လာအောင် ပြုပြင်ပေးလိမ့်မည်။ ဘုရားသခင်၏ကောင်း ကင်တမန်တို့သည် သင့်ကိုကူညီလျက် လောကအား သခင်ခရစ်တော်အကြောင်း ကို ထင်ရှားစေကြလိမ့်မည်။

သင်၏အလုပ်အကိုင်နှင့်စပ်ဆိုင်၍ စိတ်ဒုက္ခရောက်စေသောအမှုများကို သင်၏အိမ်ထောင်သို့ယူဆောင်မလာပါနှင့်။ သင်ထင်မှတ်သည်အတိုင်း မဖြစ် ခဲ့သောအမှုကိစ္စကလေးများရှိလာသောအခါ သင်သည် သည်းခံခြင်း၊ စိတ်ရှည် ခြင်း၊ ချစ်ခင်ကြင်နာခြင်းသဘောများကို သင်သည်မပြလျှင် သင်သည် ကိုယ်တော်နှင့်တစ်လုံးတစ်ဝတည်းဖြစ်မည်အကြောင်း သင့်အတွက် မိမိ၏ အသက်ကိုစွန့်တော်မူသည်တိုင်အောင် သင့်ကိုချစ်တော်မူသောအရှင်ကိုသင်သည် အပေါင်းအဖော်အဖြစ်ရွေးချယ်ခြင်းမပြုခဲ့ကြောင်းဖော်ပြ၏။

မိမိသည် အိမ်ထောင်၏ဦးခေါင်းဖြစ်သည်ဟု အစဉ်စွဲလမ်းနေခြင်း ဖြင့် ခင်ပွန်းသည် ယောကျ်ားပီသသောသဘောကို သက်သေပြနေသည် မဟုတ်။ မိမိသည် အိမ်ထောင်၌ဩဇာအာဏာရှိကြောင်း ကျမ်းစာကိုဖော်ပြ နေခြင်းဖြင့် သူ့အပေါ်၌ရှိသေလေးစားခြင်းအမှုသည် တိုးလာမည်မဟုတ်။ မိမိ၏အကြံအစည် များသည်မမှားနိုင်၊ မပျက်နိုင်သကဲ့သို့ သားသမီးတို့၏ မိခင်ဖြစ်သောဇနီးအား ထိုအကြံများအတိုင်းလိုက်နာပြုလုပ်စေခြင်းဖြင့် သူသည် သာ၍ယောကျ်ားပီသ လာမည်မဟုတ်။ ခင်ပွန်းသည် ဇနီးကိုကာကွယ်ပေး သောသူဖြစ်စေဖို့ ဇနီး၏ ဦးခေါင်းဖြစ်လာစေရန် ထာဝရဘုရားသခင်က စီမံ ထားတော်မူ၏။ သခင် ခရစ်တော်သည် အသင်းတော်၏ဦးခေါင်းနှင့်နက်နဲ သောကိုယ်ခန္ဓာ၏ကယ်တင် ရှင်ဖြစ်တော်မူသကဲ့သို့ ခင်ပွန်းသည် အိမ်ထောင်သား များကိုစုရုံးပူးပေါင်းထား ပေးလျက် အိမ်ထောင်ကိုစည်းနှောင်ပေးသောအရာ

ဖြစ်သည်။ ဘုရားသခင်ကိုချစ်သည်ဟုဆိုသောခင်ပွန်းတိုင်းသည် မိမိ၏ အခြေ အနေ၌ ဘုရားသခင်အလိုရှိတော်မူသောစည်းကမ်းချက်တို့ကို သေချာ စွာလေ့ လာသင်ကြားပါစေ။ သခင်ခရစ်တော်သည် သတိပညာနှင့်လည်းကောင်း၊ ကြင် နာခြင်း၊ နူးညံ့သိမ်မွေ့ခြင်းနှင့်လည်းကောင်း မိမိ၏အာဏာကိုအသုံးပြု တော်မူ ၏။ ထို့အတူ ခင်ပွန်းသည် မိမိ၏အာဏာတန်ခိုးကိုအသုံးပြုလျက် အသင်း တော်၏ကြီးမြတ်သောဦးခေါင်းကို အတုယူပါစေ။[၃]

## မိဘတို့၊ သင်တို့သားသမီးတို့၏ကယ်တင်ခြင်းအတွက် အတူလုပ်ဆောင်လော့

ဖခင်နှင့်မိခင်တို့သည် ကာရံထားသောအရာကိုပယ်ရှား၍ တစ်နေ့တာ ၏အလုပ်ကို ဘုရားသခင်မြင်သကဲ့သို့သိမြင်လျက် အကန့်အသတ်မရှိသော မျက်စိတော်သည် တစ်ဦး၏အလုပ်နှင့်အခြားတစ်ဦး၏အလုပ်ကို မည်ကဲ့သို့ နှိုင်းယှဉ်ထားသည်ကို သိမြင်နိုင်ကြလျှင် သူတို့သည် ကောင်းကင်ကဖော်ပြ သောအရာကို အံ့သြကြလိမ့်မည်။ ဖခင်သည် မိမိ၏လုပ်ငန်းတို့ကို များစွာ မကြီးကျယ်လှဟု ထင်မြင်လိမ့်မည်။ မိခင်မူကား၊ မိမိ၏လုပ်ငန်းတို့ကို ရဲရင့်ခြင်း၊ အင်အားသတ္တိ၊ သတိပညာ၊ လုံ့လဝီရိယ၊ သည်းခံခြင်းတို့ဖြင့် ဆောင်ရွက်ရလိမ့်မည်။ ယခုသူမသည် ၎င်း၏တန်ဖိုးကိုသိရှိ၏။ ဖခင်သည် ပျက်စီးပျောက်ကွယ်သွားတတ်သောအရာများနှင့်ပြုမူနေရစဉ် မိခင်သည် ယခု ဘဝသာမက ထာဝရကာလအတွက် စိတ်သဘောနှင့်အကျင့်စာရိတ္တကို ပြုပြင်ပေးခြင်းအမှုကို ဆောင်ရွက်နေရ၏။[၄]

မိမိ၏သားသမီးများအတွက် ဖခင်ပြုသောတာဝန်ကို မိခင်အား ပြောင်းလွှဲမပေးနိုင်။ သူမသည် မိမိ၏တာဝန်ကိုဆောင်ရွက်နေရလျှင် ထိုတာ ဝန်သည် သူမအဖို့လုံလောက်၏။ နှစ်ဦးနှစ်ဝပူးပေါင်း၍ လုပ်ဆောင် ခြင်းဖြင့် သာ ဘုရားသခင်က သူတို့အားပေးအပ်ထားသောလုပ်ငန်းကို ဖခင်နှင့်မိခင် တို့သည် ပြီးမြောက်အောင်ဆောင်ရွက်နိုင်လိမ့်မည်။

ဖခင်သည် သားသမီးများအား ဤအသက်တာနှင့်ထာဝရကာလ အတွက် ပညာသင်ပေးခြင်းတာဝန်ကိုမရှောင်အပ်ပေ။ သူသည် တာဝန်တွင် ပါဝင်ဆောင်ရွက်ရမည်။ ဖခင်နှင့်မိခင်နှစ်ဦးစလုံး၌ တာဝန်ရှိပေသည်။ သားသမီးတို့၏ချစ်ခင်ခြင်း၊ ရိုသေခြင်းသဘောများဖြစ်ပေါ်လာစေရန် တွေ့မြင် လိုလျှင် မိဘတို့သည် မိမိတို့အချင်းချင်း၌ ထိုသို့သောသဘောများကို ထင်ရှား စေရမည်။

သားများ၏ဖခင်သည် သားများနှင့်ရင်းနှီးစွာဆက်ဆံလျက် မိမိ၏ သာ၍ကြီးကျယ်သောအတွေ့အကြုံ၏အကျိုးကျေးဇူးများကို ဖော်ပြပြီးလျှင် သူတို့ကို မိမိ၏စိတ်နှလုံးထဲ၌စွဲလမ်းနေကြောင်း ရိုးသားကြင်နာစွာ သူတို့ အားပြောပြရမည်။ သူတို့၏အကောင်းဆုံးအကျိုး၊ သူတို့၏ပျော်ရွှင်ရေးအတွက် အမြဲမြော်မြင်လျက်ရှိသည်ကို သူတို့အားသိမြင်စေရမည်။

အိမ်ထောင်တွင် သားယောကျ်ားကလေးများရှိသောသူသည် မည်သည့် အလုပ်ကို လုပ်ကိုင်ရသည့်အခါဖြစ်စေ၊ မိမိ၏လက်ထဲ၌အပ်နှံထားသော ဝိညာဉ်များကို ဘယ်အခါမျှဂရုမစိုက်ဘဲမနေအပ်။ သူသည် ဤသားများကို လောကထဲ၌ဖြစ်ပေါ်လာစေသဖြင့် မိမိတတ်နိုင်သမျှ သူတို့အား မသန့်ရှင်း သောအပေါင်းအသင်း၊ ဆိုးသောအပေါင်းအဖော်တို့မှကင်းလွတ်စေရန် ပြုလုပ်ဖို့ မိမိ၌ဘုရားသခင်အတွက်တာဝန်ရှိပေသည်။ သူသည်အငြိမ်မနေသော မိမိ၏ သားများကို မိခင်၏လက်ထဲ၌ လုံးလုံးအပ်မထားသင့်ပေ။ ဤအမှုသည် သူမအဖို့ အလွန်လေးသောတာဝန်ကြီးဖြစ်သည်။ မိခင်နှင့်သားများ၏အကောင်း ဆုံးကောင်းကျိုးအတွက် သူသည် ကိစ္စတို့ကိုစီမံကြံဆရမည်။ မိမိ၏သားသမီး များကိုသွန်သင်ဆုံးမရာ၌ ကိုယ်ကိုချုပ်တည်းဖို့နှင့်ပညာရှိစွာစီမံအုပ်ချုပ်ဖို့ မိခင်အတွက် အလွန်ခက်ခဲလိမ့်မည်။ ဤကိစ္စမျိုးဖြစ်ခဲ့လျှင် ဖခင်သည် တာဝန်ကိုပိုမို၍ မိမိကိုယ်တိုင်ဆောင်ရွက်ရမည်။ မိမိ၏သားသမီးများကို ကယ်ဆယ်ရန် သေချာစွာကြိုးစားအားထုတ်ဖို့ သူသည် စိတ်ပြဌာန်းရမည်။၁

## သားသမီးအရေးအတွက်တွင်အကြံပေးချက်

သားသမီးများသည် ထာဝရဘုရားပေးသနားတော်မူသောအမွေဖြစ်၍ ထာဝရဘုရား၏ဥစ္စာကို စီမံအုပ်ချုပ်ခြင်းအတွက် ကျွန်ုပ်တို့သည် ထာဝရဘုရားအားပြုအပ်သောတာဝန်ရှိပေသည်။ "ထာဝရဘုရားပေးတော်မူသော သားသမီးတို့နှင့် ကျွန်ုပ်ကိုကြည့်ပါ" ဟု ဘုရားသခင်အားဝမ်းမြောက်စွာ လာရောက်ပြောရသည်တိုင်အောင် မိဘတို့သည် မိမိတို့၏အိမ်ထောင်များ အတွက် မေတ္တာနှင့်လည်းကောင်း၊ ယုံကြည်ခြင်းနှင့်လည်းကောင်း၊ဆုတောင်း ခြင်းနှင့်လည်းကောင်း လုပ်ဆောင်ရကြမည်။

သားသမီးအသီးအသီးသည် သင့်လျော်စွာသွန်သင်ခြင်းရရှိနိုင်မည်အကြောင်း၊ မိခင်သည် မိမိ၏ကလေးသူငယ်များအား ကောင်းကင်တမန်၏အပေါင်းအသင်းအတွက် စည်းကမ်းနှင့်သွန်သင်ပေးရာတွင် မိမိ၏ဉာဏ်ပညာကိုအသုံးချရန် ခွန်အားနှင့်အချိန်ကိုရရှိနိုင်မည်အကြောင်း မိဘတို့အား ဆင်ခြင်တိုင်းထွားတတ်သောသူများအဖြစ်နှင့်နေထိုင်ပြုမူစေခြင်းငှာ ဘုရားသခင် သည် အလိုရှိတော်မူ၏။ သူမ၏သားသမီးများသည် အိမ်ထောင်နှင့်အပေါင်း အသင်းတို့အတွက် ကောင်းချီးမင်္ဂလာဖြစ်လာနိုင်ကြမည်အကြောင်း သူမသည် မိမိ၏တာဝန်ကို မြင့်မြတ်စွာထမ်းဆောင်၍ ဘုရားသခင်ကိုကြောက်ရွံ့ခြင်း၊ ချစ်ခြင်းနှင့် မိမိ၏အလုပ်ကိုလုပ်ကိုင်နိုင်ရန် သူမ၌ရဲရင့်ခြင်းရှိရမည်။

ဇနီးနှင့်သားသမီးတို့၏မိခင်သည် ပင်ပန်း၍ စိတ်ပျက်ခြင်းမရှိစေခြင်းငှာ ခင်ပွန်းနှင့်ဖခင်သည် ဤအရာအပေါင်းကိုဆင်ခြင်ရမည်။ သားသမီးတို့သည် သင့်လျော်စွာ သွန်သင်ခြင်းမခံရကြသဖြင့် သူမ၏များပြားသောသားသမီးများအတွက် မှန်ကန်စွာမပြုလုပ်နိုင်သောအခြေအနေသို့ သားသမီးတို့၏မိခင်သည် ရောက်ရှိမသွားရမည်အကြောင်း သူသည်ကြည့်ရှုစီမံရမည်။

ကြီးကျယ်သောအိမ်ထောင်ကို မှန်ကန်စွာပြုစုနိုင်မည်၊ မပြုစုနိုင်မည်ကိုမဆင်ခြင်ဘဲ စောင့်ရှောက်ခြင်းနှင့်သွန်သင်ခြင်းအတွက် မိဘတို့ကိုလုံးလုံးအားကိုးနေရသော ဤသားသမီးများနှင့် မိမိတို့၏အိမ်ထောင်တို့ကိုပြည့်နေ

စေကြသော မိဘများရှိကြသည်။ ဤအရာသည် မိခင်အတွက်သာမက သူမ၏သားသမီးများနှင့်အပေါင်းအသင်းအတွက် နစ်နာစရာကောင်းသောအမှားတစ်ခုဖြစ်ပေသည်။

တစ်နေ့ပြီးတစ်နေ့ မိခင်၏ရင်ခွင်၌ သားသမီးကိုပြုစုနေရခြင်းသည် သူမအဖို့ များစွာမမှန်သောအမှုဖြစ်သည်။ ပေါင်းသင်းဆက်ဆံရေးအမှုကို နည်းပါးစေ၍ တစ်ခါတစ်ရံပျက်ကွက်စေလျက် အိမ်မှုကိစ္စဒုက္ခများကို တိုးပွားစေ၏။ မိဘတို့၏တာဝန်အတိုင်း သားသမီးတို့အားပြုစုစောင့်ရှောက်ခြင်း၊ ပညာသင်ပေးခြင်း၊ ပျော်ရွှင်အောင်ထားရခြင်းအမှုတို့ကို မပြုလုပ်နိုင်ချေ။

မိမိတို့၏သားသမီးများအတွက် မည်ကဲ့သို့စီမံပြုလုပ်ထားသည်ကို မိဘများသည် သေချာစွာဆင်ခြင်စဉ်းစားရကြမည်။ အခြားသူတို့အတွက် တာဝန်ဖြစ်စေရန် လောကထဲသို့ သားသမီးများကိုမွေးဖွားလာစေဖို့ သူတို့၌ အခွင့်အရေးမရှိ။

သားသမီးတို့၏ကံကြမ္မာကို မည်မျှနည်းသောသူတို့သာ စဉ်းစားကြသနည်း။ ကာမဂုဏ်စိတ်ကို အလိုဖြည့်ရန်သာစဉ်းစားကြ၍ ဇနီးနှင့်မိခင်အပေါ်သို့ မိမိ၏အသက်ရှင်ခြင်းနှင့်စွမ်းအားကိုပျက်စီးစေ၍ ဝိညာဉ်တန်ခိုးကိုသေစေသောတာဝန်များကို သက်ရောက်စေ၏။ မကျန်းမာ၍စိတ်ပျက်နေသောအခြေအနေ၌ စောင့်ရှောက်သင့်သည့်အတိုင်း မစောင့်ရှောက်နိုင်သောသားသမီးများနှင့် သူမသည် ဝန်းရံလျက်ရှိလေပြီ။ သူတို့ရသင့်သောဆုံးမသွန်သင်ခြင်းကိုမရကြသဖြင့် သူတို့သည် ဘုရားသခင်ကိုရှုတ်ချ၍ မိမိတို့၏သဘောမျိုးကို အခြားသူတို့အားဖော်ပြရန် ကြီးပွားလာကြ၏။ ထိုသူတို့အားဖြင့် စာတန်သည် မိမိသဘောအတိုင်းအုပ်ချုပ်စီမံနိုင်သောအဖွဲ့အစည်းကို ဖြစ်ပေါ်လာစေလေ၏။[၆]

---o---

## အခန်း (၃၄)
# ခရစ်ယာန်အိမ်ထောင်

နေအိမ်ကိုရွေးသောအခါ၌ ပထမဦးစွာ ကျွန်ုပ်တို့နှင့်ကျွန်ုပ်တို့၏ အိမ်ထောင်များပတ်ဝန်းကျင်တွင် ဘာသာရေးကို ကျွန်ုပ်တို့အားဆင်ခြင်စေဖို့ ဘုရားသခင်သည် အလိုရှိတော်မူ၏။

နေအိမ်အတွက်နေရာရွေးသောအခါ ဤရည်ရွယ်ချက်ရှိပါစေ။ ဥစ္စာစည်းစိမ်လိုလားသောဆန္ဒ၊ ခေတ်ဆန်မှုကိုနှိုးဆော်စိတ် (သို့မဟုတ်) အပေါင်းအသင်း၏အကျင့်ဓလေ့များတို့ကို စဉ်းစားမနေနှင့်။ ရိုးသားခြင်း၊ သန့်ရှင်းဖြူစင်ခြင်း၊ ကျန်းမာခြင်းနှင့်တကယ်တန်ဖိုးရှိခြင်းတို့ကို အများဆုံးဖော်ပြသောအရာကိုဆင်ခြင်ပါ။

လူတို့၏အလုပ်များကိုသာမြင်နိုင်သောအရာ၊ ကြားရ၊ မြင်ရသောအရာများက မကောင်းသောအမှုတို့ကိုကြံစည်ဖို့ရန် မကြာခဏနှိုးဆော်သောနေရာ၊ နှောင့်ယှက်ရှုပ်ထွေးသောအရာများက ပင်ပန်းခြင်း၊ မငြိမ်သက်ခြင်းကိုဖြစ်စေသောနေရာတို့၌ နေထိုင်ကြမည့်အစား ဘုရားသခင်၏အလုပ်များကိုသင်တို့ကြည့်ရှုဆင်ခြင်နိုင်သောနေရာသို့သွားကြလော့။ သဘာဝ၏လှပတင့်တယ်၊ တိတ်ဆိတ်၊ ငြိမ်သက်ခြင်းအမှုတွင် စိတ်ငြိမ်သက်မှုကိုရှာပါ။ စိမ်းလန်းသောလယ်ပြင်၊ တောအုပ်ငယ်များနှင့်တောင်ပူစာများကိုကြည့်ရှုပါ။ မြို့၏ဖုန်နှင့်မီးခိုးများကင်းသော ကောင်းကင်ပြာကိုမျှော်ကြည့်လျက် ခွန်အားပြည့်စေသော ကောင်းကင်လေကိုရှူရှိုက်ပါ။

ဘုရားသခင်က လမ်းဖွင့်ပေးတော်မူသောအခါ အိမ်ထောင်များသည် မြို့ထဲမှထွက်သွားရသောအချိန်ရောက်လိမ့်မည်။ သားသမီးများကို တောရွာသို့ခေါ်ဆောင်သွားရမည်။ မိဘတို့သည် ငွေကြေးတတ်နိုင်သလောက်သင့်လျော်သောနေရာကို ရွေးချယ်ရကြမည်။ နေအိမ်သည်သေးငယ်သော်လည်း ၎င်းနှင့်သက်ဆိုင်၍သစ်ပင်များစိုက်ပျိုးရန် မြေကွက်တစ်ကွက်ရှိသင့်သည်။

မြေတစ်ကွက်နှင့်နေအိမ်တစ်ဆောင်စီရှိကြသော ဖခင်နှင့်မိခင်များတို့သည် ရှင်ဘုရင်နှင့်မိဖုရားများဖြစ်ကြသည်။

တတ်နိုင်လျှင် အိမ်သည်မြို့ပြင်တွင်ရှိ၍ သားသမီးတို့သည် သစ်ပင်များစိုက်ပျိုးရန် မြေကွက်များရှိအပ်သည်။ သူတို့အသီးအသီး၌ မြေကွက်တစ်ခုစီရှိရမည်။ ၎င်းပြင် မည်ကဲ့သို့ဥယျာဉ်စိုက်ပျိုးရန်၊ သစ်စေ့များအတွက် မြေကြီးကိုမည်ကဲ့သို့ပြုပြင်ရန်၊ ၎င်းပြင် တောပင်မြက်ပင်တို့ကို အားလုံးရှင်းလင်းရန် အရေးကြီးကြောင်းတို့ကို သွန်သင်နေစဉ်အခါ အသက်တာ၌ မသင့်လျော်၍ ဘေးဖြစ်စေတတ်သောအရာတို့ကိုပယ်ရှားထားဖို့ အရေးကြီးကြောင်းကိုလည်းသွန်သင်ပေးပါ။ ဥယျာဉ်တွင် တောပင်မြက်ပင်တို့ကိုရှင်းလင်းသောအခါ မှားသောအကျင့်ဓလေ့တို့ကိုပယ်ရှားရန် သူတို့ကိုသွန်သင်ပါ။ ဤသင်ခန်းစာများကိုသွန်သင်ပေးရန် အချိန်ကုန်လိမ့်မည်။ သို့ရာတွင် များစွာအကျိုးဖြစ်ထွန်းစေလိမ့်မည်။

သတ္တိရှိလျက်ကြိုးစား၍ ဘဏ္ဍာများကိုရှာဖွေလိုသောဆန္ဒရှိသောသူအတွက် မြေကြီးထဲ၌ဝှက်ထားသောကောင်းချီးမင်္ဂလာများရှိပါသည်။ အများသောလယ်သမားတို့သည် မိမိတို့၏လုပ်ငန်းကိုအောက်ကျသောအမှုဟု ထင်မှတ်ကြသောကြောင့် မိမိတို့၏လယ်ထဲမှသင့်လျော်သောအကျိုးကိုမခံစားရကြ။ မိမိတို့နှင့်အိမ်ထောင်သားများအတွက် မိမိတို့၏လယ်ကွက်ထဲတွင် ကောင်းချီးမင်္ဂလာရှိသည်ကို သူတို့သည်မသိမမြင်ကြ။

မိမိတို့ဝန်ခံပြောဆိုသောသမ္မာတရားကို ပတ်ဝန်းကျင်ရှိလူများကလက်ခံလာအောင်ပြုလုပ်ဖို့ မိဘတို့သည် ဘုရားသခင်၌တာဝန်ရှိကြသည်။ ထိုနောက် သူတို့သည် သားသမီးတို့အား မှန်ကန်သောသင်ခန်းစာများ ကိုသင်ပေးနိုင်သဖြင့် သားသမီးတို့သည် အောက်အရပ်ရှိအိမ်ထောင်နှင့် အထက်အရပ်ရှိအိမ်ထောင်ကိုဆက်သွယ်ဖို့ သိရှိနားလည်လာကြလိမ့်မည်။ တတ်နိုင်သမျှ ဤမြေကြီးပေါ်ရှိသောအိမ်ထောင်သည် ကောင်းကင်အိမ်ထောင် ၏ပုံပမာဖြစ်ရမည်။ ထိုအခါ ယုတ်ညံ့အောက်ကျသောအရာတို့ကိုလိုက်စားရန် သွေးဆောင်ခြင်းအမှုများသည် ပျောက်ကွယ်ကုန်ကြလိမ့်မည်။ သားသမီး

တို့သည် အစမ်းထားသူများသာဖြစ်၍ ကိုယ်တော်ကိုချစ်လျက် ပညတ်တော်ကိုစောင့်ရှောက်သူတို့အတွက် သခင်ခရစ်တော်ပြင်ဆင်နေသောအခန်းများတွင် နေရမည့်သူများဖြစ်ကြောင်း သူတို့အားသွန်သင်ပေးပါ။ ဤအမှုသည် မိဘများအတွက် အမြတ်ဆုံးသောလုပ်ငန်းဖြစ်သည်။

လူနေဖို့အိမ်အားလုံးသည် တတ်နိုင်သမျှမြင့်၍ ကောင်းစွာရေစီးဆင်းနိုင်သောနေရာဖြစ်ရမည်။ ဤနေရာမျိုးသည် ခြောက်သွေ့နေလိမ့်မည်။ ဤကိစ္စကိုအများအားဖြင့် ပေါ့ပေါ့ဆဆထင်မှတ်ကြသည်။ စွတ်စိုထိုင်းမှိုင်းခြင်းနှင့်မြေနိမ့်လျက် ရေကောင်းစွာမစီးသောနေရာရှိ ၄က်ဖျားရောဂါပိုးတို့ကြောင့် အမြဲဆက်လက်နာဖျားခြင်း၊ ပြင်းထန်သောရောဂါဝေဒနာနှင့်သေခြင်းတို့ကို ဖြစ်စေတတ်သည်။

အိမ်များကိုဆောက်လုပ်ရာ၌ လေကောင်းလေသန့်နှင့်နေရောင်ခြည်ကောင်းစွာရရှိဖို့အရေးကြီးသည်။ အိမ်ခန်းတိုင်းတွင် လေများစွာဝင်ထွက်စေလျက် အလင်းကောင်းကောင်းဝင်ပါစေ။ နေ့၊ ည လေကောင်းစွာဝင်ထွက်နိုင်စေရန် အိပ်ခန်းများကိုစီမံထားရမည်။ နေ့စဉ်လေနှင့်နေရောင်ခြည်ကိုမရရှိသောအခန်းတွင် အိပ်ဖို့မသင့်။

ခပ်ကျဲကျဲသစ်ပင်ကြီးများနှင့်သစ်ပင်ငယ်အချို့ရှိ၍ အိမ်နှင့်သင့်လျော်သောနေရာတွင်တည်ရှိသောဥယျာဉ်သည် အိမ်ထောင်အတွက်ပျော်ရွှင်ဖွယ်ဖြစ်စေ၏။ ၎င်းပြင် သေချာစွာဂရုစိုက်ပြုစုလျှင် ကျန်းမာရေးကိုမထိခိုက်ပါ။ သို့သော် အိမ်အနီး၌အုပ်နေသောသစ်ပင်ကြီးများနှင့် သစ်ပင်ငယ်များသည် လေကောင်းလေသန့်နှင့်နေရောင်ခြည်ကို ကာကွယ်တားဆီးထားသဖြင့် ကျန်းမာခြင်းကိုထိခိုက်စေလိမ့်မည်။ ၎င်းပြင် အထူးသဖြင့် မိုးကိုစိုစွတ်ထိုင်းမှိုင်းနေစေတတ်သည်။

## အိမ်ထောင်ပစ္စည်းတို့သည်ရိုးရိုးနှင့်အဖိုးချိုရမည်

သင်၏အိမ်တွင် အကိုင်အတွယ်ခံ၍ အလွယ်တကူသန့်ရှင်းစင်ကြယ်အောင်ထားနိုင်လျှင် အဖိုးသက်သာစွာ အစားသွင်းထားနိုင်သောပစ္စည်းရိုးရိုး

တို့ကိုထားပါ။ ကောင်းစွာဝေဖန်ခြင်းအားဖြင့် အိမ်ထောင်တွင် မေတ္တာနှင့် ရောင့်ရဲခြင်းရှိလျှင် သင်၏အိမ်ရိုးရိုးကိုပင်နှစ်သက်ဖွယ်၊ စိတ်ဝင်စားဖွယ်ဖြစ် အောင် ပြင်ဆင်ထားနိုင်သည်။

ကြီးကျယ်ခမ်းနားစွာပြင်ဆင်ပြသထားခြင်းဖြင့် ပျော်မွေ့ခြင်းကိုမရနိုင်။ ရိုးရိုးကလေးနှင့်နေရာတကျအိမ်ကိုပြင်ဆင်ထားလျှင် ထိုအိမ်သည် သာ၍ ပျော်စရာကောင်း၏။ သားသမီးများအား မိမိတို့အိမ်တွင်ရောင့်ရဲ၍ ပျော်ရွှင် စေရန် အလွန်အဖိုးတန်သောခြဥယျာဉ်များနှင့် ဈေးကြီးသောပစ္စည်းများကို လိုသည်မဟုတ်။ မိဘများသည် သူတို့ကိုကြင်နာချစ်ခင်၍ ကောင်းစွာဂရုစိုက် စောင့်ရှောက်ဖို့လိုပေသည်။◦

သင်သည် အိမ်ထောင်၌ သင့်လျော်သောအကျင့်နှင့်ပုံသက်သေပြ ဖို့ရန် ဘုရားသခင်အတွက်တာဝန်ရှိပေသည်။ ကောင်းကင်၌မသေသပ်ခြင်း အမှုမရှိ၊ ၎င်းပြင် သင့်အိမ်သည် မြေကြီးပေါ်၌ကောင်းကင်ကဲ့သို့ဖြစ်ရမည် ကိုသတိပြုပါ။ အိမ်၌တစ်နေ့ပြီးတစ်နေ့ သေးငယ်သောအရာများကို သစ္စာ နှင့်ဆောင်ရွက်ခြင်း၌ သင်သည် ဘုရားသခင်နှင့်လုပ်ဖော်ဆောင်ဖက်ဖြစ်၍ ခရစ်ယာန်အကျင့်ကို စုံလင်စေကြောင်းသတိပြုပါ။

မိဘတို့၊ သင်တို့သည် သားသမီးတို့၏ကယ်တင်ခြင်းအတွက် လုပ်ဆောင်နေကြသည်ကို သတိပြုကြပါ။ သင်တို့၏အကျင့်ဓလေ့များသည် မှန်ကန်လျှင် သင်သည်သေသပ်စည်းကမ်းရှိခြင်း၊ ဖြောင့်မတ်ခြင်းနှင့်မြတ် သောအကျင့်၊ ကိုယ်ခန္ဓာ၊ စိတ်ဝိညာဉ်၌သန့်ရှင်းခြင်းတို့ကိုပြလျှင် သင်တို့သည် လောက၏အလင်းဖြစ်၏ဟု ရွေးနုတ်ရှင်မိန့်တော်မူသောစကားများနှင့် သင်သည်ညီညွတ်၏။

ကလေးသူငယ်များအား အလွန်ငယ်ရွယ်စဉ်အခါကပင် မိမိတို့၏ အဝတ်အထည်တို့ကိုဂရုစိုက်၍ သိမ်းဆည်းထားရန်သွန်သင်ပေးပါ။ သူတို့ ၏ပစ္စည်းများကိုထားရန် နေရာတစ်ခုပြုလုပ်ပေးပါ။ အဝတ်များကိုသေသပ်စွာ ခေါက်လျက် နေရာတကျထားရန်သွန်သင်ပေးပါ။ အဖိုးနည်းသောဗီရိုကိုပင် မဝယ်နိုင်လျှင် ထင်းရှူးသေတ္တာတစ်ခုကိုအဆင့်များပြုလုပ်ပြီးမှ လုပသောအရပ်

များပါသည့်အဝတ်ဖြင့် ဖုံးအုပ်ပေးပါ။ ဤကဲ့သို့သေသပ်စည်းကမ်းရှိအောင် နေ့စဉ်သွန်သင်ပေးခြင်းသည် အချိန်ကုန်သော်လည်း နောင်အခါသားသမီး တို့၌ အကျိုးဖြစ်ထွန်းစေလျက် သင်သည် သက်သာလာလိမ့်မည်။

အချို့မိဘများသည် မိမိတို့၏သားသမီးများအား အရာဝတ္ထုတို့ကို ဖျက်ဆီးစေတတ်ဖို့ သူတို့မကိုင်သင့်သောအရာများကို ကစားစရာအဖြစ် ကိုင်တွယ်ဖို့ အခွင့်ပြုတတ်ကြသည်။ အခြားသူတို့၏ပစ္စည်းများကိုမကိုင်ရန် သားသမီးများအားသွန်သင်ရမည်။ အိမ်ထောင်၏သက်သာခြင်း၊ ပျော်ရွှင်ခြင်း အတွက် သူတို့သည် သင့်လျော်သောအကျင့်နှင့်ဆိုင်သောစည်းကမ်းများကို လိုက်နာဖို့သင်ကြားရကြမည်။ သားသမီးများအား မြင်သမျှကိုကိုင်တွယ်ဖို့ အခွင့်ပေးသောအခါ သူတို့သည် ပျော်ရွှင်ခြင်းကိုမရနိုင်။ သူတို့အား ဂရုစိုက်၍ ကိုင်တွယ်ဖို့ သွန်သင်မပေးလျှင် သူတို့သည် မနှစ်သက်ဖွယ်သောအကျင့်၊ ဖျက်ဆီးတတ်သောအကျင့်နှင့်ကြီးလာကြလိမ့်မည်။

အလွယ်တကူကွဲတတ်သောကစားစရာများကို သားသမီးများအား မပေး ပါနှင့်။ ဤသို့ပြုခြင်းသည် သူတို့အားဖျက်ဆီးတတ်ဖို့သင်ပေးခြင်းဖြစ်၏။ သူတို့အားကစားစရာအနည်းငယ်ကိုသာပေး၍ ၎င်းတို့သည် ခိုင်ခံ့ပြီး တာရှည်ခံ ရမည်။ ဤအကြံအစည်များသည် သေးငယ်သောအရာများဟု ထင်မြင်ရသော် လည်း ကလေးသူငယ်အား သွန်သင်ပေးခြင်းအမှုတွင် များစွာတန်ဖိုးရှိပေသည်။၂

(1) AH, 131-155; (2) CG, 110,111; 101,102.

---o---

# အခန်း (၃၅)
# အိမ်ထောင်တွင်ဝိညာဉ်ရေးသြဇာများ

ကျွန်ုပ်တို့သည် မိမိတို့၏အိမ်ထောင်များ၌ ဘုရားသခင်၏ကယ်တင်ခြင်းကိုရရှိနိုင်ပါသည်။ သို့ရာတွင် ကျွန်ုပ်တို့သည် ၎င်းအတွက်ယုံကြည်ရမည်၊ ၎င်းအတွက်အသက်ရှင်ရမည်။ ၎င်းပြင် ဘုရားသခင်၌အစဉ်အမြဲဆက်လက်၍ ယုံကြည်အားကိုးရကြမည်။ ဘုရားသခင်၏နှုတ်ကပတ်တော်က ကျွန်ုပ်တို့အား တားမြစ်ထားသောအရာသည် ကျွန်ုပ်တို့၏အကျိုးအတွက်ဖြစ်ပေသည်။ ၎င်းပြင် ကျွန်ုပ်တို့အိမ်ထောင်နှင့် ကျွန်ုပ်တို့ပတ်လည်ရှိလူအပေါင်းတို့၏ပျော်ရွှင်ရေးကိုတိုးပွားစေ၏။ ၎င်းတို့သည် ကျွန်ုပ်တို့၏ဝါသနာကိုစင်ကြယ်စေ၏။ ကျွန်ုပ်တို့၏ဝေဖန်ခြင်းသဘောကိုသန့်ရှင်းစေ၍ စိတ်ငြိမ်သက်ခြင်းနှင့်အဆုံး၌ ထာဝရအသက်ကိုရရှိစေ၏။ စောင့်ရှောက်သောကောင်းကင်တမန်တို့သည် ကျွန်ုပ်တို့၏အိမ်များပတ်လည်တွင် သွားလာနေကြလျက် ဝိညာဉ်အသက်တာ၌ ကျွန်ုပ်တို့၏တိုးတက်ခြင်းအကြောင်းကို ကောင်းကင်သို့ဝမ်းမြောက်စွာသတင်းပို့ကြသဖြင့် မှတ်တမ်းရေးသောကောင်းကင်တမန်များက အားရဝမ်းမြောက်ဖွယ်မှတ်တမ်းကို ရေးမှတ်ကြလိမ့်မည်။

အိမ်ထောင်အသက်တာ၌ သခင်ခရစ်တော်၏ဝိညာဉ်တော်သည် အမြဲသြဇာညောင်းလျက်ရှိလိမ့်မည်။ ယောကျ်ား၊ မိန်းမတို့သည် ကောင်းကင်မှသက်ရောက်စေသော သမ္မာတရားနှင့်မေတ္တာကိုလက်ခံရန် မိမိတို့၏ စိတ်နှလုံးကိုဖွင့်ပေးကြလျှင် ဤအခြေခံတရားများသည် သဲကန္တာရတွင် ရှိချောင်းရေကဲ့သို့တစ်ဖန်စီးဆင်းလာကြ၍ အရာခပ်သိမ်းကိုအားပြည့်စေသဖြင့် ယခုသစ်ပင်ကင်းမဲ့၍ ခြောက်သွေ့သောနေရာတွင် လန်းဆန်းစိမ်းလန်းနေစေ လိမ့်မည်။၂

အိမ်ထောင်၌ဘာသာတရားကိုဂရုမစိုက်ခြင်း၊ သင်တို့၏သားသမီးများကိုသွန်သင်ခြင်းမပြုဘဲနေခြင်းအမှုကို ဘုရားသခင်သည် နှစ်သက်တော်မမူ။သင်တို့၏သားသမီးတစ်စုံတစ်ယောက်သည် မြစ်ထဲ၌ပုတ်ခတ်နေ၍

နစ်လုမတတဒုက္ခရောက်နေလျှင် မည်မျှလှုပ်ရှားခြင်းရှိမည်နည်း။ လူ၏အသက်ကိုကယ်ဆယ်ရန် မည်မျှကြိုးစားရမည်နည်း၊ မည်မျှဆုတောင်းကြ မည်နည်း၊ မည်မျှစိတ်အားထက်သန်မှုကိုပြကြမည်နည်း။ သို့ရာတွင် ဤ နေရာ၌ သင်တို့၏သားသမီးတို့သည် သခင်ခရစ်တော်နှင့်ကင်းကွာနေကြ လျက် သူတို့၏ဝိညာဉ်သည် ကယ်တင်ခြင်းမခံရကြ။ သူတို့သည်ရိုင်းစိုင်း၍ ယဉ်ကျေးခြင်းမရှိတတ်ကြ၊ ကြွလာတော်မူခြင်းကိုမျှော်လင့်သော အသင်း၏ နာမည်ကိုကဲ့ရဲ့စရာဖြစ်လိမ့်မည်။ သူတို့သည် လောက၌ မျှော်လင့်ခြင်း ကင်းလျက် ဘုရားမဲ့ဖြစ်ပြီးပျက်စီးနေကြ၏။ ၎င်းပြင် သင်တို့သည် သူတို့ကိုဂရုမစိုက် အမှုမထားဘဲနေကြ၏။

လူများတို့အား ဘုရားသခင်ထံမှဝေးကွာသွားစေရန် စာတန်သည် အမျိုးမျိုးကြိုးစား၍သွေးဆောင်၏။ လောကီအလုပ်အကိုင်၌ စိုးရိမ်ကြောင့်ကြခြင်းဖြင့် ဘာသာတရားကိုလိုက်စားသောအသက်တာသည် ပျောက်ကွယ်သွားသောအခါ လောကီအလုပ်အကိုင်၌ စိတ်ဝင်စားနေစဉ် ကျမ်းစာဖတ်၍ တိတ်ဆိတ်စွာဆုတောင်းလျက် နံနက်နှင့်ညဦးတွင် ကျေးဇူးတော်ချီးမွမ်းခြင်း ယဇ်ကို ယဇ်ပလ္လင်ပေါ်၌ပူဇော်ရန် သူတို့သည် အချိန်မရကြသောအခါ စာတန်သည် မိမိ၏ရည်ရွယ်ချက်တွင် အောင်မြင်လာ၏။ လှည့်ဖြားသော သူ၏ ပရိယာယ်ကို သိနားလည်သောသူ မည်မျှနည်းသနည်း။ သူ၏အကြံအစည်ကိုမသိရှိသောသူ မည်မျှရှိကြသနည်း။၂

## နံနက်နှင့်ညဥ့်ဦးယံဝတ်ပြုခြင်း

မိခင်၊ ဖခင်တို့၊ နံနက်နှင့်ညဥ့်ဦးယံအချိန်တွင် မိမိတို့၏သားသမီးများကိုစုရုံးစေပြီးလျှင် အကူအညီရရှိရန် ဘုရားသခင်ထံနှိမ့်ချခြင်းနှင့်ဆုတောင်းလျက် မိမိတို့၏စိတ်နှလုံးကိုအပ်ပေးကြပါ။ သင်တို့၏ချစ်ခင်သော သားသမီးတို့သည် စုံစမ်းခြင်းကိုတွေ့ဆုံတတ်ကြသည်။ လူငယ်နှင့်လူကြီးတို့၏လမ်း တွင် နေ့စဉ်အနှောင့်အယှက်များကို ကြုံရတတ်ကြသည်။ သည်းခံ၊ ချစ်ခင်၍

အားရဝမ်းမြောက်ဖွယ်အသက်တာမျိုး၌ နေ့စဉ်အသက်ရှင်သွားလိုသောသူသည် ဆုတောင်းရမည်။ ဘုရားသခင်ထံမှ အမြဲအကူအညီရသောသူတို့သာလျှင် မိမိ ကိုယ်ကိုအောင်မြင်နိုင်သည်။

အိမ်တိုင်းသည် ဆုတောင်းရာအိမ်ဖြစ်ဖို့ အကောင်းဆုံးအချိန်သည် ယခုအချိန်ဖြစ်သည်။ မယုံကြည်ခြင်း၊ သစ္စာပျက်ခြင်းအမှုများဖြစ်ပေါ်နေ၏။ အပြစ်ဒုစရိုက်သည်တိုးပွားများပြားလာ၏။ ဝိညာဉ်တို့၏အရေးကြီးသောလမ်း များတွင် ပျက်စီးခြင်းအမှုများတည်ရှိလာ၍ အသက်တာ၌ ဘုရားသခင်ကို ပုန်ကန်ခြင်းအမှုသည် ဖြစ်ပေါ်လာ၏။ ဒုစရိုက်၏ကျွန်ဖြစ်လာသဖြင့် အကျင့် နှင့် ဆိုင်သောသတ္တိတို့ကို စာတန်သည် ရက်စက်စွာအုပ်စိုးနေ၏။ ဝိညာဉ်သည် စာတန်၏သွေးဆောင်ခြင်းတွင် သားကောင်ကဲ့သို့ဖြစ်နေ၏။ ၎င်းပြင် ခွန်အား ကြီးသောလက်ရုံးသည် လူအားကယ်ဆယ်ခြင်းမပြုပါလျှင် သူသည်ပုန်ကန် သောသူ၏နောက်သို့ လိုက်ပါသွားလိမ့်မည်။

သို့ရာတွင် ကြောက်စရာကောင်းသောဘေးများရှိနေသော ဤအချိန် တွင် ခရစ်ယာန်ဟုခေါ်သောသူအချို့တို့သည် အိမ်ထောင်ဝတ်ပြုစည်းဝေးကို မပြုလုပ်ကြ။ သူတို့သည် အိမ်ထောင်၌ ဘုရားသခင်ကိုချီးမြှောက်ခြင်းမပြု ကြ။ သူတို့၏သားသမီးများအား ဘုရားသခင်ကိုချစ်၍ကြောက်ရွံ့ရန် သွန်သင် မပေးကြ။ အများသောသူတို့သည် ဘုရားသခင်ထံမှဝေးကွာစွာခွဲခွာနေရသဖြင့် ဘုရားသခင်၏အထံတော်သို့ချဉ်းကပ်လျှင် အပြစ်သင့်လိမ့်မည်ဟုထင်မှတ်ကြ သည်။ သူတို့သည် "အမျက်ထွက်ခြင်း၊ ငြင်းခုံခြင်းမရှိဘဲ သန့်ရှင်းသော လက်ကိုချီ၍ဆုတောင်းစေခြင်းငှာ" "ကျေးဇူးတော်ပလ္လင်သို့တိုးဝင်ချဉ်းကပ် ခြင်း" မပြုလုပ်နိုင်ကြချေ။ (၁တိ ၂း၈။ ဟေဗြဲ ၄း၁၆)။ သူတို့သည် ဘုရား သခင်နှင့်အမြဲဆက်သွယ်ခြင်းမရှိကြ။ သူတို့၏ဝတ်ပြုကိုးကွယ်ခြင်းသည် တန်ခိုး မရှိသော ဝတ်ပြုကိုးကွယ်ယောင်ဆောင်ခြင်းဖြစ်သည်။

"ဆုတောင်းခြင်းသည် လိုအပ်သောအရာမဟုတ်" ဟူသော ထင်မြင် ချက်သည် ဝိညာဉ်များကိုပျက်စီးစေရန် စာတန်၏အလွန်အောင်မြင်သော အကြံ အစည်တစ်ခုဖြစ်သည်။ ဆုတောင်းခြင်းသည် ဥာဏ်ပညာ၏စမ်းရေတွင်း၊

ခွန်အား၊ ငြိမ်သက်ခြင်းနှင့်ဝမ်းမြောက်ခြင်းတို့ကို အစပြုပေးတော်မူသောအရှင်၊ ဘုရားသခင်နှင့်ဆက်ဆံခြင်းဖြစ်သည်။ သခင်ယေရှုသည် ခမည်းတော်အား "ကြီးစွာသောကြွေးကြော်ခြင်း၊ မျက်ရည်ကျခြင်းနှင့်" ဆုတောင်းတော်မူ၏။ မိမိတို့အလိုရှိသောအရာတို့ကို ဘုရားသခင်အားဖော်ပြလျက် ကျေးဇူးတော်ချီးမွမ်းခြင်းနှင့်အရာခပ်သိမ်းတွင် ပတ္ထနာပြုလျက်၊ အသနားခံလျက် "မခြားမလပ်ဆုတောင်းကြလော့" ဟု ပေါလုက ယုံကြည်သောသူတို့အား ဆုံးမဩဝါဒပေးထား၏။ ယာကုပ်က၊ "အချင်းချင်းတို့အဖို့ဆုတောင်းကြလော့။ သူတော်ကောင်းဆုတောင်း၍ အရှိန်ကြီးသောပတ္ထနာသည် အလွန်တန်ခိုးပါ၏" ဟု ပြောဆိုထား၏။ (ဟေဗြဲ ၅း၇။ ၁သက် ၅း၁၇။ ယာ၊ ၅း၁၆)။

ရိုးသား၊ စိတ်အားကြီးစွာဆုတောင်းခြင်းအားဖြင့် မိဘတို့သည် သားသမီးတို့ပတ်လည်၌ အကာအကွယ်ကိုပြုလုပ်ထားရကြမည်။ ဘုရားသခင်သည် မိမိတို့နှင့်အတူနေတော်မူ၍ သန့်ရှင်းသောကောင်းကင်တမန်တို့သည် မိမိတို့နှင့်သားသမီးတို့အား စာတန်၏ရက်စက်သောအာဏာတန်ခိုးလက်မှ ကာကွယ်စောင့်ရှောက်မည်အကြောင်း သူတို့သည် လုံးလုံးယုံကြည်ခြင်းနှင့် ဆုတောင်းရကြမည်။

အိမ်ထောင်တိုင်းတွင် နံနက်နှင့်ညဥ့်ဦးအတွက် ဝတ်ပြုကိုးကွယ်ရန်အချိန်ကို ကန့်သတ်ထားရမည်။ နံနက်စာမစားမီ မိဘတို့သည် ညအခါစောင့်ရှောက်ကာကွယ်ခြင်းအတွက် ကောင်းကင်ခမည်းတော်ကို ကျေးဇူးတင်ရန်နှင့် တစ်နေ့လုံးလမ်းပြကူညီစောင့်ရှောက်ဖို့အတွက် ဘုရားသခင်အားဆုတောင်းရန် မိမိတို့၏သားသမီးများကို စုရုံးစေဖို့မည်မျှသင့်လျော်သနည်း။ ညအချိန်ရောက်သောအခါ လွန်ခဲ့သောနေ့တွင် ခံစားရသောကောင်းချီးမင်္ဂလာအတွက် ကျေးဇူးတင်ရန် ဘုရားသခင်ရှေ့တော်တွင် မိဘများနှင့်သားသမီးတို့သည် စုရုံးကြရန် မည်မျှသင့်လျော်သနည်း။

နံနက်တိုင်း၊ သင်တို့ကိုယ်တိုင်နှင့် သင်တို့၏သားသမီးများကို ထိုနေ့အတွက် ဘုရားသခင်ကိုဆက်ကပ်ပူဇော်လော့။ လများ၊ နှစ်များအတွက်

ရေတွက်ခြင်းကိုပြုမနေပါနှင့်။ ဤအရာတို့သည် သင့်အဖို့မဟုတ်။ တိုတောင်းသောနေ့ကိုသင့်အားပေးထား၏။ ထိုနေ့သည် မြေကြီးပေါ်၌ နောက်ဆုံးနေ့ဖြစ်သကဲ့သို့ ၎င်း၏အချိန်နာရီများအတွင်း ဘုရားသခင်အတွက် အမှုဆောင်ရွက်လော့။ ဘုရားသခင်၏အလိုတော်အတိုင်း သင့်အကြံအစည်တို့ကိုပြီးမြောက်စေရန် (သို့မဟုတ်) ပယ်ရှားစေရန် အကြံအစည်အားလုံးကို ဘုရားသခင်၏ရှေ့တော်၌ဖော်ပြလော့။ အလွန်နှစ်သက်ဖွယ်ကောင်းသောစီမံကိန်းတို့ကိုစွန့်ပယ်ရသော်လည်း သင်၏အကြံအစည်အစား ဘုရားသခင်၏အကြံအစည်တို့ကိုလက်ခံပါ။ ထိုသို့အားဖြင့် အသက်တာသည် ဘုရားသခင်၏ပုံသက်သေနှင့်တူညီလာအောင် ပြုပြင်ခြင်းခံရလိမ့်မည်။ ၎င်းပြင် "အဘယ်သူမျှကြံ၍မမီနိုင်သော ဘုရားသခင်၏ငြိမ်သက်ခြင်းသည် ယေရှုခရစ်အားဖြင့် သင်တို့၏စိတ်နှလုံးတို့ကို စောင့်မလိမ့်မည်" ဖိ ၄း၇။

ဖခင်မရှိသောအခါ မိခင်သည် ဝတ်ပြုစည်းဝေးကိုဦးဆောင်လျက်စိတ်ဝင်စားဖွယ်ဖြစ်၍ နားလည်လွယ်သောကျမ်းစာအပိုင်းတစ်ခုကို ရွေးချယ်ဖတ်ရှုရမည်။ စည်းဝေးကိုတိုတိုကျင်းပရမည်။ ရှည်သောအခန်းကြီးကိုဖတ်၍ကြာရှည်စွာဆုတောင်းလျှင် စည်းဝေးသည် ငြီးငွေ့စရာဖြစ်သဖြင့် စည်းဝေးပြီးသောအခါ စိတ်သက်သာသွားသောလက္ခဏာကိုတွေ့ရ၏။ ဝတ်ပြုကိုးကွယ်သောအချိန်သည် ငြီးငွေ့ဖွယ်ဖြစ်၍ ပင်ပန်းစေသောအခါ ကလေးများသည်မနှစ်သက်လာသည်တိုင်အောင် ၎င်းစည်းဝေးသည် ပင်ပန်းစေ၍ စိတ်ပါဝင်စားခြင်းကင်းသောအခါ ဘုရားသခင်သည် ရှုတ်ချခြင်းခံတော်မူရ၏။

မိခင်၊ ဖခင်တို့၊ ဝတ်ပြုကိုးကွယ်သောအချိန်ကို အထူးသဖြင့်စိတ်ဝင်စားဖွယ်ဖြစ်အောင်ပြုလုပ်ပါ။ ဤအချိန်သည် အဘယ်ကြောင့် နေ့၏နှစ်သက်ဖွယ်နှင့်ပျော်ရွှင်ဖွယ်အကောင်းဆုံးဖြစ်သင့်သည်ကို အကြောင်းပြစရာမလို။ စည်းဝေးအတွက်ပြင်ဆင်ရာ၌ အနည်းငယ်ဆင်ခြင်စဉ်းစားခြင်းဖြင့်သင်သည် စည်းဝေးကိုစိတ်ဝင်စားအကျိုးဖြစ်ထွန်းစေလိမ့်မည်။ တစ်ချိန်နှင့်တစ်ချိန်သည် စည်းဝေးများကိုခြားနားစေရမည်။ ဖတ်သောကျမ်းချက်နှင့်ဆိုင်သောမေးခွန်းများကိုမေးနိုင်သည်။ ၎င်းပြင် စိတ်အားထက်သန်ဖွယ်ဖြစ်၍

အချိန်အခါနှင့်သင့်လျော်သောမှတ်ချက်များကို ပြောပြရမည်။ ချီးမွမ်းသီချင်းတစ်ပုဒ်ကိုသီဆိုနိုင်သည်။ ဆုတောင်းချက်သည် တို၍အချက်ကျရမည်။ ဆုတောင်းသောသူသည် လွယ်ကူ၍စိတ်အားထက်သန်သောစကားများဖြင့် ဘုရားသခင်အား ကောင်းချီးမင်္ဂလာများအတွက်ချီးမွမ်း၍ အကူအညီအတွက်တောင်းလျှောက်ပါ။ အခွင့်သာလျှင် သားသမီးများအား ကျမ်းစာဖတ်၍ဆုတောင်း ပါစေ။

ထိုသို့သောဝတ်ပြုစည်းဝေးအချိန်အခါများမှ ရရှိနိုင်သောကောင်းကျိုးကို ထာဝရကာလသာလျှင် ဖော်ပြနိုင်လိမ့်မည်။[၃]

---o---

## အခန်း (၃၆)
# အိမ်ထောင်၏ငွေကြေးကိစ္စ

မိမိ၏လူများသည် ဆင်ခြင်စဉ်းစားတတ်၍ သတိရှိတတ်ဖို့အလိုရှိတော်မူ၏။ သူတို့သည် အရာရာတွင် ချွေတာသုံးစွဲ၍ အချည်းနှီးမဖြုန်းတီးစေခြင်းငှာ အလိုရှိတော်မူ၏။

သင်သည် ဘယ်သောအခါချွေတာ၍ ဘယ်အခါသုံးရမည်ကိုသိရှိနားလည်ရမည်။ ကျွန်ုပ်တို့သည် ကိုယ်ကိုငြင်းပယ်၍ လက်ဝါးကပ်တိုင်ကို မထမ်းလျှင် သခင်ခရစ်တော်၏တပည့်တော်မဖြစ်နိုင်။ ကျွန်ုပ်တို့သည်သွားစဉ် ဖြောင့်မတ်စွာအပြည့်ပေးရမည်။ ကျကျန်ခဲ့သောချုပ်စများကိုစုဆောင်းပါ။ ဖွာနေသောအနားများကိုလုံး၍ချုပ်ထားပါ။ ၎င်းပြင် သင်၏ဥစ္စာဟုခေါ်နိုင်သောအရာကိုသိရှိပါစေ။ သင့်အလိုပြည့်စုံစေရန် သုံးခဲ့သည့်အနည်းငယ်သောငွေကလေးများကို ပြန်၍တွက်ကြည့်ရမည်။ သင့်စိတ်ကြိုက်အသုံးပြုသော အရာများနှင့် အပျော်ကြူးသောသဘောဖြင့် အလွဲစားသောက်သောအရာများသည် အဘယ်အရာများဖြစ်သည်ကို သင်သည် သိမြင်နားလည်ရမည်။ အသုံးမဝင်သောနှစ်သက်ဖွယ်ရာများအတွက် ကုန်ကျသောငွေကို သင့်အိမ် ထောင်၌ သက်သာပြည့်စုံစေရန် တကယ်လိုအပ်သောအရာများကိုဝယ်ရန် စုဆောင်းထားနိုင်သည်။ သင်သည် စေးနှဲသောသူမဖြစ်ရ။ သင်သည် သင့်ကိုယ် တိုင်နှင့် သင်၏ညီအစ်ကိုမောင်နှမများအပေါ်၌ ဖြောင့်မတ်ရိုးသား ခြင်းရှိပါ။ စေးနှဲခြင်းသည် ဘုရားသခင်၏ရက်ရောစွာပေးကမ်းမှုကို စော်ကား ခြင်းဖြစ်၏။ ဖြုန်းတီးခြင်းသည်လည်း မသင့်လျော်သောသုံးစွဲခြင်းဖြစ်၏။ အသေးအဖွဲဟုထင် မြင်ရသော အသုံးအစွဲကလေးများသည် အဆုံး၌အတော် အတန်များသောငွေဖြစ်ပေသည်။

အတိုအစကလေးများကို ဝယ်လိုသောစိတ်ဖြစ်ပေါ်လာသောအခါ ကျဆုံးသောလူကိုကယ်ရန် သခင်ခရစ်တော်သည် ကိုယ်ကိုငြင်းပယ်၍

ကိုယ်ကိုဆက်ကပ်ပူဇော်ခဲ့ကြောင်းကို သတိရပါ။ ကျွန်ုပ်တို့၏သားသမီးများအား ကိုယ်ကိုငြင်းပယ်၍ ကိုယ်ကိုချုပ်တည်းနိုင်ဖို့ရန် သင်ကြားပေးရမည်။ ငွေကြေးကိစ္စတွင် ကျပ်တည်းခြင်းကြုံနေရသည်ဟု အများသောတရားဟောဆရာတို့က ထင်မှတ်နေရခြင်း၏အကြောင်းရင်းမှာ သူတို့သည် မိမိတို့၏ဝါသနာ၊ အစားအစာ၌တပ်မက်ခြင်း၊ အလိုဆန္ဒတို့ကိုမချုပ်တည်းခြင်းကြောင့်ဖြစ်သည်။ အများသောသူတို့သည် ဥစ္စာပစ္စည်းဆုံးပါးခြင်းနှင့်အလွဲသုံးစားပြုလုပ်ခြင်းမှာ ဇနီးနှင့်သားသမီးတို့၏အသုံးအစွဲကြီးခြင်းအမှုကို လိုက်လျောခြင်းကြောင့်ဖြစ်သည်။ အကျင့်သီလနှင့်ပုံသက်သေအားဖြင့် မိမိတို့၏သားသမီးများအား ချွေတာဖို့သွန်သင်ပေးရန် မိဘများတို့သည် မည်မျှသတိပြုအပ်သနည်း။

ကြွယ်ဝချမ်းသာဟန်ဆောင်ခြင်း၊ ကိုယ့်အခြေအနေထက်မြင့်မြတ်ဟန်ဆောင်ခြင်းသည် များစွာမသင့်လျော်ချေ။ ကျွန်ုပ်တို့သည် နူးညံ့နှိမ့်ချသော ကယ်တင်ရှင်၏တပည့်တော်များဖြစ်ကြသည်။ ကျွန်ုပ်တို့သည် လိုက်နာပြုလုပ်ဖို့အခွင့်မရသောနည်းမျိုးဖြင့် အိမ်နီးချင်းတို့သည် အိမ်ကိုဆောက်၍ ပြုပြင်မွမ်းမံကြလျှင် ကျွန်ုပ်တို့သည် စိတ်မပျက်ရကြ။ ဧည့်သည်များအား နှစ်သက်သဘောကျစေရန်၊ (သို့မဟုတ်) ကိုယ့်အလိုဆန္ဒပြည့်စုံစေရန် အစားအသောက်များကို အလွန်အရသာရှိစွာ ကိုယ်ကျိုးအတွက်ပြုပြင်စီမံခြင်းအမှု ကို သခင်ယေရှုသည် မည်ကဲ့သို့သဘောထားတော်မူသနည်း။ ခမ်းနားစွာ ပြုပြင်စီမံခြင်း (သို့မဟုတ်) မိမိတို့လက်အောက်တွင်ရှိနေသေးသောသားသမီး တို့အား ထိုသို့ပြုရန်အခွင့်ပေးခြင်းသည် သွေးဆောင်ခြင်းအမှုတစ်ခုဖြစ်သည်။[၁]

အသုံးချနိုင်သောအရာရှိသမျှကိုလွှင့်မပစ်ရ။ ဤသို့ပြုရန်ဉာဏ်ပညာ၊ မြော်မြင်ခြင်းနှင့်အမြဲဂရုစိုက် သတိပြုခြင်းရှိဖို့လိုပေသည်။ သေးငယ်သောအရာများကို မစုဆောင်းတတ်သောသဘောကြောင့် အများသောအိမ်ထောင်၌ အသက်တာ၏လိုအပ်သောအရာများချွတ်ယွင်းနေတတ်သည်ကို ကျွန်ုပ်အား ဖော်ပြထား၏။[၂]

## မည်သူ့အပေါ်၌မျှအကြွေးမတင်ပါစေနှင့်

အများသောအိမ်ထောင်တို့သည် ငွေရသောအခါ ချက်ချင်းသုံးဖြုန်းပစ်ကြသောကြောင့် ဆင်းရဲဒုက္ခတွေ့ရကြသည်။

ငွေကိုမရမီ အကြောင်းတစ်ခုအတွက်သုံးစွဲရန် ကန့်သတ်ခြင်း၊ကြိုတင်သုံးစွဲခြင်းသည် သွေးဆောင်ခြင်းတစ်ခုဖြစ်သည်။[၃]

ကျမ်းစာ၏ခရစ်ယာန်များဖြစ်ကြသည်ဟု ခေါ်နေကြသောသူတို့တွင် ကျပ်တည်းစွာဖြောင့်မတ်ခြင်းရှိအပ်သည်ဟု လောကသည် မျှော်လင့်ခွင့်ရှိပေသည်။ လူတစ်ယောက်သည် မိမိအားပေးအပ်သောအရာကို ဂရုမစိုက်အမှုမထားဘဲနေခြင်းဖြင့် ကျွန်ုပ်တို့လူမျိုးအပေါင်းသည် အားမကိုးရဟု ထင်မှတ်ခြင်းခံရကြလိမ့်မည်။

ဘုရားဝတ်၌မွေ့လျော်ဟန်ဆောင်သောသူတို့သည် မိမိတို့ဝန်ခံသောဩဝါဒများအတိုင်း လိုက်နာဆောင်ရွက်သင့်ကြသည်။ ၎င်းပြင် မိမိတို့၏မသင့်လျော်သောအပြုအမူများအားဖြင့် သမ္မာတရားကိုကဲ့ရဲ့စရာဖြစ်အောင်မပြုလုပ်သင့်။ တမန်တော်က "မည်သူ့အပေါ်၌မျှအကြွေးမတင်စေနှင့်"ဟုပြောဆိုထား၏။[၄]

များစွာသောသူတို့သည် များစွာသင်ကြားခြင်းအခွင့်မရကြသဖြင့် မိမိတို့၏ဝင်ငွေနှင့်မျှတအောင်မသုံးနိုင်ကြ။ သူတို့သည် အခြေအနေကိုလိုက်နာ၍ ပြုပြင်နေထိုင်ဖို့မသိရှိကြသဖြင့် ထပ်ခါထပ်ခါငွေချေးယူနေကြရာ ကြွေးတင်လာလျက် သူတို့သည် စိတ်ပျက်အားလျော့နေကြ၏။[၅]

တစ်စုံတစ်ယောက်သည် ကြွေးတင်အောင် မိမိ၏အမှုကိစ္စများကိုစီမံဖို့မသင့်ကြောင်း သင်တို့သည်သိမြင်ရကြမည်။ တစ်စုံတစ်ယောက်သည် ကြွေးတင်နေသောအခါ သူသည် စာတန်ထောင်ထားသောပိုက်ကွန်ထဲ၌မိနေ၏။

ဘယ်အခါမျှကြွေးမတင်အောင် စိတ်ပြဋ္ဌာန်းပါ။ အကြွေးတင် ခြင်းထက် တစ်ထောင်လောက်ရှိသောအရာတို့ကို သင့်ကိုယ်တိုင်ငြင်းပယ်ပါ။ ၎င်းအကြွေးကို ကျောက်ကြီးရောဂါကဲ့သို့ရှောင်ကြဉ်ပါ။[၆]

# လိုအပ်သောအရာကိုအမှုမထားခြင်းသည် ချွေတာခြင်းမဟုတ်

ကိုယ်ခန္ဓာကိုဂရုမစိုက် (သို့မဟုတ်) မသင့်မလျော်အသုံးပြုသဖြင့် ဘုရားသခင်၏အမှုတော်အတွက် မသင့်လျော်သောအခါ ဘုရားသခင်ကိုမရိုသေရာရောက်၏။ အရသာနှင့်ပြည့်စုံ၍ ခွန်အားဖြစ်စေသောအာဟာရကိုစီမံပေးခြင်းဖြင့် ကိုယ်ခန္ဓာကိုဂရုစိုက်ပြုစုခြင်းသည် အိမ်ထောင်ရှင်၏ပထမတာဝန်တစ်ခုဖြစ်၏။ အစားအစာကိုချုပ်ချယ်ကန့်သတ်ခြင်းထက် အဖိုးမများလှသောအဝတ်အထည်နှင့်အိမ်ထောင်ပစ္စည်းများကို ဝယ်ယူသုံးစွဲခြင်းသည် သာ၍ကောင်းပေသည်။

အချို့သောအိမ်ထောင်ရှင်တို့သည် ဧည့်သည်များအား အဖိုးတန်သောအစားအသောက်တို့ကို ကြီးကျယ်ခမ်းနားစွာကျွေးမွေးနိုင်စေခြင်းငှာ၊ မိမိတို့၏အိမ်ထောင်ထမင်းပွဲအတွက် ခြစ်ခြုတ်ကန့်သတ်တတ်ကြသည်။ ဤအမှုသည်မသင့်လျော်ချေ။ ဧည့်သည်များကိုကျွေးမွေးသောအခါ သာ၍ရိုးရမည်။ အိမ်ထောင်၌လိုအပ်သောအရာကို ပထမဦးစွာဂရုစိုက်ရမည်။

မသင့်လျော်သောချွေတာခြင်းနှင့် မမှန်သောဓလေ့တို့အားဖြင့်လိုအပ်၍ကောင်းချီးဖြစ်စေသောအခါ၌ ဧည့်ဝတ်ပြုခြင်းအမှုကို မပြုလုပ်နိုင်ဘဲရှိတတ်သည်။ ကျွန်ုပ်တို့စားနေကျထမင်းပွဲသို့ မမျှော်လင့်ဘဲရောက်လာသည့်ဧည့်သည်အား ကျွေးမွေးနိုင်လောက်အောင် ပြင်ဆင်ထားခြင်းဖြင့် အိမ်ရှင်သည် အပိုပြင်ဆင်ခြင်းတာဝန်ကို မယူရတော့ချေ။?

ချွေတာခြင်းမှာ စေးနှဲခြင်းကိုဆိုလိုသည်မဟုတ်။ ငွေကြေးကိုသတိပညာနှင့်အသုံးပြုခြင်းကိုဆိုလိုသည်။ အကြောင်းကား ပြုလုပ်ဆောင်ရွက်ရန်ကြီးကျယ်သောအလုပ်တစ်ခုရှိသောကြောင့်တည်း။

မိမိ၏လူများသည် မိမိတို့၏ကျန်းမာရေး၊ သက်သာရေးအတွက်တကယ်ပင်လိုအပ်သောအရာတို့နှင့်ကင်းလွတ်စေခြင်းငှာ ဘုရားသခင်သည်

အလိုတော်မရှိပါ။ သို့ရာတွင် ဘုရားသခင်သည် ဖြုန်းတီးခြင်း၊ ခမ်းနားစွာ ပြင်ဆင်ခြင်းတို့ကိုလည်း နှစ်သက်တော်မမူ။[၈]

## သားသမီးများကိုသွန်သင်ရာ၌
## မိဘတို့၏တာဝန်

မိမိတို့ပိုင်ဆိုင်သမျှသောအရာတို့ကို တောင်းဆိုပိုင်ခွင့်သည် ဘုရားသခင် ၌ရှိကြောင်း သင်တို့၏သားသမီးတို့ကိုသွန်သင်ပေးပါ။ သူတို့သည် နားထောင် ခြင်းရှိမရှိကိုစုံစမ်းရန် သူတို့၌ရှိသောအရာအားလုံးသည် သူ့အား အပ်ပေးထား သောအရာများသာဖြစ်သည်။ ငွေသည်လိုအပ်သောဘဏ္ဍာဖြစ်၏။ ၎င်းကို မလိုသောသူတို့အတွက် မဖြုန်းတီးပါနှင့်။ တစ်စုံတစ်ယောက်သည် စေတနာနှင့်ပေးသော သင်၏အလှူကိုအလိုရှိ၏။ သင်၌ဖြုန်းတီးတတ်သော အကျင့်ရှိလျှင် တတ်နိုင်သမျှမြန်မြန်အသက်တာမှ ၎င်းအကျင့်ကိုပယ်ဖြတ်ပါ။ ဤသို့မပြုလျှင် သင်သည် အမြဲဆုံးရှုံးကြွေးတင်နေလိမ့်မည်။[၉]

ဤခေတ်တွင်ပျိုရွယ်သူတို့သည် ဘဝအလျောက်ချွေတာသုံးစွဲရန် ဂရုမစိုက်ဘဲ ၎င်းချွေတာခြင်းကိုစေးနှဲခြင်း၊ အမြင်ကျဉ်းခြင်းဟုထင်မှတ်တတ်ကြသည်။ သို့ရာတွင် ချွေတာခြင်းသည် အမြင်ကျယ်ခြင်း၊ ရက်ရောခြင်း သဘောများနှင့်ညီညွတ်ပေသည်။ အကျင့်မရှိလျှင် မှန်သောရက်ရောခြင်းမရှိနိုင်။ ချွေတာခြင်းနှင့်အတိုအစများကို အကောင်းဆုံးဂရုစိုက်နည်းတို့ကိုလေ့လာခြင်းသည် မိမိဂုဏ်ကိုနိမ့်စေသည်ဟု မည်သူမျှမထင်မှတ်အပ်။[၁၀]

ပျိုရွယ်သူနှင့်ကလေးသူငယ်တိုင်းအား စိတ်ကူးမျှဖြစ်သောပြဿနာများကိုဖြေရှင်းဖို့ရန်သာမဟုတ်ဘဲ မိမိတို့၏ဝင်ငွေနှင့်သုံးငွေတို့ကို သေချာစွာ စာရင်းအင်းထားဖို့လည်း သွန်သင်ပေးရမည်။ ငွေကိုမှန်ကန်စွာအသုံးပြုစေရန် သူတို့သည် လက်တွေ့အားဖြင့် သင်ကြားလေ့လာရကြမည်။ မိဘများက ပေးသည်ဖြစ်စေ၊ သူတို့ကိုယ်တိုင်အခရသည်ဖြစ်စေ ယောကျ်ားကလေးနှင့် မိန်းကလေးတို့သည် မိမိတို့၏အဝတ်၊ စာအုပ်နှင့်အခြားလိုအပ်သောအရာ

တို့ကို ကိုယ်တိုင်ရွေးချယ်၊ ဝယ်ယူကြရမည်။ ၎င်းပြင် မိမိတို့၏အသုံးစာရင်းများကို ပြုလုပ်ထားကြခြင်းအားဖြင့် ငွေ၏တန်ဖိုးနှင့်၎င်း၏သုံးနည်းကို သိရှိနားလည်လာလိမ့်မည်။ အခြားနည်းအားဖြင့် နားမလည်နိုင်ကြချေ။[၁၁]

သားသမီးများအား မသင့်လျော်သောအကူအညီကို ပေးသောနည်းများရှိပေသည်။ မိမိတို့၏အလုပ်အကိုင်မှရရှိသောအခအားဖြင့် ကောလိပ်ပညာကိုသင်ကြားရသောသူတို့သည် တစ်စုံတစ်ယောက်သောသူ၏အထောက်အပံ့၊ အကူအညီကိုရရှိသောသူတို့ထက် မိမိတို့ခံစားရသောအကျိုး၏တန်ဖိုး ကိုသိရှိနားလည်ကြသဖြင့် ပညာကိုနှစ်သက်လိုလားတတ်ကြသည်။ သားသမီးတို့သည် ခိုကိုးရာမဲ့သောဝန်ထုပ်များဖြစ်လာကြသည်တိုင်အောင် ကျွန်ုပ်တို့သည် သူတို့ကို ချီဆောင်မသွားသင့်။

ကာယခွန်အားနှင့်ပြည့်စုံသော လူငယ်တစ်စုံတစ်ယောက်အား အသုံးဝင်၍ အားစိုက်ရသောလုပ်ငန်း၌ ကျွမ်းကျင်လုပ်ဆောင်ခြင်းမရှိမီ တရားဟောဆရာ (သို့မဟုတ်) ဆေးဆရာဝန်ဖြစ်လာဖို့ပညာကို သင်စေခြင်းငှာ မိဘတို့က သူ့အားငွေကိုမြောက်မြားစွာပေးကြသောအခါ မိဘတို့သည် မိမိတို့၏တာဝန်၌ အမှားကိုပြုတတ်ကြသည်။[၁၂]

ဇနီးနှင့်မိခင်သည် ကိုယ်အလိုသို့လိုက်ခြင်းအကျင့် (သို့မဟုတ်) နေရာတကျစီမံတတ်ခြင်း၊ ကျွမ်းကျင်ခြင်းမရှိခြင်းကြောင့် အမြဲသဖြင့် အိမ်ထောင်၏ဘဏ္ဍာကို ကုန်ခန်းစေတတ်သည်။ သို့ရာတွင် မိခင်သည် သူ၏အလို (သို့မဟုတ်) သားသမီးတို့၏အလိုကို ဘယ်အခါမျှချုပ်တည်းခြင်းမရှိ၍ အိမ်မှုကိစ္စတွင် ဘယ်အခါမျှကျွမ်းကျင်သေချာခြင်းမရှိခဲ့သောကြောင့် မိမိသည် အကောင်းဆုံးအမှုကိုပြုနေသည်ဟု ထင်မှတ်လိမ့်မည်။ ထိုကြောင့် အိမ်ထောင်တစ်ခုသည် မိမိနှင့်တူညီသောအိမ်ထောင်အဖို့ လုံလောက်သောငွေကြေး၏နှစ်ဆကို အလိုရှိလိမ့်မည်။

မိဘတို့သည် မိမိတို့၏သားသမီးများအား ကျပ်တည်းစွာချွေတာဖို့သွန်သင်ပေးကြရန် သူတို့အားကျွန်ုပ်သည် ဩဝါဒပေးနိုင်မည်အကြောင်း ထာဝရဘုရားသည် ဖွင့်ပြခြင်းကြောင့်ဖြစ်ပေါ်လာသော မကောင်းသော

အမှုများကို ကျွန်ုပ်အားဖော်ပြတော်မူ၏။ မိမိတို့၌မလိုသောအရာအတွက် ငွေကိုအသုံးပြုခြင်းသည် မှန်ကန်သောအသုံးပြုခြင်းမဟုတ်ကြောင်း သူတို့အား သွန်သင်ပေးပါ။[၁၃]

## ငွေကြေးကိစ္စ၌ခင်ပွန်းများနှင့်ဇနီးများအား အကြံဉာဏ်များပေးခြင်း

မည်ကဲ့သို့စာရင်းအင်းထားရမည်ကို အားလုံးတို့သည် သိနားလည်ရကြမည်။ အချို့တို့သည် ဤအလုပ်ကိုမလိုဟုသဘောထားတတ်ကြသည်။ သို့သော် ဤသို့ထင်မှတ်ခြင်းသည်မှား၏။ သုံးသမျှတို့ကို သေချာစွာစာရင်းမှတ်သားထားရမည်။[၁၄]

သင်သည် ချွေတာသင့်သည်အတိုင်း ချွေတာခဲ့လျှင် ယနေ့သင်၌ အရေးကြီးသောအခါ အသုံးပြုရန်နှင့် ဘုရားသခင်၏အမှုတော်အတွက်ကူညီရန်ငွေရင်းအတော်အတန်စုဆောင်းမိလိမ့်မည်။ ရက်သတ္တအပတ်တိုင်း သင်၏လခထဲမှငွေအနည်းငယ်ကိုစုဆောင်းထား၍ တကယ်ပင်ငွေလိုသောအခါ (သို့မဟုတ်) ဘုရားသခင်အားပေးလှူရန်ရှိသောအခါမဟုတ်လျှင် ၎င်းငွေကို ဘယ်အခါမျှမထိမကိုင်သင့်ပေ။

သင်သည်ဖျားနာ၍ သင်၏အိမ်ထောင်၌ သင်ကထောက်ပံ့ရသော ငွေများကုန်ခန်းလျှင် ငွေပိုရှိနိုင်ရန် သင်ရရှိသောအခငွေများကို လိမ္မာချွေတာစွာမသုံးဘဲနေခဲ့ပြီ။ သင်သည် ခက်ခဲသောအခြေအနေများသို့ရောက်လာလျှင် သင်၏အိမ်ထောင်သည် အားကိုးဖို့ရန် တစ်စုံတစ်ခုရှိရမည်။[၁၅]

သင်တို့သည် တစ်ယောက်ကိုတစ်ယောက်မစကူညီရမည်။ သင်၏ဇနီးအား ငွေအနည်းငယ်ကိုမပေးဘဲ မိမိ၏ပိုက်ဆံအိတ်ကိုပိတ်ပင်ထားခြင်းသည် ကောင်းသောအကျင့်ဟု သဘောမထားပါနှင့်။

သင်၏ဇနီးအား အပတ်တိုင်းငွေအချို့ကိုပေးရမည်။ ၎င်းပြင် သူမသဘောအတိုင်း ဤငွေကိုသုံးပါစေ။ ဇနီးသည် မိမိနေရာ၌နေအပ်ကြောင်းကို

သင်သည် ကောင်းစွာမသိသောကြောင့် သင်သည် ဇနီးအားကောင်းစွာ စီမံအုပ်ချုပ်စေရန် (သို့မဟုတ်) ဝါသနာအလျောက်ပြုကျင့်ရန် အခွင့်မပေးဘဲ နေခဲ့လေပြီ။ သင်၏ဇနီး၌ အလွန်ကောင်းမြတ်၍ မျှတစေသောစိတ်သဘော ရှိ၏။

သင်ရရှိသောငွေကိုအသုံးပြုဖို့ သင်၏ဇနီးအား ဝေငှပေးရမည်။ ထိုငွေကိုသူမ၏ငွေအဖြစ် သဘောအတိုင်းအသုံးပြုပါစေ။ သူမ၏အလုပ်အကိုင်အားဖြင့်ရရှိသောငွေကို သူမသဘောအတိုင်း အသင့်လျော်ဆုံးနည်းဖြင့် အသုံးပြုဖို့အခွင့်ပြုရမည်။ အပြစ်ရှာခြင်းမရှိဘဲ မိမိ၏ငွေအဖြစ်အသုံးပြုနိုင်ရန် သူမ၌ငွေအချို့ရှိခဲ့လျှင် သူမ၏စိတ်ထဲမှကြီးလေးသောဝန်ထုပ်သည် ပေါ့ပါးသွားလိမ့်မည်။[၁၆]

---o---

# အခန်း (၃၇)
# အားလပ်သည့်နေ့နှင့်နှစ်လည်အထိမ်းအမှတ်နေ့များတွင် အိမ်ထောင်၏လုပ်ငန်းများ

ကျွန်ုပ်တို့၏အားလပ်သည့်နေ့များကို လောက၏နည်းလမ်းများအတိုင်း မကုန်မလွန်စေရ၊ သို့ရာတွင် ၎င်းနေ့များကိုအမှုမထားဘဲ ကုန်လွန်မသွား စေရ၊ အကြောင်းကား ထိုသို့ပြုခြင်းအားဖြင့် မိမိတို့၏သားသမီးတို့သည် စိတ်မကျေနပ်ဘဲရှိလိမ့်မည်။ ဤနေ့များတွင် မိမိတို့၏သားသမီးတို့သည် မကောင်းသောအမှုတို့ကိုပြု၍ လောကီပျော်မွေ့ခြင်း၊ လောက၏ထကြွစေသော အမှုတို့အားဖြင့် ပျက်စီးခြင်းသို့ရောက်မည်ကို သိမြင်ရကြသောအခါ ဘေးဖြစ် စေတတ်သောအပျော်အပါး၊ အစားတစ်စုံတစ်ခုကို မိဘများကပြုလုပ်ပေးဖို့ သတိပြုပါစေ။ သူတို့၏ကောင်းကျိုးနှင့်ပျော်မွေ့ခြင်းကို သင်တို့သည် မြော်မြင်လိုလားကြောင်း သင်တို့၏သားသမီးများအား သိရှိနားလည်ပါစေ။

အားလပ်သည့်နေ့များကိုစောင့်ရှောက်ကြခြင်းအားဖြင့် ဤပျင်းစရာကောင်းသောနေ့များသည် ကျန်းမာရေး၊ ပျော်ရွှင်ရေးအတွက်လိုအပ်သည်ဟု လောကရှိလူများနှင့်အသင်းတော်၏လူများအား ယုံကြည်ထင်မှတ်စေကြပြီ။ သို့ရာတွင် ၎င်းတို့သည် မကောင်းသောအမှုများကိုဖြစ်စေကြကြောင်း ထင်ရှားစွာဖော်ပြကြလေပြီ။

ကျွန်ုပ်တို့သည် လောက၏သဘောများကိုပြောင်းလဲထားစဉ် ပျိုရွယ်သူနှင့်ကလေးသူငယ်များအတွက် အားလပ်သည့်နေ့တို့ကို တတ်နိုင်သမျှ စိတ်ပါဝင်စားဖွယ်ဖြစ်အောင် စိတ်အားထက်သန်စွာကြိုးစားခဲ့ကြပြီ။ ကျွန်ုပ်တို့၏ရည်ရွယ်ချက်ကား သူတို့အားမယုံကြည်သောသူတို့၏ပျော်မွေ့ခြင်းမျိုးမှ ကင်းကွာနိုင်စေရန်ဖြစ်ပါသည်။

ပျော်မွေ့ခြင်းကိုရှာကြသောနေ့သည် ကုန်ဆုံးသွားသောအခါ ပျော်မွေ့ခြင်းကိုရှာသောသူသည် အဘယ်မှာစိတ်ကျေနပ်မှုကိုရရှိသနည်း။ ခရစ်ယာန်အမှုဆောင်များအဖြစ်နှင့်သူတို့သည် မည်သူတို့အား သာ၍ကောင်း၊

သာ၍မြင့်မြတ်၏၊ သာ၍ဖြူစင်သောအသက်တာကိုရရှိရန် ကူညီခဲ့ကြပြီနည်း။ ကောင်းကင်တမန်ရေးထားသောမှတ်တမ်းကိုပြန်ကြည့်လျှင် သူတို့သည်ဘာကို တွေ့ရမည်နည်း။ နေ့တစ်နေ့ဆုံးရှုံးပြီတကား။ သူတို့၏ဝိညာဉ်အဖို့ နေ့တစ်နေ့ ဆုံးရှုံးပြီ၊ သခင်ခရစ်တော်၏အမှုတော်တွင် နေ့တစ်နေ့ဆုံးရှုံးပြီ။ အကြောင်း မူကား ကောင်းသောအမှုတစ်စုံတစ်ခုမျှ မပြီးမြောက်ခဲ့ချေ။ သူတို့သည် အခြား နေ့ကိုရနိုင်ကြသော်လည်း မိန်းကလေးနှင့်ယောကျ်ားကလေးများအကြောင်း အကျိုးမရှိ၊ မကောင်းသောစကားတို့ကိုပြောဆိုနေခဲ့ကြသော ထိုနေ့ကိုကား ဘယ်သောအခါမျှမရနိုင်ကြတော့ချေ။

သူတို့သည် ဤအခွင့်အရေးမျိုးတို့ကို တစ်ဖန်ပြန်၍ဘယ်အခါမျှရ လိမ့်မည်မဟုတ်။ ထိုအားလပ်သောနေ့တွင် သူတို့သည် အခက်အခဲဆုံးသော အလုပ်မျိုးကို လုပ်ဖို့ကောင်းပေသည်။ သူတို့သည် မိမိတို့၏အားလပ်သော နေ့ကို မှန်ကန်စွာအသုံးမပြုကြသဖြင့် ၎င်းသည် ထာဝရကာလထဲတွင်လွန် သွား၍ တရားစီရင်သောနေ့ရက်၌ ထိုနေ့ကိုအလွဲအသုံးပြုသောနေ့အဖြစ် ကုန်သွားစေခဲ့ပြီဟု သူတို့သည် စစ်ဆေးခြင်းခံရကြလိမ့်မည်။

## ဘုရားသခင်၏အကြောင်းကိုရှေးဦးစွာဆင်ခြင်စဉ်းစားခြင်း

ဘုရားသခင်သည် ကျွန်ုပ်တို့နှင့်ပြုတော်မူသောအရာတို့ကို ကျွန်ုပ် တို့သည် ပြန်၍စဉ်းစားကြည့်ကြသောအခါ အားလပ်သောနေ့များကို ဘုရား သခင် အတွက်စောင့်ရှောက်ကြဖို့မကောင်းဘူးလား။ လွန်ခဲ့သောကာလ၌ ခံစားရသော ဘုရားသခင်၏ကောင်းချီးမင်္ဂလာတို့ကိုဆင်ခြင်ဖို့ ကျွန်ုပ်တို့သည် ဘုရားသခင်ကို မမေ့ကြမည်အကြောင်း၊ ကျွန်ုပ်တို့အား စိတ်စွဲလမ်းစေလောက် အောင် နှိုးဆော် နေသောသတိပေးစကားတို့ကို သတိရဖို့မကောင်းဘူးလား။

လောကတွင် အားလပ်သောနေ့များစွာရှိ၍ လူများတို့သည် ကစား ပွဲများ၊ မြင်းပွဲများ၊ လောင်းကစားပွဲများ၊ ဆေးလိပ်သောက်ခြင်း၊ အရက် သောက်ခြင်းများတို့၌ စိတ်ဝင်စားနေကြသည်။

ဘုရားသခင်၏ကြွယ်ဝသောကောင်းချီးမင်္ဂလာများအတွက် ဘုရားသခင်ကိုကျေးဇူးတင်ရန် သန့်ရှင်းသောစည်းဝေးပွဲများကို ဘုရားသခင်၏လူတို့သည် မကြာခဏသာ၍ကျင်းပဖို့မသင့်ဘူးလား။

လူသတ္တဝါတို့၏ဒုက္ခဆင်းရဲခြင်းကို မစကူညီလျက် ယောကျ်ား၊ မိန်းမ၊ ပျိုရွယ်သူနှင့်ကလေးသူငယ်တို့၏ဝိညာဉ်ကယ်ဆယ်ရေးလုပ်ငန်းတွင် လုပ်ဆောင်ဖို့ရန် ပျိုရွယ်သောယောကျ်ား၊ မိန်းမတို့အားဖွဲ့စည်းတည်ထောင်၍ လက်တွေ့လုပ်ငန်းကိုသွန်သင်ပေးနိုင်သောသူများကို အသင်းတော်၌ ကျွန်ုပ် တို့အလိုရှိကြပါသည်။ မိမိတို့၏ဝမ်းရေးအတွက် နေ့စဉ်လုပ်ငန်းများကို ဆောင်ရွက်နေရကြသောကြောင့် လူအပေါင်းသည် အချိန်ပြည့်ထိုလုပ်ငန်း တို့ကို မလုပ်ဆောင်နိုင်ကြ။ သို့ရာတွင် အားလပ်သောနေ့ရက်များနှင့်ခရစ်ယာန် အလုပ်ကိုဆောင်ရွက်နိုင်သောအချိန်များ သူတို့၌ရှိကြ၍ သူတို့သည် ငွေများစွာ မပေးနိုင်ကြသောအခါ ဤနည်းဖြင့် ကုသိုလ်ကောင်းမှုများပြုလုပ်နိုင်ကြသည်။

သင်၌အားလပ်သောနေ့ရက်များရရှိသောအခါ သင်၏သားသမီး များအတွက် ၎င်းနေ့ကိုသာယာပျော်မွေ့ဖွယ်ဖြစ်ပါစေ။ ၎င်းပြင်ဆင်းရဲသော သူများနှင့် ဒုက္ခရောက်သောသူတို့အတွက်လည်း ၎င်းနေ့ကိုသာယာဖွယ်နေ့ ဖြစ်ပါစေ။ သခင်ယေရှုကိုကျေးဇူးတော်ချီးမွမ်းခြင်း၊ ကျေးဇူးတော်ချီးမွမ်း ခြင်းအလှူပေးခြင်း တို့ကိုမပြုလုပ်ဘဲ ထိုနေ့ကိုလွန်မသွားပါစေနှင့်။

## မွေးနေ့၊ ဘုရားသခင်၏ကျေးဇူးတော်ကိုချီးမွမ်းရသောနေ့

ငွေနှင့်ဆိုင်သောယုဒလူတို့၏တရားဥပဒေအတိုင်း သားသမီးများမွေးဖွားလာသောအခါ ဘုရားသခင်စီမံထားတော်မူသောနေ့တွင် ဘုရားသခင်အားပူဇော်သကာကိုဆက်ကပ်ရကြ၏။ ယခုမူကား၊ မိဘတို့သည် မိမိတို့၏သားသမီး များအား သူတို့၏မွေးနေ့တွင်လက်ဆောင်ကို ကြိုးစား၍ပေးတတ်ကြသည်။ လူကိုသာဂုဏ်ပြုသင့်သကဲ့သို့ သူတို့သည် ဤနေ့ကိုမိမိတို့၏သားသမီးအား

စီမံလေပြီ။ သူသည် လူ၏စိတ်နှင့်လက်ဆောင်ကို လူများထံသို့ပြောင်းလဲပေး၏။ ထိုသို့အားဖြင့် မိမိတို့သည် အခွင့်ထူးကိုရအပ်သောသူများဖြစ်ကြသကဲ့သို့ သားသမီးတို့သည် မိမိတို့အတွက်ကိုသာ စဉ်းစားဆင်ခြင်နေကြလိမ့်မည်။

မွေးနေ့အခါတွင် အခြားသောတစ်နှစ်အတွက် မိမိတို့၏အသက်ကိုစောင့်ရှောက်တော်မူသောကျေးဇူးတော်အတွက် ဘုရားသခင်အားကျေးဇူးတင်ဖို့အကြောင်းရှိသည်ကို သားသမီးများအားသွန်သင်ပေးရကြမည်။ အဖိုးတန်သောသင်ခန်းစာများကို ထိုသို့အားဖြင့်သင်ကြားပေးရမည်။ အသက်၊ ကျန်းမာခြင်း၊ အစားအသောက်နှင့်အဝတ်၊ ထာဝရအသက်ကိုမျှော်လင့်ခွင့်ရရှိခြင်းအတွက် ကျွန်ုပ်တို့သည် ကရုဏာအပေါင်းကိုပေးတော်မူသောအရှင်အားကျေးဇူးတင်ရကြမည်။ ဘုရားသခင်ပေးတော်မူသောဆုကျေးဇူးများအတွက်ဘုရားသခင်ကိုသာဂုဏ်ပြု၍ ကျွန်ုပ်တို့အား အကျိုးကိုအများဆုံးချပေးတော်မူသောအရှင်အား ကျေးဇူးတော်ချီးမွမ်းခြင်းယဇ်ကိုပေးလှူရကြမည်။ ဤကဲ့သို့သောမွေးနေ့အလှူများကို ကောင်းကင်ကအသိအမှတ်ပြုတော်မူ၏။

ကောင်းကင်၏အသက်စာစောင်တွင် ရေးမှတ်ထားသည့်အတိုင်း ဝမ်းမြောက်ဖွယ်မှတ်တမ်းကို တွေ့မည်၊ မတွေ့မည်ကိုဆင်ခြင်နိုင်ရန် လွန်ခဲ့သောနှစ်က မိမိ၏အသက်တာအကြောင်းကို ပြန်၍ကြည့်ရှုစစ်ဆေးရန် သူတို့အားသွန်သင်ပေးပါ။ သူတို့၏နေထိုင်ပုံ၊ သူတို့၏စကားများနှင့် သူတို့၏အလုပ်များသည် ဘုရားသခင်နှစ်သက်ဖွယ်သောအရာများဖြစ်သည်မဖြစ်သည်ကို ကောင်းစွာဆင်ခြင်နိုင်ရန် သူတို့အားတိုက်တွန်းပါ။ သူတို့၏အသက်တာသည် သခင်ယေရှု၏အသက်တာနှင့် သာ၍တူအောင်ပြုပြင်ကြလျက် ဘုရားသခင်ရှေ့တော်၌ တင့်တယ်နှစ်သက်ဖွယ်ဖြစ်စေခဲ့ကြပြီလော။ သူတို့အား ဘုရားသခင်ကိုသိကျွမ်းရန်၊ ဘုရားသခင်၏အလိုတော်နှင့်ပညတ်များကိုသိရှိရန် သွန်သင်ပေးပါ။

အသင်းတော်များကိုတည်ထောင်ရာ၌ အသုံးပြုဖို့ထာဝရဘုရား၏ ဘဏ္ဍာတော်ထဲသို့ထည့်ရန် အခွင့်မပြုလျှင် ကျွန်ုပ်အားမွေ့နေ့ (သို့မဟုတ်) ခရစ္စမတ်လက်ဆောင်များကို မည်သူကမျှပေးစေဖို့အလိုမရှိကြောင်း ကျွန်ုပ်၏ အိမ်ထောင်နှင့်မိတ်ဆွေများအားပြောထားပြီ။◦

(1) AH, 472 - 476.

---o---

# အခန်း (၃၈)
# အားသစ်ဖြည့်ရန်ပျော်မြူးခြင်း

ခရစ်ယာန်တို့သည် ပျော်ရွှင်ခြင်းကိုဖြစ်စေသောအရာများစွာတို့ကို မိမိတို့အလိုရှိသည်အတိုင်းရရှိနိုင်သည်။ ၎င်းပြင် မည်ကဲ့သို့သောပျော်မွေ့ဖွယ်ရာများသည် နည်းလမ်းကျ၍မှန်ကန်ကြောင်းကို အသေအချာတိကျစွာပြောနိုင်ကြသည်။ စိတ်သဘောကိုမပျောက်လွင့် (သို့မဟုတ်) စိတ်ကိုမယုတ်ညံ့စေမည့်ပျော်မြူးခြင်းမျိုး၊ စိတ်ပျက်ခြင်းကိုမဖြစ်စေ၍ ကိုယ့်ဂုဏ်သရေကိုပျက်စီးစေရန် (သို့မဟုတ်) အသုံးဝင်သောနည်းလမ်းကိုတားဆီးရန် ဝမ်းနည်းဖွယ်အကြောင်းကိုမဖြစ်စေခဲ့သော ပျော်မြူးခြင်းမျိုးတို့ကို သူတို့သည်ခံစားနိုင်ကြသည်။ သူတို့သည် သခင်ယေရှုကိုမိမိတို့နှင့်အတူယူဆောင်၍ ဆုတောင်းသောသဘောကိုအမြဲထားရှိနိုင်လျှင် ၎င်းတို့သည် လုံးလုံးဘေးကင်းကြသည်။

ဘုရားသခင်၏ကောင်းချီးမင်္ဂလာသက်ရောက်လာရန် ယုံကြည်ခြင်းနှင့်တောင်းလျှောက်လျက် သင်ပြုလုပ်နိုင်သောပျော်ရွှင်ခြင်းအမှုသည် ဘေးဖြစ်စေလိမ့်မည်မဟုတ်။ သို့ရာတွင် တိတ်ဆိတ်စွာဆုတောင်းခြင်း၊ ဆုတောင်းရာပလ္လင်၌ဝတ်ပြုကိုးကွယ်ခြင်း (သို့မဟုတ်) ဆုတောင်းစည်းဝေး၌ပါဝင်ခြင်းတို့တွင် သင့်အားချွတ်ယွင်းပျက်ကွက်စေသောပျော်မွေ့ခြင်းအမှုသည် ဘေးမကင်း၊ ဒုက္ခရောက်စေတတ်၏။

ကျွန်ုပ်တို့ကား၊ မြေကြီးပေါ်၌နေ့စဉ် မိမိတို့၏အသက်တာတွင် ဘုရားသခင်၏ဘုန်းတော်ကိုထင်ရှားစေရန် အခွင့်ကိုရရှိထားသည်ဟု ယုံကြည်သောလူစားမျိုး၊ ကျွန်ုပ်တို့သည် ဤလောက၌ မိမိတို့၏ပျော်ရွှင်ရေး၊ မိမိတို့ကိုယ်ကိုနှစ်သိမ့်စေရေးအတွက်သာ အသက်ရှင်နေရကြသည်မဟုတ်ဟု ယုံကြည်သောလူစားမျိုးဖြစ်ကြသည်။ ကျွန်ုပ်တို့သည် ဤလောက၌ လူတို့၏အကျိုးကိုရှာလျက် အဖွဲ့အစည်းအဖို့ကောင်းချီးမင်္ဂလာဖြစ်ရကြမည်။ အချည်းနှီးသောအရာနှင့်မိုက်မဲခြင်းကိုရှာဖွေနေသောသူတို့သည် မိမိတို့၏စိတ်ကိုစွဲလမ်းနေစေကြသည့် အောက်ကျသောလမ်းကြောင်း၌ ကျွန်ုပ်တို့၏စိတ်များကို

စွဲလမ်းစေကြလျှင် ကျွန်ုပ်တို့သည် မိမိတို့၏လူမျိုးနှင့်အမျိုးအနွယ်အတွက် မည်ကဲ့သို့အကျိုးဖြစ်ထွန်းစေနိုင်ကြမည်နည်း။ ကျွန်ုပ်တို့ပတ်လည်ရှိအဖွဲ့အစည်းအဖို့ မည်ကဲ့သို့ကောင်းချီးမင်္ဂလာဖြစ်နိုင်မည်နည်း။ ရိုးရိုးတာဝန်များကို သစ္စာရှိစွာလုပ်ဆောင်ဖို့ ကျွန်ုပ်တို့အားမသင့်လျော်စေမည့်ပျော်ရွှင်ခြင်းအမှုတစ်စုံတစ်ခုတွင် ကျွန်ုပ်တို့သည် အပြစ်ကင်းစွာမပါဝင်နိုင်ကြ။

ကိုယ်တိုင်ပင်မှန်ကန်သောအရာများစွာရှိပါသည်။ သို့ရာတွင် စာတန်ကပြောင်းလွှဲထားသောအရာများသည် သတိမရှိသောသူတို့အတွက် ထောင်ချောက်ဖြစ်ပေသည်။

ပျော်မွေ့ခြင်းများတွင် အခြားသောကိစ္စများမှာကဲ့သို့ပင် ချုပ်တည်းခြင်းရှိဖို့ များစွာလိုပေသည်။ ၎င်းပြင် ဤပျော်မွေ့ခြင်းများ၏အခြေအနေကို သေချာစေ့စပ်စွာဆင်ခြင်စဉ်းစားရကြမည်။ ဤပျော်မွေ့ခြင်းတို့သည် ကိုယ်ခန္ဓာ၊ စိတ်သဘောနှင့်အကျင့်တို့ကို မည်ကဲ့သို့ထိခိုက်စေလိမ့်မည်နည်းဟု လူငယ်တိုင်းမိမိကိုယ်ကိုမေးမြန်းကြည့်ရမည်။ ကျွန်ုပ်၏စိတ်သဘောသည် ဘုရားသခင်ကိုမေ့လောက်အောင် လမ်းလွဲနေမည်လော။ ကျွန်ုပ်သည် ဘုရားသခင်၏ဘုန်းတော်ကို ကျွန်ုပ်၏ရှေ့မှ ကွယ်ပျောက်သွားစေမည်လော။◦

## ပျော်ရွှင်ခြင်းအတွက်ထားအပ်သောသဘောထား

စိတ်ကူးချွတ်ယွင်းနေသောသူများရှိကြ၍ သူတို့အဖို့ဘာသာတရားသည် လုံတံနှင့်အုပ်စိုးလျက် ရက်ရောစွာအုပ်ချုပ်သောအရာဖြစ်သည်ဟု ထင်မှတ်ကြ၏။ ထိုသို့သောသူတို့သည် မိမိတို့၏ဆိုးသွမ်းသောအရာများအတွက် ညည်းညူနေကြ၍ မကောင်းဟုထင်ရသောအကျင့်များအတွက် ညည်းတွားနေကြ၏။ သူတို့၏စိတ်နှလုံးထဲ၌ ချစ်ခြင်းမေတ္တာမရှိ။ သူတို့၏မျက်နှာသည် အမြဲမှုန်ကုပ်လျက်ရှိ၏။ လူငယ် (သို့မဟုတ်) တစ်စုံတစ်ယောက်က အပြစ်ကင်းစွာရယ်မောခြင်းအားဖြင့် သူတို့သည် ချမ်းစိမ့်သွားကြ၏။ သူတို့က ပျော်ရွှင်ခြင်း၊ ပျော်မြူးခြင်းအမှုအားလုံးသည် အပြစ်

ဖြစ်သည်ဟုသဘောထားလျက် စိတ်သဘောထားသည် ခက်ထန်ပြင်းထန်သော အခြေအနေ၌ အမြဲတည်ရှိနေစေရမည်ဟုထင်ကြသည်။ ဤအရာသည် လွန်လွန်း သောအမှုတစ်ခုဖြစ်၏။ ကျန်းမာခြင်းကိုရရှိရန် အသစ်သောပျော်ရွှင် ဖွယ်ရာ များ၊ စိတ်ပြောင်းလွှဲစေရာများကိုစထွင်ပြုလုပ်ရန် အမြဲကျယ်ပြန့်နေရမည်ဟုအ ချို့တို့ကထင်မှတ်ကြ၏။ သူတို့သည် စိတ်ထကြွစေသောအရာများကို မှီခိုအား ကိုးနေဖို့ရန်လေ့လာကြသဖြင့် ၎င်းတို့မရှိလျှင် မသက်မသာဖြစ်နေကြ ၏။ ထိုသို့သောသူတို့သည် မှန်သောခရစ်ယာန်မဟုတ်ကြ။ သူတို့သည်လည်း လွန် လွန်းသောသူများဖြစ်ကြ၏။ ခရစ်ယာန်၏အခြေခံတရားများသည် ပျော်မွေ့ ခြင်းကိုဖြစ်စေသောအရာကို လူအပေါင်းတို့ရှေ့၌ဖော်ပြထား၏။ ၎င်း၏အမြင့်၊ အနက်၊ အလျားနှင့်အနံတို့ကိုတိုင်းထွာ၍မရနိုင်။၂

ကိုယ်ကာယနှင့်စိတ်ခွန်အားတို့ကို ဘုရားသခင်၏ဘုန်းတော်ထင်ရှား စေဖို့ အသုံးပြုနိုင်ရန်ရည်ရွယ်လျက် စိတ်ဝိညာဉ်နှင့်ကိုယ်ခန္ဓာတို့ကိုအားသစ် ဖြည့်ရန် အပြစ်ကင်းသောပျော်ရွှင်မှုကိုရှာဖွေခြင်းသည် ခရစ်ယာန်တို့၏ အခွင့်အရေးနှင့်တာဝန်ဖြစ်သည်။ ကျွန်ုပ်တို့၏ပျော်ရွှင်မှုတို့သည် အဓိပ္ပါယ် ကင်းမဲ့သောပျော်မွေ့ခြင်းမျိုးမဟုတ်ရ။ ကျွန်ုပ်တို့နှင့်ပေါင်းဖော်သောသူတို့အား အကျိုးဖြစ်ထွန်းစေ၍ သူတို့ကိုမြှင့်တင်ပေးလျက် ခရစ်ယာန်အဖြစ်နှင့် ကျွန်ုပ် တို့အားပေးထားသောတာဝန်များကို ကျွန်ုပ်တို့နှင့်သူတို့သည် သာ၍အောင်မြင် စွာဆောင်ရွက်နိုင်မည့်နည်းမျိုးဖြင့် ထိုပျော်ရွှင်မှုကို ကျွန်ုပ်တို့သည်ပြုလုပ်နိုင် သည်။၃

ဥပုသ်စောင့်သောသူတို့သည် လူတစ်မျိုးအဖြစ်နှင့်ပြောင်းလဲခြင်း (သို့မဟုတ်) အနားယူခြင်းမရှိဘဲ အလုပ်ကိုပင်ပန်းစွာလုပ်ကိုင်ကြသည်ကို ကျွန်ုပ်အားဖော်ပြထား၏။ ပျော်ရွှင်မှုသည် ကိုယ်လက်အင်္ဂါတို့ဖြင့် အလုပ် လုပ်သောသူတို့အတွက် လိုအပ်သည်။ ၎င်းအပြင် များသောအားဖြင့် စိတ် ဉာဏ်ကိုအသုံးပြုရသောသူတို့အတွက် သာ၍လိုပေသည်။ ဘာသာရေးကိစ္စပင် ဖြစ်သော်လည်း အမြဲသဖြင့် အလွန်အမင်းစိတ်ကိုအသုံးပြုခြင်းသည် ကျွန်ုပ်

တို့၏ကယ်တင်ခြင်းအတွက်သော်လည်းကောင်း၊ ဘုရားသခင်၏ဘုန်းတော် ထင်ရှားစေရန်အတွက်သော်လည်းကောင်း လိုအပ်သောအမှုမဟုတ်။၄

ကိုယ်ကာယလှုပ်ရှားခြင်း၌ ကုန်စေရသောအချိန်သည် ဆုံးရှုံးသွားသည်မဟုတ်။ ကိုယ်ခန္ဓာ၏အင်္ဂါအစိတ်အပိုင်းအားလုံးသည် အစွမ်းသတ္တိအပေါင်းတို့ကို အချိုးအစားညီမျှစွာ လှုပ်ရှားလေ့ကျင့်မှုပြုပေးခြင်းအမှုသည် အသီးအသီးတို့၏အကောင်းဆုံးလုပ်ငန်းများအတွက် လိုအပ်ပေသည်။ အသက်ရှင်နေသောစက်၏အခြားအင်္ဂါများသည် မလှုပ်ရှားဘဲနေကြစဉ် ဦးနှောက် သည် အမြဲသဖြင့်အားစိုက်လုပ်ဆောင်နေရသောအခါ ကိုယ်ကာယနှင့်စိတ်၏ ခွန်အားတို့သည် ကုန်ခန်းသွား၏။ ကိုယ်ခန္ဓာသည် ကျန်းမာခြင်းခွန်အားကိုလက်လွှတ်စေ၍ စိတ်သည် အားသစ်နှင့်ထက်မြက်ခြင်းကိုဆုံးရှုံးလျက် ထကြွ လှုပ်ရှားခြင်းမရှိဘဲ ထုံထိုင်းနေစေတတ်၏။

အိပ်ချိန်နှင့်အလုပ်လုပ်ချိန်တို့ကို စည်းကမ်းထားဖို့သတိပြုရကြမည်။ ကျွန်ုပ်တို့၌အနားယူရသောအချိန်၊ အားဖြည့်ရန်ပျော်ရွှင်ရသောအချိန်၊ စဉ်းစားဆင်ခြင်ရန်အချိန်များထားရမည်။ အများထင်မှတ်ကြသည်ထက် ချုပ်တည်းခြင်းစည်းကမ်းကို သာ၍ကျယ်ဝန်းစေသည်။

စာသင်ကြားလေ့လာနေရကြသောသူတို့သည် အားလပ်ခွင့်ရှိရကြမည်။ အလွန်နုနယ်သောစိတ်နှင့်ဆိုင်ရာခန္ဓာစက်သည် နွမ်းရိသေတတ်သောကြောင့် စိတ်သည်အမြဲသဖြင့်ကျပ်တည်းစွာ ဆင်ခြင်စဉ်းစားခြင်းမပြုအပ်။ ကိုယ်ခန္ဓာနှင့်တကွ စိတ်ကိုလှုပ်ရှားခြင်းလေ့ကျင့်မှုပြုပေးရမည်။၅

## ဆင်းရဲချမ်းသာမရွေးပြုလုပ်နိုင်သောပျော်ရွှင်မှု

လူငယ်များအား လူအိုများလောက်တည်ငြိမ်၍ကျက်ခြေရှိစေရန် မပြုလုပ်နိုင်။ ၎င်းပြင် သူငယ်တို့အား ဘိုးဘေးတို့လောက်ငြိမ်သက်တည်ကြည် နေစေရန်မပြုလုပ်နိုင်။ အပြစ်ရှိသောပျော်ရွှင်မှုတို့သည် အပြစ်တင်သင့် သလောက်တင်နေကြစဉ် လူငယ်တို့၏မိဘ၊ ဆရာသမားများနှင့်အုပ်ထိန်းသူ

တို့သည် အကျင့်ကိုစွန်းထင်း၊ ပျက်စီးခြင်းမဖြစ်စေသည့် အပြစ်ကင်းသော ပျော်ရွှင်မှုတို့ကိုစီမံပေးရကြမည်။ လူငယ်တို့အား ကျပ်တည်းသောစည်းကမ်းများ၊ တားမြစ်မှုများဖြင့် ပိတ်ပင်ခြင်းမပြုပါနှင့်။ ထိုသို့ပြုလျှင် သူတို့အား ညှဥ်းဆဲသည်ဟုထင်မြင်စေလျက် ဥပဒေကျူးလွန်ပြီးလျှင် မိုက်မဲပျက်စီး ခြင်းသို့ရောက်စေလိမ့်မည်။ မြဲမြံ၍ကြင်နာသနားလျက် ဆင်ခြင်သောသဘောဖြင့် အုပ်ချုပ်စီမံပြီးလျှင် သူတို့၏စိတ်နှင့်အကြံအစည်များကို စိုးမိုးထားရ မည်။ သို့ရာတွင် သင်သည် သူတို့အတွက် အကောင်းဆုံးအကျိုးကိုမျှော်မြင် သည်ကို သူတို့သည်သိရှိကြမည်အကြောင်း ဖြည်းညင်းသတိပညာရှိလျက် ချစ်ခင်စွာပြုမူရမည်။

စိတ်နှင့်ကိုယ်ခန္ဓာအတွက် များစွာအကျိုးဖြစ်ထွန်းစေသော ပျော်ရွှင်မှုအမျိုးမျိုးရှိသည်။ ကောင်းစွာဝေဖန်ပိုင်းခြားသိနားလည်တတ်သောသူသည် အပြစ်ကင်းသည်သာမက မှတ်သားဖွယ်ကောင်းသောပျော်ရွှင်မှုတို့ကို ဖြစ်ပေါ်လာစေနိုင်သောနည်းအများကို တွေ့ရှိလိမ့်မည်။ လဟာပြင်၌သဘာဝတွင် ဘုရားသခင်ဖန်ဆင်းထားသောအရာများကို ကြည့်ရှုဆင်ခြင်လျက် ပျော်ရွှင်မှုကိုရှာဖွေခြင်းသည် အကျိုးအဖြစ်ထွန်းဆုံးနည်းဖြစ်လိမ့်မည်။[၇]

မိမိအတွက်သာအကျိုးရှိသောပျော်မွေ့ခြင်းသည် အခြားသူတို့အား အကျိုးဖြစ်စေမည့်ပျော်မွေ့ခြင်းလောက် သူငယ်များနှင့်လူငယ်တို့အဖို့ များစွာ ကောင်းချီးမင်္ဂလာဖြစ်စေလိမ့်မည်မဟုတ်။ လူငယ်တို့သည် သဘာဝအားဖြင့် စိတ်အားထက်သန်လျက် စွဲမှတ်တတ်ကြသဖြင့် သူတို့သည် အကြံဥာဏ်ပေးသည်ကို လျင်မြန်စွာလိုက်နာတတ်ကြသည်။[၈]

ဆင်းရဲချမ်းသာမရွေး လူတိုင်းလိုက်စားပြုလုပ်နိုင်သောပျော်မွေ့ခြင်းမျိုးကို ဘုရားသခင်သည် စီမံထားတော်မူပြီ။ ၎င်းကား သန့်ရှင်းသောအကြံအစည်၊ ကိုယ်ကျိုးမရှာသောအပြုအမူတို့ကိုဖြစ်ပေါ်လာစေခြင်းတွင် တွေ့ရသောပျော်မွေ့ခြင်း၊ ထောက်ထားစာနာသောစကားကိုပြောခြင်း၊ ကြင်နာသော အမူတို့ကိုပြုခြင်းမှ ဖြစ်ပေါ်လာသောပျော်မွေ့ခြင်းဖြစ်သည်။ ထိုသို့သောအမူတို့ကိုပြုသောသူတို့ထံမှ များစွာဝမ်းနည်းခြင်းအားဖြင့် မှောင်မိုက်နေသော

သူတို့၏အသက်တာကို သခင်ခရစ်တော်၏အလင်းနှင့်ထွန်းတောက်စေကြပြီ။

လုံးလုံးလိုပင် မလိုအပ်သောပျော်မြူးခြင်းကိုဖြစ်စေသော ကျွန်ုပ်တို့၏လောကတွင် လိုအပ်၍အသုံးပြုနိုင်သောအရာများစွာရှိပေသည်။ ဦးနှောက်၊ အရိုးနှင့်ကြွက်သားတို့ကို သင့်လျော်စွာကောင်းကျိုးအတွက်အသုံးပြုခြင်း၊ကောင်းစွာဆင်ခြင်စဉ်းစားပြုမူခြင်းအမှု၊ အကြံအစည်များကိုပြုလုပ်ခြင်းအမှုတွင် ၎င်းတို့သည် ခိုင်ခံ့၍ခွန်အားရှိလာကြ၏။ ထိုအကြံအစည်များသည် ဉာဏ်စွမ်းသတ္တိများနှင့် ကိုယ်ကာယအစိတ်အပိုင်းတို့၏ခွန်အားတို့ကို တိုးပွားစေ သဖြင့် ဘုရားသခင်၏ဘုန်းတော်ကိုထင်ရှားစေဖို့အသုံးပြုဖို့ရန် ဘုရားသခင် ပေးထားတော်မူသောအစွမ်းသတ္တိတို့ကို ထိုဉာဏ်စွမ်းသတ္တိနှင့်အင်္ဂါအစိတ်အပိုင်း တို့၏ခွန်အားတို့က လက်တွေ့အသုံးပြုပေးကြလိမ့်မည်။[၁၀]

မြို့တစ်မြို့ (သို့မဟုတ်) ရွာတစ်ရွာတွင်ရှိသောအိမ်ထောင်အများသည် စုပေါင်း၍ မိမိတို့၏ကိုယ်နှင့်စိတ်ကိုပင်ပန်းစေသော အလုပ်အကိုင်ကိုစွန့်ပစ်ပြီးလျှင် တောရွာတစ်ရွာ၊ အိုင်ကမ်းနားတစ်ခု (သို့မဟုတ်) သာယာလှပသောတောအုပ်တစ်ခုသို့ ခရီးထွက်ကြပါစေ။ သူတို့သည် အကောင်းဆုံးအသီးအနှံများပါရှိလျက် ကျန်းမာစေသောစားစရာရိုးရိုးကိုယူဆောင်သွား၍ သစ်ပင်ရိပ်အောက်တွင်ဖြစ်စေ၊ လဟာပြင်ကောင်းကင်အောက်တွင်ဖြစ်စေ စားစရာများကိုတည်ခင်းရကြမည်။ စက်ဘီးစီး၊ မြင်းစီး၊ ကားစီးခြင်းဖြင့်လည်းကောင်း၊ ကိုယ်လက်လှုပ်ရှားကစားခြင်းဖြင့်လည်းကောင်း၊ သာယာသောရှုခင်းအားဖြင့်လည်းကောင်း အစားအသောက်တို့ကို မြိန်ရှက်စွာသုံးဆောင်နိုင်ကြလိမ့်မည်ဖြစ်၍ ရှင်ဘုရင်တို့ပင် သွားရည်ယိုရကြလိမ့်မည်။

ထိုအခါတွင် မိဘနှင့်သားသမီးတို့သည် အလုပ်အကိုင်၊ စိုးရိမ်ပူပန်ခြင်း၊ ရှုပ်ထွေးခြင်းတို့နှင့်ကင်းရှင်းစွာနေရကြမည်။ မိဘတို့သည် မိမိတို့၏သားသမီးတို့နှင့်ရောနှောနေကြလျက် သူတို့အားတတ်နိုင်သမျှ ပျော်ရွှင်အောင်ပြုလုပ်ပေးရကြမည်။ ထိုနေ့တစ်နေ့လုံးအားဖြည့်ခြင်းငှာ ပျော်ရွှင်စွာနေရကြမည်။ အခန်းထဲတွင် အလုပ်လုပ်ရသောသူတို့အတွက် လဟာပြင်တွင်

ကိုယ်လက်လှုပ်ရှားကစားခြင်းအမှုသည် ကျန်းမာခြင်းအတွက်အကျိုးရှိပေသည်။ တတ်နိုင်လျှင် လူတိုင်းပင် ဤနည်းကိုလိုက်နာရကြမည်။ ဘာမျှ ဆုံးရှုံးခြင်း မရှိဘဲ များစွာအကျိုးခံစားရလိမ့်မည်။ သူတို့သည် အသစ်သော အသက်နှင့်ခွန်အားကိုရရှိလျက် မိမိတို့၏လုပ်ငန်းကိုပြန်သွားနိုင်ကြပြီး ရောဂါများကိုခုခံနိုင်ရန် သာ၍ပြင်ဆင်ခြင်းရရှိထားကြ၏။[၁၁]

ရိုးရိုးဘောလုံးကစားခြင်းမျိုးကို ကျွန်ုပ်သည် အပြစ်မတင်ပါ၊သို့ရာတွင် ရိုးရိုးကစားရာ၌ပင် အလွန်အကြူးကစားတတ်ကြသည်။

ဤသို့ပျော်မြူးခြင်းတို့နောက်၌ အမှန်ပင်ဖြစ်ပေါ်လာတတ်သော အကြောင်းခြင်းရာတို့မှ ကျွန်ုပ်တို့သည် အမြဲပင်တွန့်ဆုတ်သွားတတ်ကြ၏။ ၎င်းသည် ငွေအကုန်အကျများစေရာ ထိုကုန်ကျငွေများကို သခင်ခရစ်တော် ထံမှဝေးကွာလျက် ပျက်စီးနေသောဝိညာဉ်များအား သမ္မာတရားအလင်းကို ပေးရာ၌ အသုံးပြုနိုင်ပေသည်။ တစ်ဆင့်ပြီးတစ်ဆင့် ကိုယ်ကိုချီးမြှောက်ခြင်းသို့ရောက်စေသော ကိုယ်စိတ်ကြိုက်အတွက်ပျော်မြူးခြင်းနှင့် ငွေကြေးကုန်ကျခြင်းနှင့်ပျော်မွေ့ခြင်းအတွက် ဤကစားနည်းများကိုလေ့ကျင့်သင်ကြားခြင်းအမှုတို့သည် ခရစ်ယာန်အကျင့်စာရိတ္တ၌ စုံလင်ခြင်းကိုမဖြစ်စေတတ်သောအရာတို့၌ နှစ်သက်တပ်မက်ခြင်းအမှုဖြစ်စေ၏။[၁၂]

ကစားပျော်မြူးခြင်းနှင့်ကိုယ်လက်လှုပ်ရှားလေ့ကျင့်မှုပြုခြင်းတို့ကို ဂရုစိုက်နေခြင်းသည် မကြာခဏပြုလုပ်နေကျ ကျောင်းလုပ်ငန်းတို့ကို အမှန်ပင် နှောင့်ယှက်တားဆီးလိမ့်မည်။ သို့ရာတွင် ဤသို့နှောင့်ယှက်ခြင်းအမှုသည် တကယ်ပင်အနှောင့်အယှက်ဖြစ်စေမည်မဟုတ်။ ကိုယ်စိတ်နှလုံးကို ခွန်အားသစ်နှင့်ပြည့်စေရာ၌လည်းကောင်း၊ ကိုယ်ကျိုးမရှာသောသဘောကိုမွေးမြူရာ၌လည်းကောင်း၊ သာမညကိစ္စနှင့်မိတ်ဆွေပေါင်းသင်းခြင်းအမှုတို့တွင် ဆက်ဆံခြင်းဖြင့် တပည့်နှင့်ဆရာတို့ကို အတူတကွစည်းလုံးစေခြင်း၌လည်းကောင်း အချိန်ကုန်ခံ၍ကြိုးပမ်းမှုသည် အဆတစ်ရာပင်ပြန်၍အကျိုးပေးလိမ့်မည်။ လူငယ်တို့အဖို့ မကြာခဏဘေးဥပဒ်ဖြစ်စေသောအကြောင်းရင်းဖြစ်သည့် အငြိမ်မနေတတ်သောသတ္တိအတွက် ကောင်းချီးမင်္ဂလာတစ်ခုကိုထွက်ပေါ်လာစေ

လိမ့်မည်။ မကောင်းသောအမှုအရာအတွက် ဘေးကင်းလုံခြုံစေရန် စိတ်ထဲ၌ ပြည့်ဝနေစေခြင်းသည် မရေမတွက်နိုင်အောင်များပြားသည့် တားမြစ်ထားသော စည်းကမ်းဥပဒေများထက် သာ၍အကျိုးရှိပေသည်။[၁၃]

## ပေါင်းသင်းဆက်ဆံခြင်းနှင့်မှန်ကန်သော အလေ့အကျင့်များ

အခြားသောအသင်းများနှင့်ပေါင်းဖော်ရသောလူငယ်တို့သည် ထိုအသင်းများအပေါ်၌ ကောင်းချီးမင်္ဂလာ (သို့မဟုတ်) ကျိန်ခြင်းကိုသက်ရောက်စေတတ်သည်။ သူတို့သည် အသီးအသီးသောအသင်းတို့အား ပါရမီတိုးပွားစေရန်၊ ကောင်းချီးမင်္ဂလာသက်ရောက်စေရန်နှင့် ခွန်အားတိုးတက်စေရန် ပြုလုပ်နိုင်လျက် အနေအထိုင်အသွင်အပြင်၌လည်းကောင်း၊ စိတ်သဘော အခြေအနေ၌လည်းကောင်း၊ အတွေ့အကြုံပညာ၌လည်းကောင်း တိုးပွားစေ လိမ့်မည်၊ (သို့မဟုတ်) မိမိတို့ကိုယ်ကိုသတိမမူဘဲနေခြင်း၊ သစ္စာမရှိခြင်း အားဖြင့် သူတို့သည် အကျင့်ယုတ်စေသောသဘောများကိုသာဖြစ်ပေါ်စေရန် ဩဇာညောင်းတတ်ကြသည်။

သခင်ယေရှုသည် မိမိကိုအားကိုးသောသူအပေါင်းတို့ကို မစကူညီသောသူဖြစ်တော်မူ၏။ သခင်ခရစ်တော်နှင့်ဆက်သွယ်နေသောသူတို့သည် မိမိတို့အလိုရှိသည်အတိုင်း ပျော်မွေ့ခြင်းကိုရရှိကြ၏။ သူတို့သည် ကယ်တင်ရှင်ပြတော်မူသောလမ်းတွင်လျှောက်လိုက်လျက် ကိုယ်တော်အတွက်စွဲလမ်းသောအရာ၊ တပ်မက်သောအရာတို့နှင့်တကွ မိမိတို့ကိုယ်ကို လက်ဝါးကပ်တိုင်၌ ရိုက်ထားကြ၏။ ဤလူများတို့သည် သခင်ခရစ်တော်အပေါ်၌ မိမိတို့၏ မျှော်လင့်ချက်တို့ကိုတည်ထားကြသဖြင့် လောက၏မုန်တိုင်းများသည် သူတို့အားတည်မြဲသောအခြေအမြစ်မှပယ်ရှားပစ်ရန် ခွန်အားမရှိကြ။

ပျို့ရွယ်သောယောကျ်ား၊ မိန်းမတို့၊ သင်တို့သည် အားကိုးယုံကြည်အပ်သောသူ၊ တည်ကြည်ဖြောင့်မတ်သောသူနှင့် တကယ်ပင်အသုံးဝင်သောသူ

ဖြစ်လာကြမည်မှာ သင်တို့အပေါ်၌တည်ပေသည်။ အခြေအနေအမျိုးမျိုး၌ သင်သည် မှန်သောအရာအတွက် ရပ်တည်နေနိုင်ရန်အသင့်ရှိလျက် စိတ်ပိုင်းဖြတ်ရမည်။ ကျွန်ုပ်တို့၏မှားသောအကျင့်ဓလေ့တို့ကို ကောင်းကင်သို့မိမိတို့နှင့်အတူ ယူဆောင်မသွားနိုင်သဖြင့် ဤမြေကြီးပေါ်၌အောင်မြင်ခြင်းမရှိလျှင် ၎င်းအကျင့်တို့ကြောင့် ကျွန်ုပ်တို့သည် ဖြောင့်မတ်သောသူတို့နေရာအရပ်သို့ ဝင်ခွင့်ရကြမည်မဟုတ်။ မကောင်းသောအကျင့်တို့ကိုပယ်ရှားရသောအခါ အလွန်ပြင်းထန်စွာ ၎င်းတို့ကခုခံနေတတ်ကြသည်။ သို့ရာတွင် စွမ်းအားသတ္တိနှင့်လည်းကောင်း၊ ကြိုးစားခြင်းနှင့်လည်းကောင်း ဆက်လက်တိုက်လှန် နေလျှင် ၎င်းတို့ကိုအောင်မြင်လိမ့်မည်။

မှန်ကန်သောအလေ့အကျင့်တို့ကိုဖြစ်စေရန် ကျွန်ုပ်တို့သည် စင်ကြယ်သောအကျင့်စာရိတ္တရှိလျက် ဘာသာရေးတွင် ဩဇာညောင်းသောသူတို့နှင့် ပေါင်းသင်းဆက်ဆံရကြမည်။[၁၄]

ပျို့ရွယ်သူတို့သည် သန့်ရှင်းဖြူစင်သောသူ၊ စဉ်းစားဆင်ခြင်တတ်သူနှင့် နှစ်သက်ဖွယ်ဖြစ်သောသူတို့နှင့်ပေါင်းသင်းဆက်ဆံခွင့်ရနိုင်လျှင် အလွန်ပင်အကျိုးရှိလိမ့်မည်။ ထာဝရဘုရားကိုကြောက်ရွံ့သောသူတို့နှင့် ပေါင်းသင်းခွင့်ရလျှင် သူတို့၏ဩဇာညောင်းမှုကြောင့် သမ္မာတရားကိုသိရှိစေ၍ တာဝန်ကိုသိနားလည်လာလျက် သန့်ရှင်းခြင်းရှိစေလိမ့်မည်။ မှန်သော ခရစ်ယာန်၏အသက်တာသည် ကောင်းကျိုးအတွက် တန်ခိုးအာနိသင်ဖြစ်၏။ သို့ရာတွင် မယုံဖွယ်ဖြစ်သောအကျင့်စာရိတ္တ၊ မကောင်းသောအခြေခံတရား နှင့်အပြုအမူတို့ဖြင့် ပြည့်ဝသောယောကျ်ား၊ မိန်းမတို့နှင့်ပေါင်းဖော်သောသူ တို့သည် မကြာမီ ထိုသို့သောအကျင့်တို့ကိုပြုကျင့်လာကြလိမ့်မည်။ ဇာတိစိတ်သဘောသည် အောက်သို့ကျဆင်းသွားတတ်သည်။ မယုံကြည်သောသူ နှင့်ပေါင်းဖော်သောသူသည် မကြာမီမယုံကြည်သောသူဖြစ်လာလိမ့်မည်။ ယုတ်ညံ့သောသူနှင့်ပေါင်းဖော်ရန်အလိုရှိသောသူသည် မကြာမီ အမှန်ပင် ယုတ်ညံ့လာလိမ့်မည်။ မတရားသောသူတို့၏တိုက်တွန်းခြင်းကို လိုက်နာခြင်း သည် လူဆိုးတို့၏လမ်းတွင်ရပ်နေခြင်းနှင့် မထိမဲ့မြင်ပြုသောသူတို့၏အစည်း အဝေး၌ထိုင်ခြင်း အမှုသို့ရောက်ရန် ပထမခြေလှမ်းဖြစ်၏။

မှန်ကန်သောအကျင့်စာရိတ္တကိုဖြစ်စေလိုသောသူအပေါင်းတို့သည် အလွန်သေချာ စွာဆင်ခြင်စဉ်းစား၍ ဘာသာတရားကိုလိုက်စားသောသူတို့ကို ပေါင်းဖော်သင့် သည်။ တန်ဖိုးကိုကောင်းစွာဆင်ခြင်တတ်၍ ထာဝရကာလအတွက် ဆောက် တည်လိုသောသူတို့သည် မိမိတို့၏အဆောက်အအုံအတွက် ကောင်း သောဝတ္ထု ပစ္စည်းတို့ကိုအသုံးပြုရမည်။ သူတို့သည် ဆွေးနေသောသစ်များကို သုံးပြီး သူတို့သည် ချွတ်ယွင်းနေသောအကျင့်စာရိတ္တနှင့်ပင် တင်းတိမ်နေလျှင် အဆောက်အအုံသည် ပျက်စီးသွားလိမ့်မည်။ လူအပေါင်းတို့သည် မိမိတို့ မည်ကဲ့သို့ဆောက်လုပ်ကြသည်ကို သတိပြုပါစေ။ စုံစမ်းသွေးဆောင်ခြင်း တည်းဟူသော မုန်တိုင်းသည် အဆောက်အအုံအပေါ်၌တိုက်ခတ်လာ၍ ၎င်းသည် ခိုင်ခံ့ပြီး မှန်ကန်သေချာစွာဆောက်လုပ်မထားလျှင် ၎င်းသည် စုံစမ်းခြင်းကိုခံရပ်နိုင်မည်မဟုတ်။

ကောင်းသောနာမည်သည် ရွှေထက်အဖိုးတန်၏။ ပျိုရွယ်သောသူ တို့သည် စိတ်သဘောနှင့်အကျင့်စာရိတ္တတွင် နိမ့်ကျသောသူတို့နှင့်ပေါင်းဖော် လိုသောဆန္ဒနှင့် ပြည့်ဝနေတတ်သည်။ အကြံအစည်၊ အထင်အမြင်နှင့် အပြုအမူတို့တွင် အောက်ကျသောသူတို့နှင့် အလိုအလျောက်ဆက်ဆံပေါင်းသင်း ခြင်းမှ ပျိုရွယ်သောသူသည် မည်ကဲ့သို့အစစ်အမှန်ဖြစ်သောပျော်မွေ့ခြင်းကို ရရှိနိုင်မည်နည်း။ အချို့သောသူတို့သည်
ယုတ်ညံ့သောဝါသနာနှင့်လည်းကောင်း၊ ဆိုးသွမ်းသောအကျင့်နှင့်လည်းကောင်း ပြည့်ဝနေသဖြင့် ထိုသို့သောမိတ်ဆွေ နှင့်ပေါင်းသင်းသောသူတို့သည် သူတို့၏ ပုံသက်သေကိုလိုက်လျှောက်ကြ လိမ့်မည်။[၁]

သိမ်ဖျင်းသောအရာနှင့်အပျော်အပါးလိုက်စားခြင်းသည် ပထမဦးစွာ သင်သည် ဘေးဥပဒ်ကိုတကယ်ပင်မတွေ့မမြင်ရသေးသဖြင့် သင်သည် သင်၏ လမ်းကိုပြောင်းလဲလိုသောအခါ အမှားကိုပြုရန် သင့်ကိုယ်တိုင်သွေးဆောင် ခြင်း သို့လိုက်ပါမသွားမီအခါကဲ့သို့ပင် သင်သည်အမှန်ကိုပြုလုပ်နိုင်လိမ့်မည် ဟု ထင်မှတ်လိမ့်မည်။ သို့ရာတွင် ဤအမှုသည် အမှားတစ်ခုဖြစ်၏။ မကောင်း သောမိတ်ဆွေကိုရွေးချယ်ခြင်းအားဖြင့် သီလနှင့်ပြည့်စုံသော

လမ်းမှတစ်ကြိမ်က မိမိတို့အားရောက်ရှိမသွားစေနိုင်ဟု ထင်ရသော နားမထောင်ခြင်းနှင့်အပျော်အပါးကြူးခြင်းအမှုထဲသို့ တစ်ဆင့်ပြီးတစ်ဆင့် သင်သည်ရောက်ရှိသွားလိမ့်မည်။[၁၆]

ကျွန်ုပ်တို့၏ပျော်ရွှင်ရေးအတွက် ထားရှိအပ်သောအရာခပ်သိမ်းကို ကျွန်ုပ်တို့အားလက်လွှတ်စေရန် ဘုရားသခင်အလိုရှိတော်မူသည်ဟု မထင်ပါနှင့်။ ကျွန်ုပ်တို့အားလက်လွှတ်စေရန် ဘုရားသခင်အလိုရှိတော်မူသောအရာအားလုံးမှာ ကျွန်ုပ်တို့၏ကောင်းကျိုးနှင့်ပျော်ရွှင်ရေးအတွက်ထားရှိဖို့ မသင့်သောအရာတို့သာဖြစ်ပေသည်။[၁၇]

## လုံးလုံးအနားယူခြင်းနှင့်ကိုယ်ကျိုးအတွက် ပျော်ရွှင်မြူးထူးခြင်း

ပျိုရွယ်သောသူတို့သည် မိမိတို့ခံစားရသောအခွင့်အရေးအားလုံးအတွက်၊ မိမိတို့၏အချိန်ကိုတိုးတက်ကောင်းမွန်အောင် အသုံးပြုရေးအတွက်၊ မိမိတို့၏စွမ်းရည်သတ္တိများကို မှန်ကန်စွာအသုံးပြုရေးအတွက် တာဝန်ကိုယူရကြ မည်ကို သတိပြုရကြမည်။ ကျွန်ုပ်တို့၌ အပျော်အပါးလိုက်စားခြင်း (သို့မဟုတ်) အားဖြည့်ရန် ကစားပျော်ရွှင်ခြင်းမရှိကြဘူးလား။ ကျွန်ုပ်တို့သည် ပြောင်းလဲခြင်းတစ်စုံတစ်ခုမျှမရှိဘဲ အမြဲအလုပ်ကိုသာ ဆက်လက်လုပ်ကိုင်နေရကြမည်လားဟု သူတို့ကမေးမြန်းကြလိမ့်မည်။[၁၈]

ခွန်အားကိုပြင်းထန်စွာအားစိုက်ရ၍ ကိုယ်ကာယလှုပ်ရှားစေသောအလုပ်မှ တစ်ခါတစ်ရံပြောင်းလဲခြင်းတစ်စုံတစ်ခုပြုလုပ်ပေးဖို့ အလွန်လိုပေသည်။ ထိုသို့အားဖြင့် သာ၍ကြီးစွာအောင်မြင်ခြင်းနှင့် အလုပ်အကိုင်ကိုတစ်ဖန်ပြန်၍ ကြိုးစားလျက် လုပ်ဆောင်နိုင်လိမ့်မည်။ သို့ရာတွင် ကိုယ်ကာယခွန်အားနှင့် သက်ဆိုင်၍ လုံးလုံးအနားယူနေဖို့မလို၊ (သို့မဟုတ်) ထိုသို့အနားယူခြင်းသည် အကောင်းဆုံးအကျိုးကိုပင် ပေးနိုင်လိမ့်မည်မဟုတ်။ အလုပ်တစ်မျိုးတွင် ပင်ပန်းလာသောအခါ၌ပင် သူတို့သည် မိမိတို့၏အဖိုးတန်သောအချိန်ကို

ပေါ့ဆစွာမကုန်လွန်စေရ။ ထိုအခါ အလွန်အားကုန်ခန်းခြင်းကိုမဖြစ်စေဘဲ မိမိတို့၏မိခင်နှင့်နမများအဖို့ ကောင်းကျိုးပေးသောအလုပ်တစ်ခုခုကို ရှာကြံပြုလုပ်နိုင်သည်။ သူတို့ဆောင်ရွက်ရသောအကြမ်းဆုံးဝန်ထုပ်ကို မိမိတို့ကိုယ်တိုင်ယူဆောင်ခြင်းဖြင့် သူတို့၏စိုးရိမ်ပူပန်ခြင်းတို့ကို ပေါ့ပါးသွားစေ ရာ၌ အခြေခံတရားမှဖြစ်ပေါ်လာ၍ မိမိအား မှန်သောဝမ်းမြောက်ခြင်းကို ပေးသော ပျော်မွေ့ခြင်းမျိုးကို သူတို့သည်တွေ့ရှိနိုင်လိမ့်မည်။ ၎င်းပြင် သူတို့ ၏အချိန်ကိုအကျိုးဖြစ်ထွန်းအောင် အမြဲအသုံးပြုနိုင်သဖြင့် သူတို့သည်ပြောင်းလဲ ခြင်းဖြင့် အမြဲခွန်အားအသစ်ကိုရရှိ၏။ ၎င်းပြင် အချိန်ရှိသမျှသည် တစ်စုံ တစ်ယောက်အဖို့ အကျိုးကိုဖြစ်စေမည်အကြောင်း အချိန်ကိုအချည်းနှီးမကုန် လွန်စေရပါ။[၁၉]

ကိုယ်ခန္ဓာကျန်းမာရေးကိုစောင့်ထိန်းထားရန် ကိုယ်ကျိုးအတွက် အပျော်အပါးလိုက်စားဖို့လိုသည်ဟု အများကပြောဆိုကြသည်။ စိတ်နှင့်ကိုယ်ခန္ဓာသည် အပြောင်းအလွဲအားဖြင့် ခွန်အားသစ်နှင့်ပြည့်ဝလာသောကြောင့် ကိုယ်ခန္ဓာအား အကောင်းဆုံးတိုးပွားလာစေခြင်းအတွက် ပြောင်းလဲခြင်းကို လိုသည်မှာမှန်ပေသည်။ သို့ရာတွင် ပျို့ရွယ်သူတို့နေ့စဉ်ပြုအပ်သော နေ့စဉ် တာဝန်များကိုအမှုမထားဘဲ မှားယွင်းသောအပျော်အပါးလိုက်စားခြင်းဖြင့် ဤ ရည်ရွယ်ချက်ကိုမရနိုင်။[၂၀]

ကျွန်ုပ်တို့သည် မှား၍အတုဖြစ်သောအပျော်အပါးများကိုရှောင်ကြဉ် ၍ မြင်းပွဲ၊ ဖဲကစားခြင်း၊ ထီထိုးခြင်း၊ ဆုရရန်တိုက်ခိုက်ခြင်း၊ အရက်သောက်ခြင်းနှင့် ဆေးလိပ်၊ ဆေးတံသောက်ခြင်းတို့ကိုပယ်ရှားထားစဉ် ကျွန်ုပ်တို့သည် သန့်ရှင်းမြင့်မြတ်၍ မြှင့်တင်ပေးသောအပျော်အပါးမျိုးကို ရှာကြံရကြမည်။[၂၁]

ကြောက်စရာအကောင်းဆုံးသောနေရာတစ်ခုကား၊ ကပွဲရုံနှင့် ရုပ်ရှင်ရုံများဖြစ်သည်။ အများထင်ကြသည်အတိုင်း ၎င်းနေရာသည် အကျင့်သီလတို့ကို သွန်သင်လမ်းပြပေးသောနေရာဖြစ်ရမည့်အစား ၎င်းနေရာသည် မကောင်းသော အကျင့်ဆိုးတို့ကို ဖြစ်ပေါ်လာစေတတ်သောနေရာဖြစ်ပါသည်။

ဤအပျော်အပါးများအားဖြင့် ဆိုးသွမ်းသောအကျင့်နှင့်အပြစ်ရှိသော ဝါသနာအထုံများကို တိုးပွားခိုင်မြဲလာစေတတ်သည်။ ယုတ်ညံ့သောသီချင်းများ၊ ကာမဂုဏ်ကိုနှိုးဆော်သောအပြုအမူများ၊ အပြောအဆိုများနှင့်အမူအရာအခြေအနေတို့သည် စိတ်ကူးဥာဏ်များကိုပျက်စီးစေလျက် အကျင့်သီလကိုညှိုးဖျင်းစေ၏။ ဤကဲ့သို့သောပြပွဲပျော်ပွဲမျိုးတို့သို့သွားလေ့ရှိသော ပျိုရွယ်သူတို့သည် အခြေခံတရား၌ ပျက်စီးယိုယွင်းလာတတ်ကြသည်။ ကျွန်ုပ်တို့၏တိုင်းပြည် တွင် ကပွဲရုံ၊ ရုပ်ရှင်ရုံတို့လောက် စိတ်ကူးဥာဏ်ကိုအဆိပ်ဖြစ်စေလျက် ဘာသာတရားရေး၌ စိတ်စွဲလမ်းမှုကိုဖျက်ဆီး၍ ငြိမ်သက်သောပျော်မွေ့ခြင်း နှင့် အသက်တာ၏တည်ကြည်ဟုတ်မှန်သောအရာတို့ကို နှစ်သက်သောသဘောကိုတုံးစေအောင် တန်ခိုးကြီးသြဇာညောင်းသောအရာမရှိချေ။ အရက်သောက်လိုသောစိတ်သည် ၎င်းကိုဆက်လက်အသုံးပြုခြင်းဖြင့် တိုး၍ခိုင်မြဲလာသကဲ့ သို့ ဤရှုခင်းများကိုနှစ်သက်သောသဘောသည် ကာမဂုဏ်လိုက်စားမှုအမျိုးမျိုး ဖြင့် တိုးပွားလာ၏။ ဘေးကင်းလုံခြုံသောနည်းလမ်းတစ်ခုကား ကပွဲရုံ၊ ဆပ်ကပ်ပွဲမှစ၍ အပျော်အပါးအမျိုးမျိုးရှိသောနေရာကို ရှောင်ကြဉ်ခြင်းတည်း။[၂၂]

အပျော်အပါးကိုနှစ်သက်သောသူတို့က ဘုရားသခင်ရှေ့တော်၌ ရှိသေသောဝမ်းမြောက်ခြင်းနှင့် ဒါဝိဒ်မင်း၏ကခုန်ခြင်းသည် ခေတ်အလျောက် ကခုန်ခြင်းကို ထောက်ခံအတည်ပြုသည်ဟုပြောဆိုကြသည်။ သို့ရာတွင် ဤကဲ့သို့ဆင်ခြေပေးခြင်းမှာမဆီလျော်ချေ။ ကျွန်ုပ်တို့၏ခေတ်တွင် လောကပျော်ပါးမှုများသည် မိုက်မဲမသင့်လျော်သောအမူများ၊ သန်းခေါင်ကျော်တိုင်အောင် ပျော်ရွှင်မြူးထူးခြင်းပင်ဖြစ်ကြသည်။ ထိုသို့ပျော်ပါးခြင်းအားဖြင့် ကျန်းမာ ရေးနှင့်အကျင့်တို့ကို ပျက်စီးဆုံးပါးစေတတ်သည်။ လူချင်းတွဲဖက်၍ ကခုန် ခြင်းပြုရာကပွဲရုံသို့ မကြာခဏ သွားတတ်သောသူတို့သည် ဘုရားသခင်ကို ဆင်ခြင်အောက်မေ့၍ ရိုသေကိုင်းညွှတ်ခြင်းမရှိကြ။ သူတို့လူစုများတွင် ဆုတောင်းခြင်း၊ ကျေးဇူးတော်ချီးမွမ်းခြင်းအမှုများကို ခေတ်မဆန်ဟုသဘောထားကြသည်။ ဤစုံစမ်းခြင်းကိုအသေအချာပယ်ဖြတ်ဖို့ဆုံးဖြတ်ရမည်။ သန့်ရှင်းသောအရာတို့ကို နှစ်သက်စွဲလမ်းသောစိတ်ကို ဆုတ်လျော့စေတတ်၍

ဘုရားသခင်၏အမှုတော်၌ အားရဝမ်းမြောက်ခြင်းသဘောကိုနည်းပါးသွားစေသောအပျော်အပါးမျိုးတို့ကို ခရစ်ယာန်တို့သည် ရှာဖွေလိုက်စားခြင်းမပြုအပ်။ ပဋိညာဉ်သေတ္တာတော်ကိုရွှေ့ပြောင်းသောအခါ၌ ဘုရားသခင်အားဝမ်းမြောက်စွာချီးမွမ်းရာတွင် တီးမှုတ်၊ ကခုန်ခြင်းအမှုသည် ခေတ်ကာလ၏ကပွဲများနှင့် အနည်းငယ်မျှမတူချေ။ တစ်မျိုးသည် ဘုရားသခင်ကိုသတိရ၍ သန့်ရှင်းသောနာမတော်ကို ချီးမြှောက်ခြင်းဖြစ်၏။ အခြားတစ်မျိုးမှာ လူတို့အားဘုရားသခင်ကိုမေ့၍ရှုတ်ချစေရန် စာတန်ကစီမံကြံစည်ထားခြင်းဖြစ်သည်။[၂၃]

ကရုဏာတော်ကိုဖော်ပြနေသေးစဉ် ပေးထားသောစုံစမ်းစစ်ဆေးရာကာလသည် အားလပ်ခွင့်ရရှိသောနေ့ကြီးတစ်နေ့ဖြစ်သကဲ့သို့လည်းကောင်း၊ မိမိတို့သည် ဤလောကကြီးတွင် မိမိတို့၏ပျော်ရွှင်မြူးထူးရေးအတွက်သာတည်ရှိနေသကဲ့သို့လည်းကောင်း ပျိုရွယ်သူတို့သည် အများအားဖြင့်စိတ်ထကြွစေသောအပျော်အပါးများအားဖြင့် မိမိတို့ကိုယ်ကိုနှစ်သိမ့်စေခြင်းငှာ ပြုကျင့်နေတတ်ကြသည်။ လောကီအပျော်အပါးတို့တွင် စိတ်ချမ်းသာမှုကိုရှာဖွေရန်နှင့် ဤအပျော်အပါးများသည် ဘေးမဖြစ်၊ အပြစ်ကင်း၍ ကျန်းမာရေးအတွက်အရေးကြီးကြောင်း မိမိတို့ကိုယ်တိုင်ကြိုးစားရှင်းလင်းပြစေရန် သွေးဆောင်လမ်းပြဖို့ စာတန်သည် အထူးသဖြင့်ကြိုးစားအားထုတ်နေခဲ့ပြီ။[၂၄]

အများသောသူတို့သည် ဘုရားသခင်၏နှုတ်ကပတ်တော်ကတားမြစ်ထား၍ အကျင့်ယုတ်စေသောလောကီအပျော်အပါးများကို စိတ်အားကြီးစွာလိုက်စားနေကြသည်။ ထိုသို့အားဖြင့် သူတို့သည် ဘုရားသခင်နှင့်အဆက်အသွယ်ပြတ်နေလျက် ကာမဂုဏ်ပျော်ပါးခြင်းများကိုနှစ်သက်သော လောကီသားများနှင့်တန်းတူဖြစ်နေကြ၏။ မြေကြီးကိုရေလွှမ်းမမိုးမီခေတ်ရှိလူများနှင့် လွင်ပြင်တွင်ရှိသောဒုံမြို့နှင့်ဂေါမောရမြို့ရှိလူများတို့အား ဖျက်ဆီးသောအပြစ်ဒုစရိုက်မျိုးသည် ယခုခေတ်၌လည်းရှိနေသေး၏။ ရုပ်တုကိုးကွယ်သူများ၊ ခရစ်ယာန်ခေါ်ဝေါ်နေကြသောလူအများတို့တွင်သာမက လူသားကြွလာတော်မူခြင်းကို မျှော်လင့်နေကြသည်ဟု ပြောဆိုနေကြသောလူများတို့တွင်လည်း ဤအပြစ်မျိုးရှိနေ၏။ ဘုရားသခင်သည် ဤအပြစ်များကို မိမိရှေ့တော်၌

မြင်ရသကဲ့သို့ သင်တို့အားဖော်ပြရမည်ဆိုလျှင် သင်တို့သည် ရှက်ခြင်း၊ကြောက်ရွံ့ခြင်းနှင့်ပြည့်ဝ နေကြလိမ့်မည်။[၂၇]

စိတ်ထကြွစေသောပျော်ရွှင်မှုနှင့် နှစ်သက်ဖွယ်ဖြစ်သောပွဲလမ်းသဘင်တို့ကို မက်မောတောင့်တခြင်းအမှုသည် ဘုရားသခင်၏လူများနှင့်အထူးသဖြင့်ပျိုရွယ်သောသူများအဖို့သွေးဆောင်ခြင်းနှင့် ထောင်ချောက်ဖြစ်သည်။ အနာဂတ်ကာလတွင် မကြာမီဖြစ်ပေါ်လာမည့်ရှုခင်းအတွက် ကြည်ညိုစွာပြင်ဆင်နေခြင်းအလုပ်မှ လူတို့၏စိတ်ကိုဆွဲဆောင်ရန် စာတန်သည် အမြဲသဖြင့်ပြင်ဆင်နေ၏။ လောကီဆန်သောသူတို့အားဖြင့် သတိမရှိသောသူတို့အား လောကီပျော်မွေ့ခြင်းကိုပါဝင်လိုက်စားစေရန် စာတန်သည် စိတ်ထကြွစေသောအရာတို့ကိုအမြဲကြိုးစား၍ဖော်ပြထား၏။ လောကကိုနှစ်သက်လာအောင် သွေးဆောင်နေသောပြပွဲများ၊ ဟောပြောပွဲများနှင့်မကုန်နိုင်အောင် များပြားသောပျော်ရွှင်ပွဲသဘင်များရှိကြသည်။ ဤကဲ့သို့လောကနှင့်ပေါင်းဖော်ဆက်ဆံခြင်းဖြင့်ယုံကြည်ခြင်းသည် အားနည်းလာ၏။

လောကီအပျော်အပါးကိုလိုက်စားသောသူတို့ကို ဘုရားသခင်သည်မိမိ၏တပည့်တော်များအဖြစ် ပိုင်ဆိုင်တော်မမူ။ ကိုယ်ကိုကိုယ်ငြင်းပယ်သောသူ၊ ဣန္ဒြေရှိလျက်နှိမ့်ချ၍ သန့်ရှင်းစွာနေထိုင်သောသူတို့သာလျှင် သခင်ယေရှု၏တပည့်တော်စစ်များဖြစ်ကြသည်။ ၎င်းပြင် ထိုကဲ့သို့သောသူတို့သည် လောကကိုချစ်သောသူတို့နှင့်အတူ ပေါ့ဆ၍အကျိုးမရှိသောစကားတို့ကို မပြောမဆိုနိုင်ကြ။[၂၈]

သင်သည်အမှန်ပင် သခင်ခရစ်တော်ပိုင်ဆိုင်သောသူဖြစ်လျှင် ကိုယ်တော်အတွက်သက်သေခံဖို့ အခွင့်အရေးများရရှိလိမ့်မည်။ သင်သည် အပျော်အပါးပြုလုပ်သောနေရာများသို့ ဖိတ်ခေါ်ခြင်းခံရလိမ့်မည်။ ထိုအခါ သင်သည် ဘုရားသခင်အတွက် သက်သေခံနိုင်သောအခွင့်ကိုရရှိလိမ့်မည်။ သင်သည် ထိုအခါ သခင်ခရစ်တော်ဘက်၌သစ္စာစောင့်လျှင် မလာမရောက်နိုင်ခြင်းကြောင့် အခွင့်လွှတ်ဖို့သင်သည်ပြောဆိုမနေဘဲ သင်သည် ဘုရားသခင်၏သားသမီးဖြစ်ကြောင်းကို ထင်ရှားယဉ်ကျေးစွာဖော်ပြလိမ့်မည်။ ၎င်းပြင်

သင်၏အခြေခံတရားများက သင်၏ဘုရားသခင်အားကြွရောက်စေရန် သင်မဖိတ်ခေါ်နိုင်သောနေရာတစ်စုံတစ်ခုသို့ တစ်ကြိမ်မျှပင် သင့်အားသွားရောက်စေရန် သင်မဖိတ်ခေါ်နိုင်သောနေရာတစ်စုံတစ်ခုသို့ တစ်ကြိမ်မျှပင် သင့်အားသွားရောက်စေရန် ခွင့်ပြုလိမ့်မည်မဟုတ်။[၂၇]

ခရစ်ယာန်ပျော်မြူးခြင်းအတွက် သခင်ခရစ်တော်၏တပည့်တော်များ ပေါင်းသင်းခြင်းအမှုများနှင့် အပျော်အပါး၊ ပွဲလမ်းသဘင်တို့အတွက် လောကီသားများစုရုံးကြခြင်းအမှုများသည် ထူးခြားစွာခြားနားလိမ့်မည်။ ဆုတောင်းခြင်း၊ သခင်ခရစ်တော်အကြောင်းနှင့်သန့်ရှင်းသောအရာများအကြောင်း ပြောဆိုခြင်းအမှုများအစား လောကကိုနှစ်သက်သောသူတို့၏နှုတ်မှ ရိုင်းစိုင်းမိုက်မဲစွာရယ်မောခြင်းနှင့် ပေါ့ဆသောစကားများတို့ကို ကြားရလိမ့်မည်။ သူတို့၏စိတ်ကူးကား၊ လူအများနှင့်အကြီးအကျယ်ပျော်ကြူးခြင်းဖြစ်သတည်း။ သူတို့၏ပျော်ပွဲသဘင်များသည် မိုက်မဲအကျိုးမရှိခြင်းနှင့်အစပြု၍ အချည်းနှီး၌အဆုံးသတ်၏။[၂၈]

---o---

# အခန်း (၃၉)
# ကွယ်ကာထားအပ်သောစိတ်၏အဝင်ဝများ

လူအပေါင်းတို့သည် အာရုံများကိုကာကွယ်စောင့်ရှောက်ထားရမည်၊ (သို့မဟုတ်) စာတန်သည် ၎င်းတို့ကိုအောင်မြင်သွားလိမ့်မည်။ အကြောင်းကား၊ ဤအရာတို့သည် စိတ်ထဲသို့ဝင်ရန် တံခါးဝများဖြစ်ကြ၏။

သင်သည် သင်၏စိတ်ကိုအုပ်စိုး၍ သင်၏ဝိညာဉ်ကိုညစ်ညူးစေခြင်းမှကာကွယ်ရန် အချည်းနှီးဖြစ်၍ ပျက်စီးစေသောအကြံအစည်များကို တားဆီးထားလျှင် သင်သည် သင်၏မျက်စိ၊ နားနှင့်အာရုံများအတွက် သစ္စာရှိသောကင်းစောင့်ဖြစ်လာလိမ့်မည်။ ကျေးဇူးတော်တန်ခိုးသာလျှင် အလွန်အလိုရှိသော ဤလုပ်ငန်းကိုဖြစ်မြောက်စေနိုင်လိမ့်မည်။

သတိပေးနှိုးဆော်သောစကားများ၊ ဆုံးမသွန်သင်သောစကားကို မကြားစေမည်အကြောင်း စာတန်နှင့်သူ၏တမန်တို့သည် အာရုံများကိုထုံထိုင်း သောအခြေအနေသို့ရောက်စေရန် အလွန်အလုပ်များလျက်ရှိကြသည်။ သို့မဟုတ် ၎င်းစကားများကိုကြားခဲ့သော် စိတ်နှလုံးထဲ၌စွဲမြဲ၍ အသက်တာ ကိုပြုပြင်ခြင်းမ ပြုစေရန်ပြုလုပ်ကြ၏။

## ကျွန်ုပ်တို့သဘောမတူဘဲစာတန်သည် စိတ်ထဲသို့မဝင်နိုင်

ကျွန်ုပ်တို့မခံနိုင်သောစုံစမ်းခြင်းမျိုးကို တွေ့ကြုံရမည်မဟုတ်၊သို့ရာတွင် စုံစမ်းခြင်းတိုင်းတွင် လွတ်မြောက်ရာလမ်းကိုပေးတော်မူမည်ဟု ဘုရားသခင်က စီမံထားတော်မူ၏။ ကျွန်ုပ်တို့သည် ဘုရားသခင်အတွက် လုံးလုံးအသက်ရှင်ကြလျှင် ကျွန်ုပ်တို့သည် စိတ်ကိုကိုယ်ကျိုးအတွက်စဉ်းစား စေဖို့ အခွင့်ပေးကြမည်မဟုတ်။

စာတန်သည် စိတ်ထဲသို့ဝင်ရောက်နိုင်သောလမ်းကိုတွေ့နိုင်လျှင် သူသည် တောပင်များကိုစိုက်ပျိုး၍ များစွာပေါက်ပွားလာစေရန် ပြုလုပ်လိမ့်မည်။ ကျွန်ုပ်တို့သည် စာတန်အားဝင်ရောက်လာစေဖို့ တံခါးဖွင့်မပေးကြ လျှင် မည်သည့်နည်းနှင့်မျှသူသည်အကြံအစည်၊ အပြောအဆိုနှင့် အပြုအမူ တို့ကိုမစိုးမိုးနိုင်။ ဖွင့်ပေးလျှင် သူသည်ဝင်ရောက်လာ၍ စိတ်နှလုံးထဲ၌ကြဲထား သည့် ကောင်းသောမျိုးစေ့များကို ကောက်ယူသွားလျက် သမ္မာတရားအားဖြင့် အကျိုး မဖြစ်ထွန်းစေခြင်းငှာ သူသည်ပြုလုပ်လိမ့်မည်။

စာတန်၏အကြံပေးချက်တို့ကိုလိုက်နာခြင်းဖြင့် ရရှိမည့်အကျိုးအပြစ် တို့ကို ကျွန်ုပ်တို့သည် တွေးတောနေခြင်းဖြင့်ဘေးမကင်းချေ။ အပြစ်သည် ၎င်းတို့ကိုလိုက်စားသောဝိညာဉ်တိုင်းအဖို့ ရှုတ်ချခြင်းနှင့်ဘေးဒုက္ခဖြစ် ပေသည်။ သို့ရာတွင် ၎င်းသည် သဘာဝအလျောက်ချည်နှောင်၍ လှည့်ဖြား တတ်၏။ ၎င်းပြင် ကျွန်ုပ်တို့ကိုမြှောက်ပင့်၍ သွေးဆောင်တတ်၏။ ကျွန်ုပ် တို့သည် စာတန်၏နေရာသို့စွန့်စားသွားဝံ့ကြလျှင် ကျွန်ုပ်တို့သည် သူ၏ တန်ခိုးမှကာ ကွယ်ထားခြင်းကိုရရှိမည်ဟု ကတိထားတော်မမူ။ ထို့ကြောင့် ကျွန်ုပ်တို့၏တာ ဝန်ကား၊ သွေးဆောင်သောသူသည် ကျွန်ုပ်တို့ထံသို့ဝင်ရောက် နိုင်သောလမ်းရှိ သမျှကို ပိတ်ဆို့တားဆီးထားခြင်းတည်း။

ခရစ်ယာန်တိုင်းသည် စိတ်နှလုံးထဲသို့စာတန်ဝင်ရောက်နိုင်သော အဝင် ဝရှိသမျှကို အမြဲစောင့်ရှောက်ကာကွယ်ထားရမည်။ သူသည် ဘုရားသခင် ၏အကူအညီအတွက်ဆုတောင်း၍ တစ်ချိန်တည်း၌ပင် အပြစ်ပြုလုပ်လိုသော ဆန္ဒရှိသမျှကို ဖွဲ့ကောင်းကောင်းနှင့်တားဆီးရမည်။ ရဲရင့်ခြင်း၊ ယုံကြည်ခြင်း၊ ကြိုးစားအားထုတ်၍ လုပ်ဆောင်ခြင်းအားဖြင့် သူသည် အောင်မြင်နိုင်၏။ သို့ရာတွင် အောင်မြင်ခြင်းကိုရရှိဖို့ရန် သခင်ခရစ်တော်သည် သူ၏အထဲ၌ တည်နေတော်မူရ၍ သူသည် သခင်ခရစ်တော်၌တည်နေရမည်ကို သူသည် သတိပြုပါစေ။

လောကတွင်ပြုကျင့်နေကြသည့် ဆိုးသွမ်းသောအမှုတို့ကို ကျွန်ုပ်တို့ သည် မမြင်နိုင်သောနေရာ၌ မိမိတို့ကိုယ်တိုင်နှင့် မိမိတို့၏သားသမီးများကို

နေရာချထားရန် တတ်နိုင်သမျှအတိုင်း ပြုလုပ်ရကြမည်။ ဤကြောက်စရာကောင်းသောအရာတို့သည် ကျွန်ုပ်တို့၏စိတ်ထဲသို့မဝင်နိုင်မည်အကြောင်း မိမိတို့မျက်စိ၏စက္ခုအာရုံနှင့် နား၏သဒ္ဒါတို့ကို သေချာစွာစောင့်ရှောက် ကာကွယ်ထားရကြမည်။ ချောက်ကမ်းပါး၏အစွန်းနားတွင် မည်မျှနီးကပ်စွာ လျှောက်နိုင်၍ ဘေးကင်းနိုင်မည်ဟု မကြံစည်ပါနှင့်။ ဘေးရောက်စေသော ပထမဦးဆုံးလမ်းကို ရှောင်ကြဉ်ပါ။ ဝိညာဉ်၏အကျိုးခံစားမှုကို မထီလေးစား မပြုလုပ်သင့်။ သင်၏မူရင်းအရာမှာ သင်၏အကျင့်စာရိတ္တဖြစ်သည်။ ရွှေဘဏ္ဍာကဲ့သို့ ၎င်းကို စောင့်ရှောက်ပြုစုလော့။ အကျင့်စာရိတ္တ၌ဖြူစင်ခြင်း၊ကိုယ်ကိုကိုယ် ရိုသေထောက်ထားခြင်း၊ တားဆီးကာကွယ်နိုင်ရန် ခွန်အားကြီးသောတန်ခိုးသတ္တိ တို့ကို မြဲမြံခိုင်မာစွာမွေးမြူရမည်။ သီးသန့်ကာကွယ်ထားသောနေရာမှ အနည်း ငယ်မျှ ထွက်ခွာမသွားရ။ အရောဝင်ခြင်းအမှုတစ်ခု၊ သတိကင်းခြင်းအမှုတစ်ခု အားဖြင့် စုံစမ်းသွေးဆောင်ခြင်းသို့လမ်းဖွင့်ပေးသဖြင့် ဝိညာဉ်သည် ဘေးရောက်၍ ခုခံတားဆီးနိုင်သောသတ္တိသည် အားနည်းသွားနိုင်၏။(1)

(1) AH, 401-404.

---o---

# အခန်း (၄၀)
# ဖတ်စရာများကိုရွေးချယ်ခြင်း

ပညာသင်ကြားခြင်းအမှုသည် ကိုယ်ကာယခွန်အား၊ ဉာဏ်ခွန်အား နှင့်ဝိညာဉ်ခွန်အားတို့အား အသက်တာ၏တာဝန်အပေါင်းတို့ကို အကောင်း ဆုံးပြုလုပ်ဆောင်ရွက်ဖို့အတွက် ပြင်ဆင်ပေးခြင်းဖြစ်သည်။ ခံနိုင်ရည်စွမ်းအား များနှင့် ဦးနှောက်၏အင်အားနှင့်လှုပ်ရှားမှုတို့သည် ၎င်းတို့ကိုအသုံးပြုနည်း အတိုင်း ယုတ်လျော့သွားကြသည် (သို့မဟုတ်) တိုးပွားလာကြသည်။ စိတ်၏ စွမ်းအားတန်ခိုးအပေါင်းသည် အချိုးအစားညီမျှစွာတိုးတက်လာကြမည်အကြောင်း စိတ်ကိုစည်းကမ်းကျနစွာလေ့ကျင့်ဆုံးမပေးရမည်။

လူငယ်အများသည် စာပေများကိုစိတ်အားကြီးစွာဖတ်တတ်ကြသည်။ မိမိတို့ရနိုင်သမျှတို့ကို သူတို့သည်ဖတ်ရှုလိုကြသည်။ သူတို့သည် ဘယ်အရာ ကိုကြားရကြ၍ ဘယ်အရာကိုဖတ်ရှုကြသည်ကို သတိပြုကြပါစေ။ သူတို့သည် မသင့်လျော်သောစာပေများကိုဖတ်ရှုကြခြင်းဖြင့် ပျက်စီးခြင်းဘေးဒုက္ခကြီး နှင့်ကြုံတွေ့နေရကြသည်ကို ကျွန်ုပ်အားညွှန်ပြထားခဲ့လေပြီ။ စာတန်သည် ပျိုရွယ်သူတို့၏စိတ်ကိုယိုယွင်းစေခြင်းငှာ ထောင်ပေါင်းများစွာသောနည်းတို့ကို အသုံးပြု၏။ သူတို့သည် အချိန်အနည်းငယ်မျှ ဘေးကင်းစွာသတိမမူဘဲမနေနိုင်။ သူတို့သည် ရန်သူ၏သွေးဆောင်ခြင်းသို့ပါမသွားနိုင်မည်အကြောင်း မိမိတို့၏ စိတ် ကို ကောင်းစွာစောင့်ရှောက်ကာကွယ်ရကြမည်။◦

## မသင့်လျော်သောစာပေတို့ကိုဖတ်ခြင်း၏
## တန်ခိုးအာနိသင်

စိတ်သည် မိမိမှီဝဲရသောအရာဝတ္ထုအားဖြင့် များစွာအကျိုးအပြစ်ကို ခံစားရသည်ကို စာတန်သည်သိရှိ၏။ သူသည်ပျိုရွယ်သူတို့နှင့် အသက်ကြီး သောသူတို့ကိုပင် ဝတ္ထုစာအုပ်များ၊ ဒဏ္ဍာရီများနှင့် အခြားစာပေ

များကိုဖတ်ရှုစေဖို့ သွေးဆောင်ရန်ကြိုးစားနေ၏။ ထိုသို့သောစာပေတို့ကို ဖတ်ရှုသောသူတို့သည် မိမိတို့ရှေ့၌ရှိနေသောတာဝန်များကိုဆောင်ရွက်ရန် မသင့်လျော်သောသူများဖြစ်လာကြသည်။ သူတို့သည် မှန်ကန်သောအသက်တာ ၌မနေထိုင်ကြသဖြင့် ကောင်းကင်၏မန္နကိုမှီဝဲသုံးဆောင်ရန် ကျမ်းစာကို ဖတ်ရှုလေ့လာလိုသောစိတ်မရှိကြ။ ခွန်အားနှင့်ပြည့်ဖို့လိုသောစိတ်သည် အားနည်းလာ၍ သခင်ခရစ်တော်၏တာဝန်နှင့်လုပ်ငန်းအကြောင်းတို့ကိုဖော်ပြ သော သမ္မာတရားကြီးများကိုလေ့လာသင်ကြားဖို့ ခွန်အားမရှိတော့ချေ။ ထိုသမ္မာတရားများကား၊စိတ်ကိုခိုင်ခံ့အောင်ကာကွယ်ပေး၍ ထင်မြင်ချက် များကိုပေါ်လာစေလျက် သခင်ခရစ်တော်အောင်မြင်သည်နည်းတူအောင်မြင် ရန် ခိုင်ခံ့စိတ်အားကြီးသောဆန္ဒကိုနိုးကြားလာစေလိမ့်မည်။

ပုံနှိပ်ဖြန့်ချိထားသောစာအုပ်အများကို ဖျက်ဆီးပစ်နိုင်လျှင် စိတ်နှင့်နှလုံးပေါ်၌ ကြောက်မက်ဖွယ်အမှုကြီးကိုပြုလုပ်နေသောဘေးဒုက္ခကြီးကို ရပ်တန့်သွားစေလိမ့်မည်။ အချစ်ဝတ္ထုများညှုံ့ဖျင်း၍ စိတ်ကြွစေသောဒဏ္ဍာရီပုံပြင်များနှင့် ဘာသာရေးပါဝင်သောဝတ္ထုစာအုပ်များ၊ အကျင့်နှင့်ဆိုင်သောသင်ခန်းစာ များကို စာရေးဆရာကဖော်ပြထားသောစာအုပ်များပင်လျှင် ဖတ်သောသူတို့ အဖို့ အမင်္ဂလာတစ်ခုဖြစ်ပါသည်။ ဝတ္ထုစာအုပ်တစ်အုပ်လုံးတွင် ဘာသာရေး သဘောများပါဝင်ကောင်းပါဝင်လိမ့်မည်။ သို့ရာတွင် အများအားဖြင့်စာတန်ကို ကောင်းကင်တမန်၏ဝတ်ရုံများဝတ်ဆင်ပေးထားသဖြင့် လှည့်ဖြား၍သွေးဆောင်ရန် သာ၍အကျိုးဖြစ်ထွန်းလိမ့်မည်။ အဘယ်စာအုပ်မျှ မှန်ကန်သောအခြေခံ တရားများကိုအတည်မဖြစ်စေ၊ အဘယ်အရာမျှသွေးဆောင်ခြင်းမှ ဘေးရန် ကင်းလွတ်မည်မဟုတ်သောကြောင့် ဤဝတ္ထုများကိုဖတ်ခြင်း၌ လုံခြုံမှုမရှိချေ။

လုပ်ကြံရေးသောဝတ္ထုစာအုပ်ကို ဖတ်သောသူတို့သည် ဝိညာဉ်ရေးကိုဖျက်ဆီး၍ ကျမ်းစာအုပ်တွင်ရှိစာမျက်နှာ၌ တင့်တယ်စွာဖော်ပြထားချက်တို့ကို ဖုံးကွယ်ထားသောဆိုးသွမ်းမှုကို လိုက်စားနေကြသည်။ ၎င်းသည် ဘေးမကင်းသောထကြွမှုကိုဖြစ်စေ၏။ စိတ်ကူးဉာဏ်ကိုပျက်စီးစေတတ်၏။ စိတ်ကိုအသုံးကျသောအရာအတွက် မသင့်လျော်အောင်ပြု၏။ ဝိညာဉ်အား

ဆုတောင်းခြင်းအမှုကိုပြုတ်စဲသွားစေ၏။ ဝိညာဉ်ရေးလုပ်ငန်းတစ်စုံတစ်ခု အတွက် မသင့်လျော်အောင်ပြုလုပ်၏။

ဘုရားသခင်သည် ကျွန်ုပ်တို့၏လူငယ်အများတို့အား သာ၍မြတ်သောစွမ်းရည်များကို ချပေးတော်မူ၏။ သို့ရာတွင် ဖတ်စရာစာပေများကို မသင့်မလျော်ရွေးချယ်မှုကြောင့် သူတို့၏စွမ်းအားများကို မကြာခဏယုတ်လျော့နည်းပါးစေ၍ စိတ်ကိုရှုပ်ထွေးအားနည်းစေသဖြင့် နှစ်ပေါင်းများစွာ သူတို့သည် ကျေးဇူးတော်၌လည်းကောင်း၊ ကျွန်ုပ်တို့၏သမ္မာတရား သဘောများကိုသိကျွမ်းခြင်း၌လည်းကောင်း တိုးပွားခြင်းမရှိကြ။ မကြာမီ ကြွလာတော်မူမည့် သခင်ဘုရားကို မျှော်လင့်နေကြလျက် ဤပုပ်တတ်သော အရာသည် မပုပ်နိုင်သောအဖြစ်သို့ဝင်စားသောအခါ အံ့သြဖွယ်ပြောင်းလဲခြင်း အမှုကို စောင့်မျှော်နေကြသောသူတို့သည် ဤစုံစမ်းစစ်ဆေးရာကာလ၌ အပြုအမူတို့တွင် မြင့်မြတ်သောအခြေအနေ၌ ရပ်တည်နေရကြလိမ့်မည်။

လူငယ်မိတ်ဆွေများတို့၊ ထကြွစေသောဝတ္ထုတို့၏တန်ခိုးအာနိသင်နှင့်စပ်ဆိုင်၍ သင်တို့ကိုယ်တိုင်တွေ့ကြုံရသောဗဟုသုတများကို စစ်ဆေးကြည့်ကြပါ။ ထိုသို့သောစာပေတို့ကိုဖတ်ရှုပြီးနောက် သင်သည် ကျမ်းစာအုပ်ကိုဖွင့်လျက် အသက်နှင့်ဆိုင်သော နှုတ်ကပတ်စကားများကို စိတ်ပါစွာဖတ်နိုင်ပါသလော။ ဘုရားသခင်၏စာအုပ်သည် စိတ်ပါဝင်စားဖွယ်မဖြစ်ဘဲနေသည်ကို တွေ့ရပါသလား။ အချစ်ဝတ္ထုကို သင်၏စိတ်ကစွဲလမ်းနေသဖြင့် စိတ်၏ကောင်းမွန်သောအခြေအနေကိုဖျက်ဆီး၍ သင်၏ထာဝရကောင်းစားရေးနှင့်သက်ဆိုင်လျက် အရေးကြီးကြည်ညိုဖွယ်ဖြစ်သော သမ္မာတရားတို့၌ သင့်အားစွဲလမ်းခြင်းမဖြစ်နိုင်စေခြင်းငှာ ပြုလုပ်လိမ့်မည်။

မရေရာသောစာပေအပေါင်းတို့ကိုဖတ်ရှုခြင်းအကျင့်ကို ဓွဲကောင်းစွာပယ်ဖြတ်လိုက်ပါ။ ၎င်းသည် သင်၏ဝိညာဉ်ရေးကိုခိုင်ခံ့စေလိမ့်မည်မဟုတ် ဘဲစိတ်ကူးဉာဏ်ကိုပြောင်းလဲစေသောသဘောများကို စိတ်ထဲသို့သွင်းပေး သဖြင့် သင့်အားသခင်ယေရှုအကြောင်း အနည်းငယ်သာဆင်ခြင်စေလျက် ကိုယ်တော်၏ အဖိုးထိုက်သောသင်ခန်းစာများ၌ အနည်းငယ်သာ စိတ်စွဲလမ်း

စေလိမ့်မည်။ မှားသောလမ်းသို့ပို့ဆောင်သောအရာရှိသမျှမှ သင်၏စိတ်ကို ကင်းလွတ်စေခြင်းငှာ စောင့်ရှောက်လော့။ ဉာဏ်စွမ်းကိုမခိုင်ခံ့စေသော၊မရေရာသောပုံဝတ္ထုများဖြင့် စိတ်ထဲ၌ပြည့်မနေပါစေနှင့်။ စိတ်အတွက် အာဟာရကို စီမံပေးရသကဲ့သို့ အကြံအစည်များသည်လည်း ထိုသဘောမျိုးပင်ဖြစ်၏။၂

## ဝိညာဉ်ကိုဖျက်ဆီးသောစာပေများကိုဖတ်ရှုခြင်း

စာပုံနှိပ်တိုက်များမှ မြောက်မြားစွာသောစာပေများကို အမြဲသဖြင့် ရိုက်နှိပ်ဖြန့်ချိနေသဖြင့် လူကြီးနှင့်လူငယ်တို့၌ စာပေတို့ကိုအလျင်အမြန်နှင့် အပေါ်ယံကလောက် ဖတ်ရှုတတ်သောအလေ့အကျင့်ရှိလာကြသဖြင့် စိတ်ထဲ၌တတ်မြောက်သောအကြံအစည်တို့ကို ဆက်သွယ်ကြည့်တတ်သောအစွမ်းကို ယုတ်လျော့လာစေ၏။ ထိုမျှမကသေး အဲဂုတ္တုပြည်၏ဖားများကဲ့သို့တိုင်းပြည်တွင် ပျံ့နှံ့နေသောစာစောင်နှင့်စာအုပ်များသည် ရိုးနေလျက်ပျင်းစရာကောင်း ပြီး စိတ်ဓာတ်ကိုအားနည်းစေသည်သာမက မသန့်ရှင်းဘဲယုတ်ညံ့ကြ၏။ ၎င်းတို့သည် စိတ်ကိုထုံထိုင်းပျက်စီးစေသည်သာမက ဝိညာဉ်ကိုလည်းပျက်စီး ဆုံးပါးစေ၏။၃

ကလေးများနှင့်ပျိုရွယ်သူတို့ကို ပညာသင်ပေးရာ၌ ယခုအခါဒဏ္ဍာရီပုံပြင်နှင့်လုပ်ကြံရေးထားသောဝတ္ထုတို့ကို အများအပြားအသုံးပြုနေကြသည်။ ဤသဘောမျိုးပါဝင်သောစာအုပ်များကို စာသင်ကျောင်းများတွင် အသုံးပြုနေကြလျက် အများသောအိမ်တို့တွင် ၎င်းစာအုပ်တို့ကိုတွေ့ရသည်။ ခရစ်ယာန်မိဘတို့သည် အမှားများနှင့်ပြည့်ဝနေသောစာအုပ်များကိုအသုံးပြုဖို့ မိမိတို့၏သားသမီးများတို့ကို မည်ကဲ့သို့အခွင့်ပြုနိုင်မည်နည်း။ သားသမီး များသည် မိမိတို့၏မိဘများက သွန်သင်သောအရာတို့နှင့်ဆန့်ကျင်ဘက်ဖြစ် သောပုံဝတ္ထုတို့၏အနက်ကို မေးမြန်းကြသောအခါ ဝတ္ထုများမှာ မမှန်ကြောင်း ဖြေဆိုရလေ၏။ သို့ရာတွင် ဤနည်းဖြင့် ၎င်းတို့ကိုအသုံးပြုခြင်း၏ဆိုးကျိုး

ကိုပယ်ရှားမပစ်ချေ။ ဤစာအုပ်များတွင် ဖော်ပြထားသောထင်မြင်ချက်တို့ သည် သားသမီးတို့အား လမ်းမှားကိုပြပေး၏။ ၎င်းတို့သည် အသက်တာ ၏မှားသော အထင်အမြင်တို့ကိုဖော်ပြသဖြင့် တကယ်မဟုတ်သောအရာတို့ကို အလိုရှိသော ဆန္ဒကိုဖြစ်ပေါ်ပွားများစေ၏။

သမ္မာတရားမှလွဲသွားစေသောအရာများပါရှိသော စာအုပ်များကို ကလေးများ၊ ပျိုရွယ်သူများ၏လက်ထဲတွင် ဘယ်အခါမျှမထားမရှိစေရ။ ကျွန်ုပ်တို့၏သားသမီးများအား ပညာသင်ကြားနေစဉ်အခါတွင် အပြစ်၏ မျိုးစေ့များဖြစ်သည်ဟု ထင်ရှားစွာဖော်ပြသောထင်မြင်ချက်များကို မရရှိ ကြပါစေနှင့်။[၉]

ကျွန်ုပ်တို့ကအမြဲသဖြင့် စောင့်ရှောက်ကာကွယ်ပေးဖို့သင့်သောဘေး ဥပဒ်ဖြစ်စေသော အခြားအကြောင်းရင်းတစ်ခုမှာ မယုံကြည်သောစာရေးဆရာ တို့၏စာပေများကို ဖတ်ရှုခြင်းဖြစ်သည်။ ထိုသို့သောအလုပ်မျိုးတို့ကို သမ္မာ တရား၏ရန်သူကန္နီးဆော်ပေးသဖြင့် စိတ်ဝိညာဉ်ကိုဘေးဥပဒ်မဖြစ်စေဘဲ မည်သူ မျှ ထိုစာအုပ်များကိုမဖတ်နိုင်။ ၎င်းစာအုပ်များအားဖြင့် စိတ်ထဲ၌ထိခိုက်ခြင်းခံရ သောသူအချို့တို့သည် နောက်ဆုံး၌ပြုပြင်၍ရနိုင်သည်မှာမှန်ပေ၏။ သို့ရာတွင် ၎င်းတို့၏မကောင်းသောတန်ခိုးစွမ်းအားကို စမ်းသပ်ကြည့်ဖူးသောသူအပေါင်း တို့သည် စာတန်၏နေရာသို့ မိမိတို့ကိုယ်ကိုရောက်ရှိနေစေသဖြင့် စာတန် သည် မိမိ၏အခွင့်အရေးကို အထူးသဖြင့်အသုံးပြုလေ၏။ သူတို့သည် သူ၏ သွေးဆောင်ခြင်းတို့ကိုလက်ခံသောအခါ သူတို့၌ ၎င်းတို့ကိုတားဆီးခုခံနိုင်ရန် ဝေဖန်နိုင်သောဉာဏ်နှင့်ခွန်အားမရှိချေ။ ညှို့၍ပြုစားတတ်သောတန်ခိုးအားဖြင့် မယုံကြည်ခြင်းနှင့်သစ္စာပျက်ခြင်းသဘောတို့သည် သူတို့၏စိတ်ထဲ၌ စွဲမြဲ လာလေ၏။[၁]

## စိတ်ထကြွစေသောဝတ္ထုများကိုဖတ်ခြင်း၌ဘေးဥပဒ်ရှိခြင်း

ကျွန်ုပ်တို့၏သားသမီးတို့သည် အဘယ်အရာများကိုဖတ်ရကြမည်နည်း။ ဤမေးခွန်းသည် အလွန်အရေးကြီးသောမေးခွန်းဖြစ်၍ အရေးကြီးသောအဖြေ

ကိုအလိုရှိပေသည်။ ဥပုသ်ကိုစောင့်ရှောက်ကြသောအိမ်ထောင်များတွင် ကလေးသူငယ်တို့၏စိတ်ထဲ၌ ကောင်းကျိုးကိုမစွဲလမ်းစေသောဝတ္ထုဇာတ်လမ်းများ ဆက်လက်ပါရှိသောမဂ္ဂဇင်း၊ ဂျာနယ်နှင့်သတင်းစာများကိုတွေ့ရသည်အတွက် ကျွန်ုပ်သည် များစွာစိတ်ဒုက္ခရောက်၏။ လုပ်ကြံရေးသောအချစ်ဝတ္ထုများကို စွဲလမ်းနှစ်သက်သူတို့သည် ထိုသို့သောစာစောင်တို့အားဖြင့် ဖြစ်ပွားလာတတ်ကြသည်ကို ကျွန်ုပ်တို့တွေ့မြင်ရလေပြီ။ သူတို့သည် သမ္မာတရားကိုကြားနာရသောအခွင့်၊ ကျွန်ုပ်တို့၏ယုံကြည်ခြင်းအကြောင်းကို သိကျွမ်းရသောအခွင့်တို့ကိုရရှိခဲ့ကြသော်လည်း သူတို့သည် မှန်ကန်စွာဘုရားတရားကိုကြည်ညိုခြင်း၊ ဘုရားဝတ်၌ လက်တွေ့မွေ့လျော်ခြင်းကင်းမဲ့ကြလျက် ကြီးပြင်းလာခဲ့ကြလေပြီ။

ညံ့ဖျင်း၍ စိတ်ထကြွစေသောဒဏ္ဍာရီများကို ဖတ်သောသူတို့သည် အသုံးဝင်သောအသက်တာ၏တာဝန်များကိုထမ်းဆောင်ရန် မသင့်လျော်သောသူများဖြစ်လာကြသည်။ သူတို့သည် အစစ်အမှန်မဟုတ်သောလောကတွင် နေထိုင်လျက်ရှိကြသည်။ ထိုသို့သောဝတ္ထုများကိုဖတ်ဖို့အကျင့်ဖြစ်လာစေရန် အခွင့်ရရှိကြသောကလေးများကို ကျွန်ုပ်သည် စောင့်ကြည့်ခဲ့ပြီ။ အိမ်၌ဖြစ်စေ၊ အိမ်ပြင်အခြားနေရာ၌ဖြစ်စေ သူတို့သည် စိတ်မငြိမ်ဘဲ တွေးတောနေတတ်ကြလျက် အလွန်ညံ့ဖျင်းသောအကြောင်းအရာများမှလွဲ၍ ကောင်းစွာစကားမပြောနိုင်ကြ။ သူတို့၌ဘာသာရေးနှင့်ဆိုင်သောထင်မြင်ချက်နှင့် စကားစမြည်ပြောဆိုခြင်းအမှုများ လုံးလုံးမရှိချေ။ အာရုံများကိုထကြွစေသောဝတ္ထုများကို တပ်မက်စွဲလမ်းအောင်ပြုခြင်းသည် အသိဉာဏ်ကိုလွဲမှားစေသဖြင့် ဤမသင့်လျော်သောအစာ (စာပေ) တို့ကိုမမှီဝဲရလျှင် စိတ်ထဲ၌ မကျေနပ်ချေ။ ထိုသို့သောစာပေတို့ကို လိုက်စားသောသူတို့အား စိတ်ဉာဏ်ထိုင်းမှိုင်းသူဟူသောစကားမှလွဲ၍ အခြားစကားဖြင့်အမည်ပေးဖို့မသင့်လျော် ဟု ကျွန်ုပ်ထင်ပါသည်။ အစားအသောက်တို့၌ မရိုးခြံမသင့်လျော်သော အကျင့်တို့ကြောင့် ကိုယ်ခန္ဓာထိခိုက်တတ်သည်နည်းတူ စာပေဖတ်ရှုခြင်း၌ မသင့်လျော်သောအကျင့်များအားဖြင့် ဦးနှောက်တွင် အလားတူထိခိုက်ခြင်း ဖြစ်တတ်သည်။[၆]

သမ္မာတရားကိုလက်မခံမီ အချို့သောသူတို့၌ အချစ်ဝတ္ထုများ ဖတ်တတ်သောအကျင့်ရှိ၏။ အသင်းတော်နှင့်ဆက်ဆံပြီးသောအခါ ဤအကျင့်ကိုအောင်မြင်ပယ်ရှားရန် သူတို့သည် ကြိုးပမ်းခဲ့ကြပြီ။ သူတို့ပယ်ရှားခဲ့သောစာပေများကို သူတို့မျက်မှောက်၌ချပေးထားခြင်းသည် မူးနေသောသူအား အရက်ကိုပေးခြင်းနှင့်တူ၏။ မိမိတို့ရှေ့၌ရှိသောစုံစမ်းသွေးဆောင်ခြင်း သို့ အစဉ်မပြတ်လိုက်ပါခြင်းဖြင့် သူတို့၌မကြာမီ အားကိုးသင့်သောစာပေဖတ်ရှုခြင်း အမှုတွင် နှစ်သက်စွဲလမ်းခြင်းကင်းလွတ်သွားလေ၏။ သူတို့သည် ကျမ်းစာကို လေ့ကျက်ဖတ်ရှုဖို့ စိတ်မဝင်စားကြ။ သူတို့၏အကျင့်နှင့်ဆိုင်သော အစွမ်းသတ္တိသည် အားနည်းလာ၏။ အပြစ်ကိုတွန်းလှန်ပယ်ရှားဖို့ရန် သာ၍ ခက်ခဲလာသည်ဟုထင်ရ၏။ သစ္စာမရှိကြောင်းကို တိုး၍ထင်ရှားစေလျက် အသက်တာ၏ လက်တွေ့တာဝန်များကို မနှစ်သက်မလိုလားသောသဘောများ တိုးပွားလာ၏။ စိတ်သဘောသည် လွဲမှားလာသောအခါ စိတ်ကိုနှိုးဆော်ထကြွ စေတတ်သော စာပေအမျိုးမျိုးကိုဖတ်ဖို့အသင့်ဖြစ်လာ၏။ ထိုသို့အားဖြင့် ဝိညာဉ်အား မိမိ၏ လက်အောက်သို့ဆွဲသွင်းဖို့ရန် စာတန်အား လမ်းဖွင့်ပေး လေပြီ။[7]

## စာအုပ်တို့တွင်အကောင်းဆုံးစာအုပ်

လူတစ်စုံတစ်ယောက်၏ဘာသာရေးအတွေ့အကြုံအကြောင်းကို အားလပ်ချိန်တွင်ဖတ်ဖို့ရန် သူရွေးချယ်သောစာအုပ်၏သဘောအားဖြင့် ထင်ရှား စေ၏။ ကျန်းမာကောင်းမွန်သောစိတ်သဘောနှင့် ဘာသာရေးအခြေခံတရား များရရှိမည်အကြောင်း ပျိုရွယ်သူသည် ဘုရားသခင်၏နှုတ်ကပတ်တော်အားဖြင့်ဘုရားသခင်နှင့်မိတ်ကျွမ်းဝင်လျက်နေထိုင်ရမည်။ သခင်ခရစ်တော်အားဖြင့် ကယ်တင်ရာလမ်းကိုညွှန်ပြလျက် ကျမ်းစာအုပ်သည် သာ၍မြင့်မြတ်ကောင်းမွန် သောအသက်တာအတွက် ကျွန်ုပ်တို့၏လမ်းပြဖြစ်၏။ ရေးထားခဲ့သမျှသော စာပေတို့တွင် စိတ်ပါဝင်စားဖွယ်အကောင်းဆုံးဖြစ်၍ အကောင်းဆုံးသွန်သင်

လမ်းပြသောရာဇဝင်နှင့် ကိုယ်တိုင်၏အတ္ထုပ္ပတ္တိများသည် ၎င်းစာအုပ်တွင် ပါဝင်၏။ လုပ်ကြံရေးသားသောဝတ္ထုများကိုဖတ်ရှုခြင်းဖြင့် မိမိတို့၏စိတ်ကူးကိုလွဲမှားခြင်းမဖြစ်စေသောသူတို့သည် ကျမ်းစာအုပ်ကို စိတ်ပါဝင်စားဖွယ် အကောင်းဆုံးစာအုပ်အဖြစ် တွေ့ရှိရကြလေသည်။

ကျမ်းစာအုပ်သည် စာအုပ်အပေါင်းတို့တွင် အကောင်းဆုံးဖြစ်သည်။ သင်သည် ဘုရားသခင်၏နှုတ်ကပတ်တော်၏အဖိုးထိုက်သောဘဏ္ဍာတို့ကိုပိုင်ဆိုင်ရရှိ၍ ကောင်းမြတ်သောအကျင့်အပေါင်းနှင့် လုံးလုံးပြည့်ဝမည် အကြောင်း ဘုရားသခင်၏နှုတ်ကပတ်တော်ကို သင်သည် နှစ်သက်လျက်အခွင့် ရသောအခါတိုင်း ၎င်းကိုစေ့စပ်ရှာဖွေဖတ်ရှုလျှင် သခင်ယေရှုသည် သင့်ကို မိမိအထံတော်သို့ဆွဲယူနေတော်မူသည်ကို သင်သည် အသေအချာသိရှိယုံကြည် နိုင်လိမ့်မည်။ ကိုယ်တော်၏ပညတ်တော်နှင့်ညီညွတ်မည်အကြောင်း သခင်ခရစ်တော်၏သင်ခန်းစာများကို နားလည်ရန်မကြိုးစားဘဲ ကျမ်းစာကိုအမှတ်မဲ့ ဖတ်ရှုခြင်းသည် မလုံလောက်သေးပါ။ ဘုရားသခင်၏နှုတ်ကပတ်တော်တွင် ဘဏ္ဍာများရှိသဖြင့် သမ္မာတရားတည်းဟူသော တွင်းနက်ထဲသို့ရောက်သည်တိုင်အောင် အလွန်နက်စွာဆင်းမှသာ ၎င်းကိုတွေ့ရှိနိုင်လိမ့်မည်။

ဇာတိပကတိစိတ်သဘောသည် သမ္မာတရားကိုငြင်းပယ်၏။ သို့ရာတွင် ပြောင်းလဲသောဝိညာဉ်၌ အံ့ဩဖွယ်ပြောင်းလဲခြင်းဖြစ်လာ၏။ အပြစ်သားတစ်ဖက်၌ သက်သေခံသောသမ္မာတရားကိုဖော်ပြသဖြင့် အထက်က စွဲလမ်းခြင်း မရှိခဲ့သောစာအုပ်သည် ယခုဝိညာဉ်၏အစာ၊ အသက်တာ၏ ဝမ်းမြောက်ခြင်းနှင့်စိတ်သက်သာစရာဖြစ်လာ၏။ သန့်ရှင်းသောစာမျက်နှာ တို့တွင် ဖြောင့်မတ်ခြင်း၏တရားနေမင်းသည်ထွန်းလင်း၍ သန့်ရှင်းသော ဝိညာဉ်တော်သည် ၎င်းစာမျက်နှာအားဖြင့် ဝိညာဉ်အားမိန့်တော်မူ၏။

မရေရာသောစာပေတို့ကိုဖတ်ခြင်းအမှု၌ နှစ်သက်သောသူတို့သည် ယခုမြိမ့်မြိမ့်သောအနာဂတ္တိစကားကို ဂရုစိုက်လေ့လာကြပါစေ။ သင်၏ကျမ်းစာအုပ်ကိုယူ၍ ဓမ္မဟောင်းနှင့်ဓမ္မသစ်ကျမ်းတို့၏သန့်ရှင်းသောမှတ်တမ်းတို့ကို အသစ်သောစိတ်ပါဝင်စားခြင်းနှင့် အစပြုလေ့လာဖတ်ကြည့်ပါ။ သင်သည်

**မကြာခဏ သာ၍ကြိုးစားအားထုတ်လျက် ကျမ်းစာအုပ်ကိုလေ့ကျက်ဖတ်ရှုလျှင် ၎င်းသည် သာ၍တင့်တယ်ဖတ်ချင်ဖွယ်ဖြစ်လာ၍ မရေရာသောစာပေဖတ်ရှုခြင်း၌ သင်သည် စွဲလမ်းမှုနည်းပါးသွားလိမ့်မည်။ ဤအဖိုးထိုက်တန်သောစာစောင်ကို သင်၏စိတ်ထဲ၌ အမြဲစွဲလမ်းလျက်နေပါစေ။ ၎င်းသည် သင့်အဖို့မိတ်ဆွေ တစ်ဦးနှင့် လမ်းပြသောသူဖြစ်လာလိမ့်မည်။**[8]

(1) MYP, 271; (2) MYP, 271-273; (3) Ed, 189-190; (4) CT, 384,385; (5) CT, 135,136; (6) CT, 132-135; (7) 7T, 203; (8) MYP, 273,274.

---o---

## အခန်း (၄၁)
# တေးဂီတအတီးအမှုတ်

ပုရောဖက်တို့၏ကျောင်းတွင် သန့်ရှင်းသောတေးဂီတအတီးအမှုတ်များနှင့်ဆိုင်သော အတတ်ပညာကိုကြိုးစား၍ သင်ကြားပြသပေး၏။ စုံတွဲဖက်၍ ကသောကပွဲအတွက် တီးသည့်ညံ့ဖျင်းသောတေးဂီတများကိုမကြားရ။ လူတို့အားချီးမြှောက်၍ ဘုရားသခင်ထံမှလွဲသွားစေတတ်သည့် ကချော်ကချွတ်သီဆိုသောသီချင်းများလည်းမကြားရဘဲ ဖန်ဆင်းရှင်အားချီးမွမ်းလျက် နာမတော်ကိုချီးမြှောက်၍ ဘုရားသခင်၏အံ့ဩဖွယ်အမှုတော်တို့အကြောင်းကိုပြန်ဖော်ပြသော၊ သန့်ရှင်းကြည်ညိုဖွယ်သော ဆာလံသီချင်းများကိုသာကြားရ၏။ ထိုသို့အားဖြင့် တေးဂီတအတီးအမှုတ်သည် သန့်ရှင်းသောအမှုအတွက်အသုံးပြုရန် စိတ်ကူးထင်မြင်ချက်ကို ဖြူစင်၊ မြင့်မြတ်၍ မြှင့်တင်ပေးသောအရာများသို့ မြှင့်တင်ပေးရန်နှင့် ဝိညာဉ်၌ ဘုရားသခင်အားကြည်ညိုကိုးကွယ်၍ ကျေးဇူးဆပ်လိုသောသဘောကို နိုးကြားလာစေရန်အတွက်ဖြစ်လာ၏။[၁]

တေးဂီတအတီးအမှုတ်သည် အထက်ကောင်းကင်ပလ္လင်တော်၌ ဘုရားသခင်အားဝတ်ပြုကိုးကွယ်ခြင်းအမှုတွင် အပါအဝင်တစ်ခုဖြစ်၏။ ထို့ကြောင့် ကျွန်ုပ်တို့သည် ကျေးဇူးတော်ကိုချီးမွမ်းမြွက်ဆိုရာတွင် ကောင်းကင်မှ သံပြိုင်သီဆိုကြသော တေးဂီတသံများနှင့်တတ်နိုင်သမျှညီညွတ်စေရန် ကြိုးစား ကြရမည်။ အသံကိုသင့်လျော်စွာလေ့ကျင့်ပေးခြင်းအမှုသည် ပညာသင်ကြား ရေးတွင် အရေးကြီးသောအချက်တစ်ခုဖြစ်၍ ၎င်းကိုဂရုမစိုက်ဘဲမနေအပ်။ ဘာသာရေးစည်းဝေး၏အပါအဝင်ဖြစ်သော သီချင်းဆိုခြင်းအမှုသည် ဆုတောင်း ခြင်းကဲ့သို့ပင် ဝတ်ပြုကိုးကွယ်ခြင်းအမှုပင်ဖြစ်၏။ မှန်ကန်သောအဓိပ္ပါယ်ကို ရရှိရန်သီချင်းဆိုရမည်။[၂]

ကျွန်ုပ်တို့အား ကောင်းကင်တွင်သေချာစွာနေရာတကျစီမံထားပုံကိုပြ၏။ ၎င်းပြင်ထိုနေရာ၌ သေချာညီညာသောတေးဂီတအတီးအမှုတ်တို့ကိုကြားရသောအခါ ကျွန်ုပ်သည် ရွှင်မြူးလာ၏။ ရူပါရုံထဲမှထွက်လာပြီးနောက်

ဤမြေကြီးပေါ်၌သီချင်းဆိုသံတို့သည် အလွန်ကြမ်းတမ်း၊မညီမညွတ် ဖြစ်နေသည်ကိုတွေ့ရ၏။ ကောင်းကင်တမန်အစုများတို့သည် လေးထောင့်သဏ္ဍာန်စုရုံးရပ်နေကြလျက် အသီးအသီးရွှေစောင်းများကိုကိုင်ထားကြ၏။ စောင်း၏အဆုံးနားတွင် အသံညှိပေးသောကိရိယာတစ်ခုရှိ၏။ သူတို့၏ လက်ချောင်းများသည် စောင်းကြိုးများပေါ်တွင် အမှုမဲ့လှုပ်ရှားနေကြသည် မဟုတ်ဘဲ သူတို့သည် အသံအမျိုးမျိုးထွက်ရန် ကြိုးအမျိုးမျိုးကိုလက်ချောင်း များဖြင့် တီးခတ်ပေးကြ၏။ အမြဲခေါင်းဆောင်ပေးရသော ကောင်းကင်တမန် တစ်ပါးရှိ၍ သူသည် ပထမဦးစွာစောင်းကိုကိုင်လျက် ကြိုးများကိုတီးခတ် ပေးပြီးနောက် အားလုံးတို့သည် ကောင်းကင်မှသေချာချိုသာသောဂီတသံ ထွက်လာဖို့ရန် အတူတကွပါဝင်တီးခတ်ကြ၏။ ၎င်း၏အကြောင်းကို စာဖြင့် မဖော်ပြနိုင်။ ၎င်းသည်ချိုသာ၍ ကောင်းကင်နှင့်လည်းကောင်း၊ဘုရားသခင်နှင့်လည်းကောင်း သက်ဆိုင်လျက်ရှိစဉ် ကောင်းကင်တမန်တိုင်း၏မျက်နှာတွင် သခင်ယေရှု၏ပုံသဏ္ဍာန်ကိုထင်ရှားစေလျက် မပြောပြနိုင်လောက်အောင် ဘုန်းတန်ခိုးနှင့်ထွန်းတောက်ကြ၏။[၃]

လူငယ်တို့သည် သာ၍မြင့်မြတ်သောအခြေအနေ၌နေ၍ ဘုရားသခင်၏နှုတ်ကပတ်တော်ကို မိမိတို့အားအကြံဉာဏ်ပေး၍ လမ်းပြသောသူဖြစ်စေရမည်ကို ကျွန်ုပ်အားဖော်ပြထားပါသည်။ ကြီးလေးသောတာဝန်များသည် လူငယ်တို့အပေါ်၌တည်ရှိနေ၍ သူတို့သည် ၎င်းတို့ကိုပေါ့ဆစွာသဘောထားတတ်ကြသည်။ မိမိတို့အိမ်၌ထားရှိသော တေးဂီတအတီးအမှုတ်တို့သည် သန့်ရှင်းခြင်းနှင့်ဝိညာဉ်တိုးပွားရေးကိုဖြစ်စေမည့်အစား သူတို့၏စိတ်ကို သမ္မာ၏တရားမှလွဲသွားစေခဲ့ကြပြီ။ ညံ့ဖျင်းသောသီချင်းများနှင့်ကာလပေါ်တေးဂီတများကို သူတို့သည် အလွန်နှစ်သက်တတ်ကြသည်။ ဆုတောင်းခြင်းပြုရမည့်အချိန်ကို အတီးအမှုတ်တို့ဖြင့်ကုန်ခန်းစေကြသည်။ ညံ့ဖျင်းစွာအသုံးမပြုလျှင် တေးဂီတအတီးအမှုတ်သည် ကောင်းချီးမင်္ဂလာဖြစ်၏။ သို့ရာတွင် ၎င်းကိုအလွဲသုံးစားပြုသောအခါ ၎င်းသည် ကြောက်စရာကောင်းသောကျိန်ခြင်းအမင်္ဂလာဖြစ်၏။ ၎င်းသည် စိတ်ကိုထကြွစေ၏။ သို့ရာတွင် နတ်ဆိုး၏ပြင်းထန်

သောသွေးဆောင်ခြင်းကို တားဆီးကာကွယ်ရန် ကောင်းကင်မှမိမိလိုသော ခွန်အားကိုငိုကြွေးလျက်တောင်းပန်နေစဉ် ကျေးဇူးတော်ပလ္လင်၌သာ ခရစ်ယာန်တို့ရရှိနိုင်သော ထိုခွန်အားမျိုးကို ၎င်းဂီတမျိုးကမပေးနိုင်။ စာတန်သည် လူငယ်တို့ကိုဖမ်းယူရန် သွေးဆောင်နေ၏။ သူ၏သွေးဆောင်ခြင်းတန်ခိုးမှ လွတ်ကင်းစေရန် သူတို့အားလမ်းပြဖို့ ကျွန်ုပ်သည် မည်ကဲ့သို့ပြောဆိုနိုင်မည်နည်း။ သူသည် အလွန်ကျွမ်းကျင်စွာလှည့်ဖြားနိုင်သောသူဖြစ်၍ သူတို့အားပျက်စီးခြင်းသို့ရောက်ရန် သွေးဆောင်နေ၏။[၄]

(၁) ဧနယ ၉၇ယ၉၈း (၂) ဏဏယ ၅၉၄း (၃) ဍွယ ၁၄၆း (၄) ဍွယ ၄၉၆ယ၄၉၇.

---o---

# အခန်း (၄၂)
# ဝေဖန်ခြင်းနှင့်၎င်း၏အကျိုးအပြစ်

ခရစ်ယာန်တို့သည် မိမိတို့ပြောဆိုသောစကားများကို အထူးသတိပြုရမည်။ အထူးသဖြင့် မိတ်ဆွေနှစ်ဦးသည် မသင့်မတင့်ဖြစ်နေသည်ကိုသိရလျှင် မိတ်ဆွေတစ်ဦးထံမှ အခြားတစ်ဦးထံသို့ မနှစ်သက်ဖွယ်သတင်းတို့ကို ဘယ်အခါမျှယူဆောင်မသွားသင့်ပေ။ သင်သည် ဤမိတ်ဆွေ (သို့မဟုတ်) အခြားသူများမသိသော ထိုအသိအကျွမ်းတို့အကြောင်း များစွာသိရှိသကဲ့သို့ စောင်းပါးရိပ်ခြည်ပြောဆိုခြင်းအမှုသည် အလွန်ရိုင်းစိုင်း၏။ ထိုသို့စောင်းပြောသောစကားများသည် တစ်ဆင့်တစ်ဆင့်ကားသွားသဖြင့် မူလစကားထက်သာ၍ မနှစ်သက်ဖွယ်အကြောင်းများကိုဖြစ်စေ၏။ ဤအရာများအားဖြင့် သခင်ခရစ်တော်၏အသင်းတော်သည် မည်ကဲ့သို့သောဘေးဥပဒ်များကို မခံစားဘဲနေခဲ့ရပြီနည်း။ အသင်းတော်သားတို့၏မချုပ်တည်း၊ မတားမြစ်နိုင်သောအလေ့အကျင့်တို့အားဖြင့် အသင်းတော်အား ရေကဲ့သို့အားနည်းသွားစေ၏။ အသင်းတော်တစ်ခုတည်းမှအသင်းသားတို့တွင် တစ်ဦးကိုတစ်ဦး ယုံကြည်အားထားမှုကင်းမဲ့လာ၏။ သို့ရာတွင် အပြစ်သင့်သောသူသည် နစ်နာစေသောမကောင်းမှုကိုပြုရန်မကြံစည်ပါ။ စကားပြောဆိုနေကြသောအကြောင်းအရာကိုရွေးချယ်ရာ၌ သတိပညာချွတ်ယွင်းခြင်းအမှုသည် များစွာသောဘေးဥပဒ်ကိုဖြစ်စေလေပြီ။

ပြောဆိုသောစကားများသည် ဝိညာဉ်ရေး၊ ဘုရားတရားရေးများဖြစ်အပ်သည်။ သို့ရာတွင် ထိုသို့မဟုတ်။ ခရစ်ယာန်မိတ်ဆွေများနှင့်ပေါင်းသင်းဆက်ဆံသောအခါ စိတ်သဘောနှင့်နှလုံးကိုတိုးတက်ကောင်းမွန်လာအောင် အထူးသဖြင့် ပြုမူအရေးယူကြလျက် နောင်ဝမ်းနည်းစရာအကြောင်းများဖြစ်ပေါ်လာမည်မဟုတ်။ ၎င်းပြင် သူတို့သည် တွေ့ဆုံဆွေးနွေးခဲ့သောအကြောင်းကို ပြန်၍ကြည့်သောအခါ နှစ်သက်စိတ်ကျေနပ်ဖွယ်တွေ့မြင်ရလိမ့်မည်။ သို့ရာတွင် အချိန်ကိုပေါ့ပျက်သောစကား၊ အချည်းနှီးသောစကားတို့ဖြင့်

ကုန်လွန်စေ၍ အဖိုးတန်သောအချိန်ကို အခြားသောသူတို့၏အသက်တာနှင့် အကျင့်စာရိတ္တတို့ကို ဝေဖန်အတင်းအဖျင်းပြောခြင်းဖြင့် အသုံးပြုလျှင် မိတ်ဆွေ အဖြစ်ဆက်ဆံခြင်းအမှုသည် မကောင်းသောအမှုကို အစပြုသော အရာအဖြစ် ထင်ရှားလာ၍ သင်၏သြဇာညောင်းမှုသည် သေခြင်းတိုင်အောင် သေခြင်း၏ အမွေးအကြိုင်ဖြစ်လာလိမ့်မည်။°

## လူအပေါင်းတို့အကြောင်းအကောင်းထင်မှတ်ခြင်း

ကျွန်ုပ်တို့သည် မိမိတို့၏ညီအစ်ကိုတစ်ယောက်အကြောင်း ကဲ့ရဲ့ ပြစ်တင်ပြောဆိုသောစကားကို နားထောင်သောအခါ ကျွန်ုပ်တို့သည် ထိုကဲ့ရဲ့ ပြစ်တင်စကားကိုလက်ခံကြ၏။ "အိုထာဝရဘုရား၊ တဲတော်၌ အဘယ်သူ သည် တည်းရပါမည်နည်း။ သန့်ရှင်းသောတောင်တော်ပေါ်မှာ အဘယ်သူသည် နေရပါမည်နည်း" ဟုမေးသောအခါ ဆာလံဆရာကဤကဲ့သို့ပြန်ဖြေ၏။ "ဖြောင့်မတ်သောအကျင့်၊ တရားသောအမှုကိုပြုကျင့်၍ သစ္စာစကားကိုစိတ်နှလုံး ပါလျက်ပြောထသော၊ သူတစ်ပါး၏အသရေကိုပျက်စေခြင်းငှာပြောဆိုခြင်း၊ ကိုယ်နှင့်စပ်ဆိုင်သောသူ၏အကျိုးကိုပြစ်မှားခြင်း၊ ကိုယ်နှင့်စပ်ဆိုင်သောသူကို လည်း ကဲ့ရဲ့ခြင်းကိုရှောင်ထသော" (ဆာလံ ၁၅း၁–၃)။

မိမိအားအခြားသူ၏အပြစ်အကြောင်းပြောပြသောသူတို့သည် အခွင့် သာသောအခါ မိမိ၏အပြစ်ကိုလည်း အနံ့အပြားသတင်းလွှင့်လိမ့်မည်ဟု လူတိုင်းသတိပြုကြလျှင် အတင်းအဖျင်းပြောခြင်းလုပ်ငန်းသည် ပပျောက်သွား လိမ့်မည်။ အခြားသူတို့အကြောင်း မကောင်းသတင်းကိုအမှန်သိလာသည် တိုင်အောင် အခြားသောသူအပေါင်း၊ အထူးသဖြင့် ကျွန်ုပ်တို့၏ညီအစ်ကိုများ အကြောင်း အကောင်းထင်မြင်ဖို့ရန် ကျွန်ုပ်တို့သည် ကြိုးစားရကြမည်။ ကျွန်ုပ် တို့သည် မကောင်းသောသတင်းကိုအလွယ်တကူမယုံကြည်သင့်၊ ဤသတင်း များသည် မနာလိုသောကြောင့် (သို့မဟုတ်) အထင်လွဲသောကြောင့်ဖြစ်လိမ့် မည်၊ (သို့မဟုတ်) အကြောင်းမှန်ကိုကား၍ပြောဆိုခြင်း၊ တစ်ပိုင်းတစ်စ

ကြားရခြင်းတို့ကြောင့်လည်းဖြစ်တတ်သည်။ မနာလိုခြင်းနှင့်မယုံသင်္ကာဖြစ်ခြင်း အမှုတို့ကို တစ်ကြိမ်အခွင့်ပေးခဲ့လျှင် ၄င်းတို့သည် ဆူးလေပင်၏ဆူးများ ကဲ့သို့ ပျံ့နှံ့သွားလိမ့်မည်။ ညီအစ်ကိုတစ်ယောက်သည် လမ်းလွဲသွားလျှင် ထိုအခါသူ့ အား သင်သည်တကယ်ပင်ဂရုစိုက်စိတ်ဝင်စားကြောင်းကိုပြရမည်။သူ့အားရွေးနုတ် ဖို့ရန်အတွက် သခင်ခရစ်တော်သည် အနန္တအဖိုးအခကိုအပ်ပေး တော်မူခဲ့ကြောင်း ကိုသတိရလျက် သူ့ထံသို့သွား၍ သူနှင့်အတူ သူ့အတွက် ဆုတောင်းပေးလော့၊ ဤနည်းအားဖြင့်သင်သည် ဝိညာဉ်တစ်ဦးကို သေခြင်း မှကယ်နုတ်၍မြောက် မြားစွာသောအပြစ်တို့ကို ဖုံးကွယ်ထားလိမ့်မည်။

မှသားပြောဆိုခြင်းတွင် ရတ်တရက်စောင့်ကြည့်ခြင်း၊ စကား တစ်ခွန်းပြောခြင်း၊ အသံနေသံထားပြောင်းခြင်းတို့သည် အရေးကြီး၍ တစ်စုံ တစ်ယောက်သောသူ၏စိတ်နှလုံးထဲသို့ အထစ်ရှိသောမြားကဲ့သို့စူးဝင်သွားပြီး ကုသ၍မရနိုင်သောအရာကိုဖြစ်စေတတ်သည်။ ထိုသို့အားဖြင့် ဘုရားသခင် သည် ကောင်းသောအမှုကိုပြီးမြောက်အောင် ပြုလုပ်စေလိုသောသူတစ်စုံတစ် ယောက်အပေါ်၌ ယုံမှားခြင်း၊ အပြစ်တင်ခြင်းကိုပြုတတ်ကြ၍ သူ၏ဩဇာ ညောင်းမှုသည် ပြယ်သွားပြီး သူ၏အသုံးကျခြင်းကိုပျက်စီးစေ၏။ အချို့သော တိရစ္ဆာန်မျိုးတို့တွင် တစ်ကောင်သည် ဒဏ်ရာရ၍လဲကျသွားလျှင် ချက်ချင်း အခြားသောအကောင်များသည် ၄င်းကိုဝိုင်းအုံလာပြီး အပိုင်းပိုင်းဖြစ်အောင် ကိုက်ဖြတ်ပစ်ကြ၏။ သခင်ခရစ်တော်၏နာမတော်ကိုခံယူသောယောကျ်ား၊ မိန်းမတို့၌လည်း ထိုကဲ့သို့သောရက်စက်သည့်သဘောမျိုး ရှိတတ်ကြသည်။ မိမိတို့ကိုယ်တိုင်ထက် အပြစ်နည်းသောအခြားသူတို့ကို ကျောက်ခဲနှင့်ပေါက် ရန် သူတို့သည် ဖာရိရှဲတို့၏သဘောမျိုးကိုပြကြ၏။ မိမိတို့ကိုယ်တိုင်၏ အပြစ်ကို မမြင်စေရန်၊ (သို့မဟုတ်) ဘုရားသခင်နှင့်အသင်းတော်အတွက် စိတ်အားကြီး ခြင်းအမှုအတွက်ဂုဏ်ယူရန် အခြားသောသူတို့၏အပြစ်နှင့်ဆိုးရွား မှုတို့ကို ညွှန်ပြနေသောသူအချို့ရှိကြသည်။[၂]

သခင်ခရစ်တော်သည် ကျွန်ုပ်တို့၏ရည်ရွယ်ချက်များနှင့် အလုပ် အကိုင်တို့ကို ဝေဖန်အတင်းအဖျင်းပြောနေခြင်း၌ ကုန်လွန်စေသောအချိန်ကို

ဆုတောင်းခြင်းဖြင့်ကုန်လွန်စေသော် သာ၍ကောင်း၏။ မကြာခဏအပြစ်ရှာသောသူတို့သည် မိမိတို့၏အပြစ်ရှာသောသူတို့နှင့်စပ်ဆိုင်၍ အမှန်ကိုသိမြင်လျှင် သူတို့သည် ထိုသူတို့အကြောင်း ခြားနားသောထင်မြင်ချက်ကိုရရှိလာလိမ့်မည်။ အခြားသူတို့ကိုဝေဖန်အပြစ်ရှာ၍ အပြစ်စီရင်နေမည့်အစား လူတိုင်းကဤကဲ့သို့ပြောဆိုလျှင် မည်မျှသာ၍ကောင်းမည်နည်း။ "ကျွန်ုပ်သည် မိမိကိုယ်တိုင်ကယ်တင်ခြင်းရရှိဖို့ကြိုးစားရမည်။ ကျွန်ုပ်၏ဝိညာဉ်ကိုကယ်တင်ရန် အလိုဆန္ဒရှိတော်မူသောကိုယ်တော်နှင့် ကျွန်ုပ်သည် အတူတကွပူးပေါင်း လုပ်ဆောင်လျှင် ကျွန်ုပ်သည် မိမိကိုယ်ကို ကြိုးစား၍စောင့်ကြည့်နေရမည်။ မိမိ၏အသက်တာမှမကောင်းသောအရာရှိသမျှကို ပယ်ဖြတ်ရမည်။ ကျွန်ုပ်သည် သခင်ခရစ်တော်၌ အသစ်သောသတ္တဝါဖြစ်လာရမည်။ အပြစ်ရှိသမျှကိုအောင်မြင် ရမည်။ ထိုနောက် ဆိုးသောအရာကိုတိုက်လှန်နေသောသူတို့ကို အားနည်း အောင်ပြုလုပ်မည့်အစား ခွန်အားရှိစေသောစကားများဖြင့် ကျွန်ုပ်သည် သူတို့ကို အားပေးတိုက်တွန်းနိုင်သည်။"[၁]

## မနာလိုသောသူသည်အခြားသူတို့၌အကောင်းကိုမမြင်

ကျွန်ုပ်တို့၏ရုပ်ထွေးခြင်းအမှုများနှင့် စိတ်ပျက်စရာအမှုများတို့အား မိမိတို့၏စိတ်ဝိညာဉ်ကိုဖျက်ဆီးပြီး ကျွန်ုပ်တို့အားစိတ်ဆိုး၍ သည်းမခံစေအောင်ပြုလုပ်စေဖို့ အခွင့်မပေးသင့်။ ကျွန်ုပ်တို့သည် ဘုရားသခင်ကိုပြစ်မှားကြမည်ကိုစိုးရိမ်သဖြင့် ရန်တွေ့စကားများခြင်း၊ မကောင်းထင်မှတ်ခြင်း (သို့မဟုတ်) မကောင်းပြောဆိုခြင်းများမရှိစေကြနှင့်။ ညီမောင်၊ သင်၏စိတ်ထဲ၌ မနာလိုငြူစူခြင်းနှင့်ရမ်းဆ၍မကောင်းပြောခြင်းအမှုများဝင်ရောက်စေလျှင် သန့်ရှင်းသောဝိညာဉ်တော်သည် သင့်အထဲ၌မတည်မနေနိုင်။ သခင်ခရစ်တော်၌ရှိသောပြည့်စုံခြင်းကိုရှာဖွေလော့။ အကြံအစည်၊ အပြောအဆို၊ အပြုအမူတိုင်းတွင်ကိုယ်တော်၏အကြောင်းကိုထင်ရှားပါစေ။ တမန်တော်တို့လက်ထဲ၌ သူတို့အားလုံးကို စိတ်သဘောတညီတညွတ်တည်းဖြစ်စေခဲ့သော ချစ်ခြင်းမေတ္တာ၏

နှစ်ခြင်းကို သင်သည် နေ့တိုင်းလိုနေ၏။ ဤမေတ္တာသည် ကိုယ်၊ စိတ်နှင့် ဝိညာဉ်အား ကျန်းမာခြင်းကိုဖြစ်စေလိမ့်မည်။ ဝိညာဉ်အသက်တာကို ခိုင်ခံ့စေသောပတ်ဝန်းကျင်နှင့် သင်၏ဝိညာဉ်ကိုဝန်းရံထားပါ။ ယုံကြည်ခြင်း၊ မျှော်လင့်ခြင်း၊ ရဲရင့်ခြင်း၊ ချစ်ခြင်းမေတ္တာတို့ကိုပြုစုပေးပါ။ ဘုရားသခင်၏ ငြိမ်သက်ခြင်းချမ်းသာသည် သင်၏စိတ်နှလုံးထဲ၌စိုးမိုးပါစေ။[၄]

မနာလိုခြင်းသည် စိတ်သဘောပြောင်းလဲသည်သာမက စိတ်မချမ်းသာသောအမှုဖြစ်၍ ၎င်းသည် စွမ်းရည်သတ္တိအပေါင်းကိုရှုပ်ထွေးသွားစေ၏။၎င်းသဘောသည်စာတန်မှအစပြု၏။ သူသည် ကောင်းကင်၌ပထမဦးဆုံး နေရာတွင်နေလို၏။ ၎င်းပြင် သူအလိုရှိသောတန်ခိုးနှင့်ဘုန်းစည်းစိမ်အပေါင်း ကိုမရနိုင်သောကြောင့် သူသည် ဘုရားသခင်၏အုပ်စိုးခြင်းအာဏာစက် ကိုပုန်ကန်၏။ သူသည် ကျွန်ုပ်တို့၏ပထမမိဘနှစ်ပါးကိုအပြစ်ပြုစေရန် သွေးဆောင်၍ ထိုသို့အားဖြင့် သူတို့နှင့်လူမျိုးအပေါင်းတို့ကို ပျက်စီးစေလေ၏။

မနာလိုတတ်သောသူသည် အခြားသူ၏ကောင်းမြတ်သောအရည်အချင်းနှင့်မြင့်မြတ်သောအပြုအမူတို့ကို မကြည့်မမြင်လို။ သူသည် အလွန်ကောင်းမြတ်သောအရာတို့ကို အမြဲရှုတ်ချ၍အလွဲဖော်ပြရန် အသင့်ရှိတတ်သည်။ လူတို့သည် ခဏခဏအခြားသောအပြစ်များကို ဝန်ချတောင်းပန်၍ စွန့်ပယ်တတ်ကြသော်လည်း မနာလိုတတ်သောသူထံမှ မျှော်လင့်စရာအနည်းငယ်မျှလောက်သာရှိ၏။ လူတစ်စုံတစ်ယောက်အား မနာလိုခြင်းကား ထိုသူသည် မိမိထက်သာလွန်ကြောင်း ဝန်ခံခြင်းဖြစ်သောကြောင့် မနာလိုသောသူအား မိမိအပြစ်ကိုသိမြင်စေရန် ကြံစည်ကြိုးစားလျှင် မိမိတပ်မက်သောအရာအတွက်သာ၍ပင်အမျက်ထွက်လာသဖြင့် သူသည်အမြဲလိုပင် ကုသပြုပြင်ပေး၍မရဘဲနေလိမ့်မည်။

မနာလိုတတ်သောသူသည် သွားလေရာရာ၌ အဆိပ်ကိုပျံ့နှံ့စေ၍ မိတ်ဆွေများကိုကွဲပြားစေလျက် ဘုရားသခင်နှင့်လူကိုမုန်း၍ ပုန်ကန်ရန်နှိုးဆော်၏။ သူသည် မိမိကိုယ်တိုင် အလွန်ကောင်းမြတ်သောအခြေအနေသို့ရောက်အောင် ကိုယ်ကိုငြင်းပယ်လျက် ရဲရင့်သောစိတ်နှင့်ကြိုးပမ်းမှုမပြုဘဲ မိမိနေမြဲ

နေရာ၌ရပ်နေပြီးလျှင် အခြားသူတို့၏ကြိုးပမ်းမှုကြောင့် ရသောအကျိုးကို ယုတ်လျော့စေခြင်းဖြင့် မိမိကိုယ်ကိုအကောင်းဆုံးနှင့်အမြတ်ဆုံးဟု အများ ထင်မှတ်စေရန်ကြိုးစား၏။

အကျိုးပျက်စေသောအမှုကို နှစ်သက်တတ်သောလျှာ၊ သတင်းကို ကြားပြောလော့၊ ငါသည် တစ်ဆင့်ကြားပြောမည်ဟု သတိမရှိဘဲပြောသော လျှာသည် ငရဲမီးကိုရှို့နေသည်ဟု တမန်တော်ယာကုပ်ကဖော်ပြထား၏။ ၎င်းသည် မီးစများကိုအဖက်ဖက်သို့ပျံ့နှံ့သွားစေ၏။ အတင်းအဖျင်းပြော သောသူသည် အပြစ်ကင်းသောသူကိုရှုတ်ချသည်ကို အဘယ်သို့ဂရုစိုက်လိမ့် မည်နည်း။ မိမိတို့၏ဝန်ထုပ်အောက်၌ နစ်နေသောသူတို့၌ မျှော်လင့်ခြင်းနှင့် ရဲရင့်ခြင်းကို သူသည်ဖျက်ဆီးသော်လည်း သူသည် မိမိ၏မကောင်းသော အလုပ်ကိုရပ်ထားမည်မဟုတ်။ သူသည် အတင်းအဖျင်းပြောခြင်းကိုနှစ်သက် သောဝါသနာကိုသာဂရုစိုက်၏။ ခရစ်ယာန်ဟုခေါ်ဝေါ်နေသောသူတို့ပင်လျှင် သန့်ရှင်း၊ ဖြောင့်မတ်၊ မြင့်မြတ်၍ နှစ်သက်ဖွယ်သောအရာတို့ကို မကြည့် မမြင်လိုဘဲ မနှစ်သက်ဖွယ်သောအရာ၊ မသင့်လျော်သောအရာမှန်သမျှကို လိုက်လံဆည်းပူး၍ လောကအားတစ်ဆင့်သတင်းလွှင့်ကြ၏။[၁]

## မနာလိုခြင်းနှင့်အပြစ်ရှာခြင်း

အသင်းတော်သားများထဲတွင် လျှာကိုမချုပ်တည်းနိုင်သောသူများရှိ နေသည်ဟုပြောရမည်မှာ ကျွန်ုပ်သည် စိတ်မကောင်းပါ။ မကောင်းသော အမှုကိုနှစ်သက်၍ မုသားပြောသောလျှာများရှိပါသည်။ ရှက်၍တိုးတိုးပြော တတ်သောလျှာများလည်းရှိသည်။ စကားဖွာခြင်း၊ စော်ကားရိုင်းစိုင်းစွာဝင်စွက် ခြင်း၊ ကျင်လည်စွာကျီစယ်ပြောင်လှောင်ခြင်းများလည်းရှိသေး၏။ အတင်း အဖျင်းပြောခြင်းကိုနှစ်သက်သောသူတို့တွင် အချို့မှာသိမြင်စူးစမ်းလိုခြင်းကြောင့် ဖြစ်၏။ အခြားသူတို့မှာ မနာလိုသောကြောင့် အများသောသူတို့မှာ မိမိတို့ အားအပြစ်ဖော်ပြဆုံးမရန် ဘုရားသခင်ကမိန့်တော်မူသောသူတို့ကို မုန်းသော

ကြောင့်ဖြစ်၏။ ဤကဲ့သို့စိတ်ဝမ်းကွဲပြားစေသောအရာများသည် ဖြစ်ပေါ်လာကြပြီ။ အချို့တို့သည် မှန်သောသဘောထားကိုဖုံးကွယ်ထားကြ၍ အခြားသောသူတို့သည် အခြားသူတို့၏မကောင်းကြောင်းရှိသမျှ (သို့မဟုတ်) မယုံဖွယ်ဖြစ်သမျှတို့ကို သတင်းလွှင့်ရန် အလွန်စိတ်ထက်သန်ကြသည်။

သစ္စာစကားကို မုသားစကားအဖြစ်သို့လည်းကောင်း၊ ကောင်းသောအမှုကိုဆိုးသောအမှုသို့လည်းကောင်း၊ အပြစ်ကင်းသောအမှုကိုရာဇဝတ်မှုအဖြစ်သို့လည်းကောင်း ပြောင်းလဲသွားစေရန်မတရားသက်သေခံခြင်း၊ မုသားကျိန်ဆိုခြင်းသဘောများသည် ယခုများပြားစွာထင်ရှားလာသည်ကို ကျွန်ုပ်တွေ့မြင်ရပြီ။ ဘုရားသခင်၏လူများဟု အခေါ်ခံနေသောသူတို့၏အခြေအနေကိုမြင်ရ၍ စာတန်သည် အထူးရွှင်မြူးနေ၏။ အများသောသူတို့သည် မိမိတို့၏ဝိညာဉ်အတွက်ဂရုမစိုက်ဘဲနေကြသော်လည်း အခြားသောသူအားဝေဖန်အပြစ်ရှာရန်စိတ်အားကြီးစွာစောင့်ကြည့်နေတတ်ကြသည်။ လူအပေါင်းတို့၌ အကျင့်ချွတ်ယွင်းခြင်းရှိကြသဖြင့် မနာလိုခြင်းအားဖြင့်ထိခိုက်စေရန် တစ်စုံတစ်ခုသောအပြစ်ကို ရှာရန်မခက်ခဲပေ။ မိမိကိုယ်တိုင် တရားသူကြီးခန့်ထားခြင်းခံရသူက "ယခုကျွန်ုပ်တို့၌ တကယ်ဖြစ်သောအကြောင်းအရာကိုတွေ့ရှိထားပြီ။ သူတို့ကိုယ်တိုင်မရှင်းလင်းနိုင်သော စွပ်စွဲချက်များကို သူတို့အပေါ်၌တင်ထားကြမည်" ဟုပြောဆို၏။ သူတို့သည် သင့်လျော်သောအခွင့်အရေးကိုစောင့်နေကြပြီးနောက် သူတို့၏သတင်းစကားများကိုဖြေပြလျက် အတိုအထွာစကားများကို ထွက်ပေါ်လာစေကြ၏။

အချက်တစ်ချက်ကိုရရှိဖို့ရန် သူတို့သည် ကြိုးပမ်းရာတွင် ဓမ္မတာအားဖြင့် စိတ်ကူးကောင်းလွန်းသောသူတို့သည် မိမိတို့ကိုယ်ကိုပင်လှည့်ဖြားခြင်း၊ သူတစ်ပါးအားလှည့်ဖြားခြင်းဘေးနှင့် ကြုံတွေ့နေရကြသည်။ စကားများကိုအလျင်အမြန်အမှတ်တမဲ့ပြောမိလိုက်သဖြင့် ပြောဆိုသောသူ၏စိတ်သဘောအမှန်ကို ပြန်၍ပေါ်မလာနိုင်ကြောင်းကိုမဆင်ခြင်ဘဲ သူတို့သည် သတိလစ်၍ ပြောမိသောစကားများကို သိမ်းရုံးတတ်ကြသည်။ သို့ရာတွင် ထိုသို့အမှတ်တမဲ့ပြောဆိုတတ်သောမှတ်ချက်များသည် မကြာခဏဂရုမစိုက်

သင့်လောက်အောင် အလွန်သေးငယ်သော်လည်း စာတန်၏မှန်ဘီလူးဖြင့် ၎င်းတို့ကိုကြည့်ရှုကြပြီး ချင့်ချိန်လျက်ထပ်ခါထပ်ခါ သတင်းလွှင့်ကြရာ ပွေးတောင်ပို့လောက်ရှိသောအရာသည် တောင်ကြီးသဖွယ်ဖြစ်လာလေ၏။

လွှင့်နေသောသတင်းတို့ကိုစုရုံး၍ အခြားသောသူ၏အကျင့်စာရိတ္တတို့ကို မယုံသင်္ကာဖြစ်စေမည့်အရာခပ်သိမ်းကိုဖော်ပြီးနောက် ထိုသူအား ထိခိုက်နစ်နာစေရန် ပြုလုပ်ဖို့နှစ်သက်ခြင်းသည် ခရစ်ယာန်၏မေတ္တာကရုဏာ သဘောဖြစ်သလော။ သခင်ခရစ်တော်၏တပည့်တော်တစ်ယောက်အား အသရေပျက်စေ၊ နစ်နာစေနိုင်သောအခါ စာတန်သည် အလွန်ပင်ပျော်မြူး၏။သူသည် ကျွန်ုပ်တို့၏ညီအစ်ကိုများကို အပြစ်တင်စွပ်စွဲသောသူဖြစ်၏။ ခရစ်ယာန်တို့သည် သူ၏လုပ်ငန်းကိုကူညီပေးရကြမည်လော။

အလုံးစုံတို့ကိုမြင်တော်မူသောဘုရားသခင်သည် လူအပေါင်းတို့၏ချွတ်ယွင်းချက်နှင့်အသီးအသီးတို့၌ အုပ်စိုးနေသောတပ်မက်ခြင်းစိတ်တို့ကို အရေးယူမှတ်သားတော်မူသော်လည်း ကျွန်ုပ်တို့၏အမှားများကိုသည်းခံ၍ ကျွန်ုပ်တို့၏အားနည်းခြင်းအပြစ်ကို သနားတော်မူ၏။ ဘုရားသခင်က မိမိ၏လူများအား ထိုသို့သောနူးညံ့သိမ်မွေ့၍ သည်းခံတတ်သောသဘောမျိုးကို မွေးမြူရန်မိန့်တော်မူ၏။ မှန်သောခရစ်ယာန်သည် သူတစ်ပါး၏အပြစ်များနှင့် ချို့တဲ့သောအဖြစ်တို့ကိုဖော်ပြထင်ရှားစေခြင်း၌ ဝမ်းမြောက်ခြင်းရှိလိမ့်မည် မဟုတ်။ သူတို့သည် မက်မောနှစ်သက်ဖွယ်ဖြစ်သောအရာတို့၌ စိတ်စွဲလမ်းခြင်းရှိရန် ဆိုးယုတ်ခြင်းနှင့်ချို့တဲ့မစုံလင်ခြင်းအဖြစ်တို့ကိုမကြည့်ဘဲ နေကြလိမ့်မည်။ အပြစ်ရှာသောအမူရှိသမျှ၊ အပြစ်တင်၊ စီရင်သောစကားရှိသမျှ သည် ခရစ်ယာန်တို့အဖို့ နာကြည်းဖွယ်ဖြစ်၏။[၆]

## အသင်းတော်နှင့်အဖွဲ့အစည်းခေါင်းဆောင်တို့ကို ဝေဖန်အပြစ်ရှာခြင်း၏အကျိုးအပြစ်

လှည့်လည်၍စကားပေါ့ပြောခြင်း၊ အတင်းအဖျင်းပြောခြင်းသဘော၊ စိတ်ဝမ်းကွဲခြင်း၊ ရန်တွေ့ခြင်းကိုမျိုးစေ့ကြဲရန်၊ မိတ်ဆွေများကိုကွဲပြားသွား

စေရန်နှင့် ဟုတ်မှန်ဖြောင့်မတ်သောအခြေအနေ၌ရှိသော အများသောသူတို့၏ ယုံကြည်ခြင်းသဘောကိုပျက်စီးစေရန် စာတန်၏ထူးခြားသောလုပ်ငန်းတစ်ရပ်ဖြစ်သည်။ ညီအစ်ကိုမောင်နှမများတို့သည် အခြားသူတို့၊ အထူးသဖြင့် ဘုရားသခင်က မိမိတို့အားဖော်ပြတော်မူသည်အတိုင်း အပြစ်ကိုဖော်ပြသတိပေးသောသတင်းစကားတို့ကို မတွန့်မဆုတ်ဘဲ ယူဆောင်လာသောသူတို့၏ အပြစ်များနှင့်အမှားများအကြောင်းကိုပြောပြဖို့ အလွန်လွယ်ကူကြသည်။

ဤကဲ့သို့အပြစ်တင်သောသူတို့၏သားသမီးတို့သည် သေသေချာချာနားထောင်တတ်ကြသဖြင့် မေတ္တာပျက်စေခြင်းအဆိပ်များကိုရရှိကြသည်။ ထိုသို့အားဖြင့် သားသမီးတို့၏စိတ်နှလုံးသို့ရောက်ရှိနိုင်သောလမ်းကို မိဘတို့သည် မိုက်မဲစွာပိတ်ပင်တားဆီးထားကြသည်။ ဤအမှု၌ ဘုရားသခင်ကို ရှုတ်ချ၏။ သခင်ယေရှုက၊ "သင်တို့သည် ဤသူတည်းဟူသောငါ့ညီတို့ တွင်အငယ်ဆုံးသောသူတစ်ယောက်အားပြုကြသမျှတို့ကို ငါ့အားပြုကြပြီ" ဟု မိန့်တော်မူ၏။ မ၊ ၂၅း၄၀။ ထိုသို့အားဖြင့် ဘုရားသခင်၏ကျွန်များ အားရှုတ်ချပြောဆိုသောသူတို့သည် သခင်ခရစ်တော်ကို မထီမဲ့မြင်ပြုလျက် ရှုတ်ချကြ၏။

ဘုရားသခင်ရွေးချယ်ထားသောကျွန်များ၏နာမည်များကို ထောက်မချီးမြှင့်ရန် တာဝန်ရှိသောသူအချို့က ၎င်းတို့ကိုမရိုမသေအသုံးပြုလျက် အချို့သောနာမည်များကို လုံးလုံးရှုံ့ရှာမထီလေးစားပြုခဲ့ကြပြီ။ ဘုရားသခင်၏ ကျွန်များက အရေးကြီးစွာဆုံးမသတိပေးစကားများနှင့်ပတ်သက်၍ မိဘများက မရိုမသေမှတ်ချက်ချခြင်းတို့ကို သားသမီးတို့သည် မကြားဘဲမနေကြပါ။ မိမိတို့နားထဲ၌ မကြာခဏကြားနေရသော ပြောင်လှောင်ပြက်ရယ်ပြုစကားများနှင့် ဂုဏ်ယုတ်စေသောစကားများကို သူတို့သည်နားလည်ကြလျက် သူတို့၏ စိတ်ထဲတွင်သန့်ရှင်း၍ ထာဝရကာလနှင့်ဆိုင်သောအရာများကို လောက၏ ရိုးရိုးအမှုကိစ္စများနှင့် တညီတည်းထားလာသောအကျင့်ကိုဖြစ်စေခဲ့လေပြီ။ မိမိတို့၏သားသမီးများအား ငယ်ရွယ်စဉ်အခါကပင် ဘုရားတရားကိုမယုံကြည်မရိုသေသောသူများဖြစ်စေရန် ဤမိဘတို့သည် မည်ကဲ့သို့သောအလုပ်တစ်ခုကို

လုပ်နေကြသနည်း။ ဤနည်းအားဖြင့် သားသမီးများအား ကောင်းကင်က အပြစ်ဖော်ပြဆုံးမမှုကိုမရှိသောဘဲ ပုန်ကန်ထကြွစေရန် သွန်သင်ပေးကြ၏။

ဤဆိုးသောအကျင့်များတည်ရှိနေရာ၌ ဝိညာဉ်ရေးတွင် ယုတ်ညံ့ခြင်း အဖြစ်မျိုးရှိနိုင်သည်။ ရန်သူအားဖြင့် မျက်စိကန်းနေသောဤမိဘများကပင် မိမိတို့၏သားသမီးများ အဘယ်ကြောင့်ထိုမျှလောက်ကျမ်းစာ၏သမ္မာတရား ကိုမယုံကြည်ဘဲ မှားနေကြသနည်းဟု အံ့သြနေတတ်ကြသည်။ အကျင့်နှင့် ဘာသာရေးသြဇာညောင်းမှုအားဖြင့် သူတို့၏စိတ်ကိုပြုပြင်ဖို့ရန် အလွန်ခဲယဉ်း သည်ကို သူတို့သည်အံ့သြနေတတ်ကြ၏။ သူတို့၌ဝိညာဉ်မျက်စိရှိခဲ့ပါမူ ဤဝမ်းနည်းဖွယ်အခြေအနေတို့မှာ မိမိကိုယ်တိုင် အိမ်၌သြဇာညောင်းမှု၏ အကျိုး၊ မိမိတို့၏မနာလို၊ မယုံကြည်မှု၏အကျိုးဖြစ်သည်ကို သူတို့သည် တွေ့ရှိရလိမ့်မည်။ ထိုသို့အားဖြင့် ဘုရားတရားကိုမယုံကြည်သောသူအများ တို့မှာ ခရစ်ယာန်ဟုခေါ်နေသောသူတို့၏အိမ်ဝင်းထဲတွင် ဖြစ်ပေါ်လာရပေမည်။

ဘုရားသခင်၏အမှုတော်နှင့်ဆိုင်သောအဖွဲ့အစည်းများတွင် ကြီးသော တာဝန်များကိုထမ်းဆောင်နေရသောသူတို့၏ချွတ်ယွင်းချက်များအကြောင်းကို မှန်သည်ဖြစ်စေ၊ အထင်အားဖြင့်ဖြစ်စေပြောပြခြင်း၊ စဉ်းစားစွဲလမ်းနေခြင်း၌ အထူးနှစ်သက်ဖွယ်သောသူအများရှိကြသည်။ သူတို့သည် ဖြစ်မြောက်ခဲ့သော ကောင်းသောအမှုများကိုလည်းကောင်း၊ အမှုတော်ကိုစိတ်အားကြီးစွာဆောင်ရွက် ခြင်း၊ မတွန့်မဆုတ်ဘဲစွဲလမ်းခြင်းကြောင့် ရရှိသောအကျိုးကျေးဇူးကိုလည်း ကောင်း လျစ်လျူရှုထားကြပြီးလျှင် မှားသည်ဟုထင်ရသောအရာအချို့ကို ဂရုစိုက်ကြည့်နေကြလျက် ပြီးခဲ့သောအမှုကိစ္စအချို့တို့၌ အကျိုးဖြစ်ထွန်းခဲ့ရာ ၎င်းအမှုကိစ္စကိုသာ၍အကျိုးခံစားရအောင် သာ၍ကောင်းစွာပြုလုပ်နိုင်သည်ဟု ထင်မှတ်ကြသည်။ အမှန်မှာ၊ သူတို့အား ၎င်းအလုပ်ကိုပြုလုပ်ရန်ပေးထားခဲ့ လျှင် စိတ်ပျက်ခြင်းတွေ့ရသဖြင့် အလုပ်ကိုမလုပ်ဘဲနေရန်ပင် ငြင်းပယ် ကြလိမ့်မည်၊ (သို့မဟုတ်) ဘုရားသခင်စီမံတော်မူသည်အတိုင်း လုပ်ဆောင်ခဲ့ သောသူတို့ထက် သာ၍ဝီရိယကင်းမဲ့စွာ လုပ်ဆောင်ကြလိမ့်မည်။

သို့ရာတွင် ဩဇာမခံဘဲ ဤကဲ့သို့ပြောတတ်သောသူတို့သည် ကျောက်တုံး၏ကြမ်းသောနေရာ၌ တွယ်ကပ်နေသောရေညှိများကဲ့သို့ အလုပ် အကိုင်၏ သာ၍မနက်သက်ဖွယ်သော အကြောင်းအရာတို့အပေါ်၌ စွဲလမ်း အာရုံစိုက်နေကြလိမ့်မည်။ ဤလူများတို့သည် အခြားသူတို့၏ဆုံးရှုံးမှုများနှင့် အပြစ်များကို အမြဲတွေးတောနေခြင်းအားဖြင့် ဝိညာဉ်ရေး၌သိမ်ဖျင်းလာကြ၏။ သူတို့သည်အကျင့်အားဖြင့် ကောင်းမြတ်၍မြင့်မြတ်သောအပြုအမူများ၊ကိုယ်ကျိုး မရှာဘဲကြိုးစားမှုများ၊ မှန်ကန်သောရဲရင့်ခြင်းနှင့်ကိုယ်ကိုဆက်ကပ်ခြင်း အမှုများကို ဝေဖန်ပိုင်းခြားသိနားလည်နိုင်သောသတ္တိမရှိကြ။ သူတို့သည် မိမိတို့၏အသက်တာနှင့် မျှော်လင့်ချက်များတွင် သာ၍မြင့်မြတ်ကြီးမြင့်လာခြင်း မရှိကြ။ သူတို့၏အထင်အမြင်နှင့်အကြံအစည်များတွင် သူတို့သည် သာ၍ ရက်ရော၊ အမြင်ကျယ်လာခြင်းမရှိကြ။ သူတို့သည် ခရစ်ယာန်အသက်တာ ကို ထူးခြားစေရမည့်မေတ္တာကရုဏာကို မိမိတို့၌ဖြစ်ပေါ်မလာစေကြ။ သူတို့သည် နေ့တိုင်းယုတ်ညံ့လာကြ၍ သူတို့၏ငြူစူခြင်းသဘောများနှင့်အမြော် အမြင်များတွင် သာ၍အမြင်ကျဉ်းလာကြ၏။ သူတို့၏သဘောထားသည် သိပ်ဖျင်းခြင်းဖြစ်၍ သူတို့၏ပတ်ဝန်းကျင်သည် ငြိမ်သက်ခြင်းနှင့်ပျော်ရွှင်ခြင်း ကို အဆိပ်ဖြစ်စေ၏။[၇]

အဖွဲ့အစည်းတိုင်းသည် အခက်အခဲနှင့်တိုက်လှန်နေရကြမည်။ ဘုရားသခင့်လူများ၏စိတ်နှလုံးကိုစုံစမ်းစစ်ဆေးရန် စုံစမ်းခြင်းကိုအခွင့်ပေးတော်မူ၏။ ဒုက္ခဆင်းရဲခြင်းသည် ဘုရားသခင်၏ကိုယ်စားတော်တစ်စုံတစ်ယောက်အပေါ်၌ကျရောက်သောအခါ ဘုရားသခင်ကိုလည်းကောင်း၊ ဘုရားသခင်၏အမှုတော်၌လည်းကောင်း ကျွန်ုပ်တို့သည် တကယ်ပင် မည်မျှယုံကြည်ခြင်းရှိကြောင်း ထင်ရှားစေလိမ့်မည်။ ထိုကဲ့သို့သောအချိန်အခါ၌ မည်သူမျှတွေ့ကြုံရသောအမှုကိစ္စတို့ကို အဆိုးဆုံးသောအခြေအနေဟု သဘောမထားပါစေနှင့်၊ ၎င်းပြင် ယုံမှားသံသယဖြစ်ခြင်းကိုမဖော်ပြပါနှင့်။ တာဝန်ဝတ္တရားများကိုဆောင်ရွက်နေသောသူတို့ကို ဝေဖန်အပြစ်မတင်ပါနှင့်။ သင့်အိမ်ထောင်၌ပြောဆိုသောစကားများမှာ ထာဝရဘုရား၏အမှုတော်ဆောင်တို့

အကြောင်း အတင်းအဖျင်းပြောခြင်းဖြင့် အဆိပ်မဖြစ်ပါစေနှင့်။ ဤကဲ့သို့ အတင်းအဖျင်းပြောတတ်သောမိဘတို့သည် သားသမီးတို့ရှေ့၌ကယ်တင်ခြင်းကိုရရှိဖို့ လိမ္မာလာစေရန် ပြုပြင်ပေးသောအရာကို ယူဆောင်လာကြသည်မဟုတ်။ သူတို့၏စကားများသည် ကလေးများ၌သာမက အသက်အရွယ်ကြီးသောသူတို့၌ပင် ယုံကြည်ခြင်း၊ အားထားခြင်းသဘောများကို ရွှေ့လျော့ယိုယွင်းသွားစေလိမ့်မည်။[၈]

ကျွန်ုပ်တို့အဖွဲ့အစည်းများကို အုပ်ချုပ်သူမန်နေဂျာများတို့သည် မိမိတို့လက်အောက်ရှိလူငယ်များတို့အား နေရာတကျစည်းကမ်းစနစ်နှင့်အုပ်ချုပ်ရာတွင် များစွာအခက်အခဲနှင့်ကြုံတွေ့ရကြသည်။ အသင်းသားတို့သည် သူတို့၏လက်ကိုထောက်မထားခြင်းဖြင့် များစွာကူညီနိုင်ကြသည်။ လူငယ် တို့သည် အဖွဲ့အစည်း၏စည်းကမ်းဥပဒေကို လိုက်နာလိုသောစိတ်မရှိသောအခါ (သို့မဟုတ်) သူတို့၏အထက်လူကြီးများနှင့် သဘောကွဲလွဲသောကိစ္စတစ်စုံတစ်ခုတွင် မိမိတို့သဘောအတိုင်းပြုလုပ်ရန် ဆုံးဖြတ်ကြသောအခါ မိဘများသည် ဘာမျှမသိနားမလည်ဘဲ မိမိတို့၏သားသမီးတို့အားထောက်ခံလျက် စာနာသောသဘောတို့ကိုပြဖို့ မကြံစည်ကြပါနှင့်။

သမ္မာတရားဘက်၌ သစ္စာရှိ၍ လူအချင်းချင်းနှင့်ဘုရားသခင်အပေါ်၌ သစ္စာရှိခြင်း၏အခြေခံဖြစ်သောတရားများကို ပေါ့ဆစွာပြုမူစေရန် သင်တို့၏ သားသမီးများကိုသွန်သင်ပေးခြင်းထက် သူတို့အားဒုက္ခရောက်စေခြင်း၊ သင်္ချိုင်းတွင်း၌အိပ်နေစေခြင်းက သာ၍ကောင်း၏။[၉]

## ကိုယ်ကိုကိုယ်စစ်ဆေးဝေဖန်ခြင်းသာလျှင် လက်တွေ့အဖိုးတန်သောအရာဖြစ်၏

ခရစ်ယာန်ဟုခေါ်နေသောသူအပေါင်းတို့သည် အခြားသူတို့၏အမှားများအကြောင်းကိုပြောဆိုနေမည့်အစား မိမိတို့ကိုယ်တိုင်၏အမှားများကိုပြုပြင်ရန် ဝေဖန်စစ်ဆေးခြင်းသတ္တိတို့ကိုအသုံးပြုကြလျှင် ယနေ့အသင်းတော်တွင်

သာ၍ကျန်းမာကောင်းမွန်သောအခြေအနေ၌ရှိနေလိမ့်မည်။ ဘုရားသခင်သည် မိမိ၏ကျောက်မျက်ရတနာများကို ပြင်ဆင်တော်မူသောအခါ မှန်ကန်၊ ပွင့်လင်း၍ ဖြောင့်မှန်သောသူတို့ကိုနှစ်သက်သောလက္ခဏာနှင့်ကြည့်ရှုတော်မူမည်။ ထိုသို့သောသူတို့အဖို့ သရဖူများကိုပြုလုပ်ရာ၌ ကောင်းကင်တမန်များကို စေခိုင်းတော်မူပြီးလျှင် ကြယ်ကဲ့သို့သောရတနာဖြင့်ပြီးသော ဤသရဖူများ အပေါ်တွင် ဘုရားသခင်၏ပလ္လင်တော်အပေါ်မှအလင်းရောင်သည် ပြန်၍ပေါ်လာ လိမ့်မည်။

ထာဝရဘုရားသည် မိမိ၏လူများကိုစစ်ဆေးစုံစမ်းလျက်ရှိ၏။ သင်၏ချို့တဲ့သောအကျင့်အတွက် သင်သည် ပြင်းထန်စွာဝေဖန်စစ်ဆေးနိုင်၏။သို့သော် အခြားသူတို့အပေါ်၌ သင်သည်ကြင်နာ၊ သနား၍ ယဉ်ကျေးခြင်းရှိပါစေ။ ကျွန်ုပ်သည် စိတ်ကောင်း၊ နှလုံးကောင်းရှိပါသလော၊ (သို့မဟုတ်) မရိုးသား မမှန်ကန်သောစိတ်သဘောနှင့်ပြည့်ဝနေသလောဟု နေ့တိုင်းမေးမြန်းစုံစမ်းပါ။ ဤအချက်၌လှည့်စားခြင်းအပေါင်းနှင့်ကင်းလွတ်စေရန် ထာဝရဘုရားကို တောင်းပန်လော့။ ထာဝရအကျိုးကျေးဇူးများနှင့်သက်ဆိုင်၏။ အများသော သူတို့သည် လောကီဂုဏ်အသရေကိုလိုချင်တပ်မက်၍ လောကီအမြတ်အစွန်း တို့ကိုမက်မောနေကြစဉ် ချစ်သောညီအစ်ကိုတို့၊ သင်တို့သည် ဘုရားသခင်၏ မေတ္တာတော်ကိုအမှန်ရရှိရန် စိတ်အားကြီးစွာရှာဖွေနေကြလျက် ကျွန်ုပ်အား ဖိတ်ခေါ်ခြင်းနှင့်ရွေးကောက်ခြင်းကို အမှန်သိရှိရန် မည်သူသည် ကျွန်ုပ်ကို ညွှန်ပြမည်နည်းဟု ကြွေးကြော်နေပါသလော။

စာတန်မာရ်နတ်သည် လူအသီးသီးတို့၏ကျူးလွန်ခြင်းအပြစ်များကို သေချာစွာလေ့လာနေပြီးနောက် သူတို့အားသွေးဆောင်ဖြားယောင်းခြင်းအမှုကို အစပြုလုပ်ကိုင်လေသည်။ ကျွန်ုပ်တို့သည် အပြင်းထန်ဆုံးသောစုံစမ်းခြင်းကို ခံနေရသော်လည်း ကျွန်ုပ်တို့သည် ထာဝရဘုရား၏စစ်ပွဲများကို ယောကျ်ားပီသစွာတိုက်လှန်ကြလျှင် အောင်မြင်ခြင်းရရှိကြလိမ့်မည်။ လူအပေါင်းတို့သည် ဘေးဒုက္ခနှင့်ရင်ဆိုင်နေရကြသည်။ သို့ရာတွင် သင်သည် နှိမ့်ချခြင်းနှင့်လည်းကောင်း၊ ဆုတောင်းခြင်းနှင့်လည်းကောင်း ကျင့်ကြံပြုမူလျှင် သင်သည်

**စုံစမ်းစစ်ဆေးခြင်းအမှုထဲမှရွှေစင်၊ ဩဖိရရွှေစင်ထက်ပင်သာ၍အဖိုးထိုက်တန်သကဲ့သို့ဖြစ်လာလိမ့်မည်။ သင်သည် သတိမပြု၊ ဆုမတောင်းဘဲနေလျှင် သင်သည် အသံမြည်သောတံပိုးခရာကဲ့သို့လည်းကောင်း၊ တီးသံကိုသာပေးတတ်သောလင်းကွင်းကဲ့သို့လည်းကောင်း ဖြစ်လိမ့်မည်။**[၁၀]

(1) 2T, 186, 187; (2) 5T, 58,59; (3) 8T, 83,84; (4) 8T, 191; (5) 5T, 56,57; (6) 5T, 94-96; (7) 4T, 195,196; (8) 7T, 183; (9) 7T, 185,186; (10) 5T, 96-98.

---o---

# အခန်း (၄၃)
# အဝတ်အထည်နှင့်ပတ်သက်သောအကြံဉာဏ်

အခြားသောအရာခပ်သိမ်းမှာကဲ့သို့ပင် အဝတ်အထည်၌လည်း ကျွန်ုပ်တို့သည် မိမိတို့၏ဖန်ဆင်းရှင်၏ဂုဏ်တော်ကိုထင်ရှားအောင် ပြုလုပ်ဖို့အခွင့်အရေးရရှိကြပါသည်။ ကျွန်ုပ်တို့၏အဝတ်အထည်များကို သေသပ်သန့်ရှင်း၍ ကျန်းမာခြင်းနှင့်ညီညွတ်စေခြင်းငှာသာမက သင့်လျော်လျောက်ပတ်စေခြင်းငှာ ဘုရားသခင်ကအလိုရှိတော်မူ၏။

ကျွန်ုပ်တို့၏အသွင်အပြင်သည် အကောင်းဆုံးလက္ခဏာ၌ရှိစေရန် ကျွန်ုပ်တို့သည် ကြိုးစားရကြမည်။ တဲတော်၌ဘုရားသခင်အားဝတ်ပြုကိုးကွယ်ရာ၌ ဘုရားသခင်၏ရှေ့တော်၌ အမှုဆောင်ရွက်ကြသော သူတို့၏ဝတ်ရုံများအကြောင်းနှင့်ပတ်သက်၍ ဘုရားသခင်ကအရာခပ်သိမ်းတွင် သေချာစွာအမိန့်ပေးထားတော်မူ၏။ ထိုနည်းအားဖြင့် ဘုရားသခင်ကိုဝတ်ပြုကိုးကွယ်သောသူတို့၏အဝတ်အထည်များနှင့်စပ်ဆိုင်၍ မိမိနှစ်သက်ဖွယ်ဖြစ်သောအရာတို့ကို ဖော်ပြထားကြောင်း ကျွန်ုပ်တို့သင်ကြားရကြသည်။ အာရုန်၏ဝတ်ရုံနှင့်ပတ်သက် ၍ အလွန်ထူးခြားသေချာစွာစီမံညွှန်ကြားထားတော်မူ၏။ အကြောင်းကား၊သူ၏အဝတ်သည် ပုံပမာဖြစ်၏။ ထို့အတူသခင်ခရစ်တော်၏တပည့်များ ဝတ်ဆင်သောအဝတ်သည် ပုံပမာဖြစ်ရမည်။ ကျွန်ုပ်တို့သည် အရာခပ်သိမ်းတွင် ဘုရားသခင်၏ကိုယ်စားတော်များဖြစ်ရကြမည်။ ကျွန်ုပ်တို့၏အသွင်အပြင်သည် အရာရာတွင်သေသပ်၊ သန့်ရှင်း၍ ဣန္ဒြေရှိခြင်းဖြင့် ထူးခြားရမည်။

သဘာဝ၏အရာများဖြစ်သောပန်းများ၊ တောနှင်းပန်းများအားဖြင့် ကောင်းကင်ဘုံရှင်သည် လှပတင့်တယ်ခြင်းကိုတန်ဖိုးထားကြောင်း သခင်ခရစ်တော်ကပုံပမာပြတော်မူ၏။ ဣန္ဒြေရှိသော ယဉ်ကျေးခြင်း၊ ရိုးသားခြင်း၊ သန့်ရှင်းခြင်း၊ သင့်လျော်ခြင်းအားဖြင့် ကျွန်ုပ်တို့၏အဝတ်တန်ဆာများကို ဘုရားသခင်နှစ်သက်တော်မူဖွယ်ဖြစ်စေရမည်။

## အဝတ်အထည်တွင်လိုက်နာအပ်သောအခြေခံတရားများ

လူတစ်ယောက်အပေါ်၌ အဝတ်အထည်ဆင်ယင်ထားပုံသည် အများအားဖြင့် ယောကျ်ား၊ မိန်းမတို့၏သဘောကို ထင်ရှားစေသောအညွှန်းဖြစ်သည်။

ကျွန်ုပ်တို့သည် လူတစ်ယောက်၏အကျင့်စာရိတ္တကို ဝတ်ဆင်ထားသော အဝတ်အထည်၏အနေအထားအားဖြင့် ဝေဖန်ပိုင်းခြားတတ်ကြသည်။ ကျေနွေရှိ၍ ဘုရားသခင်ကိုကြည်ညိုသောမိန်းမသည် ကျေနွေရှိစွာဝတ်စားဆင်ယင်တတ်သည်။ ယဉ်ကျေးသိမ်မွေ့သောသဘောရှိ၍ ကောင်းမွန်အောင်ပြုပြင်ထားသောစိတ်နှလုံးရှိတတ်ခြင်းကို ရိုးသား၍သင့်လျော်သောအဝတ်အထည်ကိုရွေးချယ်ခြင်းအားဖြင့် ထင်ရှားစေ၏။ မှန်သောမိန်းမသည် အကျင့်၏တန်ဖိုးအားဖြင့် ထူးခြားစွာသိရှိရသည်ကိုသိနားလည်ကြောင်း၊အဝတ် တန်ဆာ၌လည်းကောင်း၊ အပြုအမူအနေအထိုင်၌လည်းကောင်း ရိုးသား၍ ဟန်မဆောင်တတ်သောသူသည်ဖော်ပြ၏။ အဝတ်တန်ဆာတွင်ရိုးသားခြင်း သည် မည်မျှနှစ်သက်ဖွယ်၊ မည်မျှစိတ်ဝင်စားဖွယ်ဖြစ်သနည်း။ ၎င်း၏တင့်တယ် ယဉ်ကျေးခြင်းတွင် ထိုသို့သောအဝတ်တန်ဆာတို့ကို ယာခင်းထဲရှိပန်းပင်များနှင့် နှိုင်းယှဉ်နိုင်ပေသည်။

ကျွန်ုပ်တို့၏လူများသည် ဘုရားသခင့်ရှေ့တော်၌ သတိနှင့်လည်းကောင်း၊ ရှေ့နောက်မြော်မြင်ခြင်းနှင့်လည်းကောင်း သွားလာဖို့ရန် ကျွန်ုပ်တောင်းပန်ပါသည်။ အဝတ်တန်ဆာတို့တွင် ထုံးစံဓလေ့ကိုလိုက်စားရာတွင် ကျန်းမာရေးစည်းကမ်းများနှင့်ညီညွတ်ပါစေ။ ကျွန်ုပ်တို့၏ညီအစ်မသည် အများပြုသကဲ့သို့ရိုးရိုးကလေးဝတ်ဆင်လျက်၊ အဝတ်တန်ဆာတို့မှာ ကောင်းသောအမျိုးဖြစ်လျက်ခိုင်ခံ့ပြီးလျှင် အသက်အရွယ်နှင့်သင့်လျော်ပါစေ။ ၎င်းပြင်စိတ်ထဲ၌ အဝတ်တန်ဆာနှင့်ဆိုင်သောပြဿနာကိုသာ အမြဲတွေးမနေပါနှင့်။ ကျွန်ုပ်တို့၏ညီအစ်မများတို့သည် အဝတ်များကိုရိုးရိုးပြင်ဆင်ချုပ်လုပ်ရမည်။ သူတို့သည် ကျေနွေရှိသောအဝတ်တန်ဆာကိုဆင်ယင်လျက် အရှက်အကြောက်နှင့်လည်းကောင်း၊ ကျေနွေနှင့်လည်းကောင်း ပြည့်စုံကြရမည်။ အတွင်း၌

ဘုရားသခင်၏ကျေးဇူးတော်ကိုဆင်ယင်ထားကြောင်း လောကအားအသက်ရှင်နေသောပုံသက်သေကိုပြကြပါ။

လောကသည် ဣန္ဒြေရ၍ သက်သက်သာသာရှိလျက် ကျန်းမာ ခြင်းကိုဖြစ်စေပြီး ကျမ်းစာတော်မြတ်နှင့်ညီညွတ်သောအဝတ်တန်ဆာမျိုးကို တီထွင်လာလျှင် ၎င်းကိုအသုံးပြုခြင်းအားဖြင့် ကျွန်ုပ်တို့သည် ဘုရားသခင်နှင့်လည်းကောင်း၊ လောကနှင့်လည်းကောင်း ဆက်သွယ်မှုကိုပြောင်းလဲစေ လိမ့်မည်မဟုတ်။ ခရစ်ယာန်တို့သည် သခင်ခရစ်တော်၏ပုံသက်သေကိုလိုက်၍ မိမိတို့၏အဝတ်တန်ဆာကို ဘုရားသခင်၏နှုတ်ကပတ်တော်နှင့်ညီညွတ်စေ ရမည်။ သူတို့သည် အလွန်အမင်းလောကီဆန်ခြင်းကိုရှောင်ကြဉ်ရမည်။ လူများချီးမွမ်းသည်ဖြစ်စေ၊ ကဲ့ရဲ့ပြစ်တင်သည်ဖြစ်စေ သူတို့သည် မှန်ကန် သောနည်းလမ်းကိုလိုက်နာရကြမည်။ ၎င်းပြင် မှန်သောအမှုသည် အကျိုး ပေးသောကြောင့် မှန်သောအရာကိုစွဲလမ်းလိုက်နာရမည်။

အဝတ်တန်ဆာတွင် မသင့်လျော်သောခေတ်ဖက်ရှင်အားလုံးကို လိုက်နာရန်ကြိုးစားခြင်းဖြင့် အချိန်မဖြုန်းပါနှင့်။ သေသပ်၊ တင့်တယ်စွာ ဝတ်ဆင်ပါ။ သို့ရာတွင် အလွန်အကျူးလှပခေတ်ဆန်အောင်ဝတ်ခြင်း၊ မသေသပ်၊ ပွရောင်းရောင်းဝတ်ဆင်ခြင်းဖြင့် လူအများကဲ့ရဲ့စရာဖြစ်အောင် သင့်ကိုယ်ကို မပြင်ဆင်ပါနှင့်။ ကောင်းကင်ဘုံရှင်သည် သင့်ကိုအမြဲကြည့်ရှုနေ သည်ကိုလည်းကောင်း၊ သင်သည် ဘုရားသခင်နှစ်သက်ခြင်း၊ နှစ်သက်တော်မမူခြင်းခံရမည် ကိုလည်းကောင်း သင်သိရှိလျက် အမြဲပြုမူဝတ်ဆင်ပါ။၂

## ကျမ်းစာကသွန်သင်ချက်

အဝတ်တန်ဆာ၌စွဲလမ်းမက်မောနေကြကြောင်း သခင်ခရစ်တော်က သိမြင်သတိထားမိတော်မူသဖြင့် ကိုယ်တော်က မိမိတပည့်တော်တို့အား ၎င်းအဝတ်တန်ဆာအကြောင်းကို လွန်မင်းစွာမတွေးတောရမည်အကြောင်း သတိပေးအမိန့်ပေးတော်မူ၏။ "အဝတ်အဖို့၌ အဘယ်ကြောင့်စိုးရိမ်ရသနည်း။

တောနှင်းပင်တို့သည် အဘယ်သို့သောအားဖြင့်ကြီးပွားသည်ကို ဆင်ခြင်အောက်မေ့ကြလော့။ ထိုအပင်တို့သည် အလုပ်လည်းမလုပ်၊ ချည်ဖြစ်စေခြင်းငှာမငင်မဝင့်။ သို့သော်လည်း ဘုန်းကြီးသောရှောလမုန်မင်းကြီး၏အဝတ်သည် ထိုအပင်တစ်ပင်မျှ၏အဝတ်ကိုမမီဟုငါဆို၏။" အဝတ်အထည်၌ကြွားဝါခြင်း၊ အလွန်အမင်းဖြုန်းတီးခြင်းသည် မိန်းမများပြုတတ်သောအပြစ်များဖြစ်၏။ ထိုကြောင့် ဤသွန်သင်ဆုံးမစကားတို့သည် အထူးသဖြင့် မိန်းမတို့နှင့်တိုက်ရိုက်သက်ဆိုင်ပေသည်။ ရွှေ၊ ငွေ၊ ပုလဲ (သို့မဟုတ်) အဖိုးများစွာ ပေးရသောအဝတ်တန်ဆာတို့ကို သခင်ခရစ်တော်၏နူးညံ့သိမ်မွေ့ခြင်း၊နှစ်သက် ဖွယ်ဖြစ်ခြင်းတို့နှင့်နှိုင်းစာသောအခါ ၎င်းတို့သည် မည်မျှတန်ဖိုးနည်းသွား ကြပြီနည်း။

ကျွန်ုပ်အား အောက်ပါကျမ်းချက်များကိုညွှန်ပြထားပါသည်။ ကောင်းကင်တမန်က ၎င်းတို့မှာ ဘုရားသခင်၏လူများအားသွန်သင်ဆုံးမဖို့ဖြစ်သည်ဟုပြောဆို၏။ "ထိုနည်းတူ၊ မိန်းမတို့သည် ကျစ်သောဆံပင်၊ ရွှေတန်ဆာ၊ ကျောက်ပုလဲ၊ အဖိုးထိုက်သောအဝတ်နှင့်ကိုယ်ကိုမဆင်ဘဲရှက်ကြောက်ခြင်း၊ ဣန္ဒြေစောင့်ခြင်းအားဖြင့် လျောက်ပတ်သောအဝတ်နှင့်လည်းကောင်း၊ ဘုရားသခင်အားရိုသေလေးမြတ်ခြင်းကို ဝန်ခံပြုစုသောမိန်းမဆင်သင့်သည်အတိုင်း ကောင်းသောအကျင့်နှင့်လည်းကောင်း ကိုယ်ကိုတန်ဆာဆင်ခြင်းငှာ ငါအလိုရှိ၏" ၁တိ ၂း၉၊၁၀။

"သင်တို့၌တန်ဆာဆင်ခြင်းမူကား ဆံပင်ကျစ်ခြင်း၊ ရွှေဆင်ခြင်း၊ အဝတ်ဝတ်ခြင်းတည်းဟူသော အပြင်တန်ဆာဆင်ခြင်းမဖြစ်စေဘဲ ဘုရားသခင့်ရှေ့မှာ အဖိုးများစွာထိုက်သော နူးညံ့ငြိမ်သက်ခြင်းသဘောတည်းဟူသော မဖောက်ပြန်မပျက်စီးတတ်သောတန်ဆာဆင်ခြင်းရှိသော စိတ်နှလုံး၏အတွင်းလူဖြစ်စေကြလော့။ ဘုရားသခင်ကိုကိုးစား၍ သန့်ရှင်းသောမိန်းမတို့သည် ရှေးကထိုသို့ကိုယ်ကိုတန်ဆာဆင်လျက်" ၁ပေ ၃း၃–၅။

ဤဆုံးမစကားများသည် အလွန်ရှေးဆန်၍ ဂရုစိုက်ဖို့မသင့်ဟု အများတို့ကထင်မှတ်ကြသည်။ သို့သော် မိမိ၏တပည့်တော်တို့အား ဤသွန်သင်

ချက်တို့ကိုပေးတော်မူသောအရှင်သည် ကျွန်ုပ်တို့၏ခေတ်ကာလ၌ အဝတ်တန်ဆာကိုမက်မောခြင်းဖြင့် ဘေးရောက်မည်ကိုသိရှိနားလည်တော်မူသဖြင့် ကျွန်ုပ်တို့အားသတိပေးစကားကို ဖော်ပြထားတော်မူ၏။ ကျွန်ုပ်တို့သည် သတိပေးစကားကိုလိုက်နာကြလျက် သတိပညာရှိကြပါမည်လော။

သခင်ခရစ်တော်နောက်တော်သို့ မှန်ကန်စွာလိုက်လိုသောသူတို့သည် မိမိတို့ဆင်ယင်သောအဝတ်နှင့်သက်ဆိုင်၍ ကောင်းစွာသိနားလည်လျက် မကျူးလွန်ရအောင်သတိပြုကြလိမ့်မည်။ ၁ပေ ၃း၃–၅ တွင် ထာဝရဘုရားက ထင်ရှားစွာဖော်ပြထားသော ဤဆုံးမစကားကိုလိုက်နာရန် ကြိုးစားကြလိမ့်မည်။[၃]

အဝတ်တန်ဆာ၌ ကိုယ်ကိုငြင်းပယ်ခြင်းသည် ကျွန်ုပ်တို့၏ခရစ်ယာန်တာဝန်ဖြစ်၏။ ရွှေတန်ဆာ၊ ကျောက်မျက်ရတနာကိုမဆင်မြန်းဘဲ ရိုးရိုးဝတ်ဆင်ခြင်းသည် ကျွန်ုပ်တို့၏ယုံကြည်ခြင်းတရားနှင့်ညီညွတ်၏။[၄]

ဥပုသ်နေ့တွင်ဝတ်ပြုကိုးကွယ်ရာ၌ စည်းဝေးတွင် မည်ကဲ့သို့ဆင်ယင်ရမည်အကြောင်း အများသောသူတို့ကိုသွန်သင်ပေးဖို့လိုသေးသည်။ ရက်သတ္တပတ်အတွင်းဝတ်ဆင်သောရိုးရိုးအဝတ်တန်ဆာနှင့် သူတို့သည် ဘုရားသခင်၏ရှေ့တော်သို့မဝင်လာရ။ အားလုံးတို့သည် ဘုရားသခင်၏အိမ်တော်၌ ဝတ်ပြုကိုးကွယ်သောအခါ ဝတ်ဆင်ရန်ဥပုသ်နေ့အဝတ်ကို သီးသန့်ထားရမည်။ ကျွန်ုပ်တို့သည် လောကီဖက်ရှင်ကိုမလိုက်စားအပ်သော်လည်း ကျွန်ုပ်တို့သည် အသွင်အပြင်အားဖြင့် အဝတ်တန်ဆာတွင် ဂရုမစိုက်အမှုမထားဘဲမနေအပ်။ လက်ဝတ်တန်ဆာဆင်မြန်းခြင်းမပြုရသော်လည်း ကျွန်ုပ်တို့သည်သေသပ်၍ သင့်လျော်စွာပြင်ဆင်ရကြမည်။ ဘုရားသခင်၏သားသမီးတို့သည် အတွင်း၊ အပြင်နှစ်ခုစလုံး၌ သန့်ရှင်းဖြူစင်ရမည်။[၁]

အထူးသဖြင့် သင်းအုပ်ဆရာ၏ဇနီးတို့သည် အဝတ်တန်ဆာနှင့်သက်ဆိုင်၍ ကျမ်းစာ၏သွန်သင်ချက်များမှလွဲမသွားစေရန် သတိပြုရမည်။ ဤဆုံးမစကားများသည် အလွန်ရှေးဆန်၍ ဂရုစိုက်ဖို့မသင့်ဟု အများတို့က ထင်မှတ်ကြသည်။ သို့သော် မိမိ၏တပည့်တော်တို့အား ဤသွန်သင်ချက်

တို့ကိုပေးတော်မူသောအရှင်သည် ကျွန်ုပ်တို့၏ခေတ်ကာလ၌ အဝတ်တန်ဆာကိုမက်မောခြင်းဖြင့် ဘေးရောက်မည်ကိုသိရှိနားလည်တော်မူသဖြင့် ကျွန်ုပ်တို့အား သတိပေးစကားကိုဖော်ပြထားတော်မူ၏။ ကျွန်ုပ်တို့သည် သတိပေးစကားကိုလိုက်နာကြလျက် သတိပညာရှိကြပါမည်လော၊ အဝတ်တန်ဆာ၌ အလွန်ခေတ်ဆန်ခြင်းအမှုသည် ဆက်လက်တိုးပွားလျက်ရှိ၏။ ယခုတိုင်မဆုံးသေးပါ။ ဖက်ရှင်သည် အမြဲပြောင်းလဲနေ၍ ကျွန်ုပ်တို့၏ညီအစ်မများတို့သည် အချိန်နှင့်ငွေကုန်ကျမှုကိုဂရုမစိုက်ဘဲ ခေတ်အလိုက်ပေါ်လာသောဖက်ရှင်ကိုလိုက်စားတတ်ကြသည်။ မိမိတို့အားပေးတော်မူသောဘုရားသခင်ကို ပြန်၍ပေးလှူသင့်သောအခါ အဝတ်တန်ဆာအတွက် ငွေအမြောက်အမြားအကုန်ခံနေကြသည်။[၆]

## ဝတ်ဆင်ပုံ၏ဩဇာညောင်းမှု

အဝတ်တန်ဆာ၌မက်မောခြင်းသည် အကျင့်စာရိတ္တကိုပျက်စေ၍ ဣန္ဒြေစောင့်ခြင်း၊ စိတ်သဘောတည်ငြိမ်ခြင်းအားဖြင့် ထူးခြားသောခရစ်ယာန်အမျိုးသမီးနှင့်ဆန့်ကျင်ဘက်ဖြစ်စေ၏။ အဝတ်တွင်ပြစား၍ အလွန်အကြူးခေတ်ဆန်ခြင်းသည် မကြာခဏဝတ်ဆင်သူ၏စိတ်ထဲ၌ တပ်မက်ခြင်းကိုအားပေး၍ မြင်ရသောသူတို့၏စိတ်ထဲ၌ ဆိုးယုတ်သောကာမဂုဏ်စိတ်ကိုထကြွလာစေတတ်၏။ အဝတ်တန်ဆာ၌ကြွားဝါခြင်း၊ စိတ်နေမြင့်မားခြင်းသည် အကျင့်စာရိတ္တပျက်စီးခြင်းဖြစ်စေတတ်သည်ကို ဘုရားသခင်သည် သိမြင်တော်မူ၏။ အဖိုးတန်သောအဝတ်တန်ဆာသည် ကောင်းသောအမှုကိုပြုလိုသောဆန္ဒကို တားဆီးပိတ်ပင်သည်ကို ဘုရားသခင်သည် သိမြင်တော်မူ၏။[၇]

ကျွန်ုပ်၏ပျို့ရွယ်သောညီမများအား ရိုးရိုးနှင့်ဟန်မဆောင်သောအဝတ်ကိုဆင်ယင်ဖို့ ကျွန်ုပ်ထောက်ခံပါသည်။ သင်၏အဝတ်တန်ဆာနှင့်အပြုအမူတို့တွင် ရိုးသားခြင်းမှလွဲ၍ အခြားမည်သည့်နည်းနှင့်မျှ သင်၏အလင်းကို အခြားသူတို့အပေါ်၌မထွန်းတောက်ပါစေနှင့်။ ထာဝရအရာဝတ္ထုများနှင့်နှိုင်းယှဉ်လျက်

ဤဘဝ၏အရာဝတ္ထုများအပေါ်၌ သင်သည် သင့်လျော်စွာတန်ဖိုးထားကြောင်း လူအပေါင်းတို့အားဖော်ပြနိုင်သည်။[၇]

မယုံကြည်သောသူတို့အပေါ်၌ သြဇာညောင်းမည်အကြောင်း၊ အများသောသူတို့သည် လောကီသားများကဲ့သို့ဝတ်ဆင်တတ်ကြသည်။ သို့ရာတွင် ဤနေရာ၌သူတို့သည် ဝမ်းနည်းဖွယ်အမှားကိုပြုနေကြသည်။ သူတို့၌မှန်ကန် ၍ ကယ်တင်လိုသောသြဇာညောင်းမှုရှိလိုပါက မိမိတို့၏ဝန်ခံပြောဆိုနေသည် အတိုင်း နေထိုင်ပြုမူလျက် မိမိတို့၏ဖြောင့်မတ်သောအကျင့်အားဖြင့် မိမိတို့၏ ယုံကြည်ခြင်းတရားကိုပြပြီးလျှင် ခရစ်ယာန်နှင့်လောကီသားတို့စပ်ကြားတွင် ခြားနားခြင်းရှိကြောင်း ထင်ရှားစွာဖော်ပြပါစေ။ အပြောအဆို၊ ဝတ်ဆင်ပုံ၊ အပြုအမူ၊ အနေအထိုင်တို့အားဖြင့် ဘုရားသခင်၏အကြောင်းကိုပြောပြရကြမည်။ ထိုအခါ ကျွန်ုပ်တို့၏ပတ်ဝန်းကျင်၌ရှိသောအရာအပေါင်းတို့တွင် သန့်ရှင်းသောသြဇာညောင်းမှုကို သက်ရောက်စေလိမ့်မည်။ ၎င်းပြင် မယုံကြည်သောသူတို့ကပင် သူတို့သည် သခင်ယေရှုနှင့်အတူရှိနေကြပြီဖြစ်ကြောင်းကို သိရှိနားလည်လာကြလိမ့်မည်။ သမ္မာတရားဘက်၌ မိမိတို့သည် သြဇာညောင်းမှုကိုအလိုရှိကြလျှင် မိမိတို့၏ဝန်ခံပြောဆိုသည့်အတိုင်းနေထိုင်လျက် ထိုနည်းအားဖြင့် နှိမ့်ချစွာပုံသက်သေပြတော်မူသော အရှင်၏နည်းနာကို လိုက်နာပါ။[၈]

ကျွန်ုပ်၏ညီမများ၊ ဆိုးသောအကျင့်၏လက္ခဏာများကိုပင်ရှောင်ကြဉ်ပါ။ ဤလျင်မြန်သောခေတ်ကာလကြီးတွင် ပျက်စီးခြင်းအငွေ့အသက်များ ဖုံးအုပ်နေစဉ် သင်သည် သင့်ကိုယ်ကိုကာကွယ်စောင့်ရှောက်ထားခြင်းမပြုလျှင် ဘေးမကင်းပေ။ အကျင့်သီလနှင့်ဣန္ဒြေရှိခြင်းအမှုသည်အလွန့်အလွန်တွေ့ခဲသော အရာဖြစ်၏။ မြင့်မြတ်သောခံဝန်ချက်ကိုပြုလျက် သခင်ခရစ်တော် ၏တပည့်များဖြစ်ကြသည်အလျောက် သင်တို့သည် အဖိုးများစွာထိုက်တန် သော ဣန္ဒြေ စောင့်စည်းခြင်းအမှုကို ကျင့်ဆောင်မည်အကြောင်း ကျွန်ုပ်တောင်းပန်နှိုးဆော်ပါသည်။ ဤအရာသည် သင်၏အကျင့်သီလကို စောင့်ထိန်းပေးလိမ့်မည်။

ဣန္ဒြေရှိသောအမူအရာ၊ အသွင်အပြင်နှင့်တကွ အဝတ်တန်ဆာတွင် ဣန္ဒြေရှိသောရိုးသားမှုရှိခြင်းဖြင့် မိန်းမပျို၏ပတ်ဝန်းကျင်တွင် သန့်ရှင်းကြည်ညို ဖွယ်လက္ခဏာကိုမြင်၍ ၎င်းအခြေအနေကပင်လျှင် သူမအား ထောင်ပေါင်း များစွာသောဘေးဥပဒ်များမှ ကာကွယ်ထားလိမ့်မည်။[၁၀]

အဝတ်တန်ဆာတွင် ရိုးသားခြင်းအားဖြင့် သိမြင်တတ်သောမိန်းမ သည် အကောင်းဆုံးအခွင့်အရေးကိုရရှိသည်ဟုထင်ရ၏။

ခရစ်ယာန်များဆင်ယင်သင့်သည်အတိုင်း ဝတ်ဆင်ပါ။ ဘုရားဝတ် ၌မွေ့လျော်၍ ကောင်းသောအကျင့်များနှင့်ပြည့်စုံသည်ဟု ဆိုသောမိန်းမများ နှင့်သင့်လျော်သည်အတိုင်း သင်တို့ကိုယ်ကိုရိုးရိုးသားသားဝတ်ဆင်ပါ။

မမှန်သောဖက်ရှင်ကိုလိုက်စားနေသောသူအများတို့သည် သဘာဝ ရိုးသားမှုကို နှစ်သက်ခြင်းမရှိကြဘဲ အတုဖြစ်သောအရာကိုမက်မောနေကြ သည်။ သူတို့သည် အချိန်နှင့်ငွေကိုလည်းကောင်း၊ ဉာဏ်စွမ်းကိုလည်းကောင်း၊ ဝိညာဉ်၏မှန်သောမြင့်မြတ်ခြင်းကိုလည်းကောင်း စွန့်လွှတ်ကြလျက် ခေတ်ဆန် သောဖက်ရှင်ကို လုံးလုံးလိုက်စားနေကြ၏။

ပျိုရွယ်သောသူတို့၊ ခေတ်ဖက်ရှင်အလိုက်ဝတ်ဆင်လိုသောသဘော၊ ဇာနှင့်ရွှေတန်ဆာ၊ အတုဖြစ်သောအရာများကို ဆင်ယင်လိုသောသဘောသည် အခြားသူတို့အား သင်၏ဘာသာတရား (သို့မဟုတ်) သင်ဝန်ခံပြောဆိုနေ သော သမ္မာတရားကို ထောက်ခံအားပေးလိမ့်မည်မဟုတ်။ ဝေဖန်ပိုင်းခြား တတ်သောသူတို့က အပြင်အပအားဖြင့် သင့်ကိုယ်ကိုလှပအောင်ပြုပြင် ဆင်ယင် ရန် ကြံစည်မှုများကို အားနည်းသောစိတ်သဘောနှင့် ကြွားဝါသော စိတ်နှလုံး ၏လက္ခဏာသက်သေကဲ့သို့ မှတ်ယူကြလိမ့်မည်။[၁၁]

ကလေးသူငယ်နှင့်ပျိုရွယ်သူတိုင်း အပြစ်ကင်းစင်စွာနှင့်ရရှိနိုင်သော အဝတ်တစ်မျိုးရှိသည်။ ၎င်းသည် သန့်ရှင်းသူတို့၏ဖြောင့်မတ်ခြင်းဖြစ်သည်။ လောကီအဖွဲ့အစည်းများ၏စံနမူနာအတိုင်း မိမိတို့၏အဝတ်များကို ပြုပြင် ဝတ်ဆင်ရာ၌ စိတ်ပါ၊ ကြိုးစားသလောက် ဤဝတ်ရုံကိုရရှိရန် စိတ်ပါစွာ ကြိုးစားကြလျှင် မကြာမီသူသည် သခင်ခရစ်တော်၏ဖြောင့်မတ်ခြင်းဝတ်ရုံကို

ဝတ်ဆင်ရလျက် သူတို့၏နာမည်များကို အသက်စာစောင်ထဲမှပယ်ရှားပစ် လိမ့်မည်မဟုတ်။ "အိုဘုရားသခင်၊ အကျွန်ုပ်အထဲ၌စင်ကြယ်သောနှလုံးကို ဖန်ဆင်းတော်မူပါ။ မြဲမြံတည်ကြည်သောသဘောကို အသစ်ပြုပြင်တော်မူပါ" ဟု မိခင်များနှင့်တကွ ပျို့ရွယ်သူတို့နှင့်ကလေးသူငယ်တို့သည် ဆုတောင်းဖို့ လိုပေသည်။ (ဆာလံ ၅၁း၁၀)။ ဤကဲ့သို့စိတ်နှလုံးဖြူစင်ခြင်းနှင့်နှစ်သက် ဖွယ်သောသဘောတို့သည် ယခုဘဝ၊ နောင်ဘဝနှစ်ခုစလုံးအတွက် ရွှေထက် သာ၍အဖိုးထိုက်တန်ပေသည်။ စိတ်နှလုံးဖြူစင်သောသူတို့သာလျှင် ဘုရား သခင်ကိုဖူးမြင်ရကြလိမ့်မည်။[၁၂]

(1) CG, 413; (2) CG, 413-415; (3) CG, 415,416; (4) 3T, 366; (5) 6T, 335; (6) 4T, 630,631; (7) 4T, 645; (8) 3T, 376; (9) 4T, 633,634; (10) CG, 417; (11) CG, 421; (12) CG, 417,418.

---o---

# အခန်း (၄၄)
# ပျိုရွယ်သူတို့အားနှိုးဆော်ခြင်း

ပျိုရွယ်သောမိတ်ဆွေများတို့၊ သင်စိုက်ပျိုးသောအရာကို သင်သည် ရိတ်ရလိမ့်မည်။ ယခုအချိန်သည် သင့်အဖို့စိုက်ပျိုးရန်အချိန်ဖြစ်သည်။ အဘယ် အရာကိုရိတ်သိမ်းရမည်နည်း။ သင်သည် အဘယ်အရာကိုစိုက်ပျိုးသနည်း၊ သင်ပြောဆိုသောစကားရှိသမျှ၊ သင်ပြုလုပ်သောအပြုအမူမှန်သမျှသည်အကောင်း အဆိုးကိုသီးစေမည့်မျိုးစေ့ဖြစ်၍ စိုက်ပျိုးသူအဖို့ဝမ်းမြောက်ခြင်း၊ ဝမ်းနည်းခြင်း ကိုဖြစ်စေလိမ့်မည်။ မျိုးစေ့ကြဲသည်အတိုင်း အသီးအနှံကိုရိတ်ရလိမ့်မည်။ ဘုရားသခင်သည် သင့်အားကြီးစွာသောအလင်းနှင့် များစွာသောအခွင့်အရေး တို့ကို ပေးထားတော်မူပြီ။ အလင်းကိုပေးခဲ့ပြီးနောက်၊ သင့်ဘေးဥပဒ်များကို သင့်ရှေ့၌ဖော်ပြပြီးနောက် တာဝန်သည် သင့်တာဝန်ဖြစ်လာ၏။ ဘုရားသခင်က သင့်အားပေးတော်မူသောအလင်းကို သင်ပြုမူသည်နည်းအတိုင်း သင်သည် ဝမ်းမြောက်ခြင်း (သို့မဟုတ်) အမင်္ဂလာအတွက် သင်သည် ချိန်ခွင်လျှာကို ပြုပြင်ပေးရလိမ့်မည်။ သင်သည် သင့်ကိုယ်တိုင်အတွက် သင်၏ကံကြမ္မာကို စီမံဖန်တီးရလိမ့်မည်။

သင်တို့အားလုံးသည် အခြားသောသူတို့အပေါ်၌ စိတ်သဘောတွင် လည်းကောင်း၊ အကျင့်စာရိတ္တတွင်လည်းကောင်း၊ အကောင်းနှင့်အဆိုးအတွက် ဩဇာသြောင်းခဲ့ကြပြီ။ သင်မကြာမီ ဩဇာသြောင်းခဲ့သောအမှုအကြောင်းကို ကောင်းကင်စာစောင်များတွင် မှတ်တမ်းတင်ထားလေပြီ။ ကောင်းကင်တမန် တစ်ပါးသည် သင်နှင့်အတူပါရှိလျက် သင်၏အပြောအဆို၊ အပြုအမူများကို မှတ်တမ်းတင်နေ၏။ သင်သည် နံနက်အိပ်ရာမှထသောအခါ သင်၏အားကိုး ရာမဲ့ဖြစ်နေခြင်းအကြောင်းကိုလည်းကောင်း၊ ဘုရားသခင်ထံတော်မှခွန်အားကို သင်အလိုရှိကြောင်းကိုလည်းကောင်း သင်သည် သိရှိပါသလော။ ၎င်းပြင် သင်သည် နှိမ့်ချခြင်းနှင့်သင်၏ကောင်းကင်ခမည်းတော်အား သင်၌လိုနေသော အရာကို စိတ်ပါစွာဖော်ပြသလော။ ထိုသို့ပြုလျှင် ကောင်းကင်တမန်သည်

သင်၏ဆုတောင်းချက်များကို မှတ်သားထား၍ သင်သည်မသိဘဲ အမှားကို ပြုမိ၍ အခြားသောသူအားအမှားကိုပြုစေရန် ဩဇာညောင်းခဲ့ခြင်းဖြင့် သင်သည် ဘေးဥပဒ်နှင့်ကြုံတွေ့နေရသောအခါ ဤဆုတောင်းချက်တို့သည် အယောင်ဆောင် သောနှုတ်ခမ်းများမှ ထွက်လာသည်မဟုတ်လျှင် သင့်ကိုကာကွယ် စောင့်ရှောက်နေသောကောင်းကင်တမန်သည် သင့်အနားမှာရှိလျက် သင့်အား သာ၍ကောင်းသောလမ်းကိုလိုက်ရန် နှိုးဆော်ပြီးလျှင် သင့်အတွက် သင်ပြောရမည့်စကားများကိုရွေးချယ်ပေးပြီးနောက် သင်၏အပြုအမူတို့ကို ပြုပြင်ပေးလိမ့်မည်။

သင်သည် ဘေးဥပဒ်ထဲ၌မရှိဟုထင်လျှင်၊ ၎င်းပြင် စုံစမ်းခြင်းကို တားဆီးကာကွယ်ရန်၊ အကူအညီနှင့်ခွန်အားကိုရရှိရန် ဆုမတောင်းဘဲနေလျှင် သင်သည် အမှန်ပင်လမ်းလွဲသွားလိမ့်မည်။ သင်၏တာဝန်ကိုမေ့လျော့နေခြင်း အတွက် ကောင်းကင်၌ဘုရားသခင်၏စာစောင်တွင် ရေးမှတ်ထားလိမ့်မည်။ ၎င်းပြင် တရားစီရင်သောနေ့ရက်၌ သင့်ကိုချိန်ကြည့်သောအခါ လျော့နေကြောင်းတွေ့ရမည်။

သင်တို့ပတ်လည်တွင် ဘာသာရေး၌သွန်သင်ပေးခြင်းခံရသောသူ အချို့ရှိကြသည်။ ၎င်းပြင် လက်တွေ့အသက်တာ၌ ပျက်စီးခြင်းသို့ရောက် သွားသည်တိုင်အောင် အလိုလိုက်ခြင်း၊ ချော့မော့ခြင်း၊ မြှောက်ပင့်ခြင်း၊ ချီးမွမ်းခြင်းခံရသောသူအချို့ရှိသေး၏။ ကျွန်ုပ်သိရှိသောလူများအကြောင်းနှင့်ပတ်သက်၍ ကျွန်ုပ်ပြောဆိုနေပါသည်။ သူတို့အကျင့်များသည် အလိုလိုက်ခြင်း၊ မြှောက်ပင့်ခြင်း၊ ပျင်းရိခြင်းအားဖြင့် ယိုယွင်းလာသဖြင့် သူတို့သည် ဤဘဝ၌ အသုံးမကျဖြစ်ရကြ၏။ ဤအသက်တာ၌ပင် သူတို့သည် အသုံးမကျဖြစ်ကြလျှင် အလုံးစုံတို့သည်ဖြူစင်သန့်ရှင်း၍ အားလုံးတို့၌ ညီညွတ်သော အကျင့်စာရိတ္တများရှိကြသောအသက်တာဘဝ၌ ကျွန်ုပ်တို့သည် အဘယ်အရာကိုမျှော်လင့်နိုင်ကြမည်နည်း။ ဤသူတို့အတွက် ကျွန်ုပ်သည်ဆုတောင်းခဲ့ပြီ။ သူတို့အားကိုယ်တိုင်ပြောပြခဲ့ပြီ။ အခြားသောသူတို့အား စိတ်နေမြင့်ခြင်း၊ အဝတ်တန်ဆာ၌မက်မောခြင်းနှင့် ထာဝရကာလ၏အကျိုးကျေးဇူးအကြောင်းကို

ဂရုမစိုက်ဘဲနေခြင်းသဘောများရှိလာရန် သူတို့သည် ဩဇာညောင်းကြမည်ကို ကျွန်ုပ်သိမြင်နိုင်သည်။ ဤလူစားမျိုးအတွက် တစ်ခုတည်းသောမျှော်လင့်ချက်ကား၊ မိမိတို့၏အကျင့်များကို သူတို့သည်သတိပြုလျက် မိမိတို့၏စိတ်နေမြင့်ခြင်းကို ဘုရားသခင်ရှေ့တော်၌နှိမ့်ချပြီးလျှင် မိမိတို့၏အပြစ်ကိုဝန်ချတောင်းပန်ပြီးနောက် စိတ်နှလုံးပြောင်းလဲခြင်းအမှုပင်ဖြစ်သည်။၁

## ဝိညာဉ်အရာတို့ကိုနှစ်သက်လိုလားသောစိတ်ကို ဖြစ်ပွားလာစေခြင်း

လူငယ်တို့အတွက် ဘေးကင်းစိတ်ချရသောနည်းတစ်ခုကား၊ မခြားမလပ်စောင့်နေလျက် နှိမ့်ချခြင်းနှင့်ဆုတောင်းခြင်းဖြစ်သည်။ ဤအရာများကို မပြုလုပ်ဘဲ ခရစ်ယာန်ဖြစ်နိုင်သည်ဟု သူတို့သည် မိမိတို့ကိုယ်ကိုအထင်မကြီးအပ်ကြပေ။ စာတန်သည်တောထဲ၌ သခင်ခရစ်တော်ထံသို့ချဉ်းကပ်သောအခါမှာကဲ့သို့ မိမိ၏သွေးဆောင်ခြင်းအမှုနှင့် လှည့်ဖြားရန်အကြံအစည်တို့ကို အလင်းဖြင့်ဖုံးအုပ်ကာကွယ်ထားတတ်၏။ ထိုအခါသူသည် ကောင်းကင်တမန်တစ်ပါးကဲ့သို့ထင်ရ၏။ ကျွန်ုပ်တို့ဝိညာဉ်၏ရန်သူသည် ကောင်းကင်ဧည့်သည်ကဲ့သို့ ကျွန်ုပ်တို့ထံသို့ချဉ်းကပ်လာလိမ့်မည်ဖြစ်၍ တမန်တော်က ဣန္ဒြေရှိခြင်းနှင့်ဝီရိယရှိခြင်းသည်သာလျှင် ကျွန်ုပ်တို့၏လုံခြုံမှုဖြစ်သည်ဟု ထောက်ခံပြောဆိုထားပါသည်။ သတိမရှိခြင်း၊ ပေါ့ဆခြင်းရှိလျက် ခရစ်ယာန် တာဝန်များကိုပျက်ကွက်စေသောလူငယ်တို့သည် သခင်ခရစ်တော်အောင်မြင် တော်မူသကဲ့သို့ အောင်မြင်ခြင်းရှိရမည့်အစား ဆက်ကာဆက်ကာ ရန်သူ၏ သွေးဆောင်ခြင်းအောက်သို့ ကျရောက်နေတတ်သည်။၂

ထာဝရဘုရားဘက်၌ရှိနေကြသည်ဟု အများကပြောဆိုနေကြသော်လည်း သူတို့၏အပြုအမူအားလုံးတို့သည် စာတန်ဘက်၌ရှိနေကြောင်း ဖော်ပြနေ၏။ ကျွန်ုပ်တို့သည် မည်သူ့ဘက်၌ရှိနေကြကြောင်းကို မည်ကဲ့သို့နည်းအားဖြင့် ဆုံးဖြတ်သိရှိရမည်နည်း။ မည်သူသည်ပြုလုပ်ရဲသနည်း။ ကျွန်ုပ်

တို့သည် မည်သူ့အကြောင်းကို ဆင်ခြင်စဉ်းစားနေကြသနည်း။ ကျွန်ုပ်တို့ သည် မည်သူ၏အကြောင်းကိုစကားပြောရန်နှစ်သက်ကြသနည်း။ ကျွန်ုပ် တို့သည် မည်သူကိုအထူးစွဲလမ်း၍ မည်သူအတွက် ကျွန်ုပ်တို့၏အကောင်း ဆုံးစွမ်းအား ကို အသုံးပြုနေကြသနည်း။ ကျွန်ုပ်တို့သည် ထာဝရဘုရားဘက် ၌ရှိနေကြလျှင် ကျွန်ုပ်တို့သည် ဘုရားသခင်အကြောင်းကို ဆင်ခြင်စဉ်းစား ကြလိမ့်မည်။ ၎င်းပြင် ကျွန်ုပ်တို့သည် ဘုရားသခင်၏အကြောင်းကိုသာ အကောင်းဆုံးစဉ်းစား ဆင်ခြင်ကြလိမ့်မည်။ ကျွန်ုပ်တို့သည် လောကနှင့်မိတ်ဆွေ ဖြစ်ကြမည်မဟုတ်။ ကျွန်ုပ်တို့၌ရှိသမျှ၊ ကျွန်ုပ်တို့၌ဖြစ်သမျှကို ဘုရားသခင် အားဆက်ကပ်ပူဇော် ထားကြလိမ့်မည်။ ကျွန်ုပ်တို့သည် ဘုရားသခင်၏ပုံသဏ္ဍာန် ကိုယူဆောင်လိုကြ လိမ့်မည်။ ဘုရားသခင်၏အလိုတော်ကိုလိုက်ကြလိမ့်မည်။ ၎င်းပြင် အရာခပ် သိမ်း၌ ဘုရားသခင်နှစ်သက်တော်မူစေရန် ပြုလုပ်ကြလိမ့်မည်။

မှန်သောပညာသင်ကြားခြင်းအမှုသည် ကောင်းကျိုးများကိုဖြစ်မြောက် စေရန် ကျွန်ုပ်တို့၏စွမ်းရည်များကို အသုံးပြုခြင်းဖြစ်သည်။ လောကီဘက် တွင်ဦးနှောက်၊ အရိုးနှင့်ကြွက်သားတို့၏ခွန်အားကို အသုံးပြုနေကြစဉ် အဘယ် ကြောင့်ကျွန်ုပ်တို့သည် ဘာသာရေးကိုအနည်းငယ်မျှလောက်သာ အရေးပေး တတ်ကြသနည်း။ ကျွန်ုပ်တို့၏ကိုယ်ခန္ဓာတစ်ခုလုံး၏အင်အားသည် ၎င်းဘက် ၌အားသန်နေသောကြောင့်ဖြစ်ပေသည်။ ကျွန်ုပ်တို့သည် လောကီလုပ်ငန်းများ ကိုသာ စိတ်အားကြီးစွာနှင့်လည်းကောင်း၊ အင်အားနှင့်လည်းကောင်း ဆောင် ရွက်ရန် မိမိတို့ကိုယ်ကိုလေ့ကျင့်ထားကြရာ အဆုံး၌စိတ်သည် ထိုအမှုအရာ ဘက်တွင် လွယ်ကူစွာရောက်ရှိသွား၏။ ဤအကြောင်းကြောင့် ခရစ်ယာန်တို့က ဘာသာ ရေးနှင့်ဆိုင်ရာအသက်တာသည် အလွန်ခက်ခဲ၍ လောကအသက်တာ သည် အလွန်လွယ်ကူသည်ကိုတွေ့ရှိရကြသည်။ စွမ်းရည်များကို ထိုဘက်တွင် အသုံး ချရန် လေ့ကျင့်ထားခဲ့လေပြီ။ ခရစ်ယာန်ဘာသာရေးနှင့် ဆိုင်သောအ သက်တာ ၌ ဘုရားသခင်၏စကားတော်တွင်ပါရှိသော ဘုရားသခင်၏တရား

များကိုသဘောတူကြ၏။ သို့ရာတွင် အသက်တာ၌ ၎င်းတို့ကို လက်တွေ့ကျင့် လျက် ပုံသက်သေမပြကြချေ။

ဘာသာရေးထင်မြင်ချက်များနှင့် ဘုရားဝတ်ပြုကိုးကွယ်လိုသော စိတ်သဘောများကို ပြုပြင်ပေးခြင်းအမှုကို ပညာသင်ကြားရေးတွင် အပါအဝင် ဖြစ်အောင်မပြုလုပ်ကြချေ။ ဤအရာတို့သည် လူတစ်ကိုယ်လုံးအပေါ်၌ ဩဇာ ညောင်း၍ စိုးမိုးအုပ်ချုပ်လျက်ရှိရမည်။ မှန်သောအရာကိုပြုကျင့်ရန် ခလေ့သည် လိုနေ၏။ တစ်ခါတလေ အခွင့်သာသောအခါ၌သာ ပြုလုပ်တတ် ကြ၏။ သို့ရာတွင် ဘုရားသခင်နှင့်ဆိုင်သောအရာများ၌ သဘာဝအလျောက် အလွယ်တ ကူဆင်ခြင်စဉ်းစားလိုသောသဘောသည် စိတ်ထဲ၌စိုးမိုးနေသော အခြေခံတရားမ ဟုတ်ချေ။

ဖြူစင်ခြင်းကိုနှစ်သက်လာရန် စိတ်ကိုသွန်သင်လေ့ကျင့်ပေးရမည်။ ဝိညာဉ်အရာတို့ကိုနှစ်သက်လိုလားသောစိတ်မျိုးကို အားပေးတိုက်တွန်းရမည်။ သင်သည်ကျေးဇူးတော်၌လည်းကောင်း၊ သမ္မာတရားကိုသိကျွမ်းခြင်း၌ လည်း ကောင်း ကြီးပွားတိုးတက်လိုလျှင် အမှန်ပင်ထိုစိတ်မျိုးကိုအားပေးရ မည်။ ကောင်းမြတ်သောအရာနှင့်မှန်သောသန့်ရှင်းခြင်းကို နှစ်သက်သောစိတ် သည် ထိုမျှလောက်နှင့်မှန်ပေ၏။ သို့ရာတွင် သင်သည် ဤနေရာမျှလောက် နှင့်ရပ် တန့်နေသော် ဘာမျှအကျိုးရှိလိမ့်မည်မဟုတ်။ ကောင်းသောရည်ရွယ် ချက်များ သည်မှန်ပေ၏။ သို့ရာတွင် ၎င်းတို့ကိုလက်တွေ့အသုံးမပြုလျှင် အကျိုးပေး လိမ့်မည်မဟုတ်။ အများသောသူတို့သည် ခရစ်ယာန်ဖြစ်လာရန် မျှော်လင့်လျက်၊ စိတ်အလိုရှိလျက်နေစဉ် ဆုံးရှုံးသွားကြလိမ့်မည်။ သို့ရာတွင် သူတို့သည် စိတ်အားကြီးစွာကြိုးပမ်းမှုကိုမပြုကြ။ ထိုကြောင့် သူတို့ကိုချိန်ခွင် ၌ချိန်စက်သော အခါ လျော့နေကြောင်းကိုတွေ့ရလိမ့်မည်။ စိတ်အလိုကိုမှန် သောလမ်းဘက်၌ လေ့ကျင့်ပေးရမည်။ ကျွန်ုပ်သည် စိတ်ရောကိုယ်ပါခရစ်ယာန် ဖြစ်ရလိမ့်မည်။ ကျွန်ုပ်သည် စုံလင်သောမေတ္တာ၏အလျား၊ အနံ၊ အမြင့် နှင့်စောက်ကိုသိရှိနား လည်ရလိမ့်မည်။ သခင်ယေရှု၏စကားများကိုနားထောင်ပါ။ "ဖြောင့်မတ်ခြင်း တရားကိုဆာငတ်မွတ်သောသူတို့သည် မင်္ဂလာရှိကြ၏။

အကြောင်းမူကား၊ ထိုသူတို့သည် ဝပြောခြင်းသို့ရောက်ကြလတ္တံ့.” (မ၊ ၅း၆)။ ဖြောင့်မတ်ခြင်းတရားကို ဆာငတ်မွတ်သောဝိညာဉ်၏အလိုကိုပြည့်စုံစေရန် သခင်ခရစ်တော်က လုံလောက်စွာစီမံထားတော်မူ၏။[၄]

## သာ၍မြင့်မြတ်သောဝိညာဉ်ရေး၌ပြည့်စုံခြင်းအဖြစ်ကိုလှမ်းယူခြင်း

ဖြူစင်သောမေတ္တာသည် သာ၍မြင့်မြတ်သောအကျိုးကိုရရှိစေဖို့ ဘုရားသခင်နှင့်ဆိုင်သောအရာတို့ကိုသိကျွမ်းခြင်း၌ တိုးပွားလာစေဖို့ရန်အတွက် ဝိညာဉ်ကိုကျယ်ပြန့်သွားစေလိမ့်မည်။ ထိုသို့အားဖြင့် ၎င်းသည် ပြည့်စုံခြင်း အဖြစ်သို့ရောက်ရန် လိုနေသေးသောအခြေအနေနှင့် စိတ်ကျေနပ်ခြင်းရှိလိမ့်မည်မဟုတ်။ ခရစ်ယာန်ဟုခေါ်နေကြသောသူအများတို့သည် ဤဘဝရှိမရေမရာဖြစ်၍ ပျက်စီးလွယ်သောအရာတို့ကိုရရှိရန် ကြိုးစားကြသလောက် ဘုရားသခင်နှင့်ဆိုင်သောအရာတို့ကို သိကျွမ်းခြင်းပညာကိုရရှိရန် သူတို့သည် အလိုရှိ၍ စိတ်အားကြီးလျက် ကြိုးစားအားထုတ်ကြလျှင် ရရှိနိုင်သောဝိညာဉ်ခွန်အားကို သူတို့သည် မသိနားမလည်ကြချေ။ ခရစ်ယာန်ဟုခေါ်နေကြသောလူထုသည် ဝိညာဉ်ရေး၌သိမ်ဖျင်းသည့်အဖြစ်၌ပင် ကျေနပ်နေကြသည်။ ရှေးဦးစွာ ဘုရားသခင်၏နိုင်ငံတော်နှင့်ဖြောင့်မတ်ခြင်းတရားကိုရှာဖွေရန်အချက်သည် အဓိကအချက်ဟူ၍ သူတို့သည်သဘောမထားကြချေ။ ထိုသို့အားဖြင့် ဘုရားသခင်၌မွေ့လျော်ခြင်းအမှုသည် သူတို့အဖို့ဝှက်ထားသောနက်နဲရာဖြစ်၍ သူတို့သည် ၎င်းအကြောင်းကိုမသိနားမလည်နိုင်ကြ။ သူတို့သည် သခင် ခရစ်တော်ကိုလက်တွေ့အတွေ့အကြုံအားဖြင့် မသိရှိကြ။

ဘုရားသခင်နှင့်ဆိုင်သောအရာတို့တွင် သိမ်ဖျင်းချို့တဲ့သည့်အခြေအနေနှင့် ကျေနပ်နေသောယောကျ်ား၊ မိန်းမတို့သည် ကောင်းကင်သို့ရုတ်တရက်ရောက်ရှိသွား၍ အချိန်အနည်းငယ်လောက် ထိုအရပ်၌တည်ရှိနေသည့် သန့်ရှင်းမြင့်မြတ်သောအခြေအနေ၊ မေတ္တာနှင့်ပြည့်ဝနေသောဝိညာဉ်တိုင်း၊ ဝမ်းမြောက်ခြင်းနှင့်တောက်ပနေသောမျက်နှာတိုင်း၊ ဘုရားသခင်နှင့်သိုးသငယ်

ကိုချီးမြှောက်ရာ၌ သာယာနာပျော်ဖွယ်ကောင်းသောအသံနှင့်ကြားရသော စိတ်ဓာတ်လမ်းဖွယ်သီချင်းနှင့် ကောင်းကင်ပေါ်၌ရှိတော်မူသောသူနှင့် သိုးသငယ်၏မျက်နှာတော်မှ သန့်ရှင်းသူတို့အပေါ်၌ အစဉ်မပြတ်ထွန်းတောက်နေသော အလင်းရောင်တို့ကို ကြည့်ရှုကြပါစေ။ ၎င်းပြင် သာ၍မြင့်မြတ်ကြီးကျယ်သော ဝမ်းမြောက်ခြင်းချမ်းသာကို တွေ့ကြုံခံစားရဦးမည်ကို သူတို့သည်သိရှိကြပါစေ။ အကြောင်းမူကား၊ သူတို့သည် ဘုရားသခင်၏စည်းစိမ်ကိုသာ၍ ခံစားရလေလေ၊ သူတို့သည် ထာဝရစည်းစိမ်တွင် သာ၍မြင့်မြတ်သောအခြေအနေသို့ရောက်ရန် ထိုစည်းစိမ်ကိုခံယူနိုင်သောအစွမ်းသည် သာ၍တိုးပွားလေလေဖြစ်၏။ ထိုသို့အားဖြင့် မပြောနိုင်လောက်အောင် ကြီးကျယ်သော စည်းစိမ်နှင့်ကောင်းကင်ချမ်းသာကို မကုန်မခန်းနိုင်အောင်ချပေးနိုင်တော်မူသည့် မူလသခင်ထံတော်မှ အသစ်သောထောက်ပံ့ခြင်းကို သာ၍များပြားကြီးကျယ် စွာ ဆက်လက်ရရှိနေကြလိမ့်မည်။ ထိုသို့သောသူတို့သည် ကောင်းကင်အစုအဝေးတွင်ရောနှောနေလျက် သူတို့၏သီချင်းများကိုပါဝင်သီဆိုပြီးလျှင် ဘုရားသခင်နှင့်သိုးသငယ်ထံတော်မှထွက်လာ၍ ပြောင်းလွဲတင်ပေးသော ဖြူစင်မြင့်မြတ်သည့်တန်ခိုးတော်ကို ခံရပ်နိုင်ကြပါမည်လော။ အို၊ မဟုတ်ပါ၊ သူတို့သည် “လောကီတပ်မက်ခြင်းအညစ်အကြေးနှင့်ကင်းလွတ်သဖြင့် ဘုရားပကတိကိုဆက်ခံရသောသူဖြစ်ကြမည်အကြောင်းတည်း၊” ကောင်းကင်၏ဘာသာစကားများကိုနားလည်စေခြင်းငှာ၊ သူတို့အားစုံစမ်းစစ်ဆေးရာကာလများကို ကြာရှည်စေလေပြီ။ ၂ပေ ၁း၄။ သို့ရာတွင် သူတို့၏စိတ်နှင့်ခွန်အားတို့ကိုအသုံးပြုရန် သူတို့၌ကိုယ်ကျိုးရှာသောအလုပ်များရှိနေကြသည်။ သူတို့သည်ဘုရားသခင်ကို အတားအဆီးမရှိဘဲ ကိုးကွယ်ခြင်းငှာမတတ်နိုင်ကြ။ ၎င်းပြင် ဤအမှုကို မိမိတို့၏လုပ်ငန်းအဖြစ်သဘောမထားနိုင်ကြ။ လောကီမှုရေးရာသည် ရှေးဦးစွာလာ၍ မိမိတို့၏အစွမ်းသတ္တိကို အစွမ်းကုန်အသုံးပြုရကြလိမ့်မည်။ ၎င်းပြင် ဘုရားသခင်ကိုအချိန်အနည်းငယ်အတွင်းသာ သတိရတတ်ကြသည်။ “သန့်ရှင်းသောသူသည် သန့်ရှင်းစေဦး၊ ညစ်ညူးသောသူသည်ညစ်ညူးစေဦး” ဟု နောက်ဆုံးစီရင်ဆုံးဖြတ်ချက်ပြုပြီးသောအခါ ထိုသို့

သောသူတို့သည် ပြောင်းလဲခြင်းသို့ရောက်ရကြမည်လော။ ထိုကဲ့သို့သော အချိန်ကာလသည် ရောက်လာနေပြီ။

ဝိညာဉ်ရေးဆိုင်ရာဝတ်ပြုကိုးကွယ်ရေးကိစ္စများတွင် နှစ်သက်မွေ့လျော်လာရန် စိတ်ကိုလေ့ကျင့်ပေးကြသောသူတို့သည် ကိုယ်ခန္ဓာပြောင်းလဲခြင်းသို့ ရောက်ရှိနိုင်ကြလျက် ကောင်းကင်၏ဖြူစင်သန့်ရှင်းခြင်းအဖြစ်နှင့် သာလွန်ထူးကဲသောဘုန်းအလင်းအားဖြင့် ဖြိုဖျက်ခြင်းခံရကြမည်မဟုတ်သောသူများဖြစ်ကြသတည်း။ သင်သည် အတတ်ပညာတို့ကို ကောင်းစွာသိကျွမ်းတတ်မြောက်နိုင်လိမ့်မည်။ လောကပညာများနှင့်လည်း ကောင်းစွာကျွမ်းကျင်လိမ့်မည်။ သင်သည် တေးဂီတပညာနှင့်စာပေအရေးအသားတွင်လည်း ထူးကဲစွာတတ်မြောက်လိမ့်မည်။ သင်၏အပြုအမူဟန်အမူအရာတို့ကို သင်၏အပေါင်းအဖော်များသည် နှစ်သက်သဘောကျကြလိမ့်မည်။ သို့ရာတွင် ကောင်းကင်အတွက်ပြင်ဆင်ခြင်းနှင့် ဤအရာတို့သည် အဘယ်သို့သက်ဆိုင်သနည်း။ ဘုရားသခင်၏ရှေ့တော်၌ရပ်နေရန် ၎င်းတို့သည် မည်ကဲ့သို့သင့်အားပြင်ဆင်ပေးခဲ့ပြီနည်း။၄

## ကောင်းကင်၏အကျင့်မျိုးကိုမြေကြီးပေါ်၌ဆည်းပူးရမည်

အလွဲမယူကြနှင့်။ ဘုရားသခင်သည် မထီမဲ့မြင်ပြုခြင်းကိုခံတော်မမူ။ သန့်ရှင်းခြင်းမှလွဲ၍ သင့်အားကောင်းကင်အတွက်ပြင်ဆင်ပေးမည်မဟုတ်။ မှန်ကန်ရိုးသားသောလက်တွေ့ဘုရားသခင်ကြည်ညိုမှုသာလျှင် သင့်အားဖြူစင်၊ မြင့်မြတ်သောအကျင့်ကိုပေးနိုင်၍ အဘယ်သူမျှမချဉ်းကပ်နိုင်သောအလင်းထဲ ၌တည်ရှိတော်မူသော ဘုရားသခင်၏မျက်မှောက်တော်သို့ သင့်အားဝင်ရောက်စေနိုင်လိမ့်မည်။ ကောင်းကင်၏အကျင့်မျိုးကို မြေကြီးပေါ်၌ဆည်းပူးရမည်၊ (သို့မဟုတ်) ဘယ်အခါမျှဆည်းပူးရမည်မဟုတ်။ ထို့ကြောင့် ယခုပင်အစပြု ပါ။ ယခုထက်လွယ်ကူစွာသင်သည် စိတ်အားကြီးစွာကြိုးပမ်းမှုကိုပြုလုပ်နိုင် သောအချိန်ရောက်လာလိမ့်မည်ဟု ကိုယ်ကိုမလှည့်စားပါနှင့်။ နေ့တိုင်း

ဘုရားသခင်ထံသို့နီးကပ်စေရန် တိုး၍လှမ်းသွားလော့။ သင်သည် မပြခဲ့ဖူးသေးသောစိတ်အားထက်သန်မှုနှင့် ထာဝရကာလအတွက် ပြင်ဆင်ပြုပြင်ထားပါ။ ကျမ်းစာဖတ်ဖို့နှစ်သက်လာရန်၊ ဆုတောင်းစည်းဝေးများကိုနှစ်သက်လာရန်၊ ဘုရားသခင်၏တရားတော်ကို ဆင်ခြင်အောက်မေ့သောအချိန်ကို သဘောကျလာရန်နှင့် အားလုံးတို့တွင်ဝိညာဉ်သည် ဘုရားသခင်နှင့်မိတ်သဟာယဖွဲ့သောအချိန်ကိုသဘောကျလာရန် သင်၏စိတ်ကိုသွန်သင်ပြုပြင်ပေးပါ။ အထက်အရပ်ရှိအခန်းများ၊ အဆောက်အအုံကြီးများ၌ ကောင်းကင်သီချင်းသံပြိုင်ဆိုပွဲတွင် သင်သည်အတူပါဝင်သီဆိုလိုလျှင် ကောင်းကင်အကြောင်းကိုစိတ်ထဲ၌ ဆင်ခြင်အောက်မေ့လာရန်ကြိုးစားပါ။၁

## ဘုရားသခင်၏မေတ္တာတော်ကိုရနိုင်သောအခါရအောင်ယူပါ

ဖေရရှေဘာအရပ်တွင် ညဉ့်အခါရူပါရုံ၌ ဘုရားသခင်ပေးတော်မူသောအမိန့်တော်ကို နားထောင်ခြင်းဖြင့် မိမိ၏နံဘေး၌ ဣဇာက်နှင့်အတူခရီးထွက်သွားသောကတိတည်သူအာဗြဟံကို ကျွန်ုပ်သည်သတိရ၏။ မိမိပူဇော်ရမည့်အရာကိုထင်ရှားစေမည်ဟု ဘုရားသခင်က မိမိအားဖော်ပြတော်မူသောတောင်ကို သူသည် မိမိရှေ့၌မြင်နေရ၏။

ဘုရားသခင်မိန့်တော်မူသောကြောင့် ဣဇာက်သည် မိမိသနားဖွယ်ကောင်းသောဖခင်က မေတ္တာနှင့်ပြည့်ဝသောလက်များဖြင့် တုန်လှုပ်လျက်ကြိုးနှင့်ချည်နှောင်ခြင်းခံရ၏။ သားသည်အဘ၏ဖြောင့်မတ်တည်ကြည်မှုကိုယုံကြည်သောကြောင့် ယဇ်ပူဇော်ခြင်းခံယူရန်ဝန်ခံ၏။ သို့ရာတွင် အရာခပ်သိမ်းသည်အသင့်ရှိ၍ ဖခင်၏ယုံကြည်ခြင်းနှင့် သား၏ဝန်ခံမှုကိုပြည့်စုံစွာစစ်ဆေးစုံစမ်းပြီးသောအခါ မိမိ၏သားကိုသတ်ရန်အသင့်ရှိသောအာဗြဟံ၏လက်ကိုဘုရားသခင်၏ကောင်းကင်တမန်သည် တားဆီးထားလျက် ထိုမျှလုံလောက်ပြီဟု သူ့အားပြောဆို၏။ "သင်သည် ဘုရားသခင်ကိုကြောက်ရွံ့သည်ဟုယခုငါသိ၏။ အကြောင်းမူကား၊ သင်၏သား၊ သင်၌တစ်ယောက်တည်း

သောသားကိုငါတောင်း၍ သင်သည် ငါ့ကိုမငြင်းဟုမိန့်တော်မူ၏” (က၊၂၂း၁၂)။

အာဗြဟံ၌ယုံကြည်ခြင်းရှိကြောင်းဖော်ပြသော ဤအမှုသည် ကျွန်ုပ်တို့၏အကျိုးအလို့ငှာ မှတ်တမ်းတင်ထားလျက်ရှိ၏။ မည်မျှကျဉ်းကျပ်၍ စိတ်ထိခိုက်ဖွယ်ဖြစ်သော်လည်း ဘုရားသခင်၏တောင်းဆိုချက်များ၌ ယုံကြည်အားထားမှုရှိကြောင်း ကျွန်ုပ်တို့အားကြီးမြတ်သောသင်ခန်းစာကို ၎င်းကသွန်သင်ပေး၏။ ၎င်းပြင် သားသမီးတို့အား မိဘများနှင့်ဘုရားသခင်၏အလိုတော်ကို လုံးလုံးဝန်ခံခြင်းအကြောင်းကို သွန်သင်ပေး၏။ အာဗြဟံ၏နားထောင်ခြင်းအားဖြင့် ဘုရားသခင်အားပေးလှူဖို့ ကျွန်ုပ်တို့အတွက် အဘယ်အရာမျှအလွန်အမင်းအဖိုးမထိုက်တန်သောအရာဟူ၍မရှိကြောင်း ကျွန်ုပ်တို့သင်ကြားရ၏။

ဘုရားသခင်သည် မိမိ၏သားတော်အား အသက်တာ၌ရှုတ်ချခြင်း၊ ကိုယ်ကိုငြင်းပယ်ခြင်း၊ ဆင်းရဲခြင်း၊ ပင်ပန်းစွာလုပ်ဆောင်ရခြင်း၊ ကဲ့ရဲ့ပြစ်တင်ခံရခြင်းနှင့် လက်ဝါးကပ်တိုင်၌နာကျင်မှုခံစားရလျက် သေခြင်းတိုင်အောင်ခံစေခြင်းငှာ စွန့်တော်မူ၏။ သို့ရာတွင် “ဤမျှလောက်နှင့်လုံလောက်ပြီ။ သင်သည် အသေခံဖို့မလို၊ ငါ၏ချစ်သောသား” ဟူ၍ သတင်းစကားကိုယူဆောင်လာမည့် ကောင်းကင်တမန်တစ်ပါးမျှပေါ်မလာ။ ကောင်းကင်တမန်တပ်များသည် ဝမ်းနည်းခြင်းနှင့်စောင့်ကြည့်နေကြလျက် ဣဇာက်၏အမှုမှာကဲ့သို့ပင် ဘုရားသခင်သည် အဆုံး၌ကိုယ်တော်၏ရှက်ဖွယ်အသေခံခြင်းအမှုကိုတားဆီးလိမ့်မည်ဟု မျှော်လင့်နေကြ၏။ သို့ရာတွင် ကောင်းကင်တမန်များတို့သည် ဘုရားသခင်၏သားတော်ထံသို့ ထိုသို့သောသတင်းစကားတစ်စုံတစ်ခုကိုမျှယူဆောင်လာရန် အခွင့်မရကြချေ။ တရားစီရင်ရာအခန်းမကြီးထဲ၌လည်းကောင်း၊ ကရာနိကုန်းသို့သွားရာလမ်းတွင်လည်းကောင်း ကိုယ်တော်သည် ရှုတ်ချနှိပ်စက်ခြင်းကိုခံတော်မူရ၏။ ကိုယ်တော်သည် ပြက်ရယ်ပြုခြင်း၊ ကျီစယ်ခြင်း၊ တံတွေးနှင့်ထွေးခြင်းတို့ကိုခံရ၏။ ကိုယ်တော်သည် လက်ဝါးကပ်တိုင်ပေါ်၌ဦးခေါင်းညွတ်၍ သေဆုံးရသည်တိုင်အောင် မိမိကိုမုန်းသော

သူတို့၏ကဲ့ရဲ့ပြစ်တင်ခြင်း၊ ကြိမ်းမောင်းဆဲဆိုခြင်း၊ ပြောင်လှောင်ပြက်ရယ်ပြုခြင်းတို့ကို ခံတော်မူရ၏။

ထိုသို့မိမိ၏သားတော်ကို ဤကဲ့သို့သောဒုက္ခဆင်းရဲခြင်းတို့ကိုခံယူသွားစေဖို့ရန် ပေးတော်မူခြင်းထက် မိမိ၏မေတ္တာကို ဘုရားသခင်သည် သာ၍ကြီးကျယ်သောသက်သေဖြင့် ကျွန်ုပ်တို့အားဖော်ပြနိုင်ဦးမည်လော။ ၎င်းပြင် လူအားဘုရားသခင်ပေးတော်မူသောလက်ဆောင်သည် အခမဲ့လက်ဆောင်ဖြစ်သကဲ့သို့ ဘုရားသခင်၏မေတ္တာသည် အကန့်အသတ်မရှိအမြဲဖြစ်၏။ ထို့ကြောင့် ကျွန်ုပ်တို့၏ယုံကြည်အားထားမှု၊ ကျွန်ုပ်တို့၏နားထောင်မှု၊ ကျွန်ုပ်တို့၏စိတ်နှလုံးတစ်ခုလုံးနှင့် ကျွန်ုပ်တို့၏ကြွယ်ဝသောချစ်ခင်စွဲလမ်းမှုတို့ကို ဘုရားသခင်က တောင်းခံတော်မူခြင်းအမှုမှာလည်း အကန့်အသတ်မရှိအမြဲဖြစ်၏။ လူသည် မိမိတတ်နိုင်သမျှအလုံးစုံကိုပေးလှူစေဖို့ ဘုရားသခင်သည် အလိုရှိတော်မူ၏။ ကျွန်ုပ်တို့က အလိုတော်ကိုဝန်ခံခြင်းအမှုမှာ ဘုရားသခင်ပေးတော်မူသောဆု၏ပမာဏအတိုင်း အချိုးအစားကျရမည်။ ၎င်းသည် ပြည့်စုံ၍ဘာမျှလိုလေသေးမရှိရ။ ကျွန်ုပ်တို့အားလုံးသည် ဘုရားသခင်အားကြွေးတင်နေသောသူများဖြစ်ကြသည်။ ကျွန်ုပ်တို့သည် မိမိတို့ကိုယ်ကိုပြည့်စုံစွာ စိတ်ရောကိုယ်ပါပေးကမ်းစွန့်ကြဲခြင်းမပြုဘဲ ဘုရားသခင်နှင့်မတွေ့ဆုံနိုင်ဟု ဘုရားသခင်က အခိုင်အမာမိန့်တော်မူ၏။ ဘုရားသခင်က ချက်ချင်းစိတ်ရောကိုယ်ပါနားထောင်ခြင်းကို အလိုရှိတော်မူ၏။ ဤမျှထက်လျော့နေလျှင် ဘုရားသခင်သည် လက်ခံတော်မမူ။ ယခုကျွန်ုပ်တို့သည် ဘုရားသခင်၏မေတ္တာနှင့် နှစ်သက်တော်မူခြင်းကိုခံယူရရှိရန် အခွင့်အရေးရှိပေသည်။ ဤစာကိုဖတ်သောသူအချို့တို့အတွက် မိမိတို့၏အသက်တာတွင် ဤနှစ်သည် နောက်ဆုံးနှစ်ဖြစ်ကောင်းဖြစ်လိမ့်မည်။ ဤတောင်းပန်ချက်ကို ဖတ်ကြသောလူငယ်တို့အထဲတွင် သခင်ခရစ်တော်က စိတ်ပါစွာရှာဖွေ၍ ကိုယ်တော်၏အလိုတော်ကို အားရဝမ်းမြောက်စွာဆောင်ရွက်သောသူတို့အား ပေးတော်မူသောထိုငြိမ်သက်ခြင်းထက် လောက၏ပျော်မွေ့ခြင်းကို မည်သူတို့သည် ဦးစွာရွေးချယ်လိုကြလိမ့်မည်နည်း။[၆]

## ချိန်ခွင်၌ချိန်စက်ခြင်း

ဘုရားသခင်သည် ကျွန်ုပ်တို့၏အကျင့်စာရိတ္တ၊ ကျွန်ုပ်တို့၏အပြုအမူ အလေ့အထနှင့် ကျွန်ုပ်တို့၏စိတ်အကြံအစည်တို့ကို သန့်ရှင်းရာဌာန၏ချိန်ခွင်တွင် ချိန်စက်တော်မူလျက်ရှိ၏။ ကျွန်ုပ်တို့၏စိတ်နှလုံးကို ကိုယ်တော်ထံ ဆွဲယူရန် လက်ဝါးကပ်တိုင်ပေါ်၌အသေခံတော်မူသော ကျွန်ုပ်တို့၏ရွေးနုတ် ရှင်က ချစ်ခြင်းမေတ္တာနှင့်နားထောင်ခြင်းတွင် ကျွန်ုပ်တို့သည် လျော့နေသည်ဟု မိန့်တော်မူခြင်းခံရလျှင် ကြောက်စရာကောင်းလိမ့်မည်။ ဘုရားသခင်သည်ကျွန်ုပ်တို့အား ကြီးမြတ်အဖိုးထိုက်သောဆုလက်ဆောင်ကိုပေးတော်မူပြီ။ ကျွန်ုပ် တို့သည် မှောင်မိုက်ထဲ၌ မှားယွင်းလျှောက်သွားဖို့မလိုမည်အကြောင်း ဘုရားသခင် သည် ကျွန်ုပ်တို့အား အလင်းတရားနှင့်အလိုတော်ကိုသိကျွမ်းခြင်းအခွင့်ပေး သနားတော်မူ၏။ နောက်ဆုံးစီရင်ဆုံးဖြတ်၍ ဆုလာဘ်ကိုပေးတော်မူသော နေ့တွင် ချိန်ခွင်၌ချိန်စက်သဖြင့် လျော့နေကြောင်းတွေ့ရှိရခြင်းအမှုသည် ကြောက်စရာကောင်းသောအရာဖြစ်လိမ့်မည်။ ဘယ်အခါမျှပြင်၍မရသော ကြောက်မက်ဖွယ်အမှားကြီးဖြစ်လိမ့်မည်။ လူငယ်မိတ်ဆွေတို့၊ ဘုရားသခင်၏ စာစောင်တွင် သင်၏နာမည်ကိုရှာမတွေ့ဘဲရှိရမည်လော။

ဘုရားသခင်သည် သင့်အားမိမိအတွက်အလုပ်တစ်ခုပြုလုပ်ရန် ခန့်ထားတော်မူသဖြင့် သင်သည် ဘုရားသခင်နှင့်အတူလုပ်ဖော်ဆောင်ဖက်ဖြစ်လာရလိမ့်မည်။ သင်၏ပတ်လည်၌ကယ်တင်ရန် ဝိညာဉ်များရှိ၏။ သင်သည် စိတ်ရောကိုယ်ပါကြိုးပမ်းဆောင်ရွက်မှုအားဖြင့် အားပေးကူညီ၍ ကောင်းချီးချမ်းသာကိုပေးနိုင်သောသူများရှိကြပေသည်။ သင်သည် ဝိညာဉ်များအား အပြစ်ဒုစရိုက်မှဖြောင့်မတ်ခြင်းတရားလမ်းထဲသို့ ပြောင်းလဲပေးနိုင်လိမ့်မည်။ သင်သည် ဘုရားသခင်အား မိမိအကြောင်းကိုဖော်ပြဖို့တာဝန်ရှိကြောင်းကိုသိရှိသောအခါ ဆုတောင်းခြင်းအမှု၌သစ္စာရှိခြင်းနှင့် စာတန်၏သွေးဆောင်ခြင်းကိုတားဆီးရန်စောင့်နေရာ၌ သစ္စာရှိခြင်းအမှုများကိုလိုနေကြောင်း သင်သိနားလည်လာလိမ့်မည်။ သင်သည်ခရစ်ယာန်အစစ်အမှန်ဖြစ်လျှင်

သင်သည်ပေါ့ဆပျင်းရိခြင်း၊ အဝတ်တန်ဆာ၌ကြွားဝါခြင်းအမှုတို့ကိုလိုက်စား နေခြင်းထက် လောကတွင်ရှိ မိုက်မဲသောအကျင့်စာရိတ္တများအတွက် ညည်းတွား ငိုကြွေးခြင်းအမှုကို သာ၍ပြုလုပ်နေလိမ့်မည်။ တိုင်းပြည်တွင်ပြုလုပ်နေသော စက်ဆုပ်ရွံရှာဖွယ်အမှုများအတွက် ညည်းညူငိုကြွေးနေကြသောသူတို့အထဲတွင် သင်သည်ပါဝင်လိမ့်မည်။ မာနကြီးခြင်း၊ ကိုယ်ကိုမွမ်းမံပြင်ဆင်ခြင်းနှင့် အလှ ပြရန်လက်ဝတ်တန်ဆာများဆင်မြန်းခြင်းအမှုတို့၌လိုက်စားစေရန် စာတန်က သွေးဆောင်ခြင်းအမှုများကို သင်သည် တားဆီးကန့်ကွက်လိမ့်မည်။ မြင့်မြတ် သောတာဝန်များကိုဂရုမစိုက်ဘဲ ဤသေးနုပ်မရေရာသောအရာများကို နှစ်သက် နေကြသောစိတ်သဘောသည် ကျဉ်းမြောင်းလာ၍ အသိဉာဏ်သည် သိမ်ဖျင်း လာ၏။

ကျွန်ုပ်တို့ခေတ်ကာလရှိလူငယ်များတို့သည် မိမိတို့အလိုရှိကြလျှင် သခင်ခရစ်တော်နှင့်အတူ အမှုဆောင်များဖြစ်လာနိုင်ကြသည်။ ၎င်းပြင် အမှု ဆောင်ရွက်ခြင်း၌ သူတို့၏ယုံကြည်ခြင်းသည် ခိုင်ခံ့လာ၍ ဘုရားသခင်ကို သိကျွမ်းခြင်းပညာသည် တိုးပွားလာလိမ့်မည်။ မှန်ကန်သောရည်ရွယ်ချက် ရှိသမျှနှင့် မှန်ကန်သောအရာကိုပြုသောအမှုရှိသမျှတို့အကြောင်းကို အသက် စာစောင်၌ရေးသားထားလိမ့်မည်။ မိမိတို့၏စိတ်အလိုဆန္ဒပြည့်စေဖို့ရန် အသက်ရှင်နေခြင်းနှင့် ဤဘဝ၏အဖိုးမတန်၊ အချည်းနှီးသောအရာများအတွက် မိမိတို့၏ဉာဏ်စွမ်းကိုသိမ်ဖျင်းစေခြင်းအမှုတို့သည် အပြစ်ဒုစရိုက်ဖြစ်ကြောင်း လူငယ်တို့အားတွေ့မြင်သိရှိစေရန် နှိုးဆော်ခြင်းငှာ ကျွန်ုပ်အလိုရှိပါသည်။ သူတို့သည် ဤလောက၏သေးနုပ်၍ ဆွဲဆောင်နေသောအရာများအထက်၌ မိမိတို့၏အကြံအစည်နှင့်အပြောအဆိုတို့ကိုမြှင့်တင်ပေး၍ ဘုရားသခင်၏ ဘုန်းတော်ကိုထင်ရှားစေဖို့ ရည်ရွယ်ကြလျှင် အသိဉာဏ်အပေါင်းထက်လွန်ကဲ သော ဘုရားသခင်၏ငြိမ်သက်ခြင်းကို သူတို့သည်ရရှိကြလိမ့်မည်။[၇]

ဘုရားသခင်ကလူငယ်တို့အား စိတ်အားထက်သန်သောလူများဖြစ် လာရန် ဘုရားသခင်၏မြင့်မြတ်သောအမှုတော်ကိုဆောင်ရွက်ဖို့ ပြင်ဆင်ခြင်း ရှိ၍ တာဝန်များကိုထမ်းဆောင်ဖို့ သင့်လျော်လာစေရန် အလိုရှိတော်မူ၏။

ခိုင်ခံ့၊ ရဲရင့်၍ ပျက်စီးခြင်းမရှိသောစိတ်နှလုံးနှင့်ပြည့်ဝလျက် သူတို့သည် ဘုရားသခင်၏ဘုန်းတော်ကိုထင်ရှားစေ၍ လူတို့အားကောင်းချီးပေးနိုင်မည် အကြောင်း မိမိတို့ရှေ့၌ရှိသောတိုက်ပွဲကို ယောကျ်ားပီသစွာတိုက်လှန်ရန် စိတ်ပိုင်းဖြတ်သောလူငယ်တို့ကို ဘုရားသခင်သည် ခေါ်လျက်နေတော်မူ၏။ လူငယ်တို့သည် ကျမ်းစာကိုသေချာစွာလေ့ကျက်၍ မိမိတို့၏ပြင်းထန်သော စိတ်ကိုတည်ငြိမ်စေလျက် မိမိတို့၏ဖန်ဆင်းရှင်နှင့် ရွေးနုတ်ရှင်၏စကားသံ တော်ကို နားထောင်လိုက်နာလျှင် သူတို့သည် ဘုရားသခင်နှင့်မိတ်သဟာယဖွဲ့ရ မည်သာမက မိမိတို့ကိုယ်ကို မြင့်မြတ်ကြီးမြင့်သောအခြေအနေသို့ရောက် လိမ့်မည်။

သင်သွားလေရာရာ၌ အလင်းတရားကိုယူဆောင်သွားလော့။ သင်သည် ရည်ရွယ်ချက်၌ ခိုင်ခံ့တည်ကြည်ကြောင်းကိုလည်းကောင်း၊ ဆိုးသောအပေါင်း အသင်း၏သွေးဆောင်ခြင်းသို့ အလွယ်တကူပါ၍ စိတ်မခိုင်သောသူမဟုတ် ကြောင်းကိုလည်းကောင်း ဖော်ပြလော့။ ဘုရားသခင်ကိုမရိုသေသောသူတို့၏ အကြံပေးချက်ကို အလွယ်တကူမလိုက်မပါဘဲ ဆိုးသောအမှုမှဝိညာဉ်များကို ပြုပြင်ပေးပြီး ပြန်၍ရရှိလျက် ကယ်ဆယ်ရန်ကြိုးစားပါ။

ဆုတောင်းခြင်းကိုအားကိုးပါ၊ မိမိတို့ကိုကန့်ကွက်တားဆီးသောသူတို့ ကို နူးညံ့သိမ်မွေ့၍ နှိမ့်ချသောသဘောနှင့်သွေးဆောင်လော့။ လမ်းမှားထဲမှ ကယ်ဆယ်၍ သခင်ခရစ်တော်၏အလံတော်အောက်သို့ရောက်လာသောဝိညာဉ် တစ်ဦးကြောင့် ကောင်းကင်၌ဝမ်းမြောက်ခြင်းရှိလိမ့်မည်။ ၎င်းပြင် သင်၏ ဝမ်းမြောက်ခြင်းသရဖူ၌ ကြယ်တစ်လုံးတည်ရှိလာလိမ့်မည်။ ကယ်ဆယ်ခြင်း ခံရသောဝိညာဉ်သည် သူ၏ဘုရားတရားကြည်ညိုမှုဩဇာညောင်းခြင်းကြောင့် အခြားသောသူတို့အား ကယ်တင်ခြင်းတရားအကြောင်းကို သိကျွမ်းစေလိမ့် မည်။ ၎င်းပြင် ထိုနည်းအားဖြင့် အမှုတော်သည် တိုးပွားများပြားလာလိမ့်မည်။ ၎င်းပြင် တရားစီရင်တော်မူသောနေ့၌ အမှုတော်သည် မည်မျှလောက်ကြီးကျယ် တိုးတက်ကြောင်းကို ထင်ရှားစွာသိရှိရလိမ့်မည်။

သင်သည်အနည်းငယ်သာပြုလုပ်နိုင်သည်ဟု ထင်ရသောကြောင့် ဘုရားသခင်အတွက်အမှုဆောင်ရွက်ရန် နှောင့်နှေးမနေပါနှင့်။ သင်၏အနည်းငယ် သောအလုပ်ကိုပင် သစ္စာနှင့်ဆောင်ရွက်ပါ။ အကြောင်းမူကား၊ဘုရားသခင်သည် သင်နှင့်အတူအမှုဆောင်ရွက်တော်မူမည်။ ဘုရားသခင်၏စည်းစိမ်သို့ ဝင်စားဖို့ ထိုက်တန်သောသူအဖြစ်နှင့် သင်၏နာမည်ကို အသက်စာစောင်တွင် ဘုရားသခင်သည် ရေးထားတော်မူလိမ့်မည်။[8]

(1) 3T, 363,364; (2) 3T, 374; (3) 2T, 262-266; (4) 2T, 266,267; (5) 2T, 267,268; (6) 3T, 368-370; (7) 3T, 370, 371; (8) MYP, 21-23.

---o---

# အခန်း (၄၅)
# သားသမီးများအားဆုံးမသွန်သင်၍ ပညာသင်ကြားပေးရေး

လောက၌ဖြစ်ပေါ်နေသောသဘောကား၊ လူငယ်တို့အား မိမိတို့ စိတ်တိုင်းကျသဘာဝအလျောက် နေထိုင်သွားလာစေဖို့အခွင့်ပေးခြင်းဖြစ်သည်။ ၎င်းပြင် ပျိုရွယ်စဉ်အခါ အလွန်ရိုင်းစိုင်းလျှင် သူတို့သည် မကြာမီအမှန်တရားကိုရလာကြလိမ့်မည်ဟု မိဘတို့ကပြောဆိုကြ၏။ ၎င်းပြင် အသက်ဆယ့်ခြောက်နှစ်၊ ဆယ့်ရှစ်နှစ်အရွယ်သို့ရောက်သောအခါ မိမိတို့ကိုယ်တိုင် ဆင်ခြင်စဉ်းစားလျက် မှားသောအကျင့်တို့ကိုပယ်ရှားပြီးလျှင် နောက်ဆုံး၌ အသုံးကျသောယောကျ်ား၊ မိန်းမများဖြစ်လာကြလိမ့်မည်ဟုဆိုကြ၏။ မှားသော အချက်တစ်ခုပါတကား။ နှစ်များစွာသူတို့သည် စိတ်နှလုံးဉယျာဉ်ထဲ၌ ရန်သူအားမျိုးစေ့ကြဲစေရန် ခွင့်ပြုခဲ့ကြပြီ။ မှားသောအခြေခံတရားများကို ပွားများလာစေဖို့အခွင့်ပေးကြပြီ။ ၎င်းပြင် အများသောအမှု၌ နောက်မှထိုမြေပေါ်၌ ကြိုးစားအားထုတ်၍ လုပ်ကိုင်မှုရှိသမျှသည် အကျိုးမပေးဘဲနေလိမ့်မည်။

စာတန်သည် ပါးနပ်၍ ကြိုးစားအားထုတ်သောအလုပ်သမားတစ်ယောက်၊ သေစေအောင်ပြုတတ်သောရန်သူတစ်ဦးဖြစ်သည်။ လူငယ်အား ထိခိုက်စေရန် သတိမရှိသောစကားတစ်ခွန်းကိုပြောလိုက်သောအခါတိုင်း မြှောက်ပင့်၍ပြောဆိုသောအခါဖြစ်စေ၊ အပြစ်ကိုအနည်းငယ်မျှမုန်းတီးရွံရှာခြင်း မဖြစ်စေလောက်အောင် သူတို့၏စိတ်ထဲ၌ထင်မှတ်စေလောက်အောင် ပြောဆို သည့်အခါဖြစ်စေ စာတန်သည် အခွင့်အရေးယူလျက် အမြစ်စွဲ၍ များပြား စွာအသီးသီးစေမည်အကြောင်း ဆိုးသောမျိုးစေ့ကိုစိုက်ပျိုးပြုပြင်ပေးလေ၏။ အချို့သောမိဘတို့သည် မိမိတို့၏သားသမီးများအား မှားသောအကျင့်ဓလေ့ များကိုဖြစ်ပေါ်လာစေဖို့ အခွင့်ပြုထားကြသဖြင့် ၎င်းတို့၏အမှတ်လက္ခဏာကို တစ်သက်ပတ်လုံးတွေ့မြင်နိုင်ကြလိမ့်မည်။ ဤအပြစ်သည် မိဘတို့အပေါ်၌ တည်နေပေ၏။ ဤသားသမီးတို့သည် ခရစ်ယာန်များဟုခေါ်နေကြလိမ့်မည်။

သို့ရာတွင် စိတ်နှလုံးပေါ်၌ ကျေးဇူးတော်၏ပြုပြင်ခြင်းအမှုနှင့် အသက်တာတွင် သေချာစေ့စပ်စွာပြုပြင်ပြောင်းလဲမှုမရှိသဖြင့် သူတို့၏လွန်ခဲ့သောအကျင့်မျိုးကို သူတို့၏အသက်တာတစ်လျှောက်လုံးတွင် တွေ့မြင်နေရလျက် မိမိတို့၏မိဘများကဖြစ်ပေါ်လာစေဖို့ ခွင့်ပြုထားသောအကျင့်စာရိတ္တမျိုးကိုပင် သူတို့သည် ဆက်လက်ဖော်ပြနေကြလိမ့်မည်။[၁]

မိဘတို့သည် မိမိတို့၏သားသမီးများကို ကောင်းစွာအုပ်ချုပ်စီမံရမည်။ သူတို့၏အလိုရမ္မက်များကိုပြင်ပေးရမည်၊ ၎င်းပြင် မိဘတို့အလိုသို့လိုက်အောင် နှိပ်ကွပ်ဆုံးမရမည်၊ (သို့မဟုတ်) ဘုရားသခင်သည် ကြောက်စရာကောင်းလောက်အောင် အမျက်တော်ထင်ရှားသောနေ့၌ သားသမီးတို့ကို ဧကန်အမှန်ဖျက်ဆီးတော်မူလိမ့်မည်။ ၎င်းပြင် မိမိတို့၏သားသမီးတို့ကို နိုင်နင်းအောင်မအုပ်ချုပ်ခဲ့သောမိဘတို့သည် အပြစ်တင်ခွင့်နှင့်ကင်းလွတ်ကြမည်မဟုတ်။ အထူးသဖြင့် ဘုရားသခင်၏ကျွန်များသည် မိမိတို့၏အိမ်ထောင် များကို ကောင်းစွာအုပ်ချုပ်လျက် သူတို့အား မိမိတို့အလိုသို့ကောင်းစွာလိုက်နာရန် ပြုပြင်ပေးရမည်။ သူတို့သည် မိမိတို့၏အိမ်၌ကောင်းစွာမအုပ်ချုပ်နိုင်လျှင် အသင်းတော်၏အမှုကိစ္စများကို ဝေဖန်ဆုံးဖြတ်ရန် ပြင်ဆင်ခြင်းမရှိကြသည် ကို ကျွန်ုပ်မြင်ရသည်။ သူတို့၏အိမ်၌ ရှေးဦးစွာနေရာတကျ စီမံအုပ်ချုပ် ခြင်းရှိရမည်။ ထိုနောက်မှအသင်းတော်၌ သူတို့သည် ဝေဖန်စီရင်၍ ဩဇာ ညောင်းနိုင်ကြောင်းကို သေချာစွာထင်ရှားစေလိမ့်မည်။[၂]

သားသမီးတိုင်းသည် ညဥ့်အချိန်အိမ်မှထွက်ခွာသွားသောအခါ သူတို့ကိုသေချာစွာစစ်ဆေးမေးမြန်းရမည်။ မိမိတို့၏သားသမီးများသည် မည်ကဲ့သို့သောသူတို့နှင့်ပေါင်းဖော်၍ မည်သူ၏အိမ်၌ ညဥ့်ဦးအချိန်တွင် အချိန်ဖြုန်းတတ်ကြကြောင်းကို မိဘတို့သည် သိရှိရကြမည်။[၃]

လူတို့၏အတတ်ပညာသည် ဘုရားသခင်သိတော်မူသည်ထက် ပိုမို၍မတွေ့မသိရှိပေ၊ (သို့မဟုတ်) သားသမီးတို့နှင့်သက်ဆိုင်၍ ကျွန်ုပ်တို့၏ဘုရားသခင်ပေးတော်မူသောအရာထက် သာ၍အမြော်အမြင်ရှိသောစီမံကိန်းကိုမစီမံခဲ့ပေ။ သားသမီးတို့၌လိုအပ်သောအရာအပေါင်းတို့ကို သူတို့၏

ဖန်ဆင်းရှင်ထက် မည်သူသည် သာ၍သိရှိနားလည်နိုင်မည်နည်း။ သူတို့၏ ကောင်းကျိုးအလိုငှာ မိမိ၏အသွေးတော်အားဖြင့် သူတို့အားဝယ်ယူတော်မူ သောကိုယ်တော်ထက် မည်သူသည် သာ၍လေးနက်စွာစိတ်ပါဝင်စားခြင်း ရရှိ နိုင်မည်နည်း။ ဘုရားသခင်၏နှုတ်ကပတ်တော်ကို သေချာစွာလေ့ကျက် ဖတ်ရှု၍ သစ္စာနှင့်လိုက်နာစောင့်ရှောက်ခဲ့လျှင် ဆိုးသောသားသမီးတို့၏ လမ်းလွဲနေသော အကျင့်ဓလေ့တို့အတွက် စိတ်ပူဆွေးရခြင်းများစွာရှိလိမ့်မည် မဟုတ်။

မိဘများကဝန်ခံ၍ ဂရုစိုက်အပ်သောအခွင့်အရေးသည် သားသမီး များ၌ရှိပေသည်။ သူတို့အဖို့အသုံးဝင်၍ ရိုသေလေးစားမှုရှိစေလျက် ဤဘဝ ရှိအဖွဲ့အစည်းတွင် နှစ်သက်ချစ်ခင်ဖွယ်အသင်းသားများဖြစ်စေ၍ ဖြူစင် သန့်ရှင်းသော နောင်ဘဝ၏အဖွဲ့အစည်းနှင့်သင့်လျော်အောင် ပြုပြင်ပေးသော အကျင့်ကိုရရှိစေသော ပညာသင်ကြားလေ့လာရေးမျိုးကို သူတို့သည်ရရှိနိုင်ဖို့ အခွင့်အရေးရှိပေသည်။ သူတို့၏ပစ္စုပ္ပန်နှင့်အနာဂတ်ကောင်းစားရေးသည် အများအားဖြင့်ငယ်ရွယ်စဉ်အခါနှင့်ပျိုရွယ်စဉ်အခါ၌ ဖြစ်ပေါ်လာသောအကျင့် ဓလေ့တို့အပေါ်၌ မှီခိုလျက်ရှိသည်ကို လူငယ်တို့အားသွန်သင်ပေးရမည်။၄

ကျမ်းစာကိုရိုသေလေးမြတ်၍ ၎င်း၏သွန်သင်ချက်တို့ကိုလိုက်နာနေ ကြသည်ဟု ပြောဆိုနေကြသောယောကျာ်း၊ မိန်းမတို့သည် အများသောအချက် တို့၌ ကျမ်းစာ၏အမိန့်တော်အတိုင်း လိုက်နာပြုကျင့်ခြင်းမရှိကြ။ သားသမီး များကိုသွန်သင်လေ့ကျင့်ပေးရာ၌ ဘုရားသခင်ကဖော်ပြထားသောအလိုတော် ထက် မိမိတို့လွဲမှားသောဇာတိပကတိသဘောကို လိုက်နာကျင့်ဆောင်နေကြ သည်။ ဤကဲ့သို့တာဝန်ကိုဂရုမစိုက်မှုကြောင့် ထောင်ပေါင်းများစွာသော ဝိညာဉ်တို့သည် ဆုံးရှုံးရကြလေ၏။ သားသမီးများအား မှန်ကန်စွာသွန်သင် ဆုံးမရန်အတွက် ကျမ်းစာကနည်းဥပဒေများကို စီမံဖော်ပြထားပါသည်။ ဘုရားသခင်ပေးတော်မူသောဤအမိန့်များကို မိဘတို့သည် ဂရုစိုက်သတိပြု ကြလျှင် ကျွန်ုပ်တို့သည် ယနေ့လောကဇာတ်ခုံတွင် ခြားနားသောပျိုရွယ်သူတို့ ကိုတွေ့မြင်ရကြလိမ့်မည်။ သို့ရာတွင် ကျမ်းစာကိုဖတ်သောသူ၊ ကျမ်းစာကို

လိုက်နာစောင့်ရှောက်သူများဟုခေါ်နေကြသောမိဘတို့သည် ၎င်း၏သွန်သင်ချက်များမှ အသေအချာလမ်းလွဲလျက်ရှိနေကြသည်။ မိမိတို့၏မှားသောချစ်ခြင်းမျိုးဖြင့် မိမိတို့၏သားသမီးများကိုပျက်စီးစေလျက် မိမိတို့ကိုယ်တိုင်ဤဝမ်းနည်းပူဆွေးခြင်းကို မိမိတို့အပေါ်သို့သက်ရောက်စေသည်ကို အနည်းငယ်မျှမသိဘဲ မိမိတို့သားသမီး၏အကျင့်ဓလေ့အတွက် ငိုကြွေးမြည်တမ်းနေကြသောမိခင်၊ ဖခင်တို့ထံမှ ဝမ်းနည်းပူဆွေးခြင်းနှင့်အော်ဟစ်သံကို ကျွန်ုပ်တို့သည်ကြားနေရကြ၏။ မိမိတို့၏သားသမီးများအား ငယ်ရွယ်စဉ်အခါကာလကပင် မှန်သောအလေ့အကျင့်ကိုဖြစ်စေရန် သွန်သင်လေ့ကျင့်ပေးဖို့ ဘုရားသခင်ပေးသနားတော်မူသောတာဝန်များကို သူတို့သည် အသေအချာသိမှတ်ခြင်းမပြုကြချေ။၁

ခရစ်ယာန်သားသမီးတို့သည် လောကီကောင်းချီးမင်္ဂလာများထက်ဘုရားသခင်ကိုကြောက်ရွံ့သောမိဘတို့၏ချစ်ခြင်းမေတ္တာနှင့် ချီးမွမ်းနှစ်သက်ခြင်းသဘောကိုလိုလာကြလိမ့်မည်။ သူတို့သည် မိဘများကိုချစ်၍ ရိုသေလေးစားကြလိမ့်မည်။ မိဘတို့အားပျော်ရွှင်စေရန် မည်ကဲ့သို့ပြုရမည်နည်းဟူသောအချက်သည် သူတို့အသက်တာတွင် အကြီးဆုံးလေ့လာမှုတစ်ခုဖြစ်ရမည်။ ပုန်ကန်တတ်သော ဤခေတ်ကာလတွင် မှန်ကန်သောသွန်သင်ဆုံးမခြင်းကိုမရရှိခဲ့သောသားသမီးတို့သည် မိဘများအပေါ်၌စောင့်ရှောက်ရန် တာဝန်များရှိသည်ကို အနည်းငယ်မျှမသိတတ်ကြ။ မကြာခဏ မိဘများကသူတို့အားသာ၍ပြုစုခဲ့လေလေ၊ သူတို့သည် သာ၍ကျေးဇူးကင်းမဲ့လျက် အရိုအသေနည်းလေလေဖြစ်တတ်သည်။

အများအားဖြင့် သားသမီးတို့၏နောင်ကာလပျော်ရွှင်ချမ်းသာရေးသည် မိဘတို့၏လက်ထဲ၌တည်ရှိနေပေသည်။ ဤသားသမီးတို့၏အကျင့်စာရိတ္တပြုပြင်ရေးတည်းဟူသော အရေးကြီးသောလုပ်ငန်းသည် သူတို့အပေါ်၌ကျရောက်နေ၏။ ငယ်ရွယ်စဉ်အခါရရှိသောသွန်သင်ဆုံးမခြင်းသည် သူတို့၏အသက်တာတစ်လျှောက်လုံးအတွက် အကျိုးရှိသွားလိမ့်မည်။ မိဘများကစိုက်ပျိုးခဲ့သောမျိုးစေ့သည် ကောင်းသောအသီး၊ မကောင်းသောအသီးတို့ကို

သီးစေလိမ့်မည်။ သူတို့သည် မိမိတို့၏သားများနှင့်သမီးများကို ပျော်ရွှင်စိတ်ချမ်းသာရေး (သို့မဟုတ်) စိတ်ဒုက္ခရောက်ရေးအတွက် သင့်လျော်အောင် ပြုပြင်ပေးနိုင်ကြသည်။[၆]

## မိဘများကသဘောတူညီရမည်

ကလေးသူငယ်များ၌ သိသာလွယ်၍ ခင်မင်နှစ်သက်တတ်သောသဘောရှိတတ်၏။ သူတို့သည် အလွယ်တကူနှစ်သက်တတ်၍ အလွယ်တကူဝမ်းနည်းတတ်သည်။ မေတ္တာနှင့်ပြောဆိုပြုမူလျက် ညင်သာစွာဆုံးမသွန်သင်ခြင်းအားဖြင့် မိခင်တို့သည် မိမိတို့၏ကလေးသူငယ်များအား မိမိတို့ကိုချစ်ခင်စွဲလမ်းကာ မေတ္တာကြိုးဖြင့်ချည်နှောင်စေနိုင်၏။ ပြင်းထန်ခြင်းနှင့်ကျပ်တည်းခြင်းသဘောကို ကလေးသူငယ်များအပေါ်၌ပြခြင်းအမှုသည် အမှားတစ်ခုဖြစ်၏။ အမြဲနှင့်မှန်မှန်တည်ကြည်လျက် ဒေါသမထွက်ဘဲ အုပ်ချုပ်မှုသည် အိမ်ထောင်တိုင်းကိုဆုံးမသွန်သင်စည်းကမ်းပေးရာ၌ လိုအပ်သောအချက်ဖြစ်သည်။ သင်ဆိုလိုသောအရာကို တည်ငြိမ်စွာပြောပြပါ။ဆင်ခြင်စဉ်းစားလျက် ပြုမူ၍ သင်ပြောဆိုသည်အတိုင်း အနည်းငယ်မျှမလွဲဘဲ ဆောင်ရွက်လော့။[၇]

သားသမီးတို့သည် ကြင်နာထောက်ထားမှုနှင့်ချစ်ခြင်းမေတ္တာကို မည်မျှတောင့်တ၍ သူတို့အားအပြစ်တင်လျက် ဒေါသနှင့်ကြိမ်းမောင်းဆုံးမသောအခါ သူတို့သည် မည်မျှစိတ်မကောင်းဖြစ်ခဲ့ကြကြောင်း မိမိတို့၏ငယ်ရွယ်စဉ်နှစ်ကာလများကို မိဘတို့သည် မမေ့အပ်ပေ။ သားသမီးတို့၏လိုအပ်သောအရာတို့ကို သိရှိနားလည်ရန် သူတို့သည် မိမိတို့၏စိတ်သဘောကို ပြန်၍ငယ်လာစေလျက် မိမိတို့စိတ်ဉာဏ်ကိုအောက်ကျလာစေရမည်။ သို့ရာတွင် တည်ကြည်မြဲမြံခြင်းနှင့်ချစ်ခြင်းမေတ္တာရောနှောလျက် သားသမီးတို့က မိမိတို့၏စကားကိုနားထောင်စေရန် ပြုလုပ်ပေးဖို့လိုပေသည်။ မိဘတို့၏စကားကို

သားသမီးတို့သည် နှောင့်နှေးခြင်းမရှိဘဲ တိကျသေချာစွာလိုက်နာစောင့်ရှောက် အပ်သည်။ ၉

မတည်မငြိမ်သောအိမ်ထောင်အုပ်ချုပ်ရေးသည် ကြီးစွာသောဘေးဥပဒ် ကိုဖြစ်စေတတ်သည်။ အမှန်အားဖြင့် အုပ်ချုပ်မှုမရှိသလောက်ပင်ဆိုးပေသည်။ ဘာသာရေး၌ကိုင်းရှိုင်းသော မိဘများတို့၏သားသမီးတို့သည် အဘယ်ကြောင့် ခေါင်းမာထင်ရှားစွာတော်လှန်ပုန်ကန်နေကြသနည်းဟူသောမေးခွန်းကို မကြာ ခဏ မေးတတ်ကြသည်။ အိမ်ထောင်၌သွန်သင်လေ့ကျင့်ပေးရေးတွင် အကြောင်း ရင်းကိုတွေ့ရှိရမည်။

မိဘများသည်သဘောမတူ၊ သဘောချင်းမတိုက်ဆိုင်ကြလျှင် နားလည် မှုကိုရရှိသည်အချိန်တိုင်အောင် မိမိတို့ကိုယ်တိုင် သားသမီးတို့ထံမှခွဲခွာနေပါစေ။

ဤကဲ့သို့ဆုံးမသွန်သင်ခြင်းအလုပ်တွင် မိဘတို့သည် စည်းလုံးခြင်း ရှိကြလျှင် မိမိအား အဘယ်သို့ပြုစေလိုကြောင်းကို သားသမီးသည် နားလည် လာလိမ့်မည်။ သို့ရာတွင် ဖခင်သည်အပြောအဆို၊ အပြုအမူအားဖြင့် မိခင်က ဆုံးမသွန်သင်စည်းကမ်းပေးမှုကို သဘောမတူကြောင်းဖော်ပြလျှင် မိခင်သည် အလွန်ကျပ်တည်း၍ ကြမ်းတမ်းမှုကိုပြေစေရန် ချော့မော့၊ အလိုလိုက်ရမည် ဟု ဖခင်သည်ထင်မှတ်လျှင် သားသမီးသည် ပျက်စီးသွားလိမ့်မည်။ သူသည် မိမိသဘောအတိုင်းပြုနိုင်မည်ဟု မကြာမီသူသည် သိရှိလာလိမ့်မည်။ မိမိတို့ ၏သားသမီးများအတွက် ဤအပြစ်ကိုကျူးလွန်သောမိဘတို့သည် သူတို့၏ ဝိညာဉ်ဆုံးရှုံးရေးအတွက် အစစ်ခံရကြလိမ့်မည်။ ၉

မိဘတို့သည် ရှေးဦးစွာမိမိကိုယ်ကိုအုပ်ချုပ်စိုးမိုးနိုင်အောင် လေ့ကျင့် ပေးရမည်။ ထိုနောက်မှ မိမိတို့၏သားသမီးတို့ကို သာ၍အောင်မြင်အကျိုး ဖြစ်ထွန်းစွာအုပ်ချုပ်နိုင်လိမ့်မည်။ သူတို့သည် ကိုယ်ကိုကိုယ်ချုပ်တည်းနိုင်ခြင်း မရှိ။ စိတ်မချုပ်တည်းနိုင်ဘဲပြောဆိုပြုမူသောအခါတိုင်း သူတို့သည်ဘုရားသခင် ကိုပြစ်မှား၏။ သူတို့သည် ပထမဦးစွာ သားသမီးတို့နှင့်ဆွေးနွေးပြောဆို၍ အမှားများကိုသေချာထင်ရှားစွာညွှန်ပြပြီး သူတို့၏အပြစ်ကိုဖော်ပြရမည်။

ထိုနောက် သူတို့သည် မိဘများကိုသာမက ဘုရားသခင်ကိုပင်ပြစ်မှားကြောင်း သူတို့အားသိမှတ်စေရမည်။ မိမိ၏စိတ်နှလုံးကိုနှိမ့်ချလျက်၊ သင်၏မှားယွင်းသောသားသမီးအတွက် သနားကြင်နာခြင်း၊ ဝမ်းနည်းခြင်းနှင့်ပြည့်ဝလျက် သူတို့အားပြုပြင်ဆုံးမခြင်းမပြုမီ သူတို့နှင့်အတူဆုတောင်းပါ။ ထိုအခါ သင်၏ဆုံးမခြင်းအမှုကြောင့် သင်တို့၏သားသမီးတို့သည် သင့်ကိုမုန်းကြလိမ့်မည်မဟုတ်။ သူတို့သည် သင်တို့ကိုချစ်လာလိမ့်မည်။ သူတို့သည် သင်တို့အားစိတ်မသက်သာစေသောကြောင့်၊ (သို့မဟုတ်) သူတို့အပေါ်၌ သူတို့မနှစ်သက်ဖွယ်သဘောကိုပြလိုသောကြောင့် အပြစ်ဒဏ်ပေးခြင်းမဟုတ်ဘဲ သူတို့သည် အပြစ်၌နှစ်နေစေရန်ပစ်ထားခြင်းမခံရမည်အကြောင်း၊ သူတို့၏ကောင်းကျိုးအတွက် တာဝန်ဝတ္တရားကို သိနားလည်ခြင်းကြောင့်သာ ဆုံးမအပြစ်ဒဏ်ပေးရကြောင်းကို သူတို့သိမြင်လာကြလိမ့်မည်။[၁၀]

## အလွန်ပြင်းထန်ကျပ်တည်းစွာသွန်သင်ဆုံးမခြင်း၏ဘေးဥပဒ်

ဆုံးမသွန်သင်ခြင်းခံနေရစဉ် ကောင်းစွာအကျင့်ရရှိပြီးသည်ဟုထင်ရသော သားသမီးများရှိသောအိမ်ထောင်များစွာရှိကြသည်။ သို့ရာတွင် သူတို့အားအုပ်ချုပ်နေသောစည်းကမ်းစနစ်များသည် ပျက်ကွက်သွားသောအခါ သူတို့သည် မိမိတို့ကိုယ်တိုင်ဆင်ခြင်စဉ်းစားခြင်း၊ ပြုမူလုပ်ကိုင်ခြင်း၊ဝေဖန် ဆုံးဖြတ်ခြင်းမရှိနိုင်ဟု ထင်မြင်ရသည်။

သူတို့၌အကြံဉာဏ်တိုးပွား၍ မိမိကိုယ်ကိုလေးစားသောစိတ်ရှိလျက် မိမိတို့၏စွမ်းရည်ကို ယုံကြည်အားထားမှုရှိမည်အကြောင်း မိမိတို့၏စွမ်းရည်သတ္တိနှင့်စိတ်သဘောအခြေအနေအလျောက် မိမိတို့ကိုယ်တိုင်ဆင်ခြင်ပြုမူလုပ်ကိုင်နိုင်စေခြင်းငှာ သင့်လျော်စွာသူတို့အား ညွှန်ကြားလမ်းပြပေးခြင်းမရှိဘဲ ပြင်းထန်ကျပ်တည်းစွာ လူငယ်တို့အား သွန်သင်လေ့ကျင့်ပေးခြင်းဖြင့် ဉာဏ်ခွန်အား၊ အကျင့်နှင့်ဆိုင်သောခွန်အားတွင် အားနည်းသောလူစားမျိုးကို ဖြစ်ပေါ်လာစေလိမ့်မည်။ ၎င်းပြင် မိမိတို့ကိုယ်တိုင်ပြုမူလုပ်ကိုင်ရန် လောကထဲသို့ရောက်

သွားသောအခါ သူတို့သည် ပညာသင်ကြားပေးခြင်းမခံရဘဲ တိရစ္ဆာန်များကဲ့သို့လေ့ကျင့်ပေးခြင်းခံရကြောင်းကို ထင်ရှားစေလိမ့်မည်။ မိဘနှင့်ဆရာများတို့၏ပြင်းထန်ကျပ်တည်းသောသွန်သင်ဆုံးမခြင်းအားဖြင့် သူတို့၏စိတ်အလိုဆန္ဒသည် ညွှန်ကြားလမ်းပြပေးခြင်းမခံရဘဲ အတင်းအဓမ္မနှိပ်ကွပ်ခြင်းခံရကြလေပြီ။

မိမိတို့ကြည့်ရှုပြုစုထားရာ၌ ကလေးသူငယ်တို့၏စိတ်သဘောနှင့်အလိုဆန္ဒကို လုံးလုံးအုပ်ချုပ်စိုးမိုး၍ရကြသည်ဟု ကြွားဝါနေသောမိဘများနှင့်ဆရာများတို့သည် အတင်းအဓမ္မအားဖြင့်လည်းကောင်း၊ ကြောက်ရွံ့သောကြောင့်လည်းကောင်း ထိုသို့နှိပ်ကွပ်ခြင်းခံရသော ကလေးသူငယ်တို့၏နောင်အသက်တာကို လိုက်လံကြည့်ရှုနိုင်ကြလျှင် သူတို့သည် မိမိတို့၏ကြွားဝါမှုကိုရပ်ထားရကြလိမ့်မည်။ ဤသူတို့သည် အသက်တာ၏ခက်ထန်သောတာဝန်များကို ပါဝင်ဆောင်ရွက်ရန် လုံးလုံးပြင်ဆင်ခြင်းမရှိလှချေ။ အခြေအနေ၏လက္ခဏာမှာ တစ်ချိန်က ချီးမွမ်းဖွယ်ဖြစ်သော်လည်း မိမိတို့၏တပည့်တော်များ၏အလိုဆန္ဒများကို လုံးလုံးစိုးမိုးချုပ်ချယ်နိုင်သည်ဟု စိတ်ကျေနပ်လျက်ရှိသောဆရာများတို့သည် များစွာအောင်မြင်သောဆရာများမဟုတ်ကြချေ။

သူတို့သည် မကြာခဏ မိမိတို့ကိုယ်ကိုများစွာဆုတ်ခွာနေကြပြီးလျှင် စိမ်းကား၍ ထောက်ထားစာနာမှုကင်းသောအပြုအမူမျိုးနှင့် မိမိတို့၏အာဏာကိုအသုံးပြုကြသဖြင့် မိမိတို့၏သားသမီးနှင့်တပည့်များ၏စိတ်ကို မဆွဲဆောင်နိုင်ကြချေ။ သူတို့သည် မိမိတို့ထံသို့ကလေးသူငယ်များကို ရင်းနှီးစွာစုရုံးစေလျက် သူတို့ကိုချစ်ခင်ကြောင်းဖော်ပြ၍ သူတို့၏ကြိုးစားဆောင်ရွက်မှုအပေါင်းနှင့် အားကစားမှု၌ပင်စိတ်ဝင်စားကြောင်းကိုထင်ရှားစေပြီး တစ်ခါတစ်ရံကလေးသူငယ်တို့အထဲတွင် ကလေးတစ်ယောက်ကဲ့သို့ပင်သဘောထားလျှင် သူတို့သည် ကလေးများကိုပျော်ရွှင်စေသဖြင့် သူတို့၏ချစ်ခြင်းမေတ္တာကိုရရှိလျက် သူတို့၏ယုံကြည်အားကိုးမှုကိုခံရလိမ့်မည်။ ၎င်းပြင် ကလေးသူငယ်တို့သည် မကြာမြင့်မီ မိဘနှင့်ဆရာသမားတို့၏ဩဇာအာဏာကို ရိုသေကိုင်းရှိုင်း၍ နှစ်သက်သဘောကျလာကြလိမ့်မည်။

အခြားတစ်ဖက်ကကြည့်လျှင် လူငယ်တို့အား မိဘနှင့်ဆရာများတို့၏ဝေဖန်ဆုံးဖြတ်ချက်ကိုအားမကိုးဘဲ မိမိတို့သဘောအတိုင်းကြံစည်ပြုလုပ်ဖို့ရန်ပစ်မထားရ။ သားသမီးတို့သည် အတွေ့အကြုံရှိသောသူတို့၏ဝေဖန်ဆုံးဖြတ်ချက်တို့ကိုလေးစား၍ မိဘနှင့်ဆရာများ၏လမ်းညွှန်ခြင်းကိုခံယူရန်လေ့လာရကြမည်။ သူတို့၏စိတ်သဘောသည် မိဘနှင့်ဆရာသမားတို့၏စိတ်သဘောနှင့်ဆက်သွယ်လာမည်အကြောင်း သူတို့သည် သင်ကြားလေ့လာရကြမည်။ ၎င်းပြင် သူတို့၏အကြံဉာဏ်ပေးချက်များကို ဂရုစိုက်သတိပြုဖို့သင့်လျော်ကြောင်းကို သိမြင်နိုင်မည်အကြောင်း သူတို့သည် သွန်သင်လမ်းပြခြင်းကို ခံယူရကြမည်။ ထိုနောက် မိဘများနှင့်ဆရာသမားတို့၏လမ်းပြသွန်သင်ခြင်းမှလွတ်မြောက်သွားသောအခါ သူတို့၏အကျင့်စာရိတ္တများသည်လေထဲ၌လှုပ်ရှားသောကျူပင်နှင့်တူကြလိမ့်မည်မဟုတ်။[၁၁]

## သားသမီးများအားအသိပညာနည်းသောအခြေအနေ၌ ကြီးပွားစေခြင်းသည်အပြစ်တည်း

အချို့သောမိဘတို့သည် မိမိတို့၏သားသမီးများအား ဘာသာရေးပညာကိုသင်ကြားမပေးကြ၊ ၎င်းပြင် ကျောင်းပညာကိုလည်းသင်ကြားစေဖို့ဂရုမစိုက်ကြ။ မည်သည့်ပညာကိုမျှမသင်ဘဲမနေစေရ။ ကလေးသူငယ်၏စိတ်သည် လှုပ်ရှားနေရမည်။ ၎င်းပြင် ကိုယ်ကာယနှင့်ဆိုင်သောလုပ်ငန်းကိုမလုပ်၊ စာပေလေ့ကျက်ခြင်းမရှိလျှင် သူတို့သည် ဆိုးသောအရာတို့၏သြဇာညောင်းမှုကိုခံရကြလိမ့်မည်။ အသိဉာဏ်ခေါင်းပါးမှု၌ သားသမီးတို့အားကြီးပွားနေစေရန် မိဘတို့က အခွင့်ပြုထားခြင်းသည် အပြစ်ဒုစရိုက်တစ်ခုဖြစ်၏။ သူတို့အတွက်အသုံးကျ၍ စိတ်ပါဝင်စားဖွယ်ကောင်းသော စာအုပ်စာတမ်းများကိုထားပေးရမည်။ ၎င်းပြင် သူတို့အားအလုပ်တစ်ခုခုလုပ်စေရန် ကိုယ်ကာယလှုပ်ရှားစေသောအလုပ်လုပ်ချိန်များရှိစေရန်နှင့် စာပေဖတ်ရှုလေ့လာ ဖို့အချိန်များပေးထားရန် သွန်သင်ပေးရမည်။ မိဘတို့သည် သားသမီးတို့၏

စိတ်သဘောကိုမြှင့်တင်ပေး၍ သူတို့၏ဉာဏ်စွမ်းသတ္တိကိုတိုးပွားစေရမည်။ စိတ်သဘောကိုမိမိအလိုအလျောက်နေစေလျက် ပြုပြင်မပေးဘဲထားလျှင် ၎င်းသည် အများအားဖြင့် ယုတ်ညံ့၊ ကာမဂုဏ်လိုက်စား၍ ပျက်စီးယိုယွင်းတတ်၏။ စာတန်သည် အခွင့်အရေးရရှိလျက် ပျင်းရိထိုင်းမှိုင်းသောစိတ်သဘောကိုဖြစ်စေ၏။[၂]

မိခင်၏အလုပ်သည် နို့စို့သူငယ်နှင့်အစပြု၏။ သူမသည် သူငယ်၏စိတ်အလိုဆန္ဒနှင့်သဘောထားကို နှိပ်ကွပ်ပေး၍ မိမိ၏အလိုသို့လိုက်စေလျက် နားထောင်ရန်သွန်သင်ပေးရမည်။ သူငယ်သည် ကြီးပြင်းလာသောအခါ လက်မလျှော့ပါနှင့်။ မိခင်တိုင်းသည် မိမိ၏သားသမီးများနှင့်ဆွေးနွေး၍ သူတို့၏အမှားကိုပြုပြင်ပေးရန်အချိန်ယူပါ။ ၎င်းပြင် သူတို့အားမှန်သောလမ်း ကိုသည်းခံလျက်သွန်သင်ပေးပါ။ မိမိတို့သည် မိမိတို့၏သားသမီးများကို ဘုရားသခင်၏သားသမီးများဖြစ်လာဖို့သင့်လျော်စေရန် သွန်သင်ပြုပြင်ပေးနေရသည်ကို ခရစ်ယာန်မိဘတိုင်းသိရှိရကြမည်။ သားသမီးတို့၏ခရစ်ယာန် ဘာသာရေးအတွေ့အကြုံတစ်ခုလုံးကို ငယ်ရွယ်စဉ်အခါရရှိသောသွန်သင်လမ်းပြ ခြင်း၊ အကျင့်စာရိတ္တကိုပြုပြင်ပေးခြင်းအမှုအားဖြင့် ဩဇာညောင်းလျက်ရှိ၏။ သင်တို့၏အလိုဆန္ဒကိုထိုအခါကနှိမ်မပေး၊ မိဘတို့၏အလိုသို့မလိုက်စေခဲ့ လျှင် နောင်နှစ်များတွင်သင်ရန်စာကိုလေ့လာသင်ကြားဖို့ အလွန်ခဲယဉ်းသောအမှု တစ်ခုဖြစ်လိမ့်မည်။ ဘယ်အခါမျှ နှိပ်ကွပ်ခြင်းမရှိခဲ့သော ထိုအလိုဆန္ဒအား ဘုရားသခင်၏အလိုတော်ကိုလိုက်စေရန် အမှုသည် မည်မျှပြင်းထန်သော အားထုတ်မှု၊ မည်မျှကြီးသောတိုက်လှန်မှုဖြစ်သနည်း။ ဤအရေးကြီးသော လုပ်ငန်းကို အမှုမထားဂရုမစိုက်သောမိဘတို့သည် ကြီးကျယ်သောအမှား ကိုပြုလျက် မိမိတို့၏သနားစရာကောင်းသောသားသမီးတို့ကိုလည်းကောင်း၊ ဘုရားသခင်ကိုလည်းကောင်း ပြစ်မှားကြလေပြီ။[၃]

မိဘများတို့၊ ဘုရားသခင်က သင်တို့၏သားသမီးတို့အား ပညာသင်ကြားပေးစေရန် ပေးအပ်ထားသောတာဝန်ကို သင်တို့သည်မထမ်းဆောင်လျှင် အကျိုးအပြစ်အတွက် သင်တို့သည် ဘုရားသခင်အားဖြေကြားရကြမည်။

ဤအကျိုးအပြစ်တို့သည် သင်တို့၏သားသမီးတို့နှင့်သာ သက်ဆိုင်သည်မဟုတ်။ ဆူးပင်တစ်ပင်ကိုလယ်ထဲ၌ပေါက်စေလျှင် ၎င်းဆူးပင်မျိုးသည် ပွားများလာလိမ့်မည်။ ထို့အတူ သင်တို့၏ဂရုမစိုက်မှုကြောင့် ဖြစ်ပေါ်လာသော အပြစ်များသည် ၎င်းတို့၏ဩဇာညောင်းမှုကိုခံရသောသူအပေါင်းတို့ကို ပျက်စီး စေလိမ့်မည်။[၁၄]

ဘုရားသခင်၏ကျိန်ခြင်းအမင်္ဂလာသည် အမှန်ပင်သစ္စာမရှိသော မိဘတို့အပေါ်သို့ကျရောက်လိမ့်မည်။ သူတို့သည် ဤဘဝ၌ မိမိတို့ကို အနာတရဖြစ်စေမည့်ဆူးပင်များကို စိုက်ပျိုးနေသည်သာမက တရားစီရင်သော အမှုရောက်လာသောအခါ သူတို့သည် မိမိတို့၏သစ္စာမရှိခြင်းအဖြစ်ကို ချေပပြောဆိုရကြလိမ့်မည်။ တရားစီရင်ရာနေ့၌ များစွာသောသားသမီးတို့သည် ထလျက် မိမိတို့အား တားဆီးပိတ်ပင်ခြင်းမပြုခဲ့သည်အတွက် မိမိတို့၏မိဘ များကိုအပြစ်တင်လျက် သူတို့၏ပျက်စီးခြင်းအတွက် မိဘကိုစွပ်စွဲကြလိမ့် မည်။ မိဘတို့၏မှားသောထောက်ထားစာနာမှုနှင့်ကန်းသောမေတ္တာကြောင့် မိမိတို့၏သားသမီးများ၏ အပြစ်များကိုလွှတ်၍ ပြုပြင်ဆုံးမခြင်းမပြုဘဲထားသဖြင့် သူတို့၏သားသမီးများသည် အဆုံး၌ပျက်စီးဆုံးပါးကြ၍ သူတို့၏ အသွေးသည် သစ္စာမရှိသောမိဘတို့အပေါ်သို့ကျရောက်လိမ့်မည်။[၁၅]

## ပျင်းရိခြင်း၏ဘေးအန္တရာယ်

ပျင်းရိခြင်းကြောင့် ဖြစ်ပေါ်လာသောအပြစ်များစွာရှိလာကြောင်း ကျွန်ုပ်တို့အားဖော်ပြထားပြီ။ လှုပ်ရှားနေသောလက်နှင့်စိတ်များသည် ရန်သူက အကြံပေးသောသွေးဆောင်ခြင်းရှိသမျှကို ဂရုစိုက်နေရန်အချိန်မရချေ။ သို့ရာတွင် ပျင်းရိသောလက်နှင့်ဦးနှောက်သည် စာတန်၏စိုးမိုးခြင်းကိုခံယူရန် အမြဲအသင့်ရှိ၏။ စိတ်သည် သင့်လျော်စွာအလုပ်မလုပ်ဘဲနေလျှင် မကောင်းသောအရာတို့ကိုစွဲလမ်းတတ်၏။ ပျင်းရိခြင်းသည် အပြစ်ဖြစ်ကြောင်းကို သားသမီးတို့အား မိဘတို့က သွန်သင်ပေးရမည်။[၁၆]

ဆိုးသောအမှုသို့သွေးဆောင်ရာတွင် သားသမီးများအား ဘာမျှမလုပ်၊ သူတို့သဘောအတိုင်းပြုမူစေရန် ပျင်းရိ၊ ရည်ရွယ်ချက်မရှိသောအသက်တာ၌ပစ်ထားလျက် သူတို့ထံမှတာဝန်ရှိသမျှကိုပယ်ရှားထားခြင်းအမှုထက်သာ၍ သေချာသောအရာမရှိချေ။ ကလေးသူငယ်တို့၏စိတ်သည် လှုပ်ရှားနေသဖြင့် ကောင်းမြတ်၊ အသုံးဝင်သောအရာနှင့်ပြည့်ဝမနေလျှင် ၎င်းတို့သည် မကောင်းသောအမှုအရာဘက်သို့ တကယ်ပင်ပြောင်းလဲသွားလိမ့်မည်။ သူတို့၌အားဖြည့်စေရန် အားလပ်ခွင့်ရရှိစေခြင်းသည် မှန်ကန်၍ လိုအပ်သောအရာဖြစ်သော်လည်း ကိုယ်ကာယနှင့်ဆိုင်သောအလုပ်နှင့်စာပေဖတ်ရှုလေ့ကျက်ခြင်းအတွက် အချိန်မှန်မှန်ထားလျက် အလုပ်အကိုင်လုပ်ကိုင်စေရန် သူတို့အား သွန်သင်ပေးရမည်။ သူတို့နှင့်ကိုက်ညီသောအလုပ်အကိုင်များရှိ၍ အသုံးကျပြီး စိတ်ဝင်စားဖွယ်ဖြစ်သော စာအုပ်စာတမ်းများထားရှိရမည်ကိုသတိပြုပါ။[၁၇]

ကလေးငယ်များသည် မကြာခဏစိတ်အားကြီးစွာအလုပ်တစ်ခုကို အစပြုလုပ်ကိုင်၏။ သို့ရာတွင် စိတ်ရှုပ်လာသောအခါ၊ (သို့မဟုတ်) ငြီးငွေ့လာသောအခါ သူတို့သည် အသစ်သောအလုပ်တစ်ခုကို ပြောင်းလဲလုပ်ကိုင်လိုကြ၏။ ထိုသို့အားဖြင့်သူတို့သည် များစွာသောအလုပ်တို့ကိုလုပ်၍ စိတ်ပျက်စရာအနည်းငယ်တွေ့သောအခါ လက်လွှတ်လိုက်ကြ၏။ ထိုနည်း အားဖြင့် သူတို့သည် အလုပ်တစ်ခုမှတစ်ခုသို့ပြောင်းလဲလုပ်ကြရာ ဘယ်အရာ မျှစုံလင်ပြီးမြောက်ခြင်းမရှိ။ သားသမီးများတို့၌ ပြောင်းလဲမှုကိုနှစ်သက်လာ တတ်သောသဘောကို မိဘတို့ကအခွင့်မပြုအပ်ပေ။ သူတို့သည် တိုးပွားနေ သောစိတ်ကို သည်းခံလျက် ပြုပြင်ပေးရန်အချိန်မရနိုင်မည်အကြောင်း သူတို့ သည် အခြားသောအရာများနှင့်အလွန်အလုပ်များမနေအပ်ပေ။ သင့်လျော် သောအချိန်၌ အားပေးစကားအနည်းငယ် (သို့မဟုတ်) အနည်းငယ်သော အကူအညီအားဖြင့် သူတို့၏ခက်ခဲခြင်းနှင့်စိတ်ပျက်ခြင်းတို့ကို ပပျောက်သွား စေလိမ့်မည်။ မိမိတို့လုပ်ကိုင်နေရသောအလုပ်သည် ပြီးစီးသွားသည်ကိုမြင်ရ သဖြင့် စိတ်ကျေနပ်ခြင်းရှိလာသဖြင့် သူတို့သည် သာ၍ကြီးကျယ်သောအလုပ် ကိုလုပ်ဆောင်ရန် အားတက်လာကြလိမ့်မည်။[၁၈]

ချော့မော့၍စောင့်ကြည့်နေခြင်းခံရသောကလေးများသည် အမြဲဤသို့ပြုစေရန်မျှော်လင့်နေ၏။ ၎င်းပြင် မျှော်လင့်သည်အတိုင်းဖြစ်မလာလျှင် သူတို့သည် စိတ်ပျက်အားလျော့လာတတ်ကြသည်။ ဤသဘောမျိုးကို သူတို့၏အသက်တာတစ်လျှောက်လုံးတွင် တွေ့မြင်ရလိမ့်မည်။ သူတို့သည် အကူအညီကင်းမဲ့လျက် အခြားသောသူအား အကူအညီရရှိစေရန်မှီခိုနေကြပြီး အခြားသောသူတို့သည် သူတို့ကိုမျက်နှာလိုက်လျက် သူတို့၏အလိုသို့လိုက် လိမ့်မည်ဟုမျှော်လင့်နေတတ်ကြသည်။ ၎င်းပြင် သူတို့ကိုဆန့်ကျင်ဘက်ပြု မိသောအခါ သူတို့သည် ယောကျာ်းကြီး၊ မိန်းမကြီးများအဖြစ်သို့ကြီးပြင်း လာသည့်တိုင်အောင်ပင် သူတို့အပေါ်၌ရက်စက်သည်ဟု ထင်မှတ်တတ်ကြ သည်။ ထိုသို့အားဖြင့် သူတို့သည် လောကတွင်အသက်တာလမ်းတစ်လျှောက်လုံး မိမိတို့၏တာဝန် ကိုပင်ထမ်းဆောင်ရန် မတတ်နိုင်သလောက်ဖြစ်လျက် အရာခပ်သိမ်းသည် မိမိတို့အလိုနှင့်မကိုက်ညီသောကြောင့် ညည်းညူစိတ်ခုလျက် စိတ်ပင်ပန်းနေတတ်ကြသည်။[၁၉]

အိမ်ရှင်မတစ်ယောက်သည် မိမိ၏အလုပ်နှင့်အိမ်သားတို့၏အလုပ်အားလုံးကိုလုပ်ရလျက် ထင်းနှင့်ရေကိုသယ်ရ၍ ထင်းပေါက်ရန်ပုဆိန်ကိုပင်သွေးပေးရပြီး ခင်ပွန်းနှင့်သားသမီးများသည် ဧည့်ခန်းတွင်အေးဆေးစွာထိုင်လျက် စကားစမြည်ပြောနေကြလျှင် သူမသည် မိမိကိုယ်တိုင်နှင့်အိမ်သားတို့အား ကြီးစွာသောအမှားကိုပြု၏။ ဇနီးနှင့်မိခင်ဖြစ်သူတို့သည် မိမိတို့အိမ်ထောင်၏ကျွန်ဖြစ်ရသည်ဟု ဘယ်အခါမျှစီမံထားတော်မမူ။ သားသမီးများတို့သည် အိမ်ထောင်၏ဝန်ထုပ်များကိုထမ်းဆောင်ရန် သွန်သင်ပေးခြင်းမခံရသောအခါ အများသောမိခင်တို့သည် စိုးရိမ်ပူပန်ခြင်းနှင့်ပင်ပန်းနွမ်းရိလျက်ရှိတတ်ကြသည်။ ဤအကြောင်းကြောင့် သူမသည် အိုမင်းလာ၍အချိန်မကျဘဲသေဆုံးရလျက် အတွေ့အကြုံ၌ ကျွမ်းကျင်မှုမရှိသေးသောသားသမီးတို့ကိုလမ်းပြဖို့ မိခင်ကိုလိုသောအချိန်၌ သူတို့ကိုစွန့်ခွာသွားရလေ၏။ မည်သူကိုအပြစ်တင်ရမည်နည်း။

ခင်ပွန်းတို့သည် ဇနီး၏စိုးရိမ်ပူပန်မှုများကိုပယ်ရှားရန် တတ်နိုင်သမျှ ကြိုးစား၍ လုပ်ကိုင်ဆောင်ရွက်ပေးရမည်၊ ၎င်းပြင် သူမကိုနှစ်သိမ့်အားပေးရမည်။ ပျင်းရိခြင်းသည် မကြာမီ အကျင့်ဖြစ်လာတတ်သောကြောင့် သားသမီးတို့တွင် ပျင်းရိခြင်းသဘောကိုဖြစ်ပေါ်လာစေရန် ဘယ်သောအခါမျှခွင့်မပြုအပ်။[၂၀]

## မိဘတို့၊ သင်တို့၏သားသမီးများကို သခင်ခရစ်တော်ထံသို့ပို့ဆောင်လော့

သားသမီးတို့သည် မှန်သောအရာကိုပြုလုပ်လိုကြသည်။ သူတို့သည် မိဘ (သို့မဟုတ်) အုပ်ထိန်းသူတို့၏စကားကိုနားထောင်လျက် သူတို့အား ကြင်နာစွာပြုစုဖို့ မိမိတို့၏စိတ်ထဲ၌ ရည်ရွယ်ကြံစည်ထားတတ်ကြလိမ့်မည်။ သို့ရာတွင် သူတို့သည် မိဘတို့ထံမှအကူအညီနှင့်အားပေးနှစ်သိမ့်ခြင်းကိုလိုကြပေသည်။ သူတို့သည် ကောင်းသောစိတ်ပြဋ္ဌာန်းချက်များကို ပြုလုပ်ထားကြလိမ့်မည်။ သို့ရာတွင် သူတို့၏အခြေခံတရားများသည် ဘာသာတရားအားဖြင့် ခိုင်ခံ့ခြင်းမရှိ။ သူတို့၏အသက်တာသည် ဘုရားသခင်၏အသစ်ပြုပြင်ပေးသောကျေးဇူးတော်အားဖြင့် ဩဇာညောင်းခြင်းမခံရကြလျှင် သူတို့သည် စံချိန်ကိုမမီဘဲဖြစ်နေကြလိမ့်မည်။

မိဘများသည် မိမိတို့၏သားသမီးများအား ကယ်တင်ခြင်းရရှိစေရန် နှစ်ဆမျှကြိုးစားအားထုတ်ရမည်။ သူတို့အားမိမိတို့တတ်နိုင်သမျှပညာကို ဆည်းပူးရန် သူတို့သဘောအတိုင်းပစ်မထားဘဲ မိဘတို့ကသူတို့အား သစ္စာနှင့်သွန်သင်လမ်းပြပေးရမည်။ နောင်အခါ အကောင်းကနိုင်သွား၍ အဆိုးသည် အလိုအလျောက်တဖြည်းဖြည်းပျောက်ကွယ်သွားလိမ့်မည်ဟူသောအထင်အမြင်နှင့် လူငယ်တို့အား အကောင်းနှင့်အဆိုးကို ဝေဖန်ပိုင်းခြားခြင်းမရှိဘဲ သင်ကြားနာယူစေဖို့အခွင့်မပေးအပ်။ အဆိုးသည် အကောင်းထက်သာ၍ မြန်စွာတိုးပွားလာလိမ့်မည်။

သင်၏သားသမီးတို့သည် အဆုံး၌ ခရစ်ယာန်များဖြစ်လာကြမည် အကြောင်း သူတို့၏စိတ်ကိုအလွန်ငယ်ရွယ်စဉ်အခါကပင် မိဘတို့ကအစပြု သွန်သင်ပြုပြင်ပေးရမည်။ သင်ကြိုးစားအားထုတ်သမျှသည် သူတို့အားကယ်တင် ခြင်းရရှိစေဖို့ရန်ဖြစ်ပါစေ။ သူတို့သည် ဘုရားသခင်၏နိုင်ငံတော်အတွက် အဖိုး ထိုက်သောကျောက်မျက်ရတနာအဖြစ် သင့်လျော်လာစေရန် သင်၏လက်ထဲ၌ အပ်ထားသောအရာကဲ့သို့ပြုမူလော့။ သူတို့သည် မိမိတို့အကြောင်းချေပ ပြောဆို ရန် တာဝန်ယူဖို့အသက်မကြီးလှသေး။ မိမိတို့၏အပြစ်ကိုနောင်တရ လျက် သခင်ခရစ်တော်ကိုလက်ခံရန်မကြီးလှသေးဟူသော အမှားထင်မြင်ချက် နှင့်ပျက် စီးခြင်း၏တွင်းပေါ်၌ အိပ်ပျော်နေစေရန် သူတို့ကိုမည်ကဲ့သို့ချော့၍ သိပ်ထား သည်အမှုကိုရှောင်ကြဉ်ပါ။

သားသမီးတို့၏နုနယ်သောစိတ်သည် ကောင်းစွာနားလည်မည် အကြောင်း မိဘတို့သည် သူတို့အားကယ်တင်ခြင်းစီမံကိန်းကြီးကို သေချာ ရှင်းလင်းစွာဖော်ပြရမည်။ အသက်ရှစ်နှစ်၊ တစ်ဆယ်နှစ် (သို့မဟုတ်) ဆယ့် နှစ်နှစ်အရွယ်ရှိသောသားသမီးတို့သည် မိမိတို့အားကိုယ်တိုင်နှင့်ဆိုင်သော ဘာသာတရားကို ရှင်းလင်းပြောပြသည်ကိုလက်ခံနိုင်လောက်အောင် အသက် အရွယ်ကြီးပြင်းလာကြပြီ။ သူတို့သည်နောင်တရ၍ သမ္မာတရားကို ယုံကြည် လောက်အောင် ကြီးပြင်းလာမည့်နောင်ကာလအချိန်အကြောင်းနှင့် ပတ်သက်၍ သားသမီးတို့အား ဘယ်သောအခါမျှသွန်သင်ခြင်းမပြုပါနှင့်။ သင့်လျော်စွာသွန် သင်လမ်းပြပေးလျှင် အလွန်ငယ်ရွယ်သောကလေးများပင် အပြစ်သားအဖြစ်နှင့် မိမိတို့၏အခြေအနေကိုလည်းကောင်း၊ သခင်ခရစ်တော် အားဖြင့် ကယ်တင်ရာ လမ်းကိုလည်းကောင်း အမြင်မှန်ရရှိလာနိုင်ကြသည်။ သင်းအုပ်ဆရာများသည် ကလေးသူငယ်တို့၏ကယ်တင်ခြင်းအတွက် အများ အားဖြင့် များစွာအမှုမထား။ ၎င်းပြင် မိမိတို့ကိုယ်တိုင်သူတို့အတွက် အမှု ဆောင်သင့်သည်အတိုင်း မဆောင် ရွက်ကြ။ ကလေးတို့၏စိတ်ကိုတိုးတက် ကောင်းမွန်အောင်ပြုပြင်မပေးဘဲ သူတို့ ၏ စိတ်ထဲ၌စွဲလမ်းစေနိုင်အောင် ပြုလုပ် ပေးရမည့်အခွင့်အရေးများသည် မကြာ ခဏလက်လွတ်သွားရလေသည်။[၂]

မိခင်၊ ဖခင်တို့၊ သင်တို့အပေါ်သို့ကျရောက်လျက်ရှိသောတာဝန်၏ အရေးကြီး ခြင်းအကြောင်းကို သိနားလည်ကြပါသလော။ သင်တို့၏သားသမီး များအား သတိမရှိ၊ ယုတ်ညံ့သောအကျင့်စလေ့များမှကာကွယ်စောင့်ရှောက် ပေးဖို့လို ကြောင်း သိရှိနားလည်ကြပါသလော။ သူတို့၏အကျင့်စာရိတ္တာပေါ်၌ မှန်ကန် သောသြဇာညောင်းမှုကိုသာဖြစ်စေမည့်သူတို့နှင့်သာ သင်တို့၏ သားသမီးတို့ သည် ပေါင်းသင်းဆက်ဆံကြဖို့အခွင့်ပေးပါ။ ညနေ၊ ညဦးဦးတွင် သူတို့သည် ဘယ်မှာရှိသည်၊ ဘာလုပ်နေသည်ကိုမသိနိုင်ဘဲ ဘယ်သောအခါမျှ အပြင်ထွက် ဖို့အခွင့်မပြုပါနှင့်။ အကျင့်စာရိတ္တာသန့်ရှင်းရေးနှင့်ဆိုင်သော အခြေခံတရားများကို သူတို့အားသွန်သင်ပေးပါ။ ပညတ်တစ်ခုအပေါ်မှာတစ်ခု၊ တစ်နည်းပေါ်မှာတစ် နည်း၊ ဤဘက်မှာအနည်းငယ်၊ ထိုဘက်မှာအနည်းငယ် သွန်သင်ပေးဖို့ သင် သည် ဂရုမစိုက်ခဲ့လျှင် သင်၏တာဝန်ကို ယခုအစပြု ဆောင်ရွက်ပါ။ သင်၏ တာဝန်ကိုထမ်းဆောင်၍ ယခုဘဝ၊ နောင်ထာဝရ ဘဝအတွက် လုပ်ကိုင်ဆောင် ရွက်လော့။ သင်၏ဂရုမစိုက်မှုကို သားသမီးများ အားဝန်ခံခြင်းမပြုဘဲ အခြား သောနေ့တစ်နေ့လွန်မသွားပါစေနှင့်။ သင်သည် ယခုဘုရားသခင်က သင့်အား ခန့်အပ်ထားသောအလုပ်ကို ဆောင်ရွက်ရမည်ကို ဆိုလိုကြောင်း သူတို့အားပြော ပြပါ။ ပြုပြင်ပြောင်းလဲမှုတွင် သင်နှင့်အတူတကွ ပြုလုပ်ရန် သူတို့အားပြောပြ ပါ။ လွန်ခဲ့သောကာလကို ပြန်၍ရွေးယူရန် ကြိုးစားအားထုတ်ပါ၊ လောဒိကိမြို့ အသင်းတော်၏အခြေအနေမျိုးတွင်တည်ရှိ မနေကြပါနှင့်။ ထာဝရဘုရား၏နာမ တော်၌ ကျွန်ုပ်ကအိမ်ထောင်တိုင်းအား မိမိတို့၏မှန်ကန်သောမှုကို ထင်ရှားစေ ကြပါဟုနှိုးဆော်ပါသည်။ သင်၏ အိမ်ထောင်မှအစပြု၍ အသင်းတော်ကိုပြုပြင် ပါ။[၂၂]

## စိတ်၌လိုနေသောအရာကိုအမှုမထားဘဲမနေနှင့်

ဘုရားသခင်ကိုကြောက်ရွံ့သောမိဘတို့သည် မိမိတို့၏သားသမီးတို့ ၏အပြုအမူတို့ကို တားဆီးပိတ်ပင်နေကြစဉ် သူတို့၏နဂိုစိတ်နေသဘောထား

အကြောင်းကိုလေ့လာ၍ လိုနေသောအချက်ကိုဖြည့်စွက်ဖို့ရန် ကြိုးစားရမည်။ အချို့မိဘတို့သည် သားသမီးတို့၌ လောကီမှုရေးတွင်လိုနေသောအရာကို အသေအချာဂရုစိုက်ပြုစုကြသည်။ ဖျားနာသောအခါ၌ သူတို့သည် ကြင်နာစွာနှင့်လည်းကောင်း၊ သစ္စာရှိစွာနှင့်လည်းကောင်း စောင့်ရှောက်ပြုစုကြပြီးနောက် မိမိတို့၏တာဝန်သည်ပြီးပြီဟုထင်မှတ်ကြသည်။ ဤနေရာ၌သူတို့သည် မှားနေကြသည်။ သူတို့၏လုပ်ငန်းသည် အစပြုရုံသာရှိသေးသည်။ စိတ်၌လိုနေ သောအရာကိုဂရုစိုက်ပြုစုပေးရမည်။ ဒဏ်ရာရရှိသောစိတ်ကိုကုသဖို့ သင့်လျော်သောဆေးဝါးကိုအသုံးပြုရန် ကျွမ်းကျင်မှုကိုလိုပေသည်။

ကလေးများတွင် အသက်ကြီးသောလူများမှာလောက် ခံရခက်ခဲ၍ စိတ်ဒုက္ခရောက်စေတတ်သော စုံစမ်းခြင်းအမှုများရှိပေသည်။ မိဘများကိုယ်တိုင် စုံစမ်းခြင်းခံရသောအခါတိုင်း တစ်မျိုးတည်းဖြစ်သည်ဟုမထင်ရကြ။ သူတို့၏စိတ်သည် မကြာခဏရှုပ်ထွေးလာ၏။ သူတို့သည် မှားယွင်းသောထင်မြင်ချက်၊ အယူအဆများနှင့် ပင်ပန်းစွာတိုက်လှန်နေရကြသည်။ စာတန်သည် သူတို့ကိုပြင်းထန်စွာတိုက်ခိုက်၍ သူတို့သည် သူ၏သွေးဆောင်ခြင်းသို့လိုက်ပါသွားရကြ၏။ သူတို့သည် အမျက်ထွက်လျက်ပြောဆိုကြ၍ မိမိတို့၏သားသမီးများ၌ အမျက်ကိုနှိုးဆော်စေလောက်သောအမူအရာမျိုးနှင့် ပြောဆိုတတ်ကြ၏။ ၎င်းပြင် တစ်ခါတစ်ရံ အလွန်ကျပ်တည်းစွာနှင့်လည်းကောင်း၊ စိတ်တိုစိတ်ကောက်စွာနှင့်လည်းကောင်း ပြောဆိုတတ်၏။ သနားစရာကောင်းသောသားသမီးတို့သည် ထိုသဘောမျိုးကိုရရှိလာကြရာ မိဘတို့သည် သူတို့အားကူညီရန် အသင့်မရှိကြ။ အကြောင်းကား သူတို့ကြောင့် ထိုသို့ဒုက္ခရောက်ရကြ၏။ တစ်ခါတစ်ရံ အရာခပ်သိမ်းသည် မှားနေသည်ဟုထင်ရသည်။ အားလုံးတို့သည် စိတ်တိုစိတ်ကောက်နေကြ၍ အားလုံးတို့တွင် အလွန်စိတ်ဒုက္ခရောက်နေကြ၏။ မိဘတို့က သားသမီးတို့ကိုအပြစ်တင်လျက် သူတို့အားအလွန်နားမထောင်၍ ထိန်းမရသောသူများ၊ လောကတွင်အဆိုးဆုံးသောသားသမီးများဟု ထင်မှတ်နေတတ်ကြသည်။ အမှန်မှာ မိမိတို့ကိုယ်တိုင်သည် အနှောင့်အယှက်ကိုဖြစ်စေသောသူများဖြစ်ကြသည်။

အချို့သောမိဘတို့သည် ကိုယ်ကိုကိုယ်မချုပ်တည်းနိုင်ဘဲ များစွာ မကြာခဏ အမျက်ထွက်တတ်ကြသည်။ သားသမီးတို့အား ဤဟာထိုဟာ တို့ကိုပြုလုပ်ဆောင်ရွက်စေရန် ကြင်နာစွာမခိုင်းဘဲ ကြိမ်းမောင်းအော်ငေါက်၍ အမိန့်ပေးတတ်ကြသည်။ ၎င်းပြင် တစ်ချိန်တည်းမှာပင် မိမိတို့၏နှုတ်မှ အပြစ်တင်ခြင်း၊ ဆိုမြည်ခြင်းတို့ကိုပြုတတ်ကြသေးရာ၊ ၎င်းတို့အားဖြင့် သားသမီး တို့၌ဘာမျှအကျိုးမဖြစ်ထွန်းချေ။ မိဘများတို့၊ သင်တို့၏သားသမီးအပေါ်၌ ဤနည်းလမ်းကိုလိုက်နာပြုကျင့်ခြင်းအားဖြင့် သူတို့၏ရွှင်မြူးခြင်းအဖြစ်နှင့် ကြီးမြင့်လိုသောအလိုဆန္ဒကိုပျက်စီးစေ၏။ သူတို့သည် သင်တို့ကိုချစ်သော ကြောင့်မဟုတ်ဘဲ မလုပ်ဘဲမနေဝံ့သောကြောင့် သင်တို့စေခိုင်းရာကိုပြုတတ် ကြသည်။ သူတို့သည် အလုပ်ကိစ္စ၌စိတ်ဝင်စားခြင်းမရှိ။ ၎င်းသည်ပျော်မွေ့ ဖွယ်ဖြစ်ရမည်အစား ငြီးငွေ့ဖွယ်ရာဖြစ်လာသဖြင့် ဤနည်းအားဖြင့် သင်စေခိုင်း သမျှကိုလိုက်နာပြုလုပ်ဖို့ မေ့လျော့သွားတတ်၏။ ထိုအခါသင်သည် ပို၍ ဒေါသထွက်လာရာ၊ ၎င်းသည် သားသမီးများအဖို့ ပို၍ဆိုးသွားပြန်လေ၏။ ထပ်မံ၍အပြစ်ရှာပြန်ပြီး သူတို့ရှေ့၌ မိမိတို့၏ဆိုးသောအကျင့်ဓလေ့ကို ထင်ရှားစေ၏။

သင်သည် မျက်မှောင်ကုတ်နေသည်ကို သင်၏သားသမီးများအား မမြင်ပါစေနှင့်။ သူတို့သည် သွေးဆောင်ခြင်းသို့ပါသွား၍ နောက်မှအမှားကိုမြင်လျက် နောင်တရကြလျှင် သင်၏ကောင်းကင်ခမည်းတော်သည် သင်၏အပြစ်ကိုလွှတ်တော်မူစေဖို့ သင်သည်မျှော်လင့်သည်နည်းတူ သူတို့၏အပြစ်ကိုလုံးလုံးဖြေလွှတ်ပါ။ သူတို့အားကြင်နာစွာသွန်သင်လမ်းပြ၍ သူတို့ကို သင်သည် အမြဲစိတ်ထဲ၌ စွဲလမ်းနေပါ။ ဤအချိန်သည် သားသမီးတို့အတွက် အရေးဆိုက်ရာအချိန်အခါဖြစ်သည်။ သူတို့ကို သင့်ထံမှခွဲခွာသွားစေရန် သူတို့ပတ်လည်၌သြဇာညောင်းမှုများရှိလိမ့်မည်။ ထိုအခါသင်သည် ၎င်းတို့နှင့်ဆန့်ကျင်ဘက်ပြန်၍ ပြုလုပ်ရလိမ့်မည်။ သင်သည် သူတို့၏အားကိုးရာဖြစ်ကြောင်းသွန်သင်ပေးပါ။ သူတို့၏စုံစမ်းခြင်းနှင့်ဝမ်းမြောက်စရာအကြောင်းတို့ကို သင့်နား၌တိုးတိုးပြောကြပါစေ။ ဤကဲ့သို့သူတို့ကိုအားပေးခြင်းဖြင့်

အတွေ့အကြုံမရှိသောသူတို့၏ခြေအတွက် စာတန်ပြင်ဆင်ထားသော ထောင်ချောက်မှ သင်သည် သူတို့ကိုကယ်ဆယ်နိုင်လိမ့်မည်။ သင်ကိုယ်တိုင် သူငယ်ဖြစ်ခဲ့သည်အကြောင်းကိုလည်းကောင်း၊ သူတို့သည် ကလေးသူငယ် များပင်ဖြစ်ကြောင်းကိုလည်းကောင်း မေ့လျော့လျက် သင်၏သားသမီးများကို ခက်ထန်သောသဘောနှင့်မပြုမူပါနှင့်။ သူတို့သည် စုံလင်လိမ့်မည်ဟု မမျှော်လင့်နှင့်၊ (သို့မဟုတ်) သူတို့အား မိမိတို့၏အပြုအမူများတွင် ချက်ချင်း ယောကျာ်း၊ မိန်းမများဖြစ်လာစေရန် မကြိုးစည်ပါနှင့်။ ဤကဲ့သို့ပြုခြင်းဖြင့် သူတို့အား သင်ဝင်ရောက်စေလိုသောတံခါးများကို သင်သည် ပိတ်ထားပြီး လျှင် သင်သည် သူတို့၌ဘေးဥပဒ်ရောက်ကြောင်းကိုမသိရှိမီ အခြားသောသူတို့ သည် သူတို့၏ နုနယ်သောစိတ်သဘောကို အဆိပ်ဖြစ်စေရန် ထိုသူတို့အား သူတို့သည် တံခါးကိုဖွင့်ပေးရကြလိမ့်မည်။[၂၄]

## အမျက်ထွက်နေသောအခါ ဘယ်အခါမျှ ဆုံးမပြုပြင်ခြင်းမပြုနှင့်

သင်၏သားသမီးများသည် သင်၏စကားကိုနားမထောင်လျှင် သူတို့ကိုပြုပြင်ဆုံးမရမည်။ ဆုံးမပြုပြင်ခြင်းမပြုမီ သင်ကိုယ်တိုင်သွားပြီး သင့်သားသမီး ၏စိတ်ကိုနူးညွတ်၊ နိမ့်ချစေရန်၊ သူတို့နှင့်ပြုမူရာတွင် ဉာဏ်ပညာကိုပေးတော် မူစေရန် ထာဝရဘုရားအားဆုတောင်းလော့။ ဤနည်းသည် ဘယ်အခါမျှ မပျက်ကွက်ကြောင်း ကျွန်ုပ်တို့သိရှိရသည်။ မိဘတို့၏စိတ်နှလုံးသည် ဒေါသနှင့်ဖုံးလွှမ်းနေလျှင် သင်သည် သင်၏သားသမီးအား ဝိညာဉ်ရေးအရာတို့ကို နားလည်စေရန် မပြုလုပ်နိုင်။

သင်သည် မေတ္တာနှင့်သင်၏သားသမီးကိုဆုံးမပြုပြင်ရမည်။ သင်သည် အမျက်ထွက်လာ၍ သူတို့ကိုဒဏ်ပေးရသည်တိုင်အောင် သူတို့အား မိမိတို့သဘောအတိုင်းနေစေရန်ခွင့်မပြုနှင့်။ ထိုသို့ဆုံးမခြင်းအမှုဖြင့် ပြုပြင်ပေးမည့်အစား အဆိုးကိုသာဖြစ်စေ၏။

များယွင်းနေသောသားသမီးများအား အမျက်ထွက်နေခြင်းသည် အဆိုးကိုတိုးပွားစေ၏။ ၎င်းအားဖြင့် သားသမီးတွင်အလွန်အမျက်ထွက်စေ လျက်သင်သည် သူ့ကိုဂရုမစိုက်ဟု သူ့အားထင်မြင်စေ၏။ သင်သည် သူ့ကိုဂရုစိုက်လျှင် ထိုသို့သူ့ကိုပြုမူနိုင်လိမ့်မည်မဟုတ်ဟု သူသည် ကိုယ်တိုင် တွေးတောလိမ့်မည်။

၎င်းပြင် ဤသားသမီးများအားဆုံးမပြုပြင်သောနည်းလမ်းကို ဘုရားသခင်သည် သိမြင်တော်မမူဟုသင်ထင်သလား။ ဘုရားသခင်သိတော် မူ၏။ ၎င်းပြင် တွန်းလှန်ငြင်းပယ်ခြင်းထက် အောင်မြင်ခြင်းရရှိရန်နည်းဖြင့် ဆုံးမပြုပြင်ခြင်းအလုပ်ကိုပြုလျှင် မည်ကဲ့သို့ကောင်းကျိုးခံစားရမည်ကိုလည်း ဘုရားသခင်သိတော်မူ၏။[၂၄]

## သားသမီးတို့နှင့်ရိုးသားဖြောင့်မတ်ခြင်းသည်အထူးအရေးကြီးခြင်း

မိဘများသည် သစ္စာရှိခြင်းအတွက် စံနမူနာဖြစ်ရမည်။ အကြောင်းကား၊ ဤအရာသည် သားသမီးတို့၏စိတ်ထဲ၌ စွဲလမ်းစေနိုင်သော နေ့စဉ်သင်ခန်းစာဖြစ်၏။ မလွဲမမှားသောအခြေခံတရားသည် မိဘတို့ကိုအသက်တာ၏အမှုကိစ္စအပေါင်းတွင် စိုးမိုးအုပ်ချုပ်နေရမည်။ အထူးသဖြင့် မိမိတို့၏သားသမီးများကို ပညာသင်ပေးရေးနှင့်သွန်သင်လေ့ကျင့်ပေးရေးတွင်ဖြစ်သည်။ "သူငယ်သော်လည်း မိမိပြုသောအမှုသည် စင်သည်မစင်သည်၊ မှန်သည်မမှန်သည်ကို မိမိအခြင်းအရာအားဖြင့်ပြ၍ မိမိသဘောကိုထင်ရှားစေ၏။"

ဝေဖန်ပိုင်းခြားနိုင်သောဉာဏ်ကင်းမဲ့၍ ထာဝရဘုရား၏နည်းလမ်းကိုမလိုက်သောမိခင်သည် မိမိ၏သားသမီးတို့ကိုလှည့်ဖြားသောသူ၊ လျှို့ဝှက်သောသူများဖြစ်လာအောင် သင်ကြားပေးလိမ့်မည်။ ထိုသို့အားဖြင့်ဖြစ်ပေါ်လာသောအကျင့်စာရိတ္တသည် အလွန်မြဲစွဲလာသဖြင့် လိမ်ညာပြောခြင်းသည်အသက်ရှူခြင်းအရာကဲ့သို့ သဘာဝအမှုဖြစ်လာလိမ့်မည်။ အယောင်ဆောင်

လှည့်ဖြားခြင်းအမှုကို ရိုးဖြောင့်သောအရာ၊ တကယ်ဖြစ်သောအရာအဖြစ် ထင်မှတ်လာလိမ့်မည်။

မိဘတို့၊ ဘယ်အခါမျှလီဆယ်လွှဲဖယ်ပြောဆိုခြင်းမပြုပါနှင့်။ အကျင့်သီလအားဖြင့်လည်းကောင်း၊ ပုံသက်သေအားဖြင့်လည်းကောင်း ဘယ်အခါမျှမမှန် သောစကားကိုမပြောပါနှင့်။ သင်တို့၏သားသမီးအား ဖြောင့်မှန်စေလိုလျှင် သင်ကိုယ်တိုင်ဖြောင့်မှန်ခြင်းရှိလော့။ မှန်ကန်၍လမ်းမလွဲနှင့်။ အနည်းငယ် လီဆယ်ပြောဆိုခြင်းကိုပင်အခွင့်မပေးရ။ မိခင်တို့သည် လီဆယ်လွှဲဖယ်၍ မဖြောင့်မှန်သောအလေ့အကျင့်ရှိသောကြောင့် သားသမီးသည် သူမ၏ပုံသက်သေကိုလိုက်လျှောက်၏။

မိခင်၏အသက်တာတွင် ကိစ္စအပေါင်းတို့၌ ရိုးဖြောင့်ခြင်းအကျင့်ကိုကျင့်သုံးရန်လိုအပ်ပေသည်။ ၎င်းပြင် သားသမီးတို့အားသွန်သင်လေ့ကျင့်ပေးရာတွင် ငယ်ရွယ်သောမိန်းမကလေး၊ ယောကျ်ားကလေးတို့အား အနည်းငယ်မျှလီဆယ်၊ လှည့်ဖြားခြင်းအမှုကို ဘယ်အခါမျှမပြုစေရန် သင်ကြားပေးဖို့အရေးကြီးပေသည်။[၂၁]

## အကျင့်စာရိတ္တဖြစ်ပွားလာခြင်းသည်အရေးကြီးခြင်း

ဘုရားသခင်၏ပုံစံနမူနာအတိုင်း သားသမီးတို့၏အကျင့်စာရိတ္တကို ပြုပြင်ပေးရန် ဘုရားသခင်ကမိဘတို့အား မိမိတို့၏အလုပ်တာဝန်ကို ပေးထားတော်မူ၏။ ဘုရားသခင်၏ကျေးဇူးတော်အားဖြင့် သူတို့သည် လုပ်ငန်းကို ဖြစ်မြောက်စေနိုင်၏။ သို့ရာတွင် သည်းခံ၍ပင်ပန်းခံလျက် ကြိုးစားဖို့လိုပေသည်။ ၎င်းပြင် အလိုဆန္ဒကိုလမ်းညွှန်ပေး၍ အလိုရမ္မက်များကိုတားဆီးပိတ်ပင်ပေးရန် တည်ကြည်မြဲမြံခြင်းနှင့်သေချာစွာဆုံးဖြတ်နိုင်ခြင်းသဘောကိုလည်း လိုပေသေးသည်။ အလိုအလျောက်ပစ်ထားသောလယ်ကွက်သည် ဆူးပင်၊ တောပင်များကိုပေါက်စေ၏။ အသုံးကျ၊ လှပသောအရာတို့ကိုအလိုရှိသောသူသည် ပထမဦးစွာမြေကြီးကိုပြုပြင်၍ မျိုးစေ့ကိုစိုက်ပျိုးပြုစုရမည်။

ထိုနောက် အပင်ငယ်ပတ်လည်တွင်တူးဆွ၍ တောပင်များကိုပယ်ရှားပြီး မြေကြီးကိုနူးညံ့အောင်ပြုပြင်ပေးရမည်။ ထိုအခါ အဖိုးတန်သောအပင်သည် ကြီးပွား၍ မိမိပြုစုလုပ်ကိုင်ခြင်း၏အကျိုးကို များစွာရရှိလိမ့်မည်။

လူသတ္တဝါတို့အား အပ်နှံထားသောအရေးအကြီးဆုံးအလုပ်သည် အကျင့်စာရိတ္တကိုတည်ဆောက်ပြုပြင်ခြင်းအမှုဖြစ်သည်။ ၎င်းပြင် အထက်က ယခုလောက်ကြီးစားလေ့လာဖို့ အရေးမကြီးခဲ့ဖူးချေ။ လွန်ခဲ့သောကာလရှိ လူမျိုး တို့အား ယခုလောက်ဤကိစ္စကို အကြီးအကျယ်အခွင့်အရေးယူဖို့ ဘယ်အ ခါမျှဖိတ်ခေါ်တော်မမူခဲ့ချေ။ ပျို့ရွယ်သောယောကျ်ားကလေးနှင့် မိန်းကလေးများ သည် ယခုခေတ်တွေ့ကြုံသောဘေးဥပဒ်ကြီးများလောက် ရှေးအခါက မတွေ့ကြုံ ဖူးကြချေ။[၂၆]

အကျင့်စာရိတ္တခွန်အားတွင် အချက်နှစ်ချက်ပါဝင်၏။ စိတ်အလိုဆန္ဒနှင့်ဆိုင်သောစွမ်းအားနှင့် ကိုယ်ကိုချုပ်တည်းခြင်းစွမ်းအားတို့ဖြစ်သည်။ အများသောလူငယ်တို့က ပြင်းထန်၍ မချုပ်တည်းဘဲထားသောရမ္မက်ကို စာရိတ္တခွန်အားအဖြစ်နှင့်အမှားယူဆတတ်ကြသည်။ သို့ရာတွင် အမှန်မှာ မိမိ၏ရမ္မက်အားဖြင့် စိုးမိုးခြင်းခံရသောသူသည် အားနည်းသောသူဖြစ်၏။ လူ၏ကြီးကျယ်မြင့်မြတ်ခြင်းအစစ်အမှန်ကို သူ့အားထင်မြင်ချက်တို့က နှိမ်နင်း ခြင်းသတ္တိအားဖြင့်မဟုတ်ဘဲ သူကထင်မြင်ချက်တို့ကိုနှိမ်နင်းနိုင်ခြင်း သတ္တိအားဖြင့် ချင့်ချိန်ရ၏။ ခွန်အားအကြီးဆုံးသောသူသည် ညှဉ်းဆဲခံနေရ ခြင်းကိုသိရှိသော်လည်း မိမိ၏ဒေါသကိုချုပ်တည်း၍ ရန်သူ၏အပြစ်ကိုလွှတ် သောသူဖြစ်၏။ ထိုသို့သောသူတို့သည် သူရဲကောင်းအစစ်အမှန်ဖြစ်ကြ၏။

အများသောသူတို့သည် ဘုရားသခင်ပေးသနားတော်မူသောအစွမ်းသတ္တိများကိုအသုံးပြုကြလျှင် သူတို့သည်မြင့်မြတ်သောအကျင့်စာရိတ္တကိုဖြစ်ပွားစေလျက် ဝိညာဉ်များကို သခင်ခရစ်တော်အတွက် အောင်မြင်ရရှိစေရန် ဩဇာ ညောင်း နိုင်သောအခါ မိမိတို့သည် မည်ကဲ့သို့ဖြစ်လာလိမ့်မည်နည်းဟူသော သေးနုပ် သောထင်မြင်ချက်များရှိတတ်သဖြင့် သူတို့သည် ညံ့ဖျင်း၍ အမြင်ကျဉ်းလျက်ရှိ ကြလိမ့်မည်။ အသိပညာသည် တန်ခိုးနှင့်ပြည့်စုံ၏။ သို့ရာတွင် ဉာဏ်အစွမ်း

သတ္တိသည် ကောင်းမြတ်သောစိတ်နှလုံးမရှိလျှင် ဆိုးသောအရာအတွက် ခွန်အား သတ္တိဖြစ်လာ၏။

ဘုရားသခင်သည် ကျွန်ုပ်တို့အား ဉာဏ်စွမ်းအားနှင့်အကျင့်စာရိတ္တ ခွန်အားကိုပေးတော်မူ၏။ သို့ရာတွင် အများအားဖြင့်လူတိုင်းသည် မိမိကိုယ်တိုင်၏အကျင့်စာရိတ္တကိုတည်ဆောက်ရသော ဗိသုကာဆရာဖြစ်ကြ၏။ နေ့စဉ်နေ့တိုင်း အဆောက်အအုံသည်တိုးတက်လာ၏။ ကျွန်ုပ်တို့၏ အဆောက်အအုံကို ထာဝရကျောက်တည်းဟူသော သခင်ခရစ်တော်အပေါ်၌ အခြေတည်ကြောင်းကိုသိရှိရန် ကျွန်ုပ်တို့သည် မည်ကဲ့သို့တည်ဆောက်သည် ကိုသတိပြုဖို့ ဘုရားသခင်၏နှုတ်ကပတ်တော်က ကျွန်ုပ်တို့အားသတိပေး ထား၏။ ကျွန်ုပ်တို့ပြုလုပ်သောအမှုသည် ပြုလုပ်သည်အတိုင်းတည်ရှိကြောင်း ထင်ရှားစေမည့်အချိန်သည် ရောက်လာတော့မည်။ လူအပေါင်းတို့သည် ဤဘဝ၌အသုံးကျ၍ နောင်ဘဝတွင် မြင့်မြတ်သောအသက်တာကိုရရှိရန် အကျင့်စာရိတ္တကိုပြုပြင်နိုင်ကြမည်အကြောင်း၊ ဘုရားသခင်ပေးတော်မူသော စွမ်းအားသတ္တိများကို ပြုပြင်ပြုစုဖို့အချိန်သည် ယခုအချိန်ဖြစ်သည်။

အသက်တာ၏အပြုအမူရှိသမျှသည် အရေးမကြီးလှသော်လည်း အကျင့်စာရိတ္တပြုပြင်ရေးတွင် ဩဇာညောင်းစေ၏။ ကောင်းမြတ်သောအကျင့် သည် လောကီဘဏ္ဍာထက်သာ၍အဖိုးထိုက်တန်ပြီး ၎င်းကိုပြုပြင်ပေးခြင်း အမှုသည် လူများပြုလုပ်နိုင်သောအမှုတွင် အမြင့်မြတ်ဆုံးဖြစ်၏။

အခြေအနေအားဖြင့်ဖြစ်ပေါ်လာသောအကျင့်စာရိတ္တများသည် ပြောင်းလဲ တတ်၍ မညီမညွတ်ရှိတတ်သည်။ ဆန့်ကျင်ဘက်ဖြစ်သောအရာ များစုရုံးနေသော အစိုင်အခဲတစ်ခုဖြစ်၏။ ၎င်းတို့ကိုပိုင်ဆိုင်သောသူ၌ အသက်တာတွင် မြင့်မြတ်သောရည်ရွယ်ချက် (သို့မဟုတ်) အကြံအစည်မရှိ ချေ။ သူတို့သည် အခြားသူတို့၏အကျင့်စာရိတ္တပေါ်၌ မြင့်မြတ်သောဩဇာ ညောင်းမှုကို မပြုလုပ်နိုင်ကြ။ သူတို့၌ရည်ရွယ်ချက်မရှိ၊ စွမ်းအားသတ္တိမရှိချေ။

ဤဘဝ၌ ကျွန်ုပ်တို့အားပေးထားသော တိုတောင်းသည့်အနည်းငယ်သောအသက်တာကို သတိပညာနှင့်တိုးပွားစေရမည်။ ဘုရားသခင်သည် မိမိ၏

အသင်းတော်အားအသက်ရှင်တည်မြဲ၍ ဘုရားတရားကိုကြည်ညိုလျက် အမှုဆောင်ရွက်နေသောအသင်းတော်ဖြစ်စေဖို့ အလိုရှိတော်မူ၏။ သို့ရာတွင် ကျွန်ုပ်တို့၏လူများသည် အဖွဲ့အစည်းတစ်ခုအနေဖြင့် ယခုကဲ့သို့ပြုကျင့်ခြင်း မရှိကြ။ ဘုရားသခင်သည် ခိုင်ခံ့၍ ရဲရင့်သောဝိညာဉ်များ၊ အမြဲလှုပ်ရှား လုပ်ကိုင်လျက် အသက်ရှင်မြဲမြဲသောခရစ်ယာန်များ၊ မှန်ကန်သောပုံသက်သေ တည်းဟူသော သခင်ခရစ်တော်၏ခြေတော်ရာကို လိုက်လျှောက်သောသူများ၊ ဘုရားသခင်နှင့်မှန်ကန်သောအမှုအတွက် သေချာသောဩဇာညောင်းမှုကိုဖြစ် စေမည့်လူများကို ခေါ်လျက်နေတော်မူ၏။ ထာဝရဘုရားသည် သန့်ရှင်းသော တာဝန်အဖြစ်နှင့် အလွန်အရေးကြီး၍ ကြည်ညိုဖွယ်ဖြစ်သော သမ္မာတရားများကို ကျွန်ုပ်တို့အားပေးအပ်ထားတော်မူသဖြင့် ကျွန်ုပ်တို့၏အသက်တာနှင့်အကျင့် စာရိတ္တပေါ်တွင် ၎င်းတို့၏ဩဇာညောင်းမှုကို ထင်ရှားစွာဖော်ပြရကြမည်။[၂၇]

## သားသမီးများအားအကြံဉာဏ်ပေးရာတွင် ကိုယ်တိုင်တွေ့ကြုံသောဗဟုသုတ

အချို့သောမိခင်သည် မိမိတို့၏သားသမီးများကိုပြုမူရာ၌ တစ်သမတ် တည်းမဖြစ်ကြချေ။ မကြာခဏသူတို့အားထိခိုက်စေလောက်အောင် အလိုလိုက် တတ်ပြီး တစ်ဖန်ကလေးသူငယ်တို့၏စိတ်နှလုံးကို ပျော်ရွှင်စေမည့်အပြစ်ကင်း သော နှစ်မြို့ဖွယ်ရာများကိုငြင်းပယ်၍ အခွင့်မပေးကြချေ။ ဤနည်းလမ်းတွင် သူတို့သည် သခင်ခရစ်တော်ကိုအတုမယူကြ။ ကိုယ်တော်သည် ကလေး သူငယ်များကိုချစ်တော်မူ၏။ ကိုယ်တော်သည် သူတို့၏စိတ်ထင်မြင်ချက် တို့ကို သိရှိနားလည်၍ သူတို့၏ပျော်မွေ့ဖွယ်ရာများနှင့် သူတို့၏စုံစမ်းခြင်း တွင် သူတို့အားထောက်ထားစာနာတော်မူ၏။[၂၈]

သားသမီးများက ဤအဖွဲ့အစည်းသို့သွားရန် (သို့မဟုတ်) ထိုလူစု၏ ပျော်ရွှင်ပွဲတွင်ပါဝင်စေရန် တောင်းပန်ကြသောအခါ သူတို့အား ဤကဲ့သို့ ပြောပြပါ။ “သင်တို့ကိုသွားဖို့အခွင့်မပေးနိုင်၊ သားသမီးတို့၊ ဤနေရာမှာ

ထိုင်ပါဦး။ ဘာကြောင့် မသွားသင့်ကြောင်းပြောပြပါမည်။ ငါသည် ထာဝရ ကာလအတွက်နှင့် ဘုရားသခင်အတွက် အလုပ်ကိုလုပ်ဆောင်နေရသည်။ ဘုရားသခင်က သင်တို့ကိုစောင့်ရှောက်ဂရုစိုက်ရန် ငါ့လက်ထဲ၌အပ်ထားခဲ့ပြီ။ သားသမီးတို့၊ ငါသည် သင်တို့ရှေ့၌ ဘုရားသခင်၏ကိုယ်စားဖြစ်၏။ ထို့ကြောင့် ဘုရားသခင်၏နေ့ရက်၌ အကြောင်းအရာကိုချေပပြောဆိုရမည့်သူအဖြစ်နှင့် သင်တို့ကိုစောင့်ကြည့်နေရမည်။ ကောင်းကင်စာစောင်တွင် မိမိ၏ သားသမီးတို့၏တာဝန်ကို မဆောင်ရွက်ခဲ့သောသူအဖြစ်နှင့်လည်းကောင်း၊ ငါတည်ရှိနေရမည့်နေရာ၌ ရန်သူကိုလာရောက်နေစေဖို့ အခွင့်ပေးခဲ့သောသူ အဖြစ်နှင့်လည်းကောင်း သင်တို့မိခင်၏နာမည်ကို ရေးမှတ်ထားသည်ကို သင်တို့အလိုရှိကြသလော။ သားသမီးတို့၊ ဘယ်အရာသည် မှန်ကန်သော လမ်းဖြစ်သည်ကို သင်တို့အားငါပြောပြမည်။ ထို့နောက် သင်တို့သည် မိခင်ထံမှလွဲသွား၍ ဆိုးသောလမ်းသို့လိုက်သွားလိုကြလျှင် သင်တို့၏မိခင်သည် ကင်းကင်းရှင်းရှင်းရပ်နေရလိမ့်မည်၊ သို့သော် သင်တို့မူကား သင်တို့၏ အပြစ်အတွက် ဒဏ်ခံရကြမည်။”

ကျွန်ုပ်သည် မိမိ၏သားသမီးများအပေါ်၌ ဤနည်းကိုအသုံးပြုခဲ့ရာ ကျွန်ုပ်ကပြော၍မဆုံးမီ သူတို့သည် ငိုကြွေးလျက် သူတို့ကကျွန်ုပ်တို့အတွက် ဆုတောင်းမပေးနိုင်ဘူးလားဟု ပြောဆိုကြ၏။ ကောင်းပြီ၊ ကျွန်ုပ်သည်လည်း သူတို့အတွက်ဆုတောင်းပေးရန် အဘယ်အခါမျှမငြင်းပေ။ ကျွန်ုပ်သည် သူတို့ အနားမှာဒူးထောက်လျက် သူတို့နှင့်အတူဆုတောင်း၏။ ထို့နောက် ကျွန်ုပ်သည် အခြားနေရာသို့ထွက်သွားပြီးလျှင် နေထွက်လာသည်တိုင်အောင် ညလုံးပေါက်ကြာမြင့်စွာ ရန်သူ၏ဩဇာတန်ခိုးသည် ပျောက်ပျက်သွားစေမည် အကြောင်း ဘုရားသခင်အား တောင်းပန်လျှောက်ထားခဲ့ပြီ။ ထို့နောက် ကျွန်ုပ်သည် အောင်မြင်ခြင်းကိုရရှိခဲ့လေ၏။ ကျွန်ုပ်သည် ညလုံးပေါက်ပင်ပန်းစွာ ကြိုးစားခဲ့ရသော်လည်း ကျွန်ုပ်၏သားသမီးများသည် ကျွန်ုပ်၏လည်ပင်းကို ဖက်လျက် အို၊ အမေ၊ ကျွန်ုပ်တို့သွားလိုသောနေရာကိုသွားဖို့ အခွင့်မပေး ခဲ့သည့်အတွက် ကျွန်ုပ်တို့ဝမ်းသာပါသည်။ ထိုနေရာသည် မှားသောနေရာ

ဖြစ်လိမ့်မည်ကို ယခုသိကြပါပြီဟု ပြောဆိုကြသောအခါ ကျွန်ုပ်သည် များစွာ အကျိုးခံစားရပြီဟုထင်ရ၏။

မိဘများတို့၊ သင်တို့ဆိုလိုသည်အတိုင်း ဤနည်းသည် သင်တို့ ပြုလုပ်ရမည်နည်းလမ်းဖြစ်သည်။ သင်တို့သည် မိမိတို့၏သားသမီးများကို ဘုရားသခင်၏နိုင်ငံတော်တွင် ကယ်တင်ခြင်းခံရစေဖို့မျှော်လင့်ကြလျှင် သင်တို့ သည် ဤအမှုကို သင်တို့၏လုပ်ငန်းတစ်ရပ်အဖြစ် ပြုလုပ်ရကြမည်။[၂၉]

လူငယ်တို့သည် မြို့ကြီးများနှင့်ဝေးဝေးခွဲခွာ၍မနေရလျှင် ဤနိုင်ငံ၌ဖြစ်စေ၊ အခြားနိုင်ငံ၌ဖြစ်စေ သူတို့အားသင့်လျော်သောပညာကို ဘယ်အခါ မျှမပေးနိုင်။ မြို့ကြီးများ၏ထုံးစံဓလေ့နှင့်အပြုအမူတို့သည် လူငယ်တို့၏စိတ် ထဲသို့ သမ္မာတရားမဝင်နိုင်အောင် စိတ်ကိုမသင့်လျော်သောအခြေအနေသို့ ရောက်စေတတ်သည်။[၃၀]

## ဘုရားသခင်၏လမ်းပြတော်မူခြင်းကို မိဘများသည်သာ၍လိုကြောင်း

သင်တို့သည် သင်တို့၏သားသမီးများကိုသင့်လျော်စွာ သွန်သင် လေ့ကျင့်ပေးခြင်းအမှုကို ဂရုမစိုက်အမှုမထားဘဲနေလျှင် ဘေးဥပဒ်ကင်းနိုင်မည် မဟုတ်။ သူတို့၏ချွတ်ယွင်းသောအကျင့်စာရိတ္တအားဖြင့် သင်၏သစ္စာမရှိ ခြင်းအကြောင်းကို ထင်ရှားစေလိမ့်မည်။ သင်တို့ပြုပြင်ဆုံးမခြင်းမပြုဘဲ ခွင့်ပြု ထားသောအကျင့်ဆိုးများ၊ ကြမ်းတမ်းခက်ထန်သောအပြုအမူများ၊ မရိုသေ နားမထောင်မှုများ၊ ပျင်းရိခြင်းနှင့်ဂရုမစိုက်၊ မထီလေးစားပြုတတ်ခြင်းအလေ့ အကျင့်များတို့သည် သင်တို့၏နာမည်များကိုရှုတ်ချ၍ သင်တို့၏အသက်တာ ကို များစွာဒုက္ခရောက်စေလိမ့်မည်။ သင်တို့သားသမီးတို့၏ကံကြမ္မာသည် အများအားဖြင့် သင်တို့၏လက်ထဲ၌တည်ရှိနေ၏။ သင်တို့သည် မိမိတို့၏ တာဝန်၌ပျက်ကွက်လျှင် သင်တို့သည် သူတို့ကိုရန်သူ၏လက်ထဲသို့ရောက် စေလျက် အခြားသူတို့အား ပျက်စီးစေခြင်းငှာ ရန်သူ၏ကိုယ်စားလှယ်များ

ဖြစ်စေကြလိမ့်မည်။ တစ်ဖက်မှကြည့်ပြန်သော် သင်တို့သည် သူတို့ကိုသစ္စာနှင့်သွန်သင်ဆုံးမလျက် သင်တို့၏အသက်တာ၌ သူတို့ရှေ့တွင် ဘုရားသခင်ကိုကြည်ညိုသောပုံသက်သေကိုပြလျှင် သင်တို့သည် သူတို့ကိုသခင်ခရစ်တော်ထံသို့ပို့ဆောင်သဖြင့် သူကတစ်ဖန် အခြားသူတို့အပေါ်၌ ဩဇာညောင်း၍ ထိုသို့အားဖြင့် များစွာသောသူတို့သည် သင်၏အသုံးဝင်သောလုပ်ငန်းကြောင့် ကယ်တင်ခြင်းခံရကြလိမ့်မည်။[၃၀]

ကျွန်ုပ်တို့သည် မိမိတို့၏သားသမီးများကို ရိုးရိုးပြုမူစေရန် ဘုရားသခင်ကအလိုရှိတော်မူ၏။ အသက်ကြီးသောသူများသည် နှစ်ပေါင်းများစွာလေ့လာရရှိခဲ့ကြသော ဗဟုသုတမျိုး၏အကျိုးကို ငယ်ရွယ်သောသားသမီးတို့သည် မရရှိခဲ့ကြသည်ကို ကျွန်ုပ်တို့သည် မေ့လျော့နေတတ်ကြသည်။ အမှုကိစ္စတိုင်း၌ ငယ်ရွယ်သောသူတို့သည် ကျွန်ုပ်တို့၏အထင်အမြင်နှင့်မကိုက်မညီလျှင် သူတို့သည် ကျွန်ုပ်တို့၏ဆိုမြည်ကြိမ်းမောင်းခြင်းတို့ကိုခံထိုက်သည်ဟု တစ်ခါတစ်ရံ ကျွန်ုပ်တို့ကထင်တတ်ကြသည်။ သို့ရာတွင် ဤအရာသည် အမှုကိစ္စကိုပြုပြင်ပေးလိမ့်မည်မဟုတ်။ သူတို့အား ကယ်တင်ရှင်ထံသို့ခေါ်သွား၍ ကိုယ်တော်အားအကြောင်းအရာကိုပြောပြပါ။ ထိုနောက်ကိုယ်တော်၏ကောင်းချီးမင်္ဂလာသည် သူတို့အပေါ်သို့သက်ရောက်လိမ့်မည်ဟုယုံကြည်လျက်နေပါ။[၃၂]

သားသမီးများသည် ဆုတောင်းချိန်ကို ရိုသေလေးစားဖို့သွန်သင်ပေးရမည်။ အလုပ်လုပ်ရန် အိမ်မှထွက်ခွာမသွားမီ အိမ်ထောင်သားအားလုံးသည်စုရုံးရကြ၍ ဖခင် (သို့မဟုတ်) ဖခင်မရှိသောအခါ မိခင်သည် သူတို့အား တစ်နေ့လုံးစောင့်ရှောက်စေတော်မူရန် ဘုရားသခင်အား စိတ်အားကြီးစွာတောင်းလျှောက်ရမည်။ နှုးညံ့သိမ်မွေ့သောသဘောနှင့်နှိမ့်ချလျက် သင်တို့နှင့်သင်တို့၏သားသမီးများရှေ့တွင် စုံစမ်းခြင်းနှင့်ဘေးဥပဒ်များရှိနေသည်ကိုသိရှိသောသဘောနှင့် ဘုရားသခင်ထံချဉ်းကပ်ပါ။ သူတို့အားယဇ်ပလ္လင်ပေါ်၌ယုံကြည်ခြင်းအားဖြင့် ချည်နှောင်တည်ရှိနေစေလျက် သူတို့အတွက် ထာဝရဘုရား၏စောင့်ရှောက်ပြုစုခြင်းရရှိစေရန် တောင်းပန်လော့။ ဘုရားသခင်အား

မိမိတို့ကိုယ်ကိုဆက်ကပ်ထားသော သားသမီးများကိုပြုစုစေခြင်းငှာ ခန့်ထားသောကောင်းကင်တမန်တို့က ကာကွယ်စောင့်ရှောက်ကြလိမ့်မည်။ နံနက်နှင့်ညတိုင်း စိတ်အားကြီးစွာဆုတောင်းခြင်း၊ စွဲမြဲစွာယုံကြည်ခြင်းအားဖြင့် မိမိတို့၏သားသမီးများပတ်လည်တွင် အကာအဆီးကိုထားပေးခြင်းသည် ခရစ်ယာန်မိဘတို့၏တာဝန်ဖြစ်သည်။ ဘုရားသခင်နှစ်သက်တော်မူစေခြင်းငှာ မည်ကဲ့သို့ပြုမူနေထိုင်ရမည်ကို မိဘတို့သည် သားသမီးတို့အားသည်းခံလျက်၊ သွန်သင်နည်းပြလျက် ကြင်နာစွာမောပန်းခြင်းမရှိဘဲ သင်ကြားပေးရကြမည်။[२२]

နေ့တိုင်း သန့်ရှင်းသောဝိညာဉ်တော်၏နှစ်ခြင်းကိုခံယူခြင်းသည် သူတို့၏အခွင့်အရေးတစ်ခုဖြစ်ကြောင်းကို သင်၏သားသမီးများအားသွန်သင်ပါ။ သင်သည် သခင်ခရစ်တော်၏အကြံအစည်ကိုလိုက်နာရာ၌ ကိုယ်တော်၏အကူအညီတစ်ဦးဖြစ်ကြောင်းကို ကိုယ်တော်အားသိရှိစေပါ။ သင်သည် သင်၏သားသမီးများအတွက် အမှုဆောင်ရွက်ခြင်းကိစ္စမှာ လုံးလုံးအောင်မြင်ခြင်းဖြစ်စေမည်အကြောင်း ဆုတောင်းခြင်းအားဖြင့် အတွေ့အကြုံကိုရရှိလိမ့်မည်။[२९]

မိခင်ဆုတောင်းခြင်း၏တန်ခိုးကို များစွာမှန်းဆ၍မရနိုင်။ သူငယ်အရွယ်မှပြောင်းလဲလာ၍ ပျို့ရွယ်သူတို့၏ဘေးဥပဒ်တို့ကိုကြုံတွေ့ခဲ့ရဖူးသဖြင့် မိမိ၏သားနှင့်သမီးတို့၏အနား၌ ဒူးထောက်ဆုတောင်းတတ်သော မိခင်သည် တရားစီရင်တော်မူသောနေ့ရက်တိုင်အောင် မိမိ၏သားသမီးများအပေါ်၌ မိမိ၏ဆုတောင်းခြင်း၏ဩဇာညောင်းမှုအကျိုးကို ဘယ်အခါမျှသိရှိမည်မဟုတ်။ သူမသည် ယုံကြည်ခြင်းအားဖြင့် ဘုရားသခင်၏သားတော်နှင့်ဆက်သွယ်နေလျှင် မိခင်၏ကြင်နာသောလက်သည် မိမိ၏သားအားစုံစမ်းခြင်း၏တန်ခိုးမှတားဆီးကာကွယ်နိုင်လိမ့်မည်။ သူမ၏သမီးကိုလည်း အပြစ်ဒုစရိုက်တွင်လိုက်စားခြင်းမှ ကာကွယ်ပိတ်ပင်နိုင်တော့မည်။ လောကီတပ်မက်ခြင်းတို့က အနိုင်ယူရန်တိုက်ခိုက်နေစဉ် မေတ္တာ၏တန်ခိုး၊ မိခင်၏စိတ်အားကြီးစွာတားဆီးပိတ်ပင်ရန် ဆုံးဖြတ်ထားသောစိတ်၏ဩဇာညောင်းမှုသည် ဝိညာဉ်အားမှန်ကန်သောဘက်သို့ရောက်ရှိသွားစေလိမ့်မည်။[२७]

သင်သည် သင်၏သားသမီးတို့အားပြုအပ်သောတာဝန်ကို သစ္စာနှင့်ဆောင်ရွက်ပြီးသောအခါ သူတို့အား ဘုရားသခင်ထံခေါ်ဆောင်သွား၍ သင့်ကိုမစတော်မူရန် ဘုရားသခင်အားတောင်းလျှောက်လော့။ သင်သည် သင်၏တာဝန်ကိုဆောင်ရွက်ပြီးကြောင်း ဘုရားသခင်အားပြောပြပြီးနောက်၊ သင်မလုပ်နိုင်သော ဘုရားသခင်၏တာဝန်ကိုဆောင်ရွက်တော်မူစေရန် ယုံကြည်ခြင်းနှင့်တောင်းလျှောက်လော့။ သူတို့၏စိတ်သဘောကိုနူးညံ့သိမ်မွေ့လာအောင် သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ပြုပြင်ပေးတော်မူရန်ဘုရားသခင်အားလျှောက်ထားလော့။ သင်၏ဆုတောင်းသံကို ဘုရားသခင်သည် နားညောင်းတော်မူမည်။ သင်၏ဆုတောင်းချက်များကိုဖြေတော်မူရန် ဘုရားသခင်သည် နှစ်သက်တော်မူမည်။ ဘုရားသခင်၏နှုတ်ကပတ်တော်အားဖြင့်၊ “သူတို့ကိုအကျိုးနည်းအောင် သနားသောစိတ်မရှိစေခြင်းငှာ၊” သင်သည် သားသမီးတို့ကိုဆုံးမပြုပြင်ရန် ဘုရားသခင်သည် အမိန့်ပေးတော်မူသဖြင့် ဤအရာများ၌ ဘုရားသခင်၏နှုတ်ကပတ်တော်ကို သတိပြုရကြမည်။[၃၆]

## ရိုသေခြင်းနှင့်ယဉ်ကျေးခြင်းကိုသွန်သင်ပေးခြင်း

အသက်ကြီးသောသူတို့ကို ကြင်နာစွာရိုသေလေးစားစေဖို့ ဘုရားသခင်ကမှာထားတော်မူ၏။ “ဖြူသောဆံပင်သည် ဖြောင့်မတ်ခြင်းတရား၌တည်လျှင် ဘုန်းကြီးသောသရဖူဖြစ်၏” သု၊ ၁၆း၃၁။ အသက်ကြီးသောသူတို့က တိုက်ခိုက်ခဲ့သောစစ်ပွဲများ၊ အောင်မြင်ခဲ့သောအကြောင်းအရာများ၊ ခံယူခဲ့ရသောတာဝန်များ၊ တားဆီးခုခံခဲ့ရသော စုံစမ်းသွေးဆောင်ခြင်းအမှုများအကြောင်းကို ပြောပြကြ၏။ သူတို့နားနေရာအရပ်နှင့်နီးကပ်လာ၍ ပင်ပန်းသောခြေများ၊ မကြာမီလွတ်လပ်နေမည့်နေရာများအကြောင်းကိုပြောပြကြ၏။ ဤအရာကိုဆင်ခြင်ရန် သားသမီးများအားကူညီပြောပြပါ။ ထိုအခါ သူတို့သည် မိမိတို့၏ယဉ်ကျေးမှုနှင့်ရိုသေလေးစားမှုအားဖြင့် အသက်ကြီးသောသူတို့၏လမ်းကို ချောမောပြေပြစ်စေကြလိမ့်မည်။ ၎င်းပြင် “ဆံပင်ဖြူသောသူ

ရှေ့မှာထရမည်။ အသက်ကြီးသောသူ၏မျက်နှာကိုရိုသေရမည်” ဟူသော အမိန့်တော်ကိုသတိပြုကြစဉ် သူတို့သည် လူငယ်တို့၏အသက်တာတွင် ကောင်းမြတ်ခြင်း၊ တင့်တယ်ခြင်းကိုဖြစ်လာစေလိမ့်မည်။ ဝတ် ၁၉း၃၂။[၃၇]

ယဉ်ကျေးခြင်းသည် ဝိညာဉ်တော်၏ဆုကျေးဇူးတစ်ခုဖြစ်၍ လူအပေါင်းသည် ၎င်းကိုလိုက်နာပြုကျင့်ရမည်။ ၎င်းသည် စိတ်သဘောများကို နူးညံ့စေသောတန်ခိုးနှင့်ပြည့်စုံ၏။ ၎င်းယဉ်ကျေးမှုမရှိလျှင် စိတ်သဘောသည် ခိုင်မာကြမ်းတမ်း၏။ သခင်ခရစ်တော်၏တပည့်များဟုခေါ်နေကြလျက် ကြမ်းတမ်း၍ မကြင်နာ၊ မယဉ်ကျေးသောသူတို့သည် သခင်ယေရှုအကြောင်းကိုမသိရှိကြသေးသောသူများဖြစ်ကြသည်။ သူတို့၏ရိုးဖြောင့်ခြင်းကို ယုံမှားစရာအကြောင်းမရှိ။ သူတို့၏ဖြောင့်မတ်ခြင်းကိုလည်း မေးမြန်းစရာမလို၊ သို့ရာတွင် ရိုးဖြောင့်ခြင်းနှင့်ဖြောင့်မှန်ခြင်းအားဖြင့် ကြင်နာခြင်း၊ ယဉ်ကျေးခြင်းကင်းမဲ့မှုကို အပြစ်လွှတ်နိုင်လိမ့်မည်မဟုတ်။[၃၈]

---o---

# အခန်း (၄၆)
# ခရစ်ယာန်ပညာသင်ကြားရေး

ကျွန်ုပ်တို့သည် ဤလောကရာဇဝင်သမိုင်းတွင် နောက်ဆုံးအရေးကြီးသောအဖြစ်အပျက်နှင့် လျင်မြန်စွာနီးကပ်လာလေပြီ။ ၎င်းပြင် ကျွန်ုပ်တို့၏ကျောင်းများကပေးသော ပညာသင်ကြားရေးနှင့်ဆိုင်ရာအကျိုးကျေးဇူးများသည် လောက၏ကျောင်းများကပေးသောအကျိုးကျေးဇူးများနှင့် ကွာခြားရမည်ကို ကျွန်ုပ်တို့သိနားလည်ဖို့အရေးကြီးပေသည်။[၁]

ပညာသင်ကြားရေးနှင့်စပ်ဆိုင်၍ ကျွန်ုပ်တို့၏ထင်မြင်ချက်များသည် အလွန်ကျဉ်းမြောင်း၍ အလွန်ပင်အောက်တန်းကျလွန်းပါသည်။ ကျယ်ဝန်းသောအမြော်အမြင်နှင့် သာ၍မြင့်မြတ်သောရည်ရွယ်ချက်ရှိဖို့လိုပေသည်။ မှန်သောပညာသင်ကြားရေးသည် သင်တန်းတစ်ခု၏သင်ခန်းစာကို လေ့ကျက်ဖတ်ရှုခြင်းထက်သာ၍ ပိုမိုကြောင်းကိုဆိုလိုသည်။ ၎င်းသည် လူတစ်ကိုယ်လုံးနှင့်လည်းကောင်း၊ တည်နေနိုင်သမျှအသက်တာကာလနှင့်လည်းကောင်း သက်ဆိုင်ပေသည်။ ၎င်းသည် ကိုယ်ကာယ၊ စိတ်ဥာဏ်နှင့်ဝိညာဉ်စွမ်းအားသတ္တိများ၊ ညီညွတ်စွာဖြစ်ပေါ်ကြီးပွားလာမှုဖြစ်သည်။ ၎င်းသည် သင်ကြားလေ့လာသူအား ဤလောကတွင် အကျိုးဆောင်ရွက်ခြင်းဖြင့်ရရှိသောဝမ်းမြောက်ခြင်းနှင့် နောင်လာမည့်လောကတွင် သာ၍ကျယ်ပြန့်စွာအကျိုးဆောင်ရွက်ခြင်းဖြင့် ရရှိမည့်သာ၍ဝမ်းမြောက်ခြင်းအတွက် ပြင်ဆင်ပေးလေသည်။[၂]

အမြတ်ဆုံးသောသဘောအားဖြင့် ပညာသင်ပေးခြင်းအလုပ်နှင့်ရွေးနုတ်ခြင်းအလုပ်သည် တစ်ခုတည်းဖြစ်၏။ အကြောင်းမူကား၊ ရွေးနုတ်ခြင်းမှာကဲ့သို့ ပညာသင်ကြားရေး၌ "ယေရှုခရစ်တည်းဟူသော ချလျက်ရှိသော တိုက်မြစ်မှတစ်ပါး အခြားသောတိုက်မြစ်ကို အဘယ်သူမျှမချနိုင်။[၃]

လူအားဘုရားသခင်နှင့်တစ်ဖန်ပြန်၍ ညီညွတ်လာစေခြင်း၊ ထိုနည်းအားဖြင့်သူသည် ဘုရားသခင်၏ပုံသဏ္ဍာန်ကို တစ်ဖန်ပြန်၍ထင်ရှားစေမည်အကြောင်း လူ၏အကျင့်သဘောကိုမြှင့်တင်မြင့်မြတ်လာစေခြင်းသည်

အသက်တာ၏ပညာသင်ကြားရေးနှင့်သွန်သင်ဆုံးမခြင်း၏ရည်ရွယ်ချက်ကြီး ဖြစ်ပေသည်။ ဤအမှုသည် အလွန်အရေးကြီးသောကြောင့် ကယ်တင်ရှင်သည် ကောင်းကင်စည်းစိမ်များကိုစွန့်ပြီးလျှင် လူတို့အား သာ၍မြင့်မြတ်သော အသက်တာကို သင့်လျော်စွာမည်ကဲ့သို့ရရှိစေဖို့ သင်ကြားနိုင်မည်အကြောင်း ဤလောကသို့ကြွလာတော်မူ၏။[၄]

လောကစီမံကိန်းများ၊ နည်းနာများနှင့်ထုံးစံဓလေ့များကို လိုက်စားဖို့အလွန်လွယ်ကူ၍ နောဧလက်ထက်ကလူများထက်ပင် ကျွန်ုပ်တို့အသက်ရှင်နေသောကာလအကြောင်းကိုလည်းကောင်း၊ ပြီးမြောက်ဆောင်ရွက်ရမည့်ကြီးကျယ်သောအမှုတော်ကြီးအကြောင်းကိုလည်းကောင်း ပိုမို၍စဉ်းစားဆင်ခြင်ခြင်းမပြုဘဲနေတတ်ကြသည်။ ဘုရားသခင်ပေးတော်မမူသောထုံးစံဓလေ့များ၊ အကျင့်သီလများနှင့်ထုံးတမ်းစဉ်လာများကို လိုက်နာနေကြသောယုဒလူမျိုးတို့နည်းတူ ကျွန်ုပ်တို့၏ပညာရေးလမ်းညွှန်သူများသည် အလားတူနည်းလမ်းများကိုလိုက်နာလာကြလိမ့်မည်ဟု အမြဲထိတ်လန့်စိုးရိမ်နေရကြသည်။ အချို့သောသူတို့သည် ရှေးဟောင်းအလေ့အကျင့်များကို စွဲမြဲစွာတွယ်ကပ်နေကြလျက်၊ မလိုအပ်သောပညာအမျိုးမျိုးကိုစွဲမြဲနှစ်သက်နေကြပြီး ဤအရာများအပေါ်၌ သူတို့၏ကယ်တင်ခြင်းသည် မှီခိုလျက်ရှိသည်ဟုထင်မှတ်နေကြသည်။ ဤကဲ့သို့ပြုနေခြင်းဖြင့် သူတို့သည် ဘုရားသခင်ပေးတော်မူသည့် ထူးခြားသောအလုပ်မှလွဲနေကြလျက် သင်ကြားနေသောတပည့်များအား မလုံလောက်ချို့တဲ့၍မှားသောပညာကိုပေးနေကြသည်။[၁]

ဝိညာဉ်များအား သခင်ယေရှုကိုသိမြင်စေရန် ယူဆောင်လာနိုင်မည်အကြောင်း အသင်းတော်များတွင် အမှုဆောင်ရွက်၍ ကျွန်ုပ်တို့၏လူငယ်များကို ထူးခြားသောလုပ်ငန်းများအတွက် သွန်သင်လေ့ကျင့်ပေးရန် ကျွမ်းကျင်နားလည်သောယောကျာ်း၊ မိန်းမများရှိရမည်။ ကျွန်ုပ်တို့တည်ထောင်ထားသောကျောင်းများ၌ ဤရည်ရွယ်ချက်များရှိရမည်။ ၎င်းပြင် အခြားအသင်းများကတည်ထောင်ထားသောကျောင်းများ၊ (သို့မဟုတ်) လောကီကျောင်းများ၊ ကောလိပ်ကျောင်းများတို့နည်းတူမဖြစ်စေရ။ ၎င်းတို့သည် သာ၍အဆင့်အတန်း

မြင့်၍ ၎င်းတို့တွင် မယုံကြည်တတ်သောသဘောများကို အစပြုဖြစ်ပေါ် မလာစေရ၊ (သို့မဟုတ်) မျက်နှာသာမပေးရ။ ပညာသင်နေသောတပည့်တို့သည် ခရစ်ယာန်ဘာသာတရား၌ လက်တွေ့သင်ကြားရကြမည်။ ၎င်းပြင် ကျမ်းစာအုပ်သည်အမြတ်ဆုံး၊ အရေးအကြီးဆုံးသင်ခန်းစာ စာအုပ်ဖြစ်ရမည်။[၆]

## အသင်းတော်၏တာဝန်

ညဥ့်အခါ၌ ကျွန်ုပ်သည် လူစုကြီးတစ်စုထဲတွင်ရောက်နေလျက် ၎င်းတွင်လာရောက်သောသူအပေါင်းတို့၏စိတ်ထဲ၌ ပညာသင်ကြားရေးအကြောင်းသည် လှုပ်ရှားလျက်ရှိ၏။ ကျွန်ုပ်တို့အားကြာမြင့်စွာသွန်သင်ပေးနေသူတစ်ဦးသည် လူများတို့အားမိန့်ခွန်းဟောပြောနေ၏။ ပညာသင်ကြားရေးအကြောင်းသည် သတ္တမနေ့ဥပုသ်အသင်းသားတစ်စုလုံးကို စိတ်ပါဝင်စားစေရမည်ဟု သူကပြောဆို၏။[၇]

အသင်းတော်၏ကလေးသူငယ်တို့သည် ကျောင်းတက်ရာ၌လည်းကောင်း၊ အခြားသောအဖွဲ့အစည်းတွင်လည်းကောင်း ပျက်စီးသောအကျင့်ဓလေ့များအားဖြင့် ဩဇာညောင်းခြင်းမခံရမည်အကြောင်း၊ သူတို့အား ပညာသင်ကြားပေး၍ သွန်သင်လမ်းပြဖို့ရန် အသင်းတော်၌ ထူးခြားသောအလုပ်တစ်ခုရှိပေသည်။ လောကတွင်အပြစ်ဒုစရိုက်များနှင့်လည်းကောင်း၊ ဘုရားသခင်၏အမိန့်တော်ကို ဂရုမစိုက်သောအကျင့်များနှင့်လည်းကောင်း ပြည့်ဝလျက်ရှိ၏။ မြို့ကြီးများသည် သောဒုံမြို့ကဲ့သို့ဖြစ်လာ၍ ကလေးသူငယ်တို့သည် နေ့စဉ်များစွာသောမကောင်းမှုများနှင့် ကြုံတွေ့နေရကြသည်။ လောကီကျောင်းများတွင် စာသင်နေကြသောသူတို့သည် မိမိတို့ထက်ဂရုမစိုက်ဘဲနေခြင်းခံနေရသောအခြားသူများ၊ ကျောင်းတွင် စာသင်ချိန်မှလွဲ၍ လမ်းပေါ်၌လေလွင့်နေခဲ့ကြသောသူများနှင့် မကြာခဏပေါင်းဖော်ရကြ၏။ ငယ်ရွယ်သောသူတို့၏စိတ်သည် အလွယ်တကူစွဲလမ်းတတ်ကြ၏။ ၎င်းပြင် သူတို့၏ပတ်ဝန်းကျင်၌မှန်ကန်ဖြောင့်မတ်သောသဘောများမရှိလျှင် စာတန်သည် ဂရုမစိုက်ဘဲ

ထားခြင်းခံရသော ဤကလေးသူငယ်များအား သာ၍သေချာစွာ သွန်သင်လေ့ကျင့်ပေးခြင်းခံရသောသူတို့အပေါ်၌ ဩဇာညောင်းစေရန်အသုံးပြုလိမ့်မည်။ ထိုသို့အားဖြင့် ဥပုသ်စောင့်သောမိဘများသည် အဘယ်သို့ဖြစ်ပျက်သည်ကို မသိမီ လွန်စွာဆိုးသွမ်းသောအမှုများကို သင်ကြားရကြပြီး သူတို့၏ကလေးသူငယ်တို့သည် ပျက်စီးရကြလေသည်။

မိမိတို့၏သားသမီးများကို ပညာသင်ပေးရန်ရည်ရွယ်လျက် ကျွန်ုပ်တို့၏ကျောင်းကြီးများတည်ရှိသောအရပ်များသို့ ပြောင်းရွှေ့သွားကြသော အိမ်ထောင်အများသည် မိမိတို့နေရပ်၌ပင်နေမြဲနေကြခြင်းဖြင့် ဘုရားသခင်အတွက် သာ၍ကောင်းသောအမှုကို ဆောင်ရွက်နိုင်ကြလိမ့်မည်။ မိမိတို့သည် အသင်းသားအဖြစ်ပါဝင်သောအသင်းတော်အား အသင်းတော်ကျောင်းတစ်ကျောင်းတည်ထောင်ရန် အားပေးတိုက်တွန်းရကြမည်။ ထိုကျောင်း၌ မိမိတို့၏ရပ်ကွက်တွင်းရှိ ကလေးသူငယ်တို့သည် အလုံးစုံသင်ပေးသော လက်တွေ့ခရစ်ယာန်ပညာကို သင်ကြားပေးနိုင်သည်။ မိမိတို့ကိုမလိုသောကြောင့် ဝိညာဉ်ရေး၌လှုပ်ရှားမှုမရှိလောက်အောင် အမြဲသွေးဆောင်ခြင်းသို့ ကျရောက်စေသောအသင်းတော်ကြီးများသို့ သွားရောက်နေမည့်အစား မိမိတို့၏အကူအညီကိုလိုသည့် သာ၍ငယ်သောအသင်းတော်တွင်နေမြဲနေလျှင် မိမိတို့အတွက်၊ မိမိတို့၏သားသမီးများအတွက်နှင့် ဘုရားသခင်၏အမှုတော်အတွက် များစွာသာ၍ကောင်းလိမ့်မည်။

ဥပုသ်စောင့်သောသူအနည်းငယ်ရှိသောနေရာတိုင်း၌ မိဘတို့သည် စုပေါင်း၍ နေ့ကျောင်းတစ်ကျောင်းကိုတည်ထောင်ထားလျှင် မိမိတို့၏ကလေးသူငယ်များနှင့်ပျို့ရွယ်သောသူတို့ကို ပညာသင်ကြားပေးနိုင်သည်။ သူတို့သည် ခရစ်ယာန်ဆရာတစ်ယောက်ကို အလုပ်လုပ်စေရမည်။ သူသည် ကိုယ်ကိုဆက်ကပ်ထားသောခရစ်ယာန်သာသနာပြုဆရာအဖြစ်နှင့် ကလေးသူငယ်တို့အား ခရစ်ယာန်သာသနာပြုဆရာများဖြစ်လာနိုင်အောင် လမ်းညွှန်သောနည်းမျိုးဖြင့် ပညာသင်ပေးရလိမ့်မည်။[၈]

ကျွန်ုပ်တို့သည် မိမိတို့၏သားသမီးများကို လောကအတွက်မဟုတ်ဘဲ ဘုရားသခင်အတွက်မွေးမြူရန် မိမိတို့ကိုယ်ကိုလောကထဲသို့မရောက်ရှိစေဘဲ ဘုရားသခင်ကိုချစ်ခင်ကိုးစား၍ ကြောက်ရွံ့ရှိသေစေဖို့၊ ဘုရားသခင်၏ပညတ်တော်ကိုစောင့်ရှောက်စေဖို့ သွန်သင်ပေးရန် ဘုရားသခင်ထံ၌အရေးကြီး၍ သန့်ရှင်းသောပဋိညာဉ်ကိုခံယူထားကြသည်။ သူတို့သည် ဖန်ဆင်းရှင်၏ ပုံသဏ္ဍာန်နှင့်အညီ ပြုပြင်ထားသည်ကိုလည်းကောင်း၊ သခင်ခရစ်တော်သည် သူတို့လိုက်နာအတုယူအပ်သောစံနမူနာဖြစ်သည်ကိုလည်းကောင်း သူတို့သည် စိတ်ထဲ၌အမြဲစွဲမှတ်ထားရမည်။ ကယ်တင်ခြင်းအကြောင်းကိုသိနားလည်စေ၍ အသက်တာနှင့်အကျင့်စာရိတ္တတို့တွင် ဘုရားသခင်နှင့်တူညီလာစေရန် ပြုပြင်ပေးသောပညာကို အထူးဂရုစိုက်၍သင်ကြားပေးရမည်။[၉]

အမှုဆောင်များလိုနေသည်ကိုဖြည့်စွက်ပေးရန် နောင်အကျိုးရှိမည်ဟု မျှော်လင့်ရသောကျောင်းသား၊ ကျောင်းသူများသည် အမျိုးမျိုးသောအတတ်ပညာများနှင့် ကျမ်းစာ၏သမ္မာတရားများကို သင်ကြားနိုင်မည့်ကျောင်းများကို နိုင်ငံအရပ်ရပ်၌တည်ထောင်ထားရမည်ဟု ဘုရားသခင်သည် အလိုရှိတော်မူ ၏။ ဤလူများသည် အမှုတော်ကိုဆောင်ရွက်ကြသောအခါ အသစ်သော သာသနာနယ်ပယ်များတွင် ခေတ်ကာလနှင့်ဆိုင်သောသမ္မာတရားကို ဟောပြော ခြင်းအလုပ်၏သဘောကို ထင်ရှားစွာဖော်ပြကြလိမ့်မည်။

ကျွန်ုပ်တို့အသင်း၏ဌာနချုပ်ဟောင်းများမှ သာသနာပြုဆရာ အဖြစ်စေလွှတ်ရမည့်သူများအား ပညာသင်ကြားပေးရမည့်အပြင် ကမ္ဘာအရပ်ရပ်ရှိလူများတို့အား မိမိတို့၏တိုင်းရင်းသားများနှင့် မိမိတို့၏အိမ်နီးချင်း များအတွက် အမှုတော်ဆောင်ရွက်ရန် သွန်သင်လေ့ကျင့်ပေးရမည်။ ၎င်းပြင် တတ်နိုင်သမျှ မိမိတို့အမှုဆောင်ရွက်ရမည့်နယ်မြေတွင် ပညာကိုလေ့လာ ဆည်းပူးဖို့ သူတို့အတွက်သာ၍ကောင်းလျက် သာ၍စိတ်ချရ၏။ အမှုတော် ဆောင်တစ်ယောက်သည် မိမိ၏ပညာသင်ကြားရေးအတွက် ဝေးသောတိုင်းပြည် အရပ်ဒေသသို့သွားရခြင်းသည် သူ့အတွက် (သို့မဟုတ်)အမှုတော်တိုးတက် ရေးအတွက်အကောင်းဆုံးဖြစ်ခဲလှပေသည်။[၁၀]

အသင်းတော်တစ်ခုအဖြစ်၊ အသီးအသီးအတွက် ကျွန်ုပ်တို့သည် တရားစီရင်ရာကာလ၌ အပြစ်ကင်းရှင်းစွာရပ်နေလိုကြလျှင် ကျွန်ုပ်တို့အထဲ၌ အပ်ထားသောအမှုတော်ကြီး၏ကိစ္စအမျိုးမျိုးအတွက် ကျွန်ုပ်တို့၏လူငယ် များသည် သာ၍သင့်လျော်မည်အကြောင်း ထိုသူငယ်တို့အား သွန်သင် လေ့ကျင့်ပေးရာတွင် ကျွန်ုပ်တို့သည် သာ၍အားစိုက်လျက်ကြိုးစားရကြမည်။ မိမိတို့၏အလုပ်ကို စိတ်အားကြီးခြင်းနှင့်လည်းကောင်း၊ သစ္စာနှင့်လည်းကောင်း ဆောင်ရွက်ကြမည့် ကျွမ်းကျင်သောအမှုတော်ဆောင်များကင်းမဲ့ခြင်းကြောင့်၊ သခင်ခရစ်တော်၏အမှုတော်သည် ရပ်ဆိုင်းထားခြင်းမခံရမည်အကြောင်း စွမ်းရည်သတ္တိနှင့်ပြည့်စုံသောသူတို့၏ ပင်ကိုဉာဏ်ကောင်းသောစိတ်သဘောကို တိုး၍ခိုင်ခံ့စေလျက် ကောင်းစွာသွန်သင်လေ့ကျင့်ပေး၍ အမြင့်ဆုံးသော အဆင့်အတန်းသို့ရောက်ရန် ပြုပြင်ပေးခြင်းငှာ ကျွန်ုပ်တို့သည် စီမံကိန်းများ ကိုသတိပညာနှင့်ပြုလုပ်ပေးရကြမည်။၁၁

## ကျွန်ုပ်တို့၏ကျောင်းများ၌အကျင့်စာရိတ္တကိုမြှင့်တင်ပေးခြင်း

မိမိတို့၏သားသမီးများအား စိတ်နှလုံးပြောင်းလဲစေရန်အတွက် မိခင်၊ ဖခင်တို့သည် ဆရာ၊ ဆရာမများနှင့်အတူတကွလက်တွဲ၍ စိတ်အားထက်သန်စွာ ကြိုးစားဆောင်ရွက်ရကြမည်။ အိမ်ထောင်၌ ဝိညာဉ်ရေးနှင့် စပ်ဆိုင်၍ အကျိုးခံစားခွင့်များကိုအမြဲအသစ်ဖြစ်လျက် သင့်လျော်စွာရှိစေရန်နှင့် သားသမီးများအား ထာဝရဘုရား၌ကြီးပွား၍ ဆုံးမသွန်သင်ခြင်းခံရစေခြင်းငှာ စောင့်ရှောက်ပြုစုရန် မိဘတို့သည် ကြိုးစားအားထုတ်ကြပါစေ။ သူတို့သည် နေ့စဉ်မိမိတို့၏သားသမီးများနှင့်အတူ လေ့လာသင်ကြား၍ နည်းနာခံယူသောသူများဖြစ်လာရန် အချိန်အနည်းငယ်ကန့်သတ်ထားပါစေ။ ထိုသို့အားဖြင့် ပညာသင်ကြားလေ့လာရန်အချိန်သည် ပျော်မွေ့ဖွယ်ဖြစ်၍ အကျိုးဖြစ်ထွန်းစေလိမ့်မည်။ ၎င်းပြင် မိမိတို့သားသမီးများ၏ကယ်တင်ရေး

အဖို့ ဤကဲ့သို့နည်းလမ်းရှာဖွေရာတွင် သူတို့၌ယုံကြည်အားထားမှုသည် တိုးပွားလာလိမ့်မည်။[၁၂]

အချို့သောတပည့်များသည် ညည်းညူခြင်း၊ အပြစ်တင်ခြင်းနှင့် အိမ်သို့ပြန်သွားကြရာ၊ မိဘများနှင့်အသင်းတော်ဝင်သူတို့သည် အကျယ်ချဲ့၍ တစ်ဖက်သတ်ပြောဆိုသောစကားများကို ဂရုစိုက်နားထောင်ကြ၏။ သူတို့သည်နှစ်ဦးနှစ်ဖက်၏စကားကိုဆင်ခြင်စဉ်းစားသော် သူတို့အဖို့သာ၍ကောင်းလိမ့်မည်။ သို့ရာတွင် ထိုသို့ပြုရမည်အစား သူတို့သည် မိမိတို့နှင့်ကောလိပ်ကျောင်းစပ်ကြားတွင် ဤကဲ့သို့အလွဲကိုးကားပြောဆိုသောသတင်းစကားတို့ကို အကာအဆီးဖြစ်စေကြပြီ။ ထိုနောက် သူတို့သည် ကောလိပ်ကျောင်း၌ပြုမူသောနည်းလမ်းများနှင့်စပ်ဆိုင်၍ စိုးရိမ်ကြောက်လန့်ခြင်း၊ မယုံသင်္ကာဖြစ်ခြင်းရှိလာလျက် မေးမြန်းစုံစမ်းခြင်းပြုလာကြ၏။ ထိုသို့အပြုအမူတို့ကို ဩဇာညောင်းစေခြင်းဖြင့် များစွာဘေးဒုက္ခရောက်စေ၏။ စိတ်မကျေနပ်သောစကားများသည် ကူးစက်တတ်သောရောဂါကဲ့သို့ပျံ့နှံ့သွား၍ စိတ်ထဲ၌စွဲနေသောထင်မြင်ချက်များကိုဖျောက်ဖျက်ရန် ခက်ခဲနေလေ၏။ တစ်ဦးမှတစ်ဦးသို့ ထပ်ခါထပ်ခါဆက်လက်၍ သတင်းစကားကိုချဲ့ထွင်ပြီးပြောဆိုကြရာ၊ ၎င်းသည် အလွန်ကြီးကျယ်လာသည်တိုင်အောင်ဖြစ်လာ၏။ သို့သော် သေချာစွာစုံစမ်းစစ်ဆေးကြည့်ကြသောအခါ ဆရာ၊ ဆရာမများ၊ ပါမောက္ခများတို့၌ အပြစ်အနာအဆာမရှိကြောင်းထင်ရှားလာ၏။ ဤဆရာများသည် ကျောင်း၏စည်းကမ်းဥပဒေများကိုအတည်ဖြစ်စေရန် မိမိတို့၏တာဝန်ကိုထမ်းဆောင်နေကြခြင်းမျှသာဖြစ်သည်။ ဤစည်းကမ်းဥပဒေများကိုလိုက်နာစောင့်ရှောက်ရမည် (သို့မဟုတ်) ကျောင်းသည် အကျင့်စာရိတ္တ၌ပျက်စီးယိုယွင်းလာလိမ့်မည်။

မိဘများတို့သည် မိမိတို့ကိုယ်ကိုဆရာ၊ ဆရာမများနေရာ၌နေကြည့်ပြီး အတန်းတိုင်းမှသဘောအမျိုးမျိုးရှိသော တပည့်ပေါင်းများစွာပါဝင်သောကျောင်းတစ်ကျောင်းကိုအုပ်ချုပ်၍ စည်းကမ်းစနစ်ထားပေးခြင်းအမှုသည် မည်မျှခက်ခဲသည်ကိုသိမြင်လျှင် သူတို့သည် အကြောင်းအရာအဖြစ်အပျက်အမှန်ကို ခြားနားစွာတွေ့ရှိရလိမ့်မည်။ အချို့သောကလေးသူငယ်တို့သည်

အိမ်၌ဘယ်သောအခါမျှ စည်းစနစ်မရ၊ သွန်သင်ဆုံးမခြင်းမခံရကြကြောင်းကို သူတို့သည် ဆင်ခြင်စဉ်းစားရကြမည်။ သစ္စာမရှိသောမိဘတို့က အလွန်ဝမ်းနည်းဖွယ်ဂရုမစိုက်၊ အမှုမထားခဲ့သော ဤကလေးသူငယ်များအတွက် တစ်စုံတစ်ခုမပြုလုပ်လျှင် သူတို့ကိုသခင်ယေရှုသည် လက်ခံတော်မူမည်မဟုတ်။ သူတို့အားနိုင်နင်းအောင် အုပ်ချုပ်ခြင်းအမှုတစ်စုံတစ်ခုကိုမပြုခဲ့လျှင် သူတို့သည် အသက်တာ၌အသုံးမကျဖြစ်နေ၍ နောင်ဘဝ၌ကောင်းကျိုးချမ်းသာကို ဝင်စားခွင့်ရကြမည်မဟုတ်။[၃၃]

များစွာသောမိခင်၊ ဖခင်တို့သည် သစ္စာရှိသောဆရာ၊ ဆရာမများ၏ကြိုးစားအားထုတ်မှုကို ထောက်ခံအားပေးခြင်းမပြုကြသဖြင့် မှားတတ်ကြသည်။ နားလည်မှု၌မစုံလင်၍ ဝေဖန်ပိုင်းခြားမှုတွင် မတိုးပွားသေးသော ပျို့ရွယ်သူနှင့်ကလေးသူငယ်တို့သည် ဆရာများ၏အကြံအစည်နှင့်နည်းနာနည်းသျများကို အမြဲသဖြင့်နားမလည်နိုင်ကြ။ သို့ရာတွင် သူတို့ကကျောင်း၌ပြောဆို၊ ပြုလုပ်သမျှအကြောင်းကို အိမ်သို့သတင်းပေးသောအခါ ဤအကြောင်းအရာများကို မိဘတို့သည် အိမ်သားများနှင့်ဆွေးနွေးပြောဆိုကြပြီးလျှင် ဆရာ၊ ဆရာမတို့၏ပြုမူပုံတို့ကို အတားအဆီးမရှိဘဲ ဝေဖန်ပြစ်တင်တတ်ကြသည်။ ဤနေရာ၌ သားသမီးတို့သည် အလွယ်တကူနှင့်မေ့ပျောက်မရနိုင်သောအရာများကို သင်ကြားရကြ၏။ သူတို့သည် အကျင့်မရှိသေးသောတားမြစ်ပိတ်ပင်ခြင်းကိုခံရသောအခါတိုင်း (သို့မဟုတ်) မိမိတို့ကိုယ်တိုင်ခက်ခဲစွာစာကျက်ဖို့လိုလာသောအခါတိုင်း ဆင်ခြင်ဉာဏ်မရှိသော မိဘတို့၏စာနာမှုနှင့်အလိုလိုက်မှုကို အသနားခံလာကြ၏။ ထိုသို့အားဖြင့် မငြိမ်မသက်၊ စိတ်မကျေနပ်သောသဘောကို အားပေးခြင်းခံရ၏။ အကျင့်ယုတ်စေသောသြဇာညောင်းမှုကြောင့် ကျောင်းသည် ဒုက္ခရောက်သွား၍ ဆရာ၊ ဆရာမတို့၏တာဝန်သည် သာ၍များစွာလေးလံလာ၏။ သို့ရာတွင် ကြီးစွာဆုံးရှုံးခြင်းခံရသူမှာ မိဘ တို့က ကောင်းစွာမအုပ်ချုပ်ဘဲထားသော သားသမီးများဖြစ်ပေသည်။ မှန်ကန်စွာသွန်သင်လေ့လာပေးခြင်းဖြင့် ပြုပြင်ပေးနိုင်သောအကျင့်စာရိတ္တချွတ်ယွင်းမှုသည် နှစ်များစွာကြာသောအခါ တိုး၍ခိုင်မာလာလျက် ထိုအကျင့်ရှိသူအား အသုံးမကျသောသူဖြစ်လာစေအောင် ပျက်စီးဆုံးပါးစေလိမ့်မည်။[၃၄]

# ဘုရားသခင်လက်အောက်ရှိဆရာများ

ထာဝရဘုရားသည် မိမိကိုယ်ကိုဆက်ကပ်ထားသောဆရာ၊ ဆရာမများနှင့်အတူ အမှုဆောင်ရွက်တော်မူ၏။ ၎င်းပြင် ဆရာ၊ ဆရာမ၏အကျိုးကျေးဇူးအတွက်ဖြစ်ကြောင်း သူသည်သိရှိနားလည်အပ်ပေသည်။ ဘုရားသခင်၏သွန်သင်ဆုံးမခြင်းကိုခံရသော ဆရာသမားများသည် ကျေးဇူးတော်၊ သမ္မာတရားနှင့်အလင်းကို ကလေးသူငယ်များအား တစ်ဆင့်ချပေးရန် သန့်ရှင်းသောဝိညာဉ်တော်အားဖြင့်ရရှိကြ၏။ သူတို့သည် လောကဌ်ကြားဖူးသမျှတွင်အမြတ်ဆုံးဖြစ်သောဆရာသမားကြီးလက်အောက်တွင်ရှိကြသဖြင့် သူတို့၌မကြင်နာသောသဘော၊ ပြင်းထန်သောသံနေသံထားရှိလျက် အမျက်ဒေါသနှင့်ပြည့်ဝနေကြမည်ဆိုလျှင် မည်မျှမသင့်မလျော်ဖြစ်မည်နည်း။ ဤနည်းအားဖြင့် သူတို့သည် ကလေးသူငယ်များအား မိမိတို့၏ချွတ်ယွင်းချက်မျိုးကို ဆက်လက်ဖြစ်ပေါ်လာစေလိမ့်မည်။ ဘုရားသခင်သည် မိမိ၏ဝိညာဉ်တော်အားဖြင့် လူ၏ဝိညာဉ်နှင့်ဆက်သွယ်တော်မူ၏။ သင်သည် လေ့လာဆည်းပူးသောအခါ "တရားတော်၌ အံ့ဖွယ်သောအရာတို့ကိုမြင်နိုင်ပါမည်အကြောင်း၊ အကျွန်ုပ်၏မျက်စိတို့ကိုဖွင့်တော်မူပါ" ဟု ဆုတောင်းလော့။ ဆာ၊ ၁၁၉း၁၈။ ဆရာ၊ ဆရာမသည် ဆုတောင်းခြင်း၌ ဘုရားသခင်ကိုမှီခိုအားကိုးလျှင် သခင်ခရစ်တော်၏ဝိညာဉ်တော်သည် သူ့အပေါ်သို့သက်ရောက်သဖြင့် ဘုရားသခင်သည် သူ့အားဖြင့် သန့်ရှင်းသောဝိညာဉ်တော်ကိုသက်ရောက်စေလျက် တပည့်၏စိတ်သဘောကို ပြုပြင်ပေးတော်မူလိမ့်မည်။ သန့်ရှင်းသောဝိညာဉ်တော်သည် တပည့်၏စိတ်နှလုံးထဲ၌ မျှော်လင့်ခြင်း၊ ရဲရင့်ခြင်း၊ ကျမ်းစာ၏စိတ်ကူးများနှင့်ပြည့်ဝစေလိမ့်မည်။ သမ္မာတရား၏စကားများသည် အရေးကြီးစွာတိုးတက်လာ၍ ဘယ်အခါမျှအိပ်မက်ပင်မမက်ခဲ့ဖူးသောအနက်အဓိပ္ပါယ်တို့ကို ပြည့်စုံရှင်းလင်းစွာ သူသည် နားလည်လာလိမ့်မည်။ ဘုရားသခင်၏နှုတ်ကပတ်တော်တွင် ထင်ရှားသောတင့်တယ်ခြင်းနှင့်ပါရမီတို့သည် သူ၏စိတ်သဘောနှင့်အကျင့်စာရိတ္တပေါ်တွင် ပြုပြင်ပြောင်းလဲခြင်းတန်ခိုးကိုညောင်းစေ၏။

ကောင်းကင်မေတ္တာ၏မီးပွားတို့သည် ကလေးသူငယ်တို့၏စိတ်နှလုံးပေါ်တွင် နှိုးဆော်ထကြွစေသောအရာကဲ့သို့ဖြစ်လိမ့်မည်။ ကျွန်ုပ်တို့သည် ကလေးသူငယ်တို့အတွက် အမှုဆောင်ရွက်ကြလျှင် ထောင်သောင်းများစွာသောသူတို့ကို သခင်ခရစ်တော်ထံသို့ ယူဆောင်လာနိုင်ကြလိမ့်မည်။[၅]

လူတို့သည် မှန်ကန်စွာပညာရှိမလာနိုင်မီ ဘုရားသခင်အပေါ်၌ မိမိတို့သည် မှီခိုအားကိုးနေရကြောင်းကို သိရှိနားလည်ရကြမည်။ ၎င်းနောက် ဘုရားသခင်၏ပညာနှင့်ပြည့်စုံလာရကြမည်။ ဘုရားသခင်သည် ဉာဏ်စွမ်းနှင့်တကွ ဝိညာဉ်ရေးနှင့်ဆိုင်သောတန်ခိုးကိုအစပြုပေးနိုင်တော်မူသောအရှင်ဖြစ်တော်မူ၏။ လောကဓာတ်ပညာတွင် အံ့ဩဖွယ်အထွတ်အထိပ်သို့ရောက်ကြသည်ဟု လောက၏ထင်မှတ်ခြင်းကိုခံရသော ကျော်စောကိတ္တိရှိသောသူတို့ကိုချစ်တော်မူသောယောဟန် (သို့မဟုတ်) တမန်တော်ပေါလုနှင့်မနှိုင်းယှဉ်နိုင်ကြပေ။ ဉာဏ်စွမ်းသတ္တိနှင့်ဝိညာဉ်ရေးနှင့်ဆိုင်သောတန်ခိုးများသည် ပူးပေါင်းသောအခါ၌သာ လူအဖြစ်၌ အမြတ်ဆုံးသောစံချိန်သို့ရောက်ရှိနိုင်သည်။ ဤကဲ့သို့ ပြုသောသူတို့ကို ဘုရားသခင်သည် မိမိနှင့်အတူ စိတ်သဘောကိုပြုပြင်သောအမှု တော်ဆောင်များအဖြစ်နှင့်လက်ခံတော်မူမည်။[၆]

ယခုခေတ်၌ ကျွန်ုပ်တို့ကျောင်းများ၏အရေးအကြီးဆုံးအလုပ်မှာ လောကရှေ့တွင် ဘုရားသခင်၏ဂုဏ်တော်ကိုထင်ရှားစေရန် ပုံသက်သေပြခြင်းဖြစ်သည်။ သန့်ရှင်းသောကောင်းကင်တမန်များသည် ကိုယ်စားလှယ်ဖြစ်ကြသောလူများအားဖြင့် အလုပ်ကိုစီမံအုပ်ချုပ်ရကြမည်၊ ၎င်းပြင် ဌာနတိုင်းသည် ဘုရားသခင်၏ကောင်းမြတ်ခြင်းကို ထင်ရှားစေသောအထိမ်းအမှတ်များကို ထင်ရှားစွာပြရကြမည်။[၇]

## ကျောင်းဆရာ၏အရည်အချင်းများ

ကျပ်တည်းစွာနည်းနာပေးသူအဖြစ် အလုပ်ကိုသေချာစေ့စပ်စွာ ဆောင်ရွက်နိုင်လောက်အောင် ကာယဗလနှင့်ပြည့်စုံသဖြင့် အင်အားရှိသောသူ၊

သေသပ်နေရာကျနစွာဝီရိယနှင့်လုပ်ဆောင်နိုင်သောအကျင့်ဖြစ်လာရန် တပည့်များအား ကောင်းစွာသွန်သင်လေ့ကျင့်ပေးနိုင်လောက်အောင် အရည်အချင်းနှင့်ပြည့်စုံသောသူတစ်ယောက်ကို သင်၏ကျောင်းအုပ်အဖြစ်ရအောင်ရှာဖွေပါ။ သင်လုပ်ဆောင်ရသမျှ၊ တာဝန်ရှိသမျှကို သေချာစေ့စပ်စွာအပြီးတိုင်ပြုလုပ်ဆောင်ရွက်ပါ။ သင်သည် အများလုပ်ကိုင်ရသောကိစ္စများကို သင်ကြားပေးရာ၌သစ္စာရှိလျှင် သင်၏တပည့်အများသည် စာပေဖြန့်ချိရေးလုပ်ငန်း၊ ဏာပေများလှည့်လည်ရောင်းချရေးနှင့် ဧဝံဂေလိအမှုဆောင်လုပ်ငန်းတို့ကို တိုက်ရိုက်ဝင်ရောက်လုပ်ကိုင်နိုင်ကြသည်။ အမှုတော်ဆောင်အပေါင်းတို့၌ အလွန်အတန်းမြင့်သောပညာများရှိရမည်ဟု ကျွန်ုပ်တို့မထင်ပါ။[၁၈]

ဆရာ၊ ဆရာမများရွေးချယ်ရာ၌ ဧဝံဂေလိအမှုဆောင်များရွေးချယ်ခြင်းအမှုလောက် အရေးကြီးသောကိစ္စတစ်ခုဖြစ်သည်ဟုသိရှိလျက် ကျွန်ုပ်တို့သည် အရာရာတွင်တင်ကူးစီမံ၍ သတိထားအပ်ပေသည်။ အကျင့်စာရိတ္တကိုဝေဖန်ပိုင်းခြားသိရှိနိုင်အောင် ပညာအရည်အချင်းရှိသောလူကြီးများက ရွေးချယ်မှုကိုပြုလုပ်ရမည်။ အကြောင်းကား၊ ငယ်ရွယ်သောသူတို့၏စိတ်ကို သွန်သင်ပြုပြင်ပေးနိုင်၍ ကျွန်ုပ်တို့၏အသင်းတော်ကျောင်း၏ဆရာ၊ ဆရာမများကပြုလုပ်ဖို့လိုမည်ဖြစ်သောလုပ်ငန်းများကို အောင်မြင်စွာဆောင်ရွက်နိုင်စေခြင်းငှာ အကောင်းဆုံးအရည်အချင်းနှင့်ပြည့်စုံသောသူကို ရရှိနိုင်ဖို့အရေးကြီးပေသည်။ အုပ်ချုပ်နိုင်သောစွမ်းရည်မရှိ၊ ကျွမ်းကျင်မှုမရှိဘဲ ငယ်ရွယ်သောဆရာ၊ ဆရာမတို့အား လူငယ်များအပေါ်၌အုပ်ချုပ်ရန်မထားသင့်။ အကြောင်းမူကား၊ သူတို့၏ကြိုးပမ်းမှုသည် အဖွဲ့အစည်း (သို့မဟုတ်) ကျောင်းကို ပျက်စီးစရာအကြောင်းဖြစ်လိမ့်မည်။[၁၉]

စစ်ဆေးခြင်း၊ စုံစမ်းသွေးဆောင်ခြင်းအားဖြင့် ဆရာ၊ ဆရာမသည် ဘုရားသခင်ကိုချစ်၍ ပြစ်မှားရန်ကြောက်ရွံ့ကြောင်း သက်သေထင်ရှားစွာမသိရှိဘဲ ထိုဆရာ၊ ဆရာမကိုခန့်ထားခြင်းမပြုအပ်။ ဆရာ၊ ဆရာမတို့သည် ဘုရားသခင်ထံ၌ သင်ကြားနာယူခြင်းခံရလျှင် သင်တို့၏သင်ခန်းစာများမှာ

သခင်ခရစ်တော်၏ကျောင်းတွင် နေ့စဉ်သင်ကြားလေ့လာခဲ့ရလျှင် သူတို့သည် သခင်ခရစ်တော်၏နည်းလမ်းအတိုင်း လုပ်ကိုင်ဆောင်ရွက်ကြလိမ့်မည်။ ကလေး သူငယ်တိုင်းနှင့်ပျိုရွယ်သူတိုင်းသည် အဖိုးထိုက်ကြသောကြောင့် သူတို့သည် သခင်ခရစ်တော်နှင့်အတူ သူတို့ကိုရယူဆွဲငင်ယူကြလိမ့်မည်။[၂၀]

ဆရာတစ်ယောက်၏အကျင့်ဓလေ့နှင့် အခြေခံတရားများသည် သူ၏ စာပေအရည်အချင်းထက် သာ၍ပင်အရေးကြီးသောအမှုကိစ္စဟု သဘောထားရ မည်။ မှန်ကန်သောသြဇာညောင်းမှုရှိစေခြင်းငှာ သူသည် မိမိကိုယ်ကိုလုံးလုံး ချုပ်တည်းစိုးမိုးနိုင်ရမည်။ ၎င်းပြင် သူ၏စိတ်နှလုံးထဲ၌ မိမိ၏တပည့်များကို ချစ်ခင်သောသဘောများစွာပြည့်ဝနေလျက် သူ၏ဟန်အမူအရာ၊ အပြောအဆို၊ အပြုအမူတို့တွင် ၎င်းသဘောကို ထင်ရှားစေရမည်။[၂၁]

ကျောင်းဆရာသည် မိမိကိုယ်ကိုခရစ်ယာန်လူကြီးလူကောင်းကဲ့သို့ ပြုကျင့်ရမည်။ သူသည် မိမိ၏တပည့်များအဖို့ မိတ်ဆွေနှင့်အကြံဉာဏ်ပေး သောသူအနေနှင့်တည်ရှိနေရမည်။ ကျောင်းဆရာများ၊ သင်းအုပ်ဆရာများ၊ သာမန်အသင်းသားများမှစ၍ ကျွန်ုပ်တို့၏အသင်းသားအပေါင်းသည် ခရစ်ယာန် ယဉ်ကျေးမှုသဘောကိုမွေးမြူကြမည်ဆိုလျှင် သူတို့သည် လူများ၏စိတ်ကို အလွယ်တကူဆွဲဆောင်နိုင်ကြလိမ့်မည်။ လူအများသည်သမ္မာတရားကို စစ်ဆေး ၍ လက်ခံလာကြလိမ့်မည်။ ကျောင်းဆရာတိုင်းသည် မိမိကိုယ်ကို မေ့လျော့ ထား၍ မိမိတပည့်တို့၏အောင်မြင်ရေးနှင့်ကောင်းစားတိုးတက်ရေးတွင် များစွာ စိတ်ဝင်စားခြင်းရှိလျက် သူတို့သည် ဘုရားသခင်ပိုင်ထိုက်သော ဥစ္စာဖြစ် ကြောင်းကို သိရှိနားလည်ကြပြီးလျှင် သူတို့၏စိတ်သဘောနှင့်အကျင့် စာရိတ္တ ပေါ်တွင် မိမိသြဇာညောင်းမှုအတွက် တရားစီရင်ရာနေ့တွင် ချေပပြောဆို ရမည် ကိုသိရှိကြမည်ဆိုလျှင် ထိုအခါ ကျွန်ုပ်တို့၏ကောင်းကင်တမန်များ လာရောက် ပျံ့ဝဲနေလိုသော ကျောင်းတစ်ကျောင်းရှိလာလိမ့်မည်။[၂၂]

ကျွန်ုပ်တို့၏ကျောင်းများသည် အကျင့်စာရိတ္တတွင်အလွန်ကောင်းမြတ် သောဆရာ၊ ယုံကြည်အားကိုးရသောသူ၊ ယုံကြည်ခြင်းတရား၌သန့်စင်သောသူ၊

နေရာတကျစီမံပြုလုပ်တတ်၍ သည်းခံခြင်းရှိသောသူ၊ ဘုရားသခင်နှင့်သွားလာ၍ ဆိုးညစ်သောလက္ခဏာရှိသမျှနှင့်ကင်းစင်သောသူတို့ကို အလိုရှိကြသည်။

မာနကြီး၊ ဝါကြွား၍ မချစ်ခင်တတ်သောဆရာ၊ ဆရာမတို့ကို ကလေးသူငယ်များအပေါ်၌အုပ်ချုပ်ရန် ခန့်ထားခြင်းအမှုသည် မကောင်းပေ။ ဤကဲ့သို့သောသဘောမျိုးရှိသောဆရာ၊ ဆရာမသည် အကျင့်စာရိတ္တ၌လျင်မြန်စွာတိုးတက်နေသောသူတို့အတွက် များစွာဘေးဖြစ်စေလိမ့်မည်။ ဆရာ၊ ဆရာမများသည် ဘုရားသခင်၏အလိုတော်ကိုဝန်မခံကြလျှင် မိမိတို့စောင့်ရှောက်ကြည့်ရှုရသော ကလေးသူငယ်များကိုမချစ်ခင်လျှင် (သို့မဟုတ်) မိမိတို့နှစ်သက်သောသူကိုမျက်နှာလိုက်၍ မိမိတို့မနှစ်သက်သောသူ၊ အငြိမ်မနေ၍ဆော့သောသူတို့အား ဂရုမစိုက်ဘဲနေခဲ့လျှင် သူတို့ကိုခန့်ထားခြင်းမပြုရ။ အကြောင်းကား၊ သူတို့၏အလုပ်ကြောင့် သခင်ခရစ်တော်အတွက် ဝိညာဉ်များဆုံးရှုံးလိမ့်မည်။

အထူးသဖြင့် ကလေးသူငယ်များအတွက် တည်ကြည်ဣန္ဒြေရှိလျက်ကြင်နာသနားတတ်၍ အလွန်လိုသောသူတို့အတွက် စိတ်ရှည်ခြင်းနှင့်ချစ်ခြင်းမေတ္တာကိုထင်ရှားစေသော ဆရာ၊ ဆရာမများကိုလိုပေသည်။[၂၄]

ဆရာ၊ ဆရာမသည် ဆုတောင်းဖို့လိုကြောင်းကိုမသိရှိ၊ ဘုရားသခင်ရှေ့တော်၌ မိမိကိုယ်ကိုနှိမ့်ချခြင်းမရှိလျှင် ပညာသင်ကြားခြင်း၏အခြေခံအချက်ကို သူသည် ပျက်စီးဆုံးပါးစေလိမ့်မည်။[၂၅]

ဆရာ၊ ဆရာမတို့၏ကာယဗလအရည်အချင်းသည် အလွန်အရေးကြီးကြောင်းကို ပြောနေစရာမလိုပါ။ အကြောင်းကား၊ သူတို့၏ကျန်းမာရေးသည် သာ၍စုံလင်လျှင် သူတို့၏အလုပ်အကိုင်သည်လည်း သာ၍စုံလင်ပြီးမြောက်လိမ့်မည်။ အားအင်ချို့တဲ့ခြင်း (သို့မဟုတ်) ရောဂါဝေဒနာတို့ကြောင့် ကိုယ်ကာယခွန်အားတို့သည် ဝေဒနာခံစားရကြသောအခါ စိတ်သည် စဉ်းစားဆင်ခြင်ဖို့ရန် မကြည်လင်၊ လုပ်ကိုင်ပြုမူရန် မခိုင်ခံ့ဘဲနေလိမ့်မည်။ နှလုံးသည် စိတ်အားဖြင့်ဖိနှိပ်ခြင်းခံရ၏။ သို့ရာတွင် ကိုယ်ကာယ

မသန်စွမ်းခြင်းကြောင့် စိတ်သည် မိမိ၏အင်အားသတ္တိကိုဆုံးရှုံးလျှင် သာ၍ မြင့်မြတ်သောအထင်အမြင်၊ အကြံအစည်တို့ကိုဖြစ်ပေါ်လာစေသောလမ်းကြောင်းသည် ထိုမျှလောက်ပိတ်ဆို့သွားလေ၏။ ၎င်းပြင် ဆရာသည် အမှန်နှင့်အမှားကိုဝေဖန်ပိုင်းခြားနိုင်သောစွမ်းရည်၌ နည်းပါးယုတ်လျော့သွားလေ၏။ မကျန်းမမာခြင်းကြောင့် ဝေဒနာခံစားရသောအခါ သည်းခံခြင်း၊ အားရဝမ်းမြောက်ခြင်းရှိဖို့ရန် (သို့မဟုတ်) ဖြောင့်မှန်ခြင်း၊ တရားသဖြင့်ပြုခြင်းရှိဖို့ရန် မလွယ်ကူတော့ချေ။[၂၇]

## ခရစ်ယာန်ပညာသင်ကြားရေးတွင်သမ္မာကျမ်းစာအုပ်

သိမှတ်တတ်သောဉာဏ်ပညာကို သွန်သင်လေ့ကျင့်ပေးခြင်းနည်းလမ်းအဖြစ် သမ္မာကျမ်းစာအုပ်သည် အခြားသောစာအုပ်တစ်စုံတစ်ခု (သို့မဟုတ်) အခြားသောစာအုပ်အပေါင်းတို့ထက် သာ၍အကျိုးဖြစ်ထွန်းစေပါသည်။ ၎င်းတွင်ရှိအကြောင်းအရာကြီးများ၏မြင့်မြတ်ကြီးကျယ်ခြင်း၊ ၎င်းတွင်ရှိစကားများ၏ဂုဏ်ယူဖွယ်ရိုးသားခြင်း၊ ၎င်းတွင်ရှိထင်မြင်ယူဆချက်တို့၏တင့်တယ်ခြင်းအဖြစ်တို့သည် စိတ်အကြံအစည်များကို လျင်မြန်ဖျတ်လတ်၍ မြင့်တင်ပေးသကဲ့သို့ အခြားအရာများကမပြုလုပ်နိုင်။ ဖော်ပြထားသည့်ကြီးကျယ်သောသမ္မာတရားများကို အမိရယူရန်ကြိုးပမ်းခြင်းဖြင့် ထိုသို့သောဉာဏ်စွမ်းများကိုချပေးနိုင်သကဲ့သို့ အခြားစာပေလေ့လာမှုသည် မပေးနိုင်ချေ။ ထိုသို့အားဖြင့် အနန္တဉာဏ်တော်ရှင်၏အကြံအစည်တို့နှင့် ဆက်သွယ်လာရသောစိတ်သည် တိုးပွားခိုင်ခံ့သည်မှာမလွဲနိုင်ချေ။

၎င်းပြင် ဝိညာဉ်သဘောကိုဖြစ်ပေါ်တိုးတက်လာစေခြင်းအမှုတွင် ကျမ်းစာ၏တန်ခိုးသည် သာ၍ပင်ကြီးကျယ်၏။ ဘုရားသခင်နှင့်ဆက်ဆံပေါင်းသင်းဖို့ရန် ဖန်ဆင်းထားခြင်းခံရသောလူသည် ထိုကဲ့သို့ဆက်ဆံပေါင်းသင်းခြင်း၌သာ မိမိ၏မှန်သောအသက်တာနှင့်တိုးတက်ဖြစ်ပွားခြင်းအမှုကို တွေ့ရှိနိုင်သည်။ မိမိ၏အမြတ်ဆုံးဝမ်းမြောက်ခြင်းချမ်းသာကို

ဘုရားသခင်၌တွေ့ဖို့ရန် ဖန်ဆင်းထားခြင်းဖြင့် စိတ်နှလုံး၏တောင့်တမှုကို ငြိမ်သက်စေသောအရာ၊ ဝိညာဉ်၏ဆာငတ်မွတ်ခြင်းကို ပြေစေသောအရာကို အခြားမည်သည့်အရာ၌မျှမတွေ့ရှိနိုင်။ ရိုးဖြောင့်၍သင်ကြားနိုင်သောသဘောနှင့် ဘုရားသခင်၏နှုတ်ကပတ်တော်ကိုလေ့လာလျက် ၎င်း၏သမ္မာတရားကို နားလည်ရန် ကြိုးစားသောသူသည် ၎င်းကျမ်းစာကိုစီရင်တော်မူသောအရှင်နှင့် ဆက်သွယ်ရလိမ့်မည်။ ၎င်းပြင် မိမိ၏သဘောအတိုင်းမဟုတ်လျှင် သူ၏ တိုးတက်ကြီးပွားမှုသည် အကန့်အသတ်မရှိဖြစ်လာနိုင်၏။[၂၆]

သင်ခန်းစာနှင့်ပတ်သက်လျက် သာ၍အရေးကြီးသောကျမ်းချက် များကို အလုပ်တာဝန်သဘောမဟုတ်ဘဲ အခွင့်အရေးတစ်ခုအနေနှင့်အလွတ် ကျက်ထား ပါစေ။ ပထမ၌ မှတ်ဉာဏ်သည် ချွတ်ယွင်းသော်လည်း လေ့ကျင့် ပေးခြင်း အားဖြင့် မှတ်ဉာဏ်သည် တိုး၍ကောင်းလာလျက် များမကြာမီ သင်သည် သမ္မာတရား၏စကားများကို ထိုသို့ဆည်းပူးရန်နှစ်သက်လာလိမ့်မည်။ ၎င်းပြင် အကျင့်ပြုပေးခြင်းဖြင့် ဝိညာဉ်တိုးတက်ကြီးပွားရေးအတွက် အလွန်အဖိုးထိုက်တန် သော အကူအညီတစ်ခုဖြစ်လာလိမ့်မည်။[၂၇]

## အလွန်ငယ်သောအရွယ်၌ကလေးသူငယ်တို့အား ကျောင်းထားခြင်း၏ဘေးများ

ဒေင်ဥယျာဉ်၌နေခဲ့ရကြသောမိဘနှစ်ပါးသည် သဘာဝ၏စာမျက်နှာ မှပညာသင်ကြားရကြ၍ မောရှေသည် အာရေဗျပြည်၏လွင်ပြင်နှင့်တောင်ကုန်း များတွင် ဘုရားသခင်၏လက်ရာတော်များကို ဝေဖန်သိနားလည်ရလျက် သူငယ် တော်ယေရှုသည် နာဇရက်မြို့၏တောင်ပူစာများတွင် သင်ခန်းစာများ ကိုလေ့လာ တော်မူခဲ့ရသည်နည်းတူ ယခုခေတ်ရှိကလေးသူငယ်တို့သည် ဘုရားသခင်အ ကြောင်းကို သင်ကြားလေ့လာရကြမည်။ မမြင်ရသေးသော အရာကို မြင်ရသော အရာများအားဖြင့် ပုံပမာပြထားလေပြီ။

တတ်နိုင်လျှင် ကလေးသူငယ်တို့အား အလွန်ငယ်ရွယ်သောအချိန် ကစ၍ အံ့သြဖွယ်ကောင်းသော ဤသဘာဝသင်ခန်းစာစာအုပ်ကြီးကို သူတို့ ရှေ့၌ဖွင့်ပြနိုင်သောနေရာတွင်နေပါစေ။[၂၈]

သင်၏သားသမီးငယ်များကို ကျောင်းသို့အလွန်ငယ်ရွယ်သောအချိန် တွင် မပို့ပါနှင့်ဦး။ မိခင်သည် သူငယ်၏စိတ်ကိုပြုပြင်ရေးအတွက် အခြား သောသူ၏လက်ထဲသို့ မည်ကဲ့သို့အပ်နှံထားသည်ကို သတိပြုရမည်။ မိမိ တို့၏သားသမီးများသည် ရှစ်နှစ်၊ ဆယ်နှစ်အရွယ်သို့ရောက်သည်တိုင်အောင် မိဘတို့သည် သူတို့၏အကောင်းဆုံးဆရာသမားများဖြစ်ရကြမည်။ သူတို့၏ ကျောင်းခန်းသည် အိမ်ပြင်ဘက်တွင် လွတ်လပ်လဟာပြင်နှင့်ပန်းပင်များ၊ ငှက်များအထဲတွင်ဖြစ်ရမည်။ ၎င်းပြင် သင်ရန်စာအုပ်သည် သဘာဝ၏ ဘဏ္ဍာများဖြစ်အပ်သည်။ သူတို့၏စိတ်ဉာဏ်သည် ၎င်းကိုနားလည်လာနိုင် သည်နှင့်တစ်ပြိုင်နက် မိဘတို့သည် သူတို့ရှေ့၌ ဘုရားသခင်၏သဘာဝ စာအုပ်ကြီးကိုဖွင့်ပြရမည်။ ထိုသို့သောပတ်ဝန်းကျင်၌ သင်ကြားပေးသော ဤသင်ခန်းစာများကို အလွယ်တကူလျင်မြန်စွာ မေ့လိမ့်မည်မဟုတ်။[၂၉]

အလွန်ငယ်ရွယ်စဉ်အခါကလေးသူငယ်အား ကျောင်းသို့ပို့ခြင်းဖြင့် သူတို့၏ကာယနှင့်စိတ်ကျန်းမာရေးကို ဘေးဥပဒ်ဖြစ်စေသည်သာမက အကျင့် စာရိတ္တ၌လည်း သူတို့သည်ဆုံးရှုံးပျက်စီးရကြလေသည်။ သူတို့သည် အပြုအမူ၊ အလေ့အကျင့်တို့၌ သွန်သင်ပြုပြင်ပေးခြင်းမခံရသော ကလေးသူငယ်များနှင့် အကျွမ်းဝင်လာဖို့အခွင့်အရေးရရှိခဲ့ကြသည်။ သူတို့သည် ကြမ်းတမ်းရိုင်းစိုင်း ၍မုသားပြော၊ ကျိန်ဆဲ၊ ခိုးဝှက်၍ လိမ်လည်လှည့်ဖြားပြီးလျှင် မိမိတို့ထက် ငယ်သောသူတို့အား မိမိတို့၏ဆိုးသောအမှုများအကြောင်းကို ပြောပြတတ် သောအပေါင်းအသင်းများအထဲသို့ ရောက်ရှိသွားတတ်ကြသည်။ ငယ်ရွယ် သောကလေးများကို မိမိတို့သဘောအတိုင်းနေစေဖို့ ပစ်ထားကြလျှင် သူတို့ သည် ကောင်းသောအရာထက် ဆိုးသောအရာတို့ကို အလွယ်တကူတတ်မြောက် သိနားလည်လာကြသည်။ မကောင်းသောအကျင့်ဓလေ့များသည် သဘာဝ စိတ်သဘောနှင့်များစွာတိုက်ဆိုင်၏။ ၎င်းပြင် သူငယ်အရွယ်နှင့်ကလေး

အရွယ်တွင် သူတို့မြင်ရ၊ ကြားရသောအရာများသည် စိတ်ထဲ၌သာ၍ခိုင်မြဲစွာ အမြစ်စွဲနေတတ်သည်။ ၎င်းပြင် ငယ်ရွယ်သောသူတို့၏စိတ်နှလုံးထဲ၌ စိုက်ပျိုးလိုက်သောမျိုးစေ့သည် အမြစ်စွဲ၍ သူတို့မိဘများ၏စိတ်နှလုံးကိုစူးစေရန် ထက်သောဆူးပင်များဖြစ်လာကြလိမ့်မည်။[၃၀]

## အသုံးဝင်သောအသက်တာ၏လုပ်ငန်းတို့ကို သွန်သင်ပေးဖို့အရေးကြီးခြင်း

ဣသရေလလူတို့လက်ထက်ကနည်းတူ ယခုခေတ်၌လည်း လူငယ်တို့အား အသုံးဝင်သောအသက်တာ၏လုပ်ငန်းတာဝန်များကို သွန်သင်နည်းပြပေးရမည်။ အသီးအသီးတို့သည် လက်မှုအလုပ်အကိုင်နှင့်ဆိုင်သောအတတ်ပညာတချို့ကို သင်ကြားနည်းခံထားရမည်။ ထိုနည်းအားဖြင့် အလိုရှိသောအခါ အသက်မွေးဝမ်းကျောင်းနှင့်ဆိုင်သောအလုပ်အကိုင်တစ်ခုကိုရရှိနိုင်ကြသည်။ အသက်တာ၏အပြောင်းအလဲများအတွက် စိတ်ချရမည်သာမက ကိုယ်ကာယကြီးပွားရေး၊ စိတ်ဉာဏ်ကြီးပွားရေးနှင့် အကျင့်စာရိတ္တကြီးပွားရေး များအတွက်အားကိုးရသဖြင့် ဤအရာသည် လိုအပ်သောအရာဖြစ်သည်။

ကျွန်ုပ်တို့၏ကျောင်းများတွင် စက်မှုလက်မှုလုပ်ငန်းအမျိုးမျိုးကို သင်ကြားပေးသင့်သည်။ စက်မှုလက်မှုပညာသင်ကြားရေးတို့တွင် စာရင်းအင်းပညာ၊ လက်သမားအတတ်နှင့်လယ်ယာလုပ်ကိုင်ခြင်းနှင့်သက်ဆိုင်သောလုပ်ငန်းအပေါင်း ပါဝင်အပ်သည်။ ပန်းဘဲလုပ်ငန်း၊ ပန်းချီပညာ၊ ဖိနပ်ချုပ်ပညာ၊ အချက်အပြုတ်သင်တန်း၊ မုန့်ဖုတ်သင်တန်း၊ အဝတ်လျှော်နည်း၊ အထည်အဝတ်ဖာထေးခြင်းနည်း၊ လက်နှိပ်စက်ရိုက်နည်းနှင့်စာပုံနှိပ်ပညာတို့ကို သင်ကြားပေးရန် ပြင်ဆင်ခြင်းပြုလုပ်ထားရမည်။ တပည့်တော်တို့သည် အသုံးဝင်သောအသက်တာ၏လုပ်ငန်းများကို ကောင်းစွာတတ်မြောက်ကြမည်အကြောင်း၊ ဤကဲ့သို့စက်မှုလက်မှုလုပ်ငန်းများကို သွန်သင်ပေးခြင်းအမှုကို မိမိတို့အစွမ်းသတ္တိရှိသမျှ အသုံးချပေးရမည်။

ကျောင်းသူတို့သည် အများသောအတတ်ပညာတို့ကိုလက်တွေ့သင်ကြားနိုင်မည်အကြောင်း သူတို့အတွက်လုပ်ငန်းများစွာစီမံထားပေးရမည်။ သူတို့အားအဝတ်ချုပ်လုပ်ငန်းနှင့်ဥယျာဉ်စိုက်ပျိုးရေးလုပ်ငန်းကို သင်ကြားပေးရမည်။ ပန်းပင်များနှင့်စတော်ဘယ်ရီမှစသောအပင်ငယ်ကလေးများကို စိုက်ပျိုးပေးရမည်။ ထိုနည်းအားဖြင့် အသုံးဝင်သောလုပ်ငန်းများကို သင်ကြားပေးနေစဉ်သူတို့သည် ကိုယ်ခန္ဓာကျန်းမာရေးအတွက် အပြင်အပ၌ကိုယ်လက်လှုပ်ရှားခြင်းကိုလည်း ရရှိကြလိမ့်မည်။[၃၁]

စိတ်သည်ကိုယ်ကာယ၌ ဩဇာညောင်းခြင်းနှင့်တကွ ကိုယ်ကာယသည် စိတ်ပေါ်၌ဩဇာညောင်းခြင်းအကြောင်း လေးနက်စွာသိရှိအပ်သည်။ စိတ်ဉာဏ်လှုပ်ရှားမှုအားဖြင့် ထောက်ပံ့မှုရရှိသောဦးနှောက်၏လျှပ်စစ်တန်ခိုးသည် ကိုယ်ခန္ဓာတစ်ခုလုံးကို အသက်ရှင်သန်စွမ်းစေ၏။ ၎င်းပြင် ထိုသို့အားဖြင့် ရောဂါဝေဒနာများကို ခုခံကာကွယ်ရာ၌ အဖိုးတန်သောအကူအညီတစ်ခုဖြစ်စေ၏။

ကျမ်းစာတွင် ကိုယ်ခန္ဓာနှင့်စပ်ဆိုင်၍ ကျွန်ုပ်တို့ဆင်ခြင်အပ်သောသမ္မာတရားတစ်ခုရှိ၏။ ၎င်းကား၊ "စိတ်ရွှင်လန်းခြင်းသည် ကျန်းမာစေတတ်၏" ဟူသောအချက်ဖြစ်၏။[၃၂]

ကလေးသူငယ်များနှင့်ပျိုရွယ်သူတို့၌ ကျန်းမာခြင်း၊ ဝမ်းမြောက်ရွှင်မြူးခြင်း၊ ဖျတ်လတ်ခြင်းနှင့်ကောင်းစွာကြီးပွားသော ကြွက်သားနှင့်ဦးနှောက်များရှိရန် သူတို့သည် လေကောင်းလေသန့်ရရှိနိုင်သော အပြင်ဘက်မှာများစွာနေ၍ အချိန်မှန်မှန်စီမံပြုလုပ်ထားသောအလုပ်အကိုင်နှင့်ပျော်ရွှင်မှုရှိရမည်။ ကျောင်းတွင်နေရလျှင် စာကိုသာလေ့ကျက်နေရသော ကလေးသူငယ်နှင့်ပျိုရွယ်သူတို့၌ သန်မာကောင်းမွန်သောကိုယ်ကာယမရရှိနိုင်။ ကိုယ်ကာယလှုပ်ရှားမှုမရှိဘဲ စာလေ့ကျက်ရာ၌ ဦးနှောက်ကိုအသုံးချခြင်းဖြင့် ဦးနှောက်သို့သာသွေးများကိုရောက်ရှိစေသဖြင့် ကိုယ်ခန္ဓာတစ်ခုလုံး၌ သွေးသွားလာလှုပ်ရှားမှုကို မညီမညွတ်ဖြစ်စေ၏။ ဦးနှောက်၌သွေးများစွာရှိနေလျက်ခြေဖျားလက်ဖျားမှစသော ကိုယ်ကာယ၏အစွန်အဖျားများတွင် သွေးအနည်း

ငယ်သာရှိစေ၏။ ကလေးသူငယ်များနှင့်ပျိုရွယ်သူများအတွက် စာကျက်ရန် အချိန်နာရီကို ကန့်သတ်ထားရမည်။ ထိုနောက် အခြားအချိန်တွင် ကိုယ်ကာယလှုပ်ရှားသောလုပ်ငန်းကိုလုပ်စေရမည်။ ၎င်းပြင် စားသောက်ခြင်း၊ အဝတ်ဝတ်ခြင်း၊ အိပ်စက်ခြင်းအကျင့်ဓလေ့များတွင် ကိုယ်ကာယနှင့်ဆိုင်သော ဥပဒေများနှင့်ညီညွတ်စေလျှင် သူတို့သည် ကာယနှင့်စိတ်ကျန်းမာရေး တို့ကို မထိခိုက်စေဘဲ ပညာကိုရရှိနိုင်သည်။[၃၃]

## အလုပ်လုပ်ခြင်း၏ဂုဏ်အသရေ

ပျိုရွယ်သူတို့သည် ကိုယ်လက်လှုပ်ရှားရသောအလုပ်အကိုင်၏မှန်သောဂုဏ်အသရေအကြောင်းကို သိရှိနားလည်ရကြမည်။ ဘုရားသခင်သည် အမြဲသဖြင့် အလုပ်လုပ်ကိုင်နေတော်မူသောအရှင်ဖြစ်ကြောင်း သူတို့အား ညွှန်ပြပါ။ သဘာဝတွင်ရှိသမျှသောအရာခပ်သိမ်းတို့သည် မိမိတို့နှင့်ဆိုင်ရာလုပ်ငန်းကို ဆောင်ရွက်နေရကြသည်။ ဖန်ဆင်းထားသမျှသောအရာအပေါင်း၌ လှုပ်ရှားမှုရှိပေသည်။ ၎င်းပြင် ကျွန်ုပ်တို့သည်လည်း မိမိတို့၏တာဝန်ကို ပြည့်စုံစေခြင်းငှာ အမြဲလှုပ်ရှားနေရကြမည်။[၃၄]

အသုံးဝင်စေခြင်းငှာ စိတ်၏အားစိုက်မှုနှင့်ရောစပ်နေသော ကိုယ်ကာယလုပ်ငန်းသည် အသုံးဝင်သောအသက်တာတွင် စည်းကမ်းဥပဒေတစ်ခုဖြစ်၍ အမျိုးမျိုးသောကိစ္စအဝဝတွင် လူတို့သည် လုပ်ဆောင်ရမည်ဟု ဘုရားသခင်စီမံခန့်ထားတော်မူသောအလုပ်ကိုထမ်းဆောင်ရန် စိတ်နှင့်ကာယကိုကျွမ်းကျင်လာအောင် ပညာပေးခြင်းဖြစ်သည်ဟူသောထင်မြင်ချက်ဖြင့် အမြဲသာယာစေ၏။[၃၅]

သေးငယ်၍ယုတ်ညံ့သည်ဟုထင်ရသော်လည်း ကျွန်ုပ်တို့တွင် မည်သူမျှအလုပ်အကိုင်အတွက်ရှက်ခြင်းမရှိအပ်။ အလုပ်အကိုင်သည် မြင့်မြတ်စေ၏။ ခေါင်းနှင့်ဖြစ်စေ၊ လက်နှင့်ဖြစ်စေ ပင်ပန်းစွာလုပ်ကိုင်နေကြသော သူအပေါင်းတို့သည် အလုပ်လုပ်သောယောကျ်ား၊ အလုပ်လုပ်သောမိန်းမများ

ဖြစ်ကြသည်။ ၎င်းပြင် လူအပေါင်းတို့သည် စည်းဝေးတက်သကဲ့သို့ပင် အဝတ်လျှော်ခြင်း၊ ပန်းကန်ဆေးခြင်းအလုပ်များကိုလုပ်ဆောင်နေကြစဉ် မိမိတို့၏တာဝန် ကိုထမ်းဆောင်လျက် မိမိတို့၏ဘာသာတရားကိုရိုသေလေးစား နေကြ၏။ လက်များတို့သည် အလွန်ရိုးသောအလုပ်အကိုင်တစ်ခုကို လုပ်ဆောင် နေစဉ် စိတ်သည် ဖြူစင်သန့်ရှင်းသောအကြံအစည်များအားဖြင့် မြှင့်တင်ခြင်းခံရ၍ မြင့်မြတ်လာနိုင်လိမ့်မည်။[၃၆]

ကာယနှင့်ဆိုင်သည့် ပင်ပန်းသောအလုပ်ကို အဘယ်ကြောင့်အထင်သေးရခြင်း၏အကြောင်းရင်းတစ်ခုမှာ စဉ်းစားဆင်ခြင်မှုမရှိဘဲ ၎င်းအလုပ်ကို ပြီးစလွယ်ဆောင်ရွက်သောကြောင့်ဖြစ်သည်။ အထူးကောင်းမွန်သောအလုပ်ဟု ရွေးချယ်ခြင်းမဟုတ်ဘဲ လိုအပ်သောအရာဖြစ်သောကြောင့် လုပ်ဆောင်ရ၏။ လုပ်ဆောင်သောသူသည် အလုပ်၌စိတ်ဝင်စားခြင်းမရှိ၊ မိမိကိုယ်တိုင်အလုပ်ကိုလေးစားခြင်းမရှိ၊ သူတစ်ပါးကိုလည်း လေးစားစေအောင်မပြုလုပ်။ လက်မှုအလုပ်အကိုင်သည် ဤအမှားကိုပြင်ပေး၏။ ၎င်းသည် မှန်ကန်စေ့စပ်ခြင်း၊ သေချာရေရာခြင်းအကျင့်ဓလေ့ကိုဖြစ်ပွားလာစေရမည်။ တပည့်များတို့သည် နေရာတကျ၊ စည်းကမ်းစနစ်နှင့်ပြုလုပ်နိုင်ဖို့ သင်ကြားလေ့လာရကြမည်။ သူတို့သည် အချိန်ကိုချွေတာလျက် လုပ်ငန်းရှိသမျှကို တန်ဖိုးထားရမည်။ သူတို့အားအကောင်းဆုံးနည်းလမ်းများကို သွန်သင်ပေးရကြမည်သာမက အမြဲရှေ့သို့တိုးတက်ကြီးပွားလိုသောအလိုဆန္ဒရှိလာရန် နှိုးဆော်ပေးရမည်။ လူတို့၏ဦးနှောက်နှင့်လက်များက အလုပ်ကိုစုံလင်နိုင်သမျှစုံလင်အောင်ပြုလုပ်ခြင်းသည် သူတို့၏ရည်ရွယ်ချက်ဖြစ်ပါစေ။[၃၇]

ကလေးသူငယ်များအားပျင်းရိစွာနေစေခြင်းအမှုသည် အပြစ်ဒုစရိုက်တစ်ခုဖြစ်၏။ သူတို့အားမောပန်းစေသော်လည်း သူတို့၏ကိုယ်လက်အင်္ဂါများနှင့် ကြွက်သားများကိုလှုပ်ရှားစေရန် အလုပ်လုပ်ပါစေ။ သူတို့သည် အလုပ်ကို အလွန်အမင်းပိုမိုမလုပ်ရလျှင် မောပန်းစေခြင်းသည် သင့်ကိုထိခိုက်စေသည်ထက် သူတို့ကိုမည်ကဲ့သို့ထိခိုက်စေနိုင်မည်နည်း။ မောပန်းခြင်းနှင့်အင်အားကုန်ခန်းခြင်းတို့သည် လွန်စွာခြားနားပေသည်။ ကလေးများသည် လူကြီးများထက်

မကြာခဏအလုပ်အကိုင်ပြောင်းလဲပေးပြီး ကြားတွင်အနည်းငယ်အနားယူဖို့ လိုပေသည်။ သို့ရာတွင် အလွန်ငယ်သောအရွယ်၌ပင် သူတို့အားအလုပ်ကို အစပြုသင်ပေးနိုင်သည်။ ၎င်းပြင် သူတို့သည် မိမိတို့ကိုယ်ကိုအသုံးဝင်အောင် ပြုလုပ်နေကြသည်ဟူသောထင်မြင်ချက်ဖြင့် အားရဝမ်းမြောက်လျက်ရှိကြလိမ့် မည်။ ကျန်းမာစေသောအလုပ်အကိုင်ကို ဆောင်ရွက်ပြီးသောအခါ သူတို့သည် နှစ်ခြိုက်စွာအိပ်ပျော်ကြလိမ့်မည်။ ၎င်းပြင် နောက်တစ်နေ့၏အလုပ်အတွက် သူတို့သည် အသစ်သောခွန်အားနှင့်ပြည့်ဝလာကြလိမ့်မည်။[၃၈]

## မိမိ၏တိုင်းရင်းဘာသာစကားကိုအထင်မသေးအပ်

အတတ်ပညာတိုင်းတွင် စက်မှုလက်မှုလုပ်ငန်းအားဖြင့်သာရရှိသော အတတ်ပညာများထက် သာ၍အရေးကြီးသောအတတ်ပညာများရှိသေးသည်။ ဥပမာအားဖြင့်၊ ဘာသာစကားဖြစ်၏။ အသုံးပြုနေသေးသည်ဖြစ်စေ၊ တိမ်ကော သွားသည်ဖြစ်စေ နိုင်ငံခြားဘာသာစကားထက် သာ၍အရေးကြီးသောအရာ မှာ မိမိ၏တိုင်းရင်းဘာသာစကားကို လွယ်ကူမှန်ကန်နည်းလမ်းကျစွာ ပြောဆို ရေးသားနိုင်ခြင်းဖြစ်သည်။ သို့ရာတွင် သဒ္ဒါနည်းကိုသိကျွမ်းခြင်းဖြင့် သင်ကြား လေ့လာခြင်းအမှုထက် ဘာသာစကားကိုသာ၍မြင့်သောထင်မြင်ချက်နှင့်လေ့လာ ခြင်းသည် သာ၍အရေးကြီး၏။ အများအားဖြင့် ဤကဲ့သို့လေ့လာရခြင်းသည် အသက်တာ၏စိတ်ချမ်းသာမှု (သို့မဟုတ်) စိတ်ဒုက္ခရောက်မှုကိုဖြစ်စေတတ်၏။

## မယုံကြည်သောသူတို့၏အလုပ်ကို ဘုရားသခင် တားမြစ်တော်မူခြင်း

စာတန်၏မှားယွင်းသောမူလတရားများ၊ မမှန်သောဆင်ခြေများနှင့် လှီဆယ်လှည့်စားမှုများကို ကျွန်ုပ်တို့၏ပျိုရွယ်သူနှင့်ကလေးသူငယ်များတို့အား စဉ်းစားတွေးတောနေဖို့ အခွင့်ပြုထားခြင်းသည် ထာဝရဘုရားသခင်၏

ရည်ရွယ်ချက်ဖြစ်ပါသလော။ သူတို့၏ပညာဗဟုသုတဆည်းပူးရေးအတွက် ထပ်ဖြည့်ရန် အဖိုးတန်သောအရာများအဖြစ် ရုပ်တုဆင်းတုကိုးကွယ်၍ ဘုရားတရားကိုမယုံကြည်သောသူတို့၏အယူအဆ၊ ထင်မြင်ချက်တို့ကို ကျွန်ုပ်တို့၏တပည့်များအား ဖော်ပြရကြမည်လော။ ပညာဉာဏ်အလွန်ထက်မြက်သော ဘုရားတရားမဲ့သူ၏လုပ်ငန်းများကား၊ ရန်သူ၏အမှုကို ယုတ်ညံ့စွာထမ်းဆောင်သောသဘောရှိသူ၏လုပ်ငန်းများပင်ဖြစ်သည်။ ၎င်းပြင် အသစ်ပြုပြင်ပြောင်းလဲပေးသူများဟု မိမိတို့ကိုခေါ်နေသူများ၊ ကလေးသူငယ်များနှင့်ပျိုရွယ်သူများအား မှန်သောလမ်း၊ ထာဝရဘုရား၏ရွေးနုတ်ခြင်းခံရသူများလျှောက်သွားဖို့ခင်းပေးသောလမ်းသို့ပို့ဆောင်ညွှန်ပြရန် ကြိုးစားနေသောသူများက ဘုရားသခင်သည် မိမိ၏ဂုဏ်အင်္ဂါများကိုအလွဲဖော်ပြ၍ မိမိကိုမှားသောအလင်းတရား၌ဖော်ပြထားသောအရာတို့ကို လူငယ်တို့အား လေ့ကျင့်ဖတ်ရှုစေရန်ပေးတော်မူလိမ့်မည်ဟု ထင်မြင်တွေးဆနေကြရမည်လော။ ထိုသို့မဖြစ်ရ၊ ဘုရားသခင်ခွင့်ပြုတော်မမူ။[၆၀]

## ခရစ်ယာန်ပညာသင်ကြားခြင်း၏အကျိုး

ဗိမာန်တော်တံတိုင်းအတွင်း၌ ကလေးသူငယ်များက၊ "ဟောရှဏ္ဏာဖြစ်စေသတည်း။ ထာဝရဘုရား၏အခွင့်နှင့်ကြွလာတော်မူသောသူသည် မင်္ဂလာရှိစေသတည်း" (မာ၊ ၁၁း၉) ဟုကြွေးကြော်ကြသည်နည်းတူ နောက်ဆုံးသောကာလ၌ ကလေးသူငယ်များတို့သည် ပျက်စီးဆုံးပါးနေသော လောကအားနောက်ဆုံးသတိပေးသတင်းစကားကို ကျယ်စွာသောအသံဖြင့် ကြွေးကြော်ကြရလိမ့်မည်။ လူများတို့သည် သမ္မာတရားကို ဖြန့်ဖြူးဖို့ရန် အခွင့်ကိုမရရှိတော့ဘဲနေကြသည်ကို ကောင်းကင်သတ္တဝါတို့ကသိမြင်ရ ကြသောအခါ ဘုရားသခင်၏ဝိညာဉ်တော်သည် ကလေးသူငယ်များအပေါ် သို့သက်ရောက်၍ မိမိတို့၏လမ်းခရီးကိုပိတ်ပင်တားဆီးထားသဖြင့်အသက် အရွယ်ကြီးသောအမှုတော်ဆောင်များမလုပ်နိုင်သော သမ္မာတရားတော်ကို

ကြွေးကြော်ခြင်းအမှုကို သူငယ်တို့သည် လုပ်ကိုင်ဆောင်ရွက်ကြလိမ့်မည်။

ဤအမှုတော်ကြီးကိုဆောင်ရွက်ဖို့ ကလေးသူငယ်များကိုပြင်ဆင်ပေး ရန် ဘုရားသခင်သည် ကျွန်ုပ်တို့၏အသင်းတော်ကျောင်းများကိုတည်ထောင် စေရန် စီမံခန့်ထားတော်မူ၏။ ဤကျောင်းများ၌ ကလေးသူငယ်များအား ဤခေတ်ကာလအတွက် ထူးခြားသောသမ္မာတရားများကို သွန်သင်ပေးလျက် လက်တွေ့သာသနာပြုလုပ်ငန်းကို သင်တန်းပေးရမည်။ ဖျားနာသူများနှင့် ဒုက္ခဆင်းရဲခြင်းခံနေရသူများကို ကူညီမစဖို့ဖွဲ့စည်းထားသော အမှုတော်ဆောင် အဖွဲ့ကြီးတွင် ပါဝင်စေရမည်။ ကလေးသူငယ်များသည် ဆေးကုသခြင်းနှင့် ဆိုင်သော သာသနာပြုလုပ်ငန်းတွင် ပါဝင်ဆောင်ရွက်နိုင်၍ သူတို့၏သေးငယ် သောအမှုကိစ္စကလေးများဖြင့်ပင် လုပ်ငန်းကိုတိုးတက်စေနိုင်၏။ သူတို့လုပ်ကိုင် ပေးသောအလုပ်တာဝန်သည် သေးငယ်သော်လည်း အနည်းငယ်ကူညီမစမှုနှင့် သူတို့၏ကြိုးပမ်းမှုအားဖြင့် များစွာသောဝိညာဉ်တို့သည် သမ္မာတရားဘက်သို့ ရောက်ရှိလာကြလိမ့်မည်။ သူတို့အားဖြင့် ဘုရားသခင်၏သတင်းစကားသည် လူအများတို့၌ထင်ရှားသွား၍ ကိုယ်တော်၏ကယ်တင်စေသောကျန်းမာခြင်း သတင်းစကားသည် ပျံ့နှံ့သွားလိမ့်မည်။ ထိုနောက် အသင်းတော်သည် သိုးစု၏သိုးသငယ်များကို စောင့်ရှောက်ခြင်းတာဝန်ကိုဆောင်ရွက်ပါစေ။ ကလေးသူငယ်များအား ဘုရားသခင်၏အမှုတော်ကိုထမ်းဆောင်ရန် ပညာ သင်ပေးလျက် သင်တန်းများတွင် သင်ကြားလမ်းပြပေးပါ၊ အကြောင်းကား သူတို့သည် ထာဝရဘုရား၏အမွေတော်ဖြစ်ကြ၏။

ကောင်းမွန်သင့်လျော်စွာစီမံအုပ်ချုပ်သောအခါ အသင်းတော်ကျောင်းများသည် ၎င်းတို့ကိုတည်ထောင်ထားသောနေရာ၌ သမ္မာတရား၏အလံတော်ကို ထူထောင်ပေးနိုင်လိမ့်မည်။ အကြောင်းကား ခရစ်ယာန်ပညာကိုရရှိသော ကလေးသူငယ်တို့သည် သခင်ခရစ်တော်အတွက် သက်သေများဖြစ်လာကြလိမ့်မည်။ သခင်ယေရှုသည် ဗိမာန်တော်ထဲ၌ယဇ်ပုရောဟိတ်နှင့်အရာရှိများ မသိနားမလည်နိုင်ခဲ့သောနက်နဲရာများကို ဖြေရှင်းပေးတော်မူသည်နည်းတူ

ဤမြေကြီးပေါ်၌ နောက်ဆုံးအမှုတော်ကိုအဆုံးသတ်သောအခါ မှန်ကန်စွာ ပညာသင်ကြားခဲ့ရသော ကလေးသူငယ်တို့သည် ယခု "အထက်တန်းကျ သောပညာသင်ကြားရေး" အကြောင်းကို ဟောပြောနေကြသောသူတို့အဖို့ အံ့သြဖွယ်ဖြစ်မည့်စကားများကို ရိုးရိုးကလေးနှင့်ပြောဆိုကြလိမ့်မည်။[၄၀]

ကျွန်ုပ်တို့၏ကောလိပ်ကျောင်းသည် ဝိညာဉ်ကယ်ဆယ်ရေးလုပ်ငန်း ကြီးကို ပြီးမြောက်စွာဆောင်ရွက်ဖို့ ဘုရားသခင်ကစီမံထားကြောင်း ကျွန်ုပ် အားဖော်ပြထား၏။ ဘုရားသခင်၏ဝိညာဉ်တော်အုပ်စိုးခြင်းကို လုံးလုံးခံယူ ရရှိသောအခါ၌သာ လူအသီးအသီး၏စွမ်းရည်သတ္တိများကို အလွန်ပြည့်စုံစွာ အသုံးချနိုင်ပေသည်။ ပညာကိုရယူခြင်းအမှုတွင် အကျင့်သီလနှင့်အခြေခံ ကျင့်ဝတ္တရားများသည် ပထမအဆင့်ဖြစ်၍ မှန်သောပညာသင်ကြားရေး၏အခြေခံ ဖြစ်ပေသည်။ အသိပညာနှင့်လောကဓာတ်ပညာတို့သည် အမြင့်မြတ်ဆုံးရည်ရွယ် ချက်အတွက် ဆောင်ရွက်နိုင်ရန် ဘုရားသခင်၏ဝိညာဉ်တော်အားဖြင့် သန့်စွမ်း ခိုင်ခံ့ခြင်းရှိရကြမည်။ ခရစ်ယာန်တစ်ဦးတည်းသာလျှင် အသိပညာကို မှန်ကန် စွာအသုံးချနိုင်၏။ လောကဓာတ်ပညာကိုပြည့်စုံစွာနှစ်သက်သဘောကျနိုင်မည် အကြောင်း ၎င်းကို ဘာသာရေးအမြင်နှင့်ကြည့်ရှုလေ့လာရမည်။ ဘုရားသခင်၏ ကျေးဇူးတော်အားဖြင့် ချီးမြှင့်ခြင်းခံရသောစိတ်နှလုံးသည် ပညာသင်ကြားရေး၏ မှန်ကန်သောတန်ဖိုးကို အကောင်းဆုံးသိနားလည်နိုင်၏။ ဘုရားသခင်ဖန်ဆင်း ထားတော်မူသောအမှုများတွင် သိမြင်ရသည်အတိုင်း ဘုရားသခင်၏ဂုဏ်အင်္ဂါ တော်များကို ကျွန်ုပ်တို့သည် ဖန်ဆင်းရှင်အကြောင်း ကောင်းစွာသိကျွမ်းခြင်း ရှိမှသာလျှင် ကောင်းမွန်စွာသိနားလည်နိုင်ပေသည်။ လူငယ်တို့အား သမ္မာ တရား၏စမ်းရေတွင်း၊ လောက၏အပြစ်ကိုဆောင်သွားသော ဘုရားသခင် ၏သိုးသငယ်ထံသို့လမ်းညွှန်နိုင်မည်အကြောင်း ဆရာများသည် သမ္မာတရား ၏အကြောင်းအရာများကို သိကျွမ်းရမည်သာမက သန့်ရှင်းခြင်းနည်းလမ်း များကို လက်တွေ့သိရှိနားလည်ရကြမည်။ မှန်သောဝတ်ပြုကိုးကွယ်ခြင်းနှင့် ယှဉ်လျှင် သိကျွမ်းခြင်းပညာသည် တန်ခိုးဖြစ်လာ၏။[၄၂]

# မိမိကျောင်း၏ဂုဏ်ကိုမြှင့်တင်ခြင်းသည် ကျောင်းသား၏တာဝန်

ဘုရားသခင်ကိုချစ်၍ သမ္မာတရားကိုလိုက်နာသည်ဟု ဝန်ခံပြောဆိုနေသောတပည့်တို့သည် သွေးဆောင်ခြင်းများထဲတွင် မယိမ်းမယိုင်ဘဲ တည်ရှိနေနိုင်၍ ကောလိပ်ကျောင်း၌လည်းကောင်း၊ မိမိတို့၏ဘော်ဒါကျောင်း ဆောင်၌လည်းကောင်း၊ ဘယ်နေရာ၌မဆို သခင်ယေရှုအတွက်ရပ်တည်နေ နိုင်စေမည့်ကိုယ်ကိုချုပ်တည်းခြင်းနှင့်လည်းကောင်း၊ ဘာသာတရား၏ အခြေခံတရား၌ခိုင်ခံ့ခြင်းသဘောမျိုးနှင့်လည်းကောင်း ပြည့်စုံရမည်။ ဘာသာတရားသည် ဘုရားသခင်၏အိမ်တော်၌ ဝတ်ရုံကဲ့သို့ဝတ်ဆင်ထား ရသောအရာသာဖြစ်ရမည်မဟုတ်၊ ဘာသာတရားရေး၏အခြေခံတရားများကို အသက်တာတစ်လျှောက်လုံး၌ ထူးခြားထင်ရှားစေရမည်။

အသက်တာ၏စမ်းရေတွင်းမှ ရေကိုသောက်နေရသောသူတို့သည် လောကီသားများကဲ့သို့ အခြေအနေပြောင်းလဲမှုနှင့် လောကီကာမဂုဏ် ခံစားမှုတို့ကို တောင့်တနေသောဆန္ဒကို ထင်ရှားစေရကြမည်မဟုတ်။ မိမိတို့၏ရုပ်ထွေးခြင်းနှင့်ဝန်ထုပ်များကို ကိုယ်တော်၏ခြေတော်ရင်း၌ နေ့စဉ်ချထားခြင်းအားဖြင့် သခင်ယေရှု၌တွေ့ရှိရကြသောအနားယူခြင်း၊ ငြိမ်သက်ခြင်းနှင့်ပျော်ရွှင်ခြင်းတို့ကို သူတို့၏အပြုအမူ၊ ဟန်အမူအရာနှင့်အကျင့်စာရိတ္တတို့တွင် တွေ့မြင်ရလိမ့်မည်။ စကားတော်ကိုနားထောင်ခြင်းနှင့်တာဝန်ကိုသိရှိခြင်း လမ်းခရီးတွင် ရောင့်ရဲတင်းတိမ်ခြင်းနှင့် ဝမ်းမြောက်ခြင်းချမ်းသာကိုပင်ရရှိကြောင်း သူတိုကဖော်ပြကြလိမ့်မည်။ ထိုသို့သောသူတို့သည် မိမိတို့၏သူငယ်ချင်းကျောင်းသားများအပေါ်၌ ဩဇာညောင်းစေကြလိမ့်မည်။ သူတို့ကတစ်ဖန်တစ်ကျောင်းလုံးကိုပြောပြကြလိမ့်မည်။

ဤသစ္စာရှိသောအဖွဲ့ကြီးတွင်ပါဝင်သောသူတို့သည် သစ္စာမရှိခြင်း၊ မသင့်မတင့်ကွဲပြားခြင်းနှင့် ဥပဒေစည်းကမ်းများကိုလိုက်နာဖို့ရန် ဂရုမစိုက်ခြင်းအမူအမျိုးမျိုးတို့ကို အားမပေးဘဲနေခြင်းအားဖြင့် ဆရာ၊ ဆရာမများနှင့်

ပါမောက္ခများတို့ကို ခွန်အားအသစ်နှင့်ရရှိစေလျက် ခိုင်ခံ့ခြင်းရှိစေလိမ့်မည်။ သူတို့၏သြဇာညောင်းမှုသည် ကယ်တင်ခြင်းကိုရရှိစေလျက် သူတို့၏အလုပ်သည် ဘုရားသခင်၏နေ့ကြီး၌ ပျက်စီးသွားမည်မဟုတ်ဘဲ နောင်ဘဝတိုင်အောင် သူတို့၏နောက်သို့ပါသွားကြ၏။ ၎င်းပြင် ဤဘဝ၌ သူတို့၏သြဇာညောင်းမှုအကြောင်းကို မကုန်မခန်းနိုင်သောထာဝရကာလပတ်လုံးပြောပြရကြလိမ့်မည်။

ကျောင်းတွင်စိတ်အားထက်သန်၊ ဖြောင့်မှန်၍သစ္စာရှိသောလူငယ်တစ်ယောက်သည် အလွန်အဖိုးထိုက်တန်သောဘဏ္ဍာတစ်ခုဖြစ်၏။ ကောင်းကင်တမန်တို့သည် သူ့ကိုချစ်ခင်စွာကြည့်ရှုနေတတ်ကြ၏။ သူ၏အဖိုးထိုက်သောကယ်တင်ရှင်သည် သူ့ကိုချစ်တော်မူ၍ ကောင်းကင်စာရင်းတွင် ဖြောင့်မတ်သောအမှုရှိသမျှ၊ တားဆီးခုခံခဲ့သောစုံစမ်းခြင်းရှိသမျှ၊ အောင်မြင်ခဲ့သောဆိုးသွမ်းမှုရှိသမျှအကြောင်းကို မှတ်တမ်းတင်ထားလိမ့်မည်။ ထိုသို့အားဖြင့်သူသည် ထာဝရအသက်ကိုကိုင်စွဲထားနိုင်မည်အကြောင်း လာလတ္တံ့သောအချိန်ကာလအတွက် ကောင်းသောတိုက်မြစ်ကိုချထားလိမ့်မည်။

ဘုရားသခင်၏အမှုတော်တိုးတက်ကြီးပွားရေးအတွက် ဘုရားသခင်စီမံခန့်ထားသောအဖွဲ့အစည်း၏တည်တံ့ခိုင်မြဲရေးသည် အများအားဖြင့်ခရစ်ယာန်လူငယ်တို့အပေါ်၌တည်ရှိပေသည်။ ဤအရေးကြီးသောတာဝန်သည်လောကဇာတ်ခုံပေါ်သို့ရောက်ရှိလာသော လူငယ်တို့အပေါ်၌တည်ရှိပေသည်။ အလွန်အရေးကြီးသောအကျိုးအပြစ်သည် လူ၏အမျိုးအနွယ်ပေါ်၌တည်ရှိနေသောအချိန်အခါသည် ဘယ်အခါကမျှမရှိခဲ့ဖူးချေ။ ထို့ကြောင့် ဘုရားသခင်သည် လူငယ်တို့အား မိမိ၏တန်ဆာပလာအဖြစ် အသုံးပြုနိုင်မည်အကြောင်း လူငယ်တို့သည် အမှုတော်ကြီးအတွက် သင့်လျော်သောအရည်အချင်းနှင့်ပြည့်စုံစေဖို့ မည်မျှအရေးကြီးသနည်း။ သူတို့ကိုဖန်ဆင်းတော်မူသောအရှင်သည်အခြားသောသူအပေါင်းတို့ထက် အကောင်းဆုံးသောသူတို့ကိုတောင်းတော်မူပြီ။

သူတို့ရရှိထားသောအသက်နှင့်ကာယ၊ ဉာဏစွမ်းရည်သတ္တိတို့ကို ပေးတော်မူသောသူမှာ ဘုရားသခင်ဖြစ်တော်မူ၏။ သူတို့သည် ထာဝရကာလ တိုင်အောင် တာရှည်ခံမည့်အလုပ်တစ်ခုကို ပေးအပ်ထားခြင်းခံရကြမည့်အ ကြောင်း ဘုရားသခင်သည် သူတို့အား သင့်မြတ်သောတိုးတက်ကြီးပွားမှုအ တွက် စွမ်းရည်သတ္တိများကိုချပေးတော်မူ၏။ ဘုရားသခင်ပေးတော်မူသောဆု ကျေးဇူးကြီး အတွက် ကျေးဇူးဆပ်သောသဘောဖြင့် သူတို့၏ဉာဏ်နှင့်အကျင့် သတ္တိများကို သင့်လျော်စွာတိုးတက်ပြုပြင်ပေး၍ အသုံးချစေဖို့ ဘုရားသခင်က တောင်းတော် မူ၏။ ဤစွမ်းရည်သတ္တိများကို သူတို့၏လောကီပျော်ရွှင်ရေးအ တွက် (သို့မဟုတ်) ဘုရားသခင်၏အလိုတော်နှင့်လည်းကောင်း၊ ဘုရားသခင် စီမံထားတော်မူသော အရာတို့နှင့်လည်းကောင်း ဆန့်ကျင်ဘက်ပြုခြင်းဖြင့် ယုတ်ညံ့သွားစေရန်အတွက် သာမဟုတ်ဘဲ လောကတွင် သမ္မာတရားနှင့်သန့် ရှင်းခြင်းအကြောင်းကို လူများတို့သည် တိုး၍သိနားလည်စေခြင်းငှာ အသုံးပြုနိုင် ကြမည်အကြောင်း ဘုရားသခင်ကချပေးတော်မူ၏။ ဘုရားသခင်၏ဆက်လက် ကျေးဇူးပြုခြင်းနှင့် အနန္တကရုဏာကိုပြတော်မူခြင်းအတွက် သူတို့၏ကျေးဇူးဆပ် လိုသောသဘော၊ သူတို့၏ကြည်ညိုလေးမြတ်ခြင်းနှင့်ချစ်ခြင်းမေတ္တာကို ဘုရား သခင်ကတောင်းတော် မူ၏။ စာတန်၏ဉာဏ်ဆင်မှုများမှပျို့ရွယ်သူတို့ကို တားဆီးကာကွယ်ပေး၍ သူတို့အားငြိမ်သက်ခြင်းလမ်းခရီးသို့ပို့ဆောင်မည့် ဘုရားသခင်၏တရားတော် များနှင့်ကောင်းမြတ်သင့်လျော်သောစည်းကမ်းဥပဒေ ရှိသမျှတို့ကို လိုက်နာ စောင့်ရှောက်ရန် ဘုရားသခင်က တရားသဖြင့်အလိုရှိ တော်မူ၏။

ကျွန်ုပ်တို့၏အဖွဲ့အစည်းများက ပြုလုပ်ထားသောစည်းကမ်းဥပဒေများကို လိုက်နာစောင့်ရှောက်ခြင်း၌ သူတို့သည် အဖွဲ့အစည်း၌တည်ရှိနေသောသူတို့ ၏အခြေအနေကို တိုးတက်ကြီးပွားစေ၍ အကျင့်စာရိတ္တကိုမြှင့်တင်ပေးလျက် စိတ်သဘောကိုမြင့်မြတ်စေပြီး၊ သူတို့၏ပျော်ရွှင်ရေးကိုတိုးတက်စေကြောင်းကို လူငယ်တို့သည် သိမြင်နိုင်ကြလျှင် သူတို့သည် ဖြောင့်မတ်သောစည်းကမ်း ဥပဒေများနှင့် သင့်လျော်သောပညတ်များကို တော်လှန်ကြမည်မဟုတ်။ ဤအဖွဲ့ အစည်းများပေါ်၌လည်း မယုံသင်္ကာသောစိတ်၊ ငြူစူသောစိတ်များဖြစ်ပေါ်

လာအောင် ပြုလုပ်ကြလိမ့်မည်မဟုတ်။ ကျွန်ုပ်တို့၏လူငယ်များတို့သည် မိမိတို့ အပေါ်၌ ပေးအပ်ထားသောတာဝန်တို့ကို ထမ်းဆောင်နိုင်မည်အကြောင်း အင်အားသတ္တိနှင့်သစ္စာရှိသောသဘောတို့နှင့်ပြည့်စုံရကြမည်။ လောက၏ ဤခေတ်ကာလရှိ အများသောလူငယ်တို့၏ရိုင်းစိုင်း၍ သတိမရှိသောအကျင့် သည် စိတ်ဒုက္ခရောက်စရာဖြစ်ပေသည်။ အများအားဖြင့် အိမ်ထောင်၌ရှိသော မိဘတို့၏အပြစ်ပင်ဖြစ်သည်။ ဘုရားသခင်ကိုကြောက်ရွံ့ခြင်းမရှိလျှင် မည်သူ မျှမှန်ကန်သောပျော်မွေ့ခြင်းကိုမရရှိနိုင်။[၄၃]

---o---

# အခန်း (၄၇)
# ခြိုးခြံ၍နေထိုင်ရန်ဖိတ်ခေါ်ခြင်း

ကျန်းမာခြင်းသည် အဖိုးမဖြတ်နိုင်သောကောင်းချီးမင်္ဂလာဖြစ်၍ ၎င်းသည် အများသိနားလည်တတ်ကြသည်ထက် သြတ္တပ္ပစိတ်နှင့်လည်းကောင်း၊ ဘာသာတရားနှင့်လည်းကောင်း သာ၍ရင်းနှီးစွာ သက်ဆိုင်သောအရာတစ်ခု ဖြစ်သည်။ ၎င်းသည် တစ်စုံတစ်ယောက်၏အမှုဆောင်ရွက်နိုင်သောအစွမ်းနှင့် များစွာသက်ဆိုင်သဖြင့် ၎င်းကိုအကျင့်စာရိတ္တကဲ့သို့ပင် သန့်ရှင်းစွာ စောင့်ရှောက်ကာကွယ်ရမည်။ အကြောင်းကား၊ သာ၍ကျန်းမာခြင်းရှိလျှင် ဘုရားသခင်၏အမှုတော်တိုးတက်ကြီးပွားရေးနှင့် လူသတ္တဝါတို့၏ကောင်းကျိုး အတွက် သာ၍ကြိုးစားလုပ်ဆောင်နိုင်သည်။၁

၁၈၇၁ ခုနှစ်၊ ဒီဇင်ဘာလ (၁၀) ရက်နေ့တွင် ကျန်းမာရေး၌ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းသည် လူများတို့အား သခင်ဘုရားကြွလာတော်မူခြင်းအတွက် သင့်လျော်စေရန် ပြင်ဆင်ပေးနေသောအမှုတော်ကြီး၏လုပ်ငန်း တစ်ရပ်ပင်ဖြစ်သည်ဟု ကျွန်ုပ်အားတစ်ဖန်ဖော်ပြပြန်ပါသည်။ လက်သည် ကိုယ်ခန္ဓာနှင့်ဆက်သွယ်နေသည်နည်းတူ ၎င်းသည် တတိယကောင်းကင်တမန် ၏သတင်းစကားနှင့်နီးစပ်စွာဆက်သွယ်လျက်ရှိပေသည်။ ပညတ်တော် ဆယ်ပါး၏တရားများကို လူတို့သည် ပေါ့ဆစွာသဘောထားကြသည်။ သို့ရာတွင် ထိုပညတ်တရားကိုလွန်ကျူးသောသူအား ပထမဦးစွာသတိပေးသော သတင်းစကားကိုမကြားမပြောဘဲ ထာဝရဘုရားသည် ပြစ်ဒဏ်ပေးရန်ကြွလာ တော်မူမည်မဟုတ်။ တတိယကောင်းကင်တမန်က ထိုသတင်းစကားကို ကြွေးကြော်၏။ လူတို့သည် ပညတ်တော်ဆယ်ပါး၏တရားများကို လိုက်နာ စောင့်ရှောက်၍ မိမိတို့အသက်တာတွင် ထိုပညတ်များ၏အခြေခံတရားများကို ပြုကျင့်ကြလျှင် ယခုလောကတွင် ဖုံးလွှမ်းနေသောရောဂါအနာများတည်းဟူ သော ကျိန်ခြင်းဘေးသည်ရှိလိမ့်မည်မဟုတ်။

ယောကျ်ား၊ မိန်းမတို့သည် ယုတ်ညံ့သောအစားအသောက်နှင့်ကာမဂုဏ်ကိုလိုက်စားနေကြခြင်းဖြင့် သဘာဝတရားနှင့် ဘုရားသခင်၏ ပညတ်တော်ကို မလွန်ကျူးဘဲမနေနိုင်ကြ။ ထို့ကြောင့် ကျွန်ုပ်တို့၏ကိုယ်ခန္ဓာ၌ တည်ထားသောတရားများကို လွန်ကျူးခြင်းဖြင့် ကျွန်ုပ်တို့၌အပြစ်ရှိကြောင်းကို ကျွန်ုပ်တို့သည် သိနိုင်မည်အကြောင်း ဘုရားသခင်သည် ကျန်းမာခြင်းနှင့်စပ်ဆိုင်၍ ပြုပြင်ပြောင်းလဲခြင်းအလင်းတရားကို ကျွန်ုပ်တို့အပေါ်သို့ထွန်းတောက်စေ တော်မူ၏။ ကျွန်ုပ်တို့၏သုခချမ်းသာ (သို့မဟုတ်) ဒုက္ခဆင်းရဲသည် သဘာဝတရားများကိုလိုက်နာကျင့်ဆောင်ခြင်း (သို့မဟုတ်) ကျူးလွန်ဖျက်ဆီး ခြင်းအမှုများပေါ်၌တည်ရှိနေပေသည်။ အချို့သောသူတို့သည် သိရှိနားလည် လျက် အများသည်မသိနားမလည်ဘဲ ဘုရားသခင်စီမံထားတော်မူသော တရားများကို လွန်ကျူးလျက်နေကြသောလူများတို့၏သနားစရာကောင်းသော အခြေအနေကို ကရုဏာနှင့်ပြည့်စုံတော်မူသော ကောင်းကင်ခမည်းတော်သည် သိမြင်တော်မူ၏။ ၎င်းပြင်မေတ္တာနှင့်လည်းကောင်း၊ သနားခြင်းနှင့်လည်း ကောင်း ဘုရားသခင်သည်ကျန်းမာရေးနှင့်ဆိုင်သောပြုပြင်ပြောင်းလဲမှုအပေါ်၌ အလင်းကိုထွန်းတောက်စေတော်မူ၏။ လူအပေါင်းတို့သည် သဘာဝတရား များနှင့်ညီညွတ်စွာနေနိုင်ဖို့ သိရှိနားလည်၍ သတိပြုကြမည်အကြောင်း ဘုရားသခင်က မိမိ၏ပညတ်တရားများနှင့် ၎င်းတို့ကိုလွန်ကျူးခြင်းဖြင့် သက်ရောက်ရမည့်အပြစ်ဒဏ်ကိုစီမံပြုလုပ်ထားတော်မူ၏။ ဘုရားသခင်သည် မိမိ၏ပညတ်တရားများကိုအလွန်ထင်ရှားသိသာစွာကြွေးကြော်တော်မူ၍ အလွန်ထင်ပေါ်အောင်ပြုတော်မူသဖြင့် ၎င်းသည် တောင်ပေါ်၌တည်ထား သောမြို့ကြီးတစ်မြို့နှင့်တူနေ၏။ ထုချေရန်တာဝန်ရှိသောသူအပေါင်းတို့သည် မိမိတို့အလိုရှိလျှင် နားလည်နိုင်ကြသည်။ လူဖျင်းလူအတို့သည် နားလည် နိုင်ကြမည်မဟုတ်။ သဘာဝတရားများကိုထင်ရှားစွာသိနားလည်စေခြင်းနှင့် ၎င်းတို့ကိုစောင့်ရှောက်ရန်နှိုးဆော်တိုက်တွန်းခြင်းအမှုသည် ဘုရားသခင် ကြွလာတော်မူခြင်းအတွက်လူတစ်မျိုးကိုပြင်ဆင်ရန် တတိယကောင်းကင် တမန်က ကြွေးကြော်သောသတင်းစကားနှင့်သက်ဆိုင်သော အလုပ်တစ်ခုဖြစ် ပေသည်။[၂]

# "မိမိတို့ကိုယ်ကိုမိမိတို့မပိုင်"

သခင်ခရစ်တော်သည် မကြာမီကြွလာတော်မူမည်ကို ကျွန်ုပ်တို့သည် ယုံမှားခြင်းမရှိဘဲ အမှန်ယုံကြည်ကြသည်။ ဤအရာသည်ဒဏ္ဍာရီစကားမဟုတ်၊ အစစ်အမှန်ဖြစ်၏။ ကိုယ်တော်ကြွလာတော်မူသောအခါ ကိုယ်တော်သည် ကျွန်ုပ်တို့၏အပြစ်များကိုဆေးကြောရန်၊ ကျွန်ုပ်တို့၏အကျင့်များမှ ချွတ်ယွင်းချက်များကိုပြုပြင်ပြောင်းလဲရန် (သို့မဟုတ်) ကျွန်ုပ်တို့၏စိတ်သဘော အနာအဆာများကိုကုသရန် ကြွလာတော်မူမည်မဟုတ်။ ကျွန်ုပ်တို့အတွက် ပြုလုပ်စရာတစ်စုံတစ်ခုရှိခဲ့လျှင် ဤအလုပ်ကို ထိုအချိန်မရောက်မီပြီးစီးရမည်။

ဘုရားသခင်ကြွလာတော်မူသောအခါ သန့်ရှင်းသောသူတို့သည် သန့်ရှင်းလျက်ရှိနေကြဦးမည်။ မိမိတို့၏ကိုယ်ခန္ဓာနှင့်စိတ်ဝိညာဉ်ကို သန့်ရှင်းစင်ကြယ်၍ ရိုသေလေးမြတ်စွာထားသောသူတို့သည် နောက်ဆုံး၌မသေမပျက်နိုင်သောအဖြစ်ကို ရရှိကြလိမ့်မည်။ သို့သော် ဖြောင့်မတ်၊ သန့်ရှင်းခြင်းမရှိဘဲ ညစ်ညူးသောသူတို့သည် ထိုကဲ့သို့ပင် အစဉ်အမြဲတည်ရှိနေကြလိမ့်မည်။ သူတို့၏ချွတ်ယွင်းချက်များကိုပယ်ရှား၍ သူတို့အားသန့်ရှင်းခြင်းအဖြစ်ကို ပေးတော်မူခြင်းအမှုကို ပြုလုပ်တော်မမူတော့ချေ။ ဤအမှုအပေါင်းကို ဤစုံစမ်းစစ်ဆေးရာအချိန်ကာလတွင် ပြုလုပ်ရမည်။ ယခုဤအလုပ်ကို ကျွန်ုပ်တို့အတွက်ပြုလုပ်ပြီးမြောက်စေရမည်။

ဖြောင့်မတ်ဖြူစင်သောအကျင့်ကိုလည်းကောင်း၊ ကျေးဇူးတော်၌ကြီးပွားခြင်းကိုလည်းကောင်း၊ ဆန့်ကျင်နေသောလောကတွင် ကျွန်ုပ်တို့သည်ရှိနေကြသည်။ ကျွန်ုပ်ကြည့်လိုက်သောနေရာတိုင်း၌ ပျက်စီးခြင်းနှင့်ညစ်ညူးခြင်း၊ ချို့တဲ့ခြင်းနှင့်အပြစ်ဒုစရိုက်ကိုတွေ့ရသည်။ ၎င်းပြင် ကျွန်ုပ်တို့သည် မသေမပျက်နိုင်သောအဖြစ်ကိုမရရှိမီ ဤဘဝ၌ဆောင်ရွက်ရမည့်လုပ်ငန်းသည် အဘယ်အရာဖြစ်သနည်း။ ဤနောက်ဆုံးအချိန်တွင် ကျွန်ုပ်တို့ပတ်လည်၌ပြည့်ဝနေသော ပျက်စီးခြင်းအထဲတွင် ကျွန်ုပ်တို့သည် အစွန်းအထင်းကင်းစင်လျက် ခံရပ်နေ

နိုင်ကြမည်အကြောင်း မိမိတို့၏ကိုယ်ခန္ဓာများကို သန့်ရှင်းစေ၍ ကျွန်ုပ်တို့၏ စိတ်သဘောကိုဖြူစင်စေခြင်းငှာ သီးသန့်ထားဖို့တာဝန်ရှိပေသည်။

"သင်တို့ကိုယ်ခန္ဓာသည် ဘုရားသခင်ပေးသနားတော်မူသောဝိညာဉ်တော်တည်းဟူသော သင်တို့အထဲ၌ကိန်းဝပ်၍ သန့်ရှင်းသောဝိညာဉ်တော်၏ ဗိမာန်ဖြစ်ကြောင်းကိုလည်းကောင်း၊ မိမိတို့ကိုမိမိတို့မပိုင်ကြောင်းကိုလည်းကောင်း မသိကြသလော။ သင်တို့သည် အဖိုးနှင့်ဝယ်တော်မူသောသူဖြစ်သောကြောင့် ဘုရားသခင်ပိုင်တော်မူသော သင်တို့၏ကိုယ်ခန္ဓာနှင့်စိတ်ဝိညာဉ်အားဖြင့် ဘုရားသခင်၏ဂုဏ်တော်ကို ထင်ရှားစေကြလော့" ၁ကော ၆း၁၉၊၂၀။

ကျွန်ုပ်တို့ကိုယ်ကို ကျွန်ုပ်တို့မပိုင်။ ကျွန်ုပ်တို့အား ဘုရားသခင်သားတော်၏ဒုက္ခဝေဒနာခံခြင်းနှင့်အသေခံခြင်းတည်းဟူသော ရှားပါးသောအဖိုးနှင့်ဝယ်ယူတော်မူပြီ။ ကျွန်ုပ်တို့သည် ဤအချက်ကိုသိနားလည်၍ ပြည့်စုံစွာသိမြင်ကြလျှင် ကျွန်ုပ်တို့သည် ဘုရားသခင်၏အမှုတော်ကို စုံလင်စွာထမ်းဆောင်နိုင်မည်အကြောင်း မိမိတို့ကိုယ်ကျန်းမာရေး၌ အကောင်းဆုံးအခြေအနေ၌ထားဖို့ရန် မိမိတို့၏တာဝန်ကြီးဖြစ်ကြောင်း ကျွန်ုပ်တို့သိရှိကြလိမ့်မည်။ သို့ရာတွင် ကျွန်ုပ်တို့၏အသက်ကိုရှင်စေသောသတ္တိကိုဖြုန်းတီး၍ ခွန်အားဗလကိုဆုတ်ယုတ်စေလျက် အသိဉာဏ်ကိုထုံထိုင်းစေသော နည်းလမ်းတစ်စုံတစ်ခုကို ပြုကျင့်ကြသောအခါ ကျွန်ုပ်တို့သည် ဘုရားသခင်ကိုပြစ်မှားကြ၏။ ဤနည်းလမ်းကိုပြုကျင့်လိုက်နာနေခြင်းဖြင့် ကျွန်ုပ်တို့သည် ဘုရားသခင် ပိုင်တော်မူသော မိမိတို့၏ကိုယ်ခန္ဓာနှင့်စိတ်ဝိညာဉ်အားဖြင့် ဘုရားသခင်၏ ဂုဏ်တော်ကိုမထင်ရှားစေကြဘဲ ဘုရားသခင်၏မျက်မှောက်၌ ကြီးစွာသော အမှားကို ကျူးလွန်နေကြသည်။[၃]

## နားထောင်ခြင်းသည်လူအသီးအသီး၏တာဝန်ဖြစ်ခြင်း

လူကိုဖန်ဆင်းတော်မူသောအရှင်သည် ကျွန်ုပ်တို့ကိုယ်ခန္ဓာ၏လှုပ်ရှားနေသောစက်ကို စီစဉ်ထားတော်မူ၏။ အလုပ်ရှိသမျှကို အံ့ဩဖွယ်သင့်လျော်စွာ

စီမံထားတော်မူ၏။ ၎င်းပြင် လူသည် ဘုရားသခင်၏ပညတ်များကို လိုက်နာစောင့်ရှောက်၍ ဘုရားသခင်နှင့်အတူကူညီလုပ်ဆောင်လျှင် ဘုရားသခင်က ဤလူခန္ဓာစက်ကို ကျန်းမာစွာလှုပ်ရှားနေစေရန် စောင့်ရှောက်တော်မူမည်ဟု မိမိကိုယ်တော်တိုင်ကတိထားတော်မူ၏။ လူခန္ဓာစက်ကို အုပ်ချုပ်စီမံနေသော တရားရှိသမျှတို့သည် ဘုရားသခင်၏နူတ်ကပတ်တော်ကဲ့သို့ပင် ဘုရားသခင်နှင့်မူလကပင် အစပြုလာသဖြင့် သဘောချင်းတူညီလျက် အရေး ကြီးသည်ဟု ယူဆရမည်။ လူ၏ကိုယ်ခန္ဓာအဆောက်အအုံတွင် သီးခြားထား သောတရားဥပဒေများကို အမှုမထားဘဲနေခြင်းဖြင့် ထာဝရဘုရား၏အံ့ဩဖွယ် စက်ကိရိယာကို အမှုမထားဘဲပြုမူသမျှသည် ဘုရားသခင်၏တရားတော်ကို လွန်ကျူးခြင်းပင်ဖြစ်၏။ ကျွန်ုပ်တို့သည် သဘာဝလောကကြီး၌ ဘုရားသခင် ၏လက်ရာတော်ကို ကြည့်မြင်၍ အလွန်ချီးမွမ်းမြတ်နိုးနိုင်ကြသည်။ သို့ရာတွင် လူ၏ကိုယ်ခန္ဓာအဆောက်အအုံသည် အံ့ဩဖွယ်ရာအကောင်းဆုံးဖြစ်သည်။[၄]

သဘာဝ၏တရားများသည် ဘုရားသခင်၏တရားများဖြစ်သော ကြောင့် ဤတရားများကိုသေချာစွာလေ့လာဖို့ ကျွန်ုပ်တို့၌တာဝန်ရှိကြောင်း ထင်ရှား၏။ ကျွန်ုပ်တို့ကိုယ်ခန္ဓာနှင့်စပ်ဆိုင်သော ၎င်းပညတ်များကိုလေ့လာ ကြည့်ရှုလျက် ၎င်းတို့အတိုင်းလိုက်နာရကြမည်။ ဤအရာတို့ကိုမသိနားမလည် ခြင်းသည် အပြစ်ဖြစ်၏။

ယောကျ်ား၊ မိန်းမတို့သည် အမှန်ပြောင်းလဲခြင်းရှိလာကြသောအခါ ဘုရားသခင်သည် သူတို့ကိုယ်ခန္ဓာ၌တည်ထားသော အသက်ရှင်ရာပညတ်တရားများကို သူတို့သည် ဖြောင့်မှန်စွာသတိပြုလိုက်နာကြလိမ့်မည်။ ထိုသို့အားဖြင့် ကာယ၊ စိတ်ဉာဏ်၊ အကျင့်တို့နှင့်စပ်ဆိုင်၍ အားနည်းယုတ်ညံ့စေသော အရာများကိုရှောင်ကြဉ်ရန် ကြိုးစားကြလိမ့်မည်။ ဤပညတ်တရားများကို လိုက်နာကျင့်ဆောင်ခြင်းအမှုသည် လူအသီးအသီး၏တာဝန်ဖြစ်စေရမည်။ တရားကိုလွန်ကျူးခြင်းကြောင့် ဖြစ်ပေါ်လာသောဒုက္ခများကို ကျွန်ုပ်တို့ ကိုယ်တိုင်ခံရကြမည်။ ကျွန်ုပ်တို့သည် မိမိတို့၏အလေ့အကျင့်အပြုအမူများ အတွက် ဘုရားသခင်ရှေ့တော်၌ ချေပပြောဆိုရကြမည်။ ထိုကြောင့် ကျွန်ုပ်

တို့မေးအပ်သောမေးခွန်းမှာ၊ "လောကသည်ဘယ်ကဲ့သို့ပြောလိမ့်မည်နည်း" ဟူသောမေးခွန်းမဟုတ်။ "ကျွန်ုပ်သည် ခရစ်ယာန်ဟုအခေါ်ခံနေလျက် ဘုရားသခင်ပေးသနားတော်မူသောခန္ဓာအိမ်ကို မည်ကဲ့သို့ပြုစုရမည်နည်း။ သန့်ရှင်းသောဝိညာဉ်တော်ကိန်းဝပ်တော်မူစေဖို့ ဗိမာန်တော်အဖြစ် ကျွန်ုပ်၏ ကိုယ်ခန္ဓာကိုကြည့်ရှုသဘောထားခြင်းအားဖြင့် ကျွန်ုပ်၏အမြတ်ဆုံးသော လောကီကောင်းကျိုးနှင့်ဝိညာဉ်ကောင်းကျိုးအတွက် ကျွန်ုပ်သည်လုပ်ဆောင်ရမည်လော၊ (သို့မဟုတ်) လောကီအကြံအစည်၊ အကျင့်ဓလေ့များအတွက် မိမိကိုယ်ကိုစွန့်ရမည်လော" ဟူသောမေးခွန်းဖြစ်ရမည်။၁

## ဝိညာဉ်ထဲ၌ဘုရားသခင်၏အသက်သာလျှင် လူ၏မျှော်လင့်ချက်ဖြစ်ခြင်း

ကျမ်းစာ၏ဘာသာတရားသည် ကိုယ်ကာယ (သို့မဟုတ်) စိတ်၏ကျန်းမာရေးကို အကျိုးယုတ်ပျက်စီးစေသည်မဟုတ်။ ဘုရားသခင်၏ ဝိညာဉ်တန်ခိုးသည် ရောဂါများအတွက် အကောင်းဆုံးဆေးဝါးဖြစ်၏။ ကောင်းကင်တစ်ခုလုံးသည် ကျန်းမာရေးကိုဖြစ်စေသည်။ ကောင်းကင်၏တန်ခိုး များအကြောင်းကို သာ၍လေးနက်စွာသိရှိနားလည်လျှင် ယုံကြည်သောလူနာ ကိုကျန်းမာချမ်းသာစေဖို့ သာ၍သေချာ၏။ ခရစ်ယာန်ဘာသာ၏မှန်ကန်သော အခြေခံတရားများသည် လူအပေါင်းတို့ရှေ့၌ အဖိုးမဖြတ်နိုင်သောပျော်ရွှင် ခြင်း၏အကြောင်းရင်းကို ဖော်ပြထားပေသည်။ ဘာသာတရားသည် အစဉ်အမြဲဆက်လက်စီးဆင်းနေသော စမ်းရေတွင်းဖြစ်၍ ခရစ်ယာန်သည် မိမိအလိုရှိသလောက်စမ်းရေကိုသောက်သော်လည်း စမ်းရေသည် ဘယ်အခါ မျှကုန်ခန်းခြင်းမရှိ။

စိတ်၏အခြေအနေသည် အင်္ဂါစု၏ကျန်းမာရေးကိုထိခိုက်တတ်သည်။ စိတ်သည် မှန်သောအရာကိုပြုလုပ်ဖို့သိနားလည်တတ်ခြင်း၊ အခြားသူတို့၏ပျော်ရွှင်ခြင်းကိုဖြစ်စေရာ၌ စိတ်ကျေနပ်မှုရှိခြင်းကြောင့်၊ ၎င်းစိတ်သည်

လွတ်လပ်၍ပျော်ရွှင်ခြင်းရှိလျှင် ၎င်းသည် ရွှင်လန်းခြင်းကိုဖြစ်စေသဖြင့် ကိုယ်ခန္ဓာအင်္ဂါစုတစ်ခုလုံးအပေါ်၌ ပြုပြင်ပေးရာ သွေးများကိုသာ၍လွတ်လပ်စွာလှည့်လည်သွားလာစေလျက် ကိုယ်ခန္ဓာတစ်ခုလုံးကိုအားပြည့်စေ၏။ ဘုရားသခင်၏ ကောင်းချီးမင်္ဂလာသည် ကျန်းမာခြင်းကိုဖြစ်စေသောတန်ခိုးဖြစ်၍ အခြားသူတို့အားအကျိုးဖြစ်ထွန်းစေအောင် များစွာအကျိုးဆောင်ပေးသောသူ တို့၏စိတ်နှလုံးနှင့် အသက်တာနှစ်ခုစလုံးတွင် ထိုအံ့ဩဖွယ်ကောင်းချီးမင်္ဂလာ ကိုသိမြင်လာလိမ့်မည်။

မှားသောအကျင့်ဓလေ့များနှင့်အပြစ်များသောအပြုအမူများကို လိုက်စားလာခဲ့သောသူသည် သမ္မာတရားတော်၏တန်ခိုးလက်သို့ မိမိကိုယ်ကို အပ်နှံသောအခါ ထိုသမ္မာတရားကို စိတ်နှလုံးထဲ၌ခံယူအသုံးပြုခြင်းဖြင့် ကောင်းမြတ်သောအကျင့်ကိုပြုတတ်သောသတ္တိသည် ပြန်၍ပေါ်လာ၏။ အထက်ကထိုသတ္တိသည် ထုံထိုင်း၍သေနေသည်ဟုထင်ရ၏။ ထိုသတ္တိ ကိုရရှိသောသူသည် မိမိ၏ဝိညာဉ်ကို ထာဝရကျောက်မြတ်တည်းဟူသော သခင်ယေရှု၌စွဲမြဲလာခြင်း မရှိမီကထက် သာ၍ခိုင်ခံ့ပြတ်သွားစွာသိရှိနားလည်လာ၏။ သခင်ခရစ်တော်၌လုံခြုံမှုရှိကြောင်းကို သိနားလည်ခြင်းအားဖြင့်သူ၏ ကာယကျန်းမာခြင်းအခြေအနေပင်လျှင် တိုးတက်ကောင်းမွန်လာ၏။[၆]

လူတို့သည် သခင်ခရစ်တော်၏ကျေးဇူးတော်ကိုရရှိကြသောအခါ မှသာ နားထောင်ခြင်းကောင်းချီးမင်္ဂလာတို့ကို ပြည့်စုံစွာရရှိနိုင်ကြသည်ကို လူများတို့သည် သိရှိနားလည်ဖို့လိုပေသည်။ လူအား ဘုရားသခင်၏ ပညတ်တရားတော်ကို နားထောင်လိုက်နာနိုင်သောတန်ခိုးကိုပေးသောအရာမှာ ကိုယ်တော်၏ကျေးဇူးတော်ဖြစ်၏။ ဤအရာအားဖြင့်သာ သူသည်ဆိုးသောအကျင့်ကိုပယ်ဖျက်နိုင်လိမ့်မည်။ ဤတန်ခိုးသာလျှင် သူ့အားမှန်သောလမ်း၌ တည်မြဲနေစေနိုင်လိမ့်မည်။

ဧဝံဂေလိတရားကို ၎င်း၏သန့်ရှင်းဖြူစင်သောအခြေအနေနှင့် တန်ခိုးကြီးသောအခြေအနေ၌လက်ခံသောအခါ အပြစ်တွင်အစပြုဖြစ်ပေါ်လာသော ဝေဒနာများကို ၎င်းသည်ပျောက်ကင်းစေ၏။ တရားတော်နေမင်းသည်

"အနာပျောက်စေသောအတောင်တို့" နှင့်ပေါ်ထွန်းတော်မူ၏။ ဤလောကမှပေး နိုင်သောအရာတစ်စုံတစ်ခုမျှ စိတ်နှလုံးကိုမကုသနိုင်။ စိတ်ငြိမ်သက်ခြင်းကို မပေးနိုင်၊ စိုးရိမ်ပူပန်ခြင်းများကိုမပယ်ရှားနိုင်၊ (သို့မဟုတ်) ရောဂါဝေဒနာတို့ကို မပယ်ရှားနိုင်။ ညှိုးငယ်နေသောစိတ်ကိုရွှင်လန်းလာစေရန် (သို့မဟုတ်) အင်အား ကုန်ခန်းနေသောအသက်တာကို ပြန်၍အားရှိစေရန်ပြုလုပ်ဖို့ ကျော်စောကိတ္တိ၊ ထူးကဲသော ဉာဏ်စွမ်းသတ္တိ၊ စွမ်းရည်သတ္တိမှစသောအရာခပ်သိမ်း၌ တန်ခိုးမရှိ။ စိတ်ဝိညာဉ်တည်ရှိနေသော ဘုရားသခင်၏အသက်သာလျှင် လူ၏မျှော်လင့် ချက်ဖြစ်၏။

လူတစ်ကိုယ်လုံးသို့ သခင်ခရစ်တော်ကပျံ့နှံ့သွားစေတော်မူသော မေတ္တာသည် အသက်ရှင်စေသောတန်ခိုးဖြစ်၏။ ဦးနှောက်၊ နှလုံး၊ အာရုံ ကြောများမှစသည့် အရေးကြီးသောအင်္ဂါအစိတ်အပိုင်းအား ၎င်းတန်ခိုးက ကျန်းမာစေသောသတ္တိနှင့်ပြည့်စုံစေ၏။ ၎င်းအားဖြင့် ကိုယ်ခန္ဓာ၏အမြတ်ဆုံး သောအင်အားသတ္တိများသည် လှုပ်ရှားခြင်းရှိလာရန် နိုးကြားလာကြ၏။ ၎င်းသည် ဝိညာဉ်အားအပြစ်သင့်ခြင်း၊ ဝမ်းနည်းခြင်း၊ စိုးရိမ်ပူပန်ခြင်းမှစ၍ အသက်တာအင်အားကိုချေမှုန်းနေသောအရာများမှ ကင်းလွတ်စေ၏။ ၎င်းနှင့် အတူ ငြိမ်သက်တည်ကြည်ခြင်းသဘောသက်ဝင်လာ၏။ ၎င်းသည် စိတ်ဝိညာဉ် ထဲ၌လောကီအရာတစ်စုံတစ်ခုကမျှ မဖျက်ဆီးနိုင်သောဝမ်းမြောက်ခြင်းချမ်းသာ– သန့်ရှင်းသောဝိညာဉ်တော်၌ ဝမ်းမြောက်ခြင်း–ကျန်းမာခြင်းနှင့်အသက်ကိုပေး သော ဝမ်းမြောက်ခြင်းကိုချပေး၏။

"ငါ့ထံသို့လာကြလော့၊ ငါသည်ချမ်းသာပေးမည်" ဟူသော ကျွန်ုပ် တို့ကယ်တင်ရှင်၏စကားများသည် ကိုယ်ကာယစိတ်ဉာဏ်နှင့်ဝိညာဉ်ရေး ဒုက္ခဝေဒနာများကို ကုသပျောက်ကင်းစေရန် ဆေးနည်းတစ်ခုဖြစ်သည်။ လူတို့ သည် မိမိတို့၏မှားသောအမှုအားဖြင့် မိမိတို့ကိုယ်၌ ဆင်းရဲခြင်းဝေဒနာကို သက်ရောက်စေကြသော်လည်း ကိုယ်တော်သည် သူတို့ကိုသနားစုံမက်တော် မူ၏။ သူတို့သည် ကိုယ်တော်၌အကူအညီကို တွေ့ရှိနိုင်ကြသည်။ ကိုယ်တော် ကိုယုံကြည်အားကိုးသောသူတို့အတွက် ကိုယ်တော်သည် ကြီးစွာသောအမှု များကိုပြုတော်မူမည်။?

## ခေတ်ကာလ၏ကျန်းမာရေးပြုပြင်ပြောင်းလဲမှု

ကျွန်ုပ်တို့၏အမှုတော်ဆောင်လုပ်ငန်းတွင် ချိုးခြံချုပ်တည်းခြင်းနှင့် စပ်ဆိုင်၍ ပြုပြင်ပြောင်းလဲခြင်းအမှုကို သာ၍အရေးယူဂရုစိုက်သင့်သည်။ ပြုပြင်ပြောင်းလဲမှုလုပ်ရန် ဖိတ်ခေါ်သောတာဝန်တိုင်းသည် နောင်တရခြင်း၊ ယုံကြည်ခြင်း၊ နားထောင်ခြင်းတို့နှင့်သက်ဆိုင်၏။ ဝိညာဉ်အားအသစ်သော အသက်တာ၊ သာ၍မြင့်မြတ်သောအသက်တာသို့ရောက်ရှိလာရန် မြှင့်တင်ပေးခြင်းကိုဆိုလိုပေသည်။ ထိုသို့အားဖြင့် မှန်သောပြုပြင်ပြောင်းလဲခြင်းအမှုတိုင်းသည် တတိယကောင်းကင်တမန်၏သတင်းစကားနှင့်ဆိုင်သောအမှုတော်တွင် သူ့နေရာနှင့်သူဖြစ်ပေသည်။ အထူးသဖြင့် ချိုးခြံချုပ်တည်းခြင်းနှင့်ဆိုင်သောပြုပြင်ပြောင်းလဲရေးလုပ်ငန်းကို ကျွန်ုပ်တို့သည်ဂရုစိုက်၍ ထောက်မအားပေးရကြမည်။ ကျွန်ုပ်တို့၏နှစ်ပတ်လည်ရွက်ထည်တဲစည်းဝေးကြီးများတွင် ကျွန်ုပ်တို့သည် ဤလုပ်ငန်းကိုဂရုစိုက်လျက် ၎င်းကို စိတ်အားထက်သန်ဖွယ်လက်တွေ့လုပ်ငန်းတစ်ခုဖြစ်လာစေရမည်။ ကျွန်ုပ်တို့သည် လူများအားမှန်သောချိုးခြံချုပ်တည်းခြင်း၏အခြေခံတရားများကိုဖော်ပြပြီးလျှင် ချိုးခြံချုပ်တည်း ခြင်းအတွက် ကတိခံဝန်ချက်ကတ်ပြားများပေါ်တွင် လက်မှတ်ရေးထိုးစေရန် ဖိတ်ခေါ်နှိုးဆော်ကြရမည်။ ဆိုးသောအကျင့်၏ကျွန်ဖြစ်နေသောသူတို့ကို အထူးဂရုစိုက်ပြုစုကြရမည်။ ကျွန်ုပ်တို့သည် သူတို့ကိုသခင်ခရစ်တော်၏ လက်ဝါးကပ်တိုင်သို့ ပို့ဆောင်ပေးရကြမည်။

ကျွန်ုပ်တို့သည် နောက်ဆုံးသောအချိန်သို့နီးကပ်လာကြသဖြင့် ကျန်းမာရေးနှင့်ဆိုင်၍ ပြုပြင်ပြောင်းလဲမှုနှင့်ခရစ်ယာန်တို့၏ချိုးခြံချုပ်တည်းခြင်းအမှုတို့တွင် သာ၍မြင့်မြတ်လာသောပြဿနာများကိုဆွေးနွေးလျက် သာ၍သေချာတိကျသောနည်းများကို ဖော်ပြရကြမည်။ ကျွန်ုပ်တို့သည် စကားပြောကာမျှနှင့်သာမဟုတ်ဘဲ မိမိတို့ကိုယ်တိုင်လေ့ကျင့်ပြုမူလျက် လက်တွေ့ပြခြင်းအား ဖြင့် လူများတို့အားဆက်လက်၍ အမြဲသွန်သင်ပြသပေးရန် ကြိုးစားရကြမည်။

အကျင့်သီလနှင့်ကိုယ်တိုင်ပုံသက်သေပြလျက် လေ့ကျင့်ခြင်းကို ရောနှောထား ခြင်းသည် ထိရောက်စွာအကျိုးဖြစ်ထွန်းစေနိုင်သည်။

---o---

# အခန်း (၄၈)
# သန့်ရှင်းစင်ကြယ်ခြင်းသည်အရေးကြီးခြင်း

ကောင်းစွာကျန်းမာခြင်းရှိစေရန် ကျွန်ုပ်တို့၌ ကောင်းသောသွေးများရှိရမည်၊ အကြောင်းကား အသွေးသည် အသက်ရှင်စေသောအရာဖြစ်၏၊ ၎င်းသည် အသုံးမဝင်၍ပစ်လိုက်ရသောအရာများနေရာ၌ အသစ်သောအရာတို့ကိုပြုပြင်ပေး၍ ကိုယ်ကာယကိုအာဟာရနှင့်ဖြည့်စွက်ပေး၏။ သင့်လျော်သောအာဟာရဓာတ်များကိုရရှိသောအခါ၊ ၎င်းပြင် သန့်ရှင်းစင်ကြယ်သောလေအားဖြင့် ၎င်းကိုဆေးကြောလျက် အားသစ်ဖြည့်ပေးသောအခါ ၎င်းသည်ကိုယ်အင်္ဂါအစိတ်အပိုင်းတိုင်းသို့ အသက်နှင့်အင်အားအစွမ်းကို ယူဆောင်သွား၏။ သွေးသွားလာလှုပ်ရှားခြင်းအမှုသည် သာ၍စုံလင်လျှင် ဤလုပ်ငန်းကိုသာ၍ကောင်းမွန်စွာပြီးမြောက်စေလိမ့်မည်။

အပြင်အပ၌ ရေကိုအသုံးပြုပေးခြင်းသည် သွေးလှည့်လည်သွားလာခြင်းကို နေရာတကျစီမံပေးခြင်းနည်းကို အလွယ်ကူဆုံးနှင့်စိတ်ကျေနပ်ဖွယ်အကောင်းဆုံးဖြစ်သည်။ ရေအေးစိမ်ခြင်း၊ ရေအေးချိုးခြင်းသည် ခွန်အားသစ်ဖြစ်စေဖို့ အကောင်းဆုံးနည်းတစ်ခုဖြစ်သည်။ ရေနွေးချိုးခြင်း၊ ရေနွေးစိမ်ပေးခြင်းဖြင့် အသားအရေတွင်ရှိအပေါက်ငယ်ကလေးများကို ပွင့်လာစေ၏။ ၎င်းပြင် ထိုနည်းအားဖြင့် မသန့်ရှင်းသောအရာတို့ကို ကိုယ်တွင်းမှအပြင်သို့ထွက်စေခြင်းအမှုကိုအားပေးကူညီ၏။ ရေနွေးနှင့်သင့်ရုံနွေးသောရေဖြင့်ချိုးခြင်း၊ ပွတ်တိုက်သုံးသပ်ပေးခြင်းဖြင့် အကြောများကိုညင်သာစေ၍ သွေးလှည့်လည်လှုပ်ရှားခြင်းကို သမမျှတစေ၏။

ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းပြုခြင်းဖြင့် သွေးလှည့်လည်လှုပ်ရှားခြင်းအမှုကိုမြန်စေ၍ ညီညွတ်မျှတစေ၏။ သို့ရာတွင် ပျင်းရိ၍မလှုပ်ရှားဘဲနေခြင်းဖြင့် သွေးသည် လွတ်လပ်စွာလှည့်လည်သွားလာခြင်းမပြု၊ ၎င်းပြင် အသက် ရှင်ရေးနှင့်ကျန်းမာရေးအတွက် လိုအပ်သောပြောင်းလဲမှုလည်း သွေးထဲ၌ဖြစ်မလာချေ။ အသားအရေသည်လည်း လှုပ်ရှားခြင်းမရှိဘဲဖြစ်လာ၏။

သွေးလှည့်လည်ခြင်းသည် ပြင်းသောလှုပ်ရှားခြင်းအားဖြင့် လျင်မြန်လာ၍ အသားအရေသည် ကျန်းမာသောအခြေအနေ၌တည်ရှိလျက် အဆုတ်သည် သန့်ရှင်းလတ်ဆတ်သောလေကို များစွာရရှိလျှင် အညစ်အကြေးများကို ထုတ်ပစ်သကဲ့သို့ ၎င်းတို့ကိုအပြင်သို့ထုတ်မပစ်တော့ချေ။၂

အဆုတ်သည်တတ်နိုင်သမျှ အများဆုံးလွတ်လပ်ခွင့်ကိုရရှိသင့်သည်။ ၎င်းတို့၏အစွမ်းသတ္တိသည် လွတ်လပ်စွာလှုပ်ရှားခြင်းအားဖြင့် တိုးပွားများပြားလာ ၏။ ၎င်းသည်ကျုံ့နေ၍ ဖိနှိပ်ထားခြင်းခံရလျှင် ထိုအစွမ်းသတ္တိများသည် နည်းပါးသွား၏။ ထို့ကြောင့် အလုပ်ကိုကုန်း၍ထိုင်လုပ်နေရသောအလုပ်မျိုးတွင် အထူးသဖြင့် မကောင်းသောအခြေအနေမျိုးကို အများအားဖြင့်ဖြစ်စေ၏။ ဤအခြေအနေမျိုး၌ လေကိုကောင်းစွာမရှူရှိုက်နိုင်ချေ။ အပေါ်ယံအသက်ရှူရှိုက်ခြင်းသည် အကျင့်ဖြစ်လာ၍ အဆုတ်များကိုပွလာစေနိုင်သောအစွမ်းသတ္တိကို ပျက်စီးစေတတ်သည်။

ထိုသို့အားဖြင့် တေဇောဓာတ် (အောက်ဆီဂျင်) ကို လုံလောက်အောင်မရရှိနိုင်ချေ။ သွေးလှုပ်ရှားမှုသည် နှေးကန်နေ၏။ အဆုတ်မှထုတ်လိုက်သောလေတွင် ထွက်သွားစေရမည့်အညစ်အကြေးနှင့်အဆိပ်အတောက်များသည် မထွက်မသွားဘဲကျန်ရှိနေကြသဖြင့် အသွေးသည် ညစ်ညူးလာ ၏။ အဆုတ်များသာမက အစာအိမ်၊ အသည်းနှင့်ဦးနှောက်တို့ကိုလည်း ထိခိုက်စေ၏။ အသားအရေသည် ဝါဖန့်ဖန့်ဖြစ်လာ၍ အစာကြေညက်ခြင်းမရှိ။ နှလုံးသည် ဖိနှိပ်ထားခြင်းခံရ၏။ ဦးနှောက်သည်ကြည်လင်ခြင်းမရှိ။အကြံအစည်များသည် ရောပြွမ်းရှုပ်ထွေးလာ၏။ စိတ်သဘောသည် သုန်မှုန် ထုံထိုင်းနေ၏။ ကိုယ်အင်္ဂါစုတစ်ခုလုံးသည် ဖိနှိပ်ထားခြင်းခံရ၍ လှုပ်ရှား ခြင်းမရှိသဖြင့် ထူးခြားစွာရောဂါကူးစက်လွယ်၏။

အဆုတ်များသည် အမြဲသဖြင့် အညစ်အကြေးများကိုထုတ်ပစ်နေရသဖြင့် ၎င်းတို့အားအစဉ်လိုလိုပင် လေကောင်းလေသစ်နှင့် ထပ်မံဖြည့်စွက်ပေးရ၏။ မသန့်ရှင်းသောလေသည် လိုအပ်သောတေဇောဓာတ်ကိုမဖြည့်စွက်ချေ။ ၎င်းပြင် အသွေးသည် အားသစ်ကိုမရရှိဘဲ ဦးနှောက်နှင့်အခြားအင်္ဂါ

အစိတ်အပိုင်းများသို့ဖြတ်သွားလေ၏။ ထို့ကြောင့် လေကောင်းစွာဝင်ထွက် နိုင်ဖို့ အရေးကြီးလိုအပ်ပေသည်။ ပိတ်လှောင်ထား၍ လေသည်လှုပ်ရှားခြင်းမရှိ၊ ချွတ်ယွင်းညစ်ညူးနေသောအခန်း၊ လေကောင်းလေသန့်ကောင်းစွာမရရှိ နိုင်သော အခန်းတို့တွင် နေထိုင်ခြင်းဖြင့် ကိုယ်ခန္ဓာတစ်ခုလုံးကို အားနည်းစေ၏။ ကိုယ်ခန္ဓာသည် အအေးဒဏ်ကိုမခံနိုင်သောအခြေအနေရှိသဖြင့် အနည်းငယ် အအေးမိလျှင် ရောဂါတစ်စုံတစ်ခုဖြစ်လာတတ်၏။ အိမ်တွင်းပုန်းနေရသော ကြောင့် အများသောမိန်းမတို့သည် ဖြူဖပ်ဖြူရော်ဖြစ်နေလျက် အားနည်းနေ တတ်ကြသည်။ သူတို့သည် အခန်းတွင်းရှိလေကို ထပ်တလဲလဲရှူရှိုက်နေရ ကြသဖြင့် အဆုံး၌လေသည် အဆုတ်နှင့်အသားအရေတို့၏အပေါက်ငယ်များမှ ထွက်လိုက်သောအညစ်အကြေး၊ အဆိပ်အတောက်တို့နှင့်ပြည့်နေ၏။ ၎င်းပြင် ထိုသို့အားဖြင့် ထိုအညစ်အကြေးတို့ကို သွေးထဲသို့ပြန်ရောက်ရှိသွားစေ၏။[၃]

အများသောသူတို့သည် မိမိတို့၏အိပ်ခန်းများထဲသို့ ညအခါ သန့်ရှင်းသောညလေကို မဝင်စေခြင်းဖြင့် ရောဂါဝေဒနာများကိုခံစားနေရကြ သည်။ ကောင်းကင်မှလွတ်လပ်များပြားစွာရရှိနိုင်၍ သန့်ရှင်းသောလေသည် ကျွန်ုပ်တို့ခံစားရရှိနိုင်သောကောင်းချီးမင်္ဂလာများတွင် အပါအဝင်ဖြစ်ပါသည်။[၄]

အလွန်စေ့စပ်သေချာစွာ သန့်ရှင်းစင်ကြယ်စေခြင်းအမှုသည် ကိုယ် ကာယနှင့်စိတ်၏ကျန်းမာရေးနှစ်ခုစလုံးအတွက် လိုအပ်ပေသည်။ အညစ် အကြေးများကို အသားအရေအားဖြင့် ကိုယ်တွင်းမှအမြဲသဖြင့်ထုတ်ပစ်ပယ်ရှား နေ၏။ မကြာခဏရေချိုး၊ ရေသုံးသပ်ခြင်းအားဖြင့် သန့်ရှင်းစင်ကြယ်စွာ မထားလျှင် အသားအရေတွင်ရှိ သန်းပေါင်းများစွာသောအပေါက်ငယ်ကလေး များသည် ပိတ်ဆို့နေတတ်ကြသည်။ ၎င်းပြင် အသားအရေထဲမှထွက်သွား အပ်သော အညစ်အကြေးတို့သည် အညစ်အကြေးစွန့်ရသော အခြားအင်္ဂါ အစိတ်အပိုင်းတို့အား ထပ်မံ၍ဝန်လေးပင်ပန်းစေတတ်၏။

အများသောသူတို့သည် နံနက် (သို့မဟုတ်) ညနေတွင် နေ့တိုင်း ရေအေး (သို့မဟုတ်) ကြက်သီးနွေးရေကိုချိုးပေးခြင်း၊ ကိုယ်လက်တို့၌သုတ်သင် ပေးခြင်းဖြင့် အကျိုးခံစားခွင့်ရရှိကြလိမ့်မည်။ အအေးမိတတ်သောအလေ့ကို

တိုးပွားဖြစ်ပေါ်လာစေမည့်အစား သင့်လျော်သောနည်းဖြင့်ရေချိုး၊ ရေသုံးသပ်ပေးခြင်းသည် အအေးမိခြင်းကိုကာကွယ်လေသည်။ အကြောင်းမူကား၊၎င်းသည် သွေးလှည့်လည်လှုပ်ရှားမှုကို တိုးတက်ကောင်းမွန်စေသဖြင့် သွေးသည် မျက်နှာပြင်ပေါ်သို့ရောက်ရှိလာပြီးလျှင် သာ၍လွယ်ကူ၊ မှန်ကန်စွာသွေးစီး ဆင်းသွားလာမှုကိုရရှိလာ၏။ စိတ်နှင့်ကိုယ်ကာယတို့သည် အတူတကွ အသစ်သောခွန်အားနှင့်ပြည့်ဝလာကြ၏။ ကြွက်သားများသည် သာ၍ ပျော့ပျောင်းလာ၏။ ဉာဏ်စွမ်းသည် သာ၍ထက်မြက်လာ၏။ ရေချိုး၊ ရေသုံးသပ်ခြင်းသည် အာရုံကြောများကိုညင်သာပြေပြစ်စေ၏။ ရေချိုးခြင်းဖြင့် ဝမ်းကိုမှန်ကန်စေ၍ အစာအိမ်နှင့်အသည်းတို့၏လုပ်ငန်းကို အကူအညီပေး လျက် အသီးအသီးတို့အား ကျန်းမာခြင်းနှင့်အင်အားကိုပေးပြီး အစာကြေညက်ခြင်းကို ကောင်းမွန်စေ၏။

အဝတ်အထည်များကိုလည်း သန့်ရှင်းစင်ကြယ်စွာထားဖို့ အရေးကြီးပေသည်။ အဝတ်အထည်များသည် အသားအရေ၏အပေါက်ငယ်ကလေးများမှထွက်လာသော ချွေး၊ အညစ်အကြေးတို့ကိုစုပ်ယူတတ်သဖြင့် ၎င်းတို့ကိုမကြာခဏလဲ၍ လျှော်ဖွပ်ခြင်းမပြုလျှင် အညစ်အကြေးများကို ကိုယ်ကပြန်၍စုပ်ယူတတ်သည်။

မသန့်ရှင်းမစင်ကြယ်သောအမှုအမျိုးမျိုးသည် ရောဂါဝေဒနာကိုဖြစ်စေတတ်သည်။ သေစေတတ်သောရောဂါပိုးမွှားတို့သည် မှောင်၍ဂရုမစိုက်ဘဲထားသောအခန်းထောင့်များ၊ ပုပ်သိုးသွေးမြေ့နေသောအမှိုက်သရိုက်များ၊ စွတ်စိုသောနေရာ၊ မြေဆွေးနှင့်မှိုတက်၍ အောက်စော်နံနေသောနေရာများတွင် များပြားစွာတည်ရှိနေတတ်ကြသည်။ မကောင်းသောဟင်းသီးဟင်းရွက်များနှင့် စုပုံနေသောသစ်ရွက်ဟောင်းများကို ဆွေးမြေ့ပုပ်သိုး၍ လေကိုအဆိပ်ဖြစ်စေအောင် အိမ်အနီးအနားတွင်မရှိစေရ။ အိမ်အတွင်း၌မသန့်ရှင်း၍ ပုပ်သိုးသွားတတ်သောအရာမှန်သမျှကို မထားမရှိစေရ။

လုံးလုံးသန့်ရှင်းစင်ကြယ်ခြင်း၊ များစွာသောနေရောင်ခြည်၊ အိမ်ထောင်မှုကိစ္စတွင် အသေအချာသန့်ရှင်းစင်ကြယ်စေဖို့ ဂရုစိုက်ရှင်းလင်းခြင်းအမှု

တို့သည် ရောဂါဘယကင်းရှင်း၍ အိမ်သားတို့၏ပျော်ရွှင်ရေး၊ထက်မြက်သန်စွမ်းရေးတို့အတွက် အထူးလိုအပ်သောအရာများဖြစ်ကြသည်။[၁]

မိမိတို့သည် မသန့်ရှင်းသောကိုယ်ခန္ဓာနှင့်လည်းကောင်း၊ မသေသပ်စုတ်ပြတ်နေသောအဝတ်တို့နှင့်လည်းကောင်း ရှိနေသည်ကို ဘုရားသခင်သည်နှစ်သက်တော်မမူကြောင်း ကလေးသူငယ်များအား သွန်သင်လမ်းပြပေးပါ။ အဝတ်များကိုသန့်ရှင်းစင်ကြယ်သေသပ်စွာထားခြင်းသည် စိတ်အကြံအစည်ကိုသန့်ရှင်း၊ ကြည်လင်ခြင်းနည်းတစ်ခုဖြစ်သည်။ အသားအရေနှင့်ထိတွေ့ရသောအရာဝတ္ထုမှန်သမျှကို အထူးသဖြင့် သန့်ရှင်းစင်ကြယ်စွာထားပေးရမည်။

သမ္မာတရားကို လိုက်နာသောသူသည် မိမိ၏ခြေကိုမသန့်ရှင်းမစင်ကြယ်သောလမ်း၌ ချမထားချေ။ ဣသရေလအမျိုးသားတို့သည် သန့်ရှင်းခြင်းအလေ့ကို မွေးမြူကြမည်အကြောင်း အလွန်သေချာစေ့စပ် တော်မူသောအရှင်သည် ယခုခေတ်ရှိ မိမိလူများတို့၏အိမ်တွင် မသန့်မရှင်း၊ ညစ်ညူးသောအရာတစ်စုံတစ်ခုမျှရှိနေစေဖို့ ခွင့်ပြုတော်မူမည်မဟုတ်။ ဘုရားသခင်သည် ညစ်ညူး၍မသန့်ရှင်းသောအရာတစ်စုံတစ်ခုကိုမျှ နှစ်သက် တော်မမူ။

အိမ်တွင်ဂရုမစိုက်ပစ်ထား၍ မသန့်ရှင်းသောထောင့်များသည် စိတ်ဝိညာဉ်၌ညစ်ညူး၍ အမှုမထားဘဲနေသောထောင့်များကို ဖြစ်စေလိမ့်မည်။

ကောင်းကင်သည် ဖြူစင်သန့်ရှင်းသဖြင့် ဘုရားသခင်၏မြို့တော်တံခါးဝများကိုဝင်ရသောသူများတို့သည် ဤဘဝ၊ ဤမြေကြီးပေါ်၌ အတွင်းအပြင်နှစ်ဖက်စလုံးတွင် သန့်ရှင်းခြင်းနှင့်ဝတ်ဆင်ထားရမည်။[၆]

---o---

# အခန်း (၄၉)
# ကျွန်ုပ်တို့သုံးဆောင်သောအစာ

ကျွန်ုပ်တို့သုံးဆောင်သောအစားအသောက်တို့မှ မိမိတို့၏ကိုယ်ခန္ဓာကို တည်ဆောက်ဖြစ်ပေါ်လာစေကြသည်။ ကိုယ်ခန္ဓာ၏အသားမျှင်များသည် အစဉ်သဖြင့် ပျက်စီးယိုယွင်းနေတတ်ကြသည်။ အင်္ဂါအစိတ်အပိုင်းအသီးအသီး တို့၏လှုပ်ရှားမှုအားဖြင့် အသုံးမရသောအညစ်အကြေးတို့ကိုထွက်စေသဖြင့် ဤကဲ့သို့ကုန်ခန်းသွားသောအညစ်အကြေးတို့ကို ကျွန်ုပ်တို့၏အစာအာဟာရ အားဖြင့် ပြုပြင်ထပ်ဖြည့်ရသည်။ ကိုယ်ခန္ဓာ၏အင်္ဂါအသီးအသီးတို့သည် မိမိတို့နှင့်သက်ဆိုင်ရာအာဟာရအင်အားကို အလိုရှိကြသည်။ ဦးနှောက်အား မိမိရထိုက်သောအဖို့ကိုပေးရမည်။ အရိုး၊ ကြွက်သားနှင့်အကြောများက မိမိ တို့နှင့်သက်ဆိုင်ရာကိုတောင်းကြ၏။ အစားအစာကိုအသွေးအဖြစ်သို့ပြောင်းလဲ သွားစေပြီးလျှင် ဤအသွေးကို ကိုယ်ခန္ဓာ၏အမျိုးမျိုးသောအင်္ဂါအစိတ်အပိုင်း တို့တွင် ပြုပြင်တည်ဆောက်ပေးခြင်းအမှုသည် အံ့သြဖွယ်ဖြစ်၏။ သို့ရာတွင် ဤသို့ပြောင်းလဲခြင်းအမှုသည် ဆက်လက်ဖြစ်ပွားနေလျက် အကြော၊ ကြွက်သားနှင့်အသားမျှင်အသီးအသီးတို့အား အသက်၊ ခွန်အားတို့နှင့်ဖြည့်စွက် ပေးနေ၏။

ကိုယ်ခန္ဓာတည်ဆောက်ပြုပြင်ရေးအတွက် လိုအပ်သောအကောင်းဆုံး ဓာတ်သဘာဝများချပေးသောအစာများကို ရွေးချယ်ရမည်။ ဤကဲ့သို့ရွေးချယ် ရာတွင် ခံတွင်းတွေ့၍အရသာရှိသောအစာကိုရွေးခြင်းသည် စိတ်မချရပေ။ အစားအသောက်တွင် မှားသောအကျင့်ဓလေ့တို့ကြောင့် အာဟာရကိုတပ်မက် ခြင်းစိတ်သည် ပြောင်းလဲနေ၏။ အလွဲခံတွင်းကောင်းနေ၏။ မကြာခဏ ခံတွင်းက ကျန်းမာခြင်းကိုပျက်စီးစေလျက် ခွန်အားရှိစေမည့်အစား ခွန်အား နည်းစေသောအစားအသောက်တို့ကို တောင့်တတတ်၏။ ကျွန်ုပ်တို့သည် အဖွဲ့အစည်း၏ထုံးစံဓလေ့ကိုလိုက်ခြင်းအားဖြင့် ဘေးမကင်းစိတ်မချရချေ။ အရပ်ရပ်တိုင်းတွင်ဖြစ်ပေါ်နေသော ရောဂါဝေဒနာများနှင့်ဒုက္ခဆင်းရဲခြင်းတို့မှာ

အစားအသောက်နှင့်စပ်ဆိုင်၍ အများပြုကျင့်နေကြသောအမှားများကြောင့် အများအားဖြင့်ဖြစ်ကြ၏။

သို့ရာတွင် အားလုံးသောအစားအသောက်တို့သည် သင့်မြတ်ကောင်းမွန်သော်လည်း အခြေအနေအားလုံးတွင် ကျွန်ုပ်တို့အတွက်လိုအပ်သောအရာများမဟုတ်ကြ၊ အစားအသောက်ကိုရွေးချယ်ရာ၌ သတိထားရကြမည်။ ကျွန်ုပ်တို့၏အစားအသောက်များသည် အချိန်အခါ၊ မိမိတို့နေရပ်၏ရာသီဥတု၊ မိမိတို့လုပ်ကိုင်သောအလုပ်အကိုင်နှင့်ကိုက်ညီသင့်လျော်ရမည်။ အချိန်အခါတစ်ခု (သို့မဟုတ်) နေရပ်၏ရာသီဥတုတစ်ခုနှင့်သင့်လျော်သောအစားအသောက်အချို့သည် အခြားသောအချိန်၊ အခြားရာသီဥတုနှင့်မသင့်လျော်ချေ။ ထို့အတူ ခြားနားသောအလုပ်အကိုင်တို့ကို လုပ်ကိုင်ကြသောသူတို့အဖို့ ခြားနားသောအစားအသောက်များရှိရပေသည်။ ပင်ပန်းစွာကိုယ်လက်လှုပ်ရှား၍ လုပ်ကိုင်ရသောသူအတွက် အကျိုးဖြစ်ထွန်းစေနိုင်သောအစာသည် ထိုင်၍လုပ်ရသောသူ၊ ဦးနှောက်ကိုများစွာသုံးရသောသူအတွက် မသင့်လျော်ချေ။ ဘုရားသခင်သည် ကျွန်ုပ်တို့အား ကျန်းမာစေသောအစားသောက်အမျိုးမျိုးအစားစားကို မြောက်မြားစွာပေးထားတော်မူသဖြင့် လူအသီးအသီးသည် မိမိ၏ကိုယ်တွေ့အလျောက်၊ မိမိ၏ဆင်ခြင်ဝေဖန်နိုင်သောဉာဏ်အလျောက် မိမိ၌လိုသောအရာတို့ကို အသင့်လျော်ဆုံးရွေးချယ်သုံးဆောင်ရမည်။◦

## လူ၏အစာအတွက်ဘုရားသခင်၏မူလအကြံတော်

မည်သည့်အရာများသည် အကောင်းဆုံးအစာဖြစ်ကြောင်းသိရှိရန် လူအတွက် ဘုရားသခင်စီမံထားသော မူလအစာအကြောင်းကို ကျွန်ုပ်တို့သည် လေ့လာကြည့်ရှုရကြမည်။ လူကိုဖန်ဆင်းတော်မူ၍ လူ၏အလိုကိုသိနားလည်တော်မူသောအရှင်သည် အာဒံအတွက် အစာကိုစီမံချပေးတော်မူ၏။ဘုရားသခင်က "ကြည့်ရှုလော့၊ မြေတစ်ပြင်လုံး၌စပါးသီးကိုဖြစ်စေသော

စပါးပင်အမျိုးမျိုးတို့ကိုလည်းကောင်း၊ မျိုးစေ့ကိုဖြစ်စေသောအသီးနှင့်ပြည့်စုံသောသစ်ပင်အမျိုးမျိုးတို့ကိုလည်းကောင်း သင်တို့စားစရာဖို့ငါပေး၏” ဟု မိန့်တော်မူ၏။ (က ၁း၂၉)။ ကျိန်ခြင်းကိုခံရသဖြင့် မြေကြီးကိုထွန်ယက်ခြင်းဖြင့် မိမိ၏ဝမ်းစာကိုရှာရန် ဒေဝဥယျာဉ်မှထွက်သွားရသောအခါ၌ လူသည် “လယ်၌ဖြစ်သောဟင်းသီးဟင်းရွက်တို့ကို” စားသောက်မှီဝဲရန် အခွင့်ရရှိလေ၏။ (က ၃း၁၈)။

စပါးမျိုး၊ သစ်ပင်မျိုး၊ အဆီပါသောအသီးမျိုးနှင့်ဟင်းသီးဟင်းရွက်များသည် ကျွန်ုပ်တို့၏ဖန်ဆင်းရှင်က ကျွန်ုပ်တို့အတွက်ရွေးချယ်ထားသောအစာတွင် ပါဝင်ကြသည်။ ဤအစာများကိုတတ်နိုင်သမျှ ရိုးရိုးနှင့် သဘာဝကျကျပြင်ဆင်ချက်ပြုတ်ထားလျှင် အလွန်ကျန်းမာစေ၍ အာဟာရ ဖြစ်စေ၏။ ၎င်းတို့သည် သာ၍များပြားစွာရောထားလျက် လှုံ့ဆော်စေတတ် သောအစားအသောက်တို့က မချမပေးနိုင်သောခွန်အားခံနိုင်ရည်သတ္တိနှင့်ဉာဏ်စွမ်းသတ္တိများကိုချပေး၏။[၂]

ကျန်းမာသောအခြေအနေကိုအမြဲရရှိနေစေရန် ကောင်းမွန်စွာအာဟာရဖြစ်စေသောအစာကို လုံလောက်စွာရရှိဖို့လိုပေသည်။

ကျွန်ုပ်တို့သည် ကျွမ်းကျင်စွာစီမံပြုလုပ်တတ်ကြလျှင် အရပ်ရပ်တိုင်းမှာလိုပင် ကျန်းမာရေးအတွက် အလွန်သင့်လျော်သောအစားအသောက်များကိုရရှိနိုင်ကြသည့် ဆန်၊ ဂျုံ၊ ပြောင်းနှင့်အုတ်ခေါ်စပါးတစ်မျိုးတို့ကို အမျိုးမျိုးပြုပြင်ထားပြီး အရပ်ရပ်သို့တင်ပို့ရောင်းချကြသည်။ ထို့အတူ ပဲမျိုး၊ ပဲစေ့မျိုး၊ ကုလားပဲမျိုးတို့ကိုလည်း ပြုပြင်ထားကြသည်။ ဤအရာများနှင့်တကွ နိုင်ငံခြားမှတင်သွင်းသောသစ်သီးများ၊ ၎င်းပြင် ရပ်ကွက်အသီးအသီးတွင်စိုက်ပျိုးသော ဟင်းသီးဟင်းရွက်အမျိုးမျိုးတို့မှာ အသားမပါဘဲ ကောင်းမြတ်၍ အာဟာရဖြစ်စေသောအစားအသောက်တို့ကို ပြည့်စုံစွာရွေးချယ်ချက်ပြုတ်ပြုပြင်နိုင်ခွင့်ရရှိပါသည်။

စပျစ်သီးခြောက်၊ သဘော်ဆီးသီး (ပရွန်း)၊ ပန်းသီး၊ သစ်တော် သီး၊ မက်မန်းသီးမှစသော သစ်သီးခြောက်များကို သင့်လျော်သောဈေးနှုန်းနှင့်

ရနိုင်သောအခါ ထုံးစံအတိုင်းစားနေကျအစာထက် ၎င်းတို့ကိုအဓိက အစာအဖြစ်သုံးဆောင်ကြလျှင် လူအမျိုးမျိုးအစားစားဖြစ်သော အမှုတော် ဆောင်တို့၏ ကျန်းမာရေးနှင့်ခွန်အားသတ္တိအတွက် အကောင်းဆုံးအကျိုးကို ဖြစ်ထွန်းစေသည် ကို တွေ့ရှိရလိမ့်မည်။[၃]

## ချက်ပြုတ်ခြင်းနည်းနာများ

ချက်ပြုတ်ပြင်ဆင်ခြင်းသည် အတတ်ပညာတစ်ခုဖြစ်၍ လက်တွေ့ အသက်တာ၌ အလွန်လိုအပ်သောအရာတစ်ခုဖြစ်၏။ ၎င်းသည် မိန်းမများ အားလုံးတတ်သိကျွမ်းကျင်အပ်သော ပညာတစ်ခုဖြစ်၍ ဆင်းရဲသောလူစား မျိုးတို့ကိုလည်း အကျိုးခံစားစေဖို့သင်ပြပေးအပ်သည်။ ခံတွင်းတွေ့၍ တစ်ချိန်တည်း၌ပင် ရိုးရိုးနှင့်အာဟာရဖြစ်စေသောအစားအသောက်ကို ပြင်ဆင် ချက်ပြုတ်ရာ၌ ကျွမ်းကျင်မှုကိုလိုပေသည်။ သို့ရာတွင် ၎င်းကိုပြုလုပ်နိုင်ပေ သည်။ ချက်ပြုတ်သောသူတို့သည် ရိုးရိုးအစားအစာကို ရိုး၍ကျန်းမာစေသော နည်းဖြင့် မည်ကဲ့သို့ချက်ပြုတ်ပြင်ဆင်ရမည်ကို သိရှိအပ်သည်။ ၎င်းပြင် ထိုသို့အားဖြင့် ၎င်းကိုရိုးရိုးပြင်ဆင်ခြင်းကြောင့် သာ၍အရသာနှင့်ပြည့်စုံလျက် သာ၍သင့်လျော်ကျန်းမာစေ၏။[၄]

ကျွန်ုပ်တို့၏အစားအသောက်တွင် ရိုးရိုးပြင်ဆင်ချက်ပြုတ်ရာတွင် တိုး၍သိနားလည်လာကြပါစေ။ ဘုရားသခင်၏စီမံထားတော်မူရာ၌ အရပ်ရပ် တိုင်းတွင် ကိုယ်ခန္ဓာတစ်ခုလုံးကိုတည်ဆောက်ပြုပြင်ရန် လိုအပ်သည့်အာဟာရ ပါရှိစေသောစားစရာများကို ရရှိနိုင်ကြသည်။ ဤအရာတို့ကိုကျန်းမာစေလျက် ခံတွင်းတွေ့စေသောဟင်းများဖြစ်လာအောင် ပြုလုပ်နိုင်သည်။[၅]

ဤအမှုသည် တာဝန်တစ်ခုဖြစ်သည်ကို အများသောသူတို့သည် မထင်မှတ်ကြ။ ထို့ကြောင့် သူတို့သည် အစားအသောက်တို့ကိုသင့်လျော်စွာ ပြင်ဆင်ချက်ပြုတ်ရန် ကြိုးစားခြင်းမရှိကြ။ ဝက်ဆီ၊ ထောပတ် (သို့မဟုတ်) အသားများကိုမသုံးဘဲ ဤတာဝန်ကိုရိုးရိုးနှင့်လွယ်ကူသောနည်းဖြင့် ကျန်းမာ

စေရန် ပြုလုပ်နိုင်သည်။ ဤသို့ပြုလုပ်ရန် အမျိုးသမီးတို့သည် နည်းနာများကိုဖတ်ပြီးလျှင် ဖတ်သည့်အတိုင်း သည်းခံခြင်းနှင့်လက်တွေ့လုပ်ကိုင်ကြည့်ကြရကြမည်။[၆]

သစ်သီးမျိုး၊ စပါးမျိုးနှင့်ဟင်းသီးဟင်းရွက်တို့ကို ပူစပ်သောဟင်းခပ်အမွှေးအကြိုင်နှင့်အမဲဆီအမျိုးမျိုးမပါဘဲ နွားနို့ (သို့မဟုတ်) မလိုင်တို့နှင့် ပြင်ဆင်ချက်ပြုတ်လျှင် အလွန်ကျန်းမာစေသောအစားအသောက်မျိုးကိုရနိုင်သည်။[၇]

အမဲဆီဆိုရာ၌ တိရစ္ဆာန်တို့မှရသောအဆီများကို ဆိုလိုသည်။ မမဝှိုက်က သံလွင်သီးအဆီကို ထောပတ်နှင့်အခြားတိရစ္ဆာန်တို့၏အဆီအစားအကျိုးဖြစ်ထွန်းအောင် အသုံးပြုနိုင်ကြောင်း ဖော်ပြထားရာ၌ အစားအသောက်တွင်အဆီပါရှိအပ်ကြောင်း၊ ဟင်းသီးဟင်းရွက်တို့မှထုတ်နုတ်ထားသောအရာ ကိုမှန်ကန်စွာအသုံးပြုသင့်ကြောင်း ထင်ရှားစေ၏။

အမဲဆီများမပါဘဲ စပါးမျိုးနှင့်သစ်သီးမျိုးတို့ကို သဘာဝကျကျဖြစ်နိုင်သမျှဖြစ်အောင် ပြင်ဆင်ချက်ပြုတ်ထားသောအစားအသောက်တို့သည် ကောင်းကင်သို့ကိုယ်ခန္ဓာပြောင်းလဲ၍ဝင်စားခွင့်ရရှိရန် ပြင်ဆင်နေသည်ဆိုသောသူအပေါင်းတို့၏ထမင်းစားပွဲအတွက် သင့်လျော်သောထမင်းဟင်းများဖြစ်ရမည်။[၈]

အများအားဖြင့်အစားအသောက်တွင် သကြားကိုအလွန်အမင်းသုံးစွဲတတ်ကြသည်။ ကိတ်မုန့်၊ ချိုသောပူတင်းမုန့်၊ အစာသွတ်မုန့်၊ ယိုအမျိုးမျိုးတို့သည် အစာမကြေသောရောဂါကိုများစွာဖြစ်တတ်သည်။ အထူးသဖြင့် နွားနို့၊ သကြားနှင့်ကြက်ဥများပါရှိသော ပူတင်းမုန့်မှစသောမုန့်မျိုးတို့သည် ဘေးဥပဒ်ဖြစ်စေတတ်သည်။ သကြားများစွာရောထားသောနွားနို့ကို များစွာသောက်ပေးခြင်းမပြုအပ်၊ ရှောင်ရမည်။[၉]

အစားအစာများကိုပြင်ဆင်ရာတွင် သကြားကိုလျှော့၍သုံးလျှင် ပူအိုက်သောရာသီကြောင့် ခံစားရသောဝေဒနာမှ သာ၍သက်သာလာလိမ့် မည်။[၁၀]

နွားနို့ကိုသုံးလျှင် ၎င်းတွင်ပါရှိတတ်သောပိုးမွှားများသေအောင် ကြာကြာကျိုချက်ရမည်။ ဤကဲ့သို့ပြုလုပ်ခြင်းဖြင့် ၎င်းကိုအသုံးပြုခြင်းကြောင့် ရရှိကူးစက်တတ်သောရောဂါများမှကင်းလွတ်နိုင်သည်။[၁၁]

နွားနို့ကိုသုံးရာ၌ စိတ်မချရသောအချိန်ရောက်လာတတ်သည်။ သို့ရာတွင် နွားမသည် ကျန်းမာ၍နို့ကိုသေချာစွာကြာကြာကျိုချက်လျှင် ဘေးဖြစ်စရာ အကြောင်းမရှိနိုင်ချေ။[၁၂]

## အရသာရှိလွန်းသောအစာများ

လောကရှိလူများမကြာခဏအသုံးပြုတတ်ကြသော ဟင်းခပ်အမွှေးအကြိုင်များသည် အစာကြေညက်ခြင်းလုပ်ငန်းကိုပျက်ကွက်စေသည်။[၁၃]

ဤလျင်မြန်သောခေတ်တွင် စိတ်ထကြွခြင်းကို နည်းပါးစေသော အစားအသောက်သည် သာ၍ကောင်း၏။ ဟင်ခပ်အမွှေးအကြိုင်များသည် မိမိတို့သဘာဝအားဖြင့် ထိခိုက်စေတတ်သည်။ မုန်ညင်းစေ့၊ ငရုတ်ကောင်း၊ သစ်ကြံပိုးမှစသောဟင်းခပ်အမွှေးအကြိုင်၊ သရက်သီးသနပ်ကဲ့သို့သောသနပ်များနှင့် ဤကဲ့သို့ပြုပြင်ထားသောအခြားအရာများသည် အစာအိမ်ကိုပူလောင်ပူစပ်စေ၍ အသွေးကိုထုံထိုင်းညစ်ညူးစေတတ်၏။ အရက်သမား၏အစာအိမ်တွင် ပွရောင်နေသောအခြေအနေကို အရက်သောက်ခြင်း၏အကျိုးအပြစ်ကိုဖော်ပြသောအရာအဖြစ် ပုံပမာပြထားတတ်ကြသည်။ ထိုနည်းတူ ပွရောင်နေသောအခြေအနေမျိုးကို ပူလောင်စေသောဟင်းခပ်အမွှေးအကြိုင်များကို သုံးခြင်းဖြင့်ဖြစ်စေ၏။ များမကြာမီ ရိုးရိုးအစားအသောက်တို့ကို သုံးဆောင်လိုသောဆန္ဒကင်းမဲ့ပြီး ခံတွင်းပျက်နေလိမ့်မည်။ ထိုအခါ ကိုယ်ခန္ဓာကတစ်ခုခုလိုနေပြီး သာ၍လှုံ့ဆော်သောအရာတစ်စုံတစ်ခုကို တောင့်တလာလေ၏။[၁၄]

အချို့သောသူတို့သည် အရသာရှိသောအရာကိုသာ ကြိုက်တတ် သဖြင့် မိမိနှစ်သက်သောအရာကိုမရလျှင် စားချင်သောစိတ်မရှိတတ်ကြ။ ဟင်းခပ်အမွှေးအကြိုင်ပါသောအစားအသောက်များကို သူတို့ရှေ့၌ချထားလျှင်

မီးနှင်တံကဲ့သို့ဖြစ်သော ဤအစာကိုသုံးဆောင်ခြင်းဖြင့် သူတို့သည် အစာအိမ်ကိုအလုပ်များစေကြ၏။ အကြောင်းကား၊ ၎င်းကိုထိုကဲ့သို့ပြုနေခဲ့ပြီဖြစ်၍ လှုံ့ဆော်ခြင်းမဖြစ်သောအစာကို လက်ခံလိမ့်မည်မဟုတ်။၁၅

အမွေးအကြိုင်တို့သည် ပထမဦးစွာ အစာအိမ်၏အပေါ်ယံနူးညံ့သောအမြှေးများကိုပူလောင်စေ၏။ သို့ရာတွင် နောက်ဆုံး၌ ဤနူးညံ့သောအမြှေးတို့၏သဘာဝအကင်းပါးမှုကို ဖျက်ဆီးလေ၏။ အသွေးသည် ထုံထိုင်းလာလျက် တိရစ္ဆာန်၏ဝါသနာမျိုးဖြစ်လာသဖြင့် အကျင့်၊ စိတ်ဉာဏ်တို့နှင့်ဆိုင်သောစွမ်းအားသည် ယုတ်လျော့သွားလျက် ညံ့ဖျင်းသောရမ္မက်၏ကျွန်ဖြစ်လာ၏။ မိခင်သည် ရိုးရိုးနှင့်အာဟာရဖြစ်စေသောအစားအသောက်ကို အိမ်ထောင်သားများရှေ့၌ ပြင်ဆင်ပေးဖို့လေ့လာဆည်းပူးရမည်။၁၆

## စားသောက်ချိန်မှန်ခြင်း

စားမြဲအစာကိုစားပြီးသောအခါ အစာအိမ်ကိုငါးနာရီကြာအနားယူနေစေရမည်။ နောက်အစာစားချိန်အထိ အစာအနည်းငယ်မျှအစာအိမ်ထဲသို့မသွင်းရ။ ဤကြားအချိန်တွင် အစာအိမ်သည် မိမိ၏လုပ်ငန်းကိုဆောင်ရွက်နေလိမ့်မည်။ ထိုနောက်မှအစာအိမ်သည် အစာများကိုပိုမိုလက်ခံနိုင်သောအခြေအနေ၌ရှိနေရလိမ့်မည်။၁၇

အစာစားချိန်မှန်ကန်ဖို့အထူးသတိပြုရမည်၊ အစာစားချိန်များကြား တွင် ဘယ်အရာကိုမျှမစားရ။ ချောကလက်၊ သကြားလုံး၊ မြေပဲ၊ သစ်ကြားသီးမှစသောအဆီထုတ်ယူရသောအသီး၊ သစ်သီးများ (သို့မဟုတ်) အစာတစ်စုံတစ်မျိုးကိုမျှမစားရ။ အစားအသောက်မမှန်ကန်ခြင်းဖြင့် အစာကြေစေသောအင်္ဂါအစိတ်အပိုင်းတို့၏ကျန်းမာသောအခြေအနေကို ပျက်စီးစေသဖြင့် ကိုယ်ခန္ဓာ၏ကျန်းမာရေးပျော်ရွှင်မှုတို့ကို ပျက်စီးစေ၏။ ကလေးသူငယ်တို့သည် ထမင်းစားပွဲသို့ရောက်လာသောအခါ သင့်လျော်ကျန်းမာစေသောအစား

အသောက်ကို စားချင်သောစိတ်မရှိကြ။ သူတို့အားဘေးဖြစ်စေတတ်သောအစာကို သာ သူတို့ခံတွင်းကတောင့်တနေ၏။[၁၈]

ကျွန်ုပ်တို့သည် အိပ်ပျော်နေကြသောအခါ အစာအိမ်သည် မိမိ၏ လုပ်ငန်းအားလုံးကို ပြုလုပ်ပြီးစီးရမည်။ ထိုနည်းအားဖြင့် ၎င်းနှင့်အတူ ကိုယ်ကာယ၏အခြားသောအင်္ဂါအစိတ်အပိုင်းတို့သည် အားလပ်ခွင့်ကိုခံစား ရကြမည်အကြောင်းတည်း။ ထိုင်၍အလုပ်လုပ်ရသောသူအတွက် ညဥ့်နက်မှ စားသောညစာသည် အထူးသဖြင့်ဘေးဖြစ်စေတတ်သည်။

နေ့အခါတွင် အစာကြေစေသောအင်္ဂါအစိတ်အပိုင်းတို့သည် အလွန် ပင်ပန်းစွာလုပ်ကိုင်နေခဲ့ရသည့်အတွက်ကြောင့် အများသောသူတို့၌ ပင်ပန်း နွမ်းရိသောလက္ခဏာဖြစ်ပေါ်လာလျက် အစာစားချင်သောဆန္ဒဖြစ်ပေါ်လာ တတ်ကြသည်။ တစ်ခါ အစာစားပြီးသောအခါ၊ အစာကြေစေသောအင်္ဂါ အစိတ်အပိုင်းတို့သည် အနားယူရကြမည်။ ထမင်းစားချိန်များကြားတွင် အနည်းဆုံးငါးနာရီ၊ ခြောက်နာရီကြာအနားပေးရမည်။ ဤစီမံကိန်းကိုစမ်းသပ် ကြည့်သောသူများသည် တစ်နေ့လျှင်သုံးကြိမ်ထက် နှစ်ကြိမ်ထမင်းစားခြင်း သည် သာ၍အကျိုးဖြစ်ထွန်းသည်ကို တွေ့ရှိရကြသည်။[၁၉]

တစ်နေ့နှစ်ကြိမ်သာ ထမင်းစားခြင်းအကျင့်သည် အများအားဖြင့် ကျန်းမာရေးတွင် အကျိုးဖြစ်ထွန်းကြောင်းတွေ့ရှိရသည်။ သို့ရာတွင် အချို့ သောအကြောင်းအရာကြောင့် လူတစ်စုံတစ်ယောက်သည် တတိယအကြိမ် ညစာစားဖို့လိုလိမ့်မည်။ သို့ရာတွင် ဤညစာကိုစားရလျှင် ကောင်းစွာအစာ ကြေညက်စေနိုင်သောအစားအသောက်တို့ကို အနည်းငယ်သာသုံးဆောင်သင့် သည်။[၂၀]

တပည့်များတို့သည် ကာယလုပ်ငန်း၊ စိတ်ဉာဏ်လုပ်ငန်းတို့ကို ပင်ပန်းစွာရောနှောလုပ်ကိုင်ရသောအခါ၊ တတိယအစာကိုတားမြစ်ဖို့မလိုချေ။ တပည့်များသည် တတိယအစာတွင် ဟင်းသီးဟင်းရွက်မပါဘဲ ရိုးရိုးနှင့် သင့်လျော်ကျန်းမာစေသောသစ်သီးနှင့်ပေါင်မုန့်ကဲ့သို့သောအစာများပါဝင်စေ ရမည်။[၂၁]

ပူလွန်းသောအခါ (သို့မဟုတ်) အေးလွန်းသောအခါ အစားအသောက်ကိုမသုံးဆောင်အပ်။ အစာသည်အေးနေလျှင်၊ ၎င်းကိုကြေညက်စေခြင်းမပြုမီနွေးလာစေရန် အစာအိမ်၏အရေးကြီးသောအင်အားသတ္တိကို ပိုမိုအသုံးပြုရ၏။ အေးလွန်းသောဖျော်ရည်တို့သည်လည်း ထိုအလားတူအကြောင်းရင်းကြောင့်ထိခိုက်စေတတ်သည်။ သို့ရာတွင် ပူလွန်းသောဖျော်ရည်တို့ကို များစွာသုံးဆောင်ခြင်းသည်လည်း အားလျော့စေတတ်သည်။ အမှန်အားဖြင့် ထမင်းပွဲတွင်အရည်ကိုပိုမိုသောက်လျှင်၊ အစာကြေညက်စေဖို့ရန် သာ၍ခံယဉ်းပေသည်၊ အကြောင်းကား အစာကြေညက်ခြင်းအမှုကိုမပြုမီ အရည်များကိုစုပ်ယူရဦးမည်။ ဆားကိုများများမသုံးဆောင်သင့်၊ သရက်သီးသနပ်မှစသောသနပ်များနှင့်အမွှေးအကြိုင်ထည့်ထားသောအစာများကိုရှောင်ပါ။ သစ်သီးကိုများစွာသုံးဆောင်ပေးပါ။ ၎င်းပြင် အရည်များစွာသောက်လိုသောဆန္ဒကို ဖြစ်ပေါ်စေသောပူစပ်ခြင်းအဖြစ်သည် အများအားဖြင့် ပျောက်ကွယ်သွားလိမ့်မည်။ အစာကိုဖြည်းဖြည်းစား၍ ကောင်းစွာညက်အောင်ဝါးပေးရမည်။ တံတွေးသည် အစာနှင့်သင့်လျော်စွာရောနှောသွားစေ၍ အစာကြေစေသောအရည်များကို ထွက်လာစေမည့်အကြောင်း ဤသို့ပြုပေးဖို့လိုပေသည်။[၂၂]

## ကျန်းမာရေး၌ပြုပြင်ခြင်းစည်းကမ်းဥပဒေများကိုအသုံးပြုခြင်း

အစားအသောက်နှင့်ဆိုင်၍ ပြုပြင်ပြောင်းလဲရေးတွင် တကယ်ပင်ဝေဖန်ပိုင်းခြားတတ်သောဉာဏ်ရှိရပေသည်။ ဤအချက်ကိုအမြင်ကျယ်ကျယ်နှင့်လေးနက်စွာ လေ့ကျင့်ဆည်းပူးရမည်။ ၎င်းပြင် အမှုကိစ္စအပေါင်းတွင်အခြားသူတို့၏အလေ့အကျင့်အပြုအမူတို့သည် မိမိတို့သဘောချင်းမတိုက်ဆိုင်သောကြောင့် ထိုသူတို့ကိုအပြစ်တင်ဝေဖန်မပြုအပ်ပေ။ လူတိုင်း၏အလေ့အကျင့်ကိုစည်းကမ်းထားရန် မပြောင်းမလဲသောဥပဒေများကို တစ်သမတ်တည်းထားဖို့မဖြစ်နိုင်။ ၎င်းပြင် သင့်ကိုယ်တိုင်သည် လူအပေါင်းအတွက် စံနမူနာဖြစ်ရမည်ဟု မည်သူမျှမထင်အပ်။ မည်သူမျှတစ်မျိုးတည်းသောအစာမျိုး

မသုံးဆောင်နိုင်ကြ။ တစ်စုံတစ်ယောက်အတွက် အရသာရှိ၍ ကျန်းမာ သင့်လျော်သောအစာသည် အခြားသောသူမကြိုက်သောအရာ၊ ဘေးဖြစ်စေ တတ်သောအရာဖြစ်တတ်သည်။ အချို့တို့နှင့်နွားနို့သည် မသင့်လျော်၊ အချို့ တို့ကား ၎င်းအားဖြင့်ခွန်အားတိုးတက်၍ သင့်လျော်ပေ၏။ အချို့သောသူတို့ အဖို့ပဲစေ့မျိုး၊ ပဲခြမ်းမျိုးတို့သည် အစာမကြေဖြစ်တတ်၏။ အခြားသူအဖို့ ကားသင့်လျော်၍ ကျန်းမာစေ၏။ အချို့သောသူတို့အဖို့ကား သာ၍ကြမ်း သောစပါးမျိုးမှပြုပြင်ထားသောအစာသည် ကောင်းမြတ်သောအရာဖြစ်၍ အခြားသောသူတို့ကား ၎င်းတို့ကိုမသုံးဆောင်နိုင်ကြ။၂၄

အစားအသောက်၌ မှားသောအကျင့်များပြုလုပ်လိုက်စားမိခဲ့လျှင် ပြုပြင်ပြောင်းလဲရန်နှောင့်နှေးမနေသင့်ပေ။ အစာအိမ်ကိုဒုက္ခပေးသောကြောင့် လေရောဂါဖြစ်သောအခါ ကျန်ရှိနေသေးသောအင်အားသတ္တိကို တည်မြဲနေစေရန် ပင်ပန်းနွမ်းရိစေသောဝန်ထုပ်ရှိသမျှကိုပယ်ရှားလျက် ကြိုးစား၍ဂရုစိုက်ပြုစု ရမည်။ ကြာမြင့်စွာဒုက္ခခံရပြီးနောက် အစာအိမ်သည် ဘယ်အခါမျှ ပြန်၍ လုံးလုံးကျန်းမာသောအခြေအနေ၌ဖြစ်မလာနိုင်တော့ပေ။ သို့ရာတွင် အစားအ သောက်တို့ကိုသင့်လျော်သလို စီမံပြုလုပ်ပေးခြင်းဖြင့် ဆက်လက် အားအင်ကုန် ခန်းခြင်းမဖြစ်နိုင်။ ၎င်းပြင် အများသောသူတို့သည် လုံးလုံးဖြစ်စေ၊ အတော်အ တန်ဖြစ်စေ ကျန်းမာလာတတ်ကြသည်။

သန်မာခိုင်ခံ့၍ ကာယလှုပ်ရှားခြင်းလုပ်ငန်းကို အမြဲလုပ်ဆောင်နေ ရသောသူတို့သည် ထိုင်၍အငြိမ်နေရသောအလုပ်ကို လုပ်နေကျသူတို့လောက် အစားအသောက်များ၏အမျိုးအစား (သို့မဟုတ်) ပမာဏတို့ကို အမှုထား နေစရာမလို၊ သို့ရာတွင် ဤကဲ့သို့သောသူများပင် ဆင်ခြင်ဝေဖန်လျက် ကိုယ်ကိုချုပ်တည်းပြီး အခြေခံတရားအတိုင်းပြုကျင့်ကြလျှင် သာ၍ကျန်းမာ သန်စွမ်းလာနိုင်ကြသည်။၂၅

အစားအသောက်နှင့်စပ်ဆိုင်၍ ပြုပြင်ပြောင်းလဲရေးအမှုမှာ အမြဲ တိုးတက်နေရမည်။ တိရစ္ဆာန်များတို့တွင် အနာရောဂါများသည် တိုးပွား များပြားလာကြသဖြင့် နို့နှင့်ကြက်ဥတို့သည် သာ၍စိတ်မချရကြချေ။ ၎င်းတို့

အစား ကျန်းမာစေ၍ ဈေးသက်သာသောအခြားအရာများကိုအသုံးပြုဖို့ ကြိုးစားရကြမည်။ အရပ်ရပ်တိုင်းရှိလူများတို့သည် နို့နှင့်ကြက်ဥမပါဘဲ ပြင်ဆင်ချက်ပြုတ်တတ်ရန် တတ်နိုင်သမျှလေ့လာသင်ကြားရကြမည်။ သို့ရာတွင် မိမိတို့၏အစားအသောက်တို့သည် ကျန်းမာသင့်လျော်စေလျက် အရသာနှင့်ပြည့်စုံရကြမည်။

မိမိကိုယ်ခန္ဓာကိုဂရုမစိုက်၊ (သို့မဟုတ်) ပျက်စီးယိုယွင်းစေလျှင် ဘုရားသခင်၏ဂုဏ်တော်ကိုမထင်ရှားစေကြ။ ၎င်းပြင် ထိုသို့အားဖြင့် ဘုရားသခင်၏အမှုတော်ကိုဆောင်ရွက်ရန် မသင့်လျော်ချေ။ အာဟာရဖြစ်၍ အရသာရှိလျက် ခွန်အားပြည့်စေသောအစာကိုသုံးဆောင်ခြင်းဖြင့် ကိုယ်ခန္ဓာကိုဂရုစိုက်ခြင်းသည် အိမ်ထောင်ရှင်၏ပထမတာဝန်တစ်ခုဖြစ်သည်။ အစားအသောက်ကိုဝယ်ရာ၌ စေနဲခြင်းထက် အဖိုးနည်းသောအဝတ်အထည်နှင့် အိမ်ထောင်အသုံးအဆောင်တို့ကိုဝယ်ယူခြင်းက သာ၍ကောင်းပေသည်။

အချို့သောအိမ်ထောင်ရှင်တို့သည် ဧည့်သည်များအား အဖိုးများသောအစားအသောက်တို့နှင့်ဧည့်ခံရန် မိမိတို့အိမ်ထောင်၏ထမင်းစားပွဲအတွက် ချွေတာစေးနဲတတ်ကြသည်။ ဤအကျင့်သည် မသင့်လျော်ချေ။ ဧည့်သည်တို့ကိုကျွေးမွေးရာ၌ သာ၍များစွာရိုးသောအစားအသောက်တို့ဖြင့် ဧည့်ခံရ မည်။ အိမ်ထောင်၌လိုအပ်သောအချက်ကို ရှေးဦးစွာဂရုစိုက်အပ်သည်။

မသင့်လျော်သောချွေတာမှုနှင့် မမှန်သောထုံးစံဓလေ့များကြောင့် ဧည့်ဝတ်ပြုဖို့လို၍ ကောင်းချီးဖြစ်စေမည့်နေရာတွင် ဧည့်ဝတ်ကျေပွန်မှုကို ပျက်စီးစေ၏။ ကျွန်ုပ်တို့သုံးဆောင်နေကျထမင်းပွဲများမှာ အမှတ်တမဲ့ရောက်လာသောဧည့်သည်များအတွက် အိမ်ရှင်မက အထူးပြင်ဆင်နေစရာမလိုတော့ဘဲ အဆင်သင့်ဖြစ်စေရမည်။

သင်၏အစားအသောက်ကို သေချာစွာဆင်ခြင်ပါ။ အကြောင်းရင်းမှနေ၍ အကျိုးအပြစ်အထိလေ့လာစစ်ဆေးပါ။ ကိုယ်ကိုချုပ်တည်းခြင်းသဘောကို မွေးမြူပါ။ အစားအသောက်၌မက်မောခြင်းဆန္ဒကို ဆင်ခြင်ဉာဏ်ဖြင့်ချုပ်တည်းပါ။ အလွန်အကြူးစားသောက်ခြင်းဖြင့် ဘယ်အခါမျှအစာအိမ်ကို ဒုက္ခ

မပေးပါနှင့်။ သို့သော် ကျန်းမာရေးအတွက် သင့်လျော်အရသာရှိသော အစာများကိုကား မပယ်ရှားသင့်ပေ။

ကျန်းမာရေးစည်းကမ်းဥပဒေများကိုသိနားလည်၍ အခြေခံတရားများဖြင့် ကိုယ်ကိုအုပ်ချုပ်ထားသောသူတို့သည် အစားအသောက်ကို အလွန်အကြူးမက်မောခြင်း၊ အလွန်အကြူးချုပ်ချယ်တားမြစ်ခြင်းအမှုတို့ကို ရှောင်ကြဉ်တတ်ကြသည်။ သူတို့သည် ခံတွင်း၏အလိုဆန္ဒကိုပြေစေရန်သာမကဘဲ ကိုယ်ကာယကိုတည်ဆောက်ပြုပြင်ဖို့ရန်အတွက် သူတို့၏အစားအသောက်ကိုရွေးချယ်ကြ၏။ ဘုရားသခင်နှင့်လူအတွက် အကောင်းဆုံးအကျိုးဆောင်ရွက်နိုင်မည်အကြောင်း သူတို့၏အင်အားသတ္တိရှိသမျှကို အကောင်းဆုံးအခြေအနေ၌တည်ရှိစေရန် ကြိုးစား၍ထိန်းသိမ်းထားကြ၏။ ဆင်ခြင်လျက်သိနားလည်တတ်သောသဘောဖြင့် ခံတွင်းအလိုကိုချုပ်တည်းထားကြသဖြင့် ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ကျန်းမာခြင်းဖြင့် အကျိုးကိုခံစားရကြ၏။ သူတို့၏ထင်မြင်ချက်များကို သူတစ်ပါး အားထိခိုက်စေလောက်အောင် အတင်းအကျပ်တိုက်တွန်းခြင်းမပြုကြသော်လည်း သူတို့၏ပုံသက်သေသည် မှန်ကန်သောအခြေခံတရားဘက်၌တည်ရှိ၏။ ဤလူ များသည် ကောင်းကျိုးအတွက် များစွာသြဇာညောင်းတတ်ကြသည်။[၂၁]

ကျွန်ုပ်တို့သည် ဥပုသ်နေ့၌ အခြားသောနေ့များမှာထက် အစားအသောက်တို့ကိုများစွာ (သို့မဟုတ်) မျိုးစုံအောင်မသုံးဆောင်သင့်။ ဤကဲ့သို့ပြုမည်အစား၊ အစားအသောက်ကိုသာ၍ရိုးစေလျက် လျှော့၍သုံးဆောင်ရကြမည်။ သို့မှသာလျှင် စိတ်သည်ကြည်လင်၍ ဝိညာဉ်အရာများကိုသိနားလည်ရန် ခွန်အားတိုးတက်လာလိမ့်မည်။

ဥပုသ်နေ့၌ ထမင်းဟင်းမချက်မပြုတ်သင့်။ သို့ရာတွင် အေးသောအစာကိုစားဖို့မသင့်။ အေးသောရာသီဥတုတွင် အဖိတ်နေ့ကပြင်ဆင်ထားပြီးသောအစားအသောက်တို့ကိုနွေး၍ သုံးဆောင်ရမည်။ ၎င်းပြင် ရိုးရိုးအစားအသောက်ဖြစ်သော်လည်း အရသာရှိလျက်နှစ်သက်ဖွယ်ဖြစ်ရမည်။ အထူးသဖြင့် ကလေးငယ်များရှိသောအိမ်ထောင်များတွင် အခြားသောနေ့များ၌

မသုံးဆောင်ခဲ့ရသောအစားအသောက်မျိုးကို ဥပုသ်နေ့၌စားသောက်ပွဲကလေး သဖွယ် ပြင်ဆင်ပြုလုပ်ပေးသော် ကောင်းပေမည်။[၂၆]

## ခံတွင်းအလိုနှင့်ရမ္မက်ကိုချုပ်တည်းခြင်း

လူတွေ့ကြုံရသော အပြင်းထန်ဆုံးစုံစမ်းသွေးဆောင်ခြင်းတစ်ခုသည် ခံတွင်းအလိုလိုက်ခြင်းဖြစ်သည်။ ကိုယ်ခန္ဓာနှင့်စိတ်တို့ကြားတွင် နက်နဲအံ့သြဖွယ်ဆက်သွယ်မှုတစ်ခုရှိ၏။ ၎င်းတို့သည် တစ်ခုအပေါ်တစ်ခုတန်ပြန်မှုပြုတတ်ကြသည်။ အသက်ရှင်လှုပ်ရှားနေသော ခန္ဓာ၏အစိတ်အပိုင်းအသီးအသီးတို့သည် ညီညွတ်စွာလုပ်ကိုင်ဆောင်ရွက်ကြမည်အကြောင်း ခွန်အားကိုဖြစ်ပေါ်လာစေဖို့ ကိုယ်ခန္ဓာကျန်းမာသောအခြေအနေ၌ တည်ရှိစေခြင်းသည် ကျွန်ုပ်တို့၏အသက်တာတွင် ပထမဦးစွာလေ့လာသိရှိအပ်သောအချက်ဖြစ်သည်။ ကိုယ်ခန္ဓာကိုဂရုမစိုက်ခြင်းသည် စိတ်ကိုအမှုမထားခြင်းဖြစ်၏။ ဘုရားသခင်၏သားသမီးများ၌ ဖျားနာသောကိုယ်ကာယ (သို့မဟုတ်) ညှိုးဖျင်းသောစိတ်ရှိခြင်းသည် ဘုရားသခင်၏ဂုဏ်တော်ကိုထင်ရှားစေခြင်းမဟုတ်နိုင်။ အရသာခံစားခြင်းအာရုံကိုလိုက်စားသည့် ကျန်းမာရေးကိုထိခိုက်သဖြင့် အာရုံများကိုအလွန်ဆိုးသွမ်းစွာ ညှိုးဖျင်းစေ၏။ စားသောက်ရာတွင် တစ်စုံတစ်ခု၌ချုပ်တည်းခြင်းကင်းမဲ့သောသူတို့သည် ကိုယ်ကာယအင်အားကိုကုန်ခန်းစေလျက် အကျင့်နှင့်ဆိုင်သောစွမ်းရည်ကိုလျော့ပါးစေတတ်သည်။ ကိုယ်ကာယနှင့်ဆိုင်သောတရားကို လွန်ကျူးခြင်း၏အကျိုးအပြစ်ကို ဆပ်ပေးရမည်ကို သိရှိရကြလိမ့်မည်။[၂၇]

အများသောလူတို့သည် အစားအသောက်လွန်ကြူးခြင်း၊ ကာမဂုဏ်တပ်မက်ခြင်းအားဖြင့် စိတ်ဉာဏ်၌လည်းကောင်း၊ ကိုယ်ကာယ၌လည်းကောင်း ချို့တဲ့ခြင်းဖြစ်လာတတ်ကြသည်။ တိရစ္ဆာန်စိတ်ထားမျိုးတို့သည် တိုး၍ခိုင်မြဲလာလျက် အကျင့်စာရိတ္တနှင့်ဝိညာဉ်အခြေအနေတို့သည် အားနည်းညှိုးဖျင်းလာ၏။ ကျွန်ုပ်တို့သည် ဖြူသောပလ္လင်တော်ပတ်လည်၌ ရပ်နေရကြမည့်အချိန်

ရောက်သောအခါ အများသောသူတို့သည် မိမိတို့အသက်တာ၏မှတ်တမ်းများကို မည်ကဲ့သို့ဖော်ပြရကြလိမ့်မည်နည်း။ ထိုအခါ သူတို့သည် ဘုရားသခင်ပေးတော်မူသောအစွမ်းသတ္တိများကို ယုတ်ညံ့ခြင်းမဖြစ်စေခဲ့ကြလျှင် မိမိတို့ပြုအပ်သောအမှုတို့သည် ဘယ်အရာများဖြစ်ကြသည်ကို သိမြင်ကြလိမ့်မည်လော။ ထိုအခါ ဘုရားသခင်က မိမိတို့အားအပ်နှံထားတော်မူသော ကာယခွန်အားနှင့် ဉာဏ်စွမ်းရှိသမျှကို ဘုရားသခင်အားပေးအပ်ကြလျှင် ဉာဏ်စွမ်းသတ္တိ၌မည်မျှမြင့်မြတ်သောအခြေအနေသို့ရောက်ရှိကြမည်ကို သူတို့သည် သိမြင်နားလည်ကြမည်လော။ သူတို့သည် သံဝေဂရလျက် ဝေဒနာခံစားနေရစဉ် သူတို့သည် တစ်ဖန်ပြန်၍အသက်ရှင်လျက်နေဖို့ တောင့်တကြလိမ့်မည်။[၂၈]

မှန်သောခရစ်ယာန်တိုင်းသည် မိမိ၏အစားအသောက်နှင့်ရမ္မက်ကို ချုပ်တည်းလိမ့်မည်။ အစားအသောက်၌တပ်မက်ခြင်းဖြင့် ချည်နှောင်ခြင်း၊ ကျွန်ခံရခြင်းမှလွတ်မြောက်ခြင်းမရှိလျှင် သူသည် သခင်ခရစ်တော်၏မှန်ကန်၊ နားထောင်သောကျွန်မဟုတ်နိုင်။ အစားအသောက်နှင့်ရမ္မက်၌ အလိုလိုက်ခြင်းအားဖြင့် သမ္မာတရားသည် သူ၏စိတ်နှလုံး၌ အကျိုးမဖြစ်ထွန်းစေနိုင်။ အစားအသောက်၌မက်မော၍ ရမ္မက်သည်ကြီးစိုးနေလျှင် သမ္မာတရား၏ ဝိညာဉ်နှင့်တန်ခိုးသည် လူ၊ စိတ်ဝိညာဉ်၊ ကိုယ်ကာယနှင့်သဘောကို သန့်ရှင်းအောင်မပြုလုပ်နိုင်။[၂၉]

တောထဲ၌သခင်ခရစ်တော်သည် ကြာမြင့်စွာအစာရှောင်နေခြင်းအမှု၏အမြတ်ဆုံးသောအကျိုးကား၊ မိမိကိုယ်ကိုငြင်းပယ်၍ ချိုးခြံချုပ်တည်းခြင်းရှိဖို့လိုကြောင်း ကျွန်ုပ်တို့အား သွန်သင်လမ်းပြပေးခြင်းဖြစ်သတည်း။ ဤလုပ်ငန်းကို ကျွန်ုပ်တို့၏ထမင်းပွဲ၌အစပြုလျက် အသက်တာနှင့်ဆိုင်သမျှသောအမှုကိစ္စတို့တွင် ဤစည်းကမ်းချက်ကို ကျပ်တည်းစွာလိုက်နာရကြမည်။ လူ့အတွက် သခင်ယေရှုယူဆောင်လာတော်မူသောတန်ခိုးအားဖြင့် အစားအသောက်၌မက်မောခြင်းနှင့်ရမ္မက်တို့ကိုအောင်မြင်ရန် ခွန်အားကိုရရှိလျက် ရည်ရွယ်ချက်တိုင်းသည် အောင်မြင်နိုင်မည်အကြောင်း အားနည်းနေသော

လူအားကူညီမစရန် လောက၏ရွေးနုတ်ရှင်သည် ကောင်းကင်မှဆင်းသက်လာတော်မူ၏။[၃၀]

---o---

# အခန်း (၅၀)
# အသားပါသောအစာများ

ဘုရားသခင်သည် ကျွန်ုပ်တို့၏ရှေးဦးမိဘများအား လူမျိုးတို့စားအပ်သည်ဟု စီမံထားတော်မူသောအစာကိုပေးတော်မူ၏။ သတ္တဝါတစ်စုံတစ်ခု၏အသက်ကိုသတ်ခြင်းသည် ဘုရားသခင်၏အကြံတော်နှင့် ဆန့်ကျင်ဘက်ဖြစ်၏။ ဧဒင်ဥယျာဉ်တွင် သေခြင်းတစ်စုံတစ်ခုမျှမရှိရ။ သစ်ပင်၏အသီးများသည် လူအတွက်လိုအပ်သောအစာဖြစ်၏။ ရေလွှမ်းမိုးပြီးခဲ့သောအချိန်မရောက်မီ ဘုရားသခင်သည်လူတို့အား တိရစ္ဆာန်၏အသားကိုစားရသောအခွင့်ကိုပေးတော်မမူ။ လူတို့မှီဝဲနိုင်သောအရာရှိသမျှသည် ပျက်စီးကုန်သဖြင့်သဘော်ထဲသို့ မိမိယူဆောင်ထားသောတိရစ္ဆာန်တို့အထဲမှသန့်ရှင်းသောအကောင်တို့ကိုစားရန် နောအေားထာဝရဘုရားက အခွင့်ပြုတော်မူ၏။ အလွန်လိုအပ်သောအခါဖြစ်၍ ခွင့်ပြုတော်မူရ၏။ သို့ရာတွင် တိရစ္ဆာန်မှရသောအစာသည် လူအတွက်ကျန်းမာစေဖို့ရန် အကောင်းဆုံးအစာမဟုတ်။

ရေလွှမ်းမိုးပြီးသည်နောက် လူတို့သည် တိရစ္ဆာန်၏အသားကိုအစာအဖြစ်များစွာသုံးဆောင်ရကြ၏။ လူတို့၏အကျင့်သည်ပျက်စီး၍ မိမိ၏ဖန်ဆင်းရှင်ကိုဆန့်ကျင်ဘက်ပြုကာ မိမိကိုယ်ကိုချီးမြှောက်လိုသောစိတ်ရှိလာကြလျက် မိမိ၏သဘောအတိုင်းပြုလုပ်လိုကြသည်။ ထိုကြောင့် အသက်ရှည်သောထိုလူမျိုး၏အပြစ်များသောအသက်တာကို တိုစေခြင်းငှာ တိရစ္ဆာန်၏အသားကိုစားစေဖို့ ဘုရားသခင်ကခွင့်ပြုတော်မူ၏။ ရေလွှမ်းမိုးပြီးနောက်များမကြာမီ လူမျိုးသည် အရွယ်၊ အရပ်အမောင်းသည် လျင်မြန်စွာယုတ်လျော့လာ၍ ကြာရှည်သောအသက်သည်လည်းတိုလာ၏။◦

ဧဒင်ဥယျာဉ်၌ လူ၏အစာကိုရွေးချယ်တော်မူရာ၌ ဘယ်အရာသည်အကောင်းဆုံးသောအစာဖြစ်သည်ကို ထာဝရဘုရားကဖော်ပြတော်မူ၏။ ဣသရေလလူတို့အတွက် ရွေးချယ်ရာတွင်လည်း ဘုရားသခင်သည် အလားတူ သင်ခန်းစာကိုသွန်သင်တော်မူ၏။ သူတို့အားဖြင့် လောကကိုကောင်းချီး

ပေး၍ သွန်သင်စေခြင်းငှာ ဘုရားသခင်သည် အလိုရှိတော်မူ၏။ ဤရည်ရွယ်ချက်နှင့်အသင့်လျော်ဆုံးသောအစာကို ဘုရားသခင်သည် သူတို့အားအစာကို ပေးတော်မူ၏။ ၎င်းကားအသားမဟုတ်ဘဲ မန္နမုန့်ဖြစ်၏။ ကောင်းကင်မုန့်ဖြစ်၏။ သူတို့သည် မရောင့်ရဲဘဲ အဲဂုတ္တုပြည်၏အမဲအိုးကင်းကိုတောင့်တလျက် ညည်းညူနေကြသောကြောင့်သာ တိရစ္ဆာန်၏အသားကို သူတို့အား ခွင့်ပြုတော်မူ၏။ သို့သော် ခဏမျှသာစားရကြ၏။ ၎င်းကိုသုံးဆောင်ရခြင်းကြောင့် ရောဂါဖြစ်၍ထောင်ပေါင်းများစွာသေဆုံးရကြ၏။ အသားမပါသောအစာကိုစားဖို့ တားမြစ်ထားသောစည်းကမ်းကို ဘယ်အခါမျှစိတ်ပါစွာလက်မခံကြချေ။ ၎င်းသည် ထင်ရှားစွာ (သို့မဟုတ်) လျှို့ဝှက်စွာမတင်းတိမ်မှုနှင့် ညည်းညူမှုတို့၏အကြောင်းရင်းဖြစ်သည်။ ၎င်းပြင် ၎င်းသည် တာရှည်မတည်ရှိချေ။

ခါနာန်ပြည်၌နေထိုင်ကြရသောအခါ ဣသရေလလူတို့အား အသားစားဖို့အခွင့်ပေးတော်မူ၏။ သို့ရာတွင် သေချာစွာတားမြစ်ထားသည့်ဥပဒေ ကို ပေးတော်မူသဖြင့် ၎င်းဥပဒေသည် ဖြစ်ပေါ်လာမည့်ဆိုးကျိုးများကို နည်းပါးသွားစေရန်ဖြစ်သည်။ ဝက်သားစားခြင်းကိုတားမြစ်ထား၍ မသန့်ရှင်း သောအခြားတိရစ္ဆာန်နှင့်ငှက်များ၊ ငါးများကိုလည်း ထို့အတူတားမြစ်ထား၏။ အသားများတွင် အဆီနှင့်အသွေးကိုမသုံးဆောင်ရန် ကျပ်တည်းစွာတားမြစ် ထား၏။

ကောင်းမွန်သောအခြေအနေ၌ရှိသော တိရစ္ဆာန်တို့၏အသားကိုသာ အစာအဖြစ်သုံးဆောင်ရကြမည်။ စုတ်ပြတ်နေသောတိရစ္ဆာန်၊ အလိုအလျောက်သေသောတိရစ္ဆာန်၊ (သို့မဟုတ်) သွေးကိုကုန်စင်အောင်မသွန်းသောတိရစ္ဆာန်တို့၏အသားကိုမစားရ။

သူတို့၏အစားအသောက်အတွက် ဘုရားသခင်စီမံချပေးထားတော်မူသော စည်းကမ်းမှလွဲသွားခြင်းအားဖြင့် ဣသရေလလူတို့သည် များစွာဆုံးရှုံးခြင်းသို့ရောက်ရကြ၏။ သူတို့သည် အသားပါသောအစာကို စားလို

ကြ၍ ၎င်းကိုစားခြင်း၏ဆိုးကျိုးကိုခံရကြ၏။ သူတို့သည် အကျင့်အတွက် ဘုရားသခင်၏စံနမူနာကိုမမီကြ၊ (သို့မဟုတ်) ဘုရားသခင်၏ရည်ရွယ်ချက်ကိုမပြည့်စုံစေကြ။ ထာဝရဘုရားသည် သူတို့တောင်းသောဆုကိုပေးတော် မူ၏။ သို့သော်လည်း သူတို့၌ပိန်ကြုံခြင်းကိုသွင်းပေးတော်မူ၏။ ဆာ၊ ၁၀၆း၁၅။ သူတို့သည် ဝိညာဉ်အရာထက် လောကအရာကိုတန်ဖိုးထားကြ၏။ ၎င်းပြင် ဘုရားသခင်က သူတို့အတွက်ရည်ရွယ်တော်မူသည့် သန့်ရှင်းသောမြင့်မြတ်ခြင်း၏အခြေအနေကို သူတို့သည်မရောက်ရကြ။

အသားစားသောသူတို့သည် စပါးမျိုးနှင့်ဟင်းသီးဟင်းရွက်တို့ကို ဒုတိယအဆင့်၌ စားနေရခြင်းသာဖြစ်သည်။ အကြောင်းကား တိရစ္ဆာန်တို့သည် ဤအရာတို့၌ကြီးပွားသန်စွမ်းရေးအတွက် အာဟာရကိုရရှိနေကြ၏။ စပါးမျိုးနှင့်ဟင်းသီးဟင်းရွက်တို့တွင်ရှိအသက်သည် စားသောသူထံသို့ပြောင်းရွှေ့ရောက်ရှိသွား၏။ တစ်ဖန် ကျွန်ုပ်တို့က တိရစ္ဆာန်၏အသားကိုစားခြင်း ဖြင့် ၎င်းကိုတစ်ဆင့်ရရှိကြပြန်၏။ ကျွန်ုပ်တို့သုံးဆောင်ဖို့ရန် ဘုရားသခင်ပေးသောအစာကိုမှီဝဲခြင်းဖြင့် ၎င်းအသက်ကိုတိုက်ရိုက်ရဖို့ မည်မျှကောင်းမည်နည်း။၂

## များစွာသောရောဂါဝေဒနာတို့၏အကြောင်းရင်း

အသားသည် ဘယ်သောအခါမျှ အကောင်းဆုံးအစာမဟုတ်။ သို့ရာတွင် ယခု၎င်းအားသုံးဆောင်ခြင်းကိုနှစ်ဆမျှ ကန့်ကွက်ကြပြီ၊ အကြောင်းကား တိရစ္ဆာန်တို့၌စွဲကပ်တတ်သောရောဂါတို့မှာ လျင်မြန်စွာတိုးတက်များပြားလာသောကြောင့်တည်း။ တိရစ္ဆာန်များအသက်ရှင်စဉ်အခါ နေထိုင်စားသောက်ပုံ၊ သူတို့စားသောအရာ၏အမျိုးအစားတို့ကို သင်တို့သည်မြင်ရလျှင် သင်တို့သည် ရွံရှာသောသဘောနှင့် ၎င်းတို့ထံမှမျက်နှာလွှဲသွားကြလိမ့်မည်။ လူများတို့သည် အများအားဖြင့် တီဘီအဆုတ်နာနှင့်ကင်ဆာပိုးများပါသောအသား

များကို အမြဲမှီဝဲနေရကြသည်။ ထိုသို့အားဖြင့် တီဘီအဆုတ်နာ၊ ကင်ဆာနှင့် အခြားရောဂါများသည် ကူးစက်ရရှိလေ၏။[၃]

အသားစားခြင်းအားဖြင့် ရောဂါဝေဒနာရတတ်သောအဖြစ်သည် ဆယ်ဆတိုးပွားလာလေပြီ။[၄]

တိရစ္ဆာန်များသည် ရောဂါဝေဒနာစွဲကြသဖြင့် ၎င်းတို့၏အသားများကို စားသုံးမှီဝဲခြင်း၌ ကျွန်ုပ်တို့သည် မိမိတို့၏အသားမျှင်များနှင့် အသွေးတွင် ရောဂါမျိုးစေ့ကိုစိုက်ပျိုးကြပြီ။ ထိုနောက် ငှက်ဖျားရောဂါပိုးများလေထဲ၌ လွင့်နေသောနေရပ်သို့ ပြောင်းရွှေ့သွားသောအခါ ဤရောဂါပိုးတို့ကို အလွယ်တကူကူးစက်စေနိုင်သည်။ ၎င်းပြင် ကူးစက်တတ်သောရောဂါများဖြစ်နေသည့် နေရာများတွင်လည်း ကိုယ်ခန္ဓာအင်္ဂါစုသည် ရောဂါကိုခုခံကာကွယ်နိုင်သော အခြေအနေ၌မရှိချေ။

ကျွန်ုပ်အား ဘုရားသခင်ပေးတော်မူသောအလင်းတရားအတိုင်း ကင်ဆာနှင့်အကျိတ်အဖုရောဂါတို့မှာ အများအားဖြင့် သေသောအသားများကို အမြဲမှီဝဲနေခြင်းကြောင့်ဖြစ်သည်ကို သိရသည်။[၅]

အများသောနေရာတို့၌ ငါးများသည် သူတို့မှီဝဲကြသောအညစ်အကြေးများအားဖြင့် မိမိတို့ကိုယ်ကိုညစ်ညူးစေသဖြင့် ရောဂါဝေဒနာများကိုဖြစ်စေတတ်သည်။ အထူးသဖြင့် မြို့ကြီးများမှအညစ်အကြေးများစွန့်လွှတ်သောနေရာများနှင့် ၎င်းတို့သည် တွေ့ကြုံလာသောအခါ ငါးများတို့သည် ထိုသို့နေထိုင်မှီဝဲတတ်ကြသည်။ အညစ်အကြေးစွန့်ရာနေရာ၌ မှီဝဲနေပြီးသောငါးများသည် ရပ်ဝေးသို့ရောက်ရှိသွားရာ ရေသန့်ရှိသောနေရာ၌ ၎င်းတို့ကိုဖမ်းမိရကြပြန်၏။ ထိုသို့အားဖြင့် မမျှော်လင့်ဘဲဘေးဥပဒ်ကို ၎င်းတို့အားစားသုံးသူတို့၌ ရောဂါစွဲစေ၏။

အသားစားခြင်းကြောင့် ခံရသောဆိုးကျိုးကို ချက်ချင်းမသိနိုင်ချေ။ သို့ရာတွင် ဤအကြောင်းကြောင့် ၎င်းသည် ဘေးကင်းသည်ဟုမဆိုသာ။ မိမိတို့သုံးဆောင်သောအသားအားဖြင့် အသွေးသည် အဆိပ်အတောက်ဖြစ်

လာ၍ မိမိတို့၌ဒုက္ခဝေဒနာများသက်ရောက်စေသည်ကို အနည်းငယ်မျှသာ ယုံကြည်တတ်ကြသည်။ အများအားဖြင့် အသားစားခြင်းကြောင့်ပင် များစွာ သောသူတို့သည် ရောဂါရလျက်သေဆုံးရကြ၏၊ သို့သော် အကြောင်းရင်း အမှန်ကို အသားစားသူတို့ကိုယ်တိုင် (သို့မဟုတ်) အခြားသူတို့သည်မသိကြ။[၆]

## "ဝက်သည်သင်တို့၌မစင်ကြယ်"

ဝက်၏အသားမျှင်များတွင် ပိုးမွှားများစွာတွယ်ကပ်နေတတ်သည်။ ဝက်အကြောင်းနှင့်ပတ်သက်၍ ဘုရားသခင်က၊ "ဝက်သည်သင်တို့၌မစင်ကြယ်။ အသားကိုမစားရ။ အသေကောင်ကိုလည်းမထိရ" ဟု မိန့်တော်မူ၏။ ဝက်သား သည် အစာအဖို့အလို့ငှာ မသင့်လျော်သောကြောင့် ဤအမိန့်တော်ကိုပေး တော်မူ၏။ ဝက်များသည် မိလ္လာများကိုသိမ်းဆည်းပယ်ရှားသောအရာများ သာဖြစ်လျက် ဤကဲ့သို့သောအမှုကိုပြုလုပ်ရန်သာ ကြံစည်ထားခြင်းဖြစ်လိမ့် မည်။ ဘယ်အခြေအနေ၌မဆို လူတို့သည် ဝက်သားတို့ကိုမစားမသုံးရကြချေ။ သဘာဝအလျောက် တိရစ္ဆာန်တို့သည် ညစ်ညူးကြပြီးလျှင် ရွံရှာဖွယ်ကောင်း သောအရာတို့ကိုမှီဝဲသောအခါ ၎င်းတို့၏အသားသည် မသန့်ရှင်းမသင့်လျော် နိုင်ချေ။[၇]

ဝက်သားသည် အများသုံးဆောင်နေကြသောအစာတစ်ခုဖြစ်သော် လည်း ဘေးဥပဒ်အများဆုံးဖြစ်ပေသည်။ ဘုရားသခင်သည် မိမိ၏သြဇာ အာဏာကိုဖော်ပြချင်သောကြောင့် ဟေဗြဲလူတို့အား ဝက်သားစားခြင်းအမှုကို တားမြစ်တော်မူသည်မဟုတ်။ ၎င်းသည် လူအတွက် မသင့်လျော်သောအစာ ဖြစ်သောကြောင့်တည်း။ ၎င်းသည် ကိုယ်အင်္ဂါစုတွင် ကျပ်နာနှင့်ပြည့်စေလိမ့် မည်။ အထူးသဖြင့် ပူအိုက်သောရာသီဥတုတွင်အနာကြီးရောဂါကိုလည်းကောင်း၊ အမျိုးမျိုးသောရောဂါဝေဒနာတို့ကိုလည်းကောင်း ဖြစ်စေလိမ့်မည်။ ၎င်းသည် အေးသောရာသီဥတုမှာထက် ပူအိုက်သောရာသီဥတုတွင် ကိုယ်ခန္ဓာကိုသာ၍

ဘေးဖြစ်စေတတ်သည်။ ဝက်သားသည် အခြားသောအသားများထက် သွေး၌ မကောင်းသောအခြေအနေကို ပိုမိုဖြစ်စေတတ်သည်။ ဝက်သားကိုများများစား သောသူတို့၌ ရောဂါဝေဒနာများစွာကပ်ရောက်၏။[၈]

အထူးသဖြင့် အလွန်နူးညံ့၍ ထိခိုက်လွယ်သောဦးနှောက်အာရုံကြော များသည် အားနည်းလာ၍ အလွန်ထုံထိုင်းနေသဖြင့် သန့်ရှင်းသောအရာတို့ကို ဝေဖန်သိနားလည်ခြင်းမရှိဘဲ ရိုးရိုးအရာများနှင့်ယုတ်ညံ့သောနေရာ၌ထား တတ်၏။[၉]

အိမ်ပြင်ဘက်၌ လှုပ်ရှားခြင်းပြုရသောသူတို့သည် အများအားဖြင့် အိမ်တွင်းမှာနေရလျက် အမြဲထိုင်ကာ ဦးနှောက်သုံးရသောသူတို့လောက် ဝက်သားစားခြင်း၏မကောင်းကျိုးကို မသိရချေ။[၁၀]

## စိတ်နှင့်ဝိညာဉ်ပေါ်၌ထိခိုက်ခြင်း

အသားပါသောအစားအသောက်တို့ကြောင့် အကျင့်မကောင်းမှုတို့ သည် ကိုယ်ကာယ၏အဖျားအနာများထက်မလျော့ပေ။ အသားသည် ကျန်းမာ ရေးကိုထိခိုက်၏။ ၎င်းပြင် ကိုယ်ခန္ဓာကိုထိခိုက်စေသမျှသောအရာတို့သည် စိတ်နှင့်ဝိညာဉ်ကိုလည်းထိခိုက်စေတတ်၏။[၁၁]

အသားပါသောအစားအသောက်သည် သဘောကိုပြောင်းလဲစေလျက် တိရစ္ဆာန်စိတ်ကိုအားပေး၏။ ကျွန်ုပ်တို့သည် မိမိတို့စားသောက်သည့်အတိုင်း ဖြစ်ရကြ၏။ ၎င်းပြင် အသားများစွာသုံးဆောင်ခြင်းအားဖြင့် ဉာဏ်စွမ်း ထက်မြက်မှုကိုလျော့စေ၏။ ကျောင်းသားများသည် အသားကိုဘယ်သောအခါ မျှမသုံးဆောင်ကြလျှင် မိမိတို့ပညာသင်ကြားမှုတွင် သာ၍များပြားစွာဖြစ်မြောက် အောင်မြင်လိမ့်မည်။ အသားစားသုံးခြင်းဖြင့် လူတွင်တိရစ္ဆာန်စိတ်ကိုအားပေး သဖြင့် အချိုးအစားအလိုက် ဉာဏ်စွမ်းသည် ယုတ်လျော့သွားသည်။[၁၂]

အစားအသောက်တွင် အရိုးဆုံးဖြစ်ရမည့်အချိန်အခါသည် ယခုအချိန် အခါဖြစ်သည်။ အသားကို ကျွန်ုပ်တို့၏သားသမီးများရှေ့တွင်မထားအပ်။

ၑင်းသည် ယုတ်ညံ့သောရမ္မက်ကို နှိုးဆော်အားပေး၍ အကျင့်နှင့်ဆိုင်သော သတ္တိများကို ပျက်စီးစေတတ်သည်။[၁၃]

သခင်ခရစ်တော်မကြာမီကြွလာတော်မူခြင်းကို မျှော်လင့်နေကြသည် ဟု ဝန်ခံနေကြသောသူတို့အထဲတွင် သာ၍ကြီးကျယ်သောပြောင်းလဲခြင်းရှိသင့်သည်။ ကျန်းမာခြင်းနှင့်ဆိုင်သောပြုပြင်ပြောင်းလဲခြင်းအမှုသည် ကျွန်ုပ်တို့၏လူများတွင် တစ်ခါမျှမပြုခဲ့ရသေးသောအလုပ်တစ်ခုဖြစ်သည်။ အသား စားခြင်းကြောင့် ဘေးဒုက္ခဖြစ်စေသည်ကိုသိရှိဖို့ နားလည်စေရန် နိုးကြားရကြ မည့်လူများသည် အသားစားနေကြသေးသဖြင့် ကိုယ်ကာယ၊ စိတ်နှင့်ဝိညာဉ် ကျန်းမာရေးကိုဘေးဖြစ်စေကြောင်း သိအပ်သောသူများရှိကြသည်။ အသားစားခြင်းပြဿနာနှင့် စပ်ဆိုင်၍ တစ်ဝက်လောက်သာစိတ်ပြောင်းလဲသောသူအများ တို့သည် ဘုရား သခင်၏လူများနှင့် ဆက်လက်သွားလာနေထိုင်ခြင်းမပြုနိုင်ရန် သူတို့ထံမှထွက်ခွာသွားကြလိမ့်မည်။[၁၄]

ဘုရားသခင်နှင့်ဘုရားသခင်၏အမှုတော်သည် သူတို့၏အပြောအဆို၊ အပြုအမူများအားဖြင့် ရှုတ်ချခြင်းမခံရမည်အကြောင်း သမ္မာတရားကိုယုံကြည်ကြသည်ဟု ဝန်ခံကြသောသူတို့သည် မိမိတို့၏ကိုယ်ခန္ဓာနှင့် စိတ်၏စွမ်းအားသတ္တိများကို သေချာစွာကာကွယ်စောင့်ရှောက်အပ်ကြသည်။ အလေ့အကျင့်အပြုအမူများကို ဘုရားသခင်၏အလိုတော်အတိုင်းဖြစ်စေရန် နှိမ့်ချထားရမည်။ ကျွန်ုပ်တို့သည် မိမိတို့၏အစားအသောက်ကို အထူးသတိပြုဂရုစိုက်ရကြမည်။ ဘုရားသခင်၏လူများတို့သည် အသားစားခြင်းကိုမြဲမြဲစွာရှောင်ရှားရကြမည် ဟု ကျွန်ုပ်အားထင်ရှားစွာဖော်ပြထားပါသည်။ ဘုရားသခင်၏လူတို့သည် သန့်ရှင်းသောသွေးနှင့်ကြည်လင်သောစိတ်ကိုအလိုရှိကြလျှင် သူတို့သည် အသားစားခြင်းအကျင့်ကိုစွန့်ပယ်ရကြမည်ဟူသောသတင်းစကားကို ဂရုစိုက် စေဖို့ ဘုရားသခင်သည် အလိုတော်ရှိတော်မမူလျှင်၊ ဘုရားသခင်က ဤ သတင်းစကားကို မိမိ၏လူတို့အားနှစ်ပေါင်းသုံးဆယ်ကြာပေးလိမ့်မည်လော။ အသားကိုသုံးဆောင်ခြင်းအားဖြင့် တိရစ္ဆာန်သဘောသည်ခိုင်ခဲ့လာ၍ ဝိညာဉ်သဘောသည် အားနည်းသွား၏။[၁၅]

# အစားအသောက်ပြောင်းလဲခြင်းနှင့်ဆိုင်သောသွန်သင်ချက်

တိရစ္ဆာန်၏အသားကိုသုံးဆောင်ခြင်းဖြင့် ကြွက်သားတို့၏ခွန်အားကိုဖြစ်စေသည်ဟူသောထင်မြင်ချက်သည်မှား၏။ ၎င်းအသားကိုမသုံးဆောင်ဘဲ ကိုယ်ခန္ဓာအင်္ဂါစု၌လိုအပ်သောအရာများကို ဖြည့်စွက်နိုင်လျက် သာ၍ တောင့်တင်းကျန်းမာသောအခြေအနေကို ရရှိခံစားခွင့်ရှိပေသည်။ စပါးမျိုးနှင့် သစ်သီးများ၊ အဆီထွက်သစ်သီးများနှင့်ဟင်းသီးဟင်းရွက်တို့တွင် ကောင်းသော အသွေးကိုဖြစ်စေနိုင်သော အာဟာရဓာတ်သဘာဝများ အလုံးစုံပါရှိသည်။ ဤဓာတ်သဘာဝများကို အလွန်ကောင်းမွန်ပြည့်စုံသောအခြေအနေ၌ အသားပါသောအစားအသောက်တို့က မပေးမဖြည့်စွက်နိုင်ချေ။ ကျန်းမာရေးနှင့်ခွန်အားသတ္တိအတွက် အသားသည် လိုအပ်သောအရာဖြစ်ခဲ့လျှင် အစအဦး၌လူ အတွက်စီမံချပေးထားသောအစာတွင် တိရစ္ဆာန်တို့၏အသားကို ထည့်သွင်း ဖော်ပြထားလိမ့်မည်။

အသားမစားတော့ဘဲဖြတ်ထားသောအခါ အားနည်းသောအဖြစ်၊ အားအင်ယုတ်လျော့သောအဖြစ်မျိုးကို တစ်ခါတစ်ရံတွေ့ကြုံရတတ်သည်။ အသားစားဖို့လိုကြောင်း ဤအချက်ကဖော်ပြသည်ဟု အများသောသူတို့က ဆင်ခြေပေးကြသည်။ သို့ရာတွင် ဤအစားမျိုးသည် လှုံ့ဆော်စေတတ်သဖြင့် ၎င်းတို့သည် အသွေးနှင့်အာရုံကြောများကိုထုံထိုင်းစေသဖြင့် ၎င်းတို့ကိုအလွန် တောင့်တနေရသဖြင့် အားနည်းဟန်လက္ခဏာရှိ၏။ အရက်သမားသည် အရက်ဖြတ်ဖို့ခဲယဉ်းသကဲ့သို့ အချို့သောသူတို့သည် အသားစားခြင်းကိုဖြတ်ဖို့ရန် ခက်ခဲနေသည်ကိုတွေ့ရလိမ့်မည်။ သို့ရာတွင် သူတို့အဖို့ ထိုသို့ပြောင်းလဲလိုက်ခြင်းသည် သာ၍ကောင်းလိမ့်မည်။

အသားကိုမစားဘဲရှောင်သောအခါ ၎င်း၏နေရာတွင် စပါးမျိုး၊ အဆီထွက်သောသစ်သီး၊ ဟင်းသီးဟင်းရွက်နှင့်သစ်သီးများကိုစားပေးခြင်းဖြင့် ၎င်းတို့သည် အာဟာရဖြစ်စေသည့်အပြင် အရသာနှင့်ပြည့်စုံစေလျက် ခံတွင်းတွေ့စေ၏။ အထူးသဖြင့် အားနည်းသောသူ (သို့မဟုတ်) ပင်ပန်းသော

အလုပ်ကို ဆက်လက်လုပ်ကိုင်ရသဖြင့် နွမ်းရိအားအင်ယုတ်လျော့နေသူတို့အတွက် ဤအစာတို့သည် လိုအပ်ပေသည်။[၁၆]

အစားအသောက်တွင် အထူးသဖြင့် အသားကိုအဓိကအစာအဖြစ် မသုံးဆောင်ဘဲနေသောအခါ၌ အစားအသောက်ကိုကောင်းစွာပြင်ဆင် ချက်ပြုတ်ရေးသည် လိုအပ်သောအချက်တစ်ခုဖြစ်ပေသည်။ အသားနေရာတွင် တစ်စုံတစ်ခုကိုပြင်ဆင်ချက်ပြုတ်ပေးရမည်။ ၎င်းပြင် အသားအစား အသုံးပြု ရသောအရာတို့ကို သေချာကောင်းမွန်စွာပြုပြင်စီမံပေးရမည်။ ထိုသို့ပြုမှသာလျှင် အသားကို စားလိုသောဆန္ဒမရှိဘဲနေလိမ့်မည်။[၁၇]

အသားပါသောအစားအသောက်မှ ညံ့ဖျင်းသောအစားအသောက်သို့ ပြောင်းလဲ၍ သုံးဆောင်ကြသောအိမ်ထောင်များကို ကျွန်ုပ်တွေ့ကြုံဖူးသည်။ သူတို့၏အစားအသောက်ကို အလွန်ညံ့ဖျင်းစွာပြင်ဆင်ချက်ပြုတ်ကြသဖြင့် အစာအိမ်က ၎င်းတို့ကိုလက်ခံလိုစိတ်မရှိချေ။ ထိုအခါ ထိုသို့သောသူတို့က ကျန်းမာရေးနှင့်ဆိုင်သောပြုပြင်ပြောင်းလဲမှုသည် သူတို့နှင့်မကိုက်မညီ၊ ၎င်းပြင် သူတို့၌ကိုယ်ခန္ဓာခွန်အားလျော့နေသည်ဟု ပြောဆိုကြ၏။ အစားအသောက်ကိုရိုးရိုးကလေးပြင်ဆင်ရမည်။ သို့ရာတွင် ခံတွင်းတွေ့အောင် ကောင်းမွန်သင့်လျော်စွာ ပြင်ဆင်ပြုပြင်ထားရမည်။[၁၈]

ထာဝရဘုရားက ကျန်ကြွင်းသောအသင်းတော်အား အသားပါသောအစာများ၊ လက်ဖက်ရည်၊ ကော်ဖီနှင့်အခြားထိခိုက်စေတတ်သော အစားအသောက်တို့ကိုရှောင်ကြဉ်ပယ်ရှားရန် အကြံဉာဏ်ပေးတော်မူသည်မှာ သူတို့၏ကောင်းကျိုးအတွက်ဖြစ်ပေသည်။ ကောင်းမွန်သင့်လျော်၍ကျန်းမာစေအောင် ကျွန်ုပ်တို့သုံးဆောင်နိုင်သောအခြားအစားအသောက်တို့သည် မြောက်မြားစွာ ရှိကြပါသည်။

သခင်ဘုရားကြွလာတော်မူခြင်းကို စောင့်မျှော်နေကြသောသူတို့အထဲတွင်၊ အဆုံး၌အသားစားခြင်းအမှုသည် ပျောက်ကွယ်သွားလိမ့်မည်။ သူတို့၏အစားအသောက်တွင် အသားသည်အပါအဝင်မဖြစ်တော့ဘဲရှိလိမ့်မည်။

ကျွန်ုပ်တို့သည် ဤမြော်မြင်ချက်ကို အမြဲပင်စိတ်ထဲ၌စွဲလမ်းကြလျက်၊ ဤမျှော်လင့်ချက်ကိုဖြစ်မြောက်စေဖို့ တဖြည်းဖြည်းကြိုးစားရကြမည်။[၁၉]

အသားကိုအမြဲသုံးဆောင်ခြင်းအကျင့်အားဖြင့် စိတ်၊ အကျင့်၊ ကာယနှင့်ဆိုင်သောစွမ်းရည်တို့သည် ယုတ်လျော့ခန်းခြောက်သွားကြ၏။ အသားစားခြင်းသည် ကိုယ်အင်္ဂါစုတို့ကိုယုတ်ညံ့စေလျက် ဉာဏ်စွမ်းသတ္တိကိုထုံထိုင်းစေပြီး အကျင့်သီလကိုတုံးစေ၏။ ညီအစ်ကိုမောင်နှမများတို့၊ သင်တို့အတွက်စိတ်အချရဆုံးနည်းလမ်းမှာ အသားများကိုလက်နှင့်မျှမတို့ဘဲ ၎င်းတို့ဘာသာနေစေခြင်းတည်းဟု ကျွန်ုပ်တို့ပြောပါရစေ။[၂၀]

---o---

# အခန်း (၅၁)
# ကျန်းမာရေးပြုပြင်ပြောင်းလဲခြင်းအမှု၌သစ္စာရှိခြင်း

(မှတ်ချက်။ ကျန်းမာရေးနှင့်ဆိုင်၍ ပြုပြင်ပြောင်းလဲမှုတွင် အရေးကြီးလိုအပ်သောအချက်များအကြောင်းကိုဖော်ပြသော ဤသတင်းစကားကို ၁၉၀၉ ခုတွင် နောက်ဆုံးမမဝှိက်တက်ရောက်သောအဖွဲ့ချုပ်အစည်းအဝေးကြီး၌ မမဝှိက်ကဟောပြောခဲ့သည်၊ ထုတ်ဝေသူများ။)

ကျွန်ုပ်တို့၏လူအများသည် ကျန်းမာရေးနှင့်ဆိုင်သောပြုပြင်ပြောင်းလဲရေးစည်းမျဉ်းများ၌ အထက်ကသစ္စာစောင့်လာကြသည့်အမှုကို ဖောက်လွှဲဖောက်ပြန်ပြုလုပ်ကြသဖြင့် ကျွန်ုပ်အား ကျန်းမာရေးနှင့်ဆိုင်သော ပြုပြင်ပြောင်းလဲရေးအကြောင်းကို ကျွန်ုပ်တို့၏လူများအား သတင်းစကားကြားပြောစေခြင်းငှာ သွန်သင်ထားတော်မူ၏။

မိမိ၏သားသမီးများအတွက် ဘုရားသခင်၏ရည်ရွယ်ချက်ကား၊ သူတို့သည် သခင်ခရစ်တော်၌ ယောကျ်ား၊ မိန်းမအဖြစ် ပြည့်စုံစွာကြီးပွားခြင်းရှိကြမည်အကြောင်းတည်း။ ဤကဲ့သို့ဖြစ်စေရန် သူတို့သည် ကိုယ်၊ စိတ်၊ ဝိညာဉ်၏ခွန်အားရှိသမျှတို့ကို မှန်ကန်စွာအသုံးပြုရကြမည်။ သူတို့သည် ဉာဏ်သတ္တိနှင့်ကာယသတ္တိတစ်စုံတစ်ခုကိုမျှ မဖြုန်းတီးနိုင်။

ကျန်းမာမှုကို မည်ကဲ့သို့ထိန်းသိမ်းစောင့်ရှောက်ရမည်နည်းဟူသောပြဿနာသည် အရေးအကြီးဆုံးအချက်တစ်ခုဖြစ်သည်။ ကျွန်ုပ်တို့သည်ဘုရားသခင်ကိုကြောက်ရွံ့ခြင်းနှင့် ဤပြဿနာကိုလေ့လာစစ်ဆေးကြည့်ကြသောအခါ ကျွန်ုပ်တို့၏ကိုယ်ကာယနှင့်ဝိညာဉ်တိုးပွားရေးအတွက် အစားအသောက်တွင် ရိုးရိုးပြင်ဆင်ချက်ပြုတ်ခြင်းအမှုသည် အကောင်းဆုံးနည်းဖြစ်သည်ကို သိရှိရကြလိမ့်မည်။ ဤပြဿနာကိုကျွန်ုပ်တို့သည် သည်းခံလျက်လေ့လာကြည့်ရှုကြစို့။ ဤကိစ္စ၌ သင့်လျော်စွာစီမံပြုလုပ်နိုင်မည်အကြောင်းကျွန်ုပ်တို့သည် အတွေ့အကြုံပညာနှင့်ဝေဖန်ပိုင်းခြားနိုင်သောဉာဏ်ကိုလိုပေသည်။ သဘာဝ၏စည်းကမ်းဥပဒေများကို ဆန့်ကျင်ဘက်မပြုဘဲ လိုက်နာကျင့်ဆောင်ရမည်။

အသားပါသောအစားအသောက်၊ လက်ဖက်ရည်နှင့်ကော်ဖီ၊ အရသာရှိလွန်း၍ ကျန်းမာခြင်းကိုမဖြစ်စေသောအစားအစာများကိုသုံးဆောင်ခြင်း၏ မကောင်းမှုအကြောင်းကို သွန်သင်ခြင်းခံရသောသူ၊စွန့်စားခြင်းဖြင့် ဘုရားသခင်နှင့်ပဋိညာဉ်ပြုရန် စိတ်ပိုင်းဖြတ်ထားသောသူတို့သည် ကျန်းမာခြင်းကိုမဖြစ်စေသည်ကို သူတို့သိရှိကြသောအစားအသောက်များကို ဆက်လက်တပ်မက်လိုသောစိတ်ရှိကြလိမ့်မည်မဟုတ်။ ဘုရားသခင်က အစာ၌မက်မောခြင်းကို ပယ်ဖျက်၍ မကောင်းသောအရာများ၌ ကိုယ်ကိုငြင်းပယ်ခြင်းအမှုကို လေ့ကျင့်ရမည်ဟုမိန့်တော်မူ၏။ ဘုရားသခင်၏လူတို့သည် ဘုရားသခင်ရှေ့တော်၌ စုံလင်ခြင်းအဖြစ်သို့ ရောက်သောသူများအဖြစ်နှင့် ရပ်တည်နေနိုင်သောအချိန်မရောက်မီ ဤအမှုကိုပြုလုပ်ရကြလိမ့်မည်။

ဘုရားသခင်၏ကျန်ကြွင်းသောလူများတို့သည် ပြောင်းလဲသောလူတစ်မျိုးဖြစ်ရကြမည်။ ဤသတင်းစကားကိုကြားပြောခြင်း၌ ဝိညာဉ်များတို့အားပြောင်းလဲ၍ သန့်ရှင်းခြင်းသို့ရောက်စေခြင်းအကြောင်းကို ဖြစ်စေဖို့ပင်တည်း။ ဤလုပ်ငန်းကြီး၌ ဘုရားသခင့်ဝိညာဉ်တော်၏တန်ခိုးပါရှိကြောင်း ကျွန်ုပ်တို့သိရှိအပ်ကြသည်။ ဤအရာသည် အံ့သြဖွယ်ဖြစ်၍ သေချာတိကျသောသတင်းစကားဖြစ်၏။ ၎င်းသည် ၎င်းကိုလက်ခံသူအဖို့အရာခပ်သိမ်းဖြစ်၍ ၎င်းကိုကျယ်သောအသံနှင့်ကြွေးကြော်ရမည်။ ဤသတင်းစကားသည် ကပ်ကာလကုန်ဆုံးသည်တိုင်အောင် တိုး၍အရေးကြီးလာလျက် အရပ်ရပ် ပျံ့နှံ့သွားလိမ့်မည်ဟု ကျွန်ုပ်တို့၌မှန်ကန်တည်မြဲသောယုံကြည်ခြင်းရှိရကြမည်။

ယုံကြည်သောသူဟုဆိုနေကြလျက် မမရှိက်၏ "သက်သေခံချက်စာစောင်များ" ၏အစိတ်အပိုင်းအချို့ကို ဘုရားသခင်၏သတင်းစကားအဖြစ်လက်ခံကြသောသူအချို့ရှိကြ၏။ သို့ရာတွင် သူတို့သည် မိမိနှစ်သက်လိုလားသောအရာများကို အပြစ်တင်ဆုံးမသောအစိတ်အပိုင်းများကို ငြင်းပယ်ကြ၏။ ထိုကဲ့သို့သောသူတို့သည် မိမိတို့၏ကောင်းကျိုး၊ အသင်းတော်၏ကောင်းကျိုးတို့နှင့်ဆန့်ကျင်သောအမှုကို ပြုလုပ်နေကြသည်။ ကျွန်ုပ်တို့၌ အလင်းရှိစဉ်အခါ ကျွန်ုပ်တို့သည် အလင်း၌သွားလာဖို့လိုပေသည်။ကျန်းမာရေးနှင့်စပ်ဆိုင်၍

ပြုပြင်ပြောင်းလဲခြင်းအမှုကို ယုံကြည်သည်ဟုဆိုကြလျက် မိမိတို့၏နေ့စဉ် အလေ့အကျင့်တို့တွင် ၎င်း၏အခြေခံတရားနှင့်ဆန့်ကျင်ဘက်ပြုနေသေးသော သူတို့သည် မိမိတို့၏စိတ်ဝိညာဉ်ကို ထိခိုက်နာကျင်စေကြပြီးလျှင် ယုံကြည်သော သူနှင့်မယုံကြည်သောသူတို့၏စိတ်ထဲမှ မှားသောအယူအဆများကို စွဲမှတ်စေခဲ့ကြလေပြီ။

## နားထောင်ခြင်းဖြင့်ခွန်အားရခြင်း

သမ္မာတရားကိုသိသောသူအပေါင်းတို့၏အကျင့်သည် မိမိ၏ ယုံကြည်ခြင်းတရားနှင့်ညီညွတ်လျက် သူတို့၏အသက်တာသည် ချွတ်ယွင်း သန့်ရှင်းစင်ကြယ်ခြင်းသို့ရောက်ပြီးလျှင် သတင်းစကားကိုကြားပြောရသော ဤနောက်ဆုံးနေ့ရက်များတွင် အမှုတော်သည် လျင်မြန်စွာပြီးမြောက်ရမည် အကြောင်း ဤသူတို့အပေါ်၌အလွန်အရေးကြီးသောတာဝန်သည် တည်ရှိ နေ၏။ အစားအသောက်ကိုတပ်မက်မောစေခြင်းငှာ သူတို့၌အချိန် (သို့မဟုတ်) ခွန်အားမရှိကြ။ "ထိုကြောင့် ထာဝရဘုရားထံတော်မှ ချမ်းအေးသောအချိန် ကာလသည်ရောက်လာ၍ သင်တို့၏အပြစ်များကိုပြေစေခြင်းငှာ နောင်တရ၍ စိတ်ပြောင်းလဲခြင်းသို့ရောက်ကြလော့" (တ၊ ၃း၁၉) ဟူသောနှုတ်ဆော်စကား များသည် ကျွန်ုပ်တို့ထံသို့ ယခုအရေးကြီးစွာရောက်လာရလိမ့်မည်။ ကျွန်ုပ် တို့အထဲတွင် ဝိညာဉ်ရေး၌ချို့တဲ့သောသူများ၊ လုံးလုံးပြောင်းလဲခြင်းမရှိကြ လျှင် ဧကန်အမှန်ပင် ပျောက်ဆုံးကုန်ကြမည့်လူများရှိနေကြ၏။ သင်သည် သူတို့အ တွက် သက်စွန့်ကြိုးပမ်းလုပ်ကိုင်ဆောင်ရွက်နိုင်ပါမည်လော။

ဘုရားသခင်သည် မိမိ၏လူများအား အစဉ်အဆက်တိုးတက်နေစေ ခြင်းငှာ အလိုရှိတော်မူ၏။ အစားအသောက်၌မက်မောအလိုလိုက်ခြင်းသည် စိတ်ဉာဏ်စွမ်းတိုးတက်မှုနှင့်ဝိညာဉ်သန့်ရှင်းရေးတွင် အကြီးဆုံးအတားအဆီး တစ်ခုဖြစ်သည်ကို ကျွန်ုပ်တို့သည် သိရှိနားလည်အပ်ကြပေသည်။ ကျန်းမာရေး နှင့်ဆိုင်၍ ပြုပြင်ပြောင်းလဲခြင်းအကြောင်းကို ကျွန်ုပ်တို့သည် ဝန်ခံပြောဆို

နေကြသော်လည်း အများသောကျွန်ုပ်တို့သည် မသင့်မလျော်သောနည်းများ ဖြင့် စားသောက်နေကြသည်။ အစားအသောက်၌ မက်မောအလိုလိုက်ခြင်းသည် ကာယနှင့်စိတ်အားနည်းယုတ်လျော့ခြင်း၏အကြောင်းရင်းဖြစ်၍ အများ အားဖြင့် ခွန်အားနည်းပါးခြင်းနှင့် အချိန်မရောက်ဘဲ သေဆုံးခြင်းတို့၏အခြေခံ အချက် ဖြစ်ပေသည်။ သခင်ခရစ်တော်၌ အစားအသောက်ကိုချုပ်တည်းနိုင် သောစွမ်း အားသတ္တိကိုရရှိနိုင်ကြောင်း ဝိညာဉ်သန့်ရှင်းရေးကို အလိုရှိနေသော သူသည် စိတ်ထဲ၌အမြဲမှတ်သားထားပါစေ။

အသားပါသောအစားအသောက်ကို သုံးဆောင်လိုသောဆန္ဒကို လိုက်လျောခြင်းဖြင့် ကျွန်ုပ်တို့သည် အကျိုးခံစားရကြမည်ဆိုလျှင်၊ ကျွန်ုပ် တို့သည် ဤကဲ့သို့နှိုးဆော်တိုက်တွန်းလိမ့်မည်မဟုတ်။ သို့ရာတွင် ကျွန်ုပ် တို့သည် အကျိုးမခံစားနိုင်ကြောင်းကို ကျွန်ုပ်သိရှိပါသည်။ အသားပါသော အစာများသည် ကိုယ်ခန္ဓာကျန်းမာကောင်းစားရေးကို ထိခိုက်စေခြင်းဖြစ်၍၊ ကျွန်ုပ်တို့သည် ၎င်းအစာမျိုးမပါဘဲ စားသောက်ကြဖို့ လေ့လာသိရှိနားလည် အပ်ကြသည်။ ဟင်းသီးဟင်းရွက်ပါသောအစားအသောက်တို့ကို ရရှိနိုင်သော အခြေအနေ၌ရှိသော်လည်း ဤကိစ္စ၌မိမိတို့ကြိုက်နှစ်သက်ရာကိုရွေးချယ်လျက် မိမိတို့သဘောအတိုင်းစားသောက်ကြသောသူတို့သည် ခေတ်အချိန်၏သမ္မာ တရားနှင့်သက်ဆိုင်သော အခြားအကြောင်း ဘုရားသခင်သွန်သင်တော်မူချက် တို့ကို တဖြည်းဖြည်းဂရုမစိုက်ဘဲနေလာကြသဖြင့် သမ္မာတရားသည် အဘယ် အရာဖြစ်သနည်းဟူသောအချက်ကို သူတို့သည် မသိနားမလည်ဘဲနေကြ လိမ့်မည်။ သူတို့သည် အမှန်ပင် မိမိတို့မျိုးစေ့ကြသည်အတိုင်း ရိတ်ရကြ လိမ့်မည်။

ကျွန်ုပ်တို့၏ကျောင်းများတွင်ရှိနေကြသော ကျောင်းသားများအား အသားပါသောအစာများ (သို့မဟုတ်) ကျန်းမာခြင်းနှင့်မညီညွတ်ဘဲ ပြင်ဆင် ချက်ပြုတ်ထားသောအစာများကို မကျွေးမွေးရဟု ကျွန်ုပ်အားသွန်သင်ထား ခဲ့ပြီ။ လှုံ့ဆော်စေတတ်သောအရာတို့ကို တောင့်တလိုလားသောစိတ်ကိုဆွပေး စေမည့် အရာ တစ်စုံတစ်ခုကိုမျှထမင်းစားပွဲပေါ်တွင်မရှိစေရ။ အသက်ကြီး

သောသူ၊ ငယ်သောသူနှင့်လူလတ်အရွယ်ရှိသူတို့အား ကျွန်ုပ်နှိုးဆော်တောင်းပန်ပါသည်။ သင့်အားထိခိုက်၍ဘေးဖြစ်စေသောအရာများပါသော အစားအသောက်တို့ကို ငြင်းပယ်ပါ။ စွန့်စားခြင်းဖြင့် ထာဝရဘုရားကို ကိုးကွယ်ပါ။

အသားမပါဘဲ ဘယ်အစာမျှမစားမသောက်နိုင်ဟု ထင်မှတ်နေကြသောသူအများရှိကြသည်။ သို့ရာတွင် ဤသူတို့သည် ထာဝရဘုရားဘက်၌နေလျက် ဘုရားသခင်လမ်းပြတော်မူသည်အတိုင်းလိုက်လျှောက်ရန် အမှန်ဆုံးဖြတ်ထားကြလျှင် ဒံယေလနှင့်သူ၏အဖော်များကဲ့သို့ သူတို့သည် ခွန်အားနှင့်ဉာဏ်ပညာကိုရရှိကြလိမ့်မည်။ ထာဝရဘုရားသည် သူတို့အားကောင်းစွာဝေဖန်ပိုင်းခြားနိုင်သောဉာဏ်ကို ပေးသနားတော်မူမည်ကို သူတို့သည် တွေ့ရှိရကြလိမ့်မည်။ မိမိကိုယ်ကိုငြင်းပယ်ခြင်းအမှုအားဖြင့် မည်မျှများစွာသောသူတို့သည် ဘုရားသခင်၏အမှုတော်အတွက် ကယ်ဆယ်ခြင်းခံရကြမည်ကိုမြင်ရသဖြင့် များစွာသောသူတို့သည် အံ့ဩကြလိမ့်မည်။ စွန့်စားရက်ရောခြင်းအမှုအားဖြင့် စုဆောင်းထားသောငွေအနည်းငယ်သည် ကိုယ်ကိုငြင်းပယ်ခြင်းမရှိဘဲ ပေးသောအလှူငွေများစွာထက် ဘုရားသခင်၏အမှုတော်တည်ထောင်ခြင်းလုပ်ငန်းကို သာ၍များပြားစွာပြီးမြောက်စေလိမ့်မည်။

## မြဲမြဲစွာရပ်တည်နေရန်နှိုးဆော်ခြင်း

သတ္တမနေ့ဥပုသ်အသင်းသားတို့သည် ရေးကြီးခွင်ကျယ်ဖြစ်သောသမ္မာတရားများကို ကိုင်စွဲနေရကြသည်။ လွန်ခဲ့သောအနှစ်လေးဆယ်ကျော်အထက်က (၁၈၆၃ ခုနှစ်တွင်) ထာဝရဘုရားသည် ကျွန်ုပ်တို့အားကျန်းမာရေး၌ပြုပြင်ပြောင်းလဲခြင်းအမှုနှင့်ဆိုင်သောအလင်းတရားကို ချပေးတော်မူ၏။ သို့ရာတွင် ကျွန်ုပ်တို့သည် ထိုအလင်းတွင် မည်ကဲ့သို့လျှောက်လိုက်နေကြသနည်း။ ဘုရားသခင်၏အကြံပေးချက်အတိုင်း ညီညွတ်စွာနေဖို့

အရေးကို လူမည်မျှသည် ငြင်းပယ်နေကြပြီနည်း။ လူတစ်မျိုးဖြစ်သည့်အလျောက် ကျွန်ုပ်တို့သည် မိမိတို့ရရှိသောအလင်းတရား၏အချိုးအစားနှင့် ညီမျှစွာ တိုးတက်ခြင်းရှိရကြမည်။ ကျန်းမာရေး၌ပြုပြင်ပြောင်းခြင်းအမှုနှင့် ဆိုင်ရာအခြေခံတရားများကို သိရှိနားလည်၍ ရိုသေလေးစားရန် ကျွန်ုပ်တို့၌ တာဝန်ရှိပေသည်။ အစားအသောက်၌ချိုးခြံခြင်း (သေရည်သေရက်ရှောင်ခြင်း) အကြောင်းနှင့်စပ်ဆိုင်လျှင် ကျွန်ုပ်တို့သည် အခြားသောသူအပေါင်းထက် ရှေးကျလျက် တိုးတက်ကြီးပွားရကြမည်။ သို့ရာတွင် ကျွန်ုပ်တို့အထဲ၌ ဤအကြောင်းအရာနှင့်ပတ်သက်၍ ဘုရားသခင်ချပေးတော်မူသောအလင်းတရား ကို အနည်းငယ်မျှလောက်သာ လေးစားသောအသင်းသားများရှိကြသေးသည်။ သူတို့သည် ကောင်းစွာသွန်သင်ခြင်းခံရသူများဖြစ်ကြသည်။ ဧဝံဂေလိအမှုတော်ဆောင်ကြီးများပင် ထိုသို့သဘောထားတတ်ကြသေးသည်။ သူတို့သည် မိမိကြိုက်နှစ်သက်ရာကိုစားသောက်ကြလျက် မိမိတို့သဘောအတိုင်း အလုပ်လုပ်ကိုင်နေတတ်ကြသည်။

ကျွန်ုပ်တို့၏လုပ်ငန်းကြီးတွင် ဆရာလုပ်နေသူများ၊ ဦးစီးခေါင်းဆောင်လုပ်နေသူများတို့သည် ကျန်းမာရေးနှင့်ဆိုင်ရာပြုပြင်ပြောင်းလဲမှုတွင် ကျမ်းစာ၏အခြေခံချက်များအပေါ်တွင် တည်မြဲနေကြပါစေ။ ၎င်းပြင် ကျွန်ုပ်တို့သည် ဤလောကသမိုင်း၏နောက်ဆုံးခေတ်တွင် အသက်ရှင်နေရကြသည်ကို ယုံကြည်သောသူတို့အား မှန်ကန်တိကျသောသက်သေကိုပေးကြပါစေ။ ဘုရားသခင်ကိုကိုးကွယ်သူများနှင့် မိမိကိုယ်ကျိုးကိုသာရှာဖွေသူများ၏စပ်ကြားတွင် ခြားနားကြောင်း ဖော်ပြထားသောမျဉ်းကြောင်းကို ရေးမှတ်ထားရလိမ့်မည်။

သတင်းစကားကို ရှေးဦးစွာကြားပြောရကြသောခေတ်အချိန်တွင် ကျွန်ုပ်တို့အားပေးထားခဲ့သောအခြေခံတရားများသည် ထိုအချိန်အခါကကဲ့သို့ပင် ယခုခေတ်အချိန်၌လည်း အရေးကြီးလျက်ဖြောင့်မတ်ရှိသေစွာ ဂရုစိုက်လေးစားအပ်ပေသည်။ အစားအသောက်နှင့်ဆိုင်သောပြဿနာအတွက် ချပေးသောအလင်းတရားကို ဘယ်အခါမျှမလိုက်နာဘဲနေကြသောသူအချို့ရှိကြသည်။

ယခုတောင်းအောက်၌ဖုံးထားသောဆီမီးကိုယူ၍ ကြည်လင်တောက်ပသော ရောင်ခြည်နှင့် ထွန်းတောက်စေဖို့အချိန်ရောက်လာပြီ။

ကျန်းမာခြင်းနှင့်ညီညွတ်စွာနေထိုင်ခြင်းအဖို့ အခြေခံစည်းကမ်းဥပဒေများသည် ကျွန်ုပ်တို့အသီးအသီးနှင့်လူတစ်မျိုးအတွက် များစွာအနက်ကျယ်ဝန်းပေသည်။ ကျန်းမာခြင်းနှင့်ဆိုင်သော ပြုပြင်ပြောင်းလဲရေးသတင်းစကားကို ရှေးဦးစွာကျွန်ုပ်သည်ရရှိသောအခါ၊ ကျွန်ုပ်သည် အားနည်းနွမ်းရိနေသဖြင့် မကြာခဏမိန်းမောသွားရလေ၏။ ကျွန်ုပ်သည် ဘုရားသခင်အား မစကူညီတော်မူရန်တောင်းပန်နေရာ၊ ဘုရားသခင်သည် ကျွန်ုပ်အား ကျန်းမာရေးနှင့်စပ်ဆိုင်သောပြုပြင်ပြောင်းလဲမှုအကြောင်း ကြီးကျယ်သောအချက်ကိုဖွင့်ပြတော်မူ၏။ ဘုရားသခင်၏ပညတ်တော်ကိုစောင့်သောသူတို့သည် ဘုရားသခင်ကိုယ်တော်တိုင်နှင့် သန့်ရှင်းစွာဆက်ဆံခြင်းရှိလျက် အစားအသောက်၌ချုပ်တည်း ခြိုးခြံခြင်းအားဖြင့် ဘုရားသခင်၏အမှုတော်တွင်အသုံးချရန် မိမိတို့၏ကိုယ် ခန္ဓာနှင့်စိတ်သဘောကို နှစ်သက်ဖွယ်အကောင်းဆုံးသောအခြေအနေ၌ထားရှိရ ကြမည်ဟု ဘုရားသခင်က ကျွန်ုပ်အားသွန်သင်တော်မူ၏။ ဤအလင်းတရား သည် ကျွန်ုပ်အတွက် ကြီးမြတ်သောမင်္ဂလာတစ်ခုဖြစ်၏။ ထာဝရဘုရားသည် ကျွန်ုပ်အားခွန်အားကိုပေးတော်မူမည်ဟုသိရှိလျက် ကျွန်ုပ်သည် ကျန်းမာရေး၌ပြုပြင်ပြောင်းလဲသောသူအဖြစ်နှင့်ရပ်တည်နေ၏။ ယနေ့အသက် အရွယ်ရင့်လာသော်လည်း ငယ်စဉ်အခါကထက် ကျွန်ုပ်သည် သာ၍သန်စွမ်း ကျန်းမာလျက်ရှိ၏။

ကျွန်ုပ်သည် ကလောင်ဖြင့်ရေးသားဖော်ပြထားသည်အတိုင်း ကျန်းမာရေးပြုပြင်ပြောင်းလဲမှုနှင့်ဆိုင်ရာ အခြေခံစည်းမျဉ်းများကို မလိုက်မနာဘဲနေခဲ့ပြီဟု အချို့သောသူတို့ကသတင်းလွှင့်ကြသည်။ သို့ရာတွင် ကျွန်ုပ်သည် ကျန်းမာရေးပြုပြင်ပြောင်းလဲမှု၌ သစ္စာရှိသောသူဖြစ်ကြောင်း အသေအချာပြောဆိုလိုပါသည်။ ကျွန်ုပ်၏အိမ်ထောင်သားများဖြစ်ခဲ့သောသူတို့က ဤအချက်သည် မှန်ကြောင်းအသေအချာသိရှိကြပါသည်။

"ဘုရားသခင်၏ဘုန်းတော်ကိုထောက်၍ခပ်သိမ်းသောအမှုကိစ္စကိုပြုကြလော့"

အစားအသောက်၌ ကျွန်ုပ်တို့သည် တိကျသေချာသောစည်းကမ်း ဥပဒေများကိုမထားပါ။ သို့ရာတွင် သစ်သီးများ၊ စပါးမျိုးများ၊ အဆီထွက်သော အသီးများကို မြောက်မြားစွာရရှိနိုင်သောတိုင်းပြည်များတွင် အသားပါသော အစားအသောက်သည် ဘုရားသခင်၏လူများအတွက် သင့်လျော်သောအစာ များမဟုတ်ဟု ကျွန်ုပ်တို့ပြောဆိုလိုပါသည်။ အသားပါသောအစာသည် လူ၏ သဘောကိုတိရစ္ဆာန်ကဲ့သို့ဖြစ်စေတတ်၍ လူတိုင်းတို့အပေါ်၌ ထားအပ်သော မေတ္တာနှင့်စာနာထောက်ထားမှုကို ယောကျ်ား၊ မိန်းမတို့ထံမှပျောက်ကွယ်သွား စေလျက် ယုတ်ညံ့သောရမ္မက်သည် လူသတ္တဝါ၏မြင့်မြတ်သောစွမ်းရည်သတ္တိ ကို စိုးမိုးသွားတတ်၏။ အသားသည် ကျန်းမာခြင်းနှင့်ညီညွတ်ခဲ့ခြင်းမရှိလျှင် ယခုရင်းသည် သာ၍စိတ်မချရချေ။ ကင်ဆာ၊ အကျိတ်အခဲ၊ အလုံးဖြစ်နာနှင့် အဆုတ်နာရောဂါအမျိုးမျိုးတို့သည် အများအားဖြင့် အသားစားခြင်းကြောင့် ပင်ဖြစ်သည်။

ဘုရားသခင်၏တပည့်တော်ဖြစ်ခြင်းအမှုကိုစစ်ဆေးရာတွင် အသား စားခြင်းအမှုအားဖြင့် ကျွန်ုပ်တို့သည် မစစ်မဆေးအပ်ပေ။ သို့ရာတွင် အသား စားသောခရစ်ယာန်ဟုအခေါ်ခံနေသူများတို့က အခြားသောသူတို့အပေါ်၌ ဩဇာညောင်းမှုကို ကျွန်ုပ်တို့ဆင်ခြင်ရကြမည်။ ဘုရားသခင်၏စေတမန် များအဖြစ်နှင့် ကျွန်ုပ်တို့က လူများတို့အား၊ "သင်တို့သည် စားသော်လည်း ကောင်း၊ သောက်သော်လည်းကောင်း၊ မည်သည့်အမှုကိုပြုသော်လည်းကောင်း ဘုရားသခင်၏ဘုန်းတော်ကိုထောက်၍ ခပ်သိမ်းသောအမှုကိစ္စကိုပြုကြလော့" ဟု ပြောသင့်သည်မဟုတ်လော။ (၁ကော ၁၀း၃၁)။ အလွဲခံတွင်းကောင်းခြင်း၏ အလိုသို့လိုက်မှုကိုတားဆီးရန် ကျွန်ုပ်တို့သည် သေချာစွာသက်သေခံသင့်သည် မဟုတ်လော။ သေတတ်သောလူအားပေးဖူးသည့် အရေးကြီးသောသမ္မာတရား ကိုကြွေးကြော်နေကြလျက် ဧဝံဂေလိတရားကိုဟောပြောနေသည့်ဓမ္မဆရာဖြစ် သောသူတစ်စုံတစ်ယောက်သည် အဲဂုတ္တုပြည်၏အမဲသားအိုးရှိရာသို့ပြန်သွား

ခြင်း၌ ပုံသက်သေပြရကြမည်လော။ ဘုရားသခင်၏ဘဏ္ဍာတိုက်ထဲမှဆယ်ဖို့တစ်ဖို့များအားဖြင့် ထောက်ပံ့ခြင်းခံနေသောသူတို့သည် မိမိတို့၏သွေးကြောများထဲ၌စီးဆင်းနေသော အသက်ပေးသည့်ရေစီးကို အဆိပ်အတောက်ဖြစ် စေရန်ကိုယ်အလိုသို့လိုက်လျောကြမည်လော။ ဘုရားသခင်က သူတို့အား ပေးခဲ့ပြီးသောအလင်းတရားနှင့်သတိပေးစကားကို သူတို့သည် ဂရုမစိုက်ဘဲ နေကြမည်လော။ ကိုယ်ခန္ဓာ၏ကျန်းမာရေးသည် ကျေးဇူးတော်၌ကြီးပွားရေးနှင့် မျှတညီညွတ်သောသဘောဖြစ်ပေါ်လာရေးအတွက် အရေးကြီးလိုအပ် ပေသည်။ အစာအိမ်ကိုသင့်လျော်ကောင်းမွန်စွာဂရုမစိုက်လျှင် ဖြောင့်မှန်ခြင်းနှင့်ပြည့်စုံသောအကျင့်ဖြစ်ပေါ်လာရေးကို ဟန့်တားလိမ့်မည်။ ဦးနှောက်နှင့် အာရုံကြောများသည်လည်း အစာအိမ်နှင့်အတူ ထိခိုက်ခြင်းခံရကြ၏။ မှားယွင်း သောစားသောက်မှုသည် မှားယွင်းစွာဆင်ခြင်စဉ်းစားခြင်းနှင့် ပြုမူလုပ်ကိုင် ခြင်းအမှုများကို ဖြစ်စေတတ်သည်။

ယခုကျွန်ုပ်တို့အားလုံးကို စုံစမ်းစစ်ဆေးပြီးလေပြီ။ ကျွန်ုပ်တို့သည် သခင်ခရစ်တော်၌ နှစ်ခြင်းကိုခံယူခဲ့ပြီ။ ၎င်းပြင် ကျွန်ုပ်တို့အားအောက်သို့ဆွဲချ၍ မဖြစ်သင့်သောအခြေအနေသို့ရောက်ရှိစေသောအရာရှိသမျှတို့မှ ခွဲခွာခြင်းဖြင့် မိမိတို့၏တာဝန်ကိုဆောင်ရွက်ကြလျှင် ကျွန်ုပ်တို့၏အသက်ရှင်နေသည့်ဦးခေါင်းဖြစ်တော်မူသောသခင်ခရစ်တော်၌ကြီးပွားဖို့ရန် ခွန်အားကို ကျွန်ုပ်တို့သည်ရရှိကြလိမ့်မည်။

ကျန်းမာစွာနေထိုင်ရေးနှင့်ဆိုင်သောအခြေခံဥပဒေများကို ကျွန်ုပ်တို့သည် ကောင်းစွာသိရှိနားလည်ကြသောအခါ၌သာ မသင့်လျော်သောအစားအသောက်တို့မှ ဖြစ်ပေါ်လာသောဘေးအန္တရာယ်တို့ကိုသိမြင်နိုင်ရန် လုံးလုံးနိုးကြားလာနိုင်ကြသည်။ မိမိတို့၏အမှားကိုသိမြင်ပြီးမှ မိမိတို့၏အကျင့်ဓလေ့တို့ကို ပြောင်းလဲဖို့ရန် သတ္တိရှိကြသောသူတို့သည် ပြုပြင်ပြောင်းလဲမှုတို့တွင်အားထုတ်မှုနှင့်များစွာကြိုးစားမှုများကိုလိုကြောင်း တွေ့ရလိမ့်မည်။ သို့ရာတွင်မှန်သောအရသာများ တစ်ကြိမ်ဖြစ်ပေါ်လာသောအခါ အထက်ကဘေးကင်း

သည်ဟု ထင်မှတ်ခဲ့ကြသောအစာတို့ကို သုံးဆောင်ခြင်းသည် ဖြည်းညင်းသေချာစွာ လေရောဂါနှင့်အခြားရောဂါများအတွက် အခြေအမြစ်ချပေးကြောင်းကို သူတို့သည် ကောင်းစွာသိမြင်လာကြလိမ့်မည်။

မိခင်၊ ဖခင်တို့၊ အစဉ်ဆုတောင်းလျက် စောင့်ကြည့်နေကြပါ။ အမျိုးမျိုးသောသေရည်သေရည်၊ ဆေးလိပ်မှစသောအရာများသောက်စားမှု တို့ကို ကျပ်တည်းစွာတားမြစ်ပါ။ ကျန်းမာရေးနှင့်ဆိုင်သည့် မှန်သောပြုပြင် ရေး၏အခြေခံစည်းကမ်းဥပဒေတို့ကို သင်တို့၏သားသမီးများအား သင်ကြားပေးပါ။ ကျန်းမာရေးကိုတည်မြဲစွာထိန်းသိမ်းရန် မည်သည့်အရာတို့ကိုရှောင်ကြဉ် ရမည် အကြောင်း သွန်သင်ပေးပါ။ နားမထောင်သောသားသမီးတို့အပေါ်သို့ ဘုရားသခင်၏အမျက်တော်သည် ကျရောက်စပြုလေပြီ။ နေရာတိုင်း၌ မည်မျှ ရာဇဝတ်မှုများ၊ မည်မျှအပြစ်ဒုစရိုက်များ၊ မည်မျှများသောအကျင့်ဖောက်ပြန်မှုများ သည် ထင်ရှားလာကြပြီနည်း။ လူတစ်မျိုးဖြစ်ကြသည်အလျောက် ကျွန်ုပ်တို့ ၏သားသမီးများအား အကျင့်သီလယုတ်ညံ့သောအပေါင်းအဖော်များမှ ကာကွယ် တားဆီးပေးမှု၌ ကျွန်ုပ်တို့သည် ကြီးစွာသတိပြုအပ်ကြပေသည်။

## လူတို့အားပညာပေးလော့

ကျန်းမာရေး၌ ပြုပြင်ပြောင်းလဲမှုစည်းကမ်းများကို လူတို့အားသွန်သင် ပညာပေးမှုတွင် သာ၍များစွာကြိုးပမ်းအားထုတ်ရကြမည်။ အချက်အပြုတ် သင်ကျောင်းများကိုဖွင့်ပေး၍ ကျန်းမာစေသောအစားအသောက်ချက်ပြုတ်နည်း ပညာများကို တစ်အိမ်တက်တစ်အိမ်ဆင်း သွန်သင်ပြသပေးရမည်။ လူကြီး နှင့်လူငယ်တို့သည် သာ၍ရိုးသောချက်ပြုတ်နည်းကို သင်ကြားနာယူရကြမည်။ သမ္မာတရားကိုဟောပြောသောနေရာတိုင်း၌ အစားအသောက်တို့ကို ရိုးရိုးနှင့် အရသာရှိစွာ မည်ကဲ့သို့ပြင်ဆင်ချက်ပြုတ်ရမည်ကို လူများတို့အားသွန်သင် ပေးရမည်။ အသားမပါဘဲ အာဟာရဖြစ်စေသောအစားအသောက်ကိုရရှိနိုင် ကြောင်း သူတို့အားသွန်သင်ပေးရမည်။

မည်ကဲ့သို့ရောဂါဝေဒနာကိုကုသပြုစုရခြင်းထက် ကျန်းမာအောင် မည်ကဲ့သို့ စောင့်ရှောက်ရမည်ကိုသိရှိခြင်းသည် သာ၍ကောင်းကြောင်းကို လူများတို့အားသွန်သင်ပေးပါ။ ကျွန်ုပ်တို့၏ဆရာဝန်များသည် သတိပညာ ရှိသောဆရာသမားကြီးများဖြစ်ကြလျက် ကိုယ်အလိုသို့လိုက်ခြင်းသဘောတို့ကို တားဆီးသတိပေးပြီး ဘုရားသခင်တားမြစ်ထားခဲ့သောအရာတို့ကို လုံးလုံး ရှောင်ကြဉ်ခြင်းသာလျှင် ကိုယ်ခန္ဓာနှင့်စိတ်တို့ကို ပျက်စီးခြင်းမှကာကွယ်ပေး နိုင်သောနည်းဖြစ်ကြောင်း ဖော်ပြရကြမည်။

ကျန်းမာရေးကိုပြုပြင်ပြောင်းလဲသူများအဖြစ် သင်ကြားလေ့လာနေ သောသူတို့၊ အထက်ကသုံးဆောင်နေကြသောအစားအသောက်များနေရာတွင် အစားထိုးရန် အာဟာရဖြစ်စေသောအစားအသောက်တို့ကို ပြင်ဆင်ချက်ပြုတ် ရာတွင် နေရာတကျစီမံခြင်းနှင့်အမြော်အမြင်သတိဝီရိယကို လက်ကိုင်ထားရ မည်။ ဘုရားသခင်၌ ယုံကြည်အားထားခြင်း၊ ရည်ရွယ်ချက်တို့တွင် စိတ်အား ထက်သန်ခြင်းနှင့် အချင်းချင်းကူညီရန်အသင့်ရှိခြင်းသဘောများကိုလိုပေသည်။ အာဟာရဖြစ်စေဖို့အတွက် သင့်လျော်သောဓာတ်သဘာဝများချွတ်ယွင်းသော အစားအသောက်ကြောင့် ကျန်းမာရေးတွင် ပြုပြင်ပြောင်းလဲနေသူ၏လုပ်ငန်း ကို အပြစ်တင်တတ်ကြသည်။ ကျွန်ုပ်တို့သည် သေတတ်သောသတ္တဝါများဖြစ်ကြ သဖြင့် ကိုယ်ကာယ၌သင့်လျော်စွာ အာဟာရဖြစ်စေသောအစားအသောက် တို့ကို ကျွန်ုပ်တို့ကိုယ်တိုင်သုံးဆောင်ရကြမည်။

## အလွန်အကြူးပြုမူခြင်းသည် ကျန်းမာရေး ပြုပြင်မှုကိုထိခိုက်၏

အချို့သော ကျွန်ုပ်တို့၏လူများသည် မသင့်လျော်သောအစားအ သောက်တို့ကို ဖြောင့်မှန်စွာရှောင်ကြဉ်ကြစဉ်အခါ ကိုယ်ခန္ဓာတည်တံ့ရေး အတွက် လိုအပ်သောဓာတ်သဘာဝများကို မိမိတို့ကိုယ်တိုင်အဖို့ရရှိစေရန် ဂရုမစိုက်ဘဲနေတတ်ကြသည်။ ကျန်းမာရေးပြုပြင်ပြောင်းလဲမှုတွင် အလွန်အကြူး

ထင်မြင်ချက်များရှိနေကြသောသူတို့သည် အရသာမရှိသောအစားအသောက် တို့ကို ပြင်ဆင်ချက်ပြုတ်နေကြလိမ့်မည်ဟု စိုးရိမ်စရာရှိလျက် ၎င်းတို့ကို အလွန်အရသာကင်းမဲ့စေသဖြင့် ၎င်းတို့ကိုသုံးဆောင်ရသည်မှာ တင်းတိမ်ခြင်း၊ စိတ်ကျေနပ်ခြင်းမရှိချေ။ အစားအသောက်များကို ခံတွင်းတွေ့စေရမည့်အပြင် အာဟာရဖြစ်စေရန် ပြင်ဆင်ချက်ပြုတ်ရမည်။ ကိုယ်ခန္ဓာ၏အင်္ဂါစုများကို လိုအပ်သောအရာများကင်းမဲ့နေစေရန်မပြုရ။ ဆားသည် အသက်အန္တရာယ်ဖြစ်စေမည့်အစား သွေးအတွက်တကယ်ပင်လိုအပ်သောအရာဖြစ်သောကြောင့် ကျွန်ုပ်သည် ဆားအနည်းငယ်ကိုအမြဲသဖြင့်အသုံးပြု၏။ ဟင်းသီးဟင်းရွက်တို့ကို အရသာရှိလျက် ခံတွင်းတွေ့အောင် နို့၊မလိုင် (သို့မဟုတ်) အလားတူအရာဝတ္ထု ကိုသုံးရမည်။

ထောပတ်အားဖြင့် ရောဂါဝေဒနာရရှိ၍ ကလေးများအတွက် ကြက်ဥကိုလွန်မင်းစွာအသုံးပြုခြင်းသည် မသင့်လျော်ကြောင်းကို သတိပေးထားသော် လည်း ကောင်းစွာဂရုစိုက်ပြုစုလျက် သင့်လျော်စွာကျွေးမွေးထားသော ကြက်မများမှရရှိသောကြက်ဥတို့ကိုသုံးဆောင်ခြင်းသည် ကျန်းမာခြင်းစည်းကမ်းကို လွန်ကျူးရာရောက်သည်ဟု သဘောမထားသင့်ပေ။ ကြက်ဥတို့တွင် အချို့သောအဆိပ်အတောက်များကို ဟန့်တားဖျက်ဆီးရာတွင် ဆေးဝါးအစား အသုံးဝင်သောစွမ်းအားသတ္တိများပါရှိသည်။

အချို့သောသူတို့သည် နွားနို့၊ ကြက်ဥနှင့်ထောပတ်တို့ကိုရှောင်ခြင်းဖြင့် သင့်လျော်သောအာဟာရဓာတ်များကိုမရရှိကြခြင်းကြောင့် အားနည်းလျက် အလုပ်ကိုမလုပ်ဆောင်နိုင်ကြ။ ထိုသို့အားဖြင့် ကျန်းမာရေးပြုပြင်မှုသည် အကျိုးမခံစားရချေ။ ခိုင်မြဲစွာကျွန်ုပ်တို့တည်ဆောက်ရန် ကြိုးစားနေသောအလုပ် သည် ဘုရားသခင်အလိုရှိတော်မမူသောအရာများအားဖြင့် ရောပြွမ်းရှုပ်ထွေး လာသဖြင့် အသင်းတော်၏ခွန်အားသည် ချို့တဲ့သွားလေ၏။ သို့ရာတွင် ဘုရားသခင်သည် ဤပြင်းထန်သောအယူဝါဒများ၏အကျိုးအပြစ်ကို ဝင်ရောက် တားဆီးတော်မူ လိမ့်မည်။ ဧဝံဂေလိတရားသည် အပြစ်ရှိသောလူမျိုးကို

ညီညွတ်မှုတသွားစေလိမ့်မည်။ ၎င်းသည် သူဌေးနှင့်သူဆင်းရဲတို့ကို အတူတကွ သခင်ယေရှု၏ခြေတော်ရင်းသို့ စုရုံးလာစေရန်ဖြစ်သည်။

နွားနို့၊ မလိုင်နှင့်ကြက်ဥမှစသော ယခုကျွန်ုပ်တို့အသုံးပြုနေကြသော အစားအသောက်တို့ကို ပယ်ရှားရသောအချိန်ရောက်လာလိမ့်မည်။ သို့ရာတွင် အချိန်မရောက်သေး၍ အလွန်အကြူးရှောင်ကြဉ်ခြင်းအမှုတို့အားဖြင့် ကျွန်ုပ်တို့၏စိတ်ကိုရှုပ်ထွေးစေဖို့မပြုသင့်ပေ။ အခြေအနေကစီမံပေးသည့်အချိန်တိုင်အောင် စောင့်ဆိုင်းနေပါ၊ ထာဝရဘုရားသည် ၎င်းအတွက်လမ်းဖွင့်ပေးတော်မူမည်။

ကျန်းမာရေးပြုပြင်မှု၏စည်းကမ်းဥပဒေများကိုကြေညာရာ၌ အောင်မြင်မည့်သူသည် ဘုရားသခင်၏နှုတ်ကပတ်တော်ကို မိမိတို့၏လမ်းညွှန်နှင့်အကြံဉာဏ်ပေးသောအရာဖြစ်စေရမည်။ ကျန်းမာရေးပြုပြင်မှုစည်းကမ်းများကို သွန်သင်သူများအဖြစ် ဤအမှုကိုပြုလုပ်မှသာ သူတို့သည် အကျိုးခံစားရကြနိုင်သည်။ ကျွန်ုပ်တို့ပယ်ရှားထားပြီးဖြစ်သော ဘေးဖြစ်စေတတ်သောအစားအစာတို့၏နေရာ၌ ကျန်းမာစေ၍ အရသာရှိသောအစားအသောက်တို့ကို မသုံးဆောင်ဘဲနေခြင်းအားဖြင့် ကျန်းမာရေးပြုပြင်မှုတစ်ဖက်၌ ဘယ်အခါမျှ သက်သေမခံပါနှင့်။ လှုံ့ဆော်စေတတ်သောအရာတို့ကို မက်မောလာစေရန်မည်သည့်နည်းနှင့်မျှ အားမပေးမတိုက်တွန်းပါနှင့်။ ရိုးရိုးနှင့်ကျန်းမာစေသောအစားအသောက်တို့ကိုသာသုံးဆောင်လျက် ကျန်းမာရေးပြုပြင်မှုစည်းကမ်းဥပဒေများအတွက် ဘုရားသခင်၏ကျေးဇူးတော်ကို အမြဲချီးမွမ်းပါ။ အရာခပ်သိမ်းတို့သည် မှန်ကန်သစ္စာရှိပါစေ၊ သင်သည် အဖိုးတန်သောအောင်မြင်ခြင်းတို့ကို ရရှိလိမ့်မည်။

## ရပ်ရွာအခြေအနေကိုဆင်ခြင်ရခြင်း

အစားကြူးခြင်းနှင့်သေရည်သေရက်၊ ဘိန်း၊ ကင်း၊ ကစော်၊ ဆေးလိပ်နှင့်ကွမ်းစားသောက်ခြင်းအကျင့်ဓလေ့တို့ကို တားဆီးပိတ်ပင်ရန်ကြိုးစားနေကြစဉ် လူသတ္တဝါတို့၌ သက်ရောက်နေသောအခြေအနေတို့ကို သိရှိနားလည်

ရကြမည်။ လောကတွင် နိုင်ငံအရပ်ရပ်၌နေထိုင်ကြသောသူတို့အား ထောက်ပံ့ကျွေးမွေးရန် စီမံထားတော်မူပြီ။ ဘုရားသခင်နှင့်အတူ လုပ်ဖော်ဆောင်ဖက်ဖြစ်လိုသောသူတို့သည် မည်သည့်အရာကိုသုံးဆောင်လျက် မည်သည့်အရာကိုမသုံးဆောင်ရမည်ကို သတ်မှတ်မထားမီ သေချာစေ့စပ်စွာဆင်ခြင်စဉ်းစားရကြမည်။ ကျွန်ုပ်တို့သည် လူထုနှင့်ဆက်ဆံရကြမည်။ အလွန်အကြူးစီမံထားသောကျန်းမာရေးပြုပြင်မှုကို မိမိတို့၏အခြေအနေကြောင့် ၎င်းကိုလက်မခံနိုင်သောသူတို့အား သွန်သင်ပေးခဲ့လျှင် ကောင်းကျိုးထက်အဆိုးကိုသာ၍ဖြစ်စေလိမ့်မည်။ ကျွန်ုပ်သည် ဆင်းရဲသောသူတို့အား ဧဝံဂေလိတရားကိုဟောပြောသောအခါ အာဟာရအဖြစ်ဆုံးသောအစားအသောက်ကိုသုံးဆောင်ဖို့သူတို့အားပြောပြရန် ကျွန်ုပ်သည်သွန်သင်ခြင်းခံရ၏။ "သင်တို့သည် ကြက်ဥ၊ နို့ (သို့မဟုတ်) မလိုင်ကိုမသုံးဆောင်ရ။ အစားအသောက်ပြင်ဆင်ရာ၌ထောပတ်ကိုမသုံးရဟု သူတို့အား ကျွန်ုပ်ကမပြောပြနိုင်ချေ။ ဧဝံဂေလိတရားကို ဆင်းရဲသောသူတို့အားဟောပြောရမည်၊ သို့ရာတွင် အလွန်အမင်းကျပ်တည်းသောအစားအသောက်စည်းကမ်းတို့ကိုထားပေးဖို့ အချိန်မရောက်သေး။

## ထိုနောက်ဘုရားသခင်သည်ကောင်းချီးပေးနိုင်တော်မူ၏

အစားအသောက်တို့တွင် အလိုလိုက်လွန်းသောသင်းအုပ်ဆရာတို့သည် စက်ကွင်းနှင့်ဝေးနေကြသေးသည်။ ဘုရားသခင်က သူတို့အား ကျန်းမာရေးပြုပြင်သူများဖြစ်စေလိုတော်မူ၏။ ဤအချက်နှင့်သက်ဆိုင်၍ ဖော်ပြထားသောအလင်းတရားအတိုင်း သူတို့အားလိုက်နာပြုကျင့်စေဖို့ ဘုရားသခင်သည် အလိုရှိတော်မူ၏။ ကျွန်ုပ်တို့၏ကျန်းမာရေးစည်းကမ်းဥပဒေများတွင် စိတ်အားထက်သန်မှု ရှိသင့်သောသူတို့သည် မှန်ကန်သောအသက်ရှင်နည်းကို မလိုက်နာကြသေးဘဲရှိနေကြသည်ကို မြင်ရသောအခါ ကျွန်ုပ်သည်ဝမ်းနည်းလျက်ရှိ၏။ သူတို့သည် အရှုံးနှင့်ကြုံနေရကြသည်ကို ထာဝရဘုရားက သူတို့အားသိမှတ်နားလည်စေရန် ပြုတော်မူစေဖို့ ကျွန်ုပ်ဆုတောင်းပါသည်။ ကျွန်ုပ်တို့၏အသင်းတော်များတွင် ပါဝင်သောအိမ်ထောင်များတွင် ရှိသင့်သောအရာများ

ရှိခဲ့လျှင် ကျွန်ုပ်တို့သည် ထာဝရဘုရားအတွက် အလုပ်ကိုနှစ်ဆလုပ်ကိုင်နိုင်ကြလိမ့်မည်။

သန့်ရှင်းစင်ကြယ်စေရန်နှင့် ထိုသို့သန့်ရှင်းစွာတည်မြဲနေစေရန် သတ္တမနေ့ဥပုသ်အသင်းသားတို့၏စိတ်နှလုံးနှင့် သူတို့၏အိမ်ထောင်များတွင် သန့်ရှင်းသောဝိညာဉ်တော်ကို ကိန်းအောင်းနေစေရမည်။ ယခုခေတ်ရှိဣသရေလလူတို့သည် ဘုရားသခင်ရှေ့တော်၌ မိမိတို့ကိုယ်ကိုနှိမ့်ချကြလျှင်၊ ဝိညာဉ်ဗိမာန်တော်ထဲမှ ညစ်ညူးခြင်းရှိသမျှကိုဆေးကြောသုတ်သင်ကြလျှင် ဘုရားသခင်သည် ဖျားနာသောသူတို့အတွက် သူတို့ဆုတောင်းသံကိုနားညောင်းတော်မူလျက် ရောဂါအတွက် ကိုယ်တော်၏ဆေးဝါးများကို ကောင်းချီးပေးတော်မူမည်ဟု ထာဝရဘုရားက ကျွန်ုပ်အား အလင်းတရားကိုပေးတော်မူ၏။ ယုံကြည်ခြင်းဖြင့်လူသည် ရောဂါကိုကုသရန် မိမိတတ်နိုင်သမျှကြိုးစားလျက် ဘုရားသခင်စီမံတော်မူသော ကုသပြုစုနည်းရိုးရိုးကိုအသုံးပြုလျှင် ဘုရားသခင်သည် သူ၏ကြိုးပမ်းမှုကို ကောင်းချီးပေးတော်မူမည်။

ထိုမျှလောက်အလင်းတရားကိုပေးတော်မူပြီးနောက်မှ ဘုရားသခင်၏လူတို့သည် မှားသောအကျင့်စလေ့တို့ကိုပြုကျင့်လိုက်နာနေလျက် ကိုယ်အလိုသို့လိုက်၍ ကျန်းမာရေးပြုပြင်မှုကိုငြင်းပယ်နေကြမည်ဆိုလျှင် သူတို့သည် ကျူးလွန်ခြင်း၏အကျိုးအပြစ်ကို အမှန်ပင်ခံရကြလိမ့်မည်။ သူတို့သည် မိမိတို့ကိုယ်ကိုနှစ်နာစေလျက် မှားယွင်းသောအစားအသောက်ကို နှစ်သက်မက်မောစေရန် စိတ်ပြဋ္ဌာန်းကြလျှင် သူတို့အလိုလိုက်မှုကြောင့်ခံရသောအကျိုးအပြစ်မှ ဘုရားသခင်သည် သူတို့အားအံ့ဩဖွယ်နည်းလမ်းဖြင့် ကယ်တင်တော်မူလိမ့်မည်မဟုတ်။ သူတို့သည် "ဝမ်းနည်းလျက်အိပ်ရကြလိမ့်မည်" ဟေရှာ ၅၀း၁၁။

အို၊ မည်မျှလောက်သောသူတို့သည် ကျန်းမာရေး၊ ဝိညာဉ်ရေးတို့တွင်ထောက်ပံ့ရာ၌ သူတို့အတွက် ဘုရားသခင်သိုလှောင်ထားသော ကြွယ်ဝစွာသောကောင်းချီးတို့ကို ဆုံးရှုံးခဲ့ကြပြီနည်း။ မိမိတို့သည် ကြီးကျယ်သောအရာအချို့ကိုပြုလုပ်နိုင်မည်အကြောင်း ထူးခြားသောအောင်မြင်မှုများနှင့်ထူးခြားသောကောင်းချီးမင်္ဂလာတို့ကို အတင်းအကျပ်တောင်းဆိုနေသောဝိညာဉ် အများရှိပေသည်။ ဤအကြောင်းကြောင့် သူတို့သည် ဆုတောင်းခြင်း၊ မျက်ရည်

ကျလျက် ပူဆွေးခြင်းနှင့်အားထုတ်ရကြမည်ဟု ထင်မှတ်နေကြသည်။ ဘုရားသခင်ဖော်ပြတော်မူသောအလိုတော်ကိုသိရှိရန် ဤသူတို့သည် ဆုတောင်းခြင်းနှင့်ကျမ်းစာကိုစေ့စေ့ရှာဖွေကြလျက် ခြွင်းချက်တစ်စုံတစ်ခုမျှမထားဘဲ (သို့မဟုတ်) ကိုယ်အလိုသို့အနည်းငယ်မျှမလိုက်ဘဲ စိတ်နှလုံးထဲမှဘုရားသခင်၏ အလိုတော်ကိုလိုက်နာကြသောအခါ သူတို့သည် ငြိမ်သက်ခြင်း၊ နားနေခြင်းအခွင့်ကို တွေ့ရှိရကြလိမ့်မည်။ ပူဆွေးခြင်းရှိသမျှ၊ မျက်ရည်ကျလျက်၊ ကြိုးစားအားထုတ်မှုရှိသမျှအားဖြင့် သူတို့တောင့်တနေသောကောင်းချီးမင်္ဂလာကို ရရှိကြလိမ့်မည်မဟုတ်။ ကိုယ်ကိုကိုယ်လုံးလုံးအပ်နှံရမည်။ ယုံကြည်ခြင်းနှင့်တောင်းလျှောက်သောသူအပေါင်းအား ကတိထားတော်မူသော ကြွယ်ဝသောကျေးဇူးတော်ကိုခံရသည်နှင့်လျော်ညီစွာ မိမိတို့အားပေးအပ်ထားသောလုပ်ငန်းကို သူတို့သည် ဆောင်ရွက်ရကြမည်။

"ငါ၌ဆည်းကပ်လိုသောသူဖြစ်လျှင် ကိုယ်ကိုကိုယ်ငြင်းပယ်ရမည်။ ကိုယ့်လက်ဝါးကပ်တိုင်ကိုနေ့တိုင်းထမ်း၍ ငါ့နောက်သို့လိုက်ရမည်" ဟု သခင်ယေရှုကမိန့်တော်မူ၏။ လု ၉း၂၃။ ကျွန်ုပ်တို့သည် ကယ်တင်ရှင်၏နောက်တော်သို့ ကိုယ်တော်၏ရိုးသားမှုမျိုးနှင့်လည်းကောင်း၊ ကိုယ်ကိုကိုယ်ငြင်းပယ်ခြင်းအမှုမျိုးနှင့်လည်းကောင်း လိုက်ကြစို့။ စကားအပြောအဆိုနှင့် သန့်ရှင်းသောအနေအထိုင်အားဖြင့် ကရာနိကုန်း၏အရှင်သခင်ကို ကျွန်ုပ်တို့ ချီးမြှင့်ကြစို့။ မိမိတို့ကိုယ်ကိုဘုရားသခင်အား ဆက်ကပ်ထားကြသောသူတို့ထံ ကယ်တင်ရှင်သည် အလွန်နီးကပ်စွာချဉ်းကပ်တော်မူ၏။ ဘုရားသခင်၏ဝိညာဉ်တော်က ကျွန်ုပ်တို့၏စိတ်နှလုံးနှင့်အသက်တာကိုပြုပြင်ဖို့ အချိန်ကာလ တစ်စုံတစ်ခုရှိခဲ့မည်ဆိုလျှင် ၎င်းသည် ယခုအချိန်ပင်ဖြစ်ပါသည်။ သန့်ရှင်းသောအသက်တာနှင့် ကိုယ်ကိုကိုယ်ဆက်ကပ်အပ်နှံသောအသက်တာမျိုး၌ နေထိုင်နိုင်ရန် ခွန်အားကိုရရှိမည်အကြောင်း ကျွန်ုပ်တို့သည် ဤတန်ခိုးတော်ကို ကိုင်စွဲကြစို့။◦

---o---

# အခန်း (၅၂)
# လူနှင့်ဘုရားသခင်ဆက်သွယ်မှုကိုသန့်ရှင်းစွာထားပါ

ကိုယ်ခန္ဓာတစ်ခုလုံး၏အကြောစုများနှင့်ဆက်သွယ်နေသော ဦးနှောက်အာရုံကြောများအားဖြင့်သာ ကောင်းကင်ဘုံရှင်သည် လူနှင့်ဆက်သွယ်နိုင်လျက် ၎င်းတို့သည် လူ၏အတွင်းအကျဆုံးအသက်တာကို အကျိုးဖြစ်စေနိုင်သော လမ်းကြောင်းများဖြစ်ပေသည်။ အာရုံကြောစုတွင် လျှပ်စစ်အင်အားသွားလာမှုကို နှောင့်ယှက်စေသောအရာသည် အသက်ရှင်စေသောသတ္တိများ၏စွမ်းအားကို နည်းပါးသွားစေလျက် စိတ်၏အာရုံများကိုထုံထိုင်းပျက်စီးသွားစေရာ သောအကြောင်းဖြစ်သည်။၁

အဘယ်အရာမျိုး၌မဆို ချုပ်တည်းခြင်းကင်းမဲ့လျက် လွန်ကြူးစွာ ပြုမှုသည် အဖျားကျသောအင်္ဂါတို့ကိုထုံထိုင်းစေသဖြင့်၊ ဦးနှောက်အာရုံကြော တန်ခိုးကို အားနည်းလာစေသောကြောင့် ထာဝရကာလနှင့်ဆိုင်သောအရာများကို နှစ်သက်ခြင်းရှိမလာဘဲ၊ ၎င်းတို့ကို သာမညအရာများနှင့်တန်းတူ သဘောထားလာကြ၏။

မြင့်မြတ်သောရည်ရွယ်ချက်များအတွက် စီမံကြံစည်ထားသောစိတ်၏သာ၍မြင့်မြတ်သောသတ္တိများသည် ယုတ်ညံ့သောတပ်မက်ခြင်း၏ကျွန်အဖြစ်သို့ ရောက်ရှိသွားရကြ၏။ ကျွန်ုပ်တို့၏ကာယအကျင့်ဓလေ့တို့သည် မှန်ကန်ခြင်းမရှိပါက၊ ကျွန်ုပ်တို့၏ဉာဏ်သတ္တိနှင့်စာရိတ္တမဏ္ဍိုင်တို့သည် ခိုင်ခံ့ခြင်းမရှိနိုင်၊ အကြောင်းကား၊ ကာယနှင့်စာရိတ္တအကျင့်တို့သည် တစ်ခုအပေါ် တစ်ခုအကြီးအကျယ်ထောက်ထားဆက်သွယ်မှုရှိသောကြောင့်တည်း။၂

လူသတ္တဝါအိမ်ထောင်ကြီးသည် ဒုက္ခဆင်းရဲခြင်းနှင့်စိတ်ဆင်းရဲမှုတို့တွင် သာ၍သာ၍နက်စွာနစ်မြုပ်နေသည်ကို မြင်ရသည်ကိုစာတန်သည် အလွန်ရွှင်မြူးလျက်ရှိ၏။ မှားသောအကျင့်ဓလေ့များနှင့် မကျန်းမာသောကိုယ်ခန္ဓာများရှိသောသူများသည် ကျန်းမာကောင်းမွန်သောသူများလောက် ဘုရားသခင်ကို အလွန်စိတ်အားထက်သန်စွာနှင့်လည်းကောင်း၊ ကြိုးစားအားထုတ်ခြင်းနှင့်

လည်းကောင်း၊ သန့်ရှင်းစင်ကြယ်ခြင်းနှင့်လည်းကောင်း မကိုးကွယ်နိုင်သည် ကို စာတန်သည်သိရှိ၏။ ရောဂါစွဲနေသောကိုယ်ခန္ဓာသည် ဦးနှောက်ကို ထိခိုက်စေတတ်၏။ ကျွန်ုပ်တို့သည် ဘုရားသခင်ကိုစိတ်နှင့်ကိုးကွယ်ရကြ၏။ ဦးခေါင်းသည် ကိုယ်ကာယ၏ဗဟိုဖြစ်သည်။ မိမိတို့ကိုယ်တိုင်နှင့် အချင်းချင်း ကိုဖျက်ဆီးသောအကျင့်ဓလေ့များတွင် လိုက်စားစေရန် သွေးဆောင်ခြင်းဖြင့် မိမိပြုလုပ်နေသောပျက်စီးခြင်းလုပ်ငန်းတွင် စာတန်သည် အားရဝမ်းမြောက် လျက်ရှိ၏။ အကြောင်းကား ဤနည်းအားဖြင့် သူသည် ဘုရားသခင်အား ပြုအပ်သောကိုးကွယ်ဝတ်ပြုခြင်းအမှုကို ဘုရားသခင်ထံမှလုယူနေလေပြီ။

စာတန်သည် လူမျိုးအား မိမိ၏လက်အောက်သို့ရောက်ရှိလာစေရန် အမြဲသတိပြုလျက်နေ၏။ လူတို့အပေါ်၌ အခိုင်ခံ့ဆုံးစွဲကိုင်ထားသောအမှုမှာ အစားအသောက်၌ မက်မောခြင်းအားဖြင့်ဖြစ်၍၊ ထိုသို့အားဖြင့် တတ်နိုင်သောနည်းအမျိုးမျိုးဖြင့် လှူ့ဆော်ရန်ကြိုးစား၏။[၃]

## စာတန်၏အဖျက်ဆီးဆုံးလုပ်ငန်း

လူသတ္တဝါအိမ်ထောင်ကြီးအား မကောင်းမှုအန္တရာယ်ကိုပြုရန် အတတ်နိုင်ဆုံးနည်းဖြင့်ကြံစည်ပြုလုပ်ရန်၊ စာတန်သည် ကျဆုံးသောကောင်းကင်တမန်များကိုစုရုံးစေ၏။ နောက်ဆုံး၌စာတန်သည် စီမံကိန်းတစ်ခုကိုရရှိလာသည် တိုင်အောင် အကြံအစည်တစ်ခုပြီးတစ်ခုပြုလုပ်ခဲ့၏။ သူသည် စပျစ်နွယ်ပင်၏အသီး၊ ဂျုံ၊ ဆန်နှင့်စားစရာအဖြစ် ဘုရားသခင်ပေးတော်မူသော အခြားအရာများကိုယူ၍ အဆိပ်အတောက်များအဖြစ် ပြောင်းလဲစေလိမ့်မည်။ ထိုအဆိပ်များသည် လူ၏ကာယ၊ ဉာဏ်နှင့်စာရိတ္တစွမ်းအားသတ္တိများကို ပျက်စီးစေသဖြင့် စာတန်ကလုံးလုံးအုပ်ချုပ်စိုးမိုးထားလိုသော အာရုံများကို နှိမ်နင်းထားလိမ့်မည်။ သေရည်သေရက်၏သတ္တိအားဖြင့် လူတို့သည် ရာဇဝတ် မှုအမျိုးမျိုးတို့ကိုကျူးလွန်ရန် တိုက်တွန်းခြင်းခံရကြ၏။ လွဲမှားသောအစား အသောက်၌ မက်မောခြင်းအားဖြင့် လောကသည်ဖျက်ဆီးခြင်းကိုခံရလိမ့်မည်။

လူများတို့အားသေရည်သေရက်ကိုသောက်စားစေခြင်းအားဖြင့် စာတန်သည် သူတို့အားချိန်ခွင်ခွက်ထဲ၌ သာ၍သာ၍နိမ့်ကျသွားစေလိမ့်မည်။၄

အရက်နှင့်ဆေးလိပ်၊ လက်ဖက်ရည်နှင့်ကော်ဖီတို့ကို သုံးဆောင်စေခြင်းအားဖြင့် စာတန်သည် လောကအားဖမ်းယူချုပ်နှောင်လျက်ရှိ၏။ သန့်ရှင်းကြည်လင်စွာထားအပ်သော ဘုရားပေးတော်မူသောစိတ်သည် ထုံထိုင်းစေတတ်သောအရာတို့ကိုသုံးဆောင်ခြင်းအားဖြင့် ဖောက်လွဲဖောက်ပြန်လျက်ရှိ၏။ ဦးနှောက်သည်မှန်ကန်စွာဝေဖန်ပိုင်းခြားနိုင်ခြင်းမရှိတော့ချေ။ ရန်သူသည် ၎င်းကိုစိုးမိုးအုပ်ချုပ်လျက်ရှိ၏။ လူသည် မိမိ၏ဆင်ခြင်တုံဉာဏ်ကို မိမိအားရူးသွပ်စေသောအရာအတွက် ရောင်းချလဲလှယ်လိုက်လေပြီ။ သူသည် မည်သည့်အရာမှန်ကန်ကြောင်း မသိနိုင်တော့ချေ။၅

ကျွန်ုပ်တို့၏ဖန်ဆင်းရှင်သည် လူအားမိမိ၏ကောင်းချီးမင်္ဂလာများကို ကြွယ်ဝစွာချပေးတော်မူပြီ၊ စီမံချပေးတော်မူရှင်၏ဤဆုကျေးဇူးများကို သတိပညာနှင့်လည်းကောင်း၊ ချုပ်တည်းခြင်းနှင့်လည်းကောင်း အသုံးပြုသောအခါ ဆင်းရဲခြင်း၊ ဖျားနာခြင်းနှင့် ဒုက္ခဝေဒနာများသည် မြေကြီးပေါ်မှကုန်လုမတတ်ပျောက်ကွယ်သွားကြလိမ့်မည်။ သို့ရာတွင်၊ လူတို့၏ဆိုးညစ်သောအမှုများအားဖြင့် ဘုရားသခင်၏ကောင်းချီးမင်္ဂလာများသည် ကျိန်ခြင်းအမင်္ဂလာများအဖြစ်သို့ ပြောင်းလဲသွားသည်ကို နေရာတိုင်း ကျွန်ုပ်တို့မြင်ရကြပြီ။

ဘုရားသခင်၏အဖိုးထိုက်သောဆုကျေးဇူးများကို သာ၍ကြီးကျယ်စွာမှောက်မှားစေ၍ ရှုတ်ချခြင်းဖြင့်လူတစ်စုလုံးကို ပြစ်မှားစေခြင်းအမှုတွင် မြေ၏အသီးကို မူးယစ်ထုံထိုင်းစေတတ်သောသေရည်သေရက်အဖြစ် ပြုလုပ်တီထွင်သောသူတို့လောက် မည်သူမျှမရှိတော့ချေ။ အာဟာရဖြစ်စေသောဆန်စပါး မျိုး၊ ကျန်းမာစေ၍အရသာနှင့်ပြည့်စုံသောသစ်သီးတို့ကို အာရုံများကိုပြောင်းလဲစေလျက် ဦးနှောက်ကိုရူးသွပ်စေသော အဖျော်ယမကာအဖြစ်ပြောင်းလဲစေကြ ပြီ။ ဤအဆိပ်အတောက်တို့ကို သုံးဆောင်ကြခြင်းကြောင့် ထောင်ပေါင်းများစွာသောအိမ်ထောင်များတို့သည် စိတ်ချမ်းသာမှုကင်းလွတ်ကြလျက် အသက်တာ၏လိုအပ်သောအရာများကိုပင် ဆုံးရှုံးကင်းမဲ့ကြ၏။ ကြမ်းတမ်းသောအမှု၊

ရာဇဝတ်မှုများသည် အဆမတန်တိုးပွားများပြားလာကြ၏။ ၎င်းပြင် ရောဂါဝေဒနာများနှင့် မရဏာသေမင်းသည် မရေမတွက်နိုင်အောင် များပြားသောသူတို့ကို အရက်သမား၏သချိုင်းသို့ အမြန်ပို့ပေးနေလေပြီ။[၆]

## မူးယစ်စေသောဝိုင်အရက်

ကျမ်းစာကဘယ်နေရာ၌မျှ မူးယစ်စေတတ်သောဝိုင်အရက်ကိုသုံးဆောင်စေဖို့ခွင့်ပြုမထားချေ၊ ကာနမြို့မင်္ဂလာဆောင်ပွဲ၌ သခင်ခရစ်တော်က ရေမှဖန်တီးပေးတော်မူသော စပျစ်ရည်သည် စပျစ်သီးမှညှစ်ယူထားသော စပျစ်ရည်အစစ်ဖြစ်သည်။ ဤအရာသည် "စပျစ်သီးပြွတ်၌တွေ့ရသော စပျစ် ရည်သစ်ဖြစ်၏။ ၎င်းအကြောင်းနှင့်ပတ်သက်၍ ကျမ်းစာက၊ "မဖျက်နှင့်၊ မင်္ဂလာရှိ၏" ဟုဆိုထား၏။ ဟေရှာ ၆၅း၈။

"စပျစ်ရည်သည်လှည့်စားတတ်၏။ သေရည်သေရက်သည် ရန်းရင်းခတ်ပြုခြင်းအမှုကိုဖြစ်စေတတ်၏။ ထိုသို့သောအားဖြင့် မှားယွင်းသောသူသည် ပညာမရှိ။"

"အဘယ်သူသည် ဝမ်းနည်းခြင်းရှိသနည်း။ အဘယ်သူသည် ညည်းတွားခြင်းရှိသနည်း။ အဘယ်သူသည် ရန်တွေ့ခြင်းရှိသနည်း။ အဘယ်သူသည် မြည်တမ်းခြင်းရှိသနည်း။ အဘယ်သူသည် အကျိုးအကြောင်းမရှိ၊ ထိခိုက်နာကျင်ခြင်း၊ ထိခိုက်၍နာခြင်းရှိသနည်း၊ အဘယ်သူသည် မျက်စိနီခြင်းရှိသနည်းဟူမူကား စပျစ်ရည်ကိုကြာမြင့်စွာသောက်လျက်နေသောသူ၊ ဆေးနှင့်ရောသောစပျစ်ရည်ကိုရှာတတ်သောသူတို့သည် ထိုသို့သောလက္ခဏာရှိကြ၏။ ဖလား၌နီလျက်၊ အရောင်တောက်လျက် အချိုအမြိန်ဝင်လျက်ရှိသောစပျစ်ရည်ကို မကြည့်မရှုနှင့်။ နောက်ဆုံး၌ မြွေကဲ့သို့ကိုက်တတ်၏" သု ၂၀း၁။ ၂၃း၂၉–၃၂။

သေရည်သေရက်သောက်စားသောသူ၏ယုတ်ညံ့သောအဖြစ်နှင့် ကျွန်ခံရခြင်းအကြောင်းကို သာ၍သေချာထင်ရှားသရုပ်ပေါ်အောင် လူ၏ကလောင်ဖြင့်

ဘယ်အခါကမျှ မရေးသားခဲ့ဖူးချေ။ ကျွန်စေစားခြင်းခံရ၍ ယုတ်ညံ့သော အခြေ သို့ရောက်လျက် မိမိ၏ဒုက္ခဆင်းရဲခြင်းအဖြစ်ကို သိမြင်လာသောအခါ၌ပင်၊ သူသည် ထောင်ချောက်မှလွတ်မြောက်လာရန် မိမိ၌ခွန်အားသတ္တိမရှိ တော့ချေ။ သူသည် "တစ်ဖန်ရှာလိမ့်ဦးမည်" သု ၂၃း၃၅။

မူးယစ်ခြင်းအမှုသည် ပြင်းသောအရက်များကဲ့သို့ပင် ဝိုင်အရက်၊ ဗျစ်ရည်နှင့်သစ်သော်သီးဖျော်ရည် (ဆိုင်ဒါ) များအားဖြင့်လည်း အကယ်ပင် ဖြစ်ပေါ်လာတတ်ပေသည်။ ဤအရာတို့ကိုသုံးဆောင်ခြင်းဖြင့် သာ၍ပြင်းသော အရက်တို့ကို သောက်လိုသောဆန္ဒကို နှိုးဆော်ပေး၏။ ၎င်းပြင် ထိုသို့အား ဖြင့်အရက်စွဲသောအကျင့်သည်ပေါ်လာ၏။ သင့်လျော်ရုံသောက်ခြင်းသည် အရက်သမားဘဝကိုဖန်တီးပေးရန် ပြင်ဆင်ပေးသောကျောင်းကဲ့သို့ဖြစ်၏။ ဤကဲ့သို့ပေါ့သောလှုံ့ဆော်ဆေးတည်းဟူသော အရက်ချိုတို့၏လုပ်ငန်းသည် အလွန်မကောင်းမှုကိုဖြစ်စေတတ်သဖြင့်၊ အရက်သောက်သူသည် မိမိ၏ဘေးကို မမျှော်လင့်မီ အရက်သမားဘဝသို့ အကြီးအကျယ်ရောက်ရှိသွား၏။

အရက်သမားတို့၌ မူးယစ်စေတတ်သောအရာတို့သည် မည်ကဲ့သို့ သောဆိုးကျိုးကိုဖြစ်စေတတ်ကြောင်းပြရန် ဆွေးနွေးငြင်းခုံနေစရာမလိုချေ။ မျက်ခမ်းစပ်လျက်၊ ယစ်မူးလျက် ပျက်စီးနေသောလူသတ္တဝါတို့သည် နေရာ တိုင်း၌ရှိ၏။ ထိုဝိညာဉ်များအတွက် သခင်ခရစ်တော်သည်အသေခံချက် ကောင်းကင်တမန်တို့သည် ငိုကြွေးမြည်တမ်းလျက်ရှိကြသည်။ ၎င်းတို့ကား၊ ကြွားဝါပြောဆိုနေကြသော ကျွန်ုပ်တို့၏ယဉ်ကျေးမှုကြီးတွင် အစွန်းအကွက် တစ်ခုဖြစ်ပေသည်။ ၎င်းတို့ကား အရပ်ရပ်တိုင်းတို့၏ရှက်ဖွယ်၊ ကျိန်ခြင်းနှင့် ဘေးအန္တရာယ်များဖြစ်ကြပေသည်။[၇]

## အရက်သည်လူကိုကျွန်ဖြစ်စေခြင်း

သေရည်သေရက်ကိုမက်မောလာသောအခါ၊ လူသည်ဘုရားသခင်၏ ပုံသဏ္ဌာန်တော်နှင့်အညီ ဖန်ဆင်းထားခြင်းခံရသော မိမိကိုယ်ကိုတိရစ္ဆာန်၏

အခြေအနေထက် ယုတ်ညံ့သောအဖြစ်သို့ရောက်စေသောအရာကို မိမိ၏နှုတ်တွင် အလိုအလျောက်ထည့်လာလေ၏။ ဆင်ခြင်ဉာဏ်သည် ပျက်ပြယ်သွား၍ ပိုင်းခြားဝေဖန်နိုင်သောဉာဏ်သည် ထုံထိုင်းသွားလျက် တိရစ္ဆာန်၏ ရမ္မက်မျိုးသည် ထကြွလာပြီးနောက်၊ အလွန်အကျင့်ယုတ်စေသော ရာဇဝတ်မှုမျိုးသည် ဖြစ်ပေါ်လာ၏။[၈]

မိမိတို့သောက်သောအရက်၏တန်ခိုးကြောင့်၊ အရူးကဲ့သို့ဖြစ်စေသော သေရည်သေရက်ကို မပြည်းစမ်းခဲ့ဖူးလျှင် ကြောက်ရွံ့ခြင်းနှင့်ရွံ့တွံ့ကြမည့် အရာများကို ပြုလုပ်လာတတ်ကြသည်။ သူတို့သည် အဆိပ်ရည်၏တန်ခိုးကြောင့် စာတန်၏စိုးမိုးခြင်းကိုခံနေရကြ၏။ သူသည် သူတို့ကိုအုပ်ချုပ်နေ၍ သူတို့သည်လည်း သူနှင့်အတူပေါင်းဖက်ပြုမူလာကြ၏။[၉]

စာတန်သည်လူတို့အား မိမိတို့၏ဝိညာဉ်ကို အရက်အတွက်ရောင်းချစေရန် သွေးဆောင်သောအခါ၊ ထိုသို့ပြုလုပ်တတ်၏။ သူသည် ကိုယ်ခန္ဓာ၊ စိတ်နှင့်ဝိညာဉ်တို့ကိုပိုင်ဆိုင်လာသဖြင့် အပြုအမူတို့မှာ လူ၏အပြုအမူများ မဟုတ်ဘဲ စာတန်၏အပြုအမူများသာဖြစ်လာ၏။ အသက်ရှင်နေသမျှကာလ ပတ်လုံး မိမိချစ်ခင်မြတ်နိုးပါမည်ဟု ကတိထားခဲ့သောဇနီးကို ရိုက်ပုတ်ရန် အရက်သမားသည် မိမိ၏လက်ကိုမြှောက်ထားသောအခါ စာတန်၏ရက်စက်မှုသည် ထင်ရှားလာ၏။ အရက်သမား၏အပြုအမူတို့ကား စာတန်၏ကြမ်းကြုတ်မှုကိုဖော်ပြခြင်းပင်ဖြစ်၏။[၁၀]

အရက်ကိုသုံးဆောင်သောသူသည် မိမိကိုယ်ကို စာတန်၏ကျွန်ဖြစ်စေ၏။ မီးရထားများပေါ်၌လည်းကောင်း၊ သင်္ဘောများပေါ်၌လည်းကောင်း မိမိတို့တာဝန်ကိုထမ်းဆောင်ရသောသူများ၊ အလွန်စွဲလမ်းသောပျော်မြူးခြင်းအတွက် စုရုံးလာကြသောလူများကို တင်ဆောင်လာရသောလေ့၊ သင်္ဘောနှင့် ကားများကို ကြီးကြပ်မောင်းနှင်ရသောသူတို့အား လွဲမှားသောအစားအသောက်ကိုလိုက်စားပြီး ထိုသို့အားဖြင့် ဘုရားသခင်နှင့်ဘုရားသခင်၏ပညတ်တရားများကိုမေ့လျော့စေရန် စာတန်သည်သွေးဆောင်၏။

သူတို့ပတ်ဝန်းကျင်၌ မည်ကဲ့သို့ဖြစ်ပျက်နေသည်ကို သူတို့သည်မသိမမြင်ကြချေ။ အချက်ပြသောအရာများကို မှန်ကန်စွာမပြုလုပ်ကြသဖြင့်၊

ကားများသည် တစ်စင်းနှင့်တစ်စင်း တိုက်ခိုက်မိကြ၏။ ထိုအခါ ကြောက်မက်ဖွယ်ကောင်းသောအရာများဖြစ်လျက် ခြေလက်အင်္ဂါများကျိုးပဲ့ခြင်း၊ သေဆုံးခြင်းအမှုများဖြစ်လာရ၏။ ဤကဲ့သို့သောအခြေအနေမျိုးများသည် သာ၍သာ၍ထင်ရှားလာကြလေပြီ။

အရက်သမား၏ပျက်စီးစေတတ်သောဗီဇများသည် မိမိ၏သားမြေးတို့တွင် ဆက်ခံရရှိလာတတ်သဖြင့် သူတို့မှတစ်ဆင့် လာလတ္တံ့သောသားစဉ်မြေးဆက်တိုင်အောင် ဆက်ခံသွားရတတ်ကြသည်။[၁၁]

## တဖြည်းဖြည်းအဆိပ်ဖြစ်စေသော ဆေးလိပ်၊ ဆေးရွက်

ဆေးလိပ်၊ ဆေးရွက်သည် ဖြည်းဖြည်းနှင့်လျှို့ဝှက်စွာပြုမူလျက် အလွန်ဖျက်ဆီးတတ်သောအဆိပ်ဖြစ်၏။ မည်သည့်နည်းမျိုးနှင့်မဆို ၎င်းကိုအသုံးပြုသောအခါ၊ ၎င်းသည် ကိုယ်ခန္ဓာကိုထိခိုက်စေတတ်၏။ ၎င်းကြောင့်ထိခိုက်မှုသည် တဖြည်းဖြည်းဖြစ်ပေါ်လာတတ်သဖြင့် ၎င်းသည် သာ၍ပင်ဘေးဖြစ်စေတတ်သည်။ ပထမ၎င်း၏ထိခိုက်မှုကို သိသာရန်ခဲယဉ်းပေ၏။ ၎င်းသည် အာရုံကြောများကိုထကြွစေပြီးနောက် သေစေတတ်၏။ ၎င်းသည် ဦးနှောက်ကိုအားနည်းစေလျက် မကြည်လင်စေတတ်၏။ မကြာခဏ ၎င်းသည် သေရည်သေရက်ကပြုတတ်သည်နည်းထက် အာရုံကြောများကို သာ၍ပြင်းထန်စွာထိခိုက်စေတတ်သည်။ ၎င်းသည် သာ၍လျှို့ဝှက်သဖြင့် ၎င်းကြောင့်ထိခိုက်မှုကို ကိုယ်ခန္ဓာထဲမှ ရှင်းရှင်းဖျက်ဆီးရန်ခဲယဉ်းပေသည်။ ၎င်းကိုသောက်ခြင်းဖြင့် သာ၍ပြင်းသောအရက်ကိုသောက်လိုသောဆန္ဒကို နှိုးဆော်ပေး၏။ ၎င်းပြင် အများအားဖြင့် အရက်သောက်တတ်သောအလေ့ကိုဖြစ်စေရသော အခြေခံဖြစ်ပေသည်။

ဆေးလိပ်၊ ဆေးရွက်သုံးဆောင်ခြင်းသည် သုံးဆောင်သောသူအတွက် မသက်သာ၊ အကုန်အကျများ၍မသန့်ရှင်း ညစ်ညူးစေလျက် အခြားသူတို့အားအနှောင့်အယှက်ဖြစ်၏။

ကလေးများနှင့်ပျိုရွယ်သူတို့အထဲတွင် ဆေးလိပ်သောက်ခြင်းသည် မပြောနိုင်အောင်များပြားသော ဘေးဥပဒ်များကိုဖြစ်စေ၏။ လူကလေးများသည် အလွန်ငယ်ရွယ်သောအခါကစ၍ ဆေးလိပ်ကိုသောက်စပြုကြ၏။ ထိုသို့သော အကျင့်သည် ဖြစ်ပေါ်လာ၍ ကိုယ်ခန္ဓာနှင့်စိတ်တို့သည် ၎င်းကြောင့်ဖြစ်ပေါ် လာသောအမှုကို အထူးသဖြင့် သိရှိလာသောအခါ ၎င်းသည် ကာယအင်းအားကိုလျှို့ဝှက်စွာဖြိုခွင်း၍ ကိုယ်ကာယကိုပုညှက်စေလျက် စိတ်ကိုထိုင်းမှိုင်း စေပြီးအကျင့်စာရိတ္တကိုဖျက်ဆီးလေ၏။[၁၂]

ဇာတိမပါလျှင်၊ သဘာဝအလျောက် ဆေးရွက်ဆေးလိပ်တို့ကို အလိုအလျောက်မက်မောခြင်းမရှိချေ။

လက်ဖက်ရည်နှင့်ကော်ဖီတို့ကိုသုံးဆောင်ခြင်းအားဖြင့် ဆေးရွက်ဆေးလိပ်ကို သုံးဆောင်လိုသောဆန္ဒကို ဖြစ်ပေါ်လာစေတတ်သည်။

ဟင်းခတ်အမွှေးအကြိုင်အမျိုးမျိုးတို့သည် အစာအိမ်ကိုပူလောင်၊ယဉ်းရောင် စေ၍ သွေးကိုပျက်စီးစေလျက် သာ၍ပြင်းစွာလှုံ့ဆော်တတ်သောအရာတို့ကို နှစ်သက်လာရန်လမ်းဖွင့်ပေးလေသည်။[၁၃]

အချို့သောမိခင်တို့က မိမိတို့၏သားသမီးများအား သုံးဆောင်စေရန်အားပေးတတ်ကြသော အလွန်အမင်းအရသာရှိသောအသားဟင်းများနှင့်လက်ဖက်ရည်ကော်ဖီတို့သည် ဆေးလိပ်မှစသော သာ၍လှုံ့ဆော်တတ်သော အရာတို့ကိုတောင့်တလာစေရန်လမ်းခင်းပေးတတ်ကြသည်။ ဆေးလိပ်သောက် ခြင်းသည်သေရည်သေရက်ကိုချစ်ခြင်းဖြစ်စေ၏။[၁၄]

## ဆေးလိပ်အခိုးအငွေ့သည်မိန်းမနှင့်ကလေးသူငယ်တို့ကို ဘေးဖြစ်စေခြင်း

မိန်းမများနှင့်ကလေးသူငယ်တို့သည် ဆေးတံ၊ ဆေးပြင်းလိပ် (သို့မဟုတ်) ဆေးရွက်၊ ဆေးလိပ်သုံးဆောင်သူတို့၏ညစ်ညူးသောအငွေ့အသက်တို့အားဖြင့် ညစ်ညူးသွားသောလေကိုရှူရှိုက်ရခြင်းဖြင့် ဒုက္ခရောက်ရ

ကြသည်။ ဤပတ်ဝန်းကျင်လေထဲတွင် နေထိုင်ရသောသူတို့သည် အမြဲရောဂါစွဲကပ်နေတတ်သည်။[၁၅]

အဆုတ်နှင့်အသားအရေ၏ခေါင်းပေါက်ကလေးများမှ ထုတ်လိုက်သည့်အဆိပ်ဖြစ်စေသော ဆေးအနံ့အသက်တို့ကိုရှူရှိုက်ရခြင်းဖြင့်၊ ကလေးသူငယ်၏ကိုယ်အင်္ဂါသည် အဆိပ်များနှင့်ပြည့်နေ၏။ ထိုအနံ့အသက်သည် အချို့သောကလေးသူငယ်တို့အပေါ်၌ အဆိပ်အတောက်ကဲ့သို့ဖြစ်စေလျက် ဦးနှောက်၊ နှလုံး၊ အသည်းနှင့်အဆုတ်များကို ထိခိုက်ပြီးလျှင်၊ ထိုသူငယ်တို့သည် အားအင်ကုန်ခန်းလျက် ညှိုးနွမ်းသွားကြစဉ်၊ အခြားသောကလေးသူငယ်တို့အပေါ်၌ တိုက်ရိုက်ထိခိုက်ခြင်းဖြစ်စေလျက် အကြောဆွဲခြင်း၊ တက်ခြင်း၊ ရုတ်တရက်သေဆုံးခြင်းအမှုများကိုဖြစ်စေ၏။ ဆေးလိပ်သောက်၊ ဆေးငုံသောသူ၏အဆုတ်မှမှုတ်ထုတ်လိုက်သော အနံ့အသက်တိုင်းသည် ပတ်ဝန်းကျင်ရှိလေကို အဆိပ်အတောက်ဖြစ်စေ၏။[၁၆]

လွန်ခဲ့သောအမျိုးအနွယ်တို့၏မကျန်းမမာစေတတ်သော အလေ့အကျင့်တို့သည် ယခုခေတ်ရှိ သားသမီးတို့အပေါ်သို့ ထိခိုက်စေ၏။ စိတ်ဉာဏ်စွမ်းမကောင်းခြင်း၊ ကိုယ်ကာယအားနည်းခြင်း၊ အာရုံကြောများချွတ်ယွင်းခြင်းနှင့် သဘာဝအတိုင်းမဟုတ်သောတောင့်တခြင်းတို့ကား မိဘများမှသားသမီးတို့ဆက်ခံရရှိသော အမွေဖြစ်ပေသည်။ ၎င်းပြင် သားသမီးများကဆက်လက်ပြုကျင့်လာကြသော ထိုအလားတူအကျင့်ဓလေ့တို့သည် ပွားများလာကြလျက် မကောင်းမှုတို့ကို ဆက်လက်ဖြစ်ပေါ်လာစေလျက်ရှိ၏။[၁၇]

## လက်ဖက်ရည်နှင့်ကော်ဖီတို့သည် ကိုယ်ခန္ဓာကိုအာဟာရမဖြစ်စေခြင်း

လက်ဖက်ရည်သည် လှုံ့ဆော်သောအရာကဲ့သို့ဖြစ်၍ အနည်းငယ်မူးယစ်ထုံထိုင်းခြင်းကို ဖြစ်စေတတ်၏။ ကော်ဖီနှင့်အများသုံးအခြားဖျော်ရည်အများသည်လည်း၊ အလားတူဖြစ်ပေသည်။ ပထမဦးစွာ ဖြစ်ပေါ်လာစေသော

အခြေအနေမှာ စိတ်ရွှင်မြူးခြင်းဖြစ်၏။ အစာအိမ်၏အာရုံကြောများသည် ထကြွလာကြ၏။ ဤအရာတို့သည် ဦးနှောက်ကိုနာကျင်စေပြီးလျှင် တစ်ဖန် နှလုံးကိုလျင်မြန်စွာလှုပ်ရှားစေရန်ပြုလုပ်ပြန်၍ တစ်ကိုယ်လုံးသို့အသက်တိုသော သတ္တိကိုပျံ့နှံ့သွားစေ၏။ မောပန်းခြင်းကိုသတိမရချေ။ ခွန်အားတိုးလာသည် ဟုထင်ရ၏။ ဝေဖန်ဉာဏ်သည်နိုးကြားလာ၍ စိတ်ကူးလည်းသာ၍ထင်ရှား လာ၏။[၁၈]

ဤသို့ဖြစ်တတ်သောအကြောင်းများကြောင့်၊ မိမိတို့၏လက်ဖက်ရည်နှင့်ကော်ဖီတို့သည် မိမိတို့အား များစွာကောင်းကျိုးပေးသည်ဟု အများကထင်မှတ်ကြ၏။ လက်ဖက်ရည်နှင့်ကော်ဖီသည် ကိုယ်ခန္ဓာကိုအာဟာရမဖြစ်စေနိုင်။ အစာကြေညက်၍ သမသွားစေခြင်းအမှုအတွက်အချိန်မရမီ ၎င်းတို့၏အကျိုးအပြစ်သည် ပေါ်လာသဖြင့် ခွန်အားဟုထင်ရသောအရာသည် အာရုံကြောတို့ကိုထကြွစေခြင်းအမှုသာဖြစ်သည်။ လှုံ့ဆော်စေသောသတ္တိသည် ကုန်ခန်းသွားသောအခါ သဘာဝမဟုတ်သောအင်အားသည် ယုတ်လျော့သွား သဖြင့် ပင်ပန်းနွမ်းရိနေခြင်းနှင့် အားအင်လျော့ပါးနေခြင်းအမှုမျိုးကို ဖြစ်စေ လိမ့်မည်။

အာရုံကြောတို့ကို နာကျင်ထိခိုက်စေသောအရာတို့ကို ဆက်လက်အသုံးပြုခြင်းဖြင့် ခေါင်းကိုက်ခဲခြင်း၊ အိပ်မရခြင်း၊ နှလုံးတုန်ခြင်း၊ အစာမကြေခြင်း၊ တုန်နာနှင့် အခြားသောအန္တရာယ်အများကို ဖြစ်ပေါ်လာစေ၏။ အကြောင်းကား၊ ၎င်းတို့သည် အသက်၏အင်အားများကို ကုန်ခန်းသွားစေ၏။ ပင်ပန်းနေသောအာရုံကြောတို့သည် လှုံ့ဆော်ခြင်း၊ ပိုမိုအလုပ်လုပ်ရခြင်းထက် နားနေခြင်းနှင့်ငြိမ်သက်ခြင်းကို အလိုရှိကြသည်။[၁၉]

အချို့တို့သည် ဖောက်ပြန်ကြ၍ လက်ဖက်ရည်နှင့်ကော်ဖီတို့ကို စမ်းသပ်အသုံးပြုကြည့်ကြသည်။ ကျန်းမာခြင်းစည်းကမ်းဥပဒေများကို ချိုးဖောက်ဖျက်ဆီးသောသူတို့သည် မိမိစိတ်ကိုမှောင်မိုက်စေသဖြင့် ဘုရားသခင်၏တရားတော်ကို လွှန်ကျူးလာလိမ့်မည်။

## မူးယစ်ထုံထိုင်းစေသောဆေးများကိုသုံးဆောင်ခြင်း

များစွာသောရောဂါဝေဒနာများနှင့် သာ၍ပြင်းထန်သောအန္တရာယ်များကိုပင် ဖြစ်လာစေရန် အခြေအမြစ်ချပေးနေသော အကျင့်ဓလေ့တစ်ခုကား အဆိပ်အတောက်ဖြစ်စေ၍ မူးယစ်ထုံထိုင်းစေသောဆေးတို့ကို အများအပြားသုံးဆောင်ခြင်းတည်း။ ရောဂါဝေဒနာခံစားနေရကြသောအခါ မိမိရောဂါ၏အကြောင်းရင်းကို အများသောသူတို့သည် ရှာဖွေစူးစမ်းလိုသောစိတ်မရှိကြ ချေ။ သူတို့အကြီးအကျယ်ပူပန်စိုးရိမ်နေသည်မှာ ဝေဒနာနှင့်မသက်သာမှုကို ပယ်ရှားရန် အကြောင်းဖြစ်သည်။

အဆိပ်အတောက်ဖြစ်စေသောဆေးတို့ကိုသုံးဆောင်ခြင်းဖြင့် အများသောသူတို့သည် မိမိတို့ကိုယ်၌ ကြာရှည်စွာအနာရောဂါကိုစွဲကပ်စေကြ၏။ ၎င်းပြင် သဘာဝကုသနည်းများကိုအသုံးပြုခြင်းဖြင့် အသက်ချမ်းသာရနိုင်သောသူအများပင် အသက်ဆုံးရှုံးရကြလေပြီ။ ဆေးဝါးဟုခေါ်ဆိုနေသောအရာများစွာတို့တွင် ပါရှိသောအဆိပ်အတောက်တို့သည် ဝိညာဉ်နှင့်ကိုယ်ခန္ဓာကို ဖျက်ဆီးတတ်သောအလေ့နှင့် မက်မောခြင်းကိုဖန်တီးပေးလိမ့်မည်။ အများသုံးမှတ်ပုံတင်ပြီး ဆေးဝါးများဟုခေါ်ဆိုသောဖော်စပ်နည်းလျှို့ဝှက်ထားသောဆေးအများနှင့် ဆရာဝန်များကပေးသောဆေးအချို့တို့ပင် အရက်သောက်သောအကျင့်၊ ဘိန်းစားခြင်းအကျင့်၊ မော်ဖီယားထိုးခြင်းအကျင့်တို့ကိုဖြစ်လာစေရန် တစ်ပိုင်းတစ်စလမ်းခင်းပေးတတ်ရာ၊ ၎င်းတို့သည် လူအဖွဲ့အစည်းတို့အဖို့ ပြင်းထန်သောဒုက္ခဆင်းရဲခြင်းကို သက်ရောက်စေတတ်၏။[၂၀]

အများအသုံးပြုကြသောဆေးဝါးဖြင့် ကုသနည်းသည် ဒုက္ခရောက်စရာအကြောင်းတစ်ခုဖြစ်၏။ ဆေးဝါးသုံးဆောင်ခြင်းကိုရှောင်ကြဉ်ရန် သွန်သင်လမ်းပြပေးပါ။ ၎င်းတို့ကိုတဖြည်းဖြည်းလျော့၍သုံးဆောင်လျက် ကျန်းမာခြင်းကိုဖြစ်စေရာသော သဘာဝကုသနည်းများကို သာ၍အားကိုးပါ။ ထိုအခါ ဘုရားသခင်၏သမားတော်ကြီးများတည်းဟူသော သန့်ရှင်းသောလေ၊ သန့်ရှင်းသောရေ၊ သင့်လျော်သောကိုယ်လက်လှုပ်ရှားမှု ပရိစယနှင့်ကြည်လင်သန့်ရှင်း

သောသြတ္တပ္ပစိတ်တို့အားဖြင့် သဘာဝအလျောက် ကျန်းမာခြင်းကိုရရှိလိမ့်မည်။ လက်ဖက်ရည်၊ ကော်ဖီနှင့်အသားများကိုသုံးဆောင်နေသူတို့သည် ဆေးဝါးကို လိုသည်ဟု ထင်ကြလိမ့်မည်။ သို့ရာတွင် အများသောသူတို့သည် ကျန်းမာရေး စည်းကမ်းဥပဒေများကို လိုက်နာကျင့်သုံးကြလျှင်၊ ဆေးဝါးတရွေး သားမျှမသုံး ရဘဲ ပြန်၍ကျန်းမာချမ်းသာလာနိုင်ကြသည်။ ဆေးဝါးကိုအသုံးပြု ဖို့မလိုလှချေ။

## သတ္တမနေ့ဥပုသ်အသင်းသားတို့သည် လောကအတွက်ပုံသက်သေဖြစ်ခြင်း

လူတစ်မျိုးဖြစ်ကြသည်အလျောက် ကျွန်ုပ်တို့သည် ပြုပြင်ပြောင်းလဲ ပေးသူများ၊ လောကတွင်အလင်းကိုလင်းစေသူများ၊ ဘုရားသခင်အတွက် သစ္စာရှိသောကင်းစောင့်များဖြစ်ကြလျက်၊ အစားအသောက်တို့ကိုလွဲမှားစေရန် သွေးဆောင်ဖို့ စာတန်ဝင်ရောက်လာမည့်လမ်းဝများကို ကာကွယ်စောင့်ရှောက် နေကြသည်ဟု ပြောဆိုနေကြသည်။ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းအတွက် ကျွန်ုပ်တို့၏ပုံသက်သေနှင့်သြဇာညောင်းမှုသည် တန်ခိုးရှိရမည်။ သိတတ် သောသြတ္တပ္ပစိတ်ကိုတုံးစေမည့်၊ (သို့မဟုတ်) သွေးဆောင်ခြင်းသို့လိုက်ပါရန် အားပေးမည့် အကျင့်ဓလေ့များကို ကျွန်ုပ်တို့သည် ရှောင်ကြဉ်ရမည်။ ဘုရားသခင်၏ပုံသဏ္ဍာန်တော်နှင့်အညီ ပြုပြင်ဖန်ဆင်းထားသောလူသတ္တဝါ တစ်ဦး၏စိတ်ထဲသို့ စာတန်အားဝင်ခွင့်ပေးမည့်တံခါးဝကို ကျွန်ုပ်တို့သည် ဖွင့်မပေးရ။[၂၂]

ဘေးကင်းလုံခြုံသောနည်းတစ်ခုကား၊ လက်ဖက်ရည်၊ ကော်ဖီ၊ ဝိုင်အရက်၊ ဆေးလိပ်၊ ဆေးရွက်၊ ဘိန်းနှင့်အရက်ပါသောဖျော်ရည်တို့ကို မတို့မကိုင်မမြည်းဘဲနေခြင်းသာဖြစ်၏။ စာတန်၏သွေးဆောင်ခြင်းကိုခံရပ် နိုင်၍ လွဲမှားသောအစားအသောက်တို့ကို လိုက်စားလိုသောအလိုကို တားဆီး ပိတ်ပင်နိုင်မည်အကြောင်း၊ ဤခေတ်ကာလရှိ လူမျိုးတို့အား ကူညီမစရန်

ကျေးဇူးတော်အားဖြင့် ခိုင်ခံ့ခြင်းရှိလျက် စိတ်အလိုဆန္ဒ၏တန်ခိုးကို၊ လွန်ခဲ့သောလူမျိုးအစဉ်အဆက်တို့ထက် နှစ်ဆလောက်အလိုရှိကြသည်။ သို့ရာတွင် ယခုခေတ်ရှိလူမျိုးတို့၌ ကိုယ်ကိုကိုယ်ချုပ်တည်းရသောတန်ခိုးသည် ထိုခေတ်ကာလကနေထိုင်ခဲ့ကြသော သူတို့မှာထက်လျော့နေ၏။ ဤမူးယစ်ထုံထိုင်းစေတတ်သောအရာများအတွက် ခံတွင်းအလိုသို့လိုက်သောသူတို့သည် မိမိတို့၏ဆိုးယုတ်သောအာဟာရမက်မောခြင်းနှင့် ကာမဂုဏ်ရမ္မက်တို့ကို မိမိတို့၏သားသမီးတို့တွင် ဆက်လက်ဖြစ်ပေါ်လာစေသဖြင့်၊ သေရည်သေရက်၊ ကော်ဖီမှစသော သောက်စားမှုအမျိုးမျိုးတို့ကို တားဆီးပိတ်ပင်ရန် သာ၍ကြီးသောအကျင့်တန်ခိုးကိုလိုပေ၏။ အသေအချာဘေးကင်းလုံခြုံသော တစ်ခုတည်းသောနည်းလမ်းကား၊ ခြိုးခြံချုပ်တည်းခြင်းဘက်၌ မြဲစွာတည်နေလျက်ဘေးဖြစ်စေသောလမ်းတွင်လျှောက်သွားရန် စွန့်စားခြင်းမပြုဘဲနေခြင်းတည်း။

အရာခပ်သိမ်းတွင် ချုပ်တည်းခြင်းအကြောင်းနှင့်စပ်ဆိုင်၍ ခရစ်ယာန်တို့သည် ကျင့်ဝတ်တွင်သိရှိနားလည်သောသဘောရှိလာကြလျှင်၊ မိမိတို့၏ထမင်းစားပွဲမှအစပြုလျက် ပုံသက်သေအားဖြင့် ခြိုးခြံချုပ်တည်းခြင်း၌အားနည်းသောသူ၊ အစားအသောက်၌ မက်မောခြင်းကိုတားဆီးခြင်းငှာ လုံးလုံးလိုပင်မစွမ်းဆောင်နိုင်သောသူတို့ကိုမစကူညီနိုင်ကြသည်။ ဤအသက်တာဘဝ၌ဖြစ်လာစေသော အကျင့်ဓလေ့များသည် ကျွန်ုပ်တို့၏ထာဝရကာလ၏အကျိုးများကို ထိခိုက်စေမည်ကိုလည်းကောင်း ကျွန်ုပ်တို့၏ထာဝရကံကြမ္မာသည် ကျပ်တည်းစွာခြိုးခြံချုပ်တည်းမှုအပေါ်၌ မှီနေသည်ကိုလည်းကောင်း ကျွန်ုပ်တို့သည် သိရှိနားလည်ကြလျှင်၊ အစားအသောက်၌ ကျပ်တည်းစွာခြိုးခြံချုပ်တည်းခြင်းအမှုတွင် ကျွန်ုပ်တို့သည် အောင်မြင်ကြလိမ့်မည်။ ကျွန်ုပ်တို့၏ပုံသက်သေနှင့် ကိုယ်တိုင်ကြိုးစားအားထုတ်မှုအားဖြင့်၊ များစွာသောဝိညာဉ်တို့အား မခြိုးခြံမချုပ်တည်းခြင်း၊ ရာဇဝတ်မှုကျူးလွန်ခြင်းနှင့်သေခြင်းမှကယ်တင်နိုင်လိမ့်မည်။ ကျွန်ုပ်တို့၏ညီအစ်မများတို့သည် မိမိတို့၏ထမင်းစားပွဲတွင် ကျန်းမာစေ၍ အာဟာရဖြစ်စေသော အစားအသောက်များကိုသာ တည်ခင်းထားခြင်းဖြင့် အခြားသူတို့အား ကယ်တင်ခြင်းလုပ်ငန်းကြီးတွင် များစွာ

ပြုလုပ်ဆောင်ရွက်နိုင်ကြသည်။ မိမိတို့၏သားသမီးများတို့နှင့်သင့်လျော်သော အစားအသောက်အကြောင်းကို သွန်သင်ပေးရာ၌လည်းကောင်း၊ အရာခပ်သိမ်းတွင် ငြိုးခြ်ချုပ်တည်းခြင်းအကျင့်ကို ပြုပြင်ပေးရာ၌လည်းကောင်း၊ အခြားသူတို့၏အကျိုးအတွက် ကိုယ်ကိုငြင်းပယ်ခြင်းနှင့်ကောင်းမှုပြုခြင်းကို အားပေးတိုက်တွန်းရာ၌လည်းကောင်း မိမိတို့၏အဖိုးထိုက်သောအချိန်ကို အသုံးပြုနိုင်ကြသည်။[၂၁]

---o---

# အခန်း (၅၃)
# စိတ်နှလုံးနှင့်အသက်တာဖြူစင်ခြင်း

ဘုရားသခင်၏အမှုတော်နှင့်ဘုန်းတော်အတွက် အကောင်းဆုံးအခြေအနေ၌ရှိစေရန်၊ စောင့်ရှောက်ပြုစု၍ထိန်းသိမ်းထားရန် ဘုရားသခင်သည် သင့်အားနေစရာအိမ်တစ်ဆောင်ကိုပေးတော်မူပြီ။ သင်၏ကိုယ်ခန္ဓာကို သင်မပိုင်။ "အဘယ်သို့နည်း။ သင်တို့ကိုယ်ခန္ဓာသည် ဘုရားသခင်ပေးသနားတော်မူသော ဝိညာဉ်တော်တည်းဟူသော၊ သင်တို့အထဲ၌ကိန်းဝပ်၍ သန့်ရှင်းသောဝိညာဉ်တော်၏ဗိမာန်ဖြစ်ကြောင်းကို.....မသိကြသလော။" "သင်တို့သည် ဘုရားသခင်၏ဗိမာန်တော်ဖြစ်ကြသည်ကိုလည်းကောင်း၊ ဘုရားသခင်၏ဝိညာဉ်တော်သည် သင်တို့အထဲ၌ကိန်းဝပ်တော်မူသည်ကိုလည်းကောင်း မသိကြသလော။ အကြင်သူသည် ဘုရားသခင်၏ဗိမာန်တော်ကိုဖျက်ဆီး၏။ ထိုသူကိုဘုရားသခင်ဖျက်ဆီးတော်မူလိမ့်မည်။ ဘုရားသခင်၏ဗိမာန်တော်သည် သန့်ရှင်းရ၏။ သင်တို့သည်လည်း ထိုဗိမာန်တော်ဖြစ်ကြ၏။"

ကျွန်ုပ်တို့၏ရန်သူ၊ နတ်ဆိုးသည် ဟောက်သောခြင်္သေ့ကဲ့သို့ အဘယ်သူကိုမျိုရအံ့နည်းဟု လှည့်လည်ရှာဖွေနေသော ပျက်စီးယိုယွင်းနေသည့်ဤခေတ်ကာလတွင်၊ "စုံစမ်းနှောင့်ယှက်ခြင်းနှင့်ကင်းလွတ်မည်အကြောင်း၊ ဆုတောင်းလျက်စောင့်နေကြလော့" (မာ ၁၄း၃၈) ဟု ကျွန်ုပ်သည် အသံကျယ်စွာသတိပေးနိုးဆော်ဖို့လိုကြောင်းကို သိမြင်ရလေပြီ။ အလွန်ထက်မြက်သောအစွမ်းသတ္တိများနှင့်ပြည့်စုံလျက် ၎င်းတို့ကိုစာတန်အတွက် ဆိုးညစ်စွာအသုံးပြုနေသောသူအများရှိကြသည်။ လောကမှထွက်လာ၍ ၎င်း၏မှောင်မိုက်လုပ်ငန်းများကိုစွန့်ပယ်ခဲ့ကြပြီဟုဆိုသောလူတစ်မျိုးအား ကျွန်ုပ်သည် မည်ကဲ့သို့သတိပေးနိုင်မည်နည်း။ မိမိ၏တရားတော်ကို ထိန်းသိမ်းထားရန် ဘုရားသခင်ခန့်ထားတော်မူသောသူ၊ သို့ရာတွင် အနန္တတန်ခိုးရှင်၏မျက်မှောက်တော်၌ပင် ဟန်ဆောင်သောသဘောသဖန်းပင်ကဲ့သို့ ပွားများနေဟန်ဆောင်သောအကိုင်းများကို ကြွားဝါ၍ပြသော်လည်း၊ ဘုရားသခင်၏ဘုန်းတော်ကို

ထင်ရှားစေရန် အသီးမသီးသောသူတို့အား မည်ကဲ့သို့သတိပေးနိုင်မည်နည်း။ အများသောသူတို့သည် ညစ်ညမ်းသောအကြံအစည်၊ မသန့်ရှင်းသောစိတ်ကူး၊ မသန့်စင်သောအလိုဆန္ဒနှင့် ယုတ်ညံ့သောရမ္မက်များတို့ကို ပွားများစေကြ၏။ သန့်ရှင်းဖြူစင်သော ကောင်းကင်တမန်တို့သည် ထိုသို့သောအရာတို့ကိုစက်ဆုပ်ခြင်းနှင့်ကြည့်နေကြစဉ်၊ စာတန်သည် အလွန်ပင်ဝမ်းမြောက်လျက်ရှိ၏။ ဘုရားသခင်၏ပညတ်တော်ကိုလွန်ကျူးခြင်းဖြင့် မည်သည့်အရာကိုရရှိကြမည်ကို ယောကျ်ား၊ မိန်းမတို့သည် ဆင်ခြင်စဉ်းစားကြည့်ကြဖို့လိုပေသည်။ မည်ကဲ့သို့သောအခြေအနေ၌မဆို၊ လွန်ကျူးခြင်းသည် ဘုရားသခင်ကိုရှုတ်ချ ရာရောက်၍ လူအတွက်ကျိန်ခြင်းဖြစ်၏။ ၎င်းသည် အယောင်ဆောင်မှု၌ မည်မျှတင့်တယ်၍ ၎င်းကိုမည်သူပင်ကျူးလွန်ပြစ်မှားစေကာမူ၊ ကျွန်ုပ်တို့သည် ၎င်းကိုထိုသို့သဘောထားရကြမည်။၂

စိတ်နှလုံးဖြူစင်သောသူတို့သည် ဘုရားသခင်ကိုမြင်ရကြလိမ့်မည်၊ မစင်ကြယ်သောအကြံအစည်ရှိသမျှသည် ဝိညာဉ်ကိုညစ်ညူးစေ၏။ အကျင့်သီလကိုသိနားလည်သောဉာဏ်ကိုပျက်စီးစေ၍ သန့်ရှင်းသောဝိညာဉ်တော်က စွဲမှတ်စေသောအရာတို့ကို ပျောက်ကွယ်သွားစေတတ်၏။ လူသည် ဘုရားသခင်ကိုမသိမမြင်နိုင်မည်အကြောင်း၊ ဝိညာဉ်ရေးနှင့်ဆိုင်သောမြင်ကွင်းကို မှုန်သွားစေ၏။ ထာဝရဘုရားသည် နောင်တရသောအပြစ်သားကို အပြစ်လွှတ်တော်မူနိုင်၏။ သို့ရာတွင် အပြစ်လွှတ်ပင်လွှတ်သော်လည်း၊ ဝိညာဉ်သည်အကျိုးယုတ်သွား၏။ ဝိညာဉ်ရေးနှင့်ဆိုင်သောအမှန်တရားတို့ကို ထင်ရှားစွာပိုင်းခြားသိလိုသောသူသည် မသန့်ရှင်းသောစကား၊ မသန့်ရှင်းသောအကြံအစည်တို့ကို ရှောင်ကြဉ်ရမည်။၃

အပြစ်ရှိသောအရာတို့ကိုလိုက်စားခြင်း၏မကောင်းမှုကို အချို့တို့သည် ဝန်ခံကြသော်လည်း၊ သူတို့သည် မိမိတို့၏ရမ္မက်ကို မအောင်မြင်နိုင်ဟု ပြောဆိုလျက် ဆင်ခြေပေးကြလိမ့်မည်။ ဤအရာသည် သခင်ခရစ်တော်၏ နာမကိုခံယူသောသူတစ်စုံတစ်ယောက်၏ကြောက်စရာကောင်းသော ဝန်ခံချက် ဖြစ်သည်။ “သခင်ဘုရား၏နာမတော်ကို ဝန်ခံသောသူမည်သည်ကား၊ မတရား

သောအမှုကိုရှောင်ရမည်” ၂တိ ၂း၁၉။ အဘယ်ကြောင့် ဤသို့အားနည်း ခြင်းရှိရသနည်း။ အကြောင်းမူကား၊ တိရစ္ဆာန်၏သဘောမျိုးကို အသုံးပြု ခြင်းဖြင့်ခိုင်ခံ့လာသဖြင့်၊ သာ၍မြင့်မြတ်သောတန်ခိုးသတ္တိများကို နိုင်နင်း အုပ်စိုးလာသည်တိုင်အောင်ဖြစ်လာ၏။ ယောကျာ်း၊ မိန်းမတို့၌အခြေခံတရား ကင်းမဲ့နေ၏။ မိမိကိုယ်ကိုစိုးမိုးနိုင်သောသူတို့၏သတ္တိသည် ကုန်ခန်းသွား သည်ဟုထင်ရလောက်အောင် သူတို့သည် ဇာတိအလိုရမ္မက်ကို ကြာမြင့်စွာ လိုက်စားလာခဲ့ကြသောကြောင့်၊ သူတို့သည် ဝိညာဉ်အားဖြင့်သေလျက်နေ ကြ၏။ သူတို့၏အောက်တန်းကျသောဇာတိရမ္မက်များသည် ကြီးစိုးနေသဖြင့်၊ စိုးမိုးလျက်ရှိနေအပ်သောသတ္တိသည် ပျက်စီးနေသောရမ္မက်၏ကျွန်ဖြစ်လာ လေပြီ။ စိတ်ဝိညာဉ်သည် အောက်တန်းအကျဆုံးသောအချည်အနှောင်ကို ခံနေရ၏။ ကာမဂုဏ်ခံစားလိုသောသဘောသည် သန့်ရှင်းခြင်းကိုလိုလား သောစိတ်ကို ကုန်ခန်းစေသဖြင့် ဝိညာဉ်တိုးပွားရေးကိုညှိုးစေ၏။[၄]

## ဘုရားသခင်၏ဗိမာန်တော်ကိုမဖျက်ဆီးနှင့်

ပျိုရွယ်သူတို့၏စိတ်ကိုရယူလျက်၊ အကြံအစည်တို့ကိုဖျက်ဆီးလျက်ရမ္မက်များကိုအကြီးအကျယ်ထကြွလာစေခြင်းသည် ဤနောက်ဆုံးသောကာလတွင် စာတန်၏ထူးခြားသောအလုပ်ဖြစ်၏။ အကြောင်းကား၊ ထိုသို့ပြုခြင်းဖြင့်သူသည် ညစ်ညူးသောအပြုအမူတို့ကိုပြုစေရန် သွေးဆောင်နိုင်သည်ကိုသိရှိ၏။ ၎င်းပြင် ထိုသို့အားဖြင့် စိတ်၏မြင့်မြတ်သောအစွမ်းသတ္တိအပေါင်းသည် ယုတ်ညံ့သွားကြသဖြင့်၊ မိမိအလိုအတိုင်းဖြစ်စေရန် သူတို့ကိုစိုးမိုးနိုင်၏။[၅]

ဤဆုတ်ယုတ်နေသောခေတ်တွင် စာရိတ္တမဏ္ဍိုင်ကိုတည်ဆောက်နေသော ပျိုရွယ်သူတို့အတွက် ကျွန်ုပ်၏ဝိညာဉ်သည် ညည်းတွား၏။ သူတို့၏မိဘများအတွက်လည်း ကျွန်ုပ်သည် ကြောက်လန့်တုန်လှုပ်၏။ အကြောင်းကား၊ မိမိတို့၏သားသမီးများအား သူတို့လိုက်နာသင့်သောလမ်းအတိုင်း

သွန်သင်လေ့ကျင့်ပေးရန်တာဝန်ကို အများအားဖြင့် မသိနားမလည်ကြသည်ကို ကျွန်ုပ်အားဖော်ပြထားခဲ့ပြီ။ ထုံးစံဓလေ့နှင့်ခေတ်ဆန်မှုတို့ကို ဆွေးနွေးတိုင်ပင်ကြသဖြင့်၊ မကြာမီသားသမီးတို့သည် ဤအရာများအားဖြင့် သွေးဆောင်ရာသို့လိုက်ပါသွားကြလျက် ပျက်စီးကုန်ကြလေ၏။ သူတို့ကိုအလိုလိုက်ထားသောမိဘများကိုယ်တိုင် သူတို့၏ဘေးအန္တရာယ်ကိုမသိဘဲ အိပ်ပျော်နေကြသကဲ့သို့ဖြစ်နေကြ၏။ သို့ရာတွင် ပျက်စီးနေသောအကျင့်စာရိတ္တနှင့်ကင်းလွတ်သော ပျိုရွယ်သူတို့မှာအလွန်နည်းကြ၏။ သူတို့သည် အလွန်အမင်းပင်ပန်းသွားကြမည်ကိုစိုးရိမ်သဖြင့် သူတို့အား ကိုယ်ကာယလှုပ်ရှားမှုများကို များစွာပြုပြင်ဖို့အခွင့်မပေးကြ။ မိမိတို့၏သားသမီးများ ဆောင်ရွက်အပ်သောဝန်ထုပ်များကို မိဘများကိုယ်တိုင်ထမ်းဆောင်ကြ၏။

အလွန်အမင်းအလုပ်လုပ်ခြင်းသည်မကောင်း၊ သို့ရာတွင် ပျင်းရိခြင်း၏ဆိုးကျိုးသည် သာ၍ကြောက်စရာကောင်းလိမ့်မည်။ ပျင်းရိခြင်းသည် ပျက်စီးသောအကျင့်ဓလေ့တို့ကို ဖြစ်စေရာသောအကြောင်းဖြစ်သည်။ လက်မှုအလုပ်အကိုင်တို့သည် ကိုယ်ကိုရှုတ်ချခြင်းဖြစ်စေသော ဖျက်ဆီးတတ်သောအကျင့်တို့၏ငါးပုံတစ်ပုံလောက် ပင်ပန်းအားကုန်ခန်းခြင်းကိုမဖြစ်စေနိုင်။ ရိုးရိုးသေချာစွာစီမံထားသောအလုပ်သည် သင်၏သားသမီးတို့ကို အားကုန်ခန်းစေလျှင်၊ မိဘများတို့အလုပ်အကိုင်အပြင် အခြားသောအရာတစ်စုံတစ်ခုရှိသည်။ ၎င်းသည် သူတို့၏ကိုယ်ခန္ဓာကိုအားလျော့စေလျက် အမြဲပင်ပန်းသည်ကိုသိစေတတ်သောသဘောကိုဖြစ်စေ၏။ သင်၏သားသမီးတို့အား ကိုယ်လက်လှုပ်ရှားမှုကိုဖြစ်စေသောအလုပ်အကိုင်ကိုပေးပါ။ ၎င်းသည် အာရုံကြောများနှင့်ကြွက်သားတို့ကို လှုပ်ရှားစေလိမ့်မည်။ ထိုသို့သောအလုပ်အကိုင်အားဖြင့် ပင်ပန်းခြင်းသည် ဆိုးသွမ်းသောအကျင့်တို့ကို လိုက်စားလိုသောစိတ်ကိုလျော့သွားစေလိမ့်မည်။[၆]

ညစ်ညူးသောအကြံအစည်များကို နှိုးဆော်ထကြွစေသောအရာတို့ကို ဖတ်ခြင်း၊ ကြည့်ရှုခြင်းတို့ကိုရှောင်ပါ။ အကျင့်ကောင်းနှင့်သိမှတ်တတ်သော ဉာဏ်တို့ကိုဖြစ်စေသောသတ္တိတို့ကို လေ့လာပြုစုပေးပါ။[၇]

သင်၏အကြံအစည်များကိုသာမက၊ သင်၏ရမ္မက်နှင့်စွဲလမ်းမှုတို့ကို လည်း ချုပ်တည်းစေရန်ဘုရားသခင်သည် အလိုရှိတော်မူ၏။ ဤအမှုများ၌ သင်သည် သင့်ကိုယ်ကိုစိုးမိုးချုပ်ချယ်ခြင်းအပေါ်တွင် သင်၏ကယ်တင်ခြင်း အကြောင်းသည် အမှီပြုပေသည်။ ရမ္မက်နှင့်စွဲလမ်းမှုများသည် တန်ခိုးကြီးစွာ ပြုပြင်ပေးသောအရာများဖြစ်သည်။ အလွဲသုံးလျှင်၊ မကောင်းသောရည်ရွယ် ချက်အားဖြင့်ပြုမူစေလျှင်၊ နေရာမှားလျှင်၊ ၎င်းတို့သည် သင့်အားပျက်စီးစေ လျက် ဘုရားမရှိ၊ မျှော်လင့်ခြင်းမရှိဘဲ သင့်အားစိတ်ဆင်းရဲစေသောပျက်စီး ခြင်းထဲတွင်ပစ်ထားရန် တန်ခိုးကြီးကြလေသည်။

သင်သည် အချည်းနှီးသောတွေးဆခြင်းကိုလိုက်စားလျက် ညစ်ညူး သောအကြောင်းအရာတို့ကို စိတ်စွဲလမ်းစေရန်ခွင့်ပေးလျှင်၊ သင်သည် သင်၏ အကြံအစည်အတိုင်းပြုမူသကဲ့သို့ ဘုရားသခင့်ရှေ့တော်၌ အပြစ်သင့်သော အခြေအနေသို့ရောက်၏။ အပြုအမူကိုတားမြစ်ပိတ်ပင်ထားရခြင်းအကြောင်းမှာ အခွင့်အရေးမရရှိခြင်းကြောင့်တည်း။ နေ့ရောညပါအိပ်မက်၍ လေထဲတိုက် အိမ်ဆောက်နေခြင်းအမှုတို့မှာ မကောင်းသည့်အပြင်၊ အလွန်ဘေးမကင်းသော အကျင့်ဓလေ့များဖြစ်သည်။ တစ်ကြိမ်ဖြစ်ပေါ်လာလျှင်၊ ထိုသို့သောအကျင့် ကိုပယ်ဖျက်၍ စင်ကြယ်၊ သန့်ရှင်း၍ မြင့်မြတ်သောအကြောင်းများကို ဆင်ခြင် စဉ်းစားဖို့ လမ်းညွှန်ရန်မဖြစ်နိုင်တော့ချေ။ သင်သည် သင်၏စိတ်ကိုအုပ်စိုး ချုပ်ချယ်ပြီး အချည်းနှီးဖြစ်၍ ပျက်စီးစေသောအကြံအစည်တို့ကို တားဆီး ပိတ်ပင်လိုလျှင် သင်၏မျက်စိ၊ နားနှင့် သင်၏အာရုံငါးပါးတို့အတွက် သစ္စာ ရှိသောကင်းစောင့်ဖြစ်လာရလိမ့်မည်။ ကျေးဇူးတော်တန်ခိုးသာလျှင် အလွန် အလိုရှိအပ်သောဤလုပ်ငန်းကို ပြီးမြောက်စေလိမ့်မည်။[၈]

အလွန်အမင်းစာလေ့ကျက်ခြင်းအလုပ်သည် ဦးနှောက်အားသွေးကို ပိုမိုရောက်ရှိစေခြင်းဖြင့်၊ ကိုယ်ကိုချုပ်တည်းခြင်းသတ္တိကို ဆုတ်ယုတ်သွားစေ သော မကျန်းမာစေသည့်ထကြွနိုးကြားမှုကိုဖြစ်စေသဖြင့်၊ မကြာခဏစိတ်ဇော (သို့မဟုတ်) စိတ်ပြောင်းလွယ်မှုကို ပေါ်လာစေ၏။ ထိုသို့အားဖြင့် ညစ်ညူး ခြင်းကိုပြုစေရန် လမ်းဖွင့်ပေးလေ၏။ ကိုယ်ကာယသတ္တိများကို အလွဲအသုံး

ပြုခြင်း၊ (သို့မဟုတ်) အသုံးမပြုဘဲနေခြင်းအမှုသည် လောကတွင် လွှမ်းမိုးနေသော ပျက်စီးခြင်းဒီရေကိုတိုးလာစေရာ၌ တာဝန်မကင်းပေ။ "ကြွားဝါ ခြင်း၊ အစားအသောက်ကြွယ်ဝပြည့်စုံခြင်းနှင့် များစွာပျင်းရိခြင်း" တို့သည် သောဒုံမြို့၏ပျက်စီးခြင်းကိုဖြစ်စေသကဲ့သို့ ယခုခေတ်ရှိလူတို့၏တိုးတက်မှု အတွက် သေဘေးကိုဖြစ်စေသော ရန်သူများဖြစ်ကြ၏။[၉]

မိမိတို့စွန့်ပစ်ရန်အလိုဆန္ဒမရှိကြသောအပြစ်များကို သူတို့သည်တွေ့မြင်ရမည်ကိုစိုးရိမ်သောကြောင့် သာ၍ယုတ်ညံ့သောရမ္မက်များသည် အများသောသူတို့အား အလင်းတရားကိုမမြင်စေရန် မျက်စိတို့ကိုပိတ်ထားစေကြ၏။ သူတို့သည် အလိုရှိကြလျှင်မြင်နိုင်ကြသည်။ သူတို့သည် အလင်းထက်မှောင်မိုက်ကိုရွေးချယ်ကြလျှင်၊ သူတို့ကျူးလွန်သောရာဇဝတ်မှုများသည် သေးငယ် သောအရာများဖြစ်ကြမည်မဟုတ်။[၁၀]

ဘုရားသခင်၏ပညတ်တရားတော်ကိုရှုတ်ချခြင်း (သို့မဟုတ်) လွန်ကျူးခြင်းအလျင် သေခြင်းရှိ၏ဟူသောစကားသည် ခရစ်ယာန်တိုင်းတို့၏ဆောင်ပုဒ်ဖြစ်ရမည်။ ပြုပြင်ပြောင်းလဲသူများဟု ဝန်ခံပြောဆိုလျက် အလွန်ကြည်ညိုဖွယ်ဖြစ်၍ သန့်စင်စေသောသမ္မာတရားများကို စုဆောင်းထားသောလူတစ်မျိုးဖြစ်သည်အလျောက် ယခုအချိန်မှာတည်ရှိနေသည်ထက် စံနမူနာကိုတိုး၍မြင့်လာအောင် ကျွန်ုပ်တို့ကမြင့်ပေးရကြမည်။ အခြားသောသူတို့၌ညစ်ညူးခြင်းမဖြစ်စေရန်၊ အပြစ်နှင့်အပြစ်ရှိသူတို့ကို ချက်ချင်းအရေးယူရမည်။ အမှန်တရားနှင့်သန့်ရှင်းဖြူစင်ခြင်းရှိစေရန် တပ်ထဲမှအာခန်ကဲ့သို့သောသူများကို ရှင်းလင်းပယ်ရှားမှုကို ကျွန်ုပ်တို့သည် သာ၍သေချာစွာပြုလုပ်ရကြမည်။ တာဝန်ရှိသောနေရာ၌ရှိနေကြသောသူတို့သည် ညီအစ်ကိုတစ်စုံတစ်ဦးတွင် အပြစ်ဒုစရိုက်ကို ဝင်ရောက်နေစေဖို့အခွင့်မပေးပါနှင့်။ သူသည် မိမိ၏အပြစ်ကိုပယ်ရှားရမည် (သို့မဟုတ်) အသင်းတော်မှခွဲခွာသွားရမည်ကို သူ့အား ဖော်ပြပါ။[၁၁]

ပျိုရွယ်သူတို့အား စောင့်ရှောက်ရှိသေခြင်းမှလွဲသွားစေခြင်းငှာ စာတန်သည် အပြင်းအထန်သွေးမဆောင်နိုင်လောက်အောင် အလွန်မြဲမြံစေသော

အခြေခံတရားများသည် ပျိုရွယ်သူတို့၌ ရှိကောင်းရှိလိမ့်မည်။ ရှမွေလသည် အလွန်ပျက်စီးစေရာသောအကြောင်းများနှင့် ဝန်းရံလျက်ရှိနေသောသူငယ်ဖြစ်၏။ သူ၏ဝိညာဉ်ကို ဝမ်းနည်းစေသောအရာများကို သူသည်မြင်နေရ၊ ကြားနေရ၏။ သန့်ရှင်းသောအလုပ်များကို ဆောင်ရွက်နေရသောဧလိ၏သားများသည် စာတန်၏စိုးမိုးအုပ်ချုပ်ခြင်းကို ခံနေရကြ၏။ ဤလူများသည် မိမိတို့၏ပတ်ဝန်းကျင်တစ်ခုလုံးကို ညစ်ညူးစေကြပြီ။ ယောကျ်ား၊ မိန်းမများသည် နေ့စဉ်အပြစ်ဒုစရိုက်နှင့် အမှားများတို့၏ညှို့ခြင်းကိုခံနေရကြသော်လည်း၊ ရှမွေလသည် အစွန်းအထင်းကင်းအောင်ပြုကျင့်၏။ သူ၏အကျင့်စာရိတ္တတည်းဟူသော ဝတ်လုံတို့သည် စွန်းထင်းခြင်းကင်းကြ၏။ ဣသရေလတစ်မျိုးလုံးတွင် ကြောက်စရာကောင်းသောသတင်းများဖြင့် ပြန့်နေစေသောအပြစ်ဒုစရိုက်နှင့် သူသည်ဆက်ဆံခြင်းမရှိ၊ (သို့မဟုတ်) အနည်းငယ်မျှငင်းတို့ကိုနှစ်သက်ခြင်းမရှိ။ ရှမွေလသည် ဘုရားသခင်ကိုချစ်ခင်နှစ်သက်၏။ သူ၏စိတ်ဝိညာဉ်ကို ကောင်းကင်နှင့်ရင်းနှီးစွာဆက်သွယ်စေသဖြင့်၊ ဣသရေလလူတို့ကို ဖျက်ဆီးလျက်နေသော ဧလိ၏သားများ၏အပြစ်များအကြောင်းနှင့်သက်ဆိုင်၍ သူနှင့်စကားပြောရန် ကောင်းကင်တမန်ကိုပင်စေလွှတ်ရလေပြီ။[၁၂]

## အကျင့်ညစ်ညူးခြင်း၏ဆိုးကျိုး

မိမိတို့ကိုယ်ကို အကြီးအကျယ်ဝန်ခံပြောဆိုနေကြသောသူအချို့တို့သည် ကိုယ်ကိုကိုယ်ညစ်ညူးယုတ်ညံ့စေခြင်း၏အပြစ်နှင့် ၎င်း၏သေချာသောဆိုးကျိုးအကြောင်းကို နားမလည်ကြချေ။ ကြာမြင့်စွာတည်ရှိနေသောအကျင့်ဓလေ့သည် သူတို့၏အသိဉာဏ်ကိုကွယ်စေ၏။ ကိုယ်ခန္ဓာကိုအားလျော့စေ၍ ဦးနှောက်အာရုံကြော၏သတ္တိများကိုဖျက်ဆီးနေသည့် ယုတ်ညံ့စေသောဤအပြစ်တို့၏အလွန်အမင်းအပြစ်ရှိခြင်းအကြောင်းကို သူတို့သည် ကောင်းစွာမသိနားမလည်ကြ။ တည်ရှိနေသောအကျင့်ဓလေ့တို့နှင့် တိုက်လှန်လာရသောအခါ၊ ကျင့်ဝတ်အခြေခံစည်းကမ်းများသည် အလွန်အမင်းအားနည်းလာ၏။

အောက်ကျသောဤဆိုးသွမ်းမှုတို့ကို လိုက်စားခြင်းမပြုရန် ကာကွယ်ထားခြင်းမရှိသောနှလုံး၌ ကောင်းကင်သတင်းစကားတို့ကို အခိုင်အမာမစွဲစေနိုင်။ ကာမဂုဏ်လိုက်စားခြင်းအတွက် သဘာဝအတိုင်းမဟုတ်သောအလိုဆန္ဒကို ပြည့်ဝစေခြင်းငှာ မကျန်းမာသောထကြွမှုအားဖြင့် ဦးနှောက်၏ထိခိုက်လွယ်သောအာရုံကြောများသည် မိမိတို့၏ကျန်းမာနေသောအခြေအနေကို ဆုံးရှုံးရကြလေသည်။[၁၃]

အကျင့်ညစ်ညူးခြင်းသည် အခြားသောဆိုးသွမ်းမှုတိုင်းထက် လူမျိုးကိုသာ၍ယုတ်ညံ့သွားစေ၏။ ၎င်းကိုကြောက်မက်ဖွယ်ကောင်းလောက်အောင်အကြီးအကျယ်ပြုကျင့်နေကြသဖြင့် အမျိုးမျိုးသောရောဂါဝေဒနာများကို သက်ရောက်စေလေပြီ။

မိမိတို့၏သားသမီးများသည် ဤဆိုးသွမ်းမှုအကြောင်း အနည်းငယ်သိနားလည်ခြင်းရှိကြလိမ့်မည်ဟု မိဘတို့သည် အများအားဖြင့် မယုံသင်္ကာမဖြစ်ကြချေ။ အလွန်များသောကိစ္စများတွင် မိဘတို့သည် တကယ်ပင်အပြစ်ရှိသူများဖြစ်ကြသည်။ သူတို့သည် အိမ်ထောင်ဖက်ပြုခြင်းအခွင့်အရေးတို့ကို မသင့်မလျော်သုံးစွဲခဲ့ကြပြီးလျှင်၊ အလိုလိုက်ခြင်းဖြင့် မိမိတို့၏တိရစ္ဆာန်ကဲ့သို့သောရမ္မက်တို့ကို ခိုင်ခံ့စေကြပြီ။ ၎င်းပြင် ဤအရာတို့ကိုခိုင်မြဲစေကြပြီ၊၎င်းပြင် ဤအရာတို့ကိုခိုင်မြဲစေကြသောအခါ အကျင့်၊ သိမှတ်တတ်သော ဉာဏ်တို့နှင့်ဆိုင်သော အစွမ်းသတ္တိတို့သည် အားနည်းလာကြ၏။ ဝိညာဉ် သဘောသည် တိရစ္ဆာန်သဘောအားဖြင့် နှိပ်ကွပ်ခြင်းခံရလေ၏။ မိဘတို့၏ ဇာတိသဘောကို ဆက်ခံရရှိလာကြသဖြင့်၊ သားသမီးတို့သည် များစွာတိုးပွားလာသော တိရစ္ဆာန်သဘောများနှင့်မွေးဖွားလာကြ၏။ ဤမိဘများ၌မွေးဖွား လာကြသောသားသမီးတို့သည် လျှို့ဝှက်သောဆိုးသွမ်းမှုတည်းဟူသောစက်ဆုပ် ဖွယ်အကျင့်များကို သဘာဝအလျောက် ဇောက်ထိုးလိုက်နာလာကြလိမ့်မည်။ မိဘတို့သည် သားသမီးတို့အား မိမိတို့၏ကာမဂုဏ်လိုက်စားတတ်သော ဇာတိစိတ်ကို အသေအချာဆက်ခံစေကြသောကြောင့် မိဘတို့၏အပြစ်ကို သားသမီးတို့အပေါ်သို့ သက်ရောက်စေကြလိမ့်မည်။

ဤကဲ့သို့ဝိညာဉ်နှင့်ကိုယ်ခန္ဓာကိုဖျက်ဆီးသော ဆိုးသွမ်းမှုတို့၌ လုံးလုံးစွဲကပ်နေသောသူသည် မိမိတို့နှင့်ပေါင်းဖော်သောသူတို့အား မိမိတို့၏ လျှို့ဝှက်သောမကောင်းမှုဝန်ထုပ်များကို အခြားသောသူတို့အား ဝေမျှမပေးမီ တိုင်အောင် အငြိမ်နေခဲလှပေသည်။ ထူးဆန်းသောအရာကို သိမြင်လိုတတ် သောသဘောသည် ထကြွလာ၏။ ၎င်းပြင် ဆိုးသွမ်းမှုအကြောင်းကို ပျိုရွယ်သူ တစ်ဦးထံမှတစ်ဦးသို့လည်းကောင်း၊ ကလေးတစ်ယောက်ထံမှ တစ်ယောက်သို့ လည်းကောင်း ရောက်ရှိသွားစေသဖြင့် ဤယုတ်ညံ့သောအပြစ်ကို လေ့ကျင့် လိုက်စားခြင်းအကျင့်ကို မသိရှိသောသူတစ်ယောက်မျှမရှိသလောက် ဖြစ်၏။[၁၄]

လျှို့ဝှက်သောအကျင့်ဓလေ့တို့ကို ပြုကျင့်ခြင်းအမှုသည် ကိုယ်ခန္ဓာ ၏အသက်ရှင်စေသော သတ္တိအင်အားတို့ကို ဧကန်အမှန်ပင်ဖျက်ဆီး၏။ ထိုသို့နှိပ်ကွပ်ထားမှုကြောင့် အသက်ရှင်စေသောအင်္ဂါတို့တွင် မလိုသော လှုပ်ရှား မှုအပေါင်းကိုဖြစ်စေ၏။ ပျိုရွယ်သောသူတို့တွင်အရေးကြီး၍ အသက် ရှင်စေ သောဗဟိုအင်္ဂါတည်းဟူသောဦးနှောက်သည် ငယ်ရွယ်စဉ်အခါ၌ပင် အလွန်ပြင်း ထန်စွာပင်ပန်းခဲ့သဖြင့်၊ ချွတ်ယွင်းခြင်းနှင့် ကြီးစွာအားကုန်ခန်းခြင်း အမှုကိုဖြစ် စေရာ ကိုယ်ခန္ဓာသည် ရောဂါဝေဒနာအမျိုးမျိုးတို့ကို စွဲကပ်စရာ အကြောင်းဖြစ်လာ၏။

အသက်ဆယ့်ငါးနှစ်နှင့် ဆယ့်ငါးနှစ်အထက်သို့တိုင်အောင် ဤအကျင့် ကို ဆက်လက်ပြုလုပ်နေပါက၊ သဘာဝသည် မိမိခံရသောနှိပ်စက်ရှုတ်ချ ခြင်းအမှုကို ကန့်ကွက်လိမ့်မည်။ ၎င်းပြင် ထိုအမှုတို့ကို ဆက်လက်ခံနေရ လျက်၊ မိမိ၏တရားများကို လွန်ကျူးခြင်းအတွက် အခကိုပေးရလိမ့်မည်။ အထူးသဖြင့် အသက်သုံးဆယ်မှလေးဆယ့်ငါးနှစ်အထိ ကိုယ်ခန္ဓာ၌များစွာ သောဝေဒနာများ၊ အမျိုးမျိုးသော ရောဂါများတည်းဟူသော အသည်း၌ထိခိုက် နာများ၊ အကြောနာ၊ ဒူလာမီးယပ်နာ၊ ကျောရိုး၌ ထိခိုက်နာ၊ ကျောက်ကပ် ရောဂါနှင့်ကင်ဆာနာကဲ့သို့သော ရောဂါအနာများအားဖြင့် အခကိုပေးဆပ်ရ လိမ့်မည်။ သဘာဝ၏နူးညံ့သောခန္ဓာစက်အချို့တို့သည် ချွတ်ယွင်းပျက်စီး

သွားသဖြင့် ကျန်ရှိနေသေးသောစက်တို့အပေါ်သို့ သာ၍ကြီးလေးသောလုပ်ငန်းကိုချပေးရာ၊ သဘာဝ၏နူးညံ့သောအစီအမံကို ဖရိုဖရဲဖြစ်သွားစေ၏။ ၎င်းပြင် မကြာခဏကိုယ်ခန္ဓာကို ရုတ်တရက်ပြိုပျက်သွားစေခြင်း၊ သေဆုံးခြင်းတို့ကို ဖြစ်စေလိမ့်မည်။

တစ်စုံတစ်ယောက်သောသူ၏အသက်ကို ရုတ်တရက်သေစေခြင်းအမှုသည် ကောင်းကင်ဘုံ၏မျက်မှောက်၌ တဖြည်းဖြည်းနှင့်ဇကန်အမှန်ပျက်စီးသေဆုံးစေခြင်းထက် သာ၍ကြီးကျယ်သည်မဟုတ်။ မှားသောအမှုအားဖြင့် မိမိကိုယ်၌ ဇကန်အမှန်ပျက်စီးယိုယွင်းခြင်းကိုဖြစ်စေသောသူတို့သည် ဤဘဝ၌အပြစ်၏အခကိုခံရကြမည်။ ၎င်းပြင် အသေအချာနောင်တရခြင်းမရှိလျှင်၊ အသက်ကိုချက်ချင်းဖျက်ဆီးသောသူထက် လျင်မြန်စွာနောင်ဘဝ၌ ကောင်းကင်သို့ဝင်စားခွင့်ရမည်မဟုတ်။ အကြောင်းရင်းနှင့် ၎င်း၏အကျိုးအပြစ်တို့ကို ဆက်သွယ်နေစေခြင်းငှာ ဘုရားသခင်သည် အလိုရှိတော်မူ၏။

အားနည်းသောပျို့ရွယ်သူအပေါင်းတို့အား မှားယွင်းသောအလေ့အကျင့်တို့ကြောင့် အပြစ်ဒဏ်သင့်သူများအဖြစ် ကျွန်ုပ်တို့သဘောမထားကြပါ။ စိတ်သဘောသန့်ရှင်း၍ ဖြောင့်မတ်မှန်ကန်သောသူများရှိကြသည်။ သို့ရာတွင် သူတို့သည် သူတို့မစိုးမိုးနိုင်သောအကြောင်းရင်းများကြောင့် ဒုက္ခဝေဒနာခံစားနေရကြသည်။

လျှို့ဝှက်သောဆိုးသွမ်းမှုသည် ဘာသာရေး၌ ကောင်းမြတ်သောအကျင့်သီလကိုဖြစ်ပေါ်လာစေရန် မြင့်မြတ်သောစိတ်ပြင်းသန်မှု၊ စိတ်အားကြီးစွာကြိုးစားအားထုတ်မှုနှင့် စိတ်အလိုဆန္ဒ၌ခိုင်ခံ့မှုတို့ကို ဖျက်ဆီးသောအရာဖြစ်သည်။ ခရစ်တော်၏နောက်တော်သို့လိုက်သောသူတို့သည် ကိုယ်တော်၏တပည့်တော်များကဲ့သို့ မိမိတို့၏တပ်မက်ခြင်း၊ မိမိတို့၏ကာယခွန်အားနှင့် ဉာဏ်အစွမ်းသတ္တိရှိသမျှတို့ကို ဘုရားသခင်၏အလိုတော်သို့ လုံးလုံးအပ်နှံထားရမည်ဟု ခရစ်ယာန်ဖြစ်ခြင်းသည် မည်သည့်အရာပါဝင်သည်ကို မှန်ကန်စွာသိမြင်သောသူအပေါင်းတို့သည် သိရှိကြ၏။ မိမိတို့၏တပ်မက်ခြင်းရမ္မက်အားဖြင့် စိုးမိုးခြင်းခံရသောသူတို့သည် သခင်ခရစ်တော်၏နောက်သို့လိုက်သော

သူများမဖြစ်နိုင်ကြချေ။ သူတို့သည် ဆိုးသွမ်းမှုအပေါင်းတို့ကို အစပြုသော သူတို့၏သခင်၏အလုပ်၌ အလွန်စိတ်ပါဝင်စားနေကြသဖြင့်၊ မိမိတို့၏ ပျက်စီးသောအကျင့်ဓလေ့တို့ကိုမစွန့်ပစ်နိုင်၊ သခင်ခရစ်တော်၏အမှုတော်ကို မဆောင်ရွက်နိုင်ကြ။[၁၅]

စိတ်သဘောသည် နုသေးစဉ်အခါ၊ လူငယ်တို့သည် ညံ့သောအကျင့်ဆိုးတို့ကို လိုက်စားလာကြသောအခါ၊ သူတို့သည် ကာယ၊ ဉာဏနှင့်စာရိတ္တဗလတို့တွင် ပြည့်စုံမှန်ကန်စွာကြီးပွားနိုင်ရန် ခွန်အားကိုဘယ်အခါမျှမရနိုင်ကြ။[၁၆]

ဆိုးညစ်ယုတ်ညံ့သောအကျင့်တို့ကို လိုက်စားခဲ့သောသူတို့သည် ဤဘဝ၌ ကျန်းမာရေးနှင့်နောင်ဘဝ၌ ကယ်တင်ခြင်းကိုတန်ဖိုးထားကြလျှင်၊ သူတို့၏တစ်ခုတည်းသောမျှော်လင့်ချက်ကား ထိုအကျင့်တို့ကိုစွန့်ပစ်ခြင်းတည်း။ ဤအကျင့်ဓလေ့များကို အတော်ကြာမြင့်စွာလိုက်စားခဲ့သောအခါ၊ သွေးဆောင်စုံစမ်းခြင်းကို တားဆီးကန့်ကွက်၍ ပျက်စီးစေသောကာမဂုဏ်လိုက်စားမှုတို့ကို ငြင်းပယ်ရန် စိတ်ပြဋ္ဌာန်းခြင်းနှင့်ကြိုးစားအားထုတ်ဖို့လိုပေသည်။[၁၇]

ကျွန်ုပ်တို့၏သားသမီးများအား ဆိုးသွမ်းသောအကျင့်ဓလေ့တိုင်းမှ ကာကွယ်ပေးရန် အမှန်ဘေးကင်းလုံခြုံသော တစ်ခုတည်းသောနည်းကား သူတို့အားသခင်ခရစ်တော်၏သိုးခြံထဲသို့သွင်းပေး၍ သစ္စာရှိလျက်မှန်ကန်သော သိုးထိန်းကြီး၏လက်အောက်၌ စောင့်ရှောက်ခြင်းကိုခံစေဖို့ကြိုးစားခြင်းတည်း။ သူတို့သည် ကိုယ်တော်၏စကားသံတော်ကိုဂရုစိုက်ကြလျှင်၊ ကိုယ်တော်သည် သူတို့ကိုဆိုးသွမ်းသောအမှုတိုင်းမှကယ်တင်မည်။ ဘေးဥပဒ်အပေါင်းမှကာကွယ်ပေးတော်မူမည်။ ကိုယ်တော်က၊ "ငါ၏သိုးတို့သည် ငါ၏စကားသံကိုကြားရကြသဖြင့် ငါ့နောက်သို့လိုက်ကြ၏" ဟုမိန့်တော်မူ၏။ သခင်ခရစ်တော်၌ သူတို့သည်ကျက်စားရာနေရာကိုတွေ့ရှိ၍၊ ခွန်အားနှင့်မျှော်လင့်ခြင်းကိုရရှိလျက်၊ စိတ်အာရုံတိမ်းယိမ်းစေ၍ နှလုံးအလိုကိုပြည့်စေရန် တစ်စုံတစ်ခုကိုစိတ်မငြိမ်မသက်စွာတောင့်တခြင်းဖြင့် ဒုက္ခရောက်နေရလိမ့်မည်မဟုတ်။ သူတို့သည် အဖိုးများစွာထိုက်သောပုလဲကိုတွေ့ကြပြီဖြစ်၍ စိတ်သည်ငြိမ်သက်ခြင်းကိုရရှိ

လေပြီ။ သူတို့၏ပျော်မွေ့ခြင်းအမှုသည် ဖြူစင်၊ ငြိမ်သက်၊ မြင့်မြတ်၍ ကောင်းကင်နှင့်ဆိုင်သောသဘောများပါဝင်၏။ ၎င်းတို့သည် စိတ်ပျက်ဖွယ်ရာအကြောင်း၊ သံဝေဂရစရာအကြောင်းများကို ပြန်၍ဖြစ်ပေါ်မလာစေနိုင်။ ထိုသို့သောပျော်မွေ့ခြင်းအမှုသည် ကျန်းမာရေးကိုမပျက်စီးစေနိုင်၊ (သို့မဟုတ်) စိတ်ကိုမပင်ပန်းစေနိုင်ဘဲ ကျန်းမာစေသောသဘောများပါဝင်၏။[၁၈]

---ο---

# အခန်း (၅၄)
# လူနာအတွက်ဆုတောင်းခြင်း

ကျမ်းစာက၊ "လူတို့သည်အားမလျော့ဘဲကြိုးစား၍ ဆုတောင်းရမည်" (လု ၁၈း၁) ဟုဖော်ပြထား၏။ ၎င်းပြင် မိမိတို့၌ဆုတောင်းဖို့လိုသောအချိန် မှာ ခွန်အားကုန်ခန်းနေ၍ မိမိတို့ထံမှ အသက်သည် တဖြည်းဖြည်းလွတ်ထွက် သွားတော့မည်ဟုထင်ရသော အချိန်အခါဖြစ်ပေသည်။ မကြာခဏကျန်းမာ ခြင်းနှင့်ပြည့်စုံနေသောသူသည် တစ်နေ့ပြီးတစ်နေ့၊ တစ်နှစ်ပြီးတစ်နှစ် မိမိ တို့အပေါ်၌ ဆက်လက်ချပေးတော်မူသော အံ့ဩဖွယ်ကရုဏာကျေးဇူးတော်ကို မေ့လျော့နေတတ်ကြပြီး၊ ဘုရားသခင်ပေးသနားတော်မူသောကောင်းကျိုး များအ တွက် ဘုရားသခင်၏ကျေးဇူးတော်ကို ချီးမွမ်းခြင်းမပြုဘဲနေတတ်ကြ သည်။ သို့သော် ဖျားနာလာသောအခါ ဘုရားသခင်ကိုသတိရလာတတ်ကြ၏။ လူ၏ ခွန်အားသည် ကုန်ခန်းသွားသောအခါ၊ လူသည် ဘုရားသခင်၏ အကူအညီကို လိုကြောင်း သိရှိလာလေ၏။ ကရုဏာနှင့်ပြည့်စုံတော်မူသော ကျွန်ုပ်တို့၏ဘုရား သခင်သည် အကူအညီအတွက် ဘုရားသခင်ကိုရိုးဖြောင့် စွာရှာသောဝိညာဉ်ထံမှ ဘယ်အခါမျှမျက်နှာလွှဲတော်မမူ။ ဘုရားသခင်သည် ကျန်းမာသောအခါမှာကဲ့သို့ ဖျားနာသောအခါမှာလည်း ကျွန်ုပ်တို့၏ခိုလှုံရာ ဖြစ်တော်မူ၏။

သခင်ယေရှုသည် မြေကြီးပေါ်၌ ရှေးဦးစွာအမှုဆောင်ရွက်တော်မူစဉ် အခါမှာနည်းတူ၊ ယခုလည်း ကိုယ်တော်သည် သနားခြင်းကရုဏာရှိတော် မူသော သမားတော်ကြီးဖြစ်တော်မူသေး၏။ ရောဂါတိုင်းအတွက် ကျန်းမာ ချမ်းသာစေသောဆေးသည် သခင်ခရစ်တော်၌ရှိလျက် မကျန်းမမာသော အခြေအနေရှိသမျှကို ပြန်၍ချမ်းသာပေးသောတန်ခိုးလည်းရှိ၏။ ဤခေတ် ကာလရှိ ကိုယ်တော်၏တပည့်တော်သည် ရှေးကာလရှိတပည့်တော်များ ဆုတောင်းသကဲ့သို့ ဖျားနာသူတို့အတွက် မှန်ကန်စွာဆုတောင်းရကြမည်။ ၎င်းပြင် "ယုံကြည်ခြင်း၏ပတ္ထနာသည် လူနာကိုကယ်ဆယ်" သောကြောင့်

လူနာတို့သည် ပြန်၍ကျန်းမာလာကြလိမ့်မည်။ ကျွန်ုပ်တို့၌ ဘုရားသခင်၏ ကတိတော်များကို တောင်းဆိုနိုင်သောယုံကြည်ခြင်းအတွက် စိတ်ချစရာဖြစ်သော သန့်ရှင်းသောဝိညာဉ်တော်၏တန်ခိုးတော်ရှိ၏။ "မကျန်းမမာသော သူတို့အပေါ်မှာ လက်ကိုတင်၍ ချမ်းသာပေးကြလတ္တံ့" (မာ၊ ၁၆း၁၈) ဟူသော သခင်ဘုရား၏ကတိတော်သည် တမန်တော်တို့၏လက်ထက်မှာကဲ့သို့ ယခုအခါ၌လည်း အားကိုးနိုင်သောအရာဖြစ်သည်။ ၎င်းသည် ဘုရားသခင် ၏သားသမီးတို့၌ ရရှိအပ်သောအခွင့်အရေးကိုဖော်ပြသဖြင့် ကျွန်ုပ်တို့ယုံကြည် ခြင်းသည် ၎င်းတွင်ပါဝင်သောအရာအပေါင်းတို့ကို ကိုင်ဆွဲထားရမည်။ သခင်ခရစ်တော်၏ ကျွန်များသည် ကိုယ်တော်၏ပြုပြင်ခြင်းကို ထင်ရှားစေသော လမ်းကြောင်းဖြစ်စေ၍၊ သူတို့အားဖြင့် ကိုယ်တော်၏ကျန်းမာချမ်းသာပေးနိုင် သောတန်ခိုးတော်ကို အသုံးပြုရန် အလိုရှိတော်မူ၏။ ယုံကြည်ခြင်းလက်ရုံးအားဖြင့် ဘုရားသခင်အား ဖျားနာသူနှင့်ဒုက္ခရောက်သူတို့ကိုဆက်ကပ်ခြင်းသည် ကျွန်ုပ်တို့၏လုပ်ငန်းဖြစ်သည် ကြီးကျယ်စွာ ကျန်းမာချမ်းသာစေတော် မူသောအရှင်၌ ယုံကြည်အားထားရန် သူတို့အားသွန်သင်ပေးရမည်။ ကိုယ်တော် ၏ခွန်အားကိုဆွဲကိုင်စေရန် ကျွန်ုပ်တို့သည် လူနာများ၊ အားကိုးရာမဲ့သူများ၊ ဒုက္ခဆင်းရဲခြင်းရောက်သူများတို့ကို အားပေးနှိုးဆော်စေရန် ကယ်တင်ရှင်သည် အလိုရှိတော်မူ၏။

## ဆုတောင်းခြင်းကိုနားညောင်းတော်မူစေရန် လိုက်နာအပ်သောစည်းကမ်းများ

ဘုရားသခင်၏နှုတ်ကပတ်တော်ကို လိုက်နာကျင့်ဆောင်နေကြသော အခါ၌သာ၊ ကျွန်ုပ်တို့သည် ကိုယ်တော်၏ကတိတော်များကို ပြည့်စုံစေဖို့ တောင်းဆိုနိုင်ကြသည်။ ဆာလံဆရာက၊ "ငါသည်စိတ်နှလုံးထဲမှာ ဒုစရိုက်ကိုငဲ့ကွက်လျှင်၊ ဘုရားရှင်သည် နားထောင်တော်မမူ" (ဆာ ၆၆း၁၈) ဟု ဖော်ပြထား၏။ ကျွန်ုပ်တို့သည် ထက်ဝက်သာစိတ်ပါသောသဘောနှင့်

နားထောင်လိုက်နာကြလျှင်၊ ကျွန်ုပ်တို့၌ ကိုယ်တော်ကတိတော်သည် ပြည့်စုံလိမ့်မည်မဟုတ်။

ဘုရားသခင်၏နှုတ်ကပတ်တော်၌ လူနာများအား ကျန်းမာချမ်းသာစေဖို့အတွက် ထူးခြားစွာဆုတောင်းခြင်းအကြောင်းနှင့်ပတ်သက်၍ သွန်သင်ချက်များကို ကျွန်ုပ်တို့အားဖော်ပြထားပါသည်။ သို့ရာတွင် ထိုဆုတောင်းခြင်းသည် အလွန်ကြည်ညိုဖွယ်ကောင်းသောအမှုဖြစ်၍ သေချာစွာဆင်ခြင်စဉ်းစားခြင်းမရှိဘဲ မပြုလုပ်သင့်ပေ။ လူနာအားချမ်းသာစေရန် ဆုတောင်းကြသောအမှုကိစ္စအများတွင် ယုံကြည်ခြင်းဟုခေါ်နေသောအရာမှာ စိတ်အထင်မျှသာဖြစ်၏။

များစွာသောသူတို့သည် မိမိတို့အလိုသို့လိုက်စားခြင်းဖြင့် မိမိတို့၌ရောဂါဝေဒနာများကို သက်ရောက်စေ၏။ သူတို့သည် သဘာဝတရား (သို့မဟုတ်) သေချာစွာသန့်ရှင်းခြင်းနှင့်ဆိုင်ရာ အခြေခံစည်းကမ်းဥပဒေများနှင့် ညီညွတ်စွာမနေထိုင်ကြချေ။ အခြားသောသူတို့သည် အစားအသောက်၊ အဝတ်အထည်၊ အလုပ်အကိုင်တို့နှင့်ဆိုင်သော အလေ့အကျင့်တို့တွင် ကျန်းမာခြင်းစည်းကမ်းဥပဒေများကို ဂရုမစိုက်ဘဲနေခဲ့ကြပြီ။ မကြာခဏဆိုးသွမ်းသောအမှုတစ်စုံတစ်မျိုးကြောင့် စိတ် (သို့မဟုတ်) ကိုယ်ခန္ဓာ၌ အားနည်းခြင်းကိုဖြစ်စေ၏။ ဤလူများတို့သည် ကျန်းမာခြင်းတည်းဟူသော ကောင်းချီးမင်္ဂလာကိုခံစားနေရကြလျှင် အများသောသူတို့သည် ဘုရားသခင်၏သဘာဝတရား နှင့် ဝိညာဉ်ရေးတရားများကို သတိမမူဘဲ ကျူးလွန်နေခြင်းအမှုကိုပင် ဆက်လက်ပြုကျင့်နေကြပြီးလျှင်၊ ဘုရားသခင်သည် ဆုတောင်းခြင်းကို နားညောင်းတော်မူလျက် မိမိတို့အား ကျန်းမာချမ်းသာစေတော်မူခဲ့လျှင်၊ ကျန်းမာခြင်းနှင့်မညီညွတ်သောအလေ့အကျင့်များကို ဆက်လက်ပြုကျင့်၍ တားဆီးကန့်ကွက်ခြင်းမပြုရဘဲ လွဲမှားသောအစားအသောက်တို့ကိုသုံးဆောင်နေဖို့ မိမိတို့၌အခွင့်အရေးရှိသည်ဟု ဆင်ခြေပေးတတ်ကြသည်။ ဘုရားသခင် သည် ဤလူများအား ကျန်းမာလာပြန်စေရန် နိမိတ်လက္ခဏာကိုပြုတော်မူ ရလျှင်၊ ဘုရားသခင်သည် အပြစ်ကိုအားပေးနေတော်မူရာရောက်လိမ့်မည်။

ကျန်းမာခြင်းနှင့်မညီညွတ်သောအလေ့အကျင့်တို့ကို စွန့်ပယ်ထားရန်လည်း လူတို့အားသွန်သင်ပေးခြင်းမပြုခဲ့လျှင်၊ ဘုရားသခင်အား မိမိတို့၏ရောဂါဝေဒနာများကို ချမ်းသာပေးတော်မူသောအရှင်အဖြစ် အားကိုးအားထားပြုရန် သွန်သင်ပေးခြင်းသည် အကျိုးမရှိဆုံးရှုံးသောအလုပ်ဖြစ်သည်။ ဆုတောင်းခြင်းကိုနားညောင်းတော်မူလျက် ဘုရားသခင်၏ကောင်းချီးမင်္ဂလာခံစားနိုင်မည်အကြောင်း၊ သူတို့သည် ဆိုးသောအမှုတို့ကိုမပြုတော့ဘဲ ရပ်စဲထားလျက် ကောင်းသောအမှုကိုပြုရန်လေ့လာရကြမည်။ သူတို့၏ပတ်ဝန်းကျင်သည် သန့်ရှင်းစင်ကြယ်ခြင်းရှိရမည်။ သူတို့အသက်တာ၏အကျင့်စလေ့များကို ပြုပြင်ပေးရမည်။ သူတို့သည် ဘုရားသခင်၏သဘာဝတရား၊ ဝိညာဉ်ရေး တရားနှစ်ခုစလုံးနှင့် ညီညွတ်စွာနေထိုင်ပြုမူရမည်။

ကျန်းမာခြင်းကိုပြန်၍ရရှိရန်အတွက် ဆုတောင်းလိုသောသူတို့အား ဘုရားသခင်၏သဘာဝတရား (သို့မဟုတ်) ဝိညာဉ်ရေးတရားကိုလွန်ကျူးခြင်းသည် အပြစ်ဖြစ်သည်ကိုလည်းကောင်း၊ သူတို့သည် ဘုရားသခင်၏ကောင်းချီးမင်္ဂလာကိုခံစားရကြမည်အကြောင်း သူတို့သည် အပြစ်ကိုဝန်ချတောင်းပန်၍ စွန့်ပစ်ရမည်။

"အချင်းချင်း တစ်ယောက်နှင့်တစ်ယောက်၊ ကိုယ်အပြစ်ကိုဖော်ပြတောင်းပန်ကြလော့။ ချမ်းသာရမည်အကြောင်း အချင်းချင်းတို့အဖို့ဆုတောင်းကြလော့" ဟု ကျွန်ုပ်တို့အားကျမ်းစာကမှာထားတော်မူ၏။ (ယာ ၅း၁၆) ဆုတောင်းခြင်းငှာအလိုရှိသောသူအား၊ ဤအကြံအစည်မျိုးကိုပေးလော့။ "ကျွန်ုပ်တို့သည် စိတ်နှလုံးသဘောကိုမသိနိုင်။ (သို့မဟုတ်) သင့်အသက်တာ၏လျှို့ဝှက်ချက်များကိုလည်းမသိနိုင်၊ ဤအရာများကို သင့်ကိုယ်တိုင်နှင့် ဘုရားသခင်သာသိရှိ၏။ သင်၏အပြစ်ကိုမြင်၍နောင်တရလျှင်၊ ၎င်းတို့ကို ဝန်ချတောင်းပန်ရန် သင်၏တာဝန်ဖြစ်သည်။" လျှို့ဝှက်သောသဘော သက်ဝင်သည့်အပြစ်ကို ဘုရားသခင်နှင့်လူစပ်ကြားတွင် တစ်ဦးတည်းသောဖျန်ဖြေသူ၊ သခင်ခရစ်တော်အားဝန်ချတောင်းပန်ရမည်။ အကြောင်းမူကား၊ "တစ်စုံတစ်ယောက်သောသူသည် ဒုစရိုက်ကိုပြုမိလျှင်၊ ဖြောင့်မတ်တော်မူသော

အရှင်ယေရှုခရစ်တည်းဟူသော ငါတို့အမှုဆောင်သခင်သည် ခမည်းတော် ထံ၌ရှိတော်မူ၏” (၁ယော ၂း၁)။ အပြစ်တိုင်းသည် ဘုရားသခင်ကို ပြစ်မှား သောအရာများဖြစ်၍ သခင်ခရစ်တော်အားဖြင့် ဘုရားသခင်အား ဝန်ချ တောင်း ပန်ရမည်။ ထင်ရှားသောအပြစ်များကို ထင်ရှားစွာဝန်ချတောင်းပန်ရမည်။ တစ်စုံ တစ်ယောက်အားပြုမိသောအမှားကို ပြစ်မှားခဲ့သောသူအား ဝန်ချတောင်းပန်၍ အချင်းချင်းပြေငြိမ်းအောင်ပြုရမည်။ ကျန်းမာခြင်းကိုရှာကြံ နေသောသူတစ်စုံ တစ်ယောက်သည် မသင့်လျော်သောစကားကိုပြောမိ၍ အပြစ် သင့်လျှင် အိမ်နှင့် လည်းကောင်း၊ အိမ်နီးချင်းတို့တွင်လည်းကောင်း၊ အသင်း တော်၌လည်းကောင်း စိတ်ဝမ်းကွဲပြားစေသောအမှုကိုပြုလုပ်ခဲ့၍ လူများ တို့အထဲ တွင်ငြင်းခုံကွဲပြား ခြင်း၊ မသင့်မတင့်ခြင်းအမှုများဖြစ်လာအောင် နှိုးဆော်ခဲ့လျှင် မှားသောအကျင့် ဓလေ့တစ်စုံတစ်ခုအားဖြင့် အခြားသူအား အပြစ်ပြုစေခဲ့ လျှင်၊ ဤအရာများကို ဘုရားသခင်ရှေ့နှင့်ပြစ်မှားမိသောသူတို့ ရှေ့တွင် ဖော်ပြ ဝန်ချရမည်။ “ကိုယ်အ ပြစ်တို့ကိုဖော်ပြတောင်းပန်လျှင်၊ ငါတို့ အပြစ်များကို လွှတ်၍ ဒုစရိုက်ရှိသမျှ နှင့်ကင်းစင်စေခြင်းငှာ ဘုရားသခင်သည် သစ္စာတရား နှင့်လည်းကောင်း၊ ဖြောင့်မတ်ခြင်းတရားနှင့်လည်းကောင်း ပြည့်စုံ တော်မူ၏” (၁ယော ၁း၉)။

အမှားကိုပြုပြင်ပြီးသောအခါ၊ နာဖျားသောသူအလိုရှိသောအရာများ ကို တည်ငြိမ်သောယုံကြည်ခြင်းမျိုးဖြင့် သခင်ဘုရားအား ကျွန်ုပ်တို့ကဖော်ပြ ရကြမည်။ ကိုယ်တော်သည် လူအသီးအသီးတို့ကို အမည်အားဖြင့်သိရှိတော် မူသဖြင့်၊ မိမိ၏ချစ်ခင်တော်မူသောသားတော်ကို ပေးတော်မူခြင်းခံရသောသူ သည် မြေကြီးပေါ်၌ အခြားသူမရှိသကဲ့သို့ အသီးအသီးတို့အတွက်စောင့်ရှောက် ကြည့်ရှုတော်မူ၏။ ဘုရားသခင်၏မေတ္တာတော်သည် အလွန်ကြီးမြတ်၍ အလွန်မပျက်ကွက်နိုင်သောကြောင့် လူနာအား ဘုရားသခင်ကိုအားကိုး၍ ဝမ်းမြောက်ခြင်းရှိစေရန် တိုက်တွန်းအားပေးရမည်။ မိမိတို့ကိုယ်တိုင်အတွက် စိုးရိမ်ပူပန်ခြင်းသည် အားနည်းခြင်းနှင့်ရောဂါဝေဒနာကိုဖြစ်စေ၏။ သူတို့သည် စိတ်ပျက်ဝမ်းနည်းခြင်းတို့ကို ပယ်ရှားထားကြမည်ဆိုလျှင်၊ သာ၍မြန်မြန်

ကျန်းမာလာရန် သူတို့၌မျှော်လင့်ချက်ရှိနိုင်သည်။ "ကရုဏာတော်ကို ခိုလှုံသောသူတို့ကို ထာဝရဘုရားသည် ကြည့်ရှုလျက်ရှိတော်မူ၏" (ဆာလံ ၃၃း၁၈)။

ဖျားနာသူတို့အတွက်ဆုတောင်းပေးရာတွင်၊ "ငါတို့သည်ဆုတောင်းသင့်သည်အတိုင်း အဘယ်ဆုကိုတောင်းရမည်ဟုမသိကြ" (ရော ၈း၂၆) ဟူသောအချက်ကို သတိရသင့်ကြသည်။ ကျွန်ုပ်တို့အလိုရှိနေသော ကောင်းချီးမင်္ဂလာသည် အကောင်းဆုံးဖြစ်မည်မဖြစ်မည်ကို ကျွန်ုပ်တို့မသိကြ။ ထို့ကြောင့် ကျွန်ုပ်တို့ဆုတောင်းကြသောအခါ ဤသဘောမျိုးပါဝင်ရမည်။ "ထာဝရဘုရား၊ ကိုယ်တော်သည် ဝိညာဉ်၏လျှို့ဝှက်သောအရာတိုင်းကို သိရှိတော်မူ၏။ ကိုယ်တော်သည် ဤလူတို့အကြောင်းကို သိကျွမ်းတော်မူ၏။ သူတို့၏ အမှုဆောင်၊ သခင်ယေရှုသည် သူတို့အတွက် မိမိ၏အသက်ကိုစွန့်တော်မူ၏။ သူတို့အပေါ်၌ထားတော်မူသော ကိုယ်တော်၏မေတ္တာတော်သည် ကျွန်ုပ်တို့က တတ်နိုင်သမျှထားသော မေတ္တာထက်သာ၍ကြီးမြတ်ပါ၏။ ထို့ကြောင့် ကိုယ်တော်၏ဘုန်းတော်ထင်ရှားစေဖို့နှင့် ဆင်းရဲခြင်းကိုခံရသောလူ၏ ကောင်းကျိုးအတွက်ဖြစ်ပါလျှင် သခင်ယေရှု၏နာမတော်၌ သူတို့အားပြန်၍ ကျန်းမာလာစေမည်အကြောင်း ကျွန်ုပ်တို့တောင်းလျှောက်ပါ၏။ သူတို့သည် ပြန်၍ကျန်းမာလာစေဖို့ ကိုယ်တော်သည် အလိုရှိတော်မမူပါလျှင်၊ ကိုယ်တော်၏ကျေးဇူးတော်သည် သူတို့၏ဒုက္ခဆင်းရဲခြင်းတွင် သက်သာခြင်းရ၍ ကိုယ်တော်သည် သူတို့နှင့်အတူရှိတော်မူခြင်းဖြင့် သူတို့၏ဝေဒနာများတွင် ထောက်မတော်မူမည်အကြောင်း တောင်းလျှောက်ပါ၏။"

ဘုရားသခင်သည် အစမှအဆုံးတိုင်အောင်ရှိတော်မူ၏။ ဘုရားသခင်သည် လူအပေါင်းတို့၏စိတ်သဘောကို ကောင်းစွာကျွမ်းကျင်သိရှိတော်မူ၏။ ဝိညာဉ်တို့၏လျှို့ဝှက်ချက်ရှိသမျှကို ကိုယ်တော်သည် သိမြင်တော်မူ၏။ ဖျားနာသောသူတို့အတွက် ဆုတောင်းပေးကြရာတွင် ထိုဖျားနာသောသူတို့သည် အသက်ရှင်နေရလျှင် သူတို့အပေါ်၌ရောက်သောစုံစမ်းခြင်းကို ခံနိုင်မည်၊ မခံနိုင်မည်ကို ဘုရားသခင်သည် သိမြင်တော်မူ၏။ သူတို့၏အသက်တာသည်

မိမိတို့ကိုယ်တိုင်နှင့် လောကအတွက် ကောင်းချီးမင်္ဂလာဖြစ်စေမည် (သို့မဟုတ်) ကျိန်ခြင်းဖြစ်စေမည်ကို ဘုရားသခင်သည် သိမြင်တော်မူ၏။ ထိုအကြောင်းကြောင့် ကျွန်ုပ်တို့သည် စိတ်အားကြီးစွာဆုတောင်းနေကြစဉ်၊ "သို့သော် လည်း၊ အကျွန်ုပ်အလိုရှိသည်အတိုင်းမဖြစ်ပါစေနှင့်၊ ကိုယ်တော်အလိုရှိသည် အတိုင်းဖြစ်ပါစေသော (လု ၂၂း၄၂) ဟု ကျွန်ုပ်တို့သည် ပြောဆိုရကြမည်။ သခင်ယေရှုသည် ဂေသရေမန်ဥယျာဉ်၌၊ "အကျွန်ုပ်အဘ၊ ဤခွက် သည် အကျွန်ုပ်ကိုလွှန်သွားနိုင်လျှင် လွှန်သွားပါစေသော" (မ ၂၆း၃၉) ဟု တောင်းပန်သောအခါ၊ ဘုရားသခင်၏ဉာဏ်ပညာတော်နှင့်အလိုတော်ကို ဤ စကားများဖြင့် ထပ်မံဝန်ခံတော်မူ၏။ ဤစကားတို့သည် ဘုရားသခင်၏ သားတော်ဖြစ်တော်မူသော ကိုယ်တော်အဖို့သင့်လျော်လျှင်၊ ကန့်သတ်ထား၍ မှားယွင်းတတ်သောလူ၏နှုတ်အတွက် ဤစကားများသည် မည်မျှတော် လျော်လိမ့်မည်နည်း။

ညီညွတ်မျှတသောလမ်းကား၊ ကျွန်ုပ်တို့၏အလိုဆန္ဒများကို အနန္တဉာဏ်တော်နှင့်ပြည့်စုံတော်မူသော ကောင်းကင်ခမည်းတော်အား အပ်နှံထားခြင်းတည်း။ ထို့နောက် ဘုရားသခင်၌ လုံးလုံးယုံကြည်အားထားခြင်းရှိရမည်။ ကျွန်ုပ်တို့သည် ဘုရားသခင်၏အလိုတော်နှင့်အညီ တောင်းလျှောက်ကြလျှင်၊ ဘုရားသခင်သည် နားညောင်းတော်မူကြောင်းကို ကျွန်ုပ်တို့သိရှိကြ၏။ သို့ရာတွင် ဝန်ခံတတ်သောသဘောမပါဘဲ ကျွန်ုပ်တို့သည် အတင်းအကျပ်တောင်းလျှောက်ခြင်းသည် မမှန်ချေ။ ကျွန်ုပ်တို့၏ဆုတောင်းခြင်းအမှုမှာ အမိန့်ပေးသောသဘောမဟုတ်ဘဲ ကြားဖျန်ဖြေခြင်းသဘောသက်ဝင်ရမည်။

ပြန်၍ကျန်းမာချမ်းသာလာစေသောအမှုတွင် မိမိ၏တန်ခိုးတော်အားဖြင့် အသေအချာပြုပြင်တော်မူသောအမှုများရှိပေသည်။ သို့ရာတွင် ဖျားနာသောသူအပေါင်းတို့သည် ကျန်းမာခြင်းသို့ရောက်ရကြသည်မဟုတ်။ အများသောသူတို့သည် သခင်ခရစ်တော်၌အိပ်ပျော်သွားရကြ၏။ ပတ်မုကျွန်းပေါ်၌ ယောဟန်အား ဤကဲ့သို့ရေးထားစေတော်မူ၏။ "ယခုမှစ၍ သခင်ဘုရား၌ သေသောသူတို့သည် မင်္ဂလာရှိကြ၏။ ဝိညာဉ်တော်ကလည်း ထိုသို့မှန်ပေ၏။

ထိုသူတို့သည် ပင်ပန်းခြင်းငြိမ်းမည်အကြောင်းရှိ၍၊ သူတို့၏အကျင့်တို့သည်လည်း သူတို့နှင့်အတူလိုက်ကြ၏” (ဗျာ ၁၄း၁၃)။ ဤအချက်ကိုထောက်ခြင်းဖြင့်၊ လူများတို့သည် ကျန်းမာချမ်းသာခြင်းသို့မရောက်သောကြောင့်၊ ယုံကြည်ခြင်းကင်းမဲ့နေသည်ဟု မဆုံးဖြတ်အပ်သည်ကို ကျွန်ုပ်တို့တွေ့မြင်ရကြသည်။

ကျွန်ုပ်တို့၏ဆုတောင်းသံကို ချက်ချင်းတိုက်ရိုက်နားညောင်းတော်မူစေရန် ကျွန်ုပ်တို့အလိုရှိကြသည်။ ၎င်းပြင် အဖြေကိုနှောင့်နှေးနေသော အခါ၊ (သို့မဟုတ်) မိမိတို့မမျှော်လင့်သောအခြေအနေမျိုးကို ရရှိသောအခါ၊ ကျွန်ုပ်တို့သည် စိတ်ပျက်တတ်ကြသည်။ သို့ရာတွင် ဘုရားသခင်သည် ကျွန်ုပ်တို့အလိုရှိကြသောအချိန်၊ အလိုရှိကြသောနည်းမျိုးဖြင့် ကျွန်ုပ်တို့၏ ဆုတောင်းသံကိုနားညောင်းတော်မမူဘဲနေသည်မှာ၊ အလွန်ပညာဉာဏ်နှင့် ပြည့်စုံ၍ အလွန်ကောင်းမြတ်တော်မူသောကြောင့် ဖြစ်တော်မူ၏။ ကျွန်ုပ်တို့၏ အလိုဆန္ဒအပေါင်းကို ပြည့်စုံစေတော်မူသည်ထက် သာ၍များပြား၊ သာ၍ ကောင်းသောအမှုကို ဘုရားသခင်သည် ပြုတော်မူလိမ့်မည်။ ၎င်းပြင် ကျွန်ုပ် တို့သည် ဘုရားသခင်၏ဉာဏ်ပညာတော်နှင့်မေတ္တာတော်ကို ယုံကြည်အားကိုး နိုင်သောကြောင့်၊ ဘုရားသခင်အား မိမိတို့၏အလိုကိုလိုက်လျောစေရန်မတောင်းလျှောက်ဘဲ ဘုရားသခင်၏အလိုတော်ကိုလိုက်နာ၍ ထိုအလိုတော်ကိုပြည့်စုံဖြစ်မြောက်စေဖို့ ကျွန်ုပ်တို့သည် ရှာကြံရကြမည်။ ကျွန်ုပ်တို့၏အလိုဆန္ဒနှင့် အကျိုးကျေးဇူးများကို ကိုယ်တော်၏အလိုတော်၌ အရှုံးခံနစ်မြုပ်သွားစေရမည်။ ယုံကြည်ခြင်းကိုစုံစမ်းသော ဤဗဟုသုတများသည် ကျွန်ုပ်တို့၏အကျိုးအတွက်ဖြစ်ပေသည်။ ၎င်းဗဟုသုတများအားဖြင့် ကျွန်ုပ်တို့၏ယုံကြည်ခြင်းသည် မှန်ကန်၍ ရိုးဖြောင့်လျက် ဘုရားသခင်၏နှုတ်ကပတ်တော်ကိုသာ အားထားနေသည်၊ (သို့မဟုတ်) အခြေအနေကိုအမှီပြုလျက် ထိုယုံကြည်ခြင်းသည် မသေချာ၍ပြောင်းလဲနေသည်ကို ထင်ရှားစေ၏။ အသုံးပြုခြင်းအားဖြင့် ယုံကြည်ခြင်းသည် ခိုင်ခံ့လာ၏။ ထာဝရဘုရားကိုမျှော်လင့်နေသောသူတို့

အတွက် ကျမ်းစာတွင်ကတိတော်များရှိသည်ကို သတိရလျက်၊ ကျွန်ုပ်တို့၏ သည်းခံခြင်းဖြင့် စုံလင်သောအမှုကိုဖြစ်မြောက်ပါစေ။

လူအပေါင်းတို့သည် ဤအခြေခံတရားများကို သိနားလည်ကြသည် မဟုတ်။ ထာဝရဘုရား၏ကျန်းမာစေသောကရုဏာတော်ကို ရှာသောသူအများက၊ သူတို့၏ဆုတောင်းသံကို ချက်ချင်းနှင့်တိုက်ရိုက်နားညောင်းတော် မူရမည်၊ (သို့မဟုတ်) သူ၏ယုံကြည်ခြင်းအမှု၌ ချွတ်ယွင်းခြင်းရှိနေသည်ဟု ထင်မှတ် တတ်ကြသည်။ ဤအကြောင်းကြောင့်၊ ရောဂါဝေဒနာအားဖြင့် အားနည်းသွား သောသူတို့သည် အမြော်အမြင်နှင့်ပြုမူကြမည်အကြောင်း၊ သူတို့အား သတိ ပညာနှင့်အကြံဉာဏ်ပေးလျက် သွန်သင်ရမည်။ အသက်ရှင် စရာအကြောင်းရှိ သော မိမိတို့၏မိတ်ဆွေများအား ပြုအပ်သောတာဝန်များကို သူတို့သည် ဂရုမ စိုက်ဘဲမနေအပ်။ (သို့မဟုတ်) ပြန်၍ကျန်းမာလာစေရန် အတွက် သဘာဝက ပြုပြင်ပေးသောအရာများကိုအသုံးပြုရန် မပေါ့လျော့ သင့်ပေ။

မကြာခဏ ဤနေရာ၌မှားတတ်သောကြောင့် စိုးရိမ်စရာရှိပေသည်။ ဆုတောင်းသံကိုနားညောင်းသဖြင့် သူတို့သည် ကျန်းမာခြင်းသို့ရောက်မည် ဟု ယုံကြည်လျက်၊ ယုံကြည်ခြင်းကင်းမဲ့သည်ဟု ဖော်ပြဟန်ရှိသောအမှု တစ်စုံတစ် ခုကိုပြုလုပ်ရန် အချို့တို့သည် စိုးရိမ်တတ်ကြသည်။ သို့ရာတွင် သူတို့သည် သေဆုံးခြင်းအားဖြင့် လောကမှရွေ့ပြောင်းရကြမည်ဟု မျှော်လင့် ကြလျှင် မည်ကဲ့သို့ပြုစေရန် သူတို့အလိုရှိသကဲ့သို့ သူတို့၏ကိစ္စများကို နေရာတကျ ပြုလုပ်နိုင်ရန် သူတို့သည် မလစ်ဟင်းသင့်ချေ။ ခွဲခွာရမည်အချိန်တွင် မိမိတို့၏ချစ်ခင်သူဆွေမျိုးများအား ပြောကြားလိုသောအားပေးစကား (သို့မဟုတ်) အကြံပေးစကားများကိုပြောဆိုရန် သူတို့သည် စိုးရိမ်ခြင်းမရှိ ရကြ။

ဆုတောင်းခြင်းအားဖြင့် ကျန်းမာချမ်းသာခြင်းကိုဖြစ်စေရန် ရှာကြံ နေသောသူတို့သည် မိမိတို့လက်ထဲ၌ရှိသော ကုသပြုစုပေးနိုင်သော အသုံး အဆောင်ဆေးဝါးတို့ကိုအသုံးပြုရန် မပေါ့လျော့ပါနှင့်။ ဝေဒနာကိုသက်သာ

စေလျက် ပြန်၍ကျန်းမာလာစေသော အလုပ်တွင် သဘာဝကိုအကူအညီဖြစ်စေရန် ဘုရားသခင်ချပေးထားတော်မူသောကြောင့်၊ ထိုသို့သောဆေးဝါး၊ ကုသနည်းတို့ကိုအသုံးပြုခြင်းသည် ယုံကြည်ခြင်းကိုငြင်းပယ်ခြင်းမဟုတ်။ ဘုရားသခင်နှင့်ကူညီလုပ်ဆောင်၍ ကျန်းမာလာစေရန် အသင့်လျော်ဆုံးအခြေအနေ၌ သူတို့ကိုယ်တိုင်ကိုထားပေးခြင်းသည် ယုံကြည်ခြင်းကိုငြင်းပယ်ခြင်းမဟုတ်။ ကျွန်ုပ်တို့သည် အသက်တာ၏သဘောတရားများကို သိကျွမ်းနားလည်နိုင်ရန် ဘုရားသခင်သည် ၎င်းကိုကျွန်ုပ်တို့၏လက်၌အပ်ထားတော်မူပြီ။ ဤသိကျွမ်းခြင်းပညာကို ကျွန်ုပ်တို့အသုံးပြုဖို့ လက်လှမ်းမီရာတွင်ထားတော်မူပြီ။ ကျွန်ုပ်တို့သည် ရနိုင်သောအခွင့်အရေးကိုယူပြီးလျှင် သဘာဝဓမ္မတရားများနှင့် ညီညွတ်စွာပြုမူလျက် ကျန်းမာခြင်းကိုပြန်ရရှိနိုင်ရန် လွယ်ကူစွာရရှိသောနည်းရှိသမျှကို ကျွန်ုပ်တို့သည် အသုံးပြုရကြမည်။ လူနာ များအားကျန်းမာလာစေရန် ဆုတောင်းပြီးသောအခါ၊ အစွမ်းသတ္တိရှိသမျှပြုလုပ် လျက်၊ ဘုရားသခင်နှင့်အတူပါဝင်လုပ်ဆောင်ခွင့်ရရှိသည်ကို ကျေးဇူးတော် ချီးမွမ်း၍၊ ဘုရားသခင်စီမံချပေးတော်မူသော ကုသနည်းများကိုကောင်းချီး ပေးရန် တောင်းလျှောက်ရမည်။

သဘာဝကုသနည်းတို့ကိုအသုံးပြုရန် ဘုရားသခင်၏နှုတ်ကပတ်တော်က ကျွန်ုပ်တို့အားအမိန့်ပေးထားပါသည်။ ဣသရေလရှင်ဘုရင်၊ ဟေဇကိမင်းသည် နာနေသောအခါ၊ သူသည် သေရမည်ဟု ဘုရားသခင်၏ပုရောဖက်တစ်ပါးက သတင်းစကားကိုယူဆောင်လာ၏။ သူသည် ထာဝရဘုရားကိုငိုကြွေးလျက်တောင်းပန်သဖြင့်၊ ထာဝရဘုရားသည် မိမိကျွန်၏ဆုတောင်းသံကိုကြားတော်မူ၍၊ သူ၏အသက်၌ တစ်ဆယ့်ငါးနှစ်ကိုဆက်၍ပေးတော်မူမည်ဟူသောသတင်းစကားကို ကြားပြောစေတော်မူ၏။ ယခုဘုရားသခင်ထံမှစကားတစ်ခွန်းတည်းဖြင့် ဟေဇကိမင်းသည် ချက်ချင်းကျန်းမာသွားလိမ့်မည်။ သို့ရာတွင်၊ "သင်္ဘောသဖန်းသီး၏အလုံးအထွေးကိုယူ၍နယ်ပြီးမှ အနာကိုအုံကြလော့။ ထိုသို့ပြုလျှင် မင်းကြီးသည်သက်သာရလိမ့်မည်" ဟူသော ထူးခြားသောညွှန်ကြားချက်ကိုပေးတော်မူ၏။ (ဟေရှာ ၃၈း၂၁)။

လူနာအားကျန်းမာလာစေရန် ကျွန်ုပ်တို့သည် ဆုတောင်းပြီးသော အခါ၊ အခြေအနေသည် မည်ကဲ့သို့ပင်ဖြစ်ပေါ်လာသော်လည်း၊ ကျွန်ုပ်တို့ သည် ဘုရားသခင်၌ ယုံကြည်ခြင်းမပျက်ကြပါစေနှင့်။ ကျွန်ုပ်တို့သည် အနိစ္စ ရောက်ခြင်းအမှုနှင့်ကြုံတွေ့ရလျှင်၊ ခမည်းတော်၏လက်တော်သည် ထိုဖလား ကို ကျွန်ုပ်တို့၏နှုတ်ခမ်း၌ ထားပေးတော်မူသည်ကို သတိရလျက်၊ ခါးသော ခွက်ကိုလက်ခံကြစို့။ သို့ရာတွင် ကျန်းမာခြင်းကိုပြန်၍ပေးတော်မူလျှင် ကျန်းမာ ခြင်းကရုဏာကိုခံစားရသောသူသည် ဖန်ဆင်းရှင်၌အသစ်သောတာဝန် ကိုလက်ခံ ရမည်ကိုမမေ့အပ်။ လူနူဆယ်ယောက်တို့သည် ကျန်းမာခြင်းသို့ ရောက်သောအ ခါ၊ တစ်ယောက်တည်းသာ သခင်ယေရှုကိုရှာ၍ ကိုယ်တော် ၏ဘုန်းတော်ကိုချီး မွမ်းရန် ပြန်လာလေ၏။ ကျွန်ုပ်တို့တွင် မည်သူမျှ ဘုရားသခင်၏ကရုဏာတော် အားဖြင့် စိတ်နှလုံး၌ထိခိုက်ခြင်းမရှိဘဲ အမှတ် တမဲ့နေတတ်သောလူနူကိုး ယောက်တို့နှင့် မတူကြပါစေနှင့်။ "ကောင်းမြတ် စုံလင်သောဆုကျေးဇူးရှိသမျှတို့ သည် အလင်းတို့၏အဘထံတော်က သက်ရောက် သည်ဖြစ်၍ အထက်အရပ်မှ လာကြ၏။ ထိုအဘသည် ရွေ့လျော့တိမ်းယိမ်း ခြင်းမရှိ၊ ပြောင်းလဲခြင်းအရိပ် နှင့်ကင်းလွတ်တော်မူ၏" (ယာ ၁း၁၇)။[၁]

(1) MH, 225-233.

---o---

# အခန်း (၅၅)
# ဆေးကုသခြင်းလုပ်ငန်း

ဆေးကုသလျက် သာသနာပြုခြင်းလုပ်ငန်းသည် ဧဝံဂေလိတရား ဟောခြင်းအမှုတွင် ရှေးဦးစွာလမ်းဖွင့်ပေးသောလုပ်ငန်းဖြစ်သည်။ များစွာသော အိမ်ထောင်များသို့ ဤခေတ်ကာလအတွက် သမ္မာတရားကိုရောက်ရှိသွားစေရန် တံခါးဝဖြစ်သည်။ ဘုရားသခင်၏လူများတို့သည် ဆေးကုသလျက် သာသနာ ပြုသူအစစ်အမှန်ဖြစ်ရကြမည်။ အကြောင်းကား၊ သူတို့သည် ဝိညာဉ်နှင့်ကိုယ် ခန္ဓာ၌ ဒုက္ခရောက်သူတို့ကိုစောင့်ရှောက်ပြုစုရန် သင်ကြားရကြမည်။ လက်တွေ့ လုပ်ငန်းအားဖြင့် ရရှိသောအသိပညာနှင့်ဗဟုသုတအားဖြင့် ကျွန်ုပ် တို့၏အမှု ဆောင်တို့သည် လူနာများကိုစောင့်ရှောက်ပြုစုရန် ထွက်သွားကြ သောအခါ၊ သူတို့သည် အမှန်ဆုံးသောကိုယ်ကျိုးငဲ့ခြင်းသဘောကို ပြရကြမည်။ သူတို့သည် တစ်အိမ်တက်တစ်အိမ်ဆင်း သွားနေကြစဉ်၊ လူအများ တို့၏စိတ်ကိုဆွဲငင်နိုင် သောအခွင့်အရေးကို ရရှိကြလိမ့်မည်။ အခြားနည်း အားဖြင့် ဧဝံဂေလိသတင်း စကားကို ဘယ်အခါကမျှမကြားရကြသောသူအများ ထံသို့ ၎င်းသတင်းစကား ကို ရောက်ရှိသွားစေလိမ့်မည်။ ကျန်းမာရေး၌ ပြုပြင်ပြောင်းလဲခြင်းစည်းကမ်း ဉပဒေများကိုဖော်ပြခြင်းသည် ကျွန်ုပ်တို့၏ ဧဝံဂေလိအမှုဆောင်ရွက်ခြင်းလုပ် ငန်းကို မနာလိုမုန်းထားသောစိတ်တို့ကို ပယ်ရှားရာ၌ များစွာအကျိုးဖြစ်ထွန်း စေလိမ့်မည်။ ဆေးကုသလျက် သာသနာ ပြုခြင်းလုပ်ငန်းကို အစပြုတည်ထောင် တော်မူသောအရှင်ဖြစ်တော်မူသော သမား တော်ကြီးသည် ထိုနည်းအားဖြင့် ဤခေတ်ကာလအတွက် သမ္မာတရားကို ဝေမျှပေးသောသူအပေါင်းတို့ကို ကောင်းချီးပေးတော်မူလိမ့်မည်။

ကိုယ်ကာယကို ကျန်းမာချမ်းသာစေခြင်းအမှုသည် ဧဝံဂေလိတရား ဟောပြောခြင်းတာဝန်နှင့် ပူးတွဲလျက်ရှိ၏။ သခင်ခရစ်တော်သည် မိမိ၏ တပည့်တော်တို့အားသာသနာပြုရန် ရှေးဦးစွာခရီးထွက်သွားဖို့ စေလွှတ်တော် မူသောအခါ ကိုယ်တော်က၊ "သွားစဉ်တွင်၊ ကောင်းကင်နိုင်ငံတော်တည်လု

နီးပြီဟု သတင်းကြားပြောကြလော့။ နာသောသူတို့အား ချမ်းသာပေးကြလော့။ သေသောသူတို့ကို ထမြောက်စေကြလော့။ နူသောသူတို့ကိုသန့်ရှင်းစေကြလော့။ နတ်ဆိုးတို့ကိုလည်း နှင်ထုတ်ကြလော့။ သင်တို့သည် အဖိုးမပေးဘဲ ကျေးဇူးတော်ကိုခံရကြပြီဖြစ်၍ အဖိုးမခံဘဲပေးကမ်းကြလော့” ဟု မိန့်မှာတော်မူ၏။ မ ၁၀း၇၊၈။

ဘုရားသခင်ခန့်ထားတော်မူသောတာဝန်တွင် ပြုပြင်ပြောင်းလဲခြင်းအမှုမလိုချေ။ သမ္မာတရားကိုပေးကမ်းဖော်ပြခြင်းအမှုတွင် သခင်ခရစ်တော်၏နည်းကို တိုးတက်ကောင်းမွန်လာအောင် မပြုလုပ်နိုင်။ ကယ်တင်ရှင်ကတပည့်တော်တို့အား လက်တွေ့သင်ခန်းစာများကိုပေးအပ်လျက် ဝိညာဉ်များအားသမ္မာတရား၌ ဝမ်းမြောက်ခြင်းရှိစေရန် မည်ကဲ့သို့သောနည်းလမ်းဖြင့်အမှုဆောင်ရွက်ရမည်ကို သူတို့အားသွန်သင်တော်မူ၏။ ကိုယ်တော်သည် မောပန်းသူ၊ ဝန်ထုပ်နှင့်လေးလံပင်ပန်းနေသူ၊ ညှဉ်းဆဲခြင်းခံရသူတို့ကို ထောက်ထားစာနာတော်မူ၏။ ကိုယ်တော်သည် ငတ်မွတ်သောသူတို့ကို ကျွေးမွေး၍ နာသောသူတို့ကို ချမ်းသာပေးတော်မူ၏။ အမြဲသဖြင့် ကိုယ်တော်သည် ကျေးဇူးပြုလျက်လှည့်လည်တော်မူ၏။ မိမိကိုယ်တော်တိုင်ဖြစ်မြောက်အောင် ပြုတော်မူသောကောင်းမှုများအားဖြင့်လည်းကောင်း၊ ချစ်ခြင်းမေတ္တာနှင့်ပြည့်စုံသောစကားများ၊ ကြင်နာစွာပြုမူသောအမှုများအားဖြင့်လည်းကောင်း ကိုယ်တော်သည် ဧဝံဂေလိတရား၏အဓိပ္ပါယ်ကို လူများအားဖော်ပြတော်မူ၏။

လူတို့၏အကျိုးအတွက် သခင်ခရစ်တော်ဆောင်ရွက်တော်မူသောအမှုသည် မပြီးသေးပါ။ ယနေ့တိုင်အောင် ၎င်းသည် ဆက်လက်တည်ရှိနေသေး၏။ ထိုနည်းတူစွာ ကိုယ်တော်၏စေတမန်များတို့သည် ဧဝံဂေလိတရားကိုဟောပြောကြလျက် ကိုယ်တော်ရှင်၏ကရုဏာမေတ္တာတော်ကို ပျောက်ဆုံး၊ ပျက်စီးနေသောဝိညာဉ်များအား ထင်ရှားစွာဖော်ပြရကြမည်။ အကူအညီလိုသောသူတို့၌ ကိုယ်ကျိုးငဲ့သောစိတ်ဝင်စားမှုရှိခြင်းအားဖြင့်၊ သူတို့သည် ဧဝံဂေလိတရား၏သမ္မာတရားကို လက်တွေ့ဖော်ပြရကြမည်။ တရားဟော

ပြောခြင်းအမှုတစ်ခုထက် သာ၍များစွာပြုအပ်သောလုပ်ငန်းများသည် ဤအမှု၌ ပါဝင်၏။ လောကအား ဧဝံဂေလိတရားကို ဟောပြောခြင်းအမှုသည် မိမိ၏ နာမတော်၌ထွက်သွားကြသောသူတို့အား ဘုရားသခင်ပေးအပ်တော်မူခဲ့သော အမှုဖြစ်သည်။ သူတို့သည် သခင်ခရစ်တော်နှင့်အတူ လုပ်ဖော်ဆောင်ဖက် များဖြစ်ကြလျက်၊ ပျက်စီးလုနီးသောသူတို့အား ကိုယ်တော်၏နူးညံ့၊ သနား တတ်သောမေတ္တာကို ဖော်ပြရကြမည်။ ဤခေတ်ကာလအတွက် သမ္မာတရား ကိုသိရှိသောသူတို့အားဟောပြောခြင်းဖြင့်မဟုတ်ဘဲ၊ ကရုဏာသတင်းစကား ကို အဘယ်အခါမျှမကြားရသေးသောသူတို့အား သတိပေးနှိုးဆော်ခြင်းဖြင့် မိမိအ တွက်အမှုဆောင်ရွက်ရန် ထောင်ပေါင်းများစွာသောသူတို့ကို ဘုရားသခင် သည် ခေါ်ဖိတ်တော်မူ၏။ ဝိညာဉ်များအတွက် စိတ်အားကြီးစွာတောင့်တ နေသောသ ဘောနှင့်ပြည့်ဝသောစိတ်နှလုံးနှင့် အမှုဆောင်ရွက်ပါ။ ဆေးကုသလျက် သာသ နာပြုလုပ်ငန်းကိုဆောင်ရွက်ပါ။ ထိုသို့အားဖြင့် သင်သည် လူများတို့၏စိတ်ကို ဆွဲငင်နိုင်ခွင့်ရရှိလိမ့်မည်။ ၎င်းပြင် သမ္မာတရားကို သာ၍သေချာစွာကြွေးကြော် နိုင်သောနည်းလမ်းသည် အသင့်ပြင်ဆင်လျက်ရှိ လာလိမ့်မည်။၁

## အဖွဲ့အစည်းအဆောက်အအုံများတည်ဆောက်ခြင်း

ဧဝံဂေလိတရားကိုဟောပြောရန် ဆေးကုလျက်သာသနာပြုခြင်းလုပ်ငန်း ကို တည်ထောင်ဖို့လိုသောနေရာများစွာရှိသည်။ ၎င်းပြင် ထိုနေရာများ၌ သေးငယ်သောစက်ကိရိယာများကို တည်ဆောက်ပေးရမည်။ ဘုရားသခင်က ကျွန်ုပ်တို့၏အပန်းဖြေဆေးရုံများသည် အထက်တန်းစား၊ အောက်တန်းစား၊ သူဌေး၊ သူဆင်းရဲမရွေး လူအပေါင်းတို့နှင့် ဆက်သွယ်နိုင်သောနေရာများဖြစ် ရကြမည်ဟု ဘုရားသခင်က စီမံထားတော်မူ၏။ ထိုဆေးရုံများ၏လုပ်ငန်း များအားဖြင့် လောကအားဘုရားသခင်ပေးပို့တော်မူသော သတင်းစကားကို သတိပြုလာကြစေရန်၊ ထိုဆေးရုံများ၏လုပ်ငန်းတို့ကို စီမံပြုပြင်ထားရကြမည်။၂

ကိုယ်ကာယနှင့်ဝိညာဉ်ရေးအတွက် အမှုဆောင်ရွက်ခြင်းလုပ်ငန်းတို့ကို ပူးပေါင်းထားလျက်၊ ဒုက္ခခံရသောသူတို့အား ကောင်းကင်သမားတော်ကြီး၏ တန်ခိုးတော်၌ ယုံကြည်အားထားရန် လမ်းပြပေးရမည်။ သင့်လျော်သောကုသ နည်းများကိုအသုံးပြုနေစဉ်၊ သခင်ခရစ်တော်၏ချမ်းသာပေးနိုင်တော်မူသော ကျေးဇူးတော်အတွက်လည်း ဆုတောင်းပေးကြမည့်သူတို့သည် လူနာများ၏ စိတ်ထဲ၌ ယုံကြည်ခြင်းသဘောကိုနိုးကြားထကြွလာစေလိမ့်မည်။ သူတို့၏ အပြုအမူများကိုယ်တိုင်ကပင်၊ မိမိတို့အခြေအနေတို့သည် မျှော်လင့်စရာမရှိဟု ထင်မှတ်ကြသောသူတို့၏စိတ်ကို ထကြွနိုးကြားလာစေရာသောအကြောင်း တစ်ခုဖြစ်လိမ့်မည်။

ဤအကြောင်းကြောင့် ကျွန်ုပ်တို့၏အပန်းဖြေဆေးရုံများကို ဆောက် ထားကြရပါသည်။ ယုံကြည်ခြင်း၏ပတ္တနာနှင့် သင့်လျော်စွာကုသပြုစုခြင်းကို ပူးပေါင်းထားခြင်းဖြင့် မျှော်လင့်ရာမဲ့သောသူတို့ကို အားတက်လာအောင်နှိုးဆော် ပေး၍ ကိုယ်ကာယနှင့်ဝိညာဉ်ရေးတို့တွင် မှန်ကန်စွာနေထိုင်အသက်ရှင်နေရန် သွန်သင်ပေးဖို့ဖြစ်ပေသည်။ ဤကဲ့သို့စောင့်ရှောက်ပြုစုပေးခြင်းဖြင့် များစွာ သောသူတို့သည် ပြောင်းလဲလာကြ၏။ ကျွန်ုပ်တို့၏ဆေးရုံများတွင်ရှိဆရာဝန် တို့သည် ဝိညာဉ်ကိုကုသခြင်းနှင့်ဆိုင်သော ဧဝံဂေလိသတင်းစကားကို ထင်ထင်ရှားရှားဖော်ပြရကြမည်။[၃]

## ဧဝံဂေလိတရားဟောခြင်းအမှုတွင် ရှေးဦးစွာလမ်းဖွင့်ပေးသောလုပ်ငန်း

ကျွန်ုပ်တို့အားစေလွှတ်သောတိုင်းပြည်တစ်ပြည်တွင် ကျွန်ုပ်တို့သည် စာရိတ္တမဏ္ဍိုင်ကိုမြှင့်တင်ပေးရကြမည်ဖြစ်လျှင်၊ သူတို့၏ကာယအကျင့်ဓလေ့ များကို ပြုပြင်ပေးခြင်းဖြင့် ကျွန်ုပ်တို့သည် အစပြုရကြမည်။[၄]

ဆေးကုသလျက် သာသနာပြုလုပ်ငန်းကိုဆောင်ရွက်ခြင်းသည် လူသတ္တဝါတို့ထံသို့ ဒုက္ခဝေဒနာတို့မှကင်းရှင်းစေသည့် ဧဝံဂေလိတရားကို

ယူဆောင်လာလေပြီ။ ၎င်းသည် ဧဝံဂေလိတရားဟောပြောခြင်းအမှုတွင် ရှေးဦးစွာဆောင်ရွက်ရသောလုပ်ငန်းဖြစ်၏။ ၎င်းသည် ဧဝံဂေလိတရားကို လက်တွေ့ကျင့်သုံးပြခြင်းဖြစ်လျက် သခင်ခရစ်တော်၏သနားခြင်းကရုဏာ တော်ကို ထင်ရှားစေလေပြီ။ ဤလုပ်ငန်းကို ကြီးကျယ်စွာပြုလုပ်ဖို့လို၍ လောကသည်လည်း ၎င်းအတွက်လမ်းဖွင့်ပေးလျက်ရှိ၏။ ဆေးကုသလျက် သာသနာပြုလုပ်ငန်းကိုဆောင်ရွက်ခြင်းသည် အရေးကြီးကြောင်း နားလည် ရကြမည်။ ၎င်းပြင် အသစ်သောသာသနာမြေများသို့ ချက်ချင်းသွားရောက် ရမည်ဟု ဘုရားသခင်ကစီမံထားတော်မူ၏။ ထိုအခါ အမှုတော်ဆောင်ရွက် ခြင်းလုပ်ငန်းသည် သခင်ဘုရား၏အမိန့်တော်အတိုင်း ဖြစ်လာရလိမ့်မည်။ နာသောသူတို့သည် ချမ်းသာခြင်းသို့ရောက်၍ ဆင်းရဲဒုက္ခရောက်နေသောလူ သတ္တဝါတို့သည် ကောင်းချီးမင်္ဂလာကိုခံစားရကြလိမ့်မည်။[၁]

သင်သည်များစွာငြူစူခြင်း၊ များစွာစိတ်အားထက်သန်မှုအတုနှင့် အလွဲခေါ်နေသော ဘုရားဝတ်ပြုကိုးကွယ်ခြင်းအမှုများနှင့် တွေ့ကြုံရလိမ့်မည်။ သို့ရာတွင် မိမိ၏အရပ်ဒေသ၌လည်းကောင်း၊ ရပ်ဝေးဒေသ၌လည်းကောင်း သမ္မာတရားမျိုးစေ့အတွက် ဘုရားသခင်ပြင်ဆင်ထားလျက်ရှိသော စိတ်နှလုံးတို့ကိုသင်ထင်မြင်သည်ထက် ပိုမိုများပြားစွာသင်သည်တွေ့မြင်ရလိမ့်မည်။ ၎င်းပြင် ဘုရားသခင်၏သတင်းစကားကို သူတို့အားဖော်ပြသောအခါ၊ သူတို့သည် ၎င်းကိုဝမ်းမြောက်ခြင်းနှင့်လက်ခံကြလိမ့်မည်။[၆]

ကိုယ်ခန္ဓာနှင့်လက်သည် ဆက်သွယ်နေခြင်းရှိသကဲ့သို့ဆေးကုသ လျက်သာသနာအမှုဆောင်ရွက်ခြင်းသည် သာသနာအမှုဆောင်ရွက်ခြင်း လုပ်ငန်းကြီးတစ်ခုလုံးနှင့်ဆက်သွယ်နေကြောင်း၊ ကျွန်ုပ်အားအခြားပုံပမာဖြင့် ဘယ်အခါမျှမဖော်ပြခဲ့ဖူးချေ။ ဧဝံဂေလိအမှုဆောင်ရွက်ခြင်းသည် သမ္မာတရား ကိုကြွေးကြော်ဟောပြောခြင်းနှင့် နာသောသူနှင့်ကျန်းမာသောသူတို့အဖို့ လုပ်ငန်းကိုတိုးတက်ဆောင်ရွက်ခြင်းအတွက် အဖွဲ့အစည်းတစ်ခုဖြစ်သည်။ ဤအရာသည် ကိုယ်ခန္ဓာဖြစ်၍ ဆေးကုသလျက် သာသနာအမှုဆောင်ရွက် ခြင်းသည်လက်ဖြစ်၏။ ၎င်းပြင် သခင်ခရစ်တော်သည် အလုံးစုံတို့၏ဦးခေါင်း

ဖြစ်တော်မူ၏။ ထိုသို့အားဖြင့် အကြောင်းအရာကို ကျွန်ုပ်အားဖော်ပြထား လေပြီ။

ဆေးကုသလျက် သာသနာပြုအမှုဆောင်ရွက်ခြင်းလုပ်ငန်းကို သင်၏ လက်ထဲတွင် အဆင်သင့်ရှိသောအရာများဖြင့် အစပြုဆောင်ရွက်ပါ။ ထိုနည်း အားဖြင့် ကျမ်းစာဖတ်ပြဖို့သင်သည် အခွင့်အရေးရရှိမည်ကို သင်သည်တွေ့ ရလိမ့်မည်။ မိမိတို့၏လူနာများကို မည်ကဲ့သို့ကုသပြုစုပေးရမည်ကို သိရှိဖို့ လိုသောသူတို့နှင့် သင့်အားဆက်သွယ်ပေးရန် ကောင်းကင်ခမည်းတော်သည် စီမံပေးတော်မူမည်။ ရောဂါများကိုကုသပြုစုနည်းနှင့်သက်ဆိုင်၍ သင်နားလည် သိရှိသောအရာတို့ကို လက်တွေ့အသုံးပြုပါ။ ထိုသို့အားဖြင့် ဒုက္ခဝေဒနာများ သည် သက်သာသွားလိမ့်မည်။ ၎င်းပြင်သင်သည် ငတ်မွတ်ခေါင်းပါးနေသော ဝိညာဉ်များအတွက် အသက်မုန့်ကိုဖဲ့ပေးဖို့ရန်အခွင့်အရေးကို ထိုနည်းအားဖြင့် ရရှိလိမ့်မည်။

## အားလုံးတို့သည်ပူးပေါင်းဆောင်ရွက် နိုင်သောလုပ်ငန်း

ဧဝံဂေလိတရားဟောဆရာကြီးများတို့သည် ဆေးကုသလျက်သာသနာ ပြုအမှုဆောင်ခြင်းလုပ်ငန်းတွင် အတူတကွပူးပေါင်းဆောင်ရွက်ရကြမည်။ ဤအ လုပ်သည် ကျွန်ုပ်တို့၏လောကတွင် သမ္မာတရားကိုမနာလိုငြူစူနေသော အမှုကို ပယ်ရှားရန် လုပ်ငန်းဖြစ်သည်ဟု ကျွန်ုပ်အားဖော်ပြထား၏။

ဧဝံဂေလိတရားဟောဆရာတစ်ယောက်သည် ရောဂါဝေဒနာတို့ကို မည်ကဲ့သို့ကုသပြုစုရသည်ကို သိနားလည်လျှင်၊ သူ၏အလုပ်တွင် နှစ်ဆမျှ အောင်မြင်လိမ့်မည်။

လူများတို့သည် မည်ကဲ့သို့သောရာထူးနှင့်ဖြစ်စေ၊ မည်ကဲ့သို့သော အခြေအနေနှင့်ဖြစ်စေ သူတို့ကိုမိမိတို့ရှိနေသောနေရာ၌ပင်တွေ့ဆုံလျက် တတ်နိုင်သမျှသောနည်းဖြင့် သူတို့ကိုကူညီမစပါ။ ဤအရာသည် ဧဝံဂေလိ

အမှုဆောင်ရွက်ခြင်းဖြစ်ပါသည်။ အမှုတော်ဆောင်တို့သည် ဖျားနာနေသော သူတို့၏အိမ်များသို့ သွားရောက်ဖို့လိုကောင်းလိုလိမ့်မည်။ ၎င်းပြင် ကျွန်ုပ်သည် သင့်ကိုကူညီမစရန်အသင့်ရှိပါသဖြင့် ကျွန်ုပ်တတ်နိုင်သမျှပြုပေးပါမည်။ ကျွန်ုပ်သည်ဆရာဝန်မဟုတ်၊ ခမ္မအမှုဆောင်တစ်ယောက်ဖြစ်သော်လည်း ဖျားနာသူ၊ ဒုက္ခရောက်သူတို့ကို ပြုစုစောင့်ရှောက်ဖို့လိုပါသည်ဟု ပြောပြလော့။ ကိုယ်ခန္ဓာ၌ နာဖျားနေသောသူသည် ဝိညာဉ်၌လည်း အစဉ်လိုပင်နာမကျန်းဖြစ်တတ်၍၊ ဝိညာဉ်သည် မမာမကျန်းဖြစ်နေသောအခါ ကိုယ်ကာယသည်လည်း နာဖျားနေတတ်၏။

ဧဝံဂေလိအမှုဆောင်ရွက်ခြင်းလုပ်ငန်းနှင့် ဆေးကုသခြင်းလုပ်ငန်းကို ခွဲခြားထားခြင်းမပြုအပ်။ ဆရာဝန်သည် အမှုတော်ဆောင်နှင့်တန်းတူအမှု ဆောင်ရွက်လျက် ကိုယ်ခန္ဓာပြန်၍ကျန်းမာရေးအတွက်ပြုမူရသလောက် ကယ်ဆယ်ရေးတွင်လည်း စိတ်အားထက်သန်ခြင်း၊ သေချာစေ့စပ်ခြင်းနှင့်ပြုမူ အပ်ပေသည်။ ပျို့ရွယ်သူတို့အား စိတ်နှင့်ကိုယ်ကာယနှစ်ခုစလုံး၏ဆရာဝန် ဖြစ်စေရန်သွန်သင်ပေး၏။ အကျိုးကိုမမြင်သောသူအချို့က လူနာများကို ကုသပြုစုခြင်းဖြင့် အချိန်ကုန်နေကြသော ဆေးကုသလျက်သာသနာလုပ်ငန်းကို ဆောင်ရွက်သူတို့အား ထောက်ပံ့ရန်ဆယ်ဖို့တစ်ဖို့ကို အသုံးမပြုသင့်ဟုဆိုကြ၏။ ဤကဲ့သို့သောဖော်ပြချက်တို့ကို ပြန်ဖြေသောသဘောနှင့်၊ အခြေအနေ ၏အမှန်တရားကိုမသိနိုင်လောက်အောင် စိတ်သဘောသည်ကျဉ်းမြောင်းခြင်း မရှိရဟုဖော်ပြရန် ကျွန်ုပ်သည် သွန်သင်ခြင်းခံရ၏။ ဆေးကုသလျက် သာသနာ အမှုကိုဆောင်ရွက်သူလည်းဖြစ်၍ ကိုယ်ကာယဝေဒနာတို့ကိုကုသနိုင်သော ဧဝံဂေလိအမှုတော်ဆောင်သည် ဤအမှုကိုမပြုနိုင်သောသူထက် သာ၍အကျိုး ဖြစ်ထွန်းစေသောအမှုဆောင်တစ်ယောက်ဖြစ်ပါသည်။ ဧဝံဂေလိအမှုတော် ဆောင်တစ်ယောက်အဖြစ်နှင့် သူ၏လုပ်ငန်းသည် သာ၍များစွာပြည့်စုံလျက် ရှိ၏။

ကောင်းစွာသင်ကြားလေ့လာခဲ့ရသောဆရာဝန်သည် အခြားသူများ မရောက်နိုင်သော ကျွန်ုပ်တို့၏မြို့ကြီးများထဲသို့ ဝင်ရောက်နိုင်ခွင့်ရရှိလိမ့်မည်။

ကျန်းမာရေး၌ပြုပြင်ပြောင်းလဲမှုသတင်းစကားများကို သွန်သင်ပေးပါ။ ဤအမှုသည် လူများအပေါ်၌ဩဇာညောင်းလိမ့်မည်။

ကောင်းစွာသိကျွမ်းနားလည်သောဆရာဝန်က ကျမ်းစာ၏အခြေခံတရားများကိုဖော်ပြခြင်းအမှုသည် များစွာသောသူတို့အပေါ်၌ များစွာအကျိုးသက်ရောက်စေလိမ့်မည်။ မိမိ၏ဩဇာညောင်းမှုတွင် ဆရာဝန်၏လုပ်ငန်းနှင့် ဧဝံဂေလိအမှုဆောင်၏လုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်နိုင်သောသူသည် အကျိုးဖြစ်ထွန်း၍ တန်ခိုးနှင့်ပြည့်စုံ၏။ သူ၏အလုပ်ကို ကောင်းစွာဝေဖန်သုံးသပ်လျက် လူများကချီးမွမ်းပြောဆိုကြ၏။

ငင်းပြင် ထိုသို့ကျွန်ုပ်တို့၏ဆရာဝန်တို့သည် အမှုဆောင်ရွက်ရကြမည်။ သူတို့သည် ဧဝံဂေလိအမှုဆောင်ကဲ့သို့ လုပ်ဆောင်ကြလျက်၊ ဝိညာဉ်သည် သခင်ယေရှုအားဖြင့် မည်ကဲ့သို့ကျန်းမာချမ်းသာသွားနိုင်သည်ကိုသွန်သင်ပေးသောအခါ သူတို့သည် သခင်ဘုရား၏အမှုတော်ကိုဆောင်ရွက်နေကြသည်။ ဆရာဝန်တိုင်းသည် သင့်လျော်သောနည်းဖြင့် မည်ကဲ့သို့ကုသပြုစုရမည်အပြင်၊ လူနာအတွက်ယုံကြည်ခြင်းနှင့် မည်ကဲ့သို့ဆုတောင်းရမည်ကိုလည်း သိရှိနားလည်အပ်ပေသည်။ ထိုအချိန်မှာပင် သူသည် ဘုရားသခင်၏အမှုတော်ဆောင်တစ်ယောက်ကဲ့သို့ နောင်တတရားနှင့်စိတ်နှလုံးပြောင်းလဲခြင်းအကြောင်း၊ ဝိညာဉ်နှင့်ကိုယ်ခန္ဓာကို ကယ်တင်ခြင်းအကြောင်းတို့ကို သွန်သင်ပေးလျက် အမှုဆောင်ရွက်ရမည်။ ထိုသို့ပူးပေါင်းအမှုဆောင်ရွက်ခြင်းဖြင့် သူ၏ဗဟုသုတသည် များပြားကျယ်ဝန်းလာလျက် သူ၏ဩဇာကိုအလွန်ကျယ်ပြန့်စွာညောင်းစေလိမ့်မည်။[၈]

## ဆေးကုသခြင်းလုပ်ငန်းသည်သမ္မာတရားကို လမ်းဖွင့်ပေးလိမ့်မည်

သာသနာပြုလျက်သူနာပြုစုသူသည် တိုးတက်ပြုလုပ်နိုင်သောလုပ်ငန်းအမျိုးမျိုးရှိပေသည်။ ကောင်းစွာလေ့လာပြီးသော သူနာပြုစုသူသည် အိမ်ထောင်

များသို့သွား၍ သမ္မာတရား၌စိတ်ဝင်စားလာအောင် စိတ်ကိုထကြွနိုးကြားလာစေရန် ပြုလုပ်ပေးနိုင်သောအခွင့်အရေးများကို ရရှိကြပါသည်။ ရပ်ကွက်တိုင်းလိုမှာပင် ဘာသာရေးအစည်းအဝေးတစ်စုံတစ်ခုသို့မျှ သွားရောက်ခြင်းမရှိကြသောသူ များစွာရှိပေသည်။ ၎င်းတို့ထံသို့ ဧဝံဂေလိတရားကိုရောက်ရှိစေလိုလျှင်၊ ၎င်းကိုသူတို့၏အိမ်များသို့ယူဆောင်သွားရမည်။ မကြာခဏသူတို့၏ကာယဝေဒနာများကို သက်သာအောင်ပြုလုပ်ပေးနည်းအားဖြင့်သာ သူတို့ ထံသို့ချဉ်းကပ်နိုင်ကြသည်။ သာသနာပြုလျက် သူနာပြုစုသောသူသည် လူနာ များကိုစောင့်ရှောက်ပြုစုလျက် ဒုက္ခဆင်းရဲရောက်နေသူတို့၏ဒုက္ခဝေဒနာတို့ကို သက်သာစေရန်ပြုစုပေးနေကြစဉ်၊ သူတို့နှင့်အတူဆုတောင်းရန် ဘုရားသခင် ၏နှုတ်ကပတ်တော်မှ သူတို့အားဖတ်ပြရန်၊ ကယ်တင်ရှင်အကြောင်းပြောပြ ရန် အခွင့်အရေးများစွာရရှိကြလိမ့်မည်။ တပ်မက်မောခြင်းကြောင့် ယုတ်ညံ့ သွားစေလောက်အောင် အစားအသောက်၌မက်မောခြင်းကိုချုပ်တည်းနိုင်ရန် စိတ်ဆန္ဒခွန်အားမရှိကြသော အားကိုးရာမဲ့သူတို့နှင့်လည်းကောင်း၊ သူတို့အတွက်လည်းကောင်း သူတို့သည် ဆုတောင်းပေးနိုင်ကြသည်။ သူတို့သည် ဆုံးရှုံး၍ စိတ်အားလျော့နေသောသူတို့၏အသက်တာတွင် မျှော်လင့်ခြင်း ရောင်ခြည်ကိုယူဆောင်လာနိုင်ကြသည်။ ကိုယ်ကျိုးကိုငဲ့ကွက်သောကျေးဇူးပြုခြင်း အမှုတွင်ထင်ရှားသောကိုယ်ကျိုးမရှာသော သူတို့၏မေတ္တာအားဖြင့် ဤဒုက္ခ ရောက်သောသူတို့သည် သခင်ခရစ်တော်၏မေတ္တာတော်၌ယုံကြည်လာကြရန် လွယ်ကူလာကြလိမ့်မည်။

ဆေးကုသလျက် သာသနာပြုအမှုဆောင်ရွက်ခြင်းလုပ်ငန်းအားဖြင့်၊ အလွန်အောက်ကျလျက်ရှိနေသောအခြေအနေတွင်၊ တစ်ခါကအလွန်ကောင်းမြတ်သောစိတ်သဘော၊ အဖိုးအတန်ဆုံးသောအရည်အချင်းများနှင့်ပြည့်စုံကြလျက် သူတို့၏ကျဆုံးနေသောအခြေမှ သင့်လျော်သောဆောင်ရွက်နည်းဖြင့် ကယ်တင်နိုင်မည်ဖြစ်သောလူများကို တွေ့ရှိရကြလိမ့်မည်။ လူများတို့အား ထောက်ထားညှာတာစွာစောင့်ရှောက်ပြုစု၍ သူတို့၏ကာယ၌လိုအပ်သောအချက်များကို

ဖြည့်စွက်ပြီးသောအခါ သခင်ခရစ်တော်အထဲ၌ တည်ရှိနေသကဲ့သို့ သူတို့၏ စိတ်ထဲ၌တည်ရှိစေရန် သမ္မာတရားကိုဖော်ပြရမည်။ ထိုသို့သောဝိညာဉ်များ အတွက် အမှုဆောင်ရွက်နေသောလူများနှင့်အတူ သန့်ရှင်းသောဝိညာဉ်တော် သည် ပူးပေါင်းဆောင်ရွက်လျက်နေတော်မူသဖြင့် အချို့တို့သည် မိမိတို့၏ ဘာသာတရားနှင့်ဆိုင်ရာ ယုံကြည်မှုအတွက် ကျောက်ပေါ်၌တည်သောအခြေ အမြစ်ကို နှစ်သက်သဘောကျကြလိမ့်မည်။

ကိုယ်ခန္ဓာသည် ဝင်ရောက်ခွင့်ရမည်အကြောင်း၊ ယာလက်သည် တံခါးကိုဖွင့်ပေးရမည်။ ဤအမှုသည်ဆေးကုသလျက် သာသနာပြုခြင်းလုပ်ငန်း ၏တာဝန်တစ်ခုဖြစ်သည်။ ၎င်းသည် ဤခေတ်ကာလအတွက် သမ္မာတရား ကိုလက်ခံစေရန် အများအားဖြင့် လမ်းဖွင့်ပေးလေသည်။ လက်မရှိသော ကိုယ်ခန္ဓာသည် အကျိုးမရှိအသုံးမဝင်။ ကိုယ်ခန္ဓာကိုဂုဏ်ပြုရာတွင်၊ ကူညီ လုပ်ဆောင်သောလက်များကိုလည်း ဂုဏ်ပြုရမည်။ ၎င်းလက်များမရှိလျှင် ကိုယ်ကာယသည် ဘာမျှမပြုလုပ်နိုင်သဖြင့် ၎င်းတို့သည် ထိုသို့အရေးကြီးသော ကိုယ်စားဖြစ်ကြ၏။ ထိုကြောင့် လက်ယာလက်ကိုယုံကြည်အားထားမှုမရှိ၊ ၎င်း၏အကူအညီကိုငြင်းပယ်သောကိုယ်ကာယသည် ဘယ်အရာကိုမျှဖြစ်မြောက် အောင်မပြုလုပ်နိုင်။

ဧဝံဂေလိတရားအတိုင်း အသက်ရှင်လျက် ၎င်း၏အခြေခံတရားများ ကိုထိန်းသိမ်းစောင့်ရှောက်ခြင်းသည် အသက်ရှင်ခြင်းတိုင်အောင် အသက်ရှင် ခြင်း၏အမွေအကြိုင်ဖြစ်ပေသည်။ ဧဝံဂေလိတရားကို ဟောရုံသာပြုသောသူ အတွက် ပိတ်ထားသောတံခါးများကိုဆေးကုသလျက် သာသနာပြုခြင်းအမှု ကို ကျွမ်းကျင်စွာဆောင်ရွက်သူအား ဖွင့်ပေးလိမ့်မည်။ ကိုယ်ကာယ၏ဒုက္ခ ဝေဒနာ များကို သက်သာစေခြင်းအမှုအားဖြင့် ဘုရားသခင်သည် လူတို့၏ စိတ်ကိုပြု ပြင်တော်မူ၏။ သမ္မာတရားမျိုးစေ့တစ်စေ့သည် စိတ်ထဲသို့ကျရောက် လာ၍ ဘုရားသခင်ကရေလောင်းတော်မူ၏။ ဤမျိုးစေ့၌အသက်ရှင်လာကြောင်း ထင်ရှားသောသက်သေလက္ခဏာတစ်စုံတစ်ခုကိုမဖော်ပြမီ များစွာသည်းခံခြင်း

ရှိဖို့လိုပေသည်။ သို့ရာတွင် ၎င်းသည် အပင်ပေါက်လာ၍ ထာဝရအသက်ရှင်ခြင်းအဖို့ အသီးကိုသီးစေလေ၏။ ၉

---o---

# အခန်း (၅၆)
# ကျွန်ုပ်တို့၏အယူဝါဒကိုလက်မခံသူတို့နှင့် ဆက်သွယ်ခြင်း

ကျွန်ုပ်တို့သည် လောကနှင့်မည်သည့်နည်းနှင့်မျှ ဆက်ဆံပေါင်းသင်း မပြုရကြဘူးလား ဟူသောပြဿနာကို မေးတတ်ကြသည်။ သခင်ဘုရား၏ နှုတ်ကပတ်တော်သည် ကျွန်ုပ်တို့၏လမ်းညွှန်ဖြစ်စရမည်။ ကျွန်ုပ်တို့အား သူတို့ နှင့်ထပ်တူထပ်မျှဖြစ်စေလောက်အောင် မယုံကြည်သူများ၊ ဘုရားတရားကို ငြင်းပယ်သူများနှင့်ဆက်ဆံခြင်းအမှုကို နှုတ်ကပတ်တော်ကတားမြစ်ထား၏။ ကျွန်ုပ်တို့သည် သူတို့အထဲမှထွက်၍ သီးခြားစွာခွဲနေရကြမည်။ သူတို့အလုပ် အကိုင်၏စီမံကိန်းများတွင် မည်သည့်နည်းနှင့်မျှ ကျွန်ုပ်တို့သည် သူတို့နှင့် ဆက်ဆံပေါင်းသင်းခြင်းမပြုသင့်ကြ။ သို့ရာတွင် ကျွန်ုပ်တို့သည် သူတို့ထံမှ ခွာလျက် သီးသန့်နေထိုင်ရကြမည်မဟုတ်။ ကျွန်ုပ်တို့သည် လောကနှင့်စပ်ဆိုင် ၍ ကောင်းသောအမှုအားလုံးကို တတ်နိုင်သမျှပြုလုပ်ရကြမည်။

သခင်ခရစ်တော်သည် ဤအကြောင်းနှင့်သက်ဆိုင်၍ ပုံသက်သေ ပြတော်မူခဲ့ပြီ။ အခွန်ခံတို့နှင့်လည်းကောင်း၊ အပြစ်သားတို့နှင့်လည်းကောင်း စားသောက်ရန်ခေါ်ဖိတ်ခြင်းခံရသောအခါ ကိုယ်တော်သည် ငြင်းပယ်တော်မမူ။ အကြောင်းကား၊ ဤသူတို့နှင့်ရောနှောနေထိုင်ခြင်းမှတစ်ပါး အခြားမည်သည့် နည်းနှင့်မျှ ဤလူစားမျိုးထံသို့ချဉ်းကပ်ခြင်းမပြုနိုင်။ သို့ရာတွင် အခွင့်သာ သောအခါတိုင်း၊ ကိုယ်တော်သည် သူတို့၏စိတ်ထဲ၌ ထာဝရအကျိုးနှင့်ယှဉ် သောအကြောင်းအရာများကို ထင်ရှားစေသောအချက်များကို ဆွေးနွေးပြောဆို တော်မူ၏။ ၎င်းပြင် "သူတစ်ပါးတို့သည် သင်တို့၏ကောင်းသောအကျင့် ကိုမြင်၍၊ ကောင်းကင်ဘုံ၌ရှိတော်မူသော သင်တို့အဘ၏ဂုဏ်တော်ကို ချီးမွမ်း စေခြင်းငှာ သူတစ်ပါးရှေ့၌ သင်တို့အလင်းကိုလင်းစေကြလော့"ဟု ကိုယ်တော် က ကျွန်ုပ်တို့အား အမိန့်ပေးတော်မူ၏။ မ၊ ၅း၁၆။ ◦

မယုံကြည်သောသူတို့အား ဘုရားသခင်နှင့်ဆက်သွယ်ပေးရန် ရည်ရွယ်လျက် သူတို့နှင့်ရောနှောနေကြ၍၊ သူတို့၏ဩဇာညောင်းမှုကို ခုခံ ကာကွယ်နိုင်လောက်အောင် ဝိညာဉ်ရေး၌ခိုင်ခံ့ခြင်းရှိကြလျှင်၊ မယုံကြည်သော သူတို့နှင့်ပေါင်းဖော်ခြင်း၌ ကျွန်ုပ်တို့အတွက် ဘေးဖြစ်စေလိမ့်မည်မဟုတ်။

သခင်ခရစ်တော်သည် လောကကိုကယ်တင်ရန် ဆုံးရှုံးသောလူအား ဘုရားသခင်နှင့်ဆက်သွယ်ပေးရန် လောကသို့ကြွလာတော်မူ၏။ သခင်ခရစ်တော်၏တပည့်တော်များသည် အလင်းကိုလင်းစေသောလမ်းကြောင်းဖြစ်ကြ ၏။ ဘုရားသခင်နှင့်ဆက်သွယ်မှုကိုတည်မြဲစေလျက် မှောင်မိုက်နှင့်အမှား ထဲတွင်နေသောသူတို့အား၊ ကောင်းကင်မှသူတို့ရရှိကြသော အကောင်းဆုံး ကောင်းချီးမင်္ဂလာများကို တစ်ဆင့်ဝေငှပေးရကြမည်။ ဧနောက်သည် မိမိ လက်ထက်၌တည်ရှိနေသော အပြစ်ဒုစရိုက်များဖြင့် မိမိကိုယ်ကိုညစ်ညူးလာ အောင် မပြုလုပ်ခဲ့ချေ။ ကျွန်ုပ်တို့၏ခေတ်ကာလတွင် အဘယ်ကြောင့်ညစ်ညူး အောင်ပြုလိုကြသနည်း။ သို့ရာတွင် ကျွန်ုပ်တို့၏သခင်ဘုရားကဲ့သို့ ဒုက္ခ ရောက်နေသောလူသတ္တဝါတို့အတွက် သနားခြင်းကရုဏာရှိလျက်၊ ကံမကောင်း သောသူတို့ကိုကြင်နာ၍ ဆင်းရဲသောသူ၊ ဒုက္ခရောက်သောသူ၊ မျှော်လင့်ရာ ကင်းမဲ့နေသူတို့၏စိတ်ဒုက္ခများနှင့် လိုအပ်သောအရာများကို သဘောထားကြီးစွာ ဆင်ခြင်စဉ်းစားရကြမည်။၂

တတိယကောင်းကင်တမန်၏သတင်းစကားသည် ကျွန်ုပ်တို့အတွက် များစွာအဓိပ္ပါယ်ရှိကြောင်းကိုလည်းကောင်း၊ မှန်သောဥပုသ်ကိုစောင့်ခြင်းအမှုသည် ဘုရားသခင်ကိုကိုးကွယ်သူတို့အား ဘုရားသခင်ကိုမကိုးကွယ်သူတို့ထံမှခြားနားထားသော လက္ခဏာသက်သေတစ်ခုဖြစ်ရမည်ကိုလည်းကောင်း ကျွန်ုပ်တို့၏ညီအစ်ကိုမောင်နှမများတို့သည် ကောင်းစွာသိနားလည်ရန် ကျွန်ုပ်တို့တောင်းပန်ပါသည်။ အိပ်ပျော်နေ၍ ဂရုမစိုက်ဘဲနေတတ်သူတို့သည် နိုးကြားလာကြပါစေ။

ကျွန်ုပ်တို့သည် သန့်ရှင်းခြင်းရှိစေရန် ခေါ်တော်မူခြင်းခံရကြသဖြင့်၊ ကျွန်ုပ်တို့သည် မိမိတို့ယုံကြည်ခြင်း၏ထူးခြားသောလက္ခဏာများကို လက်ဝယ်

ထားရှိခြင်း၊ မထားခြင်းသည် များစွာအရေးမကြီးဟူသောထင်မြင်ချက်ပေး ခြင်းကို သတိနှင့်ရှောင်ကြဉ်ရကြမည်။ သမ္မာတရားနှင့်ဖြောင့်မတ်ခြင်းတရား အတွက် ကျွန်ုပ်တို့သည် ရှေးကထက် သာ၍သေချာစွာရပ်တည်နေခြင်းတည်း ဟူသော အရေးကြီးသောတာဝန်သည် ကျွန်ုပ်တို့အပေါ်၌ တည်ရှိနေပါသည်။ ဘုရားသခင်၏ပညတ်တော်ကိုစောင့်ရှောက်သောသူတို့နှင့်မစောင့်ရှောက်သော သူတို့၏စပ်ကြား၌ ခြားထားသောလမ်းကြောင်းသည် မမှားနိုင်လောက်အောင် ထင်ရှားရမည်။ ကျွန်ုပ်တို့သည် ဘုရားသခင်ကိုဖြောင့်မှန်စွာချီးမြှောက်လျက်၊ ကျွန်ုပ်တို့သည် ဘုရားသခင်ကောင်းချီးမင်္ဂလာများ၊ အလွန်ပြင်းထန်စွာစုံစမ်း ခြင်းခံရကြမည့်လူတစ်မျိုးအတွက် အလွန်လိုအပ်သောကောင်းချီးမင်္ဂလာများကို ရရှိကြမည်အကြောင်း၊ ပဋိညာဉ်အားဖြင့် ဘုရားသခင်နှင့်ဆက်သွယ်ရခြင်း အမှုကို တည်မြဲစေရန် နည်းလမ်းရှိသမျှဖြင့် ကြိုးစားအသုံးပြုရကြမည်။

ကျွန်ုပ်တို့၏ယုံကြည်ခြင်းတရား၊ ကျွန်ုပ်တို့၏ဘာသာတရားသည် ကျွန်ုပ်တို့၏အသက်တာ၌ လွှမ်းမိုးနေသောတန်ခိုးမဟုတ်ဟူသောထင်မြင်ချက် ကို ဖော်ပြခြင်းသည် ဘုရားသခင်ကိုအကြီးအကျယ်ရှုတ်ချခြင်းဖြစ်၏။ ထိုသို့ အားဖြင့် ကျွန်ုပ်တို့၏အသက်ဖြစ်သော ဘုရားသခင်၏ပညတ်တော် များမှ ကျွန်ုပ်တို့သည် လွှဲဖယ်သွားကြပြီးလျှင် ကိုယ်တော်သည် ကျွန်ုပ်တို့ ၏ဘုရား ဖြစ်ကြောင်းကိုလည်းကောင်း၊ ကျွန်ုပ်တို့သည် ဘုရားသခင်၏လူများ ဖြစ်ကြ ကြောင်းကိုလည်းကောင်း ငြင်းပယ်လာကြ၏။[၁]

## အခြားဂိုဏ်းမှအမှုဆောင်များနှင့် လူစုတို့အားစကားပြောဆိုခြင်း

သင်သည် အခြားသောစည်းဝေးဇရပ်များတွင် ဟောပြောခွင့်ရကောင်း ရလိမ့်မည်။ ဤအခွင့်အရေးများကို တိုးလာအောင်ပြုရာ၌၊ "ထိုကြောင့် သင်တို့ သည် မြွေကဲ့သို့လိမ္မာလျက် ချိုးငှက်ကဲ့သို့အဆိပ်ကင်းလျက်ရှိကြလော့"ဟူသော ကယ်တင်ရှင်၏စကားတော်များကို သတိရကြပါ။ ရန်သူ၏

အလွန်မုန်းသောသဘောကို အပြစ်တင်သောစကားများဖြင့် ဆွမပေးပါနှင့်။ ထိုသို့ပြုလျှင် သင်သည် သမ္မာတရားကိုဝင်ရောက်စေသောတံခါးတို့ကိုပိတ်သွားစေလိမ့်မည်။ ရှင်းလင်းထိရောက်သောသတင်းစကားများကို ပြောရကြမည်။ ဆန့်ကျင်ဘက်သဘောများပေါ်လာအောင် ဆွပေးခြင်းအမှုကိုရှောင်ကြဉ်ပါ။ ကယ်တင်ရမည့်ဝိညာဉ်အများရှိပေသည်။ ကြမ်းတမ်းသောစကားများကို မပြောပါနှင့်။ အပြောအဆိုအပြုအမူတို့တွင် ကယ်တင်ခြင်းကိုဖြစ်စေဖို့သတိပညာရှိလျက် သင်နှင့်ဆက်သွယ်တွေ့ကြုံရသောသူအပေါင်းအား သခင်ခရစ်တော်အကြောင်းကို ထင်ရှားပါစေ။ လူအပေါင်းတို့အား ငြိမ်သက်ခြင်းနှင့်မေတ္တာကရုဏာကိုဖြစ်စေသော ဧဝံဂေလိတရားကိုဟောပြောအံ့သောငှာပြင်ဆင်သောခြေနင်းကို သင်၏ခြေ၌စီးထားသည်ကို လူအပေါင်းတို့သည်မြင်နိုင်ကြပါစေ။ ကျွန်ုပ်တို့သည် သခင်ခရစ်တော်၏ဝိညာဉ်တော်နှင့်ပြည့်ဝလျက် အမှုတော်ကိုဆောင်ရွက်ကြလျှင်၊ အံ့ဩဖွယ်ကောင်းသောအကျိုးကျေးဇူးတို့ကို ကျွန်ုပ်တို့သည်မြင်ရကြလိမ့်မည်။ ကျွန်ုပ်တို့သည် အမှုတော်ကိုဖြောင့်မတ်ခြင်း၊ ကရုဏာနှင့်မေတ္တာဖြင့် တိုးတက်ဆောင်ရွက်ကြလျှင်၊ ကျွန်ုပ်တို့၌လိုသောအရာများတွင် အကူအညီကိုရရှိကြလိမ့်မည်။ သမ္မာတရားသည်ဝမ်းမြောက်ခြင်းနှင့်အောင်ပွဲကိုရရှိလိမ့်မည်။[၄]

အခြားအသင်းတော်မှ အမှုတော်ဆောင်များအတွက် လုပ်ဆောင်ရန်ကျွန်ုပ်တို့၌ အလုပ်တစ်ခုရှိသည်။ ဘုရားသခင်သည် သူတို့အား ကယ်တင်ခြင်းရရှိစေခြင်းငှာ အလိုရှိတော်မူ၏။ သူတို့သည် ကျွန်ုပ်တို့ကိုယ်တိုင်ကဲ့သို့ယုံကြည်ခြင်း၊ နာခံခြင်းအားဖြင့်သာ မသေနိုင်သောအဖြစ်ကို ရရှိနိုင်ကြသည်။ သူတို့သည် ၎င်းကိုရရှိနိုင်မည်အကြောင်း ကျွန်ုပ်တို့သည် သူတို့အတွက် စိတ်အားထက်သန်စွာ အမှုဆောင်ရွက်ရကြမည်။ ဤခေတ်ကာလအတွက် ဘုရားသခင်၏ထူးခြားသောအလုပ်တွင် သူတို့အားပါဝင်ဆောင်ရွက်စေရန် ဘုရားသခင်သည် အလိုရှိတော်မူ၏။ ဘုရားသခင်အိမ်ထောင်တွင်အချိန်တန်လျှင် စားစရာကိုပေးရသောသူတို့တွင် သူတို့ကိုပါဝင်စေဖို့ဘုရားသခင်သည် အလိုရှိတော်မူ၏။ ကျွန်ုပ်တို့၏အမှုတော်ဆောင်တို့သည်

အခြားအသင်း၊ ဂိုဏ်းများမှအမှုတော်ဆောင်တို့ထံ ချဉ်းကပ်ဖို့ကြိုးစားရကြ မည်။ ဤသူတို့အတွက်သော်လည်းကောင်း၊ သူတို့နှင့်လည်းကောင်းဆုတောင်းပါ။ သခင်ခရစ်တော်သည် သူတို့အတွက် ကြားဖျန်ဖြေလျက်နေတော်မူ၏။ သူတို့၏ တာဝန်သည် အလွန်ကြည်ညိုဖွယ်အရေးကြီးပေသည်။ သခင်ခရစ်တော်၏စေတမန်များအဖြစ်နှင့် ကျွန်ုပ်တို့သည် ဤသိုးထိန်းတို့တွင်အလွန် လေးနက်စွာစိတ်ဝင်စားမှုရှိအပ်ကြသည်။[၁]

ကျွန်ုပ်တို့၏အမှုတော်ဆောင်များသည် အခြားအသင်းမှအမှုတော်ဆောင်များအတွက် ထူးခြားသောအလုပ်ကို ဆောင်ရွက်ရကြမည်။ သူတို့သည် ထိုသူတို့နှင့်ငြင်းခုံခြင်းမပြုရဘဲ၊ မိမိတို့၏ကျမ်းစာအုပ်များကို ကိုင်လျက် ထိုသူတို့အား နှုတ်ကပတ်တော်ကိုလေ့လာဆည်းပူးရန် တိုက်တွန်းနှိုးဆော်ရကြမည်။ ဤသို့ပြုကြလျှင် ယခုအမှားကိုဟောပြောနေသော်လည်း ဤခေတ်ကာလအတွက်သမ္မာတရားကို ဟောပြောကြမည့်အမှုဆောင်များစွာရှိလာလိမ့်မည်။[၆]

---o---

# အခန်း (၅၇)
# အစိုးရအရာရှိများ၊ ဥပဒေများနှင့် ကျွန်ုပ်တို့ဆက်ဆံရေး

နိုင်ငံအစိုးရအာဏာကိုယုံကြည်သူတို့သည် မည်ကဲ့သို့သဘောထား အပ်ကြကြောင်း တမန်တော်က ထင်ရှားစွာချုပ်၍ ဖော်ပြထားပါသည်။ “သခင်ဘုရား၏မျက်နှာတော်ကိုထောက်လျက်၊ အထွတ်အမြတ်တည်းဟူသော ရှင်ဘုရင်ဖြစ်စေ၊ လူဆိုးတို့ကိုဒဏ်စီရင်ခြင်းငှာလည်းကောင်း၊ လူကောင်းတို့ ကိုချီးမွမ်းစေခြင်းငှာလည်းကောင်း ရှင်ဘုရင်ခန့်ထားသောဝန်မင်းဖြစ်စေ၊ လူတို့တွင်စီရင်ခန့်ထားသမျှသော မင်း၏အုပ်စိုးခြင်းကိုဝန်ခံကြလော့။အကြောင်း မူကား၊ သင်တို့သည် ကောင်းသောအကျင့်ကိုကျင့်သောအားဖြင့် လူမိုက်တို့ ၏မိုက်မဲသောစကားကိုချေစေခြင်းငှာ၊ ဘုရားသခင်သည် ထိုသို့သောအလို တော်ရှိ၏။ လူလွတ်ဖြစ်သော်လည်း၊ လွတ်ခြင်းအကြောင်းဖြင့် မကောင်း သောအမှုတို့ကိုဖုံးအုပ်သောသူကဲ့သို့မကျင့်၊ ဘုရားသခင်၏ကျွန်ကဲ့သို့ကျင့်နေ ကြလော့။ ခပ်သိမ်းသောသူတို့ကို ရိုသေကြလော့။ ညီအစ်ကိုများကိုချစ်ကြ လော့။ ဘုရားသခင်ကိုကြောက်ရွံ့ခြင်း၊ ရှင်ဘုရင်ကိုရိုသေခြင်းရှိကြလော့” ၁ပေ ၂း၁၃–၁၇။၁

ကျွန်ုပ်တို့ကိုအုပ်ချုပ်သောသူများအဖြစ်နှင့် ခန့်ထားသောသူများရှိ ကြ၍ လူများကိုနေရာတကျအုပ်စိုးရန် ဥပဒေများလည်းရှိပေသည်။ ဤဥပဒေ များမရှိလျှင်၊ လောက၏အခြေအနေသည် ယခုအခြေအနေထက် သာ၍ ဆိုးသွမ်းလိမ့်မည်။ အချို့သောဤဥပဒေများသည်ကောင်း၍ အချို့တို့မှာ မကောင်းပါ။ မကောင်းသောအရာတို့မှာ တိုးပွားလျက်ရှိသဖြင့်၊ ကျွန်ုပ်တို့ သည် ကျဉ်းကြပ်သောနေရာသို့ရောက်နေကြသေး၏။ သို့ရာတွင် မိမိ၏ လူများအား မြဲမြံ၍မိမိ၏နှုတ်ကပတ်တော်၏အခြေခံစည်းကမ်းဥပဒေများ အတိုင်း လိုက်နာစောင့်ရှောက်စေရန် ဘုရားသခင်သည် ထောက်မကြည့်ရှု လျက် နေတော်မူမည်။၂

ဘုရားသခင်သည် သိနာတောင်ပေါ်မှကြားနိုင်လောက်အောင် ကျယ်သောအသံနှင့် မိန့်တော်မူပြီးနောက်မှ မိမိ၏လက်ညှိုးတော်ဖြင့် ကျောက်ပြားပေါ်တွင် အက္ခရာတင်ထားတော်မူသော သာ၍မြတ်သောပညတ် တရားနှင့်အတိုက်အခံမဖြစ်ခဲ့လျှင်၊ မိမိတို့နိုင်ငံ၏တရားဥပဒေများကို အမှုကိစ္စတိုင်းတွင်လိုက်နာရန် ကျွန်ုပ်တို့၌တာဝန်ရှိကြောင်း ကျွန်ုပ်တွေ့မြင်ရ၏။ "ငါထာဝရဘုရားသည် ငါ့ပညတ်တို့ကိုသူတို့စိတ်ဝိညာဉ်ထဲသို့သွင်းမည်။ သူတို့နှလုံးပေါ်မှာရေးထားမည်။ ငါသည် သူတို့၏ဘုရားဖြစ်မည်။ သူတို့ သည်လည်း ငါ၏လူဖြစ်ကြလိမ့်မည်။" မိမိတို့၏စိတ်နှလုံးထဲ၌ ဘုရားသခင် ၏ပညတ်တော်ရေးထားခြင်းကို ခံရသောသူသည် လူထက်ဘုရားသခင်၏ စကားကို နားထောင်လိမ့်မည်။ ၎င်းပြင် ဘုရားသခင်၏ပညတ်တော်မှ အနည်းငယ်လမ်းလွဲသွားခြင်းထက် လူအပေါင်းတို့၏စကားကိုမကြားမီ နားမထောင်ဘဲနေကြလိမ့်မည်။ သမ္မာတရားအားဖြင့် အတွင်း၌သွန်သင်ပြုပြင် ခြင်းခံရ၍ ဘုရားသခင်၏နှုတ်ကပတ်တော်ရှိသမျှအားဖြင့် အသက်ရှင်ရန် ကောင်းမြတ်သောဩတ္တပ္ပစိတ်ဓာတ်ဖြင့် လမ်းပြခြင်းခံရသော ဘုရားသခင်၏ လူများတို့သည် ဘုရားသခင်၏ ပညတ်တရားတော်ကို မိမိတို့နားထောင်ရန်ဝန်ခံ၊ သဘောတူနိုင်သောတစ်ခုတည်းသော အမိန့်အာဏာကဲ့သို့လက်ခံလျက် မိမိတို့၏နှလုံးပေါ်တွင် ရေးထားကြလိမ့်မည်။ ဘုရားသခင်၏ပညတ်တရား တော်၏ဉာဏ်ပညာနှင့်အမိန့်အာဏာသည် အလွန်ကြီးမြတ်၏။[၇]

သခင်ယေရှုနေထိုင်တော်မူခဲ့စဉ်အခါက အုပ်စိုးနေသောအစိုးရသည် ပျက်စီးနေ၍ညှဉ်းဆဲနှိပ်စက်၏။ နေရာတိုင်း၌အတင်းအကျပ်တောင်းဆိုခြင်း၊ သည်းမခံနိုင်အောင်ညှဉ်းဆဲခြင်း၊ ရက်စက်စွာကြမ်းကြုတ်ခြင်းအမှုတို့ကြောင့် ဆဲရေးတိုင်းထွာလျက် ငိုကြွေးမြည်တမ်းသံများကို ကြားနေရကြ၏။ သို့ရာတွင် ကယ်တင်ရှင်သည် အုပ်ချုပ်ရေး၌ ပြုပြင်ပြောင်းလဲရန် ကြံစည်တော်မမူ။ နိုင်ငံရေးနှင့်ဆိုင်သော ညှဉ်းဆဲနှိပ်စက်ခြင်းတို့ကို တိုက်လှန်တော်မမူ။ နိုင်ငံရေးရန်သူများကိုလည်း အပြစ်တင်ဆုံးမတော်မမူ။ ကိုယ်တော်သည် အာဏာတန်ခိုးလွှမ်းမိုးနေသော သူတို့၏အလုပ်အကိုင်၊ အာဏာစက်တို့တွင် ဝင်ရောက်

နှောင့်ယှက်ခြင်းပြုတော်မမူ။ ကျွန်ုပ်တို့၏ပုံသက်သေဖြစ်တော်မူသောအရှင်သည် လောကီအစိုးရနှင့်ဝေးဝေးနေတော်မူ၏။၄

အကြိမ်ကြိမ်သခင်ခရစ်တော်အား တရားဥပဒေနှင့်လည်းကောင်း၊ နိုင်ငံရေးနှင့်လည်းကောင်း သက်ဆိုင်သောပြဿနာတို့ကို ဖြေရှင်းရန်မေးမြန်းကြ၏။ သို့သော် ကိုယ်တော်သည် လောကီအရာများတွင် ဝင်ရောက်စွက်ဖက်ခြင်းကို ငြင်းပယ်တော်မူ၏။ ကိုယ်တော်သည် ကြွလာတော်မူလျက်၊တည်ထောင်လိုတော်မူသော ဝိညာဉ်ရေးနိုင်ငံတော်ကြီးတည်းဟူသော ဖြောင့်မတ်ခြင်းနှင့်ယှဉ်သော နိုင်ငံတော်၏အထွတ်အထိပ်အဖြစ် သခင်ခရစ်တော်သည် ကျွန်ုပ်တို့၏လောကတွင် ရပ်တည်နေတော်မူ၏။ ကိုယ်တော်၏သြဝါဒများတွင် ဤနိုင်ငံတော်ကို အုပ်ချုပ်ရသောစည်းမျဉ်းဥပဒေများ၊ မြင့်မြတ်သန့်ရှင်း စေသောအခြေခံဥပဒေများကို ထင်ရှားစွာဖော်ပြထား၏။ ထာဝရအရှင်ဘုရား သခင်၏နိုင်ငံတော်တွင် စိုးမိုးအုပ်ချုပ်နေသောအာဏာတန်ခိုးများမှာ ဖြောင့်မတ်ခြင်း၊ သနားခြင်းကရုဏာနှင့်ချစ်ခြင်းမေတ္တာတရားများဖြစ်ကြသည်ဟု ကိုယ်တော်ကဖော်ပြတော်မူ၏။၁

သူလျှိုများသည် ကိုယ်တော်ထံသို့လာကြပြီးလျှင်၊ ရိုးဖြောင့်ဟန်ဆောင်လျက် မိမိတို့၏တာဝန်ကို သိရှိလိုသောဆန္ဒရှိသကဲ့သို့ အရှင်ဘုရား၊ ကိုယ်တော်သည် လူမျက်နှာကိုမထောက်ဘဲ ဖြောင့်မတ်စွာဆုံးမသြဝါဒပေး၍ ဘုရားသခင်၏တရားလမ်းကိုဟုတ်မှန်စွာပြတော်မူသည်ကို အကျွန်ုပ်တို့သိကြပါ၏။ အကျွန်ုပ်တို့သည် ကဲသာဘုရင်အားအခွန်ကို ဆက်အပ်သလော၊ မဆက်အပ်သလောဟု မေးလျှောက်ကြ၏။ (လု ၂၀း၂၁၊၂၂)။

သခင်ခရစ်တော်၏အဖြေမှာ ရှောင်လွှဲပြောဆိုသောစကားမဟုတ်ဘဲ၊ မေးခွန်းအတွက် ပွင့်လင်းသောအဖြေဖြစ်၏။ ကဲသာဘုရင်၏အမည်နှင့်ရုပ်ပုံများကို ကမ္ပည်းအက္ခရာတင်ထားသော ရောမဒင်္ဂါးတစ်ပြားကိုကိုင်ထားတော်မူလျက် သူတို့သည် ရောမမင်းတို့၏အာဏာတန်ခိုးလက်အောက်၌ နေထိုင်နေရကြသောကြောင့် သာ၍မြင့်မြတ်သောတာဝန်နှင့် ဆန့်ကျင်ဘက်မပြုသမျှ

ကာလပတ်လုံး၊ အစိုးရကတောင်းဆိုသောအထောက်အပံ့ကို ထိုအစိုးရအား ပေးအပ်ရမည်ဟု ကိုယ်တော်ကမိန့်တော်မူ၏။

ဖာရိရှဲတို့သည် "သခင်ခရစ်တော်၏အဖြေကိုကြားရကြလျှင်၊ အံ့သြ၍အထံတော်မှထွက်သွားကြ၏။" ကိုယ်တော်သည် သူတို့၏လျှို့ဝှက်ခြင်းနှင့် အယောင်ဆောင်မှုကိုဆုံးမတော်မူလျက် ဤသို့ပြုခြင်းဖြင့် ကိုယ်တော်က ကြီးမြတ်သောအခြေခံတရား၊ အစိုးရအားပြုအပ်သောလူ၏တာဝန်ကို ကန့်သတ်ထားကြောင်းနှင့်ဘုရားသခင်အားပြုအပ်သော လူ၏တာဝန်အကြောင်းကို ရှင်းလင်းစွာဖော်ပြသော အခြေခံစည်းမျဉ်းဥပဒေကိုဖော်ပြတော်မူ၏။[၆]

## ကျမ်းကျိန်ခြင်း

ကျမ်းကျိန်ဆိုခြင်းနှင့်သက်ဆိုင်၍ ဘုရားသခင်၏သားသမီးအချို့တို့သည် အမှားတစ်ခုကိုပြုလုပ်နေကြ၍၊ စာတန်သည် သူတို့အားညှဉ်းဆဲရန် ဤအမှု၌အခွင့်အရေးယူလျက် သူတို့ထံမှသူတို့သခင်ဘုရား၏ငွေများကိုယူနေသည်ကို ကျွန်ုပ်မြင်ရ၏။ "ကျိန်ဆိုခြင်းကိုအလျှင်းမပြုရ" ဟူသော ကျွန်ုပ်တို့သခင်ဘုရား၏စကားများသည် တရားရုံးတော်၏ကျမ်းကျိန်ခြင်းနှင့် မစပ်ဆိုင်သည်ကို ကျွန်ုပ်မြင်ရ၏။ "သင်၏စကားမှာ ဟုတ်သည်ကိုအဟုတ်၊ မဟုတ်သည်ကိုမဟုတ်ဖြစ်စေကြလော့။ ဤထက်လွန်သောစကားသည် မကောင်းသောအရာနှင့်စပ်ဆိုင်ပေသည်" မ၊ ၅း၃၄၊၃၇။ ဤအချက်သည် ပြောဆိုနေကျစကားများနှင့်သက်ဆိုင်၏။ အချို့တို့သည် မိမိတို့၏စကား များကို အကျယ်ချဲ့၍ ပြောတတ်ကြသည်။ အချို့တို့သည် မိမိတို့၏အသက် ကိုတိုင်တည်၍ ကျိန်ဆိုတတ်ကြ၏။ အခြားသူတို့ကား၊ အသက်ရှင်နေရ သည်ကို သေချာသလောက်၊ မိမိတို့၌ခေါင်းရှိနေသည်ကို သေချာသလောက် မိမိတို့၏ခေါင်းကို တိုင်တည်၍ ကျိန်ဆိုကြ၏။ မိမိတို့ပြောသောအရာတို့သည် အဟုတ်အမှန်ဖြစ်ကြောင်း ကောင်းကင်နှင့်မြေကြီးကို တိုင်တည်၍ကျိန်ဆို

ကြ၏။ မိမိတို့ပြောဆိုနေသောအရာသည် မမှန်ခဲ့လျှင်၊ ဘုရားသခင်သည် သူတို့ကိုရှင်းရှင်းပယ်ရှားတော်မူမည်ဟု မျှော်လင့်တတ်ကြ၏။ သခင်ယေရှုက မိမိ၏တပည့်တော်တို့အားရှောင်ကြဉ်ရန် သတိပေးသောကျိန်ဆိုခြင်းမှာ ဤကဲ့သို့ရိုးရိုးကျိန်ဆိုခြင်းဖြစ်သည်။

ထာဝရဘုရားသည် တိုင်းပြည်၏တရားဥပဒေများနှင့် တစ်စုံတစ်ခုပြုလုပ်စရာရှိတော်မူသည်ကို ကျွန်ုပ်မြင်ရ၏။ သခင်ယေရှုသည် သန့်ရှင်းရာဌာနတွင်ရှိနေတော်မူစဉ်၊ ဘုရားသခင်၏တားဆီးတော်မူသော ဝိညာဉ်တော်၏ပြုမူခြင်းကို မင်းများနှင့်လူများတို့သည် ခံရကြ၏။ သို့ရာတွင် စာတန်သည် လောက၏လူထုကြီးကို အလွန်ကျယ်ဝန်းစွာစိုးမိုးထားသဖြင့် တိုင်းပြည်၏ဥပဒေများမရှိခဲ့လျှင် ကျွန်ုပ်တို့သည် များစွာဒုက္ခဆင်းရဲခြင်းတွေ့ကြုံရကြလိမ့်မည်။ အကယ်ပင်လိုသေး၍ သူတို့သည် တရားသောနည်းအတိုင်းသက်သေခံဖို့ခေါ်ဆောင်ခြင်းခံရကြသောအခါ၊ သူတို့ပြောဆိုသောစကားများသည် အမှန်ဖြစ်သည်။ အကယ်စင်စစ်၊ အမှန်ပင်ဖြစ်သည်ကိုသက်သေခံရန် ဘုရားသခင်ကိုတိုင်တည်၍ကျိန်ဆိုခြင်းမှာ ဘုရားသခင်၏သားသမီးတို့အတွက် ဘုရားသခင်၏နှုတ်ကပတ်တော်ကိုလွန်ကျူးခြင်းမဟုတ်ဟု ကျွန်ုပ်အားဖော်ပြထား၏။

ကျိန်ဆိုခြင်းဖြင့် ခိုင်မာစွာသက်သေခံနိုင်သောသူတစ်စုံတစ်ယောက်သည် မြေကြီးပေါ်၌ရှိပါလျှင်၊ ထိုသူသည် ခရစ်ယာန်ဖြစ်သည်ကို ကျွန်ုပ်မြင်ရ၏။ သူသည် ဘုရားသခင်၏မျက်နှာတော်အလင်းတွင် အသက်ရှင်လျက်ရှိ၏။ သူသည် ဘုရားသခင်၏ခွန်အားတွင်ခိုင်ခံ့လာ၏။ ၎င်းပြင် အရေးကြီးသောကိစ္စများကို တရားဥပဒေအတိုင်း ဆုံးဖြတ်ရမည်ဖြစ်သောအခါ၊ ခရစ်ယာန်လောက်မည်သူမျှ ဘုရားသခင်အားအလွန်ကောင်းမွန်စွာ အသနားခံနိုင်သောသူမရှိချေ။ ဘုရားသခင်သည် မိမိကိုယ်တော်တိုင်အားဖြင့် ကျိန်ဆိုခြင်းကိုပြုတော်မူသည်ကို ကြည့်ရှုမှတ်သားရန် ကျွန်ုပ်အားကောင်းကင်တမန်က ပြောဆိုမှာထား၏။[၇]

## နိုင်ငံရေးနှင့်စပ်ဆိုင်၍စိတ်ထကြွမှု

ကျွန်ုပ်တို့၏စည်းဝေးဇရပ်များနှင့်ကျောင်းများတွင် ကျမ်းစာသင်နေရကြသောသူတို့သည် နိုင်ငံရေးလိုက်စားသူများ၊ (သို့မဟုတ်) နိုင်ငံရေးကိစ္စတို့နှင့်သက်ဆိုင်သော အယူအဆများ၊ ဆန့်ကျင်ဘက်သဘောများတို့ကို ထင်ရှားစွာပါဝင်ဖော်ပြခွင့်မရှိပါ။ အကြောင်းကား၊ ထိုသို့ပြုခြင်းဖြင့် အခြားသူတို့၏စိတ်ကို ထကြွနိုးကြားစေလျက် မိမိတို့နှစ်သက်သောအချက်တို့ကို အသီးအသီးတို့အား ထောက်ခံစေကြလိမ့်မည်။ သမ္မာတရားကိုယုံကြည်သည်ဟု ဝန်ခံနေကြသောသူတို့အထဲတွင် မိမိတို့၏အယူအဆများနှင့်နိုင်ငံရေး၌နှစ်သက်သောအချက်တို့ကိုဖော်ပြရန် စိတ်ထကြွခြင်းရှိလာသဖြင့် အသင်းတော်တွင် စိတ်ဝမ်းကွဲပြားမှုကိုဖြစ်စေမည့် လူအချို့ရှိတတ်သည်။

မိမိ၏လူများအား နိုင်ငံရေးနှင့်ဆိုင်သောပြဿနာတို့ကို မြေမြှုပ်ပစ်စေခြင်းငှာ ထာဝရဘုရားသည် အလိုရှိတော်မူ၏။ ဤအချက်များအတွက် တိတ်ဆိတ်စွာနေခြင်းသည် အကောင်းဆုံးအချက်ဖြစ်သည်။ သခင်ခရစ်တော်က မိမိ၏တပည့်တော်များအား ဘုရားသခင်၏နှုတ်ကပတ်တော်တွင် ဖော်ပြထားသည့် သန့်ရှင်းသောဧဝံဂေလိတရားဥပဒေများတွင် စည်းလုံးညီညွတ်ခြင်းရှိစေဖို့ ခေါ်တော်မူ၏။ ကျွန်ုပ်တို့သည် မည်သူ့အတွက်မဲပေးနေကြသည်ကို မသိကြသဖြင့်၊ ကျွန်ုပ်တို့သည် နိုင်ငံရေးပါတီများအတွက် စိတ်ချခြင်းနှင့် မဲမပေးနိုင်။

ခရစ်ယာန်အမှန်ဖြစ်သောသူတို့သည် စပျစ်နွယ်ပင်အစစ်အကိုင်းများဖြစ်ကြသဖြင့်၊ ပင်မကြီးကဲ့သို့ အသီးကိုသီးစေကြလိမ့်မည်။ သူတို့သည် ခရစ်ယာန်ဆက်ဆံခြင်းအမှုနှင့် ညီညွတ်စွာပြုမူကြလိမ့်မည်။ သူတို့သည် နိုင်ငံရေးနှင့်ဆိုင်ရာတံဆိပ်အမှတ်အသားများကို ဆောင်ယူကြမည်မဟုတ်ဘဲ၊ သခင်ခရစ်တော်၏တံဆိပ်အမှတ်အသားကိုသာ ယူဆောင်ရကြမည်။

ထိုအခါ ကျွန်ုပ်တို့သည် ဘာလုပ်ရကြမည်နည်း။ နိုင်ငံရေးပြဿနာတို့ကိုတစ်ပါးတည်းနေပါစေ။

စိုက်ပျိုးပြုစုရန် စပျစ်ဥယျာဉ်ကြီးတစ်ခုပါရှိသည်။ သို့ရာတွင် ခရစ်ယာန်တို့သည် မယုံကြည်သောသူတို့အထဲတွင် အမှုဆောင်ရွက်နေကြစဉ်၊ သူတို့သည် လောကီဆန်သောသူတို့ကဲ့သို့ မနေသင့်ကြပေ။ သူတို့သည် နိုင်ငံရေးစကားများကိုပြောနေခြင်း (သို့မဟုတ်) နိုင်ငံရေးလုပ်ငန်းများကို ဆောင်ရွက်နေကြခြင်းဖြင့် မိမိတို့၏အချိန်ကိုမဖြုန်းသင့်ကြ။ အကြောင်းကား၊ ထိုသို့ပြုခြင်းဖြင့် သူတို့သည် ရန်သူအားဝင်ရောက်လာစေပြီး၊ စိတ်ဝမ်းကွဲပြားမှုနှင့်မသင့်မတင့်ဖြစ်ခြင်းအမှုတို့ကိုဖြစ်စေခြင်းငှာ အခွင့်အရေးပေးကြပြီ။

ဘုရားသခင်၏သားသမီးတို့သည် နိုင်ငံရေးကိစ္စများမှ သီးခြားနေထိုင်ရကြမည်။ နိုင်ငံရေးတွင် တစ်ဖက်နှင့်တစ်ဖက် အပြိုင်တိုက်လှန်ကြခြင်းအမှုတွင် ပါဝင်ခြင်းမပြုပါနှင့်။ လောကနှင့်မဆက်ဆံပါနှင့်။ ၎င်းပြင်ရန်တွေ့ခြင်း၊ ဖရိုဖရဲဖြစ်ခြင်းတို့ကို ဖြစ်ပေါ်လာစေမည့်အယူဝါဒများကို စည်းဝေးဇရပ် (သို့မဟုတ်) ကျောင်းသို့ယူဆောင်မလာပါနှင့်။ စိတ်ဝမ်းကွဲပြားခြင်းသည် ကိုယ်ကျိုးရှာသောလူများအားဖြင့် ကိုယ်ခန္ဓာထဲသို့ယူဆောင်လာသောအကျင့်နှင့်ဆိုင်ရာ အဆိပ်အတောက်ဖြစ်သည်။[၈]

## သတိကင်းသောဖော်ပြချက်များကြောင့် ဘေးဖြစ်စေခြင်း

အရာခပ်သိမ်းတို့တွင် ဘုရားသခင်၏ပညတ်တော်နှင့်ဆန့်ကျင်ခြင်းမရှိခဲ့လျှင်၊ တိုင်းပြည်၏တရားဥပဒေများကိုလိုက်နာရန် လူများတို့အားသွန်သင်ပေးပါ။[၉]

ကျွန်ုပ်တို့၏ညီအစ်ကိုမောင်နှမများတို့သည် အစိုးရနှင့်လည်းကောင်း၊ တရားဥပဒေနှင့်လည်းကောင်း ဆန့်ကျင်သောအဓိပ္ပါယ်သက်ရောက်သောအရာများကို ပြောဆိုရေးသားခဲ့ကြပြီ။ ထိုသို့ကျွန်ုပ်တို့၌ နားမလည်မှုရှိရခြင်းသည် အမှားတစ်ခုဖြစ်၏။ အစိုးရအရာရှိများပြုသောအမှုတို့ကို အမြဲအပြစ်ရှာနေဖို့မသင့်လျော်ချေ။ လူအသီးအသီး (သို့မဟုတ်) အဖွဲ့အစည်းတို့ကို

ပုတ်ခတ်ပြောဆိုခြင်းသည် ကျွန်ုပ်တို့၏အလုပ်မဟုတ်။ အစိုးရအာဏာတို့ကို ဆန့်ကျင်ဘက်ပြုနေသည်ဟု ကျွန်ုပ်တို့အပေါ်၌ အထင်မရောက်စေရန် ကျွန်ုပ်တို့သည် ကြီးစွာသတိထားရမည်။ ကျွန်ုပ်တို့၏စစ်ပွဲမှာ ကျွန်ုပ်တို့ကအစပြုရသောပွဲဖြစ်သည်မှာမှန်၏။ သို့ရာတွင် "ထာဝရဘုရားမိန့်တော်မူသည်ကား" ဟူသောရိုးရိုးသည် ကျွန်ုပ်တို့အသုံးပြုရသောလက်နက်ဖြစ်ရမည်။ ကျွန်ုပ်တို့၏လုပ်ငန်းကား၊ ဘုရားသခင်၏နေ့ကြီး၌ခံရပ်နိုင်ရန် လူတစ်မျိုးကိုပြင်ဆင်ပေးခြင်းဖြစ်သည်။ ကျွန်ုပ်တို့၏အယူဝါဒကို လက်မခံသောသူများတွင် ငြင်းခုံခြင်း၊ ဆန့်ကျင်ခြင်းဖြစ်စေရန် နှိုးဆော်ပေးမည့်နည်းလမ်းများကို ကျွန်ုပ်တို့သည် လိုက်နာခြင်းမပြုအပ်။

ကျွန်ုပ်တို့၏ညီအစ်ကိုမောင်နှမများက သတိကင်းမဲ့စွာပြောဆို၊ ရေးသားခဲ့ကြသည့် အပြစ်တင်သောသဘောပါသည့်စကားများကို ကျွန်ုပ်တို့အားအပြစ်စီရင်ရာအတွက် အသုံးပြုလာကြမည့်အချိန်ရောက်လာလိမ့်မည်။ ၎င်းတို့ကိုဖော်ပြပြောဆိုသောသူများတို့ကို အပြစ်စီရင်ရန်သာ ၎င်းတို့ကိုအသုံးပြုကြမည်မဟုတ်၊ ၎င်းတို့ကြောင့် သတ္တမနေ့ဥပုသ်အသင်းသားတို့၏အဖွဲ့အစည်းတစ်ခုလုံးကို စွပ်စွဲကြလိမ့်မည်။ တစ်နေ့သောအခါက၊ ကျွန်ုပ်တို့အသင်းမှတာဝန်ရှိသောလူတစ်ဦးသည် ဤအစိုးရ၏ဥပဒေများအတိုင်းစီမံအုပ်ချုပ်မှုကို ဆန့်ကျင်သောစကားများကို ဤကဲ့သို့၊ ထိုကဲ့သို့ပြောဆိုခဲ့ပြီဟု ကျွန်ုပ်တို့ကိုစွပ်စွဲသောသူများက ပြောဆိုလိမ့်မည်။ ကျွန်ုပ်တို့၏သတင်းစကားအတွက် ဆင်ခြေပေးနိုင်သောအချက်များကို မည်မျှများစွာဖြစ်ပေါ်စေခဲ့လျက် သတိရစေခဲ့ကြပြီကို များစွာသောသူတို့သည် အံ့သြစွာတွေ့မြင်ရကြလိမ့်မည်။ သူတို့အလိုမရှိသော အဓိပ္ပါယ်မျိုးသို့ရောက်အောင် ကျွန်ုပ်တို့၏စကားများကိုပင် ညှစ်ထုတ်ယူတတ်ကြသည်ကို အများသောသူတို့သည် အံ့သြဖွယ်ကြားသိရကြလိမ့်မည်။ ထိုအခါ ကျွန်ုပ်တို့၏အမှုတော်ဆောင်တို့သည် အခါခပ်သိမ်းအခြေအနေအပေါင်းတွင် သတိနှင့်ကာကွယ်ပြောဆိုကြပါစေ။ လူတို့၏ဝိညာဉ်ကိုစုံစမ်းစစ်ဆေးရန်ဖြစ်သော အရေးဆိုက်ရာကာလ

ကြီးမရောက်မီ၊ သတိကင်းသောစကားများအားဖြင့် ဒုက္ခဆင်းရဲခြင်းကာလ မရောက်ရမည်အကြောင်း လူအပေါင်းတို့သည် သတိရှိကြပါစေ။

ကျွန်ုပ်တို့၌ဖြစ်ပေါ်လာသောအခြေအနေအားဖြင့် လောကသည် ကျွန်ုပ်တို့ကိုစီရင်ကြမည်ကို ကျွန်ုပ်တို့သည် သတိရသင့်သည်။ သခင်ခရစ်တော်၏အကြောင်းကိုဖော်ပြရန် ကြိုးစားနေသောသူတို့သည် မသင့်လျော်မညီညွတ်သော အကျင့်စာရိတ္တများကိုမပြစေရန် သတိပြုကြပါစေ။ ကျွန်ုပ်တို့သည် ရေ့တန်းသို့လုံးလုံးရောက်မလာမီ အထက်မှသန့်ရှင်းသောဝိညာဉ်တော်ကို သွန်းလောင်းချပေးတော်မူသည်ကို သိမြင်ကြပါစေ။ ဤအဖြစ်မျိုးရောက်ရှိလာသောအခါ၊ ကျွန်ုပ်တို့သည် သေချာသောသတင်းစကားကို ဖော်ပြနိုင်ကြလိမ့်မည်။ သို့ရာတွင် ၎င်းသည် အချို့သောသူတို့ဖော်ပြသောအရာထက် အပြစ်တင်ခြင်းနှင့်များစွာကင်းလွတ်သော သဘောမျိုးဖြစ်လိမ့်မည်။ ၎င်းပြင် ယုံကြည်သောသူအပေါင်းတို့သည် ကျွန်ုပ်တို့ကိုဆန့်ကျင်ဘက်ပြုသူတို့အား ကယ်တင်ခြင်းရရှိစေဖို့ သာ၍များစွာစိတ်အားထက်သန်ခြင်း ရှိလာကြလိမ့်မည်။ အစိုးရအာဏာစက်နှင့် အစိုးရတို့ကိုဘုရားသခင်သည် မိမိသဘောတော်အတိုင်း သင့်လျော်သလိုစီရင်အပြစ်ပေးတော်မူပါစေ။ သခင်ယေရှု၌ရှိတော်မူသကဲ့သို့ သမ္မာတရား၏အခြေခံတရားများကို ကျွန်ုပ်တို့သည် သစ္စာရှိသောကင်းစောင့်အဖြစ် သိမ်မွေ့နှိမ့်ချခြင်းသဘောနှင့်ခုခံကာကွယ်ကြစို့။

## တနင်္ဂနွေနေ့နှင့်ဆိုင်သောဥပဒေ

ကောင်းကင်နှင့်သက်ဆိုင်သည်ဟုဆိုနေကြလျက် သိုးသငယ်၏အကျင့်သဘောများရှိသည်ဟု ဖော်ပြနေကြသော ဘာသာရေးအာဏာရှင်များတို့သည် မိမိတို့၏အပြုအမူအားဖြင့် သူတို့၌ နဂါး၏စိတ်နှလုံးမျိုးရှိကြလျက် သူတို့သည် စာတန်၏နှိုးဆော်ခြင်း၊ အုပ်စိုးခြင်းကိုခံနေရကြကြောင်းပြကြ၏။ ဘုရားသခင်၏လူများတို့သည် သတ္တမနေ့ကိုသန့်ရှင်းစေခြင်းငှာ စောင့်ရှောက်ကြသောကြောင့် သူတို့သည် ညှဉ်းဆဲခြင်းကိုခံရကြမည့်အချိန်သည် ရောက်လာ

လိမ့်မည်။ ဘုရားသခင်၏စီမံကိန်းကိုဖျက်ဆီးရန် မိမိ၏အကြံကိုဆောင်ရွက်ပြီးမြောက်စေလိမ့်မည်ဟူသောမျှော်လင့်ချက်နှင့် စာတန်သည် ဥပုသ်နေ့ကိုပြောင်းလဲစေ၏။

ထာဝရဘုရားအတွက် များစွာအကျိုးဖြစ်ထွန်းစေသော အလုပ်အမျိုးမျိုးကိုပြုလုပ်ဆောင်ရွက်ခြင်းအတွက် တနင်္ဂနွေနေ့ကိုအသုံးချနိုင်သည်။ ဤနေ့၌ လဟာပြင်စည်းဝေးများ၊ အိမ်ထောင်စည်းဝေးကလေးများကို ပြုလုပ်ကျင်းပနိုင်သည်။ တစ်အိမ်တက်တစ်အိမ်ဆင်း လုပ်ငန်းများကိုဆောင်ရွက်နိုင်သည်။ စာရေးသောသူတို့သည် ဤနေ့တွင် မိမိတို့၏ဆောင်းပါးများကိုရေးနိုင်သည်။ ဖြစ်နိုင်သောအခါတိုင်း၊ တနင်္ဂနွေနေ့တွင် တရားဟောစည်းဝေးပွဲများကိုကျင်းပနိုင်သည်။ ဤစည်းဝေးများကို အလွန်စိတ်ပါဝင်စားအောင် ပြုလုပ်ပေးပါ။ ဘာသာရေး၌ ဧကန်အမှန် ပြန်၍စိတ်ထကြွလာစေသော သီချင်းများကိုဆို၍ ကယ်တင်ရှင်၏မေတ္တာတန်ခိုးပါရှိလျက် ၎င်းမေတ္တာ၌ စိတ်ချအားကိုးနိုင်စရာရှိကြောင်းကို ဟောပြောပါ။ သေရည်သေရက်ရှောင်ကြဉ်ရေးအကြောင်း ဘာသာရေးနှင့်ဆိုင်သော အတွေ့အကြုံအမှန်များကိုပြောပြလော့။ ထိုသို့အားဖြင့် မည်ကဲ့သို့အမှုဆောင်ရမည်ကို သင်သည် များစွာသိနားလည်လာ၍ များစွာသောဝိညာဉ်များထံသို့ ချဉ်းကပ်နိုင်လိမ့်မည်။

ကျွန်ုပ်တို့၏ကျောင်းများတွင်ရှိ ဆရာ၊ ဆရာမတို့သည် တနင်္ဂနွေနေ့၌ သာသနာပြုလုပ်ငန်းများကို ကြိုးစားဆောင်ရွက်ကြပါစေ။ ထိုသို့အား ဖြင့် သူတို့သည် ရန်သူ၏အကြံအစည်များကို နိုင်နင်းအောင်မြင်ကြလိမ့်မည်ဟု ကျွန်ုပ်အားသွန်သင်ပေး၏။ သမ္မာတရားကိုမသိသောသူတို့အတွက် စည်းဝေးများကိုပြုလုပ်ရန် ဆရာ၊ ဆရာမတို့သည် ကျောင်းသားတို့ကိုမိမိ တို့နှင့်အတူခေါ်သွားပါ။ ထိုသို့အားဖြင့် သူတို့သည် အခြားသောနည်းများထက် သာ၍အောင်မြင်စွာ ပြုလုပ်ဆောင်ရွက်နိုင်ကြလိမ့်မည်။

လူများတို့အား သမ္မာတရား၊ ဖြောင့်မှန်သေချာသော သမ္မာတရားကိုဖော်ပြရမည်။ သို့ရာတွင် ဤသမ္မာတရားကို သခင်ခရစ်တော်၏သဘောမျိုးနှင့်ဖော်ပြရမည်။ ကျွန်ုပ်တို့သည် တောခွေးများအလယ်၌ သိုးများကဲ့သို့

ဖြစ်ရကြမည်။ သခင်ခရစ်တော်၏အကျိုးအတွက် ကိုယ်တော်ပေးတော်မူသော သတိပေးစကားကို မလိုက်နာ၊ သည်းခံခြင်း၊ ကိုယ်ကိုချုပ်တည်းခြင်းမရှိသော သူသည် သခင်ဘုရားအတွက်အမှုဆောင်ရွက်ရန် အဖိုးတန်သောအခွင့်အရေး တို့ကို ဆုံးရှုံးလိမ့်မည်။ ဘုရားသခင်၏ပညတ်တရားကို လွန်ကျူးသောသူတို့ တစ်ဖက်၌ ပြင်းထန်စွာပြောဆိုခြင်းအလုပ်ကို ထာဝရဘုရားက မိမိ၏လူတို့ အားပေးတော်မမူ။ မည်သည့်နည်းနှင့်မျှ ကျွန်ုပ်တို့သည် အခြားသောအသင်း များကို တိုက်လှန်ခြင်းမပြုအပ်။

ကျွန်ုပ်တို့၏လုပ်ငန်းနှင့်လည်းကောင်း၊ ကျမ်းစာ၏ဥပုသ်နေ့နှင့် လည်းကောင်း ဆန့်ကျင်နေကြသောသူတို့၏စိတ်ထဲ၌ ငြူစူသောသဘောကို ပယ်ရှားရန် ကျွန်ုပ်တို့သည် တတ်နိုင်သမျှ ကြိုးစားဆောင်ရွက်ရကြမည်။[၁၁]

---o---

# အခန်း (၅၈)
# စာတန်၏လှည့်ဖြားခြင်းအလုပ်

ဆိုးသောတမန်တို့သည် ဝိညာဉ်များအတွက် ငြင်းခုံပြောဆိုနေလျက် ကောင်းကင်တမန်တို့သည် သူတို့ကိုတားဆီးနေကြသည်ကို ကျွန်ုပ်မြင်ရ၏။ ဆိုးသောတမန်တို့သည် ပတ်ဝန်းကျင်ကို အဆိပ်အတောက်ဖြစ်စေသော သြဇာဖြင့်လွှမ်းမိုးစေလျက်၊ ဤဝိညာဉ်များ၏အာရုံများကိုထုံထိုင်းစေရန် သူတို့ ပတ်လည်၌စုရုံးနေကြ၏။ သန့်ရှင်းသောကောင်းကင်တမန်တို့သည် စာတန်၏ မိုလ်ခြေများကို တွန်းလှန်ပယ်ရှားရန် စိတ်အားကြီးစွာစောင့်ကြည့်နေကြသည်။ သို့ရာတွင် မိမိတို့၏အလိုဆန္ဒနှင့်ဆန့်ကျင်လျက်၊ လူတို့၏စိတ်ကိုစိုးမိုးချုပ်ချယ်ခြင်းသည် ကောင်းသောကောင်းကင်တမန်တို့၏အလုပ်မဟုတ်။ သူတို့သည် ရန်သူနောက်သို့လိုက်ပါသွား၍ သူ့အားတားဆီးကန့်ကွက်ရန်မကြိုးစားလျှင်၊ ဘေးဒုက္ခရောက်နေသူသည် နီးကြားလာ၍ ကောင်းကင်သို့အကူအညီရဖို့ မျှော်ကြည့်စေရန် ထပ်မံ၍အလင်းကိုရရှိလာသည်တိုင်အောင် သူတို့အား မဖျက်ဆီးမည်အကြောင်း စာတန်၏မိုလ်ခြေတို့ကို ဘုရားသခင်၏ကောင်းကင်တမန်တို့က တားဆီးထားခြင်းအမှုထက် အနည်းငယ်မျှပိုမိုမပြုလုပ်နိုင်ကြတော့ချေ။ မိမိတို့ကိုယ်ကိုကူညီရန် မကြိုးစားသောသူတို့အား လွတ်မြောက်စေခြင်းငှာပြုလုပ်ပေးဖို့ သခင်ယေရှုက သန့်ရှင်းသောကောင်းကင်တမန်တို့အား အမိန့်ပေးတော်မူမည်မဟုတ်။

မိမိထံမှဝိညာဉ်တစ်ဦးကိုဆုံးရှုံးရတော့မည်ကို စာတန်သည် သိမြင်ရလျှင်၊ ထိုဝိညာဉ်ကို မိမိဘက်၌တည်ရှိနေစေရန် သူသည် အစွမ်းကုန်ကြိုးစားအားထုတ်လိမ့်မည်။ ၎င်းပြင် တစ်စုံတစ်ယောက်သည် မိမိ၌ဘေးရောက်မည်ကိုသိရှိလာ၍ စိတ်ဒုက္ခနှင့်လည်းကောင်း၊ စိတ်အားထက်သန်စွာနှင့်လည်းကောင်း ခွန်အားအတွက် သခင်ယေရှုကိုမျှော်ကြည့်သောအခါ စာတန်သည် ဖမ်းထားသောသူတစ်ယောက်ဆုံးရှုံးတော့မည်ကို စိုးရိမ်သဖြင့်၊ ကောင်းကင်အလင်းသည် သနားစရာကောင်းသောဝိညာဉ်ထံ မရောက်နိုင်မည်အကြောင်း၊ ထိုဝိညာဉ်၏ပတ်လည်တွင် အကာအဆီးကိုပြုလုပ်လျက် မှောင်မိုက်နံရံကို

ဖြစ်စေရန် မိမိ၏တမန်များကို ထပ်မံခေါ်ယူလေ၏။ သို့ရာတွင် ဒုက္ခရောက်နေသူသည် ကြိုးစား၍ အားကိုးရာမဲ့အခြေအနေတွင် သခင်ခရစ်တော်၏ အသွေးတော်သွန်းခြင်းဖြင့် ရရှိသောကောင်းကျိုးကို အားကိုးအားထားလျှင်၊ ကျွန်ုပ်တို့၏ကယ်တင်ရှင်သည် ယုံကြည်ခြင်းနှင့်စိတ်ပါစွာဆုတောင်းသံကို နားညောင်းတော်မူလျက်၊ သူ့အားကယ်နုတ်ရန် ခွန်အား၌သာလွန်ထူးကဲသော ထိုကောင်းကင်တမန်တို့ကို ထပ်မံစေလွှတ်တော်မူသည်။

စာတန်သည် မိမိနှင့်ဖက်ပြိုင်နိုင်၍ ခွန်အားကြီးသောသူအား အသနားခံသည်ကိုမခံမရပ်နိုင်၊ အကြောင်းကား သူသည် ကိုယ်တော်၏ ခွန်အားနှင့်မြင့်မြတ်တော်မူခြင်းရှေ့၌ကြောက်ရွံ့၊ တုန်လှုပ်လျက်နေ၏။ စိတ်အား ကြီးစွာဆုတောင်းသံကိုကြားသောအခါ စာတန်၏ဗိုလ်ခြေအပေါင်းသည် တုန်လှုပ်ကြ၏။ သူသည် မိမိ၏ရည်ရွယ်ချက်ကိုပြီးမြောက်စေရန် ဆိုးသော တမန်တို့ကို အလုံးအရင်းနှင့်တကွခေါ်ယူ၏။ အလုံးစုံသောတန်ခိုးနှင့်ပြည့်ဝ၍ ကောင်းကင်လက်နက်များနှင့်ဝတ်ဆင်ထားသော ကောင်းကင်တမန်တို့ သည် ညှိုးငယ်၍လိုက်လံခြင်းခံရသောဝိညာဉ်ကို ကူညီရန်လာကြသောအခါ၊ စာတန်နှင့်သူ၏ဗိုလ်ခြေတို့သည် မိမိတို့၏စစ်ပွဲ၌ဆုံးရှုံးသည်ကိုသိကြလျက် နောက်သို့ဆုတ်သွားကြ၏။ စာတန်၏ကျွန်များသည် ရည်ရွယ်ချက်တစ်ခု တွင်သစ္စာရှိလျက် လျင်မြန်ထက်မြက်ကြပြီးလျှင် စည်းလုံးညီညွတ်ခြင်းရှိကြ ၏။ သူတို့သည် အချင်းချင်းမုန်း၍ တိုက်ခိုက်တတ်ကြသော်လည်း၊ မိမိတို့ အားလုံး၏အကျိုးကိုတိုးပွားစေရန်အခွင့်အရေးတိုင်းကိုတိုး၍ အသုံးပြုတတ် ကြသည်။ သို့ရာတွင် ကောင်းကင်တွင်ရှိ ဗိုလ်ချုပ်ကြီးသည် စာတန်၏တန်ခိုး ခွန်အားကို ကန့်သတ်ထားတော်မူ၏။◦

## ကောင်းကင်၏ကာကွယ်ခြင်းမှထွက်ခွာသွားရန် စွန့်စားခြင်း၌ဘေးဖြစ်ခြင်း

ဘုရားသခင်၏လူများတို့သည် မိမိတို့တာဝန်အတိုင်း လိုက်နာကျင့်ဆောင်ကြသောအခါ၊ ဘုရားသခင်၏ကောင်းကင်တမန်တို့သည် သူတို့ကို

စောင့်ရှောက်ထိန်းသိမ်းကြလိမ့်မည်။ သို့ရာတွင် စာတန်၏နေရာသို့ သေချာစွာ စဉ်းစားပြီးမှ စွန့်စားသွားလိုသောသူတို့ကိုကား ထိုသို့ကာကွယ်စောင့်ရှောက်ခြင်းကတိကို ပေးမထားချေ။ လှည့်ဖြားသောသူကြီး၏ကိုယ်စားလှယ်သည် မိမိ၏ရည်ရွယ်ချက်ကိုရရှိစေရန် တစ်စုံတစ်ခုကိုပြောဆို၊ ပြုလုပ်လိမ့်မည်။ မိမိကိုယ်ကိုနတ်ဝိဇ္ဇာဆရာ၊ "လျှပ်စစ်ဆရာဝန်" (သို့မဟုတ်) "သံလိုက်ဓာတ်ဖြင့်ကုသသူ" ဟု ခေါ်သော်လည်း အနည်းငယ်မျှကိစ္စမရှိပါ။ ဆိုလျော်ဟန်ရှိသောအယောင်ဆောင်မှုများအားဖြင့် သတိမရှိသောသူတို့ကို ယုံကြည်စေရန်ပြုလုပ်၏။ သူသည် မိမိကိုအားကိုးသော သူတို့၏အသက်တာရာဇဝင်ကိုပြောပြနိုင်၍ သူတို့၏အခက်အခဲနှင့်စိတ်ဒုက္ခတို့ကို နားလည်ဟန်ဆောင်၏။ မိမိ၏နှလုံးထဲ၌ မှောင်မိုက်တွင်းရှိစဉ်၊ သူသည် မိမိကိုယ်ကိုလင်းသော ကောင်းကင်တမန်ကဲ့သို့အယောင်ဆောင်လျက် မိမိ၏အကြံဥာဏ်ကိုအလိုရှိ သောမိန်းမများတွင် များစွာစိတ်ပါဝင်စားကြောင်းကိုပြ၏။ သူတို့၏ဒုက္ခဆင်းရဲ ခြင်းတို့သည် အဆင်မသင့်သောအိမ်ထောင်ပြုခြင်းကြောင့်ဖြစ်သည်ဟု သူက သူတို့အားပြောပြ၏။ ဤစကားသည် အလွန်ပင်မှန်လိမ့်မည်၊ သို့ရာတွင် ထိုသို့အကြံပေးသောသူသည် သူတို့၏အခြေအနေကို သာ၍ကောင်းလာရန် ပြုလုပ်မပေးချေ။ သူတို့သည် ချစ်ခြင်းမေတ္တာနှင့်ထောက်ထားစာနာခြင်းအမှု ကို လိုကြသည်ဟု သူကသူတို့အားပြောပြ၏။ သူတို့၏ကောင်းကျိုးကို အလွန်စိတ်ဝင်စားဟန်ဖြင့် မြွေသည်တုန်လှုပ်နေသောငှက်ကိုညှို့သကဲ့သို့၊ မမျှော်လင့်သောသူတို့ပေါ်၌ မိမိ၏ဂါထာမန္တာရားကိုရွတ်ဆိုလေ၏။ များမကြာမီ သူတို့သည် သူ၏လက်သို့ရောက်သွား၏။ အပြစ်ဒုစရိုက်၊ မျက်နှာပျက်ခြင်းနှင့်ပျက်စီးခြင်းတို့သည် ကြောက်မက်ဖွယ်ဖြစ်ပေါ်လာကြ၏။

အပြစ်ဒုစရိုက်ကိုပြုလုပ်သော ဤသူတို့သည်မနည်းကြချေ။ သူတို့၏လမ်းခရီးသည် ပျက်စီးသောအိမ်ထောင်များ၊ အသရေပျက်စီးခြင်းများနှင့် စိတ်ကြေကွဲခြင်းအမှုများဖြင့် ထင်ရှားလျက်ရှိ၏။ သို့ရာတွင် ဤအကြောင်းအရာအားလုံးကို လောကသည် အနည်းငယ်မျှသာသိ၏။ သို့သော်လည်း

အသစ်သောလူများကိုဖမ်းမိနေသေး၍ စာတန်သည် မိမိပြုလုပ်ခဲ့သောပျက်စီးခြင်းအမှု၌ အလွန်ပင်အားရဝမ်းမြောက်လျက်ရှိ၏။၂

"အာခဇိမင်းသည် ရှမာရိမြို့အထက်ခန်း ပြတင်းပေါက်မှကျ၍ နာနေသောကြောင့်၊ ငါသည် ဤအနာမှထမြောက်မည်လောဟု ဧကြုန်မြို့၏ ဘုရားဗလဇေဗုပ်သို့သွား၍မေးမြန်းကြဟုမှာထား၍ သံတမန်တို့ကိုစေလွှတ်လေ၏။ ထာဝရဘုရား၏ကောင်းကင်တမန်သည် တိရှဘိမြို့သား ဧလိယအားလည်း၊ ရှမာရိရှင်ဘုရင်စေလွှတ်သောသံတမန်တို့ကို ကြိုဆိုခြင်းငှာထသွားလော့။ ဣသရေလပြည်၌ ဘုရားသခင်မရှိသောကြောင့် ဧကြုန်မြို့၏ဘုရား၊ ဗလဇေဗုပ်သို့သွား၍မေးမြန်းရသလော။ ထိုကြောင့် ထာဝရဘုရားမိန့်တော်မူသည်ကား၊ သင်သည် ယခုတက်သောသာလွန်ပေါ်က နောက်တစ်ဖန်မဆင်းရ။ စင်စစ်သေရမည်ဟု သူတို့အားဆင့်ဆိုရမည်အကြောင်း မိန့်တော်မူသည်အတိုင်း ဧလိယသွားလေ၏။ ၄ရာ ၁း၂–၄။

အာခဇိမင်း၏အပြစ်ဒုစရိုက်အကြောင်းနှင့် သူ့အားအပြစ်ဒဏ်ပေးခြင်းအကြောင်း၌ မည်သူမျှပြစ်ဒဏ်မကင်းဘဲ မရှောင်လွှဲနိုင်သောသတိပေးစကားနှင့်ဆိုင်သော သင်ရန်စာကိုရရှိ၏။ ကျွန်ုပ်တို့သည် တစ်ပါးအမျိုးသားတို့၏ဘုရားများကို မကိုးကွယ်ကြသော်လည်း၊ ထောင်ပေါင်းများစွာသောသူတို့သည် အာခဇိမင်းပြုသကဲ့သို့ပင် စာတန်၏ကျောင်းဆောင်တွင် ဝတ်ပြုကိုးကွယ်နေကြသည်။ တစ်ပါးအမျိုးသားတို့၏ရုပ်ဆင်းတုကိုကိုးကွယ် သောသဘောသည် ယခုခေတ်၌ အလွန်များပြားလျက်ရှိ၏။ အကြောင်းကား၊ လောကဓာတ်ပညာနှင့် ပညာသင်ကြားရေးဩဇာအားဖြင့် ၎င်းသည် သာ၍ သိမ်မွေ့ယဉ်ကျေးလျက် နှစ်သက်ဖွယ်သဘောမျိုးကို ဆောင်လျက်ရှိ၏။ မြဲမြံသောအနာဂတ္တိစကား၌ ယုံကြည်ခြင်းအမှုသည် မြန်စွာဆုတ်လျော့လာ လျက် ၎င်း၏နေရာ၌ အယူသီးမှုနှင့် စာတန်၏ပြုစားခြင်းအမှုတို့သည် လူတို့ ၏စိတ်ကိုဆွဲဆောင်ဖမ်းယူနေသည်ကို နေ့စဉ်ဝမ်းနည်းဖွယ်သက်သေများဖြင့် ထပ်ခါထပ်ခါတွေ့ရပြီ။ ကျမ်းစာကိုစေ့စေ့ စိတ်အားထက်သန်စွာမရှာ၊ မိမိ တို့အသက်တာ၏အလိုဆန္ဒနှင့်ရည်ရွယ်ချက်ရှိသမျှတို့ကို မမှားနိုင်သော

ထိုစုံစမ်းခြင်းထဲသို့မအပ်နှံသောသူ၊ ဘုရားသခင်၏အလိုတော်ကို သိနားလည်ဖို့ ဘုရားသခင်ကိုဆုတောင်းခြင်းနှင့်မရှာသောသူအပေါင်းတို့သည် မှန်သောလမ်းမှ ကောန်အမှန်လွဲသွား၍ စာတန်၏လှည့်ဖြားခြင်းနောက်သို့ပါသွားကြလိမ့်မည်။

ဟေဗြဲလူမျိုးတို့သာ မှန်သောဘုရားသခင်ကို သိကျွမ်းခြင်းအခွင့်ထူးကို ရရှိကြသောလူမျိုးဖြစ်၏။ ဣသရေလရှင်ဘုရင်သည် ရုပ်ဆင်းတုဘုရား၏ဗျာဒိတ်ကိုမေးမြန်းရန်စေလွှတ်သောအခါ၊ သူသည် မိမိလူမျိုးတို့၏ဘုရား၊ ကောင်းကင်နှင့်မြေကြီးကိုဖန်ဆင်းတော်မူသောဘုရားထက် သူတို့၏ရုပ်ဆင်းတုများ၌ သာ၍ယုံကြည်အားထားကြောင်း တစ်ပါးအမျိုးသားတို့အားဖော်ပြလေ၏။ ထိုနည်းတူ ဘုရားသခင်၏နှုတ်ကပတ်တော်ကို သိကျွမ်းခြင်းပညာကိုရရှိထားသည်ဟု ဆိုသောသူတို့သည် ခွန်အားနှင့်ပညာ၏မူလအရင်းထံမှလွဲသွား၍ မှောင်မိုက်ကိုအစိုးရသောအာဏာရှင်များထံမှ အကူအညီ၊ အကြံဉာဏ်တောင်းဆိုကြသောအခါ ဘုရားသခင်ကိုရှုတ်ချကြ၏။ ဆိုးညစ်၍ ရုပ်ဆင်းတုကိုးကွယ်သော ရှင်ဘုရင်၏အပြုအမူသည် ဘုရားသခင်၏အမျက်တော်ကိုနှိုးဆော်လျှင်၊ ဘုရားသခင်၏ကျွန်များဟု ဝန်ခံပြောဆိုနေသောသူတို့သည် ထိုလမ်းမျိုးကိုလိုက်လျှောက်ကြလျှင် ဘုရားသခင်သည် ဤကဲ့သို့သောအပြုအမူကို မည်ကဲ့သို့နှစ်သက်နိုင်တော်မူမည်နည်း။[၃]

## မည်သူမျှသခင်နှစ်ဦး၏အစေကိုမခံနိုင်

သခင်ခရစ်တော်သည် ကျွန်ုပ်တို့အား သခင်နှစ်ဦးဖြစ်သော ဘုရားသခင်နှင့်လောကကို ဖော်ပြထားတော်မူ၏။ ၎င်းပြင် ကျွန်ုပ်တို့သည် နှစ်ဦးစလုံး၏အစေကိုမခံနိုင်ကြောင်း ထင်ရှားစွာဖော်ပြတော်မူ၏။ ကျွန်ုပ်တို့သည် လောက၌စိတ်ဝင်စားခြင်း၊ လောကကိုချစ်ခြင်းရှိနေကြလျှင် အခြားအရာများထက် ကျွန်ုပ်တို့ဂရုစိုက်သင့်သောအရာတို့ကို ကျွန်ုပ်တို့သည် နှစ်သက်ကြလိမ့်မည်မဟုတ်၊ လောကကိုချစ်ခြင်းဖြင့် ဘုရားသခင်ကိုချစ်ခြင်းမရှိသဖြင့်

ကျွန်ုပ်တို့၏အမြတ်ဆုံးစိတ်ဝင်စားမှုတို့သည် လောကနှင့်ဆိုင်သောအရာတို့၌ ဆင်ခြင်စွဲလမ်းနေခြင်း၏လက်အောက်သို့ ရောက်သွားလေ၏။ ထိုသို့အားဖြင့် လောက၏အရာများလောက် ဘုရားသခင်ကိုစွဲလမ်းခြင်း၊ ဝတ်ပြုကိုးကွယ်ခြင်းအမှုတို့ကို မြင့်မြတ်သောနေရာ၌ မထားကြတော့ချေ။

စာတန်သည် တောထဲ၌ သခင်ခရစ်တော်ကို သွေးဆောင်ရာတွင် ပြုမူသည်ထက် လူတို့အားပြုမူရာတွင် သာ၍သတိထားရ၏။ အကြောင်းကား ထိုနေရာ၌ မိမိ၏အမှုကိစ္စသည် ဆုံးရှုံးသွားပြီဟု သူ့အားဆုံးမသွန်သင်ထားလေပြီ။ သူသည် ဆုံးရှုံးသွားသောရန်သူဖြစ်၏။ သူသည် လူထံသို့တိုက်ရိုက်လာ၍ အပြင်လက္ခဏာအားဖြင့် သူ့ကိုကိုးကွယ်ရန် သူကမတောင်းဆိုချေ။ လူတို့အား လောက၏ကောင်းသောအရာတို့ကို စွဲလမ်းစေရန်ပြုလုပ်၏။ သူသည် လူတို့၏စိတ်နှင့်စွဲလမ်းမှုကို အောင်မြင်စွာဆွဲဆောင်နိုင်လျှင်၊ ကောင်းကင်အရာတို့၌စွဲလမ်းမှုသည် ပျောက်ကွယ်သွားလိမ့်မည်။ လူအတွက် သူအလိုရှိသောအရာအားလုံးတို့မှာ လူအားလှည့်ဖြားသွေးဆောင်ခြင်းတန်ခိုးအောက်သို့ ရောက်ရှိသွားစေခြင်း၊ လောကကိုချစ်ခြင်း၊ ရာထူးအဆင့်အတန်းကိုနှစ်သက်ခြင်း၊ ငွေကိုတပ်မက်ခြင်း၊ လောကီဘဏ္ဍာတို့၌စွဲလမ်းခြင်းဖြစ်ကြသတည်း။ သူသည် ဤအရာကိုရရှိလျှင် သခင်ခရစ်တော်ထံသူတောင်းသောအရာအားလုံးကို ရရှိလေ၏။[၄]

(1) 1T, 345,346; (2) 5T, 198; (3) 5T, 191,192,196; (4) 3T, 478,480.

---o---

# အခန်း (၅၉)
# မှားသောလောကဓာတ်ပညာ–စာတန်၏ ခေတ်အလင်းဝတ်ရုံ

မှားသောလောကဓာတ်ပညာသည် ကောင်းကင်၌စာတန်အသုံးပြုခဲ့သော ပညာတစ်ခုဖြစ်သည်။ ၎င်းပြင် ယခုခေတ်၌လည်း သူသည် ၎င်းကို အသုံးပြု၏။ ကောင်းကင်တမန်တို့အား မှားသောစကားများကို အခိုင်အမာပြောဆိုခြင်း၊ လောကဓါတ်နှင့်ဆိုင်၍ သူ၏ပါးနပ်စွာပြောဆိုချက်များအားဖြင့် သူသည် များစွာသောကောင်းကင်တမန်တို့ကို သစ္စာဖောက်ရန်သွေးဆောင်လေပြီ။

ကောင်းကင်၌ မိမိ၏နေရာကိုဆုံးရှုံးပြီးနောက် စာတန်သည် ကျွန်ုပ်တို့၏ရှေးဦးမိဘများကိုသွေးဆောင်၏။ အာဒံနှင့်ဧဝတို့သည် ရန်သူနောက်သို့ပါသွားကြသဖြင့်၊ သူတို့၏နားမထောင်ခြင်းအမှုကြောင့် လူသတ္တဝါတို့သည် ဘုရားသခင်ထံမှစွန့်ပယ်ခြင်းခံရကြ၏။ ၎င်းပြင် မြေကြီးသည် ကောင်းကင်နှင့်ခွဲခွာလျက်နေရလေပြီ။

အာဒံနှင့်ဧဝတို့သည် တားမြစ်ထားသောအပင်ကို ဘယ်အခါမျှမကိုင်ဘဲနေကြလျှင်၊ ထာဝရဘုရားသည် သူတို့အားပညာကိုပေးတော်မူမည်။ ထိုပညာပေါ်တွင် အပြစ်၏ကျိန်ခြင်းမသက်ရောက်နိုင်ချေ။ ထိုပညာသည် သူတို့အားထာဝရအသက်ကိုပေးလိမ့်မည်။ သူတို့၏နားမထောင်ခြင်းကြောင့် သူတို့ရရှိသမျှသောအရာတို့မှာ အပြစ်ဒုစရိုက်နှင့်လည်းကောင်း၊ အပြစ်၏ဆိုးကျိုးတို့နှင့်လည်းကောင်း ဆက်ဆံအကျွမ်းဝင်ရခြင်းဖြစ်သည်။

စာတန်သည် ရှေးဦးမိဘတို့အား သွေးဆောင်သွားသောနေရာသည် ယခုခေတ်ရှိလူများကို သွေးဆောင်ခေါ်ယူသွားနေသော နေရာမျိုးပင်ဖြစ်သည်။ သူသည်လောကတွင် နှစ်သက်ဖွယ်ကောင်းသောဒဏ္ဍာရီများဖြင့် လွှမ်းမိုးနေစေပြီ။ အမျိုးမျိုးသောနည်းများကိုစီမံခြင်းဖြင့် သူသည် လူတို့အားကယ်တင်

ခြင်းအကြောင်းဖြစ်သော ဘုရားသခင်ကိုသိကျွမ်းခြင်းပညာကို မရရှိစေရန် တားဆီးလျက်ရှိ၏။

## အမှားသည်အလင်းကဲ့သို့ထင်လာသောအခါ

ကျွန်ုပ်တို့သည် ကြီးကျယ်သောအလင်း၏ခေတ်တွင် နေထိုင်လျက်ရှိကြသည်။ သို့ရာတွင် အလင်းဟုခေါ်ဆိုသောအရာများစွာတို့သည် စာတန်၏အတတ်ပညာနည်းပရိယာယ်တို့အတွက် လမ်းဖွင့်ပေးနေ၏။ မှန်သောအရာဟုထင်ရသောအရာများစွာတို့ကို ဖော်ပြထားလိမ့်မည်။ သို့ရာတွင် ၎င်းတို့ကို များစွာဆုတောင်းခြင်းနှင့်ဆင်ခြင်စဉ်းစားကြည်ဖို့လိုပေသည်။ အကြောင်းမူကား၊ ၎င်းတို့သည် ရန်သူ၏မှန်သည်ဟုထင်ရသော နည်းပရိယာယ်များဖြစ်သည်။ မှားသောလမ်းသည် မကြာမကြာမှန်သောလမ်းနှင့် အလွန်နီးကပ်နေတတ်သည်။ ၎င်းကိုသန့်ရှင်းခြင်းနှင့် ကောင်းကင်သို့ပို့ဆောင်သောလမ်းနှင့်ခွဲခြားဖို့ရန် ခဲယဉ်းနေ၏။ သို့ရာတွင် သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် အလင်းကိုရရှိသောစိတ်သဘောသည် မှန်သောလမ်းမှခွဲသွားသောလမ်းကို ပိုင်းခြားသိနိုင်လိမ့်မည်။ များမကြာမီ လမ်းနှစ်ခုသည် အလွန်ကျယ်စွာခွဲသွားကြသည်ကိုတွေ့မြင်ရ၏။

ဘုရားသည် သဘာ၀ပစ္စည်းအပေါင်းတွင် ပါ၀င်သောအနှစ်သာရဖြစ်သည်ဟူသောအကြောင်းအရာသည် စာတန်၏အလွန်လျှို့ဝှက်သောပရိယာယ်တစ်ခုဖြစ်သည်။ ၎င်းသည် ဘုရားသခင်အကြောင်း အလွဲဖော်ပြ ၍ ဘုရားသခင်၏မြင့်မြတ်ခြင်း၊ ကြီးကျယ်ခြင်းအဖြစ်ကိုရှုတ်ချခြင်းဖြစ်သည်။

ဘုရားအများရှိသည်ဟူသောအယူကို ဘုရားသခင်၏နှုတ်ကပတ်တော်က ထောက်ခံခြင်းမပြုပါ။ ဤအယူတို့သည် ဝိညာဉ်ကိုဖျက်ဆီးသောအရာများဖြစ်ကြသည်ဟု ဘုရားသခင်၏သမ္မာတရားအလင်းကဖော်ပြထား၏။ မှောင်မိုက်သည် ၎င်းတို့၏မူရင်းသဘောဖြစ်၏။ အာရုံခံစားမှုသည် ၎င်းတို့၏အလုပ်ဖြစ်သည်။ ၎င်းတို့သည် ဇာတိစိတ်နှလုံး၏အလိုကိုပြည့်စေလျက်

စိတ်ညွတ်ပျောင်းခြင်းကိုအခွင့်ပေး၏။ ဘုရားသခင်မှခွဲခွာသွားရခြင်းသည် ၎င်းတို့ကိုလက်ခံခြင်း၏အကျိုးအပြစ်ဖြစ်သည်။

အပြစ်ကြောင့်ဖြစ်သော ကျွန်ုပ်တို့၏အခြေအနေသည် ဓမ္မတာကို ဆန့်ကျင်သောအခြေအနေဖြစ်၍ ကျွန်ုပ်တို့အား ပြန်၍ပြုပြင်ပေးသောတန်ခိုးသည် ဓမ္မတာထက်ထူးကဲသောအရာဖြစ်ရမည်။ သို့မဟုတ်လျှင် ၎င်း၌ အကျိုးမရှိချေ။ လူတို့၏စိတ်နှလုံးထဲမှဆိုးသောအမှုကို ပယ်ရှားနိုင်သောတန်ခိုးတစ်ခုမှာ သခင်ယေရှုခရစ်၌ရှိသော ဘုရားသခင်၏တန်ခိုးတော်ဖြစ်၏။ လက်ဝါးကပ်တိုင်၌ရိုက်ထားခြင်းခံရသော အရှင်၏အသွေးအားဖြင့်သာအပြစ်မှဆေးကြော ခြင်းအခွင့်ကိုရရှိနိုင်၏။ ကိုယ်တော်၏ကျေးဇူးတော်အားဖြင့်သာလျှင်၊ ကျွန်ုပ် တို့သည် ကျဆုံးနေသောအခြေအနေ၏အလိုသို့ လိုက်ပါနေခြင်းကို တားဆီး နိုင်ကွပ်နိုင်ကြလိမ့်မည်။ ဘုရားသခင်အကြောင်း ရုပ်နံကိုခွဲခြား ထားသော အတတ်၏ယူဆချက်တို့က ဤတန်ခိုးကိုအကျိုးမဖြစ်စေအောင် ပြုလုပ်၏။ ဘုရားသခင်သည် သဘာဝပစ္စည်းအပေါင်းတွင် တည်ရှိနေတော်မူလျှင် ဘုရားသခင်သည် လူအပေါင်းတို့တွင် ကိန်းအောင်းနေတော်မူမည်။ ၎င်းပြင် သန့်ရှင်းခြင်းအဖြစ်ကိုရရှိရန် လူသည် မိမိအထဲ၌ရှိသောတန်ခိုးကို တိုးပွား လာအောင်သာပြုရလိမ့်မည်။

မှတ်ချက်။ ဘုရားသည် နေရာတိုင်းနှင့်အရာခပ်သိမ်းတွင်ရှိကောင်းမြတ်သောအရာဖြစ်သည်ဟူသော အခြေခံတရားကိုအမှီပြုသော သွန်သင်ချက်ဖြစ်သည်။

ဆင်ခြင်တုံတရား၏ဆုံးဖြတ်ချက်ကို လိုက်နာခဲ့လျှင်၊ ဤအယူအဆများသည် ခရစ်ယာန်ဘာသာတရား တစ်ခုလုံးကိုပယ်ရှားလေပြီ။ ၎င်းတို့က အပြစ်ဖြေဖို့လိုသောအမှုကို ပယ်ဖျက်သဖြင့်၊ လူအားမိမိကိုယ်တိုင်ကို ကယ်တင်သူဖြစ်စေ၏။ ဘုရားသခင်အကြောင်း ဤအယူအဆများကဖော်ပြ ချက်တို့သည် ဘုရားသခင်၏နှုတ်ကပတ်တော်ကို အကျိုးမရှိဖြစ်စေ၏။ ၎င်းပြင် ၎င်းအယူအဆတို့ကို လက်ခံသောသူတို့သည် အဆုံး၌ကျမ်းစာကို ဒဏ္ဍာရီပုံပြင်တစ်ခုကဲ့သို့ သဘောထားလာလောက်အောင် ဘေးဒုက္ခကြီးနှင့်

တွေ့ဆုံနေရကြ၏။ သူတို့သည် သီလကိုဆိုးသွမ်းသောအမှုထက် သာ၍ ကောင်းသောအရာဟု သဘောထားတတ်ကြလိမ့်မည်။ သို့ရာတွင် ဘုရားသခင် ကိုအုပ်စိုးတော်မူသောအရှင်နေရာမှ ပယ်ထားကြသဖြင့်၊ သူတို့သည် လူ၏ တန်ခိုးကိုအားကိုးနေကြ၏။ ၎င်းတန်ခိုးသည် ဘုရားသခင်မပါလျှင်အကျိုး မရှိချေ။ အကူအညီမရရှိသောလူ၏အလိုဆန္ဒသည် ဆိုးသောအမှုကိုတားဆီး၊ အောင်မြင်နိုင်ဖို့ တကယ်ပင်တန်ခိုးမရှိချေ။ ဝိညာဉ်၏အကာအကွယ်များသည် ပျက်စီးသွားကြ၏။ လူ၌အပြစ်ကို တားဆီးပေးသောအရာများမရှိ။ ဘုရားသခင် ၏နှုတ်ကပတ်တော်နှင့် ဘုရားသခင်၏ဝိညာဉ်တော်က တားမြစ်သောအမှုကို တစ်ကြိမ်ငြင်းပယ်ခဲ့လျှင် တစ်စုံတစ်ယောက်သည် မည်ကဲ့သို့သောအခြေအနေ တိုင်အောင် နစ်မြုပ်ဆုံးပါးသွားမည်ကို ကျွန်ုပ်တို့မသိကြချေ။

## ရွေးချယ်သောသူတို့ကိုပင်လှည့်ဖြားရန် အကြံအစည်

လောကတွင် ယုံမှားခြင်းသဘောများနှင့်ပြည့်ဝစေလျက်၊ ဘုရားသခင် နှင့်သဘာဝအကြောင်း လိမ်လည်သောဆင်ခြေတို့သည် ကျဆုံးသောရန်သူ ကြီး၏နှိုးဆော်သွန်သင်ချက် ဖြစ်ကြသည်။ သူကိုယ်တိုင်ပင် ကျမ်းစာကို ကောင်းစွာလေ့လာထားသောသူဖြစ်၍ သမ္မာတရားသည် ၎င်းကိုလက်ခံသော သူတို့အတွက် လိုအပ်ကြောင်းသိရှိ၏။ လောကတွင် ဖြစ်ပျက်မည့်အကြောင်း အရာအတွက် လူတို့အားပြင်ဆင်ရန် ပေးထားသောသမ္မာတရားကြီးများမှ လူတို့၏စိတ်ကိုလွဲသွားစေရန် သူသည်လေ့လာနေ၏။

၁၈၄၄ ခုနှစ်တွင် အချိန်ကာလလွန်သွားသောအခါ၊ ကျွန်ုပ်တို့သည် အယူသီးသောအမှုအမျိုးမျိုးကို တွေ့ရကြ၏။ ရုပ်နံ့နှင့်ဆိုင်သောအယူအဆများကို စွဲကိုင်နေသောသူအချို့အားဖော်ပြရန် ဆုံးမစကားနှင့်ဆိုင်သော သက်သေခံချက် များကို ကျွန်ုပ်အားပေး၏။

ဘုရားတရားကိုမကြည်ညိုသောသြဝါဒစကားများနောက်တွင် အပြစ်ရှိသောအလေ့အကျင့်များပေါ်လာ၏။ ၎င်းသည် မှသား၏အဘကစီမံထားသည့်သွေးဆောင်သောငါးစာဖြစ်၍ ကိုယ်ကိုကိုယ်စိတ်ကျေနပ်လျက် မသန့်ရှင်းသောသူ၌ နောင်တမရခြင်းအမှုကိုဖြစ်စေ၏။

လွန်ခဲ့သောကာလ၏အဖြစ်အပျက်များသည် ပြန်၍ဖြစ်ပေါ်လာလိမ့်မည်။ နောင်ကာလတွင် စာတန်၏အယူသီးသောအလုပ်အကိုင်တို့သည် ပုံသဏ္ဍာန်တစ်မျိုးကိုဆောင်လိမ့်မည်။ အမှားများကို နှစ်သက်ဖွယ်ဖြစ်၍ မြှောက်ပင့်ပေးသောနည်းများဖြင့်ဖော်ပြလိမ့်မည်။ အလင်း၏ဝတ်ရုံကိုခြုံလျက် မှားသောအယူအဆများကို ဘုရားသခင်၏လူများအား ဖော်ပြလိမ့်မည်။ စာတန်သည် တတ်နိုင်လျှင် ထိုသို့အားဖြင့် ရွေးချယ်ထားသောသူတို့ကိုပင် လှည့်ဖြားသွေးဆောင်လိမ့်မည်။ အလွန်ဖြားယောင်းသောသြဇာတန်ခိုးကို အသုံးပြုလိမ့်မည်။ စိတ်များကိုဆွဲဆောင်သွားနိုင်ရန် ညှို့လိမ့်မည်။

ရေလွှမ်းမမိုးမီကာလကရှိသောသူတို့တွင် ရှိခဲ့သောအရာများနည်းတူ၊ ပျက်စီးခြင်းအမျိုးမျိုးတို့သည် စိတ်များကိုဖမ်းချုပ်ရန် ပေါ်လာလိမ့်မည်။ သဘာဝကို ဘုရားကဲ့သို့ချီးမြှောက်ခြင်း၊ လူ၏အလိုဆန္ဒကို မတားဆီးနိုင်အောင် အလွန်အကျူးအခွင့်ပေးခြင်း၊ ဘုရားတရားကိုမကြည်ညိုသောသူတို့၏အကြံဉာဏ်များတို့ကို အချို့သောရည်ရွယ်ချက်များ ပြည့်စုံစေဖို့အတွက် စာတန်သည်အသုံးပြုလိမ့်မည်။ သူသည် မိမိ၏အကြံအစည်များပြည့်စုံစေဖို့ စိတ်အပေါ်၌ စိတ်၏တန်ခိုးကိုအသုံးပြုလိမ့်မည်။ ဝမ်းနည်းဖွယ်ရာအကောင်းဆုံးအကြံအစည်တစ်ခုမှာ၊ သူ၏လှည့်ဖြားခြင်းတန်ခိုးကြောင့် လူတို့သည် ဘုရားသခင်နှင့်တကယ်ပင်ဆက်သွယ်မှုမရှိကြဘဲ ဘုရားဝတ်ပြုကိုးကွယ်ယောင်ဆောင်ကြမည်အကြောင်းတည်း။ ကောင်းမကောင်းသိကျွမ်းရာအပင်၏အသီးကိုစားသော အာဒံနှင့်ဧဝတို့ကဲ့သို့ အများသောသူတို့သည် လှည့်ဖြားခြင်းအစာတည်းဟူသောအမှားကို ယခုသုံးဆောင်နေကြသည်။

ဒေင်ဥယျာဉ်၌ စာတန်သည် မြွေအားဖြင့်စကားပြောလျက် ရှေးဦးမိဘများရှေ့၌ မိမိ၏ပုံသဏ္ဍာန်ကိုဖုံးကွယ်ထားသည်နည်းတူ၊ စာတန်၏

ကိုယ်စားလှယ်များသည် မှားသောအယူအဆများကို နှစ်သက်ဖွယ်ဝတ်ရုံဖြင့် ခြုံထားကြ၏။ ဤကိုယ်စားလှယ်များသည် လူတို့၏စိတ်ထဲသို့ အမှန်အားဖြင့် သေဘေးတမျှ ကြောက်စရာကောင်းသောအမှားများဖြစ်သောအရာများကို သွင်းပေးကြသည်။ ဘုရားသခင်၏နှုတ်ကပတ်တော်ရိုးရိုးမှ နှစ်သက်ဖွယ် ဒဏ္ဍာရီများသို့လှည့်သွားသောသူတို့သည် စာတန်၏အိပ်ငွေ့ချခြင်းတန်ခိုးကို ခံနေရကြလိမ့်မည်။

စာတန်ကလျှို့ဝှက်စွာဖမ်းရန် ကြံစည်ခြင်းခံရသူများကား၊ အလင်းတရားကို အများဆုံးရရှိကြသောသူများဖြစ်ကြသည်။ သူတို့အားသူသည် လှည့်ဖြားနိုင်လျှင်၊ သူ၏စိုးမိုးခြင်းခံနေရလျက် သူတို့သည် အပြစ်ကိုဖြောင့်မတ် ခြင်းဝတ်ရုံဖြင့်ခြုံထားကြ၍ အများသောသူတို့ကိုလမ်းလွဲစေကြလိမ့်မည်ကို စာတန်သိ၏။

သတိနှင့်ကာကွယ်ထားကြပါဟု ကျွန်ုပ်ကအားလုံးကိုပြောဆိုလိုပါသည်။ အကြောင်းမူကား၊ လင်းသောကောင်းကင်တမန်၏အယောင်ကိုဆောင်လျက် စာတန်သည် ခရစ်ယာန်အမှုတော်ဆောင်တို့၏စည်းဝေးတိုင်းတွင် လှည့်လည်နေ၏။ ၎င်းပြင် အသင်းသားများကို မိမိဘက်သို့ပါလာစေရန် သွေးဆောင်လျက် အသင်းတော်တိုင်းတွင် သွားလာနေ၏။ "အလွဲမယူကြ နှင့်၊ ဘုရားသခင်သည် မထီမဲ့မြင်ပြုခြင်းကိုခံတော်မမူ" ဟု ဘုရားသခင်၏ လူများတို့အားသတိပေးဖို့ ကျွန်ုပ်သည် စေခိုင်းခြင်းခံရ၏။ ဂလာ ၆း၇။၂

## သဘာဝကိုဘုရားအဖြစ်ပြုလုပ်ရန် စာတန်၏အကြံအစည်

သူတို့သည် ဘုရားသခင်ကတိုက်ရိုက် ဆက်လက်ပြုပြင်နေခြင်းအမှု ကို မငြင်းပယ်ခဲ့စေကာမူ ဝတ္ထုပစ္စည်းတို့၏သဘောတရားနှင့်သဘာဝ၏သဘောတရားများကို ဆင်ခြင်စဉ်းစားနေကြခြင်း၌ အများသောသူတို့ သည်ဘုရားသခင်က တိုက်ရိုက်ပြုပြင်ခြင်းအမှုကို မသိမမြင်ကြတော့ချေ။

သဘာဝသည် ဘုရားသခင်ကိုအမှီမပြုဘဲ၊ မိမိအလိုအလျောက် အလုပ်များကိုပြုလုပ်ကန့်သတ်နိုင်သော တန်ခိုးနှင့်ပြည့်စုံလျက်ရှိသည်ဟု လူများက ထင်မှတ်အယူရှိကြသည်။ သူတို့၏စိတ်ထဲ၌ သဘာဝနှင့်သဘာဝထက် လွန်ကဲသောအရာတို့စပ်ကြားတွင် ထူးခြားစွာခြားနားခြင်းရှိခြင်းရှိနေ၏။ သဘာဝအရာသည် ရိုးရိုးအကြောင်းများကြောင့်ဖြစ်၍ ဘုရားသခင်၏ တန်ခိုးနှင့်မစပ်ဆိုင်ဟု မှတ်ယူကြသည်။ အသက်ရှင်သောတန်ခိုးသည် ဝတ္ထုပစ္စည်းနှင့်သက်ဆိုင်သည်ဟု ထင်မှတ်ကြ၏။ ၎င်းပြင် သဘာဝကို ဘုရားအဖြစ်သဘောထားကြ၏။ ဝတ္ထုပစ္စည်းသည် သက်ဆိုင်သောအရာများ တွင် နေရာချထားခြင်းခံရလျက် မြဲမြဲသောတရားများအားဖြင့် အလိုအလျောက် ပြုမူနေရ၏။ ထိုတရားများကို ဘုရားသခင်သည် ဝင်ရောက်စွက်ဖက်ခြင်း ပြုတော်မမူဟုထင်ကြ၏။ သဘာဝသည် အချို့သောအစွမ်းသတ္တိများနှင့် ပြည့်စုံလျက် သဘာဝတရားများ၏လက်အောက်တွင် တည်ရှိနေသဖြင့်၊ ဤတရားများကို ကိုယ်တိုင်လိုက်နာပြီးလျှင် မူလကစီမံခန့်ထားသည်အတိုင်း လုပ်ငန်းတို့ကိုဆောင်ရွက်နေရသည်ဟု ထင်မှတ်ကြသေးသည်။

ဤအရာသည် မှားသောလောကဓာတ်ပညာဖြစ်၏။ ဤအချက်ကို ဘုရားသခင်၏နှုတ်ကပတ်တော်တွင် အနည်းငယ်မျှထောက်ခံထားခြင်းမရှိ။ ဘုရားသခင်သည် မိမိ၏တရားများကိုဖျက်ပယ်တော်မမူဘဲ ဘုရားသခင်သည် ၎င်းတို့အားဖြင့် အမြဲအလုပ်လုပ်လျက်ရှိတော်မူ၍ ၎င်းတို့ကိုဘုရားသခင်သည် မိမိ၏ကိရိယာတန်ဆာပလာကဲ့သို့ အသုံးပြုတော်မူ၏။ ဘုရားသခင်၏သဘာဝတရားများသည် အလိုအလျောက်အလုပ်လုပ်နေကြသည်မဟုတ်။ ဘုရားသခင်သည် အမြဲလိုပင်သဘာဝတွင်အလုပ်လုပ်လျက်နေတော်မူ၏။ သဘာဝသည် ဘုရားသခင်၏ကျွန်ဖြစ်၍ ဘုရားသခင်သည် အလိုရှိတော်မူသည်အတိုင်း လမ်းညွှန်လျက်ရှိတော်မူ၏။ မိမိ၏အလိုတော်အတိုင်း မိမိ၏လုပ်ငန်းများတွင် လုပ်ဆောင်နေတော်မူသော ပုဂ္ဂိုလ်တစ်ပါးသည် သိသာစွာပါဝင်၍ ကျွမ်းကျင်စွာပြုပြင်နေတော်မူကြောင်း သဘာဝသည် မိမိ၏လုပ်ငန်းတွင် သက်သေခံလျက်ရှိ၏။ တစ်နှစ်ပြီးတစ်နှစ် မြေကြီးသည် မိမိ၏ပစ္စည်းများကို ကြွယ်ဝ

စွာထွက်စေလျက်၊ နေကိုဆက်လက်ပတ်သွားနေသည်မှာ သဘာဝတွင် နဂို ကပင်ပါရှိသော မူလတန်ခိုးသတ္တိအားဖြင့်မဟုတ်ပါ။ အနန္တတန်ခိုးရှင်၏ လက်တော်သည် ဤဂြိုဟ်ကိုလမ်းညွှန်လျက် အစဉ်သဖြင့်အလုပ်လုပ်လျက် နေတော်မူ၏။ မြေကြီးအား မိမိ၏ဝင်ရိုးပေါ်တွင် တည်ရှိလျက်လည်နေစေ ခြင်းမှာလည်း တစ်ချိန်မှတစ်ချိန်သို့ အသုံးပြုလျက်ရှိသော ဘုရားသခင်၏ တန်ခိုးတော်ပင်ဖြစ်၏။

လူကိုယ်ခန္ဓာ၏စက်ကို လုံးလုံးနားမလည်နိုင်ကြ။ အလွန်တတ်သိ ကျွမ်းကျင်သောသူကိုပင် စိတ်ပျက်စေသောနက်နဲရာများကို ၎င်းကဖော်ပြ၏။ သွေးများခုန်ခြင်း၊ တစ်ကြိမ်ပြီးတစ်ကြိမ် အသက်ရှူရှိုက်ရခြင်းတို့မှာ တစ်ခါက လှုပ်ရှားပေးလိုက်သော စက်ကြောင့် ဆက်လက်လှုပ်ရှားနေရခြင်းမဟုတ်။ ကျွန်ုပ်တို့သည် ဘုရားသခင်အားဖြင့် အသက်ရှင်လျက်၊ လှုပ်ရှားလျက်ဖြစ် လျက်ရှိကြ၏။ အသက်ရှူတိုင်း၊ နှလုံးခုန်တိုင်း အမြဲတည်ရှိတော်မူသော ဘုရားသခင်၏တန်ခိုးတော်အကြောင်းကို အစဉ်သက်သေခံလျက်ရှိ၏။

ပညာအရှိဆုံးသောသူများပင် သဘာဝတွင်ဖော်ပြထားသော ထာဝရ အရှင်ဘုရားသခင်၏နက်နဲရာများကို နားမလည်နိုင်။ ဘုရားသခင်၏နှုတ်ကပတ် တော်က မေးသောမေးခွန်းများစွာတို့ကို စာပေလေ့လာရေးတွင် အလွန်ထူးချွန် သောသူပင်မဖြေနိုင်။ ကျွန်ုပ်တို့အားဖြေဆိုရမည်အကြောင်း ဤမေးခွန်းတို့ကို မေးထားသည်မဟုတ်ဘဲ၊ ဘုရားသခင်၏အလွန်နက်နဲသောအရာတို့ကို ကျွန်ုပ် တို့အားသတိပြုစေရန်ဖြစ်သည်။ ၎င်းပြင် ကျွန်ုပ်တို့၏ဉာဏ်ပညာကို ကန့်သတ် ထားသည်ကိုလည်းကောင်း၊ ကျွန်ုပ်တို့၏နေ့စဉ်အသက်တာပတ်ဝန်းကျင်တွင် ကန့်သတ်ထားသောစိတ်ဖြင့် မသိနိုင်အောင်လွန်ကဲသောအရာများစွာရှိ ကြောင်း ကိုလည်းကောင်း၊ ဘုရားသခင်၏စီရင်တော်မူချက်နှင့် ရည်ရွယ်တော် မူချက် တို့ကို ကျွန်ုပ်တို့၏အသိဉာဏ်သည် မမီနိုင်ကြောင်းကိုလည်းကောင်း သွန်သင် ရန်ဖြစ်ပေသည်။[၁]

ဤမြေကြီးပေါ်၌ သင်ကြားရသောပညာသည် ဤအသက်တာ၌ သင်၍ ပြည့်စုံနိုင်မည်မဟုတ်။ ၎င်းကိုထာဝရကာလပတ်လုံး တိုးတက်သင်ကြား

နေရလျက် အမြဲတိုးပွားများပြားလာပြီး ဘယ်သောအခါမျှ ပြည့်စုံလိမ့်မည် မဟုတ်။ တစ်နေ့ပြီးတစ်နေ့ ဘုရားသခင်၏အံ့ဩဖွယ်ကောင်းသောအမှုများ၊ စကြဝဠာကိုဖန်ဆင်းထောက်မထားရာ၌ အံ့ဩဖွယ်ကောင်းသောတန်ခိုးတော်ကိုဖော်ပြသောသက်သေများသည် စိတ်ထဲ၌အသစ်သောတင့်တယ်ခြင်းနှင့် ပေါ်လာကြလိမ့်မည်။ ပလ္လင်တော်မှထွန်းတောက်သောအလင်းတွင် နက်နဲရာများသည် ပျောက်ကွယ်သွား၍ အထက်ကဘယ်အခါမျှနားမလည်ခဲ့ဖူးသောအရာတို့၏လွယ်ကူခြင်းကို သိမြင်ရသဖြင့် ဝိညာဉ်သည် အံ့ဩခြင်းနှင့်ပြည့်စုံနေလိမ့်မည်။[၄]

## အာရုံငါးပါးကိုထကြွစေတတ်သော ဘာသာတရားကိုသတိပေးထားခြင်း

ဤအချိန်ကာလသည် ဘုရားသခင်၏အမှုတော်အတွက် ဝိညာဉ်ရေး၌စိတ်ပါဝင်စားသောသူ၊ အခြေခံတရား၌တည်မြဲသောသူ၊ သမ္မာတရားကိုထင်ရှားစွာသိနားလည်သောသူများကို ကျွန်ုပ်တို့အလိုရှိကြပါသည်။

လူများအလိုရှိကြသည်မှာ ထင်မြင်ရာကိုသွန်သင်ထားသော ဩဝါဒသစ်များမဟုတ်ကြောင်း ကျွန်ုပ်အားသွန်သင်ဖော်ပြထားပါသည်။ သူတို့သည် လူ၏ထင်မြင်ချက်များကိုအလိုမရှိကြ၊ သမ္မာတရားကိုသိ၍ ကျင့်သောသူ၊ တိမောသေအား အပ်နှံထားသောတာဝန်ကို သိနားလည်၍ လိုက်နာကျင့်ဆောင်သောသူတို့၏သက်သေခံချက်ကို သူတို့သည်လိုပေသည်။ တိမောသေအား ပေးထားသောတာဝန်မှာ ဤကဲ့သို့ဖြစ်၏။ "နှုတ်ကပတ်တရားတော်ကို ဟောပြောလော့။ အချိန်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ ကြိုးစားအားထုတ်လော့။ အပြစ်ကိုဖော်ပြလော့၊ ဆုံးမခြင်းကိုပြုလော့။ အလွန်ရှည်သောစိတ်နှင့် ဩဝါဒကိုပေး၍ တိုက်တွန်းသွေးဆောင်လော့။ အကြောင်းမူကား၊ နောင်ကာလ၌ လူတို့သည် စင်ကြယ်သောဩဝါဒကိုနာမခံနိုင်ဘဲ ကြားတတ်သောနားရှိလျက်၊ မိမိတပ်မက်ခြင်းအတိုင်း များပြားသောဆရာတို့နောက်သို့ လိုက်ကြ

လိမ့်မည်။ သမ္မာတရားကိုနားမထောင်ဘဲ၊ ဒဏ္ဍာရီစကားကိုနားထောင်၍ လွဲသွားကြလိမ့်မည်။ သင်မူကား၊ အရာရာ၌ သမ္မာသတိရှိစေလော့။ ဆင်းရဲ ဒုက္ခကို သည်းခံလော့။ သာသနာပြုဆရာ ဆောင်ရွက်ရသောအမှုကို ဆောင်ရွက်လော့၊ ဓမ္မဆရာအရာ၌ခန့်ထား၍ ပြုရသောဝတ်များကို အကုန် အစင်ပြုလော့" ၂တိ ၄း၂–၅။

ငြိမ်သက်ခြင်းဧဝံဂေလိတရားကိုဟောရန် ပြင်ဆင်ခြင်းတည်းဟူသော ခြေနင်းကိုစီးလျက် မြဲမြဲသေချာစွာလျှောက်သွားလော့။ သန့်ရှင်း၍ညစ်ညူးခြင်းမရှိသောဘာသာတရားသည် အာရုံငါးပါးကိုထကြွစေသော ဘာသာတရားမဟုတ်ကြောင်းကို သင်သည် အသေအချာသိရလိမ့်မည်။ စိတ်ထင်ရာကို ဖော်ပြသောဩဝါဒများနှင့်အယူအဆတို့ကို မက်မောစေရန် တိုက်တွန်းအားပေးဖို့တာဝန်ကို ဘုရားသခင်သည် မည်သူအပေါ်၌မျှ ချပေးတော်မမူခဲ့ပါ။ ညီအစ်ကိုမောင်နှမများတို့၊ သင်တို့၏ဩဝါဒများတွင် ဤအရာတို့ကိုပယ်ရှားထားပါလော့။ သင်၏ဗဟုသုတတွင် ဤအရာများကိုဝင်လာစေဖို့ခွင့်မပြုနှင့်။ သင်၏အသက်တာလုပ်ငန်းသည် ၎င်းတို့အားဖြင့် ပျက်စီးမသွားပါစေနှင့်။[၁]

## ဝိညာဉ်ရေးနှင့်ဆိုင်သောအသက်တာကို ပြန်၍ရရှိလာဖို့လိုခြင်း

သခင်ခရစ်တော်၏နောက်တော်သို့လိုက်လော့။ ကိုယ်တော်သည် အရာခပ်သိမ်းတွင် ကျွန်ုပ်တို့၏ပုံသက်သေဖြစ်တော်မူရမည်ကို မမေ့ပါနှင့်ဟု ကျွန်ုပ်တို့၏လူများအားပြောဆိုရန် ကျွန်ုပ်သည် သွန်သင်ခြင်းခံရ၏။ ကိုယ်တော်၏ဩဝါဒတွင် မတွေ့ရသောထိုအယူအဆများကို ကျွန်ုပ်တို့သည် ဘေးကင်းစွာပယ်ရှားထားနိုင်ကြသည်။ မိမိတို့၏ခြေသည် ထာဝရသမ္မာတရား၏စင်မြင့်ပေါ်တွင် တည်ရှိနေစေရန် အသေအချာသိရှိဖို့ ကျွန်ုပ်တို့၏အမှုဆောင်များအား ကျွန်ုပ်က နှိုးဆော်တောင်းပန်ပါသည်။ သန့်ရှင်းသော ဝိညာဉ်တော်ဟုခေါ်လျက် စိတ်၏တိုက်တွန်းချက်ကို မည်ကဲ့သို့သင်သည်

လိုက်နာနေသည်ကို သတိပြုလော့။ အချို့သောသူတို့သည် ဤကိစ္စ၌ စိုးရိမ်စရာအချက်ကို တွေ့ကြုံနေကြရသည်။ သူတို့သည် သမ္မာတရား၌ စင်ကြယ်ခြင်းရှိလျက်၊ မေးမြန်းသောသူတို့အား မိမိတို့အထဲ၌ရှိသော မျှော်လင့်ခြင်း၏အကြောင်းရင်းကို ပြန်ဖြေနိုင်စေရန် သူတို့ကို ကျွန်ုပ်ကနှိုးဆော်ပါသည်။

ဤနောက်ဆုံးခေတ်ကာလတွင် ရပ်တည်နေရန် လူတစ်မျိုးကိုပြင်ဆင်ပေးခြင်းအလုပ်မှ ညီအစ်ကိုမောင်နှမများတို့၏စိတ်ကို လွဲသွားစေဖို့ရန် သူသည်ကြိုးစားကြံစည်နေ၏။ သူ၏စဉ်းလဲသောဆင်ခြေများမှ အချိန် ကာလ၏ဘေးရန်နှင့်တာဝန်များမှ လူတို့၏စိတ်ကိုလွဲသွားစေရန် စီမံခြင်း ဖြစ်သည်။ မိမိ၏လူတို့အားပေးရန် သခင်ခရစ်တော်သည် ကောင်းကင်မှ ယောဟန်ထံသို့ယူဆောင်လာသောအလင်းကို သူတို့သည် ဘာမျှအဖိုးမတန် သကဲ့သို့ သဘောထားကြ၏။ ကျွန်ုပ်တို့ရှေ့၌ ဖြစ်ပေါ်လာသောရှုခင်းတို့သည် အထူးဂရုစိုက်လောက်အောင် အရေးမကြီးကြဟု သူတို့ကသွန်သင်ကြ၏။ ကောင်းကင်မှအစပြုလာသောသမ္မာတရားကို သူတို့သည် အကျိုးဖြစ်ထွန်း အောင်မပြုလုပ်ကြ။ ၎င်းပြင်ဘုရားသခင်၏လူများထံမှ သူတို့၏လွန်ခဲ့သော ဗဟုသုတတို့ကိုပယ်ရှားစေလျက် ၎င်းတို့အစား မှားသောလောကဓာတ်ပညာ များကိုပေးလေ၏။

"ထာဝရဘုရားမိန့်တော်မူသည်ကား၊ လမ်းနားမှာရပ်၍ ကြည့်ရှုကြလော့။ ရှေးလမ်းဟောင်းတို့ကိုရှာဖွေလျက်၊ ကောင်းသောလမ်းသည် အဘယ်မှာရှိသနည်းဟုမေးမြန်း၍ ထိုလမ်းသို့လိုက်ကြလော့" ယေရမိ ၆း၁၆။

လွန်ခဲ့သောနှစ်များကဖော်ပြခဲ့သော ဖြောင့်မှန်သောသက်သေခံချက်တို့ကို ပြန်၍ဖော်ပြရန် ထာဝရဘုရားက ခေါ်ဖိတ်တော်မူ၏။ ဝိညာဉ်ရေးနှင့်ဆိုင်သောအသက်တာကို ပြန်၍အသစ်ပြုပြင်ရန် ထာဝရဘုရားကခေါ်ဖိတ်တော်မူ၏။ မိမိလူများ၏ဝိညာဉ်ရေးအင်အားသည် ကြာမြင့်စွာမလှုပ်ရှားဘဲနေခဲ့ပြီ။ သို့ရာတွင် အထင်အားဖြင့် သေနေရာမှ ပြန်၍ရှင်လာဖို့သင့်ပြီ။

ဆုတောင်းခြင်း၊ အပြစ်ကိုဝန်ချတောင်းပန်ခြင်းအားဖြင့် ကျွန်ုပ်တို့သည် မင်းကြီး၏လမ်းမကြီးကို ရှင်းလင်းပေးရကြမည်။ ကျွန်ုပ်တို့သည် ဤအမှုကိုပြုနေကြစဉ်၊ ဝိညာဉ်တော်၏တန်ခိုးသည် ကျွန်ုပ်တို့အပေါ်သို့ သက်ရောက်လာလိမ့်မည်။ ကျွန်ုပ်တို့သည် ပင်တေကုတ္တေပွဲနေ့၏အင်အားမျိုးကို အလိုရှိကြသည်။ သခင်ဘုရားသည် မိမိ၏ဝိညာဉ်တော်ကို အလုံးစုံအောင်မြင်သောတန်ခိုးအဖြစ်နှင့် ချပေးတော်မူမည်ဟု ကတိထားတော်မူခဲ့ပြီဖြစ်၍၊ ဤတန်ခိုးသည် ရောက်လာလိမ့်မည်။

ခဲယဉ်းသောကာလသည် ကျွန်ုပ်တို့၏မျက်မှောက်၌ရောက်လာပြီ။ သမ္မာတရားကိုသိကျွမ်းခြင်းရှိသောလူတိုင်းသည် နိုးကြား၍ မိမိကိုယ်တိုင်၊ ကိုယ်ကာယ၊ စိတ်၊ ဝိညာဉ်မှစသည်တို့ကို ဘုရားသခင်၏ဆုံးမခြင်းလက်အောက်တွင် ထားရကြမည်။ ရန်သူသည် ကျွန်ုပ်တို့၏နောက်ကလိုက်လာနေ၏။ ကျွန်ုပ်တို့သည် ကောင်းစွာနိုးကြား၍ ရန်သူကိုကာကွယ်စောင့်ကြည့်နေရကြမည်။ ကျွန်ုပ်တို့သည် ဘုရားသခင်၏လက်နက်စုံကိုဝတ်ဆင်ရကြမည်။ ကျွန်ုပ်တို့သည် ပရောဖက်ဟောသောစကားချက်သဘောအားဖြင့် ပေးသောညွှန်ကြားချက်များကို လိုက်နာရကြမည်။ ဤခေတ်ကာလအတွက် သမ္မာတရားကို ကျွန်ုပ်တို့သည် နှစ်သက်၍လိုက်နာစောင့်ရှောက်ရကြမည်။ ဤအမှုသည် ကျွန်ုပ်တို့အား ကြီးစွာသောမှားယွင်းခြင်းကို လက်ခံခြင်းမှ ကယ်တင်လိမ့်မည်။ ဘုရားသခင်သည် ကျွန်ုပ်တို့အား မိမိ၏နှုတ်ကပတ် တော်အားဖြင့် မိန့်မြွက်တော်မူပြီ။ အသင်းတော်အားပေးတော်မူသော သက်သေ ခံချက်များအားဖြင့်လည်းကောင်း၊ ကျွန်ုပ်တို့၏ယခုတာဝန်နှင့် ယခုကျွန်ုပ်၌ ရှိအပ်သောအခြေအနေတို့ကို ထင်ရှားစွာဖော်ပြဖို့ ကူညီသောစာအုပ်များအား ဖြင့်လည်းကောင်း ဘုရားသခင်သည် ကျွန်ုပ်တို့အားမိန့်မြွက်တော်မူပြီ။ တစ်နည်းပေါ်မှာတစ်နည်း၊ ပညတ်တစ်ခုအပေါ်မှာတစ်ခု ပေးထားသောသတိ ပေးစကားများကို ဂရုစိုက်ရမည်။ ကျွန်ုပ်တို့သည် ၎င်းတို့ကိုဂရုမစိုက်ဘဲ နေကြလျှင်၊ ကျွန်ုပ်တို့သည် မည်ကဲ့သို့အပြစ်လွှတ်ရန် ချေပပြောဆိုနိုင်ကြ လိမ့်မည်နည်း။

ဘုရားသခင်အတွက် အမှုဆောင်ရွက်နေသောသူတို့အား မှန်ကန်သော အရာအစား မှုမမှန်သောအရာကိုလက်မခံစေရန် ကျွန်ုပ်ကတောင်းပန်ပါ သည်။ ဘုရားသခင်၏သန့်ရှင်းစေသော သမ္မာတရားနေရာတွင် လူ၏ဆင်ခြင်တုံ တရားကိုမထားပါနှင့်။ သခင်ခရစ်တော်သည် မိမိလူတို့၏စိတ်နှလုံးထဲတွင် ယုံကြည်ခြင်းနှင့်ချစ်ခြင်းမေတ္တာကိုတည်ရှိလာစေရန် တိုက်တွန်းနှိုးဆော်ရန် စောင့်နေတော်မူ၏။ ထာဝရသမ္မာတရား၏စင်မြင့်ပေါ်တွင် မြဲမြံစွာတည်နေ သင့်သောသူတို့သည် မှားယွင်းသောအယူအဆများကို မျက်နှာသာမပေးကြ ပါနှင့်။ ယုံမှားစရာအကြောင်းမရှိသော ထောက်ခံချက်ပေါ်တွင် အမှီပြုသော အခြေခံတရားများကို မြဲမြံစွာစွဲကိုင်ထားဖို့ ဘုရားသခင်က ကျွန်ုပ်တို့အား မှာထားတော်မူ၏။[၆]

## နှုတ်ကပတ်တော်ကိုနှစ်သက်၊ သိကျွမ်းခြင်းသည်ကျွန်ုပ်တို့၏လုံခြုံမှု

သမ္မာတရားဘက်၌ ကြာမြင့်စွာတည်ရှိနေသော သူတို့၏စိတ်ထဲတွင် ကြမ်းတမ်း၍ ဝေဖန်တတ်သောသဘောဝင်လာလေပြီ။ ၎င်းတို့သည် ထိခိုက် စေတတ်လျက် ဝေဖန်ပြီးအပြစ်ရှာသောအရာများဖြစ်၏။ သူတို့သည် မိမိတို့ အယူအဆတို့ကိုမလိုက်လျောသောသူတို့အပေါ်၌ အပြစ်စီရင်ရန် တရားပလ္လင် ပေါ်သို့တက်ကြပြီ။ သူတို့အားဆင်းလာလျက် နောင်တရခြင်းအပြစ်ကို ဝန်ချ တောင်းပန်ခြင်းနှင့် ရေ့တော်၌ဦးညွတ်နေစေရန် ဘုရားသခင်ကခေါ်တော်မူ ၏။ "သင်သည် ရှေးဦးစွာသောချစ်ခြင်းမေတ္တာလျော့ပြီဟု သင်၌အပြစ်တင်စရာရှိ၏။ ထိုကြောင့် သင်သည် မရွေ့လျော့မီ၊ အရင်နေရာအရပ်ကို အောက်မေ့လော့။ နောင်တရလော့။ ရှေးဦးစွာသောအကျင့်ကိုကျင့်လော့။ သို့မဟုတ် သင်ရှိရာသို့ ငါသည်အလျင်အမြန်လာမည်။ နောင်တမရလျှင်၊ သင်၏မီးခွက်ကို နေရာမှရွေ့ မည်" ဟု ဘုရားသခင်က သူတို့အားမိန့်တော် မူ၏။ ဗျာ ၂း၄၊၅။ သူတို့သည် ပထမနေရာအတွက် ကြိုးစားအားထုတ်နေ

ကြသဖြင့် သူတို့၏အပြောအဆို၊ အပြုအမူတို့အားဖြင့် အများသောသူတို့ကို စိတ်နာအောင်ပြုလုပ်ကြ၏။

သခင်ခရစ်တော်က မိမိ၏လူများအား မိမိ၏နှုတ်ကပတ်တော်ကို ယုံကြည်လျက် လေ့ကျင့်လိုက်နာစေရန် ခေါ်ဖိတ်တော်မူ၏။ ဤနှုတ်ကပတ်တော်ကိုလက်ခံ၍ အပြုအမူတိုင်းနှင့်အကျင့်စာရိတ္တတိုင်း၏အစိတ်အပိုင်းဖြစ်စေလျက် ၎င်းကိုအသုံးပြုသောသူတို့သည် ဘုရားသခင်၏ခွန်အား၌ ခိုင်ခံ့ကြီးပွားခြင်းရှိကြလိမ့်မည်။ သူတို့၏ယုံကြည်ခြင်းတရားသည် ကောင်းကင်ကအစပြုကြောင်း သိမြင်ရကြလိမ့်မည်။ သူတို့သည် ထူးခြားသောလမ်းများတွင် လှည့်လည်နေရကြမည်မဟုတ်။ သူတို့၏စိတ်သည် စိတ်ကူးယဉ်၍ စိတ်ထကြွစေသောဘာသာတရားဘက်သို့ ပြောင်းလဲသွားလိမ့်မည်မဟုတ်။ သူတို့သည် ကောင်းကင်တမန်တို့ရှေ့၊ လူတို့ရှေ့တွင် ခိုင်ခံ့မြဲမြံသော ခရစ်ယာန်အကျင့်စာရိတ္တရှိသောသူတို့ကဲ့သို့ ရပ်တည်နေကြလိမ့်မည်။

သခင်ခရစ်တော်၏ဩဝါဒများတွင် ဖော်ပြထားသည်အတိုင်း၊ သမ္မာတရား၏ရွှေလင်ပန်းတွင် ဝိညာဉ်များအား အပြစ်ကိုမြင်၍ စိတ်ပြောင်းလဲစေသောအရာကို ကျွန်ုပ်တို့တွေ့ရှိရကြသည်။ သခင်ခရစ်တော်သည် ဤလောကသို့ကြွလာ၍ ကြွေးကြော်တော်မူသောသမ္မာတရားကို သခင်ခရစ်တော်နည်းတူ လွယ်ကူရိုးသားစွာဖော်ပြလော့။ ၎င်းပြင် သင်၏သတင်းစကား၏တန်ခိုးကို မိမိကိုယ်တိုင်ထင်ရှားစွာသိစေလိမ့်မည်။ သခင်ခရစ်တော်က ဘယ်အခါမျှဖော်ပြတော်မမူ။ ကျမ်းစာတွင် အခြေအမြစ်မရှိသောအယူအဆ (သို့မဟုတ်) စမ်းသပ်ချက်များကို မဖော်ပြပါနှင့်။ ကျွန်ုပ်တို့၌ဖော်ပြရန် အလွန်ကြီးကျယ်၊ ကြည်ညိုဖွယ်သမ္မာတရားရှိပါသည်။ "ကျမ်းစာ၌ရေးထား သည်ကား" ဆိုသော စမ်းသပ်ချက်ကို အိမ်တွင်ရှိလူအသီးအသီးတို့အား ဖော်ပြရမည်။

ကျွန်ုပ်တို့သည် လမ်းညွှန်ရန်အတွက် ဘုရားသခင်၏နှုတ်ကပတ်တော်သို့ချဉ်းကပ်ကြစို့။ "ထာဝရဘုရားမိန့်တော်မူသည်ကား" ဆိုသောစကားကို ရှာဖွေကြည့်ကြစို့။ ကျွန်ုပ်တို့၌ လူတို့၏နည်းနာများ လုံလောက်စွာရှိပြီ။

လောကီအတတ်ပညာ၌သာ လေ့ကျင့်ထားသောစိတ်သည် ဘုရားသခင်၏ အရာများကို နားမလည်ချေ။ သို့ရာတွင် ပြောင်းလဲ၍ သန့်ရှင်းခြင်းသို့ရောက် သောထိုစိတ်သည် နှုတ်ကပတ်တော်၌ ဘုရားသခင်၏တန်ခိုးတော်ကိုမြင်ရ လိမ့်မည်။ ဝိညာဉ်တော်အားဖြင့် သန့်ရှင်းစေခြင်းငှာ ဆေးကြောခြင်းခံရသော စိတ်နှင့်နှလုံးသည် ကောင်းကင်နှင့်ဆိုင်သောအရာတို့ကို ဝေဖန်သိနားလည်နိုင် လိမ့်မည်။[၇]

## လုံးလုံးအပ်နှံဖို့လိုခြင်း

ညီအစ်ကိုမောင်နှမများတို့၊ သင်တို့၏တာဝန်အတွက်နိုးကြားလျက် နေကြဖို့ သခင်ဘုရား၏နာမတော်၌ သင်တို့ကိုအကျွန်ုပ်တိုက်တွန်းပါ၏။ သင်တို့၏စိတ်နှလုံးကို သန့်ရှင်းသောဝိညာဉ်တော်၏တန်ခိုး၌ အပ်နှံထား ကြလော့။ ထိုသို့အားဖြင့် ၎င်းတို့သည် နှုတ်ကပတ်တော်၏ဩဝါဒများကို လက်ခံနိုင်လာကြလိမ့်မည်။ ထိုအခါ သင်တို့သည် ဘုရားသခင်၏နက်နဲ သောအရာတို့ကို ဝေဖန်သိနားလည်နိုင်လာကြလိမ့်မည်။

အလွန်ကြည်ညိုဖွယ်သဘောသက်ဝင်သော သက်သေခံချက်ဖြစ်သည့် သခင်ခရစ်တော်၏သက်သေခံချက်ကို လောကထဲသို့ယူဆောင်သွားရကြမည်။ ဗျာဒိတ်ကျမ်းတစ်ခုလုံးတွင် အလွန်အဖိုးထိုက်၍မြင့်မြတ်သောကတိတော်များ ပါရှိ၏။ ၎င်းပြင် အလွန်ကြောက်စရာကောင်း၍ ကြည်ညိုဖွယ်သောသဘော ပါဝင်သော သတိပေးစကားများလည်းပါရှိသည်။ သမ္မာတရားကိုသိကျွမ်း သည်ဟု ဆိုကြသောသူတို့သည် သခင်ခရစ်တော်က ယောဟန်အားပေးတော် မူသော သက်သေခံချက်ကိုဖတ်ရှုကြပါမည်လော။ ဤနေရာ၌ ဆင်ခြင် တွေးဆခြင်းမဟုတ်၊ လောကဓာတ်ပညာနှင့်သက်ဆိုင်သော လှည့်ဖြားခြင်း လည်းမဟုတ်၊ ဤနေရာ၌ ကျွန်ုပ်တို့၏ယခုဘဝနှင့်နောင်ဘဝကောင်းကျိုး အတွက် သက်ဆိုင်သောသမ္မာတရားများကို ဖော်ပြထားပါသည်။ ဖွဲ့သည် စပါးအတွက် အဘယ်သို့အကျိုးရှိသနည်း။

သခင်ဘုရားသည် မကြာမီကြွလာတော်မူလိမ့်မည်။ ဇိအုန်မြို့ရိုးပေါ်၌ရှိသောကင်းစောင့်များအား ဘုရားသခင်အပ်ပေးထားတော်မူသော တာဝန်တို့အတွက် နိုးကြားဖို့ခေါ်ဖိတ်တော်မူပြီ။ ဝိညာဉ်တော်၏တန်ခိုးနှင့် နောက်ဆုံးသတိပေးစကားကိုကြားပြောမည့်ကင်းစောင့်၊ ညဉ့်အချိန်ကိုကြွေးကြော်မည့်ကင်းစောင့်များကို ကိုယ်တော်သည် ခေါ်ဖိတ်တော်မူ၏။ ယောကျ်ား၊ မိန်းမတို့သည် သေနေသောသူတို့အိပ်ပျော်သကဲ့သို့ အိပ်ပျော်မနေကြဘဲ၊ အိပ်ပျော်ရာမှနိုးစေခြင်းငှာ သူတို့ကိုနိုးပေးမည့်ကင်းစောင့်များကို သခင်ဘုရားသည် ခေါ်ဖိတ်တော်မူ၏။ ၈

---o---

# အခန်း (၆၀)
# စာတန်၏ လှည့်ဖြားသောအံ့ဩဖွယ်ရာများ

ခေတ်ကာလနတ်ဝိဇ္ဇာအတတ်ပညာနှင့် အထူးသက်ဆိုင်သဖြင့် ဤကျမ်းချက်ကို ကျွန်ုပ်အားညွှန်ပြထားပါသည်။ ကော ၂း၈။ "ခရစ်တော်၏တရားကိုမလိုက်၊ လူအဆက်ဆက်ခံသောနည်းဥပဒေသနှင့် လောကီတရားနကိုလိုက်၍ လောကီပညာနှင့်အချည်းနှီးသောပရိယာယ်အားဖြင့် သင်တို့ကို အဘယ်သူမျှမလုယူမဖျက်ဆီးစေခြင်းငှာ သတိပြုကြလော့။" ထောင်ပေါင်းများစွာသောသူတို့သည် ဦးခေါင်းဖုများကြည့်၍ဟောသော အတတ်ပညာ၊ အိပ်မွေ့ချအတတ်ပညာတို့အားဖြင့် ပျက်စီးကြလျက် ဘုရားတရားကိုမယုံကြည်သောအဖြစ်သို့ ရောက်သွားတတ်ကြသည်ကို ကျွန်ုပ်အားဖော်ပြထား၏။ စိတ်သည် ဤသို့သောလမ်းကြောင်းတွင် အစပြုသွားနေရလျှင်၊ ၎င်းသည် တည်ငြိမ်မြဲမြံခြင်းမရှိသဖြင့်၊ နတ်ဆိုးသည် ၎င်းကိုစိုးမိုးအုပ်ချုပ်လာလိမ့်မည်။ သနားစရာကောင်း၍ သေတတ်သောလူ၏စိတ်တွင် "အချည်းနှီးသောပရိယာယ်" နှင့်ပြည့်လာ၏။ သူတို့ကိုယ်တိုင်၌ ကြီးကျယ်သောအမှုများကို ပြီးမြောက်အောင်ပြုလုပ်နိုင်ရန် ထိုသို့သောတန်ခိုးများရှိနေသဖြင့်၊သာ၍ ကြီးမြတ်သောတန်ခိုးကိုမလိုဟု ထင်မှတ်ကြ၏။ သူတို့၏အခြေခံတရားများ နှင့်ယုံကြည်ခြင်းတရားများမှာ၊ "ခရစ်တော်၏တရားကိုမလိုက်၊ လူအဆက်ဆက် ခံသောနည်းဥပဒေနှင့် လောကီတရားနကိုလိုက်" ကြ၏။

သခင်ယေရှုက သူတို့အား ဤအတတ်ပညာကိုသင်ပေးတော်မမူ။ ကိုယ်တော်၏ဩဝါဒများတွင် ဤကဲ့သို့သောအရာမျိုးကို တစ်ခုမျှမတွေ့နိုင်။ သနားစရာကောင်း၍ သေတတ်သောသူတို့၏စိတ်ကို သူတို့ကိုယ်တိုင်သို့လည်းကောင်း၊ သူတို့ရရှိသောတန်ခိုးတစ်စုံတစ်ခုသို့လည်းကောင်း ကိုယ်တော်က ညွှန်ပြတော်မမူ။ စကြဝဠာကိုဖန်ဆင်းတော်မူသောအရှင် ဘုရားသခင်အား သူတို့၏ခွန်အားနှင့်ပညာကို မူလကပင် ချပေးတော်မူသောအရှင်အဖြစ် သူတို့၏စိတ်ကို အမြဲညွှန်ပြလျက်နေတော်မူ၏။ ငယ် ၁၈ တွင် အထူး

သတိပေးထားတော်မူ၏။ "ဇာတိပကတိ၏စိတ်နှလုံးအချည်းနှီးထောင်လွှားလျက်၊ မိမိမသိမမြင်သောအရာကိုစူးစမ်းလျက်၊ စိတ်နှိမ့်ချခြင်း၌လည်းကောင်း၊ ကောင်းကင်တမန်တို့ကို ကိုးကွယ်ခြင်း၌လည်းကောင်း မွေ့လျော်သောလူ တစ်စုံတစ်ယောက်မျှ သင်တို့ဆုကိုမလုမယူစေနှင့်။"

နတ်ဝိဇ္ဇာဆရာများတို့သည် နှစ်သက်ဖွယ်ပြုစားသောနည်းဖြင့် သင်တို့ကိုလှည့်ဖြားလိမ့်မည်။ ၎င်းပြင် သူတို့၏ယုံတမ်းစကားများကို နားထောင်လျှင်၊ သင်သည်ဖြောင့်မတ်ခြင်း၏ရန်သူအားဖြင့် လှည့်ဖြားခြင်းကို ခံရသဖြင့်၊ သင်၏ဆုကိုအမှန်ပင်ဆုံးရှုံးလိမ့်မည်။ လှည့်ဖြားသောသူ၏ မက်မောစရာကောင်းသောသြဇာသည် သင့်ကိုအောင်မြင်သောအခါ သင်သည် အဆိပ်ဖြစ်သွား၍ ၎င်း၏ဘေးဖြစ်စေသောသတ္တိအားဖြင့် သခင်ခရစ်တော် သည် ဘုရားသခင်၏သားတော်ဖြစ်တော်မူကြောင်းကို ယုံကြည်ခြင်းသဘော ကိုယုတ်ညံ့ပျက်စီးသွားစေ၏။ ၎င်းပြင် သင်သည် ကိုယ်တော်၏အသွေး တော်နှင့်ဆိုင်သော ကုသိုလ်ကောင်းမှုကို အားကိုးခြင်းမရှိတော့ချေ။ ဤ အတတ်ပညာအားဖြင့် လှည့်ဖြားခြင်းခံရသောသူတို့သည် စာတန်၏လှည့်စား ခြင်းဖြင့် မိမိတို့၏ဆုများကို လုယူခြင်းခံရကြ၏။ မိမိတို့၏ကုသိုလ်ကောင်းမှု ကို အားကိုးနေကြသောသူတို့သည် အလိုအလျောက်နှိမ့်ချခြင်းအမှုကိုကျင့် ကြလျက်၊ မိမိတို့ကိုယ်ကိုအနစ်နာခံဖို့ပင်အလိုရှိကြပြီ။ မိမိတို့ကိုယ်ကို ယုတ်ညံ့စေကြသည်။ ၎င်းပြင် မိမိတို့၏စိတ်ကိုအလွန်အမင်းအကျိုးမရှိ သောအရာတို့ကို ယုံကြည်စေကြပြီး၊ မိမိတို့အယုံရှိနေသော သေလွန်သော မိတ်ဆွေတို့၏အလွန်မဟုတ်မမှန်သော အထင်အမြင်အယူအဆတို့ကို လက်ခံ နေကြ၏။ စာတန်သည် သူတို့၏မျက်စိကိုကန်းစေလျက် ဝေဖန်ပိုင်းခြား နိုင်သောဉာဏ်ကို လွဲမှားစေသဖြင့်၊ သူတို့သည် ဆိုးသောအမှုကိုမမြင်ကြ ချေ။ မြင့်သောဘုံတွင် ယခုကောင်းကင်တမန်များဖြစ်နေကြသောသူတို့၏ သေလွန်သောမိတ်ဆွေများထံမှလာသည်ဟုထင်ရသော သွန်သင်ချက်တို့ကို သူတို့သည်လိုက်နာကြ၏။

ကျွန်ုပ်တို့သည် စာတန်၏အယုံသွင်းမှုနှင့်အကြံဉာဏ်များကို တားဆီးကန့်ကွက်ရန် အဘက်ဘက်ကကြိုးစားလျက် ကာကွယ်ထားရမည်ကို ကျွန်ုပ်အားဖော်ပြထား၏။ စာတန်သည် မိမိကိုယ်ကို လင်းသောကောင်းကင်တမန်အဖြစ်ပြောင်းလဲလျက် ထောင်ပေါင်းများစွာသောသူတို့ကိုလှည့်ဖြား၍ ဖမ်းဆီးယူဆောင်သွားနေ၏။ လူတို့၏လောကဓာတ်ပညာအားဖြင့် သူရရှိနေသောအခွင့်အရေးသည် အလွန်ကြီးမား၏။ ဦးခေါင်းဖုများကြည့်၍ ဟောသော ပညာ၊ စိတ်ဝိညာဉ်နှင့်ဆိုင်ရာပညာနှင့် ညှို့သောအတတ်ပညာများအားဖြင့် ဤခေတ်ကာလရှိ လူမျိုးတို့ထံသို့သူသည် တိုက်ရိုက်ချဉ်းကပ်၍ စုံစမ်းရာကာလအဆုံး၌ သူ၏လုပ်ငန်းကိုထင်ရှားစေသောတန်ခိုးဖြင့် ကြိုးစားဆောင်ရွက်လေသည်။၂

အိပ်မွေ့ချခြင်းဟူသောစကားကိုအသုံးမပြုမီ၊ ညှို့သောအတတ်ပညာ၊ ဆွဲငင်သောပညာ၊ ညှို့၍အိပ်စေသောပညာနှင့် ညှို့၍ကုသသော အရာဟူသောစကားများကို ၎င်းအတတ်နှင့်စပ်ဆိုင်၍ စာရေးသူနှင့် ဟောပြောသူများက သုံးတတ်ကြသည်။

## တစ်စုံတစ်ယောက်၏စိတ်ကိုအခြားသူက ချုပ်ချယ်ရန်အခွင့်ပေးခြင်း

အခြားသူ၏စိတ်ကို စိုးမိုးချုပ်ချယ်ထားခြင်းဖြင့် သူ၌များစွာအကျိုးကျေးဇူးခံစားရလိမ့်မည်ဟု ထင်မှတ်လျက်၊ မည်သူမျှထိုသို့ပြုခွင့်မရှိ။ တစ်စုံတစ်ယောက်အပေါ်၌ အသုံးပြုနိုင်သောစိတ်ကို ကုစားခြင်းအတတ်သည် အလွန်ကြောက်စရာကောင်းသော လှည့်စားခြင်းအတတ်တစ်ခုဖြစ်သည်။ ခဏသာသက်သာခြင်းတွေ့ရသော်လည်း၊ ထိုသို့ချုပ်ချယ်ခြင်းခံရသော သူ၏စိတ်သည် ဘယ်အခါမျှခိုင်ခံ့ခြင်းမရှိသဖြင့် အားမကိုးနိုင်တော့ချေ။ ကျွန်ုပ်တို့သည် သခင်ခရစ်တော်၏ဝတ်ရုံအနားကို တို့သောမိန်းမလောက် အားနည်း

ကောင်းအားနည်းကြလိမ့်မည်။ သို့ရာတွင် ကျွန်ုပ်တို့သည် ကိုယ်တော်ထံ ယုံကြည်ခြင်းနှင့်ချဉ်းကပ်ရန် ဘုရားသခင်ပေးတော်မူသောအခွင့်အရေးကို အသုံးပြုကြလျှင်၊ ယုံကြည်ခြင်းနှင့်တို့သောသူအား အကျိုးပေးတော်မူသကဲ့သို့၊ ကိုယ်တော်သည် ကျွန်ုပ်တို့ကိုလည်း ချက်ချင်းအကျိုးပေးတော်မူမည်။

လူတစ်စုံတစ်ယောက်သည် မိမိ၏စိတ်ကို အခြားသူအားပေးအပ် စေဖို့ ဘုရားသခင်ကစီမံထားတော်မမူ၊ ယခုခမည်းတော်၏လက်ယာဘက်၌ ပလ္လင်ပေါ်တွင်ထိုင်နေတော်မူ၍ ထမြောက်တော်မူသော သခင်ခရစ်တော်သည် တန်ခိုးကြီးသောအနာပျောက်စေသူ ဖြစ်တော်မူ၏။ အနာရောဂါမှချမ်းသာ ခြင်းတန်ခိုးကို ရရှိရန် ကိုယ်တော်ကိုကြည့်ပါ။ ကိုယ်တော်အားဖြင့်သာ၊ မိမိ တို့၌ရှိနေသော အခြေအနေအတိုင်း အပြစ်သားတို့သည် ဘုရားသခင်ထံသို့ ချဉ်းကပ်နိုင်ကြသည်။ တစ်စုံတစ်ယောက်သောသူ၏စိတ်အားဖြင့် ဘယ်အခါ မျှသူတို့သည် မချဉ်းကပ်နိုင်ကြ။ ကောင်းကင်ကိုယ်စားတော်များနှင့် ဒုက္ခခံ နေရသောသူ တို့စပ်ကြားတွင် မည်သည့်လူကိုယ်စားလှယ်မျှ ကြားဝင်၍ မကူညီရ။

အခြားသောသူ၏စိတ်ကို ဘုရားသခင်ထံသို့ညွှန်ပြပေးရာ၌ လူတိုင်း ဘုရားသခင်နှင့်အတူ ကူညီဆောင်ရွက်နိုင်သောအခြေအနေ၌ရှိရမည်။ အမြတ် ဆုံးသမားတော်ကြီးဖြစ်ကြောင်း လောကသည် သိရှိဖူးသောကိုယ်တော်၏ ကျေးဇူးတော်နှင့်တန်ခိုးတော်ကို သူတို့အားပြောပြလော့။

လူတစ်စုံတစ်ယောက်၏စိတ်အားဖြင့် ချုပ်ချယ်ခြင်းခံနေစေဖို့ ကျွန်ုပ် တို့က သင့်အားမပြောလိုပါ။ စိတ်ကိုကုစားခြင်းအမှုသည် တွေ့ကြုံခဲ့ရသော အရာတို့တွင် အလွန်ကြောက်စရာကောင်းသော လောကဓာတ်ပညာဖြစ်သည်။ မိမိ၏ဆိုးသောအကြံအစည်အားဖြင့် ဆိုးသောသူတိုင်းသည် ၎င်းကိုအသုံးပြု နိုင်၏။ ကျွန်ုပ်တို့သည် ထိုသို့သောလောကဓာတ်ပညာနှင့် အနည်းငယ်မျှ မပတ်သက်ရ။ ကျွန်ုပ်တို့သည် ၎င်းကိုကြောက်လန့်ရကြမည်။ အဖွဲ့အစည်း တစ်စုံတစ်ခုထဲသို့မျှ ၎င်း၏ပထမစည်းကမ်းဥပဒေများကို ဘယ်အခါမျှ ယူဆောင်မလာရ။[၃]

ဆုတောင်းခြင်းမပြုဘဲနေခြင်းအားဖြင့် လူတို့အား မိမိ၏ခွန်အားကို မှီခိုစေ၏။ ၎င်းပြင် သွေးဆောင်ခြင်းသို့ပါစေရန် လမ်းဖွင့်ပေး၏။ အများ အားဖြင့် လောကဓာတ်ပညာအားဖြင့် စူးစမ်းရှာဖွေခြင်းအမှုကိုပြုလုပ်ရန် စိတ်ကူး ကြံစည်နေကြသည်။ ၎င်းပြင် လူတို့သည် မိမိတို့၏အစွမ်းသတ္တိ များကို သိရှိလာကြသဖြင့် အထင်ကြီးနေကြသည်။ လူတို့၏စိတ်ကိုပြုပြင် နေသော လောကဓာတ်ပညာများကို အလွန်ပင်ချီးမြှောက်နေကြ၏။ ၎င်းတို့ သည် သူတို့နေရာနှင့်ကောင်းကြသော်လည်း၊ စာတန်က ဝိညာဉ်တို့ကို လှည့်ဖြားဖျက် ဆီးရန် ၎င်းတို့ကို မိမိ၏တန်ခိုးကြီးသောအသုံးအဆောင်များ ကဲ့သို့ အသုံးပြု လေပြီ။ သူ၏အတတ်ပညာများကို ကောင်းကင်မှလာသကဲ့သို့ လက်ခံကြ၏။ ၎င်းပြင် ထိုသို့အားဖြင့် သူအလိုရှိသည်အတိုင်း သူ့ကို ကိုးကွယ်ကြ၏။ ဦးခေါင်းဖုများကိုကြည့်၍ ဟောသောပညာနှင့်ညို့၍ အိပ်စေ သောပညာအားဖြင့် အကျိုးခံစားနေရသည်ဆိုသောလောကသည် ယခုခေတ် လောက်ဘယ်အခါကမျှ မပျက်စီးခဲ့ဖူးချေ။ ဤလောကဓာတ်ပညာများအားဖြင့် အကျင့်သီလသည်ပျက်စီး ၍ နတ်ဝိဇ္ဇာအတတ်သည် အခြေအမြစ်တည် လာ၏။[၄]

## မှော်အတတ်နှင့်အစွဲ

မှော်အတတ်နှင့်ဆိုင်သောစာအုပ်များကို မီးရှို့ပစ်ခြင်းအားဖြင့် မိမိ တို့တစ်ခါကနှစ်သက်သောအရာတို့ကို ယခုရွံရှာကြောင်း ပြောင်းလဲသောဧဖက် မြို့သားတို့ကပြကြ၏။ မှော်အတတ်အားဖြင့် သူတို့သည် အထူးသဖြင့် ဘုရားသခင်ကိုပြစ်မှားကြလျက် မိမိတို့၏ဝိညာဉ်ကို ဘေးသင့်စေခဲ့ကြ၏။ ထိုကြောင့် သူတို့သည် မှော်အတတ်ကို အလွန်ဒေါသထွက်ကြောင်းပြကြ၏။ ထိုသို့အားဖြင့် သူတို့၌ အမှန်ပြောင်းလဲကြောင်း သက်သေပြကြ၏။

ရုပ်ဆင်းတုကိုးကွယ်သူတို့၏အစွဲများသည် နှစ်ဆယ်ရာစုနှစ်၏ ယဉ် ကျေးမှုမပေါ်လာမီကပင် ပျောက်ကွယ်သွားပြီဟု ထင်မှတ်ခဲ့ကြပြီ။ သို့ရာတွင်

ဤခေတ်ကာလ၌ နတ်ဝိဇ္ဇာအတတ်ကို ရှေးမှော်အတတ်ကဲ့သို့ပင် အသုံးပြုနေကြကြောင်း ဘုရားသခင်၏နှုတ်ကပတ်တော်နှင့် အကြောင်းအရာတို့၏ သေချာသောသက်သေတို့က ဖော်ပြလျက်ရှိ၏။ ရှေးမှော်အတတ်သည် ယခုခေတ်နတ်ဝိဇ္ဇာအတတ်ဟု ခေါ်နေသောအတတ်မျိုးပင်ဖြစ်သည်။ စာတန်သည် မိမိကိုယ်ကိုသေဆုံးသွားသော မိတ်ဆွေတို့၏အယောင်ကိုဆောင်လျက် ဖော်ပြခြင်းဖြင့် ထောင်ပေါင်းများစွာသောဝိညာဉ်တို့ကို သွေးဆောင်ရာ၌ အောင်မြင်လေပြီ။ ကျမ်းစာက သေသောသူသည် အဘယ်အရာကိုမျှမသိဟု ဖော်ပြထား၏။ ဒေ ၉း၅။ သူတို့၏အကြံအစည်၊ သူတို့၏ချစ်ခြင်းမေတ္တာ၊ သူတို့၏မုန်းသောသဘောတို့သည် ပျက်စီးသွားလေပြီ။ သေသောသူသည် အသက်ရှင်သောသူနှင့် အဆက်အသွယ်မပြုလုပ်ချေ။ သို့ရာတွင် စာတန်သည် ရှေးဦးစွာကပင် ပါးနပ်စွာလှည့်ဖြားခဲ့သည်အတိုင်း၊ လူတို့၏စိတ်ကိုချုပ်ချယ်နိုင်ရန် ဤအကြံအစည်ကိုအသုံးပြု၏။

နတ်ဝိဇ္ဇာအတတ်အားဖြင့် ဖျားနာသူများ၊ ဝမ်းနည်းပူဆွေးနေသူများ၊ အထူးအဆန်းသိမြင်လိုသူများသည် နတ်ဆိုးများနှင့် ဆက်သွယ်နေကြသည်။ ဤအမှုကိုပြုလုပ်ဝံ့သောသူတို့သည် ဘေးရောက်သောနေရာ၌ရောက်ရှိနေကြသည်။ ဘုရားသခင်သည် သူတို့ကိုမည်ကဲ့သို့မှတ်တော်မူကြောင်း သမ္မာတရား၏နှုတ်ကပတ်တော်ကဖော်ပြထားပြီ။ ရှေးအခါက၊ တစ်ပါးအမျိုးသားတို့ထံဗျာဒိတ်ကိုမေးရန် စေလွှတ်သောရှင်ဘုရင်အပေါ်သို့ ဘုရားသခင်သည် ပြင်းထန်စွာစီရင်ချက်ချတော်မူ၏။ "ဣသရေလပြည်၌ ဘုရားသခင်မရှိသော ကြောင့်၊ ဧကြုန်မြို့၏ဘုရားဗာလဇေဗုပ်သို့ သွား၍မေးမြန်းရသလော။ ထိုကြောင့် ထာဝရဘုရားမိန့်တော်မူသည်ကား၊ သင်သည် ယခုတက်သော သာလွန်ပေါ်က နောက်တစ်ဖန်မဆင်းရ။ စင်စစ်သေရမည်" ၄ရာ ၁း၃၊၄။

ရှေးအခါက ရုပ်ဆင်းတုကိုးကွယ်သူတို့၏မှော်ဝိဇ္ဇာအတတ်သည် ယခုခေတ်၏နတ်ဝိဇ္ဇာအတတ်၊ နတ်ပူးခြင်း၊ ဗေဒင်ဟောခြင်းတို့နှင့် အတူတူလိုပင်ဖြစ်သည်။ အင်ဒေါရမြို့၌ နတ်ဝင်မိန်းမအားဖြင့်ပြောဆိုသော နက်နဲသောစကားများနှင့် ဖေက်မြို့၌ပြောသော နက်နဲရာစကားများသည် လှည့်ဖြားသော

စကားများဖြင့် လူမျိုးတို့အား လမ်းမှားကိုပို့လျက်နေသေး၏။ ကျွန်ုပ်တို့ မျက်စိရှေ့မှအကာအဆီးကို ပယ်ရှားလိုက်နိုင်လျှင်၊ ဆိုးသောတမန်တို့သည် မိမိတို့၏အတတ်ပညာများအားဖြင့် လှည့်ဖြားဖျက်ဆီးရန်ပြုလုပ်နေကြသည်ကို ကျွန်ုပ်တို့တွေ့ရကြမည်။ လူများတို့အား ဘုရားသခင်ကိုမေ့လျော့စေရန် တစ်စုံတစ်ခုက သြဇာညှောင်းနေသောအခါတိုင်း စာတန်သည် မိမိ၏ပြုစား ခြင်းတန်ခိုးကို အသုံးပြုလျက်နေ၏။ လူသည် စာတန်၏အလိုသို့ လိုက်ပါ သွားသောအခါ သူတို့မသိရှိမီ စိတ်သဘောသည်ယောင်မှားလျက် ဝိညာဉ် သည် ညစ်ညူးသွားလေ၏။ ဘုရားသခင်၏လူများတို့သည် ယခုခေတ်၌ ဧဖက်မြို့သားတို့အား တမန်တော်က ဆုံးမသောစကားများကို သတိပြုသင့် သည်။ "အကျိုးမဲ့သောမှောင်မိုက်အမှုတို့နှင့် မဆက်ဆံသည်သာမက ထိုအမှု တို့၏အပြစ်ကိုပြကြလော့" ဧ၊ ၅း၁၁။၁

## ယုံကြည်ခြင်း၏ပတ္တနာ

မိမိတို့ကိုယ်ကို ဘေးကင်းသည်ဟုထင်လျက် အေးဆေးစွာနေတတ် သောသူတို့အတွက် ကျဆုံးသောတမန်တို့က ပြုမူနေကြသောအမှုကို ကျွန်ုပ် တို့သည် ဝေဖန်သိမြင်နိုင်အောင် ကျွန်ုပ်တို့၏မျက်စိများကို ဖွင့်ကြည့်နိုင်ကြ လျှင်၊ ကျွန်ုပ်တို့သည် လုံခြုံလိမ့်မည်ဟု ထင်မှတ်ကြမည်မဟုတ်။ ဆိုးသော တမန်တို့သည် ကျွန်ုပ်တို့၏နောက်၌ အမြဲလိုက်နေကြ၏။ ဆိုးသောသူတို့ သည် စာတန်ကအကြံပေးသည်အတိုင်းပြုလုပ်ရန် အသင့်ရှိနေတတ်သည်ကို ကျွန်ုပ်တို့သည် သတိပြုနေရကြမည်။ သို့ရာတွင် ကျွန်ုပ်တို့၏စိတ်သည် သူ၏မမြင်ရသောကိုယ်စားလှယ်တို့ကို ကာကွယ်မထားဘဲနေကြစဉ်အခါ သူတို့သည် အသစ်သောနည်းကိုအသုံးပြုလျက် ကျွန်ုပ်တို့၏မျက်မှောက်၌ အံ့သြဖွယ်ရာများနှင့် နိမိတ်လက္ခဏာများကို ပြုလုပ်လိမ့်မည်။ ကျွန်ုပ် တို့သည် အောင်မြင်စွာအသုံးပြုနိုင်သော တစ်ခုတည်းသောလက်နက်

တည်းဟူသော ဘုရားသခင်၏နှုတ်ကပတ်တော်အားဖြင့် သူတို့ကိုတားဆီးခုခံရန် ကျွန်ုပ်တို့သည် အသင့်ရှိကြသလား။

အချို့သောသူတို့သည် ဤအံ့သြဖွယ်များကို ဘုရားသခင်ထံမှလာသည်ဟုလက်ခံရန် သွေးဆောင်ခြင်းခံရကြလိမ့်မည်။ ကျွန်ုပ်တို့ရှေ့၌ပင် လူနာများကို ရောဂါမှပျောက်ကင်းစေလိမ့်မည်။ ကျွန်ုပ်တို့မျက်မှောက်၌ နိမိတ်လက္ခဏာများကို ပြုလုပ်ပြကြလိမ့်မည်။ စာတန်၏လှည့်ဖြားသော အံ့သြဖွယ်အမှုများကို သာ၍ပြည့်စုံစွာပြုလုပ်ပြသောအခါ၌ ကျွန်ုပ်တို့တွေ့ကြုံ ရမည့်စုံစမ်းခြင်းအတွက် ကျွန်ုပ်တို့သည် အသင့်ပြင်ဆင်လျက်ရှိကြသလား။ များစွာသောဝိညာဉ်တို့သည် ထောင်ချောက်၌ဖမ်းမိခြင်း ခံရကြမည်မဟုတ်လော။ ဘုရားသခင်၏ထင်ရှားသောပညတ်တရားများမှလွဲသွား၍ ဒဏ္ဍာရီ စကားများကို နားထောင်ဂရုစိုက်ခြင်းဖြင့် အများသောသူတို့၏စိတ်သည် လှည့်ဖြားသောအံ့သြဖွယ်ရာများကိုလက်ခံရန် အသင့်ရှိနေကြသည်။ မကြာမီ တိုက်ခိုက်ရမည့်တိုက်ခိုက်ပွဲအတွက် ယခုကျွန်ုပ်တို့သည် မိမိတို့ကိုယ်ကို လက်နက်များဖြင့် ဝတ်ဆင်ထားကြပြီလား။ ဘုရားသခင်၏နှုတ်ကပတ်တော် ၌ ယုံကြည်အားကိုးခြင်း၊ နှုတ်ကပတ်တော်ကို ဆုတောင်းလျက်လေ့ကျက်ခြင်း၊ လက်တွေ့အသုံးပြုခြင်းအားဖြင့် ကျွန်ုပ်တို့အား စာတန်၏တန်ခိုးမှ ကာကွယ် ထားလိမ့်မည်။ ၎င်းပြင် သခင်ခရစ်တော်၏အသွေးတော်အားဖြင့် အောင်မြင် ခြင်းရရှိကြလိမ့်မည်။[၆]

(1) 1T, 297,298; (2) 1T, 290; (3) MM, 115,116; (4) ST, No. 6, 1884; (5) AA, 288-290; (6) 1T, 301.

---o---

# အခန်း (၆၁)
# ရောက်လာမည့်အရေးဆိုက်ရာကာလ

ဘုရားသခင်၏ပညတ်တော်ကို မရိုမသေပြုခြင်းအမှုသည် သာ၍ထင်ရှားလာသောအခါ၊ ၎င်းကိုစောင့်ရှောက်သူများနှင့် လောကစပ်ကြားတွင် ခြားနားထားသောလမ်းကြောင်းသည် သာ၍ထင်ရှားသိသာလာ၏။ လူတစားသည် ဘုရားသခင်၏ပညတ်တရားများတွင် နှစ်သက်ခြင်း၌ တိုးပွားလာသည်နည်းတူ အခြားလူတစားသည် ၎င်းတို့ကိုမုန်းခြင်း၌တိုးပွားလာ၏။

ဘုရားသခင်၏ကလဲ့စားချေတော်မူရာနေ့ရက်သည် ကျွန်ုပ်တို့အပေါ် သို့ ယခုရောက်လာပြီ။ တိုင်းပြည်၌ပြုနေကြသော စက်ဆုပ်ရွံရှာဖွယ်ရာများ အတွက် ညည်းညူကြွေးကြော်နေသောသူတို့၏နဖူးပေါ်၌ ဘုရားသခင်၏ တံဆိပ်ကိုနှိပ်ပေးလိမ့်မည်။ ကိုယ်ချင်းစာလျက် လောကနှင့်ဆက်သွယ်သော သူတို့သည် အရက်သမားများနှင့်စားသောက်ပျော်မွေ့နေကြသဖြင့်၊ ဒုစရိုက်ပြုသောသူတို့နှင့်အတူ ဧကန်အမှန်ပင် ဖျက်ဆီးခြင်းခံရကြလိမ့်မည်။ "ထာဝရဘုရားသည် ဖြောင့်မတ်သောသူတို့ကို ကြည့်ရှုတော်မူ၏။ သူတို့ဆုတောင်းခြင်းကိုလည်း နားထောင်တော်မူ၏။ ဒုစရိုက်ပြုသောသူတို့ကိုကား၊ ထာဝရဘုရားသည် မျက်နှာလွှဲတော်မူ၏" ၁ပေ ၃း၁၂။

ကျွန်ုပ်တို့သည် အသက်ရှင်တော်မူသော ဘုရားသခင်၏တံဆိပ်နှိပ်ခြင်းကိုခံရမည် (သို့မဟုတ်) ဖျက်ဆီးသောလက်နက်ဖြင့် လှဲခြင်းခံရမည်ကို ကျွန်ုပ်တို့ကိုယ်တိုင်၏အပြုအမူက ဆုံးဖြတ်လိမ့်မည်။ ဘုရားသခင်၏အမျက်တော်အနည်းငယ်သည် ယခုပင်မြေကြီးပေါ်သို့သက်ရောက်လေပြီ။ သို့ရာတွင် ဘုရားသခင်၏အမျက်တော်ဖလားတွင် ရောနှောခြင်းမရှိဘဲ၊ နောက်ဆုံးဘေးဒဏ်ခုနစ်ပါးကို သွန်းလောင်းသောအခါ၊ နောင်တရရန်နှင့် ခိုလှုံရာကိုတွေ့ ဖို့အလွန်နောက်ကျလိမ့်မည်။ ထိုအခါ အပြစ်ဖြေခြင်းအသွေးသည် အပြစ်၏ စွန်းထင်းခြင်းကို ဆေးကြောလိမ့်မည်မဟုတ်။

ဥပုသ်စောင့်သည်ဟု ဆိုသောသူအားလုံးတို့သည် တံဆိပ်နှိပ်ခြင်း ခံရကြမည်မဟုတ်။ အခြားသူတို့အား သမ္မာတရားကိုသင်ပေးသောသူတို့ အထဲ၌ မိမိတို့၏နဖူး၌ ဘုရားသခင်၏တံဆိပ်နှိပ်ခြင်းကို ခံရမည်မဟုတ် သောသူအများပင်ရှိလိမ့်မည်။ သူတို့၌သမ္မာတရား၏အလင်းကိုရရှိကြ၏။ သူတို့သည် မိမိတို့သခင်၏အလိုတော်ကိုသိရှိကြ၏။ ကျွန်ုပ်တို့၏ယုံကြည် ခြင်းတရားတွင် အချက်တိုင်းကိုသူတို့သည် နားလည်ကြ၏။ သို့ရာတွင် သူတို့၌ တရားနှင့်ဆီလျော်သောအကျင့်များမရှိကြ။ အနာဂတ်စကားနှင့် ဘုရားသခင်၏ပညာဘဏ္ဍာများ၌ ကောင်းစွာကျွမ်းကျင်သောသူတို့သည် မိမိ တို့၏ယုံကြည်ခြင်းတရားအတိုင်း ကျင့်ကြံပြုမူရကြမည်။ သူတို့သည် မိမိ တို့၏အိမ်ထောင်များကို ပညတ်သွန်သင်ပေးသဖြင့်၊ ကောင်းစွာစည်းကမ်းရှိ သောအိမ်ထောင်အားဖြင့် လူ၏စိတ်နှလုံးပေါ်တွင် သမ္မာတရား၏ဩဇာသြောင်း ကြောင်းကို လောကအားဖော်ပြနိုင်ကြလိမ့်မည်။

သူတို့သည် ဘုရားဝတ်ပြုကိုးကွယ်ခြင်း၊ ဘုရားတရားကိုကြည်ညို ခြင်းမရှိကြ၍ ဘာသာရေးတွင်မြင့်မြတ်သောပုံစံနမူနာကို မမီကြခြင်းအားဖြင့်၊ အခြားသောဝိညာဉ်တို့အား မိမိတို့အခြေအနေ၌ ရောင့်ရဲတင်းတိမ်မှုရှိနေစေ ကြ၏။ မိမိတို့အားမကြာခဏ ဘုရားသခင်၏နှုတ်ကပတ်တော်ထဲမှ ဘဏ္ဍာ များကိုဖွင့်ပြသော ဤသူတို့၏ပုံသက်သေကိုလိုက်ခြင်းအားဖြင့် မိမိတို့သည် မိမိတို့၏ဝိညာဉ်ကို ဘေးရောက်စေတတ်ကြောင်း၊ ဝေဖန်ပိုင်းခြားနိုင်သော ဉာဏ်တွင် ကန့်သတ်ထားခြင်းခံရသောလူသည် မသိမမြင်နိုင်။ သခင်ယေရှု သာလျှင် မှန်ကန်သောပုံသက်သေဖြစ်တော်မူ၏။ ထာဝရဘုရားသည် မိမိအား အဘယ်သို့အလိုရှိတော်မူကြောင်းသိလိုလျှင် နှိမ့်ချသောစိတ်၊ သင်ကြားနာယူ လိုသောစိတ်ရှိသောကလေးကဲ့သို့ ဘုရားသခင်ရှေ့တော်တွင်ဒူးထောက်လျက် မိမိကိုယ်တိုင်ကျမ်းစာကို စေ့စေ့ရှာဖွေလေ့ကျက်ရမည်။ သင်းအုပ်ဆရာတစ်စုံ တစ်ယောက်သည် ဘုရားသခင်ရှေ့၌ မည်မျှများစွာမျက်နှာရရှိနေသော်လည်း၊ သူသည် ဘုရားသခင်ပေးတော်မူသော အလင်းတရား၌လျှောက်လိုက်ရန် ဂရုမစိုက်လျှင်၊ ကလေးသူငယ်ကဲ့သို့ သွန်သင်ခြင်းကိုခံယူရန်ငြင်းပယ်ခဲ့လျှင်၊

သူသည်မှောင်မိုက်နှင့် စာတန်၏လှည့်ဖြားခြင်းထဲသို့ရောက်ရှိသွားလိမ့်မည်။ ၎င်းပြင် အခြားသောသူတို့အား ထိုလမ်းသို့လိုက်စေလိမ့်မည်။

ကျွန်ုပ်တို့၏အကျင့်စာရိတ္တတွင် အစွန်းအထင်းရှိနေလျှင်၊ မည်သူမျှ ဘုရားသခင်၏တံဆိပ်နှိပ်ခြင်းကိုခံရလိမ့်မည်မဟုတ်။ ကျွန်ုပ်တို့၏အကျင့်တွင် ချွတ်ယွင်းသောအရာတို့ကိုပြုပြင်၍ ဝိညာဉ်ဗိမာန်မှ ညစ်ညူးသောအရာတို့ကို ဆေးကြောရန်အလုပ်သည် ကျွန်ုပ်တို့၏တာဝန်ဖြစ်သည်။ ရှေးဦးမိုးသည် ပင်တေကုတ္တေပွဲနေ့၌ တပည့်တော်တို့အပေါ်သို့သက်ရောက်သည်နည်းတူ၊ ထိုအခါ၌ ကျွန်ုပ်တို့အပေါ်သို့ နောက်မိုးသည်သက်ရောက်လိမ့်မည်။

မိမိသည် ခရစ်ယာန်အသက်တာ၌မနေနိုင်လောက်အောင် မိမိ၏အမှုကိစ္စသည် မျှော်လင့်စရာမရှိဟု မည်သူမျှပြောဖို့မသင့်။ ဝိညာဉ်တိုင်းအဖို့ သခင်ခရစ်တော်၏အသေခံခြင်းအမှုအားဖြင့် လုံလောက်အောင်စီမံထား၏။ ကျွန်ုပ်တို့၌အလိုရှိနေသောအချိန်တွင် သခင်ယေရှုသည်ကူညီရန် အမြဲအသင့်ရှိနေတော်မူ၏။ ယုံကြည်ခြင်းနှင့်ကိုယ်တော်ကိုတောင်းလျှောက်ခြင်းသာပြုပါ။ ကိုယ်တော်က သင်၏တောင်းလျှောက်ခြင်းကို နားညောင်းတော်မူမည်ဟု ကတိထားတော်မူခဲ့ပြီ။

မြဲမြံ၍တန်ခိုးနှင့်ပြည့်စုံသောယုံကြည်ခြင်းကို ကျွန်ုပ်တို့သည်အလိုရှိကြသည်။ ၎င်းကို ကျွန်ုပ်တို့၌ရှိရမည်။ သို့မဟုတ် ကျွန်ုပ်တို့သည် စုံစမ်းရာနေ့ရက်၌ အားနည်း၍ဆုံးရှုံးကြလိမ့်မည်။ ထိုအခါ၌ ကျွန်ုပ်တို့၏လမ်းခရီးတွင် တည်ရှိနေမည့်မှောင်မိုက်အတွက် ကျွန်ုပ်တို့သည် စိတ်မပျက်ရ၊အားလျော့ခြင်းမရှိရ။ ၎င်းသည် ကောင်းချီးမင်္ဂလာကို များပြားစွာချပေးရန် ဘုရားသခင်ကြွလာတော်မူသောအခါ မိမိ၏ဘုန်းတော်ကိုဖုံးအုပ်သော အကာ အကွယ်ဖြစ်၏။ ကျွန်ုပ်တို့၏လွန်ခဲ့သောအဖြစ်အပျက်အားဖြင့် ကျွန်ုပ်တို့သည် ဤအရာကို သိရှိရကြမည်။ ထိုနေ့၌ဘုရားသခင်သည် မိမိ၏လူများနှင့်ငြင်းခုံ ခြင်းပြုတော်မူသောအခါ၊ ဤအဖြစ်အပျက်သည် စိတ်သက်သာခြင်းနှင့်မျှော်လင့် ခြင်းအကြောင်းကိုဖြစ်စေလိမ့်မည်။

ယခုအချိန်၌ ကျွန်ုပ်တို့ကိုယ်တိုင်နှင့်သားသမီးများအား လောကီအညစ်အကြေးနှင့်စွန်းကွက်ခြင်းကင်းစေရန် သတိပြုရကြမည်။ ယခုအချိန်၌ ကျွန်ုပ်တို့သည် ကြွားဝါခြင်း၊ တပ်မက်ခြင်းနှင့် ဝိညာဉ်ရေး၌အိပ်ပျော်နေခြင်း အမှုတို့ကိုအောင်မြင်ရကြမည်။ ယခုအချိန်၌ကျွန်ုပ်တို့သည် နီးကြား၍အကျင့်စာရိတ္တတွင် အချိုးအစားညီညွတ်စေရန် စိတ်ဆုံးဖြတ်ရကြမည်။ "ယနေ့တွင် သင်တို့သည် ဗျာဒိတ်တော်အသံကို ကြားလျက်ရှိသည်ဖြစ်၍၊ ခိုင်မာသော စိတ်နှလုံးမရှိကြနှင့်" ဟေဗြဲ ၃း၇၊၈၊၁၅။

ယခုအချိန်သည် ပြင်ဆင်ဖို့အချိန်ဖြစ်သည်။ မသန့်ရှင်းသော ယောကျ်ား၊ မိန်းမတို့၏နဖူးပေါ်၌ ဘုရားသခင်၏တံဆိပ်ကို ဘယ်သောအခါ မျှရိုက်နှိပ်လိမ့်မည်မဟုတ်။ အလိုရမ္မက်ကြီး၍ လောကကိုနှစ်သက်သော ယောကျ်ား၊ မိန်းမတို့၏နဖူးပေါ်၌ ၎င်းကိုဘယ်အခါမျှနှိပ်ခတ်မည်မဟုတ်။ မုသားပြောသောလျှာ (သို့မဟုတ်) လှည့်စားသောနှလုံးရှိသော ယောကျ်ား၊ မိန်းမတို့၏နဖူးပေါ်၌ ၎င်းကိုဘယ်အခါမျှနှိပ်ခတ်မည်မဟုတ်။ တံဆိပ်ကို ခံယူရသောသူအပေါင်းတို့သည် ဘုရားသခင်ရှေ့တော်၌ စွန်းထင်းခြင်းကင်းရကြမည်။ ကောင်းကင်နိုင်ငံတော်အတွက် ရွေးချယ်ထားသောသူများဖြစ်ရကြမည်။ ညီအစ်ကိုမောင်နှမများတို့၊ ဆက်လက်ရှေ့သို့တိုးတက်သွားကြလော့။ ဤအချိန်၌ကျွန်ုပ်သည် ဤအချက်များကိုသာ အချုပ်အားဖြင့်ရေးသားဖော်ပြနိုင်ပြီး ပြင်ဆင်ခြင်းရှိဖို့လိုကြောင်းကိုသာ သတိပေးနိုင်ပါသည်။ ဤအချိန်ကာလ၌ ဘုရားဝတ်ပြုကိုးကွယ်ရေးတွင် ကြောက်စရာကောင်းကြောင်း၊ သင်တို့ကိုယ်တိုင်ကျမ်းစာကို စေ့စေ့လေ့ကျက်ဖတ်ရှုကြပါ။

## ဥပုသ်နေ့သည်အဆုံးသတ်အချက်

လောကတစ်ခုလုံးပါဝင်ရကြမည့် နောက်ဆုံးတိုက်လှန်ပွဲကြီးတွင် ဥပုသ်နေ့ပြဿနာသည် အဆုံးသတ်အချက်ဖြစ်လိမ့်မည်။ လူတို့သည် ကောင်းကင်၌အုပ်စိုးသော အခြေခံတရားများထက် စာတန်၏တရားကိုရိုသေ

ကြပြီ။ စာတန်က သူ၏အာဏာတန်ခိုးအတွက် အထိမ်းအမှတ်အဖြစ်ချီးမြှောက်သောမှားသောဥပုသ်ကို လူတို့သည်လက်ခံကြပြီ။ သို့ရာတွင် ဘုရားသခင်သည် မိမိ၏ပညတ်တော်တွင် မိမိ၏တံဆိပ်ကိုထားတော်မူပြီ။ ဥပုသ်နေ့နှင့်ဆိုင်သောအထုံးအဖွဲ့တိုင်းတွင် ၎င်းကိုစီမံထားတော်မူသောသူ၏ နာမကို ဖော်ပြထား၏။ မပျက်စီးနိုင်သောအထိမ်းအမှတ်ဖြစ်၍ အာဏာတန်ခိုး ရှိကြောင်းဖော်ပြ၏။ ဤအကြောင်းကိုလူများအားနားလည်စေဖို့ပြုလုပ်ပေး ခြင်းသည် ကျွန်ုပ်တို့၏အလုပ်ဖြစ်သည်။ သူတို့သည် ဘုရားသခင်၏နိုင်ငံ တော်၏တံဆိပ်ကိုခံယူခြင်း (သို့မဟုတ်) ပုန်ကန်သောသူ၏နိုင်ငံ၏တံဆိပ် ကိုခံယူခြင်းအမှုသည် အလွန်အရေးကြီးသောအကျိုးအပြစ်ကိုရရှိစေမည်ကို ကျွန်ုပ်တို့ကသူတို့အားဖော်ပြရကြမည်။ အကြောင်းမူကား၊ သူတို့ခံယူ သောတံဆိပ်နှင့်ဆိုင်သောနိုင်ငံသားဖြစ်ကြောင်း သူတို့ကိုယ်တိုင်ဝန်ခံရကြလေပြီ။ ခြေဖြင့်နင်းထားသော ဥပုသ်နေ့အလံကိုမြှောက်ထားရန် ဘုရားသခင်သည် ကျွန်ုပ်တို့ကိုခေါ်တော်မူပြီ။၂

လွန်ခဲ့သောကာလ၌ သစ္စာရှိသောသူတို့ကိုဖျက်ဆီးရန် ကြံစည်ခဲ့သောအနိုင်အထက်ပြုလုပ်လိုသောစိတ်သဘောမျိုးသည် မြေကြီးပေါ်မှဘုရားသခင်ကိုကြောက်ရွံ့၍ ပညတ်တော်ကိုစောင့်သောသူတို့ကိုပယ်ရှားရန် ကြိုးစားနေသေး၏။ အများလိုက်နာကြသောထုံးစံဓလေ့နှင့် ထုံးတမ်းစဉ်လာကိုလက်မခံသော အနည်းငယ်သောသူတို့အား စာတန်သည် အမျက်ထွက်လိမ့်မည်။ ဂုဏ်အသရေနှင့်ပြည့်စုံ၍ ကျော်စောသောသူတို့သည် ဘုရားသခင်၏လူတို့ကို ဆန့်ကျင်ဘက်ပြုရန် တရားမဲ့သောသူ၊ ဆိုးသောသူတို့နှင့်ပေါင်းကြလိမ့်မည်။ ဥစ္စာကြွယ်ဝသူများ၊ ထူးကဲစွာဉာဏ်ကောင်းသူများ၊ ပညာတတ်များတို့သည် သူတို့အားမထီမဲ့မြင်ပြုရန် ပူးပေါင်းကြလိမ့်မည်။ ညှဉ်းဆဲသောမင်းများ၊ သင်းအုပ်ဆရာများ၊ အသင်းသားများတို့သည် သူတို့အပေါ်၌မကောင်းကြံစည်ကြလိမ့်မည်။ စကားဖြင့်လည်းကောင်း၊ စာရေးခြင်းဖြင့်လည်းကောင်း ဝါကြွားခြင်း၊ ခြိမ်းခြောက်ခြင်း၊ ပြက်ရယ်ပြုခြင်းဖြင့် သူတို့၏ယုံကြည်ခြင်းကိုဖျက်ဆီးရန် ကြံစည်ကြလိမ့်မည်။ အမှားဖော်ပြခြင်း၊ ဒေါသနှင့်နှိုးဆော်ခြင်းဖြင့်

သူတို့သည် လူတို့၏အမျက်ဒေါသကိုနှိုးဆော်ကြလိမ့်မည်။ ကျမ်းစာ၏ဥပုသ်နေ့ကို တိုက်ရိုက်ပြောဆိုရာ၌ ကျမ်းစာလာသည်ကားဆိုသောအချက်ကို အသုံးမပြုဘဲ၊ ချွတ်ယွင်းသောအရာကိုဖြည့်စွက်ရန် မတရားသောဥပဒေကို အားကိုးကြလိမ့်မည်။ လူအများနှစ်သက်၊ ထောက်ပံ့ခြင်းရှိစေရန် ဥပဒေပြုသောအမတ်တို့သည် တနင်္ဂနွေနေ့ဥပဒေကိုပြုလုပ်ရန် တောင်းဆိုခြင်းကို လိုက်လျောကြလိမ့်မည်။ ဘုရားသခင်ကိုကြောက်ရွံ့သောသူတို့သည် ပညတ်တော်ဆယ်ပါးကိုလွန်ကျူးသောဥပဒေကို လက်မခံနိုင်ကြ။ ဤစစ်ပွဲတွင် အမှန်နှင့်အမှားတိုက်လှန်နေရသော နောက်ဆုံးတိုက်ပွဲကြီးရောက်လာ၏။ နောက်ဆုံး၌ မည်ကဲ့သို့ဖြစ်ရမည်ကိုမသိစေဘဲ ကျွန်ုပ်တို့ကိုပစ်ထားတော်မူမည်မဟုတ်။ ယခုမော်ဒကဲ၏လက်ထက်၌ကဲ့သို့ ထာဝရဘုရားသည် မိမိ၏သမ္မာတရားနှင့် မိမိ၏လူများအတွက် မှန်သောအမှုကိုစီရင်တော်မူလိမ့်မည်။[၃]

## မုန်တိုင်းအတွက်ပြင်ဆင်ခြင်း

မိမိ၏လူများတို့သည် ဆန့်ကျင်ဘက်ပြုခြင်း၊ အမျက်ဒေါသထွက်ခြင်းတည်းဟူသော မုန်တိုင်းအတွက်ခံရပ်နိုင်ရန် ပြင်ဆင်ခြင်းရှိမည်အကြောင်း၊ နောက်ဆုံးကာလ၌ အဘယ်သို့ဖြစ်ပျက်မည်ကို ဘုရားသခင်ကဖော်ပြတော်မူခဲ့ပြီ။ ဒုက္ခရောက်သောကာလ၌ ထာဝရဘုရားသည် မိမိ၏သစ္စာရှိသောသူတို့အား ကာကွယ်တော်မူမည်ဟု မိမိတို့ကိုယ်ကိုစိတ်သက်သာစေလျက်၊ အဖြစ်အပျက်များအကြောင်းကို သတိပေးခြင်းခံရသောသူတို့သည် ရောက်လာမည့်မုန်တိုင်းအတွက် အေးဆေးစွာထိုင်မနေအပ်ကြချေ။ ကျွန်ုပ်တို့သည် ပျင်းရိခြင်းမရှိကြဘဲ တည်ငြိမ်သောယုံကြည်ခြင်းဖြင့် စိတ်အားကြီးစွာအမှုဆောင်ရွက်ကြလျက်၊ မိမိတို့၏သခင်ဘုရားကို မျှော်လင့်နေကြသောသူများကဲ့သို့ဖြစ်ရကြမည်။ ယခုအချိန်သည် ကျွန်ုပ်တို့၏စိတ်ကို အရေးမကြီးသောအရာများတို့၌ စွဲလမ်းနေစေဖို့ခွင့်ပြုရသောအချိန်မဟုတ်။ လူများတို့သည် အိပ်ပျော်

နေကြစဉ်။ ထာဝရဘုရား၏လူများတို့၌ ကရုဏာနှင့်ဖြောင့်မတ်ခြင်းတရားကို မရရှိစေခြင်းငှာ စာတန်သည် အမှုကိစ္စများကိုကြိုးစားစီမံနေ၏။ တနင်္ဂနွေနေ့ဥပဒေနှင့်ဆိုင်သောလုပ်ငန်းကို ယခုမှောင်မိုက်တွင်အစပြုလုပ်ဆောင်နေပြီ။ ခေါင်းဆောင်များသည် အမှန်ထွက်ပေါ်လာမည့်အရာကို ဖုံးကွယ်နေကြ၍ လုပ်ငန်း၌ပူးပေါင်းဆောင်ရွက်နေသောသူအများပင် မြုပ်နေသောသဘောသည် မည်ကဲ့သို့ဖြစ်မည်ကို မိမိတို့ကိုယ်တိုင်မသိမမြင်နိုင်ကြ။ ၎င်း၏ဝန်ခံချက်များသည် နူးညံ့၍ခရစ်ယာန်သဘောသက်ဝင်သည်ဟု ထင်ရ၏။ သို့ရာတွင် ၎င်းကဖော်ပြပြောဆိုသောအခါ၊ နဂါး၏သဘောကိုထင်ရှားစေလိမ့်မည်။

ဆာလံဆရာက၊ "အကယ်စင်စစ် လူတို့၏ဒေါသသည် ကိုယ်တော်ကိုချီးမွမ်းလိမ့်မည်။ ကြွင်းသောဒေါသကိုလည်း ခါးပန်းစည်းတော်မူမည်" ဟုဆိုထား၏။ ဆာ၊ ၇၆း၁၀။ စုံစမ်းစစ်ဆေးသောသမ္မာတရားသည် ရှေ့သို့ပေါ်လာ၍ မထီလေးစားပြုခြင်းခံရသော်လည်း၊ ၎င်းကိုစစ်ဆေးရှာဖွေ၍ ၎င်းအကြောင်းကို ဆွေးနွေးကြလိမ့်မည်ဟု ဘုရားသခင်ကဆိုလိုတော်မူ၏။ လူတို့၏စိတ်သည် လှုပ်ရှားနေရကြလိမ့်မည်။ ငြင်းခုံခြင်း၊ ကဲ့ရဲ့ပြစ်တင်ခြင်း၊ အတင်းပြောဆိုခြင်းရှိသမျှတို့ကား၊ အိပ်ပျော်နေကြမည့်စိတ်တို့ကို မေးမြန်းစုံစမ်း၍နိုးကြားလာကြစေရန် ဘုရားသခင်စီမံတော်မူသောနည်းများဖြစ်၏။[၄]

ကျွန်ုပ်တို့သည်လူတစ်မျိုးအဖြစ်နှင့် ဘုရားသခင်အပ်ပေးထားသောအလုပ်ကိုမပြီးမြောက်ကြသေး။ တနင်္ဂနွေနေ့ဥပဒေကိုအတည်ပြုခြင်းဖြင့်ဖြစ်ပေါ်လာမည့်အခြေအနေအတွက် ကျွန်ုပ်တို့သည်အသင့်မရှိကြချေ။ ရောက်လာမည့်ဘေးဥပဒ်၏နိမိတ်များကို ကျွန်ုပ်တို့သည် မြင်ရကြသောအခါ၊ ကျွန်ုပ်တို့၌ လှုပ်ရှားထကြွလာဖို့တာဝန်ရှိပေသည်။ အနာဂတ်စကားကဖော်ပြထားသောကြောင့် ဤအမှုသည်ဖြစ်ရလိမ့်မည်။ ၎င်းပြင် ထာဝရဘုရားသည် မိမိ၏လူများကိုကာကွယ်လိမ့်မည်။ ယုံကြည်ခြင်းနှင့်စိတ်ချနေကြပြီး မည်သူမျှရောက်လာမည့်ဘေးအတွက် အေးဆေးစွာထိုင်မနေအပ်။ သြတ္တပ္ပစိတ်၏လွတ်လပ်မှုကိုထိန်းသိမ်းရန် ဘာမျှမပြုလုပ်ဘဲ အေးဆေးစွာထိုင်နေလျှင်၊ ကျွန်ုပ်တို့သည် ဘုရားသခင်၏အလိုတော်ကိုဆောင်ရွက်နေကြသည်မဟုတ်။ ကြာမြင့်စွာဂရုမစိုက်ဘဲထားသောအလုပ်ကို ပြီးမြောက်စေသည်တိုင်အောင်

ဤဘေးဒုက္ခကို ရွေ့ဆိုင်းထားတော်မူမည်အကြောင်း၊ စိတ်အားကြီးစွာအကျိုး ဖြစ်ထွန်းစေရအောင် ကောင်းကင်သို့ဆုတောင်းကြရမည်။ အလွန်စိတ်အား ကြီးစွာဆုတောင်းကြစို့။ ထိုနောက် ဆုတောင်းသည်နှင့်အညီ အမှုတော်ကို ဆောင်ရွက်ကြစို့။ စာတန်သည် အောင်မြင်နေသည်ဟုထင်ရ၏။ ၎င်းပြင် သမ္မာတရားသည် မုသားနှင့်အမှားများဖြင့် ဖိနှိပ်ခြင်းခံနေရသည်ဟုထင်ရ၏။ သို့ရာတွင် လွန်ခဲ့သောကာလ၌ မိမိတို့၏ရန်သူများမှကင်းလွတ်စေရန် ဘုရားသခင်ပြုတော်မူသောအမှုတို့ကို ပြန်၍သတိရစေရန် အလိုရှိတော်မူ၏။ စာတန်၏အလုပ်များမှ လွတ်ကင်းခွင့်မရနိုင်ဟုထင်ရသောအခါ၊ ဘုရားသခင် သည် မိမိ၏တန်ခိုးတော်ကိုပြရန် အကြီးဆုံးသောအမှုများကို အမြဲရွေးချယ် တော်မူ၏။ လူ၏လိုအပ်သောအရာသည် ဘုရားသခင်၏အခွင့်အရေးဖြစ် လာ၏။

ညီအစ်ကိုမောင်နှမများတို့၊ သင်တို့၏ကယ်တင်ခြင်းနှင့်တကွ အခြား ဝိညာဉ်တို့၏ကံကြမ္မာသည် ကျွန်ုပ်တို့ရှေ့၌ရှိသောစုံစမ်းခြင်းအတွက် ယခု သင်ပြုလုပ်သောပြင်ဆင်ခြင်းအပေါ်၌မှီခိုသည်ကို သင်သိနားလည်ပါသလော။ သင်သည် တားဆီးကန့်ကွက်ခြင်းများနှင့်တွေ့ကြုံသောအခါ၊ ခံရပ်နိုင်မည် အကြောင်း သင်၌ထိုစိတ်အားထက်သန်မှု၊ ဘုရားတရား၌ ကြည်ညိုလေးစား သောထိုစိတ်မျိုးရှိသလော။ ဘုရားသခင်သည် ကျွန်ုပ်အားဖော်ပြတော်မူခဲ့ဖူး လျှင်၊ သင်သည် လွှတ်တော်များရှေ့သို့ ယူဆောင်ခြင်းခံရလျက် သင်ယုံကြည် သောသမ္မာတရားအမျိုးမျိုးတို့ကို စစ်ဆေးဝေဖန်မည့်အချိန်သည် ရောက်လာ လိမ့်မည်။ အများသောသူတို့သည် ယခုအချည်းနှီးဖြုန်းတီးနေကြသောအချိန် ကို လာလတ္တံ့သောအရေးဆိုက်ရာကာလအတွက် ပြင်ဆင်ခြင်းရှိရန် ဘုရားသခင် ပေးထားတော်မူသောတာဝန်ကို ဆောင်ရွက်ခြင်းဖြင့်အသုံးပြုရကြမည်။[၁]

## ဘုရားသခင်၏တရားစီရင်ခြင်း

ကျွန်ုပ်တို့သည် အဆုံးကာလသို့နီးကပ်လာကြပြီ။ အကျိုးအပြစ်ကို ဆပ်ပေးရန် ဘုရားသခင်၏တရားစီရင်ခြင်းအမှုသည် မြေကြီးပေါ်၌ရောက်

လာပြီဖြစ်ကြောင်း ကျွန်ုပ်အားဖော်ပြထားလေပြီ။ ထာဝရဘုရားသည် ကျွန်ုပ်တို့အား ဖြစ်ပျက်မည့်အကြောင်းအရာများကို သတိပေးတော်မူပြီ။ ဘုရားသခင်၏နှုတ်ကပတ်တော်မှအလင်းသည် ထွန်းတောက်လျက်ရှိ၏။ သို့ရာတွင် မြေကြီးကိုမှောင်မိုက်ဖုံးလွှမ်းလျက်ရှိ၏။ ၎င်းပြင် ထူထပ်သောမှောင်မိုက်သည် လူတို့ကိုဖုံးလွှမ်းလျက်ရှိ၏။ "ငြိမ်ဝပ်ခြင်းရှိ၏။ ဘေးအန္တရာယ်နှင့်ကင်းလွတ် ၏ဟုဆိုစဉ်တွင်၊ သူတို့အပေါ်သို့လျင်မြန်စွာသော ပျက်စီးခြင်းရောက်၍ လွတ်ခြင်းအခွင့်မရှိရကြ။[၆]

ထာဝရဘုရားသည် တားမြစ်ထားမှုများကို မြေကြီးမှပယ်ရှားနေသဖြင့်၊ မကြာမီ သေခြင်းနှင့်ပျက်စီးခြင်း၊ ရာဇဝတ်မှုတိုးပွားခြင်း၊ ရက်စက်ခြင်း၊ ဆင်းရဲသားတို့တစ်ဘက်၌ မိမိတို့ကိုယ်ကိုချီးမြှောက်ကြသော သူဌေးတို့အားမကောင်းပြုမူခြင်းအမှုများသည် ဖြစ်ပေါ်လာလိမ့်မည်။ ဘုရားသခင်၏ကာကွယ်ခြင်းကိုမရရှိကြသောသူတို့သည် မည်သည့်နေရာ၊ မည်သည့်အခြေအနေ၌မဆို လုံခြုံမှုကိုရရှိကြမည်မဟုတ်။ အနာရစေလျက် သေစေခြင်းငှာ အလွန်ပြင်းထန်သောစက်ကိရိယာများကိုပြုလုပ်ရန် လူများတို့သည် လေ့ကျင့်ထားပြီး၍ တီထွင်နိုင်သောသတ္တိကို အသုံးပြုနေကြပြီ။[၇]

မြေကြီးပေါ်၌ ဘုရားသခင်၏တရားစီရင်ခြင်းအမှုသည်ရောက်လာ ပြီ။ စစ်တိုက်ခြင်းနှင့် စစ်တိုက်ခြင်းအကြောင်းပြောဆိုစကားများ၊ မီးနှင့်ရေ လွှမ်းမိုးခြင်းအားဖြင့် ပျက်စီးခြင်းအမှု၊ အဆုံးကာလတိုင်အောင်တိုးပွားနေမည့် ဆင်းရဲခြင်းကာလသည်ရောက်လုနီးပြီ။

မကြာမီ သခင်ယေရှုကြွလာတော်မူသည်တိုင်အောင် ပြင်းထန်သောဒုက္ခဆင်းရဲခြင်းအမှုများသည် လူအမျိုးမျိုးတို့အထဲတွင် ပေါ်လာလိမ့်မည်။ အထက်ကမပြုဖူးသကဲ့သို့ ကျွန်ုပ်တို့သည် ယခုအချင်းချင်းတိုး၍ ပူးပေါင်းလျက် မိမိ၏ပလ္လင်ကိုကောင်းကင်တွင်ပြင်ဆင်၍ အရာခပ်သိမ်းကိုအုပ်စိုးတော်မူသောအရှင်၏အမှုကို ဆောင်ရွက်သင့်ကြသည်။ ဘုရားသခင်သည် မိမိ၏

လူများကို စွန့်ပစ်တော်မမူ။ ၎င်းပြင် ကျွန်ုပ်တို့သည် ဘုရားသခင်ကိုမစွန့်ဘဲ နေကြခြင်း၌ ခွန်အားကိုရရှိကြသည်။[၈]

---o---

# အခန်း (၆၂)
# ဆန်ခါနှင့်ချသောအချိန်

တမန်တော်သည် ညီအစ်ကိုမောင်နှမတို့အား ဆုံးမသြဝါဒပေး၍၊ "ကြွင်းသောစကားဟူမူကား၊ ညီအစ်ကိုတို့၊ သခင်ဘုရားအားဖြင့်လည်းကောင်း၊ တန်ခိုးတော်အရှိန်အားဖြင့်လည်းကောင်း ခိုင်ခံ့ခြင်းရှိကြလော့။ ခဲယဉ်းဆိုးယုတ်သောနေ့ရက်ကာလ၌ ဆီးတားနိုင်သဖြင့် ကိစ္စအလုံးစုံတို့ကိုပြီးစီး၍ ခံရပ်နိုင်မည်အကြောင်း၊ ဘုရားသခင်ပြင်ဆင်တော်မူသောလက်နက်စုံကို ဝတ်ဆောင်ကြလော့" ဟု ပြောဆို၏။ အို၊ ကျွန်ုပ်တို့ရှေ့၌ မည်ကဲ့သို့သောနေ့ရက်ရောက်လာလိမ့်မည်နည်း။ ဘုရားသခင်၏သားသမီးများဟု ခေါ်နေကြသောသူတို့အထဲတွင် မည်ကဲ့သို့ဆန်ခါနှင့်ချလိမ့်မည်နည်း။ မတရားသောသူတို့တွင်တွေ့ရှိရလိမ့်မည်။ ကြီးသောအလင်းကိုရရှိ၍ ၎င်းအလင်းတွင်မလျှောက်သောသူတို့သည် မိမိတို့ရှုတ်ချသော အလင်းအလျောက် မှောင်မိုက်ကိုရရှိကြလိမ့်မည်။ ပေါလုပြောသောစကားများတွင် ပါရှိသောသင်ရန်စာကို ကျွန်ုပ်တို့သည် ဂရုစိုက်သင့်သည်။ "သူတစ်ပါးကိုဆုံးမပြီးမှ ကိုယ်တိုင်ရှုံးသောသူမဖြစ်ရမည်အကြောင်း၊ ကိုယ်ကိုထိုး၍နှိပ်စက်လေ့ရှိ၏။" ဖောက်ပြန်သောသူတို့အထဲတွင် မည်သူပါရှိနိုင်မည်ကိုသိမြင်ခြင်းငှာ ရန်သူသည် ကြိုးစား၍လုပ်ဆောင်နေ၏။ သို့ရာတွင် သခင်ဘုရားသည် မကြာမီကြွလာတော်မူမည်။ ၎င်းပြင် မကြာမီအမှုတိုင်းကို ထာဝရကာလအတွက် ဆုံးဖြတ်တော်မူလိမ့်မည်။ ကရုဏာနှင့်ချပေးတော်မူသော အလင်းနှင့်အညီလုပ်ဆောင်ကြသောသူတို့သည် သခင်ဘုရားဘက်၌ ရေတွက်ခြင်းခံရလိမ့်မည်။ ့

သို့ရာတွင် အသင်းတော်ကိုဆေးကြောသော နေ့ရက်ကာလသည် အလျင်အမြန်ရောက်လာနေ၏။ ဘုရားသခင်၌ သန့်ရှင်း၍မှန်ကန်သောလူတစ်မျိုးရှိလိမ့်မည်။ မကြာမီ ဆန်ခါနှင့်ချခြင်းအမှုကြီးတွင် ကျွန်ုပ်တို့သည် ဣသရေလ၏ခွန်အားကို ချင့်ချိန်နိုင်ကြလိမ့်မည်။ သခင်ဘုရားသည် ဆန်ကော

ကိုမိမိလက်တွင်ယူဆောင်လာလျက် ကြမ်းကိုသေချာစွာရှင်းလင်းမည့်အချိန်သည် ရောက်လာလုနီးကြောင်း နိမိတ်လက္ခဏာများက ဖော်ပြနေ၏။၂

## လွတ်မြောက်ရန်ကြိုးစားနေသော သူတို့အတွက်အောင်မြင်ခြင်း

ကျွန်ုပ်အား ဘုရားသခင်၏လူများကိုပြရာ၊ သူတို့သည် ကြီးစွာလှုပ်ရှားနေကြသည်ကိုမြင်ရ၏။ တချို့သောသူတို့သည် ခိုင်ခံ့သောယုံကြည်ခြင်း၊ ဝေဒနာပြင်းစွာငိုကြွေးခြင်းနှင့် ဘုရားသခင်အားတောင်းလျှောက်နေကြ၏။

တချို့သောသူတို့သည် ဤကဲ့သို့ဝေဒနာခံစားရခြင်း၊ တောင်းလျှောက်ခြင်းအမှုတွင်မပါဝင်ကြသည်ကို ကျွန်ုပ်မြင်ရ၏။ သူတို့သည် ဂရုမစိုက်၊ သတိမရှိကြဟုထင်ရ၏။ သူတို့သည် သူတို့၏ပတ်လည်ရှိ မှောင်မိုက်ကို မတားဆီးကြသဖြင့်၊ ၎င်းကို ထူထပ်သောမိုးတိမ်ကဲ့သို့ ဖုံးအုပ်ထားလေ၏။ ဘုရားသခင်၏ကောင်းကင်တမန်များသည် သူတို့ထံမှထွက်သွားပြီးနောက်၊ မိမိတို့၏ခွန်အားရှိသမျှ ဆိုးသောတမန်များကိုတားဆီးရန် အားထုတ်နေကြလျက် မိမိတို့အားမစကူညီရန် ဘုရားသခင်အားကြိုးစားလျက် တောင်းလျှောက်နေသောသူတို့ကိုကူညီရန် လျင်မြန်စွာသွားနေကြသည်ကို ကျွန်ုပ်မြင်ရ၏။ သို့ရာတွင် မိမိတို့ကိုယ်ကိုကူညီစေရန် မကြိုးစားသောသူတို့ထံမှ ကောင်းကင်တမန်တို့သည် ထွက်သွားကြသဖြင့်၊ သူတို့ကို ကျွန်ုပ်သည်မမြင်ရတော့ချေ။ ဆုတောင်းနေသောသူတို့သည် စိတ်အားထက်သန်စွာ ဆက်လက်တောင်းနေကြစဉ်၊ သူတို့ကိုအားပေးရန် သခင်ယေရှုထံမှအလင်းရောင်ခြည်သည် သူတို့ထံသို့မကြာခဏရောက်ရှိလာ၍ သူတို့၏မျက်နှာကိုလင်းစေ၏။

ကျွန်ုပ်သည် မြင်ရသောလှုပ်ရှားခြင်း၏အဓိပ္ပါယ်ကိုမေးမြန်းသောအခါ၊ လောဒိကိမြို့ရှိအသင်းသားတို့အား ဟုတ်မှန်သောသက်သေခံက ပေးသောအကြံဉာဏ်အားဖြင့် ထွက်ပေါ်လာသောဖြောင့်မှန်သောသက်သေခံ

ချက်အားဖြင့် ထိုသို့လှုပ်ရှားခြင်းကိုဖြစ်စေသည်ဟု ကျွန်ုပ်အားဖော်ပြ၏။ ၎င်းသည် လက်ခံသောသူ၏စိတ်နှလုံးပေါ်၌ အကျိုးသက်ရောက်စေသဖြင့် သူသည် စံနမူနာကိုချီးမြှောက်၍ ဖြောင့်မှန်သောသမ္မာတရားကိုဖော်ပြလိမ့်မည်။ အချို့သောသူတို့သည် ဖြောင့်မှန်သောၤသက်သေခံချက်ကို မဖော်ပြ ဘဲနေကြလိမ့်မည်။ သူတို့သည် ၎င်းကိုဆန့်ကျင်ဘက်ပြုကြလိမ့်မည်။ ထိုအခါ ဤအမှုသည် ဘုရားသခင်၏လူတို့အထဲတွင် လှုပ်ရှားခြင်းကိုဖြစ်စေလိမ့်မည်။

မှန်သောသက်သေ၏သက်သေခံချက်ကို တစ်ဝက်ပင်ဂရုမစိုက်ဘဲနေကြ၏။ အသင်းတော်၏ကံကြမ္မာသည် တည်ရှိနေသောအရေးကြီးသောသက်သေခံချက်ကို လုံးလုံးဂရုမစိုက်ဘဲမနေကြသော်လည်း၊ ပေါ့ဆစွာထင်မှတ်ကြသည်။ ဤသက်သေခံချက်သည် ကြီးစွာနောင်တရခြင်းအမှုကို ပြုရလိမ့်မည်။ ၎င်းပြင် ၎င်းကိုမှန်ကန်စွာလက်ခံသောသူအပေါင်းတို့သည် လိုက်နာသဖြင့် သန့်ရှင်းခြင်းသို့ရောက်ကြလိမ့်မည်။

"နားထောင်လော့" ဟု ကောင်းကင်တမန်ကပြောဆို၏။ မကြာမီများစွာသောတူရိယာသံများနှင့် တူသောအသံကိုကြားရ၏။ ၎င်းသည် အလွန်ညီညာ၊ ချိုသာ၍ စုံလင်သောအသံဖြစ်၏။ ကျွန်ုပ်ကြားခဲ့ဖူးသော တူရိယာသံထက်သာ၍ကောင်း၏။ ၎င်းသည် ကရုဏာ၊ သနားကြင်နာခြင်းနှင့်လည်းကောင်း၊ မြင့်မြတ်သန့်ရှင်းသောဝမ်းမြောက်ခြင်းနှင့်လည်းကောင်း ပြည့်စုံသည်ဟုထင်ရ၏။ ၎င်းသည် ကျွန်ုပ်တို့၏တစ်ကိုယ်လုံးတွင် ထိခိုက်သွားစေ၏။ ကောင်းကင်တမန်က၊ "သင်ကြည့်လော့" ဟုဆို၏။ ထိုအခါများစွာလှုပ်ရှားခြင်းခံရသောလူစုဘက်သို့ ဂရုစိုက်ကြည့်၏။ ဝေဒနာခံစားရသောသဘောနှင့် ငိုကြွေးလျက်ဆုတောင်းနေကြသော အထက်ကကျွန်ုပ်မြင်ခဲ့ဖူးသောလူတို့ကို ကျွန်ုပ်အားပြ၏။ သူတို့ပတ်လည်၌စောင့်ရှောက်နေကြသော ကောင်းကင်တမန်တို့သည် နှစ်ဆများပြားလာကြ၏။ ၎င်းပြင် သူတို့သည် ဦးခေါင်းမှခြေအထိ သံချပ်အင်္ကျီကို ဝတ်ဆင်ထားကြ၏။ သူတို့သည် စစ်သားများကဲ့သို့ ညီညာမြဲမြံစွာရွေ့သွားကြ၏။ ပြင်းထန်သောတိုက်ပွဲကိုဝင်နွှဲလျက် အကြီးအကျယ်

အားထုတ်နေရကြောင်း သူတို့၏မျက်နှာ၌ဖော်ပြနေ၏။ အတွင်း၌ ဝေဒနာ ခံစားနေရကြကြောင်းပြသော်လည်း၊ ယခုသူတို့၏အမူအရာသည် ကောင်းကင်၏အလင်း၊ ဘုန်းရောင်ခြည်နှင့်ထွန်းတောက်နေ၏ သူတို့သည် အောင်မြင်ခြင်းကိုရရှိကြသဖြင့်၊ အလွန်ကျေးဇူးတင်သောသဘောနှင့် သန့်ရှင်းကြည်ညိုဖွယ်သော ဝမ်းမြောက်ခြင်းသဘောကိုပြကြ၏။

ဤအစုအဝေး၏လူဦးရေသည် လျော့သွား၏။ အချို့တို့သည် လှုပ်ချခြင်းခံရကြ၍ လမ်းဘေးတွင်ကျကျန်ခဲ့ကြ၏။ (ဗျာ ၃း၁၅–၁၇ ကို ကြည့်ပါ။) ဒုက္ခခံလျက် ကြိုးစား၍တောင်းလျှောက်သောအောင်မြင်ခြင်းနှင့် ကယ်တင်ခြင်းကို အလွန်အလိုရှိသောသူတို့နှင့် မပါဝင်မပူးပေါင်းသောသတိ မရှိအမှုမထားသောသူတို့သည် ၎င်းကိုမရရှိကြသဖြင့် သူတို့သည် မှောင်မိုက် တွင်ကျန်ရစ်ခဲ့ကြ၏။ သို့ရာတွင် သူတို့၏နေရာတွင် သမ္မာတရားကိုကိုင်စွဲ၍ ထိုနေရာသို့ရောက်ရှိလာသူတို့နှင့် ချက်ချင်းပြည့်သွားလေ၏။ ဆိုးသော တမန်တို့သည် သူတို့ပတ်လည်တွင် ဝန်းရံလာကြသေး၏။ သို့ရာတွင် သူတို့သည် ထိုသူတို့အပေါ်၌ စိုးမိုးရန် တန်ခိုးမရှိကြ။ (ဧ ၆း၁၂–၁၈)။

သံချပ်အင်္ကျီများဝတ်ထားသောသူတို့သည် ကြီးစွာသောတန်ခိုးဖြင့် သမ္မာတရားကိုဟောပြောကြ၏။ ၎င်းသည် အကျိုးဖြစ်ထွန်း၏။ အချို့သောသူတို့သည် ချည်နှောင်ခြင်းခံရသည်ကို ကျွန်ုပ်မြင်ရ၏။ ဇနီးများကို ခင်ပွန်းတို့ကချည်နှောင်ထားကြ၏။ သားသမီးတို့ကိုလည်း မိဘများကချည်နှောင်ထားကြ၏။ သမ္မာတရားကိုမကြားရအောင် တားဆီးပိတ်ပင်ထားခြင်းခံရသောရိုးသားသောသူတို့သည် ယခု၎င်းသမ္မာတရားကို စိတ်အားကြီးစွာကိုင်စွဲကြ ၏။ မိမိတို့၏ဆွေမျိုးများကို ကြောက်ရွံ့ခြင်းစိတ်ရှိသမျှသည် ကွယ်ပျောက် သွားကြပြီ။ သူတို့အတွက် သမ္မာတရားတစ်ခုတည်းသာမြင့်မြတ်၏။ ၎င်းသည် အသက်ထက်နှစ်သက်ဖွယ်၊ သာ၍အဖိုးတန်သောအရာဖြစ်၏။ သူတို့သည် သမ္မာတရားကို ဆာငတ်မွတ်လျက်နေကြပြီ။ အဘယ်ကြောင့် ဤကဲ့သို့ ကြီးစွာပြောင်းလဲခြင်းဖြစ်သနည်းဟု ကျွန်ုပ်ကမေး၏။ ကောင်းကင်တမန်က၊

ငင်းသည် နောက်မိုး၊ ထာဝရဘုရားထံတော်မှအားဖြည့်ပေးခြင်း၊ တတိယ ကောင်းကင်တမန်၏ကျယ်သောကြွေးကြော်သံဖြစ်၏ဟုဖြေ၏။

ရွေးချယ်ခြင်းခံရသော ဤသူတို့၌ကြီးစွာသောတန်ခိုးရှိ၏။ ကောင်းကင်တမန်က၊ "ကြည့်လော့" ဟုဆို၏။ ကျွန်ုပ်သည် ဆိုးသောသူ၊ သို့မဟုတ် မယုံကြည်သောသူတို့ကိုလှည့်ကြည့်၏။ သူတို့သည်လှုပ်ရှားနေကြ၏။ ဘုရားသခင်၏လူတို့၌ရှိသော စိတ်အားကြီးခြင်းနှင့်တန်ခိုးသည် သူတို့အား အမျက်ဒေါသထွက်စေ၏။ နေရာတိုင်းတွင် ရှုပ်ထွေးခြင်းကိုတွေ့ရ၏။ ဘုရားသခင်၏တန်ခိုးနှင့်အလင်းကိုရသော ဤလူစုအား တိုင်းတာကြည့်သည်ကို ကျွန်ုပ်မြင်ရ၏။ သူတို့ပတ်လည်၌ မှောင်မိုက်သည် ထူထပ်စွာဖုံးအုပ်လာ၏။ သို့ရာတွင် သူတို့သည် ဘုရားသခင်၏နှစ်သက်ခြင်းကိုခံရကြလျက် ဘုရားသခင်ကိုယုံကြည်အားကိုး၍ရပ်နေကြ၏။ သူတို့သည် ရှုပ်ထွေးနေကြသည်ကို ကျွန်ုပ်မြင်ရ၏။ ထိုနောက် သူတို့သည် ဘုရားသခင်အား စိတ်အားကြီးစွာကြွေးကြော်ကြ၏။ သူတို့၏ကြွေးကြော်သံသည် နေ့ညဥ့်မပြတ်ချေ။ (လု ၁၈း၇၊၈။ ဗျာ ၁၄း၁၄၊၁၅ ကိုကြည့်ပါ။)

ကျွန်ုပ်သည် ဤစကားများကိုကြားရ၏။ "အိုဘုရားသခင်၊ ကိုယ်တော်၏အလိုအတိုင်းဖြစ်ပါစေ။ ကိုယ်တော်၏ဘုန်းတော်ထင်ရှားစေဖို့ ဖြစ်လျှင်၊ ကိုယ်တော်၏လူမျိုးအတွက် လွတ်မြောက်ရာလမ်းကိုဖွင့်ပေးတော်မူပါ။ ကျွန်ုပ်တို့ ပတ်လည်၌ရှိသောရပ်ဆင်းတုထံမှ ကယ်နုတ်တော်မူပါ။ သူတို့သည် ကျွန်ုပ်တို့ အားသေစေခြင်းငှာ စီမံကြပါပြီ။ သို့ရာတွင် ကိုယ်တော်၏ လက်တော်သည် ကယ်တင်ခြင်းကိုပေးနိုင်တော်မူ၏။ ဤစကားများကိုသာ ကျွန်ုပ်သည် မှတ်မိသတိရ၏။ မိမိတို့သည် မထိုက်မတန်ကြောင်းကို ကောင်းစွာသိရှိနားလည်ဟန်ရှိကြလျက်၊ ဘုရားသခင်၏အလိုတော်ကို လုံးလုံး ဝန်ခံလိုကြောင်း ဖော်ပြကြ၏။ သို့ရာတွင် ယာကုပ်ကဲ့သို့လူတိုင်းသည် ကယ်နုတ်ခြင်းခံရဖို့ရန် ခြွင်းချက်မရှိကြိုးစားလျက် တောင်းပန်တိုက်လှန်နေ ကြ၏။

သူတို့သည် စိတ်အားကြီးစွာကြွေးကြော်ခြင်းအမှုကို အစပြုကြပြီးသော အခါ၊ ကောင်းကင်တမန်တို့သည် ထောက်ထားစာနာခြင်းနှင့်သူတို့အား ကယ်နုတ်ရန် သွားလိုကြသည်။ သို့ရာတွင် အရပ်မြင့်၍အုပ်ချုပ်သော ကောင်းကင်တမန်ကသွားဖို့အခွင့်မပေး။ သူက၊ ဘုရားသခင်၏အလိုတော်သည် မပြည့်စုံသေး။ သူတို့သည် ခွက်ကိုသောက်ရဦးမည်။ သူတို့သည် နှစ်ခြင်းကိုခံယူရကြဦးမည်ဟုပြောဆို၏။

မကြာမီ ကျွန်ုပ်သည် ဘုရားသခင်၏စကားသံတော်ကိုကြားရ၍ ကောင်းကင်နှင့်မြေကြီးသည် တုန်လှုပ်သွား၏။ (ယောလ ၃း၁၆။ ဟေဗြဲ ၁၂း၂၆။ ဗျာ ၁၆း၁၇ ကိုကြည့်ပါ။) ကြီးစွာမြေကြီးလှုပ်၏။ အဆောက်အအုံများသည်တုန်လှုပ်၍ နေရာတိုင်းတွင်ပြိုကျကြ၏။ ထိုနောက် အောင်မြင်ခြင်းနှင့်ကြွေးကြော်သံကို ချိုသာ၊ ထင်ရှား၍ ကျယ်စွာကြားရ၏။ များမကြာမီက ဒုက္ခရောက်၍ ချည်နှောင်ခြင်းခံရသောဤလူစုကို ကျွန်ုပ်သည်ကြည့်ရှု၏။ သူတို့သည် ချုပ်ထားခြင်းမှကင်းလွတ်ကြ၏။ သူတို့အပေါ်၌ ဘုန်းတော်အလင်းထွန်းတောက်လေ၏။ ထိုအခါ သူတို့သည် မည်မျှလှပတင့်တယ်ခြင်းနှင့်ပြည့်စုံကြသနည်း။ ပင်ပန်းခြင်းနှင့်စိုးရိမ်ခြင်းလက္ခဏာများသည် ပျောက်ကွယ်သွားကြပြီ။ သူတို့၏မျက်နှာ၌ ကျန်းမာခြင်းနှင့်လှပခြင်းကိုမြင်ရ၏။ သူတို့ပတ်လည်၌ရှိ သူတို့၏ရန်သူ၊ ရုပ်ဆင်းတုကိုးကွယ်သူတို့သည် လူသေကဲ့သို့လဲကျကုန်ကြလေပြီ။ ကယ်နုတ်ခြင်းခံရ၍ သန့်ရှင်းသောသူတို့အပေါ်၌ ထွန်းတောက်သောအလင်းကို သူတို့သည်မခံမရပ်နိုင်ကြ။

သခင်ယေရှုကို ကောင်းကင်၏မိုးတိမ်များတွင်မြင်ရ၍ သစ္စာရှိလျက်စုံစမ်းခြင်းခံရသောလူစုသည် မျက်စိတစ်မှိတ် တစ်ခဏချင်းတွင် ဘုန်းတော်မှဘုန်းတော်သို့ ပြောင်းလဲခြင်းသို့ရောက်သည်အချိန်တိုင်အောင် ဤအလင်းနှင့်ဘုန်းတော်သည် သူတို့အပေါ်၌တည်ရှိနေ၏။ သင်္ချိုင်းများသည် ပွင့်လျက်သန့်ရှင်းသူတို့သည် မသေနိုင်သောအဖြစ်နှင့်ထွက်လာကြပြီး၊ သေမင်းနှင့်မရဏာနိုင်ငံကိုအောင်မြင်ပြီဟု ကြွေးကြော်ကြ၏။ ၎င်းပြင် အသက်ရှင်နေသော သန့်ရှင်းသူတို့နှင့်အတူတကွ သခင်ဘုရားအထံတော်သို့ရောက်ခြင်းငှာ

အာကာသကောင်းကင်သို့ သူတို့သည် အတူတကွယူဆောင်ခြင်းကို ခံရ ကြ၏။ ထိုအခါ မသေနိုင်သောသူတိုင်း၏နှုတ်မှ ဘုန်းတော်နှင့်လည်းကောင်း၊အောင်မြင်ခြင်းနှင့်လည်းကောင်း သီဆိုသောအလွန်သာယာသောသီချင်းသံသည် ထွက်ပေါ်လာ၏။[၁]

## စစ်တပ်ကြီးနှစ်ခု

ရူပါရုံ၌ ပြင်းထန်စွာတိုက်ခိုက်နေသော စစ်တပ်ကြီးနှစ်ခုကို ကျွန်ုပ်မြင်ရ၏။ စစ်တပ်တစ်ခုကို လောကအထိမ်းအမှတ်ပါသော အလံများက လမ်းပြလာ၏။ အခြားစစ်တပ်ကို ဧမာနွေလမင်း၏အသွေးစွန်းသောအလံ တော်က ရှေ့ဆောင်လမ်းပြလာ၏။ ထာဝရဘုရား၏စစ်တပ်မှ လူတစ်စုပြီး တစ်စုသည် ရန်သူဘက်သို့ရောက်ရှိသွား၍ ရန်သူဘက်မှလူတစ်မျိုးပြီးတစ်မျိုး တို့သည် ပညတ်တော်ကိုစောင့်သော ဘုရားသခင်၏လူများဘက်သို့ ပူးပေါင်း သွားသောအခါ၊ အလံတစ်ခုပြီးတစ်ခု မြေကြီးပေါ်၌ကျကျန်ရစ်ခဲ့ကြ၏။ ကောင်းကင်၌ ပျံဝဲနေသော ကောင်းကင်တမန်တစ်ပါးသည် ဧမာနွေလ၏အလံ တော်ကို လူအများ၏လက်ထဲသို့ထည့်ပေးစဉ်၊ ခွန်အားကြီးသောဗိုလ်ချုပ်ကြီးက ကျယ်သောအသံနှင့် ဤကဲ့သို့ကြွေးကြော်တော်မူ၏။ စစ်တပ်ထဲသို့လာကြလော့။ ဘုရားသခင်၏ပညတ်တော်နှင့် သခင်ခရစ်တော်၏သက်သေခံချက်၌ သစ္စာစောင့်သောသူတို့သည် မိမိတို့နေရာ၌ ယခုတည်ရှိနေကြစေ။ သူတို့ အထဲမှထွက်၍ အသီးအခြားနေကြလော့၊ မသန့်ရှင်းသောအရာကို လက်နှင့် မျှမတို့ကြနှင့်။ ငှင်းပြင် ငါသည် သင်တို့ကိုလက်ခံ၍ သင်တို့၏အဖခမည်း တော်ဖြစ်၍ သင်တို့သည် ငါ၏သားသမီးဖြစ်ကြလိမ့်မည်။ ထာဝရဘုရား၏ အကူအညီကို အလိုရှိသောသူ၊ အားကြီးသောသူတစ်ဖက်၌ ထာဝရဘုရား၏ အကူအညီကို အလိုရှိသောသူအပေါင်းတို့ လာကြပါစေ။

ယခုအသင်းတော်သည် စစ်မှုကိုဆောင်ရွက်နေ၏။ ယခု ကျွန်ုပ်တို့သည် သန်းခေါင်ယံမှောင်မိုက်တွင်ရှိလျက် လုံးလုံးလိုပင် ရုပ်ဆင်းတုကိုးကွယ်

သောလောကကြီးနှင့် ရင်ဆိုင်နေရကြသည်။ သို့ရာတွင် စစ်ပွဲကိုတိုက်လှန်ပြီး၍ အောင်မြင်သောနေ့သည် ရောက်လာလိမ့်မည်။ ဘုရားသခင်၏အလိုတော် သည် ကောင်းကင်၌ပြည့်စုံသကဲ့သို့ မြေကြီးပေါ်၌လည်း ပြည့်စုံရလိမ့်မည်။ ထိုအခါလူမျိုးတို့၌ ကောင်းကင်၏ပညတ်တရားအပြင် အခြားပညတ်တရား တစ်စုံတစ်ခုကိုမျှ ပိုင်ဆိုင်ရရှိကြမည်မဟုတ်။ လူအပေါင်းတို့သည် ပျော်ရွှင် ကြလျက် စည်းလုံးသောအိမ်ထောင်ဖြစ်၍ ကျေးဇူးတော်ချီးမွမ်းခြင်းဝတ်ရုံ၊ သခင်ခရစ်တော်၏ဖြောင့်မတ်ခြင်းဝတ်ရုံတို့ကို ဝတ်ဆင်ထားကြလိမ့်မည်။ သဘာဝအားလုံးသည် ထူးကဲသောတင့်တယ်ခြင်းနှင့်ပြည့်ဝလျက် ဘုရားသခင် ၏ကျေးဇူးတော်ကို အမြဲချီးမွမ်းလျက် ရိုသေလေးစားခြင်းရှိလိမ့်မည်။ လောက သည် ကောင်းကင်အလင်းနှင့်ဖုံးလွှမ်းနေလိမ့်မည်။ နှစ်များသည် ဝမ်းမြောက် ခြင်းနှင့်ကုန်လွန်သွားလိမ့်မည်။ လ၏အလင်းရောင်သည် နေ၏အလင်းရောင် ကဲ့သို့ဖြစ်၍ နေ၏အလင်းသည် ယခုထက်ခုနစ်ဆပိုလင်းလိမ့်မည်။ ရှုခင်း အပေါ်တွင် နံနက်ကြယ်တို့သည် အတူတကွသီချင်းဆိုလျက် ဘုရားသခင် ၏သားတို့သည် ဝမ်းမြောက်ခြင်းနှင့်ကြွေးကြော်ကြလိမ့်မည်။ ထိုအခါ ဘုရားသခင်နှင့်သခင်ခရစ်တော်တို့က၊ နောက်တစ်ဖန်အပြစ်ဒုစရိုက်မရှိရ၊ သေခြင်းလည်းမရှိရဟု အတူတကွကြွေးကြော်တော်မူကြလိမ့်မည်။

ဤရှုခင်းကို ကျွန်ုပ်အားဖော်ပြ၏။ သို့ရာတွင် အသင်းတော်သည် မြင်ရသောရန်သူနှင့် မမြင်ရသောရန်သူတို့ကို တိုက်ခိုက်ရလိမ့်မည်။ စာတန် ၏ကိုယ်စားလှယ်ဖြစ်သောလူတို့သည် မြေကြီးပေါ်၌ရှိကြ၏။ လူတို့သည် မိုလ်ခြေတို့၏ထာဝရဘုရားအား ဆန့်ကျင်ဘက်ပြုရန် သင်းဖွဲ့ကြပြီ။ သခင် ခရစ်တော်သည် ကရုဏာပလ္လင်တော်ရှေ့၌ ဖျန်ဖြေခြင်းအမှုကိုပြုလုပ်နေရာမှ ထွက်လာ၍ ကလဲ့စားချေခြင်းဝတ်ရုံကို ဝတ်တော်မူမည့်အချိန်တိုင်အောင် ဤကဲ့သို့သင်းဖွဲ့ခြင်းအမှုများသည် ဆက်လက်တည်ရှိနေလိမ့်မည်။ စာတန် ၏ကိုယ်စားလှယ်များသည် မြို့ကြီးတိုင်းတွင် ဘုရားသခင်၏ပညတ်တော်ကို ဆန့်ကျင်သော ပါတီအဖွဲ့အစည်းများအဖြစ် မအားလပ်ဘဲ ဖွဲ့စည်းနေကြ လိမ့်မည်။ သန့်ရှင်းသည်ဟုဆိုသောသူများနှင့် မယုံကြည်ဟုစိတ်ဆုံးဖြတ်သော

သူတို့သည် ဤအဖွဲ့အစည်းများနှင့် ပူးပေါင်းနေကြ၏။ ဤအချိန်သည် ဘုရားသခင်၏လူများ၌ အားနည်းနေဖို့အချိန်မဟုတ်။ ကျွန်ုပ်တို့သည် ကာကွယ်စောင့်ရှောက်နေခြင်းအမှုကို တစ်ခဏမျှ သတိမလစ်နိုင်ကြ။[၄]

(1) TM, 163; (2) 5T, 80; (3) 1T, 179-184; (4) 8T, 41,42.

---o---

# အခန်း (၆၃)
# သတိရစရာအချက်တချို့

မိမိ၏တပည့်တော်တို့အား ကယ်တင်ရှင်ကပေးတော်မူသော ဆုံးမသြဝါဒများသည် ကာလအဆက်ဆက်ရှိ ကိုယ်တော်၏တပည့်တော်များ၏ အကျိုးအတွက်ဖြစ်၏။ သင်တို့ကိုယ်ကို သတိပြုကြလော့ဟု ကိုယ်တော်က မိန့်တော်မူသောအခါ၊ နောက်ဆုံးကာလတွင် အသက်ရှင်နေသောသူတို့ကိုလည်း ကိုယ်တော်သည် မြော်မြင်တော်မူ၏။ သန့်ရှင်းသောဝိညာဉ်တော်၏ အဖိုးထိုက်သောကျေးဇူးတော်များကို စိတ်နှလုံးထဲ၌ ပွားများစေခြင်းအမှုသည် ကျွန်ုပ်တို့အသီးအသီး၏အလုပ်ဖြစ်ပေသည်။

အရေးဆိုက်ရာကာလကြီးသည် ကျွန်ုပ်တို့ရှေ့၌ဆိုက်ရောက်နေလေ ပြီ။ ၎င်း၏စုံစမ်းသွေးဆောင်ခြင်းတို့ကိုရင်ဆိုင်၍ ၎င်း၏တာဝန်တို့ကိုလုပ်ဆောင်ရန် စွဲမြဲသောယုံကြည်ခြင်းရှိဖို့လိုပေသည်။ သို့ရာတွင် ကျွန်ုပ်တို့သည် ဝမ်းမြောက်စွာ အောင်မြင်ရကြလိမ့်မည်။ စောင့်နေလျက်၊ ဆုတောင်းလျက် ယုံကြည်သောဝိညာဉ်တစ်စုံတစ်ယောက်မျှ ရန်သူ၏ထောင်ချောက်၌ ဖမ်းမိခြင်းခံရမည်မဟုတ်။

ဘုရားသခင်၏နှုတ်ကပတ်တော် သမ္မာတရားကို ဖွင့်ပြထားခြင်းခံရသောညီအစ်ကိုမောင်နှမတို့၊ ဤလောကရာဇဝင်၏နောက်ဆုံးရှုခင်းများတွင် သင်တို့သည် မည်ကဲ့သို့သောအပိုင်းတွင် ပါဝင်ဆင်နွှဲရလိမ့်မည်နည်း။ အရေးကြီး၍ အမှန်တကယ်ဖြစ်သောဤအဖြစ်အပျက်များအတွက် သင်သည် နိုးကြားနေသလော။ ကောင်းကင်၌လည်းကောင်း၊ မြေကြီးပေါ်၌လည်းကောင်း ပြုလုပ်နေသောပြင်ဆင်ခြင်းအမှုကြီးကို သင်သည် သိရှိနားလည်ပါသလော။ အလင်းတရားကိုရသောသူ၊ အနာဂတ္တိစကားကိုဖတ်၍ ကြားခွင့်ရကြသောသူအပေါင်းတို့သည် ကာလအချိန်ရောက်လုနီးပြီဟု ရေးထားသောအရာတို့ကို သတိပြုပါစေ။ ယခုမည်သူမျှကျွန်ုပ်တို့၏လောကတွင် ဒုက္ခဆင်းရဲခြင်းတိုင်းကို အစပြုဖြစ်စေသောအပြစ်နှင့် ရောစွက်ခြင်းမပြုပါနှင့်။ အိပ်ပျော်လျက် မိုက်မဲစွာ

အမှုမထားဘဲမနေကြတော့နှင့်။ သင့်ဝိညာဉ်၏ကံကြမ္မာသည် မသေချာသော အရာပေါ်၌ မှီတွယ်မနေပါစေနှင့်။ သင်သည် ထာဝရဘုရားဘက်၌လုံးလုံး ရှိနေသည်ကို သိရှိလော့။ ရိုးသားသောစိတ်နှလုံး၊ တုန်လှုပ်သောနှုတ်ခမ်းနှင့် အဘယ်သူသည်ခံရပ်နိုင်မည်နည်းဟု မေးမြန်းပါစေ။ စုံစမ်းရာကာလ၏အဖိုး ထိုက်သော ဤနောက်ဆုံးအချိန်တွင် သင်၏အကျင့်စာရိတ္တပြုပြင်တည်ဆောက် ခြင်းအမှု၌ သင်သည် အကောင်းဆုံးဝတ္တုပစ္စည်းများကိုထည့်ထားလျက်နေ သလော။ သင်တို့၏ဝိညာဉ်ကိုစွန်းထင်းခြင်းရှိသမျှမှကင်းစင်စေရန် ဆေးကြော ခဲ့ပြီလော။ သင်သည် အလင်းတရား၏နောက်သို့လိုက်ပြီလော။ သင်သည် ယုံကြည်ခြင်းရှိသည်ဟု ဖော်ပြသည်အတိုင်း အမှုဆောင်ရွက်ခဲ့ပြီလော။

လျော့နေကြောင်းတွေ့ရှိရလျက် ထာဝရအသက်ကိုဆုံးရှုံးလျက် တစ်ပိုင်း တစ်စ၊ အပေါ်ယံကယုံကြည်သူဖြစ်နိုင်သလော။ သင်သည် ခရစ်ယာန် အကျင့် စာရိတ္တအတွက် လုံလောက်သောအရည်အချင်းမရှိသောကြောင့် ပျက်စီး ရလျက် သင်သည် ကျမ်းစာ၏ဩဝါဒများကိုလိုက်နာပြုကျင့်၍ ခရစ်ယာန် ကဲ့သို့ထင် မှတ်ခြင်းခံယူနိုင်သလော။ သင်သည် ဘုရားသခင်ပေးတော်မူသော သတိပေး စကားများကို ဂရုမစိုက်အမှုမထားဘဲနေလျှင်၊ အပြစ်ကိုပြုနေလျှင် (သို့မဟုတ်) ခွင့်ပြုထားလျှင်၊ သင်သည် သင့်ဝိညာဉ်၏ကံကြမ္မာအတွက် တံဆိပ်ခတ်ထား လျက်နေ၏။ သင့်ကိုချိန်ခွင်၌ချိန်၍ လျော့နေကြောင်းတွေ့ရ လိမ့်မည်။ ကျေးဇူးတော်၊ ငြိမ်သက်ခြင်းနှင့်အပြစ်လွှတ်ခြင်းအမှုတို့ကို သင့်ထံ မှအစဉ်ရုပ် သိမ်းလိမ့်မည်။ သခင်ယေရှုသည်လွန်သွားလိမ့်မည်။ သင်၏ ဆုတောင်းခြင်း၊ တောင်းပန်ခြင်းတို့ကို ဘယ်အခါမျှလာရောက်နားညောင်း တော်မူမည်မဟုတ်။ ကရုဏာကျေးဇူးသည်စောင့်ဆိုင်းနေသေးစဉ်၊ ကယ်တင်ရှင်သည် ဖျန်ဖြေခြင်း အမှုကိုပြုနေတော်မူစဉ် ကျွန်ုပ်တို့သည် ထာဝရကာလအတွက် သေချာစွာအမှု ဆောင်ရွက်ကြစို့။၂

စာတန်သည် အိပ်ပျော်နေသည်မဟုတ်။ မြဲမြံသောအနာဂတ္တိစကား တော်ကို အကျိုးမဖြစ်ထွန်းအောင်ပြုလုပ်ဖို့ရန် သူသည် အမြဲနိုးကြားလျက်ရှိ ၏။ ဘုရားသခင်၏နှုတ်ကပတ်တော်တွင် ထင်ရှားစွာဖော်ပြထားသော

ဘုရားသခင်၏အလိုတော်ကို ဆန့်ကျင်ဘက်ပြုရန် သူသည် မိမိ၏အစွမ်းသတ္တိ၊ လှည့်ဖြားခြင်းတန်ခိုးနှင့်ဆောင်ရွက်နေ၏။ သမ္မာတရားအစားသွင်းထားရန်ကြံစည်ခဲ့သော စဉ်းလဲသောအမှုများဖြင့် စာတန်သည် လူတို့၏စိတ်ကိုနှစ်ပေါင်းများစွာစိုးမိုးလျက်ရှိ၏။ ဤကဲ့သို့ဘေးရောက်သောကာလတွင်မှန်သောအမှုကိုပြုသောသူတို့သည် ဘုရားသခင်ကိုကြောက်ရွံ့ခြင်းနှင့်၊ "အိုထာဝရဘုရား၊ စီရင်တော်မူချိန်ရောက်ပါပြီ။ သူတစ်ပါးများတို့သည် တရားတော်ကိုပယ်ကြပါ၏" ဟူသောစကားများကို ဒါဝိဒ်ကဲ့သို့ပြောဆိုခြင်းဖြင့်ဘုရားသခင်၏နာမတော်ကို ချီးမွမ်းကြလိမ့်မည်။ ဆာ ၁၁၉း၁၂၆။

ကျွန်ုပ်တို့သည် လူတစ်မျိုးအဖြစ်နှင့် သမ္မာတရားကို မြေကြီးပေါ်ရှိအခြားလူမျိုးတို့အလျင်ရရှိထားကြသည်ဟု ဝန်ခံပြောဆိုကြ၏။ ထိုအခါကျွန်ုပ်တို့၏အသက်တာနှင့်အကျင့်တို့သည် ထိုကဲ့သို့သောယုံကြည်ခြင်းနှင့်ညီညွတ်ရကြမည်။ ဖြောင့်မတ်သောသူတို့သည် အဖိုးတန်သောကောက်လှိုင်းများအဖြစ် ကောင်းကင်စပါးကျီအဖို့ ချည်နှောင်ထားခြင်းခံရကြသောအချိန်သည် ရောက်လာတော့မည်။ ဆိုးသောသူတို့မူကား၊ တောပင်များကဲ့သို့နောက်ဆုံးနေ့ကြီး၌မီးရှို့ဖို့ရန် စုသိမ်းရလေ၏။ သို့ရာတွင် စပါးရိတ်ချိန်တိုင်အောင် စပါးပင်နှင့်တောပင်တို့သည် အတူတကွကြီးပွားလာကြ၏။

အသက်တာ၏တာဝန်များကိုဆောင်ရွက်ရာတွင်၊ ဖြောင့်မတ်သောသူတို့သည် နောက်ဆုံးအချိန်တိုင်အောင် ဘုရားတရားကို မကြည်ညိုသောသူတို့နှင့် တွေ့ဆုံဆက်ဆံရကြလိမ့်မည်။ လူအပေါင်းတို့သည် ခြားနားခြင်းကိုသိမြင်နိုင်ကြမည်အကြောင်း၊ အလင်း၏သားသမီးတို့သည် မှောင်မိုက်၏သားသမီးတို့အထဲတွင် ပျံ့နှံ့နေရကြလိမ့်မည်။ ထိုသို့အားဖြင့် ဘုရားသခင်၏သားသမီးတို့သည် မှောင်မိုက်ထဲမှအံ့ဖွယ်သောအလင်းတော်သို့ ခေါ်တော်မူသောသူ၏ဂုဏ်ကျေးဇူးများကို ဖော်ပြရကြလိမ့်မည်။ စိတ်နှလုံးထဲ၌ တောက်ပနေသောမေတ္တာတော်၊ အသက်တာ၌ထင်ရှားသော ခရစ်တော်ကဲ့သို့သော စိတ်သဘောညီညွတ်မှု၏အလွန်ကောင်းမြတ်ခြင်းကို လောကသား

တို့သည် သိမြင်မည်အကြောင်း၊ ၎င်းသည် ကောင်းကင်မှရုတ်တရက်ပေါ်လာသောအလင်းရောင်ခြည်ကဲ့သို့ဖြစ်လိမ့်မည်။၄

ဆိုးသောသူနှင့်လည်းကောင်း၊ ဆိုးသောတမန်တို့နှင့်လည်းကောင်း ပူးပေါင်းလျှင် မည်သူမျှဘုရားသခင်၏အစေကိုမခံနိုင်။ မိမိလက်ထဲမှယူသွားသောသူကို စာတန်သည် ပြန်၍ယူလိုသောကြောင့် သခင်ခရစ်တော်ဘက်၌ ပါဝင်ရန်ကြိုးစားနေသောဝိညာဉ်တို့၏လမ်းတွင် ဆိုးသောဝိညာဉ်တို့ကိုထားလိမ့်မည်။ သူတို့သည် အပြစ်စီရင်ခြင်းခံရမည်အကြောင်း ဆိုးသောသူတို့ သည် ပြင်းထန်သောလှည့်ဖြားခြင်းကိုယုံကြည်ရန် အလိုရှိကြလိမ့်မည်။ ဤလူတို့သည် ရိုးဖြောင့်ခြင်းဝတ်ရုံကိုဝတ်လျက် ရွေးချယ်သောသူတို့ကိုပင် တတ်နိုင်လျှင်လှည့်ဖြားကြလိမ့်မည်။၅

## အဆုံးကာလသည်နီးပြီ

ကျွန်ုပ်တို့၏လောကသို့ သခင်ခရစ်တော်ပြန်ကြွလာတော်မူခြင်းအမှု ကို ကြာမြင့်စွာဆိုင်းငံ့ထားလိမ့်မည်မဟုတ်။ ဤအချက်သည် သတင်းစကားတိုင်း၏သော့ချက်ဖြစ်ပါစေ။

တားမြစ်နေသောဘုရားသခင်၏ဝိညာဉ်တော်ကို ယခုလောကမှ ရုပ်သိမ်းလျက်ပင်ရှိနေသည်။ လေနီကြမ်း၊ လေမုန်တိုင်း၊ မိုးသက်မုန်တိုင်း၊ မီးဘေးနှင့်ရေဘေး၊ ပင်လယ်ထဲ၌လည်းကောင်း၊ ကုန်းပေါ်၌လည်းကောင်း ဘေးဒုက္ခများတို့သည် တစ်ခုပြီးတစ်ခု လျင်မြန်စွာဖြစ်ပေါ်လာနေ၏။ လောကဓာတ်ပညာက ဤအရာအားလုံးကို ရှင်းလင်းပြရန်ကြံစည်၏။ ဘုရားသခင်၏သားတော် ကြွလာတော်မူချိန်နီးကြောင်းကိုဖော်ပြလျက်၊ ကျွန်ုပ် တို့ပတ်လည်၌များစွာဖြစ်ပေါ်လာသောနိမိတ်လက္ခဏာတို့သည် မှန်သော အကြောင်းရင်းထက် အခြားသောအကြောင်းကြောင့်ဖြစ်သည်ဟု မှတ်ယူကြ၏။ ဘုရားသခင်၏ကျွန်များကို တံဆိပ်ခတ်ပြီးသည်တိုင်အောင် အရပ်

လေးမျက်နှာ၏လေများကိုမတိုက်ခတ်စေရန် တားဆီးထားသောကောင်းကင် တမန်တို့ကို လူတို့သည် မမြင်နိုင်ကြချေ။ သို့ရာတွင် ဘုရားသခင်သည် မိမိ၏ကောင်းကင်တမန်တို့အား လေတို့ကိုလွှတ်စေရန်မှာထားတော်မူသော အခါ၊ ကလောင်ဖြင့်ရေးသားဖော်ပြခြင်းငှာ မတတ်နိုင်သောတိုက်ခိုက်ပွဲရှုခင်း ကြီးသည် ဖြစ်ပေါ်လာလိမ့်မည်။

ကန့်လန့်ကာကိုလိပ်တင်နိုင်လျှင်၊ ဘုရားသခင်၏ရည်ရွယ်ချက်များ နှင့်ဒဏ်စီရင်ခြင်းခံရသောလောကပေါ်သို့ ကျရောက်တော့မည်ဖြစ်သော တရား စီရင်ခြင်းအကြောင်းကို သင်သည်သိမြင်နိုင်လျှင်၊ သင်၏အခြေအနေကို သင်သည်မြင်နိုင်လျှင်၊ သင်သည် သင်၏ဝိညာဉ်နှင့် သင့်လူအချင်းချင်း၏ ဝိညာဉ်အတွက် ကြောက်လန့်တုန်လှုပ်လိမ့်မည်။ စိတ်ကြေကွဲလောက်အောင် ဝေဒနာပြင်းလျက် စိတ်အားကြီးစွာ ကောင်းကင်သို့ဆုတောင်းရကြလိမ့်မည်။ သင်သည် ဗိမာန်တော်တံခါးဝနှင့်ယဇ်ပလ္လင်စပ်ကြားတွင်ငိုကြွေးလျက် သင်၏ ဝိညာဉ်မျက်စိကန်းခြင်းနှင့် ဖောက်ပြန်ခြင်းအတွက် ဝန်ခံတောင်းပန်လိမ့် မည်။[၆]

## သခင်ခရစ်တော်ကြွလာခြင်းသည်နှောင့်နှေး၏ဟု ထင်ခြင်း၌ဘေးဖြစ်ခြင်း

"ငါ့အရှင်လာခဲလိမ့်မည်" ဟု မိမိ၏စိတ်ထဲ၌ပြောဆိုသော ထိုကျွန် ဆိုးသည် (မ ၂၄း၄၈)။ သခင်ခရစ်တော်ကိုစောင့်မျှော်နေသည်ဟု ပြောဆို ၏။ သူသည်ကျွန်တစ်ယောက်ဖြစ်၏။ အပြင်လက္ခဏာအားဖြင့် ဘုရားသခင်၏ အမှုတော်ကိုဆောင်ရွက်၏။ သို့ရာတွင် စိတ်ထဲ၌ သူသည် စာတန်ဘက် သို့လိုက်ပါနေ၏။

သူသည် ကဲ့ရဲ့သောသူတို့ကဲ့သို့ သမ္မာတရားကို ပွင့်လင်းစွာမငြင်း ပယ်ချေ။ သို့ရာတွင် အရှင်လာခဲသည်ဟု စိတ်ထဲ၌ထင်သည်အတိုင်း မိမိ အသက်တာ၏အပြုအမူအားဖြင့်ဖော်ပြ၏။ သူ၏စိတ်ထင်မြင်ချက်အားဖြင့်

ထာဝရအကျိုးကျေးဇူးများကို သူသည် ဂရုမစိုက်ဘဲနေ၏။ သူသည် လောက၏စကားပုံများကိုလက်ခံလျက် လောက၏ထုံးစံနှင့် အကျင့်ဓလေ့တို့ကို လိုက်နာ၏။ ကိုယ်ကျိုးရှာခြင်း၊ လောကီဝါကြွားခြင်းနှင့် လောဘရမ္မက်များကို အားကြီးစွာဖြစ်ပေါ်လာစေ၏။ သူ၏ညီအစ်ကိုတို့သည် သူ့ထက်သာသွားမည်ကိုစိုးရိမ်သဖြင့် သူတို့၏ကြိုးပမ်းမှုကိုရှုတ်ချလျက် သူတို့၏ရည်ရွယ်ချက်များကိုဆန့်ကျင်ဘက်ပြောဆို၏။ ထိုသို့အားဖြင့် မိမိ၏ကျွန်ချင်းတို့ကို သူသည် ရိုက်နှက်၏။

သူသည် ဘုရားသခင်၏လူများမှခွဲခွာသွားသောအခါ၊ သူသည် ဘုရားကိုမကြည်ညိုသောသူတို့နှင့် သာ၍သာ၍ပူးပေါင်းလာ၏။ သူသည် သေသောက်ကြူးသောသူတို့နှင့် အတူတကွစားသောက်လျက် လောကီသားတို့နှင့်ပေါင်းဖော်၍ သူတို့၏သဘောကိုလိုက်နာနေသည်ကိုတွေ့ရ၏။ ထိုသို့အားဖြင့် သူသည် ကိုယ်ကာယလုံခြုံမှုအတွက်သာ သွေးဆောင်ခြင်းခံရလျက် မေ့လျော့ခြင်း၊ သတိမမူခြင်း၊ ငိုက်မျဉ်းအိပ်ပျော်နေခြင်းအဖြစ်သို့ ရောက်ရှိသွားလေ၏။[၇]

## အသစ်သောအလင်းဟုခေါ်သောအရာသည် အများသောသူတို့ကိုလှည့်ဖြားလိမ့်မည်

မြေကြီးပေါ်သို့ရောက်လာမည့်ပျက်စီးခြင်းတွင် ဘုရားသခင်၏ကျန်ကြွင်း သောသူတို့သည် ပါဝင်စေရန် စာတန်သည်မျှော်လင့်၏။သခင်ခရစ်တော်ကြွလာတော်မူချိန်သည် နီးကပ်လာသောအခါ သူတို့ကိုဖျက်ဆီးရန် စာတန်သည်သာ၍စိတ်ပြင်းပြင်းလျက် သေချာစွာကြိုးစားအားထုတ်လိမ့်မည်။ ယောကျာ်း၊ မိန်းမတို့သည် အသစ်သောအလင်းတချို့ (သို့မဟုတ်) အသစ်သောဗျာဒိတ်၏တချို့ကိုရရှိကြသည်ဟုဆိုလျက် ပေါ်လာကြလိမ့်မည်။ ထိုအရာတို့ကား ရှေးဟောင်းမှတ်တမ်းတွင် ယုံကြည်ခြင်းကိုပျက်စေတတ်၏။ သူတို့၏ဩဝါဒ

များသည် ဘုရားသခင်၏နှုတ်ကပတ်တော်၏စစ်ဆေးခြင်းကို ခံယူကြမည် မဟုတ်၊ သို့ရာတွင် ဝိညာဉ်များသည် လှည့်ဖြားခြင်းခံရကြမည်။

မမှန်သောသတင်းများကိုပြန့်သွားစေလိမ့်မည်။ ၎င်းပြင် အချို့တို့ သည် ဤထောင်ချောက်တွင်မိကြလိမ့်မည်။ သူတို့သည် ဤသတင်းစကား များကိုယုံကြည်ကြလျက် တစ်ဆင့်ကြားပြောကြလိမ့်မည်။ ထိုသို့အားဖြင့် သူတို့နှင့်ဦးစွာလှည့်ဖြားသောသူသည် ဆက်သွယ်နေလိမ့်မည်။ ဘုရားသခင် စေလွှတ်တော်မူသောသတင်းစကားကို ပွင့်လင်းစွာခုခံခြင်း၌ ဤသဘောကို အမြဲထင်ရှားစေမည်မဟုတ်။ သို့ရာတွင် အများသောနည်းများအားဖြင့် အသေ အချာမယုံကြည်ကြောင်း ဆုံးဖြတ်ချက်သည်ထင်ရှား၏။ မမှန်သော ဖော်ပြချက် တိုင်းသည် ဤမယုံကြည်မှုကို ဆက်လက်အားပေးသဖြင့်၊ ဤနည်းဖြင့် အများ သောဝိညာဉ်တို့သည် ချိန်ခွင်၌မှားသောဘက်တွင်ရောက်နေလိမ့်မည်။

စာတန်သည် လူတို့အားသမ္မာတရားမှသွေးဆောင်သွားရန် အမြဲ ကြိုးစည်နေသဖြင့်၊ ကျွန်ုပ်တို့သည် အမှားအမျိုးမျိုးတိုင်းကို အလွန်အမင်း စောင့်ကြည့်မနေနိုင်ကြချေ။[၈]

## ကိုယ်တိုင်ဘုရားဝတ်ပြုခြင်းသည်အရေးကြီးခြင်း

တိတ်ဆိတ်စွာ တစ်ဦးတည်းဆုတောင်းခြင်းနှင့် ကျမ်းစာဖတ်ခြင်း အမှုကို ယနေ့ဂရုမစိုက်ဘဲနေသောအခါ မနက်ဖြန်၌ မိမိစိတ်တွင်များစွာ အတားအဆီးမရှိဘဲ ၎င်းတို့ကိုပယ်ရှားထားနိုင်၏။ စိတ်နှလုံးထဲတွင် ထိုသို့ သောအကျင့်မျိုးစေ့ကို တစ်ခါပျိုးခဲ့သောကြောင့် နောင်တွင်အခါပေါင်းများစွာ လစ်လပ်နေသည်ကို တွေ့ရလိမ့်မည်။ ထိုသို့မဟုတ်ဘဲ၊ အလင်းရောင်ခြည် တိုင်းကိုမွေးမြူထားလျှင်၊ များစွာသောအလင်းတရားကိုရိတ်သိမ်းရလိမ့်မည်။ သွေးဆောင်ခြင်းကိုတစ်ကြိမ်တားဆီးလျှင် ဒုတိယအကြိမ်သာ၍မြဲမြံစွာ တားဆီး

နိုင်သောခွန်အားကိုရရှိလိမ့်မည်။ ကိုယ့်အလိုဆန္ဒကို အသစ်တစ်ဖန်အောင်မြင်မှုတိုင်းအားဖြင့် သာ၍မြင့်မြတ်ကြီးကျယ်သော အောင်မြင်မှုများကိုရရှိစေ၏။ အောင်မြင်မှုတိုင်းသည် ထာဝရအသက်အတွက် စိုက်ပျိုးရသောမျိုးစေ့ဖြစ်၏။[၉]

မှန်သောစိတ်နှလုံးနှင့်ဘုရားသခင်ထံသို့လာ၍ ယုံကြည်ခြင်းနှင့်ဘုရားသခင်အား ရိုးသားစွာတောင်းလျှောက်သော သန့်ရှင်းသူတိုင်း၏ဆုတောင်းသံကို ဘုရားသခင်သည် နားညောင်းတော်မူမည်။ သင်၏ဆုတောင်းသံကိုချက်ချင်းနားညောင်းတော်မမူသည်ကို သင်သည်သိမြင်ရလျှင် ဘုရားသခင်၏ကတိတော်များ၌ သင်သည် ယုံကြည်ခြင်းမရှိဘဲမနေပါနှင့်။ ဘုရားသခင်ကိုယုံကြည်အားကိုးရန်မကြောက်ပါနှင့်။ တောင်းကြလော့၊ တောင်းလျှင်ရလိမ့်မည်ဟူသော သေချာသောကတိတော်ကိုအားကိုးပါ။ (ယော ၁၆း၂၄)။

ဘုရားသခင်သည် မမှားနိုင်လောက်အောင် အလွန်ပညာရှိတော်မူ၍ဖြောင့်မှန်စွာကျင့်သောသန့်ရှင်းသူအား ကောင်းမြတ်သောအရာကိုမပေးဘဲမနေနိုင်လောက်အောင် အလွန်ကောင်းမြတ်တော်မူ၏။ လူသည် မှားယွင်းတတ်သဖြင့် လူသည်ဖြောင့်မတ်သောစိတ်နှလုံးနှင့် တောင်းလျှောက်သော်လည်း မိမိအတွက်တောင်းသောအရာ (သို့မဟုတ်) ဘုရားသခင်၏ဘုန်းတော်ကိုထင်ရှားစေသောအရာတို့ကို အမြဲမတောင်း။ ဤသို့ပြုသောအခါ ပညာရှိ၍ကောင်းမြတ်သော ကျွန်ုပ်တို့၏ခမည်းတော်သည် ကျွန်ုပ်တို့၏ဆုတောင်းသံကို တစ်ခါတစ်ရံ ချက်ချင်းနားညောင်းတော်မူ၏။ သို့ရာတွင် ကျွန်ုပ်တို့၏ကောင်းကျိုးအတွက်ဖြစ်၍ မိမိ၏ဘုန်းတော်ကို ထင်ရှားစေသောအရာကိုကျွန်ုပ်တို့အားပေးတော်မူ၏။ ဘုရားသခင်သည် ကျွန်ုပ်တို့အားကောင်းချီးပေးတော်မူ၏။ ကျွန်ုပ်တို့သည် ဘုရားသခင်၏အကြံတော်ကို သိမြင်နိုင်ကြလျှင်၊ ကျွန်ုပ်တို့အတွက်အဘယ်အရာသည် အကောင်းဆုံးဖြစ်သည်ကို ဘုရားသခင်သည်သိရှိတော်မူ၍ ကျွန်ုပ်တို့၏ဆုတောင်းသံကို နားညောင်းတော်မူကြောင်း ကျွန်ုပ်တို့သည် ထင်ရှားစွာသိမြင်နိုင်ကြလိမ့်မည်။ ထိခိုက်စေမည့်အရာတစ်စုံတစ်ခုကိုမျှ ပေးတော်မမူ။ ကျွန်ုပ်တို့အား ကောင်းကျိုးကိုမပေးဘဲ

ထိခိုက်စေသောအရာအစား ကျွန်ုပ်တို့၌ လိုသောကောင်းချီးမင်္ဂလာကိုပေးတော်မူ၏။

ကျွန်ုပ်တို့၏ဆုတောင်းချက်ကို ချက်ချင်းနားညောင်းတော်မမူဟု ထင်ရလျှင်၊ ကျွန်ုပ်တို့သည် မိမိတို့၏ယုံကြည်ခြင်းကို မြဲမြဲစွာကိုင်စွဲထားလျက် မယုံကြည်ခြင်းသဘောကိုခွင့်မပေးရ၊ အကြောင်းကား ထိုသဘောသည် ကျွန်ုပ်တို့အား ဘုရားသခင်နှင့်ခွဲခွာစေတတ်သည်ကို ကျွန်ုပ်မြင်ရ၏။ ကျွန်ုပ်တို့၏ယုံကြည်ခြင်းသည် လှုပ်ရှားယိမ်းယိုင်လျှင် ကျွန်ုပ်တို့သည် ဘုရားသခင်ထံမှ ဘယ်အရာကိုမျှရကြမည်မဟုတ်။ ဘုရားသခင်၌ ကျွန်ုပ်တို့၏ယုံကြည်အားကိုးခြင်းအမှုသည် ခိုင်ခံ့ရမည်။ ၎င်းပြင် ကျွန်ုပ်တို့သည် ၎င်းကိုအလွန်လိုနေသောအခါ ကောင်းချီးမင်္ဂလာသည် ကျွန်ုပ်တို့အပေါ်သို့ မိုးရည်ကဲ့သို့ သက်ရောက်လိမ့်မည်။[၁၀]

## ခရစ်ယာန်တို့သည်ကောင်းကင်အရာတို့အကြောင်း ဆင်ခြင်ပြောဆိုရန်နှစ်သက်ခြင်း

ကောင်းကင်၌ဘုရားသခင်သည် အလုံးစုံတို့တွင် အလုံးစုံဖြစ်တော်မူ၏။ ထိုနေရာ၌သန့်ရှင်းခြင်းသည် အမြတ်ဆုံးနေရာ၌တည်ရှိ၏။ ဘုရားသခင်နှင့်စုံလင်သောညီညွတ်မှုကို ပျက်စီးစေသောအရာတစ်စုံတစ်ခုမျှမရှိ။ ကျွန်ုပ်တို့သည် အမှန်ပင်ထိုနေရာသို့ ခရီးသွားနေကြလျှင် ဤနေရာ၌ပင် ကျွန်ုပ်တို့၏စိတ်နှလုံးထဲ၌ ကောင်းကင်သဘောများသည် တည်ရှိနေကြလိမ့်မည်။ သို့ရာတွင် ကျွန်ုပ်တို့သည် ကောင်းကင်အရာများကို ဆင်ခြင်စဉ်းစားခြင်း၌ ပျော်မွေ့ခြင်းမတွေ့ကြလျှင် ဘုရားသခင်ကို သိကျွမ်းခြင်းပညာကိုရှာဖွေရာ၌ စိတ်ဝင်စားခြင်းမရှိ။ သခင်ခရစ်တော်၏အကျင့်စာရိတ္တကို ကြည့်ရှုဆင်ခြင်ရာ၌ ပျော်မွေ့ခြင်းမရှိလျှင်၊ ကျွန်ုပ်တို့သည် သန့်ရှင်းခြင်းကို စိတ်စွဲလမ်းခြင်း မရှိကြလျှင် ကျွန်ုပ်တို့သည် ကောင်းကင်၌မျှော်လင့်စရာမရှိသည်မှာ သေချာလိမ့်မည်။

ဘုရားသခင်၏အလိုတော်ကို လုံးလုံးလိုက်ခြင်းသည် အမြဲသဖြင့် ခရစ်ယာန်၏မြင့်မြတ်သော ရည်ရွယ်ချက်ဖြစ်ရမည်။ သူသည် ဘုရားသခင်အကြောင်း၊ သခင်ယေရှုအကြောင်း သခင်ခရစ်တော်ကိုချစ်သောသူတို့အတွက် ကိုယ်တော်ပြင်ဆင်နေသော ချမ်းသာ၍သန့်ရှင်းသောအိမ်အကြောင်းတို့ကို ပြောဆိုရန်နှစ်သက်လိမ့်မည်။ စိတ်ဝိညာဉ်သည် ဘုရားသခင်၏မင်္ဂလာရှိသော ကတိတော်တို့ကိုစွဲလမ်းသောအခါ၊ ဤအချက်များကို ဆင်ခြင်စဉ်းစားခြင်းသည် နောင်လာလတ္တံ့သော လောက၏တန်ခိုးများကို မြည်းစမ်းခြင်းဖြစ်သည်ဟု တမန်တော်ကပုံဆောင်ထား၏။

ရွေးချယ်သောသူတို့ကိုပင် လှည့်ဖြားနိုင်လျှင်လှည့်ဖြားမည်အကြောင်း၊ မုသားနှင့်ဆိုင်သော ထူးဆန်းသောတန်ခိုး၊ နိမိတ်လက္ခဏာ၊ အံ့ဖွယ်သော အမှုအမျိုးမျိုးဖြင့်လည်းကောင်း၊ မတရားသောလှည့်ဖြားခြင်းအမျိုးမျိုးနှင့်လည်းကောင်း စာတန်သည် ဘုရားသခင်၏ဂုဏ်တော်၊ သဘောတော်တို့ကို အလွဲဖော်ပြရန် ကြံစည်ပြုလုပ်သောအခါ၊ ကြီးစွာသောတိုက်လှန်ပွဲကြီးသည် မကြာမီ ကျွန်ုပ်တို့ရှေ့၌ ပြီးဆုံးသွားလိမ့်မည်။ ကောင်းကင်မှအလင်းကို အမြဲတိုး၍ ရရှိဖို့လိုသော လူမျိုးရှိဖူးသည်ဟုဆိုရလျှင်၊ ထိုလူမျိုးမှာ ဤဆိုးယုတ်သော ကာလတွင် မိမိ၏သန့်ရှင်းသောပညတ်တရားတော်ကို ထိန်းသိမ်းထား၍ လောကရှေ့တွင် ဘုရားသခင်၏ဂုဏ်တော်၊ သဘောတော်ကိုထင်ရှားစေရန် ခေါ်တော်မူခြင်းခံရသောလူမျိုးဖြစ်သည်။ အလွန်သန့်ရှင်းသောတာဝန်ကို ပေးအပ်ထားခြင်းခံရသောသူတို့သည် မိမိတို့ယုံကြည်သည်ဟုဆိုသော သမ္မာတရားအားဖြင့် ဝိညာဉ်ရေး၌မြင့်မြတ်၍ ချီးမြှင့်ခြင်းခံရလျက် အသက်ရှင်နေရကြမည်။[၁၁]

## ဘုရားသခင်၏လူတို့သည်ယုံမှားခြင်း၊ ကြောက်ရွံ့ခြင်းကို အမှုမထားဘဲရှေ့သို့တိုးတက်ခြင်း

ထာဝရဘုရားသည် ယခုခေတ်ကာလ၏သမ္မာတရားကို ယုံကြည်သောသူတို့နှင့် ပြုမူဆောင်ရွက်လျက်နေတော်မူ၏။ ဘုရားသခင်သည် အရေး

ကြီးသောအကျိုးအပြစ်ကို သက်ရောက်စေရန် စီမံထားတော်မူ၏။ ၎င်းပြင် ဤသို့အကျိုးအပြစ်ကိုသက်ရောက်စေရန် စီမံထားတော်မူသော်လည်း၊ ဘုရားသခင်က မိမိ၏လူတို့အား ရှေ့သို့တိုးတက်လော့ဟု မိန့်တော်မူ၏။ လမ်းသည် မပွင့်သေးသည်မှာမှန်ပေ၏။ သို့ရာတွင် သူတို့သည် ယုံကြည် ခြင်းနှင့်ရဲရင့်ခြင်းခွန်အားဖြင့် တိုးတက်သွားကြသောအခါ ဘုရားသခင်သည် သူတို့၏မျက်စိရှေ့၌လမ်းခရီးကို ရှင်းလင်းစေတော်မူမည်။ ရှေးဣသရေလ လူတို့ပြုသကဲ့သို့ ညည်းညူလျက် မိမိ၏အမှုတော်တိုးတက်စေရန် ထူးခြား သောရည်ရွယ်ချက်ဖြင့် ဘုရားသခင်က ဖြစ်ပေါ်လာစေတော်မူသောသူတို့ အပေါ်၌ သူတို့၏ခက်ခဲသောအခြေအနေအတွက် စွပ်စွဲနေကြမည့်လူများသည် အမြဲရှိနေ၏။ ဘုရားသခင်သည် သူတို့အား ကျဉ်းမြောင်းသောနေရာများသို့ ယူဆောင်လာခြင်းဖြင့် စုံစမ်းစစ်ဆေးလျက်ရှိကြသည်ကို သူတို့သည် မမြင်ကြချေ။ ဘုရားသခင်၏လက်တော်အားဖြင့်သာလျှင် ထိုနေရာများမှ သူတို့ကို ကယ်တင်နိုင်၏။

ခရစ်ယာန်အသက်တာသည် ဘေးအန္တရာယ်များနှင့်ပြည့်ဝနေသည်ဟုထင်ရလျက် တာဝန်များကိုဆောင်ရွက်ရန်ခက်သည်ဟု ထင်ရသောအချိန်များရှိသည်။ ရှေ့၌ပျက်စီးခြင်းနှင့် နောက်၌ချည်နှောင်ခြင်းနှင့် သေခြင်းရှိနေသည်ဟု ထင်မြင်ရ၏။ သို့ရာတွင် စိတ်ပျက်ခြင်းများကြားထဲမှ၊ "ရှေ့သို့တိုးတက်လော့" ဟု ဘုရားသခင်က ထင်ရှားသောအသံနှင့် မိန့်တော်မူ၏။ ကျွန်ုပ်တို့သည် မှောင်မိုက်ကိုထိုးဖောက်မမြင်နိုင်၍ ကျွန်ုပ်တို့၏ခြေသည် အေးသောလှိုင်းများနှင့် ဝန်းရံနေသော်လည်း၊ မည်သည့်အကျိုးအပြစ်ကိုပင် ဖြစ်စေကာမူ၊ ကျွန်ုပ်တို့သည် ဤအမိန့်တော်ကိုနားထောင်ရကြမည်။၁၂

ကွဲပြား၍ တစ်ဝက်သာစိတ်ပါသောအသက်တာ၌ သင်သည်ယုံမှားခြင်းနှင့်မှောင်မိုက်ကိုတွေ့ရလိမ့်မည်။ သင်သည် ဘာသာတရား၏စိတ်သက်သာမှု (သို့မဟုတ်) လောကမှပေးသောငြိမ်သက်ခြင်းကို မခံစားနိုင်။ အနည်းငယ်သာလုပ်လျက် စာတန်၏ပက်လက်ကုလားထိုင်ပေါ်မှာ ထိုင်မနေပါနှင့်။ ထလျက်သင်ရရှိနိုင်သောအခွင့်အရေးဖြစ်သည့် မြင့်မြတ်သောစံနမူနာကို

ရည်ရွယ်လော့။ သခင်ခရစ်တော်အတွက် အလုံးစုံကိုစွန့်ပစ်ခြင်းသည် မင်္ဂလာရှိသောအခွင့်အရေးဖြစ်၏။ အခြားသူတို့၏အသက်တာကိုကြည့်လျက် အတုမခိုးပါနှင့်။ ၎င်းပြင် တိုးတက်မလာအောင်ပြုမနေပါနှင့်။ သင်၌မှန်ကန်၍မမှားနိုင်သော ပုံသက်သေတစ်ခုတည်းသာရှိ၏။ သခင်ယေရှု၏နောက်သို့လိုက်ခြင်းသာလျှင် ဘေးကင်း၏။ အခြားသူတို့သည် ဝိညာဉ်ရေး၌အိပ်ပျော်နေသောသဘောနှင့်ပြုမူနေကြလျှင် သူတို့ကိုဖယ်ထား၍ ခရစ်ယာန်အကျင့် တွင်မြင့်မြတ်သောအခြေအနေသို့ရောက်အောင် တိုးတက်သွားမည်အကြောင်း စိတ်ဆုံးဖြတ်လော့။ ကောင်းကင်အတွက် အကျင့်စာရိတ္တကိုပြုပြင်ပါ။ သင်၏တာဝန်၌အိပ်ပျော်မနေပါနှင့်။ သင်၏ဝိညာဉ်နှင့် သစ္စာရှိလျက်မှန်ကန်စွာပြုမူပါ။[၁၃]

———o———

# အခန်း (၆၄)
# ကျွန်ုပ်တို့၏ယဇ်ပုရောဟိတ်မင်း
# သခင်ယေရှု

ကောင်းကင်သန့်ရှင်းရာဌာနတွင် အမှုတော်ဆောင်ရွက်ခြင်းအကြောင်းကို မှန်ကန်စွာနားလည်ခြင်းသည် ကျွန်ုပ်တို့ယုံကြည်ခြင်းတရား၏အခြေအမြစ်ဖြစ်ပေသည်။ ◦

တောင်ပေါ်၌ သူ့အားပြတော်မူသော ပုံစံနမူနာအတိုင်း မောရှေ သည် မြေကြီးနှင့်ဆိုင်ရာ သန့်ရှင်းရာဌာနကိုဆောက်လုပ်ရ၏။ ၎င်းသည် "ပူဇော်သကာနှင့်ယဇ်များကို ပူဇော်သောကာလတည်းဟူသော မျက်မှောက် ကာလပတ်လုံးပုံပမာဖြစ်၏။" ၎င်း၏သန့်ရှင်းသောနေရာနှစ်ခု ကောင်းကင် တွင်ရှိသောအရာတို့၏ပုံဖြစ်သည်။ ကျွန်ုပ်တို့၏ယဇ်ပုရောဟိတ်မင်း သခင် ယေရှုသည် "လူလက်ဖြင့်မဆောက်ဘဲ ထာဝရဘုရားတည်ဆောက်တော်မူ သော သန့်ရှင်းရာဌာနနှင့် မှန်သောတဲတော်၏အမှုဆောင်" ဖြစ်တော်မူ၏။ တမန်တော်ယောဟန်သည် ကောင်းကင်၌ ဘုရားသခင်၏ဗိမာန်တော်ကို ရူပါရုံတွင်မြင်ခွင့်ရသောအခါ၊ "ပလ္လင်တော်ရှေ့၌ မီးခွက်ခုနစ်လုံးထွန်းထား သည်" ကိုမြင်ရ၏။

ပုရောဖက်သည် ကောင်းကင်ရှိသန့်ရှင်းရာဌာန၏ပထမအခန်းကို မြင်ခွင့်ရ၏။ ၎င်းပြင် သူသည် ထိုနေရာ၌ မီးခွက်ခုနစ်လုံးနှင့်ရွှေယဇ်ပလ္လင် တို့ကိုမြင်ရ၏။ ၎င်းတို့သည် မြေကြီး၌ရှိ သန့်ရှင်းရာဌာနတွင် ရွှေမီးခုံတိုင် နှင့် နံ့သာပေါင်းမီးရှို့ရာယဇ်ပလ္လင်အားဖြင့် ပုံဆောင်ထား၏။ တစ်ဖန်ဘုရားသခင်၏ဗိမာန်တော်သည် ပွင့်လာသဖြင့် သူသည် အသန့်ရှင်းဆုံးအရပ် ဖြစ်သည့် အတွင်းခန်းကိုကြည့်ရှုလေ၏။ ဤနေရာ၌ သူသည် ဘုရားသခင် ၏သက်သေခံချက်ထားရာ သေတ္တာတော်ကိုမြင်ရ၏။ ဘုရားသခင်၏ပညတ် တော်ကိုထည့်ထားရန် မောရှေပြုလုပ်သော သန့်ရှင်းသောသေတ္တာဖြင့် ပုံဆောင် ထား၏။

ယောဟန်က ကောင်းကင်တွင်သန့်ရှင်းရာဌာနကိုမြင်သည်ဟု ပြောဆို၏။ ကျွန်ုပ်တို့အတွက် သခင်ယေရှုအမှုဆောင်ရွက်နေတော်မူသော ထိုသန့်ရှင်းရာဌာနသည် မူလသန့်ရှင်းရာဌာနကြီးဖြစ်သည်။ မောရှေဆောက် လုပ်သောသန့်ရှင်းရာဌာနသည် ပုံပမာမျှသာဖြစ်သည်။

ဘုရင်တို့၏ဘုရင်ကိန်းဝပ်တော်မူရာ ကောင်းကင်ဗိမာန်တော်တွင် အတိုင်းမသိများစွာသောသူတို့သည် အမှုတော်ဆောင်ရွက်၍ ကုဋေသချေ်မကသောသူတို့သည် ရှေ့တော်၌ခစားနေကြ၏။ ထိုဗိမာန်တော်သည် ထာဝရပလ္လင်တော်၏ဘုန်းတော်နှင့် ပြည့်ဝနေ၏။ ၎င်း၏တောက်ပသောအစောင့်များဖြစ်ကြသူ ကောင်းကင်တမန်သရပ်တို့သည် ရိုသေခြင်းနှင့် မိမိတို့၏မျက်နှာကို ဖုံးအုပ်ထားကြ၏။ လောကတွင် မည်သည့်အဆောက်အအုံနှင့်မျှ ၎င်း၏ကြီးကျယ်ခမ်းနားခြင်းနှင့် ဘုန်းတော်ကိုနှိုင်းယှဉ်ဖော်ပြခြင်းငှာမတတ်နိုင်။ သို့ရာတွင် ကောင်းကင်သန့်ရှင်းရာဌာနအကြောင်း၊ လူတို့၏ရွေးနုတ်ခြင်းအတွက် ထိုနေရာ၌ဆောင်ရွက်နေသောအမှုကြီးအကြောင်းနှင့်စပ်ဆိုင်သည့်အရေးကြီးသောသမ္မာတရားကြီးကို မြေကြီးနှင့်ဆိုင်ရာသန့်ရှင်းရာဌာနနှင့် ၎င်း၏လုပ်ငန်းများအားဖြင့် သင်ကြားရကြမည်။

ကောင်းကင်သို့တက်ကြွသွားတော်မူပြီးနောက် ကျွန်ုပ်တို့၏ကယ်တင်ရှင်သည် ကျွန်ုပ်တို့၏ယဇ်ပုရောဟိတ်မင်းအဖြစ် အမှုတော်ကိုအစပြုဆောင်ရွက်တော်မူရမည်။ “မှန်သောသန့်ရှင်းရာဌာနတို့၏ပုံဖြစ်သော၊ လူတို့လက်ဖြင့်လုပ်သော သန့်ရှင်းရာဌာနထဲသို့ ခရစ်တော်သည်မဝင်ဘဲ၊ ငါတို့အတွက်ကြောင့် ယခုဘုရားသခင်၏ရှေ့တော်၌ ကိုယ်ကိုပြခြင်းငှာ၊ ကောင်းကင်ကိုယ်ထဲသို့ဝင်တော်မူပြီ” ဟု ပေါလုကဆို၏။ ကောင်းကင်သန့်ရှင်းရာဌာန၌ အချိန်ကာလအပိုင်းအခြားနှင့်လည်းကောင်း၊ ခြားနားသောနေရာ၌လည်းကောင်း သခင်ခရစ်တော်သည် အလုပ်ကြီးနှစ်မျိုးကိုလုပ်ဆောင်ရသည်နည်းတူ၊ ပုံပမာဖြစ်သောမြေကြီး သန့်ရှင်းရာဌာန၌လည်း နေ့စဉ်နှင့်နှစ်စဉ် တဲတော်၏အခန်း အသီးအသီး၌ လုပ်ငန်းကြီးနှစ်မျိုးကိုဆောင်ရွက်ရ၏။

ကောင်းကင်သို့တက်ကြွသွားတော်မူပြီးနောက်၊ သခင်ခရစ်တော်သည် ဘုရားသခင်ရှေ့တော်၌ နောင်တရသောယုံကြည်သူတို့အတွက် မိမိ၏အသွေးတော်အားဖြင့် တောင်းပန်ရသည်နည်းတူ၊ ယဇ်ပုရောဟိတ်သည် နေ့စဉ်အမှုဆောင်ရာ၌ အပြစ်သားအတွက် သန့်ရှင်းသောအခန်းတွင် ယဇ်ကောင်၏အသွေးကိုပက်ဖျန်းရ၏။

သခင်ခရစ်တော်၏အသွေးတော်သည် နောင်တရသောအပြစ်သား အားပညတ်တရား၏အပြစ်စီရင်ခြင်းမှ ကင်းလွတ်စေသော်လည်း အပြစ်ကို မပယ်ရှင်းသေး။ နောက်ဆုံး အပြစ်ဖြေရာနေ့တိုင်အောင် သန့်ရှင်းရာဌာနတွင် မှတ်တမ်းတင်ထားလျက်ရှိ၏။ ထိုနည်းတူ ပုံပမာ၌ ယဇ်ကောင်၏အသွေး သည် နောင်တရသောအပြစ်သား၏အပြစ်ကို ပယ်ရှားသော်လည်း၊ ၎င်းသည် အပြစ်ဖြေရာနေ့တိုင်အောင် သန့်ရှင်းရာဌာနတွင် တည်ရှိနေသေး၏။

နောက်ဆုံးအကျိုးအပြစ်ကို ဆပ်ပေးသောနေ့ကြီး၌ သေလွန်သောသူတို့သည် စာစောင်တွင်ရေးမှတ်ထားသော သူတို့၏အကျင့်များအတိုင်းစီရင်ခြင်းခံရကြလိမ့်မည်။ ထိုအခါ သခင်ခရစ်တော်၏အပြစ်ဖြေခြင်းအသွေးတော်အားဖြင့် အမှန်နောင်တရသော သူတို့၏အပြစ်များကို ကောင်းကင်စာစောင်ထဲမှပယ်ဖျက်လိုက်လိမ့်မည်။ ထိုသို့အားဖြင့် သန့်ရှင်းရာဌာနသည် ရေးမှတ်ထားသောအပြစ်မှ ကင်းလွတ်လိမ့်မည် (သို့မဟုတ်) ဆေးကြောခြင်းခံရလိမ့်မည်။ ပုံပမာ၌ အပြစ်ဖြေခြင်းတည်းဟူသော ဤအမှုကြီး (သို့မဟုတ်) အပြစ်များကိုပယ်ရှားခြင်းအလုပ်ကို အပြစ်ဖြေရာနေ့၏ဝတ်များဖြင့် ပုံဆောင်ထား၏။ ၎င်းသည် မြေကြီးနှင့်ဆိုင်ရာ သန့်ရှင်းရာဌာနကိုဆေးကြောသုတ်သင်ခြင်းဖြစ်၏။ အပြစ်ဖြေရာယဇ်ကောင်၏အသွေးအားဖြင့် သန့်ရှင်းရာဌာနကို ညစ်ညူးစေသောအပြစ်ကိုပယ်ရှားခြင်းဖြင့် ထိုအမှုကိုပြီးမြောက်စေ၏။[၂]

ကျွန်ုပ်တို့သိကျွမ်းအပ်သောအလုပ်ကို စွဲလမ်းခြင်းမရှိစေမည်အကြောင်း ကျွန်ုပ်တို့၏စိတ်တွင် မရေမတွက်နိုင်သောအကြံအစည်များဖြစ်ပေါ်လာစေရန် စာတန်သည် တီထွင်၏။ အပြစ်ဖြေခြင်းယဇ်အကြောင်းနှင့် အလုံးစုံသောတန်ခိုးနှင့်ပြည့်စုံတော်မူသော ဖျန်ဖြေသူအမှုဆောင်ကြီး၏အကြောင်းတို့ကို

ဖော်ပြသော သမ္မာတရားကြီးများကို လှည့်ဖြားသောမာရ်နတ်ကြီးသည်မုန်း၏။ စိတ်များကို သခင်ယေရှုနှင့် ကိုယ်တော်၏သမ္မာတရားမှ လွဲသွားစေခြင်း အမှုအပေါ်၌ အရာခပ်သိမ်းတို့သည် အမှီပြုကြောင်းသူသိရှိ၏။

သခင်ယေရှုသည် မိမိ၏ဒဏ်ရာရှိသောလက်နှင့် ရိုက်နှက်ခံရသော မိမိ၏ကိုယ်ခန္ဓာအားဖြင့် သူတို့အတွက်တောင်းပန်တော်မူ၏။ ကိုယ်တော်၏ နောက်တော်သို့လိုက်သောသူအပေါင်းတို့အား "ငါ့ကျေးဇူးသည် သင့်အဖို့ လောက်ပေ၏။ ငါ့ထမ်းပိုးကိုတင်၍ထမ်းကြလော့။ ငါ့ထံ၌နည်းခံကြလော့။ ငါသည်နူးညံ့သိမ်မွေ့နှိမ့်ချသောသဘောရှိ၏။ သင်တို့စိတ်နှလုံးသည် သက်သာခြင်းကိုရလိမ့်မည်။ အကြောင်းမူကား၊ ငါ့ထမ်းပိုးသည်ထမ်းလွယ်၏။ ငါ့ဝန်လည်းပေါ့၏" ဟုမိန့်တော်မူ၏။ ထိုကြောင့် မိမိတို့၏ချို့တဲ့ခြင်းတို့ကိုကုသ၍မရနိုင်ဟု မည်သူမျှမထင်မှတ်ပါနှင့်။ ဘုရားသခင်သည် ၎င်းတို့ကိုအောင်မြင်စေရန် ယုံကြည်ခြင်းနှင့်ကျေးဇူးတော်ကို ပေးတော်မူ၏။

ယခုကျွန်ုပ်တို့သည် အပြစ်ဖြေရာနေ့ကြီးတွင် အသက်ရှင်လျက်ရှိကြသည်။ ပုံပမာနှင့်ဆိုင်သောဝတ်များတွင် ယဇ်ပုရောဟိတ်မင်းသည် ဣသရေလလူတို့အတွက် အပြစ်ဖြေခြင်းအမှုကိုပြုလုပ်နေစဉ် အပြစ်အတွက်နောင်တရခြင်းနှင့် ထာဝရဘုရားရှေ့၌နှိမ့်ချလျက် နေခြင်းအမှုများအားဖြင့် မိမိတို့၏စိတ်ဝိညာဉ်ကို ပင်ပန်းစေခြင်းငှာ လူအပေါင်းတို့သည် ပြုလုပ်ရကြ၏။ ထိုနည်းတူ မိမိတို့၏နာမည်ကို အသက်စာစောင်တွင် တည်ရှိနေစေလိုသော သူအပေါင်းသည် စုံစမ်းရာကာလ၏ကျန်ရှိနေသေးသောရက်အနည်းငယ်အတွင်း အပြစ်အတွက်ဝမ်းနည်းခြင်း၊ မှန်သောနောင်တရခြင်းဖြင့် ဘုရားသခင်ရှေ့တော်တွင် မိမိတို့၏စိတ်ဝိညာဉ်ကို ပင်ပန်းစေရကြမည်။ သစ္စာနှင့်စိတ်နှလုံးကို သေချာစေ့စပ်စွာ စစ်ဆေးရှာဖွေရကြမည်။ ခရစ်ယာန်ဟုခေါ်နေသောသူအများ၌ရှိတတ်သော ပေါ့ဆသောသဘောကို ပယ်ရှားထားရမည်။ အကြီးအကဲဖြစ်ရန်ကြိုးပမ်းတတ်သော မကောင်းသောသဘောကိုနှိမ်နင်းလိုသောသူအပေါင်းတို့ရှေ့၌ စိတ်အားကြီးစွာတိုက်လှန်ရသော စစ်ပွဲရှိ၏။ ပြင်ဆင်ခြင်းအလုပ်သည် လူအသီးအသီးနှင့်ဆိုင်သောအလုပ်ဖြစ်၏။ ကျွန်ုပ်တို့သည် အစုလိုက်

ကယ်တင်ခြင်းခံရကြသည်မဟုတ်။ တစ်စုံတစ်ယောက်၏ဖြူစင်ခြင်း၊ ဘုရားတရားကိုကြည်ညိုခြင်းအမှုအားဖြင့် အခြားသူ၌ ဤအရည်အချင်းများလိုနေခြင်းကို ဖြည့်စွက်ပေးလိမ့်မည်မဟုတ်။ လူမျိုးအပေါင်းသည် တရားစီရင်ခြင်းငှာ ဘုရားသခင်ရှေ့တော်၌ ပေါ်လာရကြမည်ဖြစ်သော်လည်း၊ ဘုရားသခင် သည် လူအသီးအသီးတို့၏အမှုကို မြေကြီးပေါ်၌ အခြားသောသူမရှိသကဲ့သို့ အသေအချာစေ့စပ်စွာ စစ်ဆေးတော်မူလိမ့်မည်။ လူတိုင်းကိုစစ်ဆေး၍ အစွန်းအထင်း၊ အရေတွန့်လိမ်ခြင်းမှစသော အရာများကင်းလွတ်လျက်ရှိရကြမည်။

နောက်ဆုံးအပြစ်ဖြေခြင်းအမှုကြီးနှင့် သက်ဆိုင်သောရှုခင်းများသည် အလွန်ကြည်ညိုဖွယ်ဖြစ်လိမ့်မည်။ ၎င်း၌ စိတ်ပါဝင်စားစရာအချက်များသည် အလွန်အရေးကြီး၏။ ယခုအထက်တွင်ရှိ သန့်ရှင်းရာဌာနတွင် တရားစီရင်ခြင်းအမှုကိုပြုလုပ်နေ၏။ နှစ်ပေါင်းများစွာကပင် ဤအမှုကိုပြုလုပ်လျက်နေခဲ့ပြီ။ မကြာမီ မည်မျှကြာလိမ့်မည်ကိုမည်သူမျှမသိ။ ၎င်းသည် အသက်ရှင်နေသောသူတို့အပေါ်သို့ သက်ရောက်လာလိမ့်မည်။ ကြောက်စရာကောင်း သော ဘုရားသခင်ရှေ့တော်၌ ကျွန်ုပ်တို့၏အသက်တာကို စစ်ဆေးတော်မူ လိမ့်မည်။ အခြားသောအချိန်များမှာထက် ဤအချိန်တွင် ထိုအချိန်နာရီသည် ဘယ်အခါရောက်လာမည်ကိုမသိသောကြောင့် ဆုတောင်းလျက်စောင့်နေကြ လော့ဟူသော ကယ်တင်ရှင်၏ဆုံးမစကားကို သတိပြုဖို့သင့်ပေသည်။

စုံစမ်းစစ်ဆေးလျက် တရားစီရင်ခြင်းအမှုကြီးသည် ပြီးစီးသွားသော အခါ လူအပေါင်းတို့၏ကံကြမ္မာသည် အသက်ရှင်ခြင်း (သို့မဟုတ်) သေခြင်း အတွက် စီရင်ဆုံးဖြတ်ပြီးလေပြီ။ သခင်ဘုရားသည် ကောင်းကင်၏မိုးတိမ်များ၌ ပေါ်လာတော်မမူမီ အချိန်အနည်းငယ်အတွင်း စုံစမ်းစစ်ဆေးရာကာလသည် ပြီးဆုံးသွားလိမ့်မည်။ ထိုအချိန်ကာလကိုမြော်မြင်လျက် ဗျာဒိတ်ကျမ်းတွင် သခင်ခရစ်တော်က “မတရားသောသူသည် မတရားသဖြင့်ပြုစေဦး။ ညစ်ညူးသောသူသည် ညစ်ညူးစေဦး။ ဖြောင့်မတ်သောသူသည် ဖြောင့်မတ်စေဦး။ သန့်ရှင်းသောသူသည်သန့်ရှင်းစေဦး။ ငါသည်အလျင်အမြန်လာမည်။

ငါသည်အကျိုးအပြစ်ကိုဆောင်ခဲ့သည်ဖြစ်၍၊ လူအသီးအသီးတို့အား မိမိတို့အကျင့်အတိုင်းဆပ်ပေးမည်” ဟုမိန့်တော်မူ၏။

ဖြောင့်မတ်သောသူနှင့် မတရားသောသူတို့သည် မြေကြီးပေါ်တွင် မိမိတို့၏သေတတ်သောအခြေအနေ၌ပင် အသက်ရှင်နေကြလိမ့်ဦးမည်။ လူတို့သည် စိုက်ပျိုးလျက်၊ အိမ်ဆောက်လျက်၊ စားသောက်လျက်နေကြ လိမ့်မည်။ အထက်သန့်ရှင်းရာဌာနတွင် နောက်ဆုံးမပြင်နိုင်သောဆုံးမချက်ကို ပြုလုပ်ပြီးစီးကြောင်း၊ လူအပေါင်းတို့သည် မသိရှိဘဲနေကြလိမ့်မည်။

သန်းခေါင်အချိန်၌လာသောသူခိုးကဲ့သို့မမြင်ရဘဲ၊ လူတိုင်း၏ကံကြမ္မာကိုသတ်မှတ်ပြီးသော စီရင်ဆုံးဖြတ်သောအချိန်သည် တိတ်ဆိတ်စွာရောက်လာလိမ့်မည်။ ၎င်းသည် အပြစ်သင့်သောလူအား ပေးထားသောကရုဏာကို နောက်ဆုံးရုပ်သိမ်းသောအချိန်ဖြစ်လိမ့်မည်။[၁]

---o---

# အခန်း (၆၅)
# ယောရှုနှင့်ကောင်းကင်တမန်

မြင်ရသောလောကကို မမြင်ရသောလောကမှ ခြားထားသော ကန့်လန့်ကာကို မြှင့်တင်လိုက်၍၊ ဘုရားသခင်၏လူတို့သည် သခင်ခရစ်တော်နှင့်သန့်ရှင်းသောကောင်းကင်တမန်များကတစ်ဖက်၊ စာတန်နှင့်သူ၏ဆိုးသော ဗိုလ်ခြေတို့ကတစ်ဖက်၊ လူအားရွေးနုတ်ခြင်းအကြောင်းနှင့်သက်ဆိုင်၍ တိုက်ခိုက်နေသောစစ်ပွဲကြီးကိုမြင်နိုင်လျှင်၊ အပြစ်၏ချည်နှောင်ခြင်းမှ ဝိညာဉ် များကိုကယ်ဆယ်ခြင်းအတွက် ဘုရားသခင်၏အံ့ဩဖွယ်သောအမှုကိုလည်းကောင်း၊ဆိုးသောသူ၏ရန်ငြိုးမှ သူတို့ကိုကာကွယ်ရန် မိမိ၏တန်ခိုးတော် ကို အမြဲအသုံးပြုလျက်နေတော်မူကြောင်းကိုလည်းကောင်း သူတို့သည်သိရှိ နိုင်ကြလျှင်၊ သူတို့သည် စာတန်၏အကြံအစည်များကိုခုခံရန် သာ၍ကောင်းစွာ ပြင်ဆင်ခြင်းရှိကြလိမ့်မည်။ ရွေးနုတ်ခြင်းစီမံကိန်း၏အလွန်ကျယ်ဝန်း၍ အရေးကြီးခြင်းအကြောင်းကိုလည်းကောင်း၊ သခင်ခရစ်တော်နှင့်လုပ်ဖော်ဆောင် ဖက်အဖြစ် မိမိတို့ရှေ့၌ရှိသောအလုပ်၏ကြီးမားခြင်းအကြောင်းကိုလည်းကောင်း မြင်ရသောအခါ သူတို့၏ စိတ်ထဲ၌ အလွန်ကြီးကျယ်ခမ်းနားကြောင်း သိရှိ လာကြ၏။ သူတို့သည် နှိမ့်ချခြင်းသို့ရောက်ကြသော်လည်း၊ ကောင်းကင် တစ်ခုလုံးသည် သူတို့၏ ကယ်တင်ခြင်းအမှုတွင် စိတ်ဝင်စားနေကြောင်းသိရ သဖြင့် အားရှိလာကြ၏။

စာတန်၏အလုပ်၊ သခင်ခရစ်တော်၏အလုပ်၊ မိမိ၏လူများအား စွပ်စွဲသောသူကိုနိုင်နင်းရန် ကျွန်ုပ်တို့၏ကြားဖျန်ဖြေသူ၏တန်ခိုးအကြောင်းကို အကျိုးအဖြစ်ထွန်းဆုံးနှင့် စိတ်ဝင်စားဖွယ်အကောင်းဆုံးပုံပမာကို ဇာခရိ အနာဂတ္တိကျမ်းတွင် ဖော်ပြထားသည်။ သန့်ရှင်းသောရူပါရုံ၌ ယဇ်ပုရောဟိတ်မင်းယောရှုသည် ညစ်ညူးသောအဝတ်ကိုဝတ်၍ ထာဝရဘုရား၏ကောင်းကင်တမန်ရှေ့၌ရပ်လျက် များစွာစိတ်ဆင်းရဲခြင်းရောက်နေသော မိမိ၏လူများအတွက် ဘုရားသခင်၏ကရုဏာကို တောင်းလျှောက်နေသည်ကို ပုရောဖက်

သည်မြင်ရ၏။ စာတန်သည် သူ့ကိုတားဆီးရန် သူ၏လက်ယာဘက်၌ရပ်နေ၏။ ယဇ်ပုရောဟိတ်မင်းသည် စာတန်၏စွပ်စွဲချက်မှ မိမိကိုယ်ကိုလည်းကောင်း၊ မိမိ၏လူများကိုလည်းကောင်း မခုခံမကာကွယ်နိုင်။ ဣသရေလ လူတို့သည် အပြစ်နှင့်ကင်းကြသည်ဟု သူကမပြောမဆိုပါ။ သူတို့၏ကိုယ်စား သူယူဆောင်နေရသောလူတို့၏အပြစ်များကို ပုံဆောင်သည့်ညစ်ညူးသော ဝတ်ရုံကိုဝတ်ဆင်လျက် သူသည် ကောင်းကင်တမန်ရှေ့၌ရပ်နေပြီး သူတို့၏ အပြစ်များကိုဝန်ချတောင်းပန်နေသော်လည်း၊ အပြစ်လွှတ်တော်မူသော ရွေးနုတ်ရှင်၏ကရုဏာတော်ကိုအားကိုးလျက် ယုံကြည်ခြင်းနှင့် ဘုရားသခင်၏ကတိ တော်များကိုတောင်းဆို၍ သူတို့၏နောင်တရခြင်းနှင့်နှိမ့်ချခြင်းအဖြစ်တို့ကို ညွှန်ပြနေ၏။

ထို့နောက် အပြစ်သားတို့၏ကယ်တင်ရှင်၊ သခင်ခရစ်တော်ကိုယ်တော်တိုင်ဖြစ်တော်မူသော ကောင်းကင်တမန်သည် မိမိ၏လူတို့ကိုစွပ်စွဲအပြစ်တင်သောသူကို တိတ်ဆိတ်စွာနေစေလျက်၊ "အိုစာတန်၊ ထာဝရဘုရားသည် သင့်ကိုဆုံးမတော်မူပါစေသော။ ယေရုရှလင်မြို့ကိုရွေးချယ်ပြီးသော ထာဝရဘုရားသည် သင့်ကိုဆုံးမတော်မူပါစေသော။ ဤသူသည် မီးထဲကနုတ်သော ထင်းစဖြစ်သည်မဟုတ်လော" ဟုမိန့်တော်မူ၏။ ဇာ ၃း၂။

ယောရှု၏ကြားဖျန်ဖြေခြင်းအမှုကို လက်ခံသောအခါ၊ "ညစ်ညူးသောအဝတ်ကိုချွတ်ပယ်လော့" ဟုအမိန့်ပေးပြီးလျှင်၊ ကောင်းကင်တမန်က ယောရှုအား၊ "သင့်အပြစ်ကိုငါဖြေရှင်းပြီ။ တင့်တယ်သောအဝတ်ကိုဝတ်စေမည်" ဟုဆို၏။ "စင်ကြယ်သောပေါင်းကို သူ၏ခေါင်းပေါ်မှာတင်၍ အဝတ်ကိုဝတ်စေကြ၏" ဇာ ၃း၄၊၅။ သူ၏အပြစ်နှင့်သူ့လူများ၏အပြစ်များကို ဖြေလွှတ်၏။ ဣသရေလလူတို့အား "စင်ကြယ်သောအဝတ်ကိုဝတ်စေကြ၏။ ၎င်းကားသူတို့အားပေးသော သခင်ခရစ်တော်၏ဖြောင့်မတ်ခြင်းဖြစ်၏။

စာတန်သည် ယောရှုနှင့်သူ၏လူများကို အပြစ်တင်သည်နည်းတူ၊ ကာလအဆက်ဆက်သူသည် ဘုရားသခင်၏ကရုဏာတော်နှင့် နှစ်သက်တော်မူခြင်းကိုရှာဖွေနေသောသူတို့အား သူသည်အပြစ်တင်နေ၏။ ဗျာဒိတ်ကျမ်း

တွင်သူ့အား "ငါတို့ညီအစ်ကိုများကိုအပြစ်တင်သောသူ၊" "နေ့ညမပြတ် ဘုရားသခင်ရှေ့တော်၌ သူတို့ကိုအပြစ်တင်သောသူ" ဟုခေါ်ဆိုထား၏။ ဗျာ၊ ၁၂း၁၀။ ဆိုးသောသူ၏တန်ခိုးမှကယ်နုတ်ခြင်းခံရ၍ မိမိတို့၏အမည်ကို သိုးသငယ်၏အသက်စာစောင်၌ ရေးထားခြင်းခံရသောဝိညာဉ်တိုင်းကို ပြန်၍ တိုက်လှန်၏။ ဆိုးသောသူသည် တားဆီးခုခံရန်စိတ်ပိုင်းဖြတ်ခြင်းမပြုဘဲ၊ မည်သူတစ်စုံတစ်ယောက်မျှ စာတန်၏အိမ်ထောင်မှ ဘုရားသခင်၏အိမ်ထောင် သို့ ဘယ်အခါမျှရောက်မလာနိုင်ချေ။ ထာဝရဘုရားကိုရှာသောသူတို့အား စာတန်က အပြစ်တင်ခြင်းအမှုမှာ သူတို့၏အပြစ်များကို မနှစ်သက်သော ကြောင့်မဟုတ်။ သူတို့၏မှားယွင်းသောအကျင့်စာရိတ္တများကို သူသည် အလွန် နှစ်သက်၏။ သူတို့သည် ဘုရားသခင်၏ပညတ်တော်ကို လွန်ကျူးခြင်း အားဖြင့်သာလျှင်၊ စာတန်သည် သူတို့ကိုအောင်မြင်နိုင်၏။ သူသည် သခင် ခရစ်တော်ကိုရန်ငြိုးထားသောကြောင့်သာ အပြစ်တင်ခြင်းကိုပြု၏။ ကယ်တင် ခြင်းစီမံကိန်းအားဖြင့် သခင်ယေရှုသည် လူအိမ်ထောင်ပေါ်၌စိုးမိုးနေသော စာတန်၏တန်ခိုးကိုချိုးဖျက်၍ ဝိညာဉ်တို့အားသူ၏လက်မှကယ်တင်တော်မူ ၏။ သခင်ခရစ်တော်၏ကြီးမြတ်ခြင်းသက်သေများကို မြင်ရသောအခါ၊ ပုန်ကန်သော သူသည် အလွန်မုန်း၍ အမျက်ဒေါသထွက်လာသဖြင့်၊ ကိုယ်တော်ထံမှ ကိုယ် တော်၏ကယ်တင်ခြင်းကိုလက်ခံကြသော ကျန်ကြွင်းသောလူမျိုး ကိုအလွန်ဆိုး သောတန်ခိုး၊ လိမ္မာပါးနပ်သောသဘောဖြင့်လုယူရန်ကြိုးစား၏။

သူသည် လူတို့အားယုံမှားခြင်းကိုဖြစ်စေလျက် ဘုရားသခင်၌ယုံကြည် အားထားခြင်းပျက်ကွက်စေပြီး ဘုရားသခင်၏မေတ္တာမှကွဲကွာစေ၏။ ဘုရား သခင်၏ပညတ်တော်ကို ဖျက်ဆီးစေရန်သွေးဆောင်ပြီးနောက် သူတို့ကိုမိမိ ဖမ်းဆီးရသောသူတို့ကဲ့သို့တောင်းဆို၍ ကိုယ်တော်ထံမှသူတို့ကိုတောင်းယူ ရန် သခင်ခရစ်တော်၏အခွင့်အရာကို တိုက်ခိုက်ယူ၏။ အပြစ်လွှတ်ခြင်းနှင့် ကျေးဇူးတော်အတွက် ဘုရားသခင်ကိုစိတ်အားကြီးစွာရှာသောသူတို့သည် ၎င်းကိုရရှိကြမည်ကို စာတန်သည်သိရှိ၏။ ထိုကြောင့် သူတို့အားစိတ်ပျက် စေခြင်းငှာ သူတို့ရှေ့၌ သူတို့၏အပြစ်များကိုဖော်ပြ၏။ ဘုရားသခင်၏စကား

တော်ကိုနားထောင်ရန်၊ ကြိုးစားနေသောသူတို့ကိုအပြစ်ရှာရန် သူသည်အမြဲ ကြံစည်ကြိုးစားနေ၏။ သူတို့၏အကောင်းဆုံးနှင့် နှစ်သက်ဖွယ်အကောင်း ဆုံးအလုပ်ကိုပင် ပျက်စီးသောအမှုဟုထင်မှတ်စေရန် သူသည်ကြံစည်ကြိုးစား ၏။ အလွန်လျှို့ဝှက်စဉ်းလဲ၍ အရက်စက်ဆုံးသောမရေမတွက်နိုင်သော နည်းလမ်းများအားဖြင့်၊ သူတို့အားအပြစ်တင်ခွင့်ကိုရရှိရန် သူသည် ကြိုးစား အားထုတ်၏။

လူသည်မိမိကိုယ်တိုင် ဤအပြစ်တင်ချက်တို့ကိုရင်ဆိုင်ခြင်းငှာ မတတ်နိုင်။ သူသည် မိမိ၏အပြစ်ကိုဝန်ခံဖော်ပြလျက် အပြစ်စွန်းထင်းသော ဝတ်ရုံကိုဝတ်၍ ဘုရားသခင်ရှေ့တော်၌ရပ်နေ၏။ သို့ရာတွင် မိမိတို့၏ ဝိညာဉ်ကိုစောင့်ရှောက်ရန် ကိုယ်တော်အားနောင်တရခြင်း၊ ယုံကြည်ခြင်းနှင့် အပ်နှံထားသောသူအပေါင်းတို့အတွက် ကျွန်ုပ်တို့၏အမှုဆောင်သခင်ယေရှု သည် အကျိုးဖြစ်ထွန်းအောင် တောင်းပန်လျက်နေတော်မူ၏။ ကိုယ်တော်သည် သူတို့အတွက်တောင်းပန်လျက် ကရာနီကုန်း၏ခွန်အားကြီးသော အကြောင်းပြ ချက်များအားဖြင့် သူတို့အား အပြစ်တင်သောသူကို ပယ်ရှား တော်မူ၏။ လက်ဝါးကပ်တိုင်၌ အသေခံတော်မူရသည်တိုင်အောင် ကိုယ်တော် သည် ဘုရားသခင်၏ပညတ်တော်ကို နားထောင်ခြင်းအားဖြင့် ကောင်းကင်၌လည်း ကောင်း၊ မြေကြီးပေါ်၌လည်းကောင်း ကိုယ်တော်သည် အခွင့်တန်ခိုး ရှိသမျှကို ရရှိတော်မူလျက် အပြစ်သင့်သောလူအတွက် ကိုယ်တော်သည် မိမိ ခမည်းတော် ထံမှ ကရုဏာနှင့်ပြန်၍မိတ်သဟာယဖွဲ့ခြင်းအခွင့်ကို တောင်းတော်မူ၏။ လူတို့ ကိုအပြစ်တင်သောသူအား ကိုယ်တော်က၊ "အိုစာတန်၊ ထာဝရ ဘုရားသည် သင့်ကိုဆုံးမတော်မူပါစေသော။ ဤသူတို့သည် ငါ၏အသွေး အားဖြင့်ဝယ် သောသူ၊ မီးထဲကနုတ်ယူသောထင်းစဖြစ်ကြသည်" ဟုမိန့်တော်မူ၏။ ကိုယ်တော်ကိုယုံကြည်ခြင်းနှင့်အားကိုးနေသောသူတို့သည်၊ "ကြည့်ရှု လော့၊ သင့်အပြစ်ကိုငါဖြေရှင်းပြီ၊ တင့်တယ်သောအဝတ်ကိုဝတ်စေမည်ဟူ သော စိတ်သက်သာဖွယ်ကတိတော်ကိုရရှိကြ၏။

သခင်ခရစ်တော်၏ဖြောင့်မတ်ခြင်းဝတ်ရုံကို ဝတ်ဆင်သောသူအပေါင်းတို့သည် ရွေးချယ်ခြင်းခံရ၍ သစ္စာရှိလျက်မှန်ကန်သောသူတို့အဖြစ်နှင့် ကိုယ်တော်၏ရှေ့တွင်ရပ်နေရကြမည်။ သခင်ခရစ်တော်၏လက်ထဲမှသူတို့ကို နုတ်ယူရန် စာတန်၌တန်ခိုးမရှိ။ နောင်တရလျက်ယုံကြည်ခြင်းနှင့်ကိုယ်တော်၏ကာကွယ်ခြင်းကိုတောင်းဆိုသောသူတစ်ယောက်ကိုမျှ သခင်ခရစ်တော်သည် ရန်သူ၏လက်အောက်သို့ရောက်သွားစေဖို့ ခွင့်ပြုတော်မူမည်မဟုတ်။ "ငါ၏အစွမ်းသတ္တိကိုကိုးစား၍ ငါနှင့်မိတ်သဟာယဖွဲ့ကြစေ။ ငါနှင့်မိတ်သဟာယဖွဲ့ကြစေသော" ဟူသော ကိုယ်တော်၏စကားများသည် ကတိခံဝန်ချက်ဖြစ်၏။ ဟေရှာ ၂၇း၅။ ယောရှုအားပေးသောကတိတော်သည် လူအပေါင်းတို့အဖို့ဖြစ်၏။ "ငါ့ပညတ်တရားကိုစောင့်ရှောက်လျှင်၊.....ရှေ့တော်၌ရပ်နေသောသူအချို့တို့ကို၊ သင့်အားလမ်းပြရသောသူဖြစ်မည်အကြောင်း ငါခန့်ထားမည်" ဇာ ၃း၇။ ဤလောက၌ပင် ဘုရားသခင်၏ကောင်းကင်တမန်တို့သည် သူတို့တစ်ဖက်တစ်ချက်တွင် လျှောက်သွားကြလိမ့်မည်။ ၎င်းပြင် နောက်ဆုံး၌ ဘုရားသခင်၏ပလ္လင်တော်ပတ်လည်တွင် ရပ်နေသောကောင်းကင်တမန်တို့အထဲတွင် သူတို့သည်ရပ်နေရကြမည်။

ဘုရားသခင်၏လူများဟု အသိအမှတ်ပြုခြင်းခံရသောသူများတို့သည် ညစ်ညူးသောအဝတ်ကိုဝတ်လျက်၊ ထာဝရဘုရားရှေ့တော်တွင် ရပ်နေရကြသည်ဟု ပုံဆောင်ထားသည်အကြောင်းကိုထောက်ရှုလျက်၊ ဘုရားသခင်၏နာမတော်ကို ဝန်ခံသောသူအပေါင်းတို့သည် နှိမ့်ချခြင်းရှိလျက် မိမိတို့၏စိတ်နှလုံးကို သေချာစွာစစ်ဆေးရှာဖွေရကြမည်။ သမ္မာတရားကိုနားထောင်ခြင်းအားဖြင့် မိမိတို့၏စိတ်ဝိညာဉ်ကို အမှန်ဖြူစင်စေသောသူတို့သည် မိမိတို့ကိုယ်၌ အလွန်နှိမ့်ချသောသဘောနှင့် ပြည့်ဝကြလိမ့်မည်။ သခင်ခရစ်တော်၏အစွန်းအထင်းကင်းသောသဘောတော်ကို သာ၍နီးကပ်စွာမြင်ရလေလေ၊ ကိုယ်တော်၏ပုံသဏ္ဍာန်တော်နှင့် တူညီလာလိုသောဆန္ဒသည် သာ၍ပြင်းထန်လာလေလေဖြစ်လိမ့်မည်။ ၎င်းပြင် မိမိတို့ကိုယ်တိုင်၌ဖြူစင်သန့်ရှင်းသောသဘောကိုအနည်းငယ်သာရှိသည်ကို မြင်လာလိမ့်မည်။ သို့ရာတွင် ကျွန်ုပ်

တို့သည် မိမိတို့၏အပြစ်ရှိသောအခြေအနေကို သိရှိလာရစဉ်အခါ၊ ကျွန်ုပ်တို့၏ဖြောင့်မတ်ခြင်း၊ ကျွန်ုပ်တို့၏သန့်ရှင်းခြင်းနှင့် ကျွန်ုပ်တို့၏ရွေးနုတ်ခြင်းအဖြစ် သခင်ခရစ်တော်ကို ကျွန်ုပ်တို့သည်အားကိုးရကြမည်။ သခင်ခရစ်တော်သာလျှင် ကျွန်ုပ်တို့အတွက် အကျိုးဖြစ်ထွန်းအောင် တောင်းပန်နိုင်တော်မူ၏။ ကျွန်ုပ်တို့၏ကုသိုလ်အပေါ်၌မဟုတ်ဘဲ ကိုယ်တော်တိုင်၏ကုသိုလ်အပေါ်၌အခြေတည်သောအကြောင်းပြချက်အားဖြင့် ကိုယ်တော်သည် အပြစ်တင်သောသူကို တိတ်ဆိတ်စွာနေစေတော်မူ၏။

## ကျန်ကြွင်းသောအသင်းတော်

ဇာခရိမြင်မက်သော ယောရှုနှင့်ကောင်းကင်တမန်၏ရူပါရုံသည် အပြစ်ဖြေရာနေ့ကြီး၏အဆုံးကာလတွင်ရှိသော ဘုရားသခင်၏လူများတို့၌ တွေ့ကြုံရသောအဖြစ်အပျက်နှင့် ထူးခြားလေးနက်စွာသက်ဆိုင်၏။ ကျန်ကြွင်းသောအသင်းတော်သည် ကြီးစွာသောစုံစမ်းခြင်းနှင့် ဒုက္ခဆင်းရဲခြင်းကိုတွေ့ဆုံရလိမ့်မည်။ ဘုရားသခင်၏ပညတ်တော်ကိုလည်းကောင်း၊ သခင်ယေရှု၏ယုံကြည်ခြင်းကိုလည်းကောင်း စောင့်ရှောက်သောသူတို့သည် နဂါးနှင့်သူ၏ဗိုလ်ခြေတို့၏အမျက်ဒေါသကိုခံရကြလိမ့်မည်။ စာတန်သည် လောကကိုမိမိ၏လက်အောက်ခံကဲ့သို့ရေတွက်ထားပြီး သူသည် ဖောက်ပြန်သောအသင်းတော်များကို စိုးမိုးအုပ်ချုပ်လျက်ရှိပြီ။ သို့ရာတွင် သူ၏မြင့်မြတ်သောအာဏာကို တားဆီးကန့်ကွက်နေသောလူစုကလေးတစ်စုရှိ၏။ သူသည် သူတို့ကိုမြေကြီးမှပယ်ရှားနိုင်လျှင်၊ သူ၏အောင်မြင်မှုသည် ပြီးမြောက်သွားလိမ့်မည်။ ဣသရေလလူတို့အားဖျက်ဆီးရန် သူသည် တစ်ပါးအမျိုးသားတို့ကိုနှိုးဆော်သည်နည်းတူ မကြာမီဘုရားသခင်၏လူများကိုဖျက်ဆီးရန် သူသည် ဆိုးသောအာဏာရှင်များကို တိုက်တွန်းနှိုးဆော်လိမ့်မည်။ ဘုရားသခင်၏တရားတော်ကိုလွန်ကျူးရန် လူအပေါင်းတို့သည် လူ၏ဥပဒေကိုလိုက်နာရကြလိမ့်မည်။ ဘုရားသခင်ဘက်၌လည်းကောင်း၊ မိမိတို့၏တာဝန်၌လည်းကောင်း သစ္စာ

စောင့်သောသူတို့သည် ခြိမ်းခြောက်ခြင်းခံရ၍ အပြစ်တင်ခံရကြလျက် ငြင်းပယ်စွန့်ပစ်ခြင်းခံရကြလိမ့်မည်။ သူတို့ “မိဘ၊ ညီအစ်ကို၊ ပေါက်ဖော်၊ အဆွေခင်ပွန်းတို့သည် သူတို့ကိုအပ်နှံကြလိမ့်မည်။”

ဘုရားသခင်၏ကရုဏာတော်၌သာလျှင် သူတို့သည် မျှော်လင့်ခြင်းကိုရရှိကြ၏။ ဆုတောင်းခြင်းဖြင့်သာ သူတို့သည် အကာအကွယ်ကိုရရှိကြလိမ့်မည်။ ယောရှုသည် ကောင်းကင်တမန်ရှေ့၌ တောင်းပန်နေသည်နည်းတူ ကျန်ကြွင်းသောအသင်းတော်သည် စိတ်နှလုံးကြေကွဲခြင်း၊ စိတ်အားကြီးသောယုံကြည်ခြင်းနှင့် မိမိတို့၏အမှုဆောင်သခင်ယေရှုအားဖြင့် အပြစ်လွှတ်ခြင်းနှင့်ကယ်နုတ်ခြင်းအတွက် တောင်းပန်ကြလိမ့်မည်။ သူတို့၏အသက်တာသည် အပြစ်နှင့်ပြည့်ဝလျက်ရှိကြောင်း သူတို့သည်လုံးလုံးသိရှိကြ၏။ သူတို့၏အားနည်းခြင်းနှင့် အသုံးမကျခြင်းကိုသိမြင်ကြ၏။ ၎င်းပြင် မိမိတို့ကိုယ်ကိုကြည့်ရှုသောအခါ၊ သူတို့သည် စိတ်ပျက်လာကြ၏။ သွေးဆောင်သူသည် ယောရှုကိုကန့်ကွက်ရန်အနား၌ရပ်နေသကဲ့သို့ သူတို့ကိုအပြစ်တင်ရန် သူတို့အနား၌ရပ်နေ၏။ သူတို့၏ယိုယွင်းသောအကျင့်ဖြစ်သော ညစ်ညူးသောအဝတ်ကို သူကညွှန်ပြ၏။ သူတို့၏ရွေးနုတ်ရှင်ကိုရှုတ်ချသောသူ၏အားနည်းခြင်းနှင့်မိုက်မဲခြင်း၊ သူတို့၏ကျေးဇူးကင်းမဲ့ခြင်း၊ သခင်ခရစ်တော်နှင့်မတူညီခြင်းတို့ကို သူကညွှန်ပြ၏။ သူတို့၏အခြေအနေသည် မျှော်လင့်ခြင်းကင်းမဲ့ ၍၊ သူတို့၏ညစ်ညူးခြင်းအစွန်းအထင်းကို ဘယ်သောအခါမျှဆေးကြော ၍ရမည်မဟုတ်ဟု ထင်မှတ်စေလျက် သူတို့အားကြောက်လန့်စေရန် သူသည် ကြိုးစား၏။ သူတို့သည် သူ၏သွေးဆောင်ခြင်းနောက်သို့လိုက်ပါ၍ ဘုရားသခင် ကိုရိုသေခြင်းမှလမ်းလွဲလျက် သားရဲ၏တံဆိပ်ကိုခံယူမည်အကြောင်း၊ သူသည် ထိုသို့အားဖြင့် သူတို့၏ယုံကြည်ခြင်းကိုဖျက်ဆီးရန်မျှော်လင့်၏။

စာတန်ကသူတို့သည် မိမိတို့၏အပြစ်များအားဖြင့် ဘုရားသခင်၏ကာကွယ်ခြင်းကိုလက်လွှတ်ကြပြီဟုဖော်ပြလျက်၊ သူတို့အား အပြစ်ကျူးလွန်သောသူများအဖြစ်နှင့် ဖျက်ဆီးရန်တောင်းဆို၍ သူတို့၏အပြစ်များကို ဘုရားသခင်ရှေ့တော်၌တင်ပြ၏။ သူတို့သည် မိမိကိုယ်တိုင်ကဲ့သို့ ဘုရားသခင်၏

နှစ်သက်ခြင်းကိုမခံစားထိုက်သောသူများဖြစ်ကြသည်ဟု သူကပြောဆို၏။ “ဤသူတို့သည် ကောင်းကင်တွင်ကျွန်ုပ်၏နေရာ၊ ကျွန်ုပ်နောက်သို့လိုက်ပါသောတမန်တို့၏နေရာကို ယူရကြမည့်လူများဖြစ်ပါသလား။ ဘုရားသခင်၏ပညတ်တော်ကိုနားထောင်သည်ဟုဆိုကြသော်လည်း၊ သူတို့သည် ၎င်း၏တရားများကိုလိုက်နာခဲ့ကြပြီလား။ သူတို့သည် ဘုရားသခင်ထက် ကိုယ်ကိုသာ၍ချစ်သောသူများဖြစ်ကြသည်မဟုတ်လော။ ဘုရားသခင်၏အမှုတော်ထက်မိမိတို့၏အကျိုးကို သာ၍ရှာကြပြီမဟုတ်လော။ သူတို့သည် လောကီအရာတို့ကိုနှစ်သက်ကြပြီမဟုတ်လော။ သူတို့၏အသက်တာတွင် ထင်ရှားသောအပြစ်များကိုကြည့်ပါ။ သူတို့၏ကိုယ်ကျိုးရှာခြင်း၊ အချင်းချင်းရန်ငြိုးထားခြင်း၊ မုန်းခြင်းတို့ကိုကြည့်ပါဟု သူကပြောဆို၏။

ဘုရားသခင်၏လူတို့သည် အများအားဖြင့် အလွန်အပြစ်သင့်ကြသည်။ စာတန်သည် သူတို့အားကျူးလွန်စေရန် သွေးဆောင်ခဲ့သောအပြစ်များအကြောင်းကို အသေအချာမှန်ကန်စွာသိရှိ၏။ ၎င်းပြင်ဤအပြစ်တို့ကိုများစွာချဲ့၍ဖော်ပြလျက် “ဘုရားသခင်သည် ကျွန်ုပ်နှင့်ကျွန်ုပ်၏တမန်များကိုနှင်ချသော်လည်း၊ အလားတူအပြစ်များကိုပြုသောသူတို့အား အကျိုးပေးတော်မူမည်လော။ အိုထာဝရဘုရား၊ တရားတော်အတိုင်း ကိုယ်တော်သည် ဤသို့ပြုတော်မမူနိုင်။ ကိုယ်တော်၏ပလ္လင်တော်သည် ဖြောင့်မတ်ခြင်း၌လည်းကောင်း၊ တရားစီရင်ရာ၌လည်းကောင်း တည်မြဲလိမ့်မည်မဟုတ်။ သူတို့အပေါ်၌ တရားစီရင်ရမည်ဟု တရားကတောင်းဆို၏ဟုပြောဆို၏။

သို့ရာတွင် သခင်ခရစ်တော်၏တပည့်တော်များတို့သည် အပြစ်ပြုခဲ့ကြသော်လည်း၊ မိမိတို့ကိုယ်တိုင် အပြစ်၏စိုးမိုးခြင်းကိုလက်မခံကြ။ သူတို့သည် မိမိတို့၏အပြစ်ကိုပယ်ရှားထားကြလျက် ထာဝရဘုရားကိုနှိမ့်ချခြင်း၊ စိတ်နှလုံးကြေကွဲခြင်းနှင့်ရှာဖွေကြသဖြင့် အမှုဆောင်သခင်သည် သူတို့အတွက်တောင်းပန်၏။ သူတို့၏ကျေးဇူးမဲ့ခြင်းဖြင့် အလွန်ရှုတ်ချခြင်းခံရ၍ သူတို့၏အပြစ်များနှင့် သူတို့၏နောင်တရခြင်းကို သိရှိတော်မူသောကိုယ်တော်က၊ “အိုစာတန်၊ ထာဝရဘုရားသည် သင့်ကိုဆုံးမတော်မူပါစေသော။ ဤဝိညာဉ်

များအတွက် ငါ၏အသက်ကိုစွန့်ပြီ။ သူတို့၏အမည်ကို ငါ၏လက်ဖဝါးပေါ်တွင် အက္ခရာတင်ထားပြီ” ဟု မိန့်တော်မူ၏။

## သခင်ခရစ်တော်၏ဖြောင့်မတ်ခြင်းဝတ်ရုံနှင့် ဖုံးအုပ်ထားခြင်း

ဘုရားသခင်၏လူတို့သည် ဘုရားသခင်ရှေ့တော်၌ မိမိတို့၏စိတ်ဝိညာဉ်ကိုပင်ပန်းစေလျက် စိတ်နှလုံးဖြူစင်ခြင်းအတွက် တောင်းပန်ကြသောအခါ၊ သူတို့ထံမှ “ညစ်ညူးသောအဝတ်ကိုချွတ်လော့” ဟု အမိန့်ပေးတော်မူပြီးနောက်၊ “ကြည့်ရှုလော့၊ သင်၏အပြစ်ကိုငါဖြေရှင်းပြီ။ တင့်တယ်သောအဝတ်ကိုဝတ်စေမည်” ဟု အားရှိဖွယ်စကားများကိုမိန့်တော်မူ၏။ စုံစမ်းစစ်ဆေးခြင်းခံရသော်လည်း သစ္စာရှိသော ဘုရားသခင်၏သားသမီးများတို့အပေါ်သို့ သခင်ခရစ်တော်၏ဖြောင့်မတ်ခြင်းတည်းဟူသော စွန်းထင်းခြင်းကင်းသောဝတ်ရုံကို ခြုံပေးတော်မူ၏။ မထီမဲ့မြင်ပြုခြင်းခံရသော ကျန်ကြွင်းသောသူတို့သည် ဘုန်းတော်နှင့်ပြည့်ဝသောအဝတ်ကို ဝတ်ဆင်ရကြသဖြင့် ဘယ်သောအခါမျှ လောက၏ပျက်စီးခြင်းဖြင့် ညစ်ညူးခြင်းမရှိနိုင်တော့ချေ။ သူတို့၏အမည်များကို သိုးသငယ်၏အသက်စာစောင်တွင် ကာလအဆက်ဆက်သစ္စာရှိကြသောသူတို့နှင့်အတူ စာရင်းမှတ်သားထားလျက်ရှိ၏။ သူတို့သည် လှည့်ဖြားသောသူ၏ပရိယာယ်တို့ကို တားဆီးကန့်ကွက်ခဲ့ကြပြီး သူတို့သည် နဂါး၏အော်ဟောက်ခြင်းဖြင့် သစ္စာမဖောက်ခဲ့ကြ။ ယခုသူတို့သည် သွေးဆောင်သူ၏အကြံအစည်းများမှ ထာဝရကာလလုံခြုံလျက်ရှိကြ၏။ သူတို့ ၏အပြစ်များကိုအစပြုသောသူထံသို့ ပြောင်းပေးလေပြီ။

ၾငင်းပြင် ကျန်ကြွင်းသောသူတို့သည် အပြစ်လွတ်ခြင်း၊ လက်ခံခြင်းအခွင့်ကိုသာရကြသည်မကသေး၊ ချီးမြှောက်ခြင်းကိုလည်းခံရကြ၏။ “စင်ကြယ်သောပေါင်း” ကို သူတို့၏ခေါင်းပေါ်၌တင်ထားကြ၏။ သူတို့သည် ဘုရားသခင်အဖို့ ရှင်ဘုရင်နှင့်ယဇ်ပုရောဟိတ်များဖြစ်ရကြလိမ့်မည်။ စာတန်သည်

အပြစ်တင်ချက်များကိုဖော်ပြလျက် ဤလူစုကိုဖျက်ဆီးရန် ကြံစည်နေစဉ်၊ သန့်ရှင်းသောကောင်းကင်တမန်တို့သည် မမြင်နိုင်ဘဲ ထိုမှဤမှပျံသန်းသွားလာနေကြပြီး သူတို့၏နဖူးပေါ်၌ အသက်ရှင်တော်မူသော ဘုရားသခင်၏ တံဆိပ်ကိုနှိပ်ခတ်နေကြ၏။ ဤသူတို့ကား၊ ဇိအုန်တောင်ပေါ်၌ သိုးသငယ်နှင့်အတူရပ်နေကြလျက် မိမိတို့၏နဖူးပေါ်တွင် ခမည်းတော်၏နာမတော်ကို ရေးထားခြင်းခံရသောသူများဖြစ်ကြ၏။ မြေကြီးမှရွေးနုတ်ခြင်းခံရသော တစ်သိန်းလေးသောင်းလေးထောင်တို့မှတစ်ပါး မည်သူမျှမဆိုနိုင်သော အသစ်သောသီချင်းကို သူတို့သည်ပလ္လင်တော်ရှေ့၌သီဆိုနေကြ၏။ "သိုးသငယ်သွားလေရာရာနောက်သို့လိုက်သောသူဖြစ်ကြ၏။ လူတို့အထဲကရွေးနုတ်၍ ဘုရားသခင်နှင့်သိုးသငယ်အဖို့ အဦးသီးသောအသီးဖြစ်ကြ၏။ အပြစ်နှင့်ကင်းလွတ်ကြသည်ဖြစ်၍ သူတို့နှုတ်၌မုသားမရှိ" ဗျာ ၁၄း၄၊၅။[၁]

(1) 5T, 467 - 476.

---o---

# အခန်း (၆၆)
# “ငါသည်အလျင်အမြန်လာမည်”

ကျွန်ုပ်တို့ယုံကြည်သည့်အတိုင်း သခင်ဘုရားသည် မကြာမီကြွလာတော်မူလျှင်၊ လူများတို့အား သမ္မာတရားကိုဖော်ပြရာတွင် ကျွန်ုပ်တို့သည် လွန်ခဲ့သောနှစ်များကထက် သာ၍ကြိုးစားအားထုတ်သင့်ကြသည်ဟူသော အချက်ကို မကြာမီက ညအခါတွင် သန့်ရှင်းသောဝိညာဉ်တော်က ကျွန်ုပ်၏ စိတ်ထဲ၌သိမှတ်စွဲလမ်းစေ၏။

ဤအကြောင်းနှင့်သက်ဆိုင်၍၊ ကျွန်ုပ်၏စိတ်သည် ၁၈၄၃ နှင့် ၁၈၄၄ ခုနှစ်များတွင် ကြွလာတော်မူခြင်းကို ယုံကြည်သောသူတို့၏ကြိုးစား လုပ်ဆောင်မှုအကြောင်းကို ပြန်၍သတိရ၏။ ထိုအခါ၌ တစ်အိမ်တက်တစ် အိမ်ဆင်း လှည့်လည်ကြည့်ရှုခြင်းအလုပ်များရှိကြ၍၊ ဘုရားသခင်၏နှုတ်ကပတ် တော်တွင် ဖော်ပြထားသောအရာများကို လူတို့အားသတိပေးရန် မမောမပန်း ကြိုးစားအား ထုတ်ခဲ့ကြ၏။ ပထမကောင်းကင်တမန်၏သတင်းစကားကို သစ္စာနှင့်ကြွေး ကြော်ခဲ့ကြသော သူတို့ကြိုးစားကြသည်ထက် ကျွန်ုပ်တို့သည် သာ၍ပင်ကြိုး စားအားထုတ်ရကြမည်။ ကျွန်ုပ်တို့သည် ဤမြေကြီး၏ရာဇဝင်အဆုံး သို့လျင် မြန်စွာရောက်လာနေကြသည်။ ၎င်းပြင် သခင်ယေရှုသည် အမှန်ပင် မကြာမီ ကြွလာတော်မူမည်ကို သိရှိကြသဖြင့်၊ အထက်က တစ်ခါမျှမပြုခဲ့ဖူး သကဲ့သို့ ကျွန်ုပ်တို့သည် ကြိုးစားအမှုဆောင်ရွက်ရကြမည်။ လူများတို့ကို သတိပေးရန် ကျွန်ုပ်တို့အားမှာထားလေပြီ။ ၎င်းပြင် ကျွန်ုပ်တို့၏အသက်တာ၌ သမ္မာတရား နှင့်ဖြောင့်မတ်ခြင်းတရား၏တန်ခိုးကို ကျွန်ုပ်တို့သည် ဖော်ပြ ရကြမည်။ ပညတ်တရားကိုပေးတော်မူသောအရှင်ကြီးသည် ချိုးဖျက်ခြင်းခံရသော မိမိ၏ တရားကိုကြည့်ရှုရန်ကြွလာတော်မူသည်ကို လောကသည် မကြာမီတွေ့ဆုံရလိမ့် မည်။ ကျူးလွန်ခြင်းမှနားထောင်ခြင်းသို့ ပြောင်းလဲလာ သောသူတို့သာလျှင် အပြစ်လွှတ်ခြင်းနှင့်ငြိမ်သက်ခြင်းအတွက် မျှော်လင့်နိုင် ကြလိမ့်မည်။

အသက်ရှင်စေသောစကားတည်းဟူသော သမ္မာတရားကိုရရှိသော သူအပေါင်းတို့သည် အလင်းတရားကိုမရသေးသောသူတို့အား လင်းစေခြင်းငှာ ကြိုးစားဆောင်ရွက်ကြလျှင်၊ မည်မျှကောင်းသောအမှုကို ဖြစ်မြောက်စေ လိမ့်မည်နည်း။ ရှမာရိမိန်းမကခေါ်သဖြင့် ရှမာရိမြို့သားတို့သည် သခင်ခရစ်တော်ထံသို့ လာကြသောအခါ၊ သခင်ခရစ်တော်က တပည့်တော်တို့အား သူတို့ကိုရိတ်သိမ်းရန် အသင့်ရှိသောလယ်ပြင်ကဲ့သို့ မိန့်တော်မူ၏။ "ယခု မှစ၍ လေးလလွန်လျှင်၊ စပါးရိတ်ရာကာလဖြစ်လိမ့်မည်ဟု သင်တို့ဆိုတတ် သည်မဟုတ်လော၊ စပါးရိတ်ခြင်းအလိုငှာ လယ်ပြင်တို့သည် ယခုပင်ဝင်းဝင်း ရှိသည်ကို မျှော်ကြည့်ကြလော့" ဟု ကိုယ်တော်ကမိန့်တော်မူ၏။ ယော၊ ၄း၃၅။ ရှမာရိလူတို့သည် သမ္မာတရားကိုကြားခြင်းငှာ ငတ်မွတ်နေကြသဖြင့်၊ သခင်ခရစ်တော်သည် သူတို့နှင့်အတူ နှစ်ရက်နေတော်မူ၏။ ၎င်းပြင် ထိုနေ့ များ၌ မည်မျှအလုပ်များကြလိမ့်မည်နည်း။ ထိုနေ့များတွင် အမှုတော် ဆောင်ရွက်တော်မူခြင်းကြောင့်၊ "အခြားသောလူအများတို့သည် နှုတ်ကပတ် စကားတော်ကြောင့် ယုံကြည်ကြ၏။" "ငါတို့သည် စကားတော်ကိုကိုယ်တိုင် ကြားနာရ၍၊ ဤသူသည် လောကီသားတို့ကို ကယ်တင်တော်မူသောသခင် တည်းဟူသော ခရစ်တော်အမှန်စင်စစ်ဖြစ်တော်မူကြောင်းကိုသိသည်။" ဤ စကားသည် သူတို့၏သက်သေခံချက်ဖြစ်၏။ ငယ် ၄၁၊၄၂။ ◦

## သင်တို့ကိုရွေးနုတ်ချိန်နီးပြီ

တစ်ပတ်ပြီးတစ်ပတ်ဖြစ်ပေါ်နေသည့် ကြောက်စရာကောင်းသောဘေးဥပဒ်များအကြောင်းကို ကြားရသောအခါ၊ ဤအရာတို့သည် အဘယ်သို့ဆိုလိုသနည်းဟု မိမိကိုယ်ကိုမိမိမေးကြည့်မိ၏။ ကြောက်စရာကောင်းသောဘေးဒုက္ခတို့သည် တစ်ခုပြီးတစ်ခု လျင်မြန်စွာဖြစ်ပေါ်လာ၏။ လျှပ်လှုပ်ခြင်း၊ လေမုန်တိုင်းတိုက်ခြင်း၊ အသက်နှင့်ပစ္စည်းများစွာဆုံးရှုံးလျက်မီးလောင်ခြင်း၊ ရေလွှမ်းမိုးခြင်းအကြောင်းတို့ကို အကြိမ်ပေါင်းမည်မျှများစွာ ကြားရကြပြီနည်း။

ဤဘေးဒုက္ခတို့သည် မညီညွတ်၊ မမှန်ကန်သောသတ္တိများ၌ ရုတ်တရက်ပျက်စီးသွားခြင်းကြောင့်ဖြစ်သည်ဟုထင်ရ၏။ သို့ရာတွင် ၎င်းတို့တွင် ဘုရားသခင်၏ ရည်ရွယ်ချက်ကိုသိရှိရကြ၏။ ယောကျ်ားမိန်းမတို့၌ ဘေးဥပဒ်ရောက်မည် အကြောင်းသိရှိစေရန် ၎င်းတို့သည် သူတို့အားဘုရားသခင်၏နှိုးဆော်သတိပေးသောနည်းတစ်ခုဖြစ်သည်။

သခင်ခရစ်တော်ကြွလာတော်မူခြင်းသည် ကျွန်ုပ်တို့ပထမယုံကြည်ကြသောအခါကထက် သာ၍နီးလာလေပြီ။ ကြီးစွာသောတိုက်လှန်ပွဲကြီးသည် အဆုံးသို့ရောက်လုနီးပြီ။ ဘုရားသခင်၏တရားစီရင်တော်မူခြင်းအမှုသည် မြေကြီးပေါ်သို့ရောက်ရှိနေလေပြီ။ "သင်တို့မထင်မမှတ်သောအချိန်နာရီ၌ လူသားသည်ကြွလာလိမ့်မည်" ဟူသော အရေးကြီးသောသတိပေးစကားကို ၎င်းတို့ကဖော်ပြနေကြ၏။

သို့ရာတွင် ကျွန်ုပ်တို့၏အသင်းတော်များတွင် ဤခေတ်ကာလအတွက် သမ္မာတရားတို့၏အဓိပ္ပါယ်အမှန်ကို အနည်းငယ်သာသိရှိကြသောသူများစွာရှိပေသည်။ အဆုံးကာလသည် နီးကပ်နေပြီဟု ထင်ရှားစွာဖော်ပြနေသော ခေတ်ကာလ၏နိမိတ်လက္ခဏာများသည် ပြည့်စုံလျက်ရှိကြောင်းကို သတိ မပြုဘဲမနေရန် သူတို့အားကျွန်ုပ်ကနှိုးဆော်ပါသည်။ မိမိတို့၏ဝိညာဉ်ကယ်တင် ရေးအတွက် မကြိုးစားဘဲနေကြသောသူမည်မျှတို့အား မကြာမီ "စပါးရိတ် ရာကာလလွန်ပြီ၊ နွေကာလကုန်ဆုံးပြီ၊ ငါတို့သည် ကယ်တင်ခြင်းမခံရကြ" ဟု ပြင်းထန်စွာငိုကြွေးကြလိမ့်မည်နည်း။

ကျွန်ုပ်တို့သည် ကမ္ဘာ့ရာဇဝင်၏နောက်ဆုံးရှုခင်းများတွင် အသက်ရှင်နေကြသည်။ အနာဂတ်စကားသည် လျင်မြန်စွာပြည့်စုံနေ၏။ စုံစမ်းစစ်ဆေးရာအချိန်ကာလသည် လျင်မြန်စွာကုန်လွန်သွားနေ၏။ ကျွန်ုပ်တို့သည် အချိန်အနည်းငယ်မျှမကုန်လွန်စေရ။ စောင့်နေရာ၌ ကျွန်ုပ်တို့သည် မအိပ်ဘဲနေကြစို့။ စိတ်ထဲ၌လည်းကောင်း၊ အလုပ်အားဖြင့်လည်းကောင်း "ငါ့သခင်လာခဲ ၏" ဟု မည်သူမျှမပြောဆိုစေနှင့်။ သခင်ခရစ်တော်မကြာမီကြွလာတော်မူ မည့်သတင်းစကားကို စိတ်အားကြီးစွာသတိပေးလျက် ကြွေးကြော်ကြစို့။

အရပ်ရပ်တွင်ရှိ ယောကျာ်း၊ မိန်းမတို့အား နောင်တရ၍ ရောက်လာလတ္တံ့သောအမျက်ဒေါသမှ လွတ်မြောက်စေရန်တိုက်တွန်းကြစို့။ ကျွန်ုပ်တို့ရှေ့၌ မည်သည့်အရာဖြစ်မည်ကို ကျွန်ုပ်တို့သည် အနည်းငယ်သာသိရှိသောကြောင့်၊ သူတို့အား ချက်ချင်းပြင်ဆင်ခြင်းပြုစေဖို့နှိုးဆော်ကြစို့။ အရေးမယူ၊ ဂရုမစိုက်သောသူတို့အား ထာဝရဘုရားကိုတွေ့နိုင်သည်ကာလတွင် ရှာဖွေရန်ကြားပြောဖို့ ဓမ္မအမှုဆောင်များနှင့် အသင်းသားရိုးရိုးတို့အား စပါးမှည့်နေသောလယ်ကွက်များသို့ သွားကြပါစေ။ ကျမ်းစာ၏မေ့နေသောသမ္မာတရားကို ကြွေးကြော်သောနေရာတိုင်းတွင် အမှုဆောင်တို့သည် ရိတ်စရာစပါးများကိုတွေ့ရှိကြလိမ့်မည်။ သမ္မာတရားကိုလက်ခံ၍ သခင်ခရစ်တော်ထံ ဝိညာဉ်များကို တစ်သက်လုံးယူဆောင်လာကြမည့်သူများကို သူတို့သည် တွေ့ရှိကြလိမ့်မည်။

သခင်ဘုရားသည် မကြာမီကြွလာတော်မူမည်ဖြစ်၍ ကျွန်ုပ်တို့သည် ကိုယ်တော်ကို ငြိမ်သက်ခြင်းနှင့်တွေ့ဆုံရန် ပြင်ဆင်လျက်ရှိရကြမည်။ ကျွန်ုပ်တို့၏ပတ်လည်တွင်ရှိသောသူတို့အား တတ်နိုင်သမျှအလင်းကိုဝေမျှပေးရန် ကျွန်ုပ်တို့သည် စိတ်ပြဋ္ဌာန်းကြစို့။ ကျွန်ုပ်တို့သည် စိတ်ပျက်ဝမ်းနည်းမနေဘဲ၊ ဝမ်းမြောက်လျက်ရှိရကြမည်။ ၎င်းပြင် ကျွန်ုပ်တို့ရှေ့၌ သခင်ယေရှုကို အမြဲကြည့်ရှုနေရကြမည်။ ကိုယ်တော်သည် မကြာမီကြွလာတော်မူမည်ဖြစ်၍ ကိုယ်တော်ပေါ်ထွန်းတော်မူခြင်းအတွက် ကျွန်ုပ်တို့သည် အသင့်စောင့်လျက်နေရကြမည်။ ကိုယ်တော်ကိုတွေ့မြင်၍ ရွေးနုတ်ခြင်းခံရသော မိမိ၏လူများအဖြစ် ကြိုဆိုခြင်းခံရကြသောအခါ မည်မျှဝမ်းမြောက်စရာဖြစ်လိမ့်မည်နည်း။ ကြာမြင့်စွာကျွန်ုပ်တို့သည် စောင့်နေခဲ့ကြပြီ၊ သို့ရာတွင် ကျွန်ုပ်တို့၏မျှော်လင့်ချက်သည် မှေးမှိန်မသွားချေ။ ကျွန်ုပ်တို့သည် ရှင်ဘုရင်ကို မိမိ၏တင့်တယ်လှပခြင်းနှင့်တွေ့မြင်နိုင်ကြလျှင်၊ ကျွန်ုပ်တို့သည် အစဉ်အမြဲကောင်းချီးမင်္ဂလာကိုခံစားရကြလိမ့်မည်။ "အိမ်သို့ရောက်တော့မည်" ဟု ကျယ်စွာကြွေးကြော်ရမည်ကဲ့သို့ ကျွန်ုပ်ထင်ရ၏။ ရွေးနုတ်ခြင်းခံရသော မိမိ၏လူများကို ထာဝရအိမ်တော်သို့ယူဆောင်ရန် သခင်ခရစ်တော်သည် တန်ခိုးနှင့်လည်းကောင်း၊

ကြီးစွာသောဘုန်းတော်နှင့်လည်းကောင်း ကြွလာတော်မူမည့်အချိန်နှင့် ကျွန်ုပ်တို့သည် နီးကပ်လာကြပြီ။

အမှုပြီးသောအချိန်ကြီးတွင် ကျွန်ုပ်တို့သည် ရှုပ်ထွေးခြင်းများနှင့် တွေ့ရလိမ့်မည်။ ၎င်းတို့ကို မည်ကဲ့သို့ပြုရမည်ကို ကျွန်ုပ်တို့မသိကြ။သို့ရာတွင် ကောင်းကင်မှတန်ခိုးကြီးသော အရှင်သုံးပါးသည် လုပ်ဆောင် လျက်ရှိတော်မူကြသည်ကိုလည်းကောင်း၊ ဘုရားသခင်၏လက်တော်သည် တက်မကိုကိုင်လျက်ရှိသည်ကိုလည်းကောင်း၊ ဘုရားသခင်သည် မိမိ၏ကတိ တော်များကို ပြည့်စုံစေတော်မူမည်ကိုလည်းကောင်း ကျွန်ုပ်တို့သည် မမေ့ဘဲ နေကြစို့။ ဘုရားသခင်ကို ဖြောင့်မတ်ခြင်းနှင့်ကိုးကွယ်ကြမည့်လူတစ်မျိုးကို ဘုရားသခင်သည် လောကထဲမှစုရုံးစေတော်မူမည်။၂

## အောင်မြင်ခြင်းနှင့်ဆိုင်သောကတိတော်

ဤအချိန်၌ ကျွန်ုပ်တို့လုပ်ဆောင်သောအမှုသည် နှလုံး၊ စိတ်သဘောနှင့် စိတ်ဝိညာဉ်၌ များစွာစွဲမြဲနေမည်အကြောင်း ကျွန်ုပ်သည် စိတ်အားကြီးစွာဆုတောင်းပါသည်။ ရှုပ်ထွေးခြင်းများသည် တိုးလာလိမ့်မည်။ သို့ရာတွင် ကျွန်ုပ်တို့သည် ဘုရားသခင်၌ယုံကြည်သောသူများအဖြစ်နှင့် တစ်ယောက်ကိုတစ်ယောက် တိုက်တွန်းအားပေးကြစို့။ ကျွန်ုပ်တို့သည် အလံတော်ကိုအောက်သို့နှိမ့်မချဘဲ မြင့်စွာမြှင့်ထားလျက် ကျွန်ုပ်တို့၏ယုံကြည်ခြင်းကို အစပြု၍ အဆုံးသတ်တော်မူသော ကိုယ်တော်ကိုကြည့်ရှုနေကြစို့။ ညအခါ၌ ကျွန်ုပ်သည် အိပ်မပျော်သောအခါ၊ ဘုရားသခင်ကိုဆုတောင်းရာ ဘုရားသခင်သည် ကျွန်ုပ်အားခွန်အားကိုပေးလျက် မိမိတို့နေရပ်နှင့်ရပ်ဝေးတိုင်းပြည်များရှိ မိမိ၏အမှုဆောင်ကျွန်များနှင့် ဘုရားသခင်သည် အတူရှိတော်မူသည်ဟူသော ကတိတော်ကိုပေးတော်မူ၏။ ဣသရေလ၏ဘုရားသခင်သည် မိမိ၏လူများကိုလမ်းပြနေသေး၍ ကပ်ကမ္ဘာကုန်ဆုံးသည်တိုင်အောင် သူတို့နှင့်အတူ

ဆက်လက်တည်ရှိနေတော်မူမည်ကို ကျွန်ုပ်သည် သိရှိရသောအခါ၊ ကျွန်ုပ်သည် အားရှိလာ၍ ကောင်းချီးမင်္ဂလာကိုခံစားရ၏။

တတိယကောင်းကင်တမန်၏သတင်းစကားကို ကြွေးကြော်ခြင်းအမှု ကို တိုး၍အကျိုးဖြစ်ထွန်းအောင် ဆက်လက်ဆောင်ရွက်သွားသည်ကို ထာဝရဘုရား သည် တွေ့မြင်လိုတော်မူ၏။ ဘုရားသခင်သည် ကာလအဆက်ဆက် မိမိ၏လူ တို့အား အောင်မြင်ခြင်းကိုပေးရန် ဆောင်ရွက်တော်မူခဲ့သည်နည်းတူ၊ ဤခေတ် ကာလ၌လည်း မိမိ၏အသင်းတော်အတွက် ရည်ရွယ်ချက်များကို အောင်မြင်စွာ ပြည့်စုံအောင် ဆောင်ရွက်စေဖို့အလိုရှိတော်မူ၏။ ခွန်အားမှ သာ၍ကြီးသောခွန် အားသို့လည်းကောင်း၊ ယုံကြည်ခြင်းမှ သမ္မာတရားနှင့် ကိုယ်တော်၏အမှုတော် ၏ဖြောင့်မတ်ခြင်းတရား၌ တိုး၍ယုံကြည်အားထားမှု သို့လည်းကောင်း တညီတ ညွတ်တည်းတိုးပွားလာစေရန် ဘုရားသခင်က မိမိ၏ယုံကြည်သော သန့်ရှင်းသူ တို့အားမှာထားတော်မူ၏။

ကျွန်ုပ်တို့သည် အသစ်သောဗဟုသုတအသီးအသီးကို တွေ့ဆုံဖို့ ခွန်အားကိုပေးရန် ဘုရားသခင်သည် ကျွန်ုပ်တို့နှင့်အတူရှိတော်မူသည်ဟု သတိ ရလျက်၊ ဘုရားသခင်၏နှုတ်ကပတ်တော်တွင်ရှိ အခြေခံတရားများဘက်၌ ကျွန်ုပ်တို့သည် ကျောက်ကဲ့သို့ခိုင်ခံ့စွာ တည်ရှိနေရကြမည်။ ထာဝရဘုရား ၏နာမတော်၌ ခွန်အားတစ်ခုမှတစ်ခုသို့ ကျွန်ုပ်တို့သည် တိုးတက်ရရှိလာ မည်အကြောင်း၊ ကျွန်ုပ်တို့သည် ဖြောင့်မတ်ခြင်း၏အခြေခံတရား၌ မိမိတို့ ၏အသက်တာကို တည်မြဲစေကြစို့။ ရှေးဦးစွာ ကျွန်ုပ်တို့ခံစားရသောဗဟုသုတ မှ ယခုအချိန်တိုင်အောင် ဘုရားသခင်၏ဝိညာဉ်တော်သွန်သင်ခြင်း၊ နှစ်သက် တော်မူခြင်းဖြင့် တည်မြဲလာသောယုံကြည်ခြင်းကို ကျွန်ုပ်တို့သည် အလွန် သန့်ရှင်းသောအရာကဲ့သို့ မှတ်ယူရကြမည်။ ပညတ်တော်ကိုစောင့်ရှောက်သော မိမိ၏လူများအားဖြင့် ထာဝရဘုရားသည် ရှေ့သို့တိုးတက်ဆောင်ရွက်နေတော် မူသောအမှုတော်၊ မိမိကျေးဇူးတော်၏တန်ခိုးအားဖြင့် အချိန်ကုန်လွန်နေစဉ် သာ၍ခိုင်ခံ့လာပြီး သာ၍အကျိုးဖြစ်ထွန်းလာမည့်အမှုတော်ကို အလွန်အဖိုးတန် သောအရာအဖြစ်နှင့် ကျွန်ုပ်တို့သည် ပြုစုစောင့်ရှောက်ရကြမည်။ ဘုရားသခင်၏

လူများတို့၌ရှိသော ဝေဖန်ပိုင်းခြားနိုင်သောသတ္တိကို မှေးမှိန်စေလျက် သူတို့၏ စွမ်းရည်သတ္တိကို အားနည်းသွားစေခြင်းငှာ ရန်သူသည်ရှာကြံကြိုးစားလျက် ရှိ၏။ သို့ရာတွင် သူတို့သည် ဘုရားသခင်၏ဝိညာဉ်တော်က လမ်းညွှန်သည့် အတိုင်း အမှုဆောင်ရွက်ကြလျှင်၊ ပျက်စီးယိုယွင်းနေသောနေရာဟောင်း များကို တည်ဆောက်ခြင်းအလုပ်တွင် အခွင့်အရေးရရှိရန် ဘုရားသခင်သည် လမ်းဖွင့် ပေးတော်မူလိမ့်မည်။ ထာဝရဘုရားသည် မိမိ၏သစ္စာရှိသောသူတို့ အပေါ်၌ မိမိ၏နောက်ဆုံးအောင်မြင်ခြင်းတံဆိပ်ကိုနှိပ်ခတ်ရန် တန်ခိုးနှင့် လည်းကောင်း၊ ကြီးစွာသောဘုန်းတော်နှင့်လည်းကောင်း ကောင်းကင်မှဆင်းသက် လာတော် မူသည်တိုင်အောင် သူတို့၏ဇဟုသုတသည် အစဉ်အမြဲတိုးတက် နေသောအရာ တစ်ခုဖြစ်လိမ့်မည်။

ကျွန်ုပ်တို့၏ရှေ့၌ရှိနေသောအလုပ်သည် လူ၏စွမ်းအားရှိသမျှကို အစွမ်းကုန်ဆောင်ရွက်ရမည့် လုပ်ငန်းတစ်ခုဖြစ်သည်။ ၎င်းတွင် ခိုင်ခံ့သော ယုံကြည်ခြင်းနှင့် အမြဲသတိဝီရိယရှိခြင်းကိုလိုလိမ့်မည်။ မကြာခဏ ကျွန်ုပ် တို့တွေ့ကြုံရမည့်အခက်အခဲများသည် အလွန်စိတ်ပျက်စရာဖြစ်လိမ့်မည်။ အလွန်ကြီးကျယ်သောအလုပ်ကြောင့် ကျွန်ုပ်တို့သည် ကြောက်လန့်နေကြ လိမ့်မည်။ သို့ရာတွင် ဘုရားသခင်၏အကူအညီအားဖြင့်၊ ဘုရားသခင်၏ ကျွန်တို့သည် နောက်ဆုံး၌ အောင်မြင်ကြလိမ့်မည်။ ညီအစ်ကိုတို့၊ ထိုကြောင့် သင်တို့ရှေ့၌ရှိသော ဒုက္ခဆင်းရဲခြင်းအမှုများကြောင့် ရွှေ့လျော့သောစိတ်မရှိ ကြပါစေနှင့်။ (ဧ ၃း၁၃)။ သခင်ယေရှုသည် သင်တို့နှင့်အတူရှိတော်မူမည်။ ကိုယ်တော်သည် သင်တို့ရှေ့၌ မိမိသန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ကြွသွား တော်မူလျက် လမ်းခရီးကိုပြင်ဆင်ပေးတော်မူမည်။ ၎င်းပြင် အရေးကြီးသော အမှုတိုင်း၌ ကိုယ်တော်သည် သင်တို့ကိုမစသောသူဖြစ်တော်မူမည်။

"ငါတို့၌ပြုပြင်သောတန်ခိုးတော်အတိုင်း၊ ငါတို့တောင်းပန်ကြံစည် သမျှထက် အလွန်ထူးခြားစွာပြုခြင်းငှာ တတ်နိုင်တော်မူသော ဘုရားသခင် သည် ယေရှုခရစ်အားဖြင့် အသင်းတော်၌ ကမ္ဘာအဆက်ဆက်ဘုန်းကြီးတော် မူစေသတည်း။ အာမင်" ဧ၊ ၃း၂၀၊၂၁။[၇]

မကြာမီက ညအခါတွင် ကျွန်ုပ်ရှေ့၌ပေါ်လာသောရူခင်းများတွင် ကျွန်ုပ်သည် စိတ်စွဲလမ်းလျက်ရှိနေ၏။ များစွာသောနေရာတို့၌ ကြီးကျယ်သောလှုပ်ရှားမှုကြီးဖြစ်သော၊ ပြန်၍ပြုပြင်ပြောင်းလဲခြင်းအမှုတစ်ခုသည် ဖြစ်ပေါ်နေသည်ဟုထင်ရ၏။ ဘုရားသခင်ခေါ်တော်မူသည်အတိုင်း ကျွန်ုပ်တို့၏လူများသည် တညီတညွတ်တည်းရောက်လာကြပြီ။ မောင်၊ ညီမများတို့၊ ထာဝရဘုရားသည် ကျွန်ုပ်တို့ကိုမိန့်မြွက်နေတော်မူ၏။ ဘုရားသခင်၏ စကားသံတော်ကို ကျွန်ုပ်တို့သည် နားမထောင်သင့်ဘူးလား။ ကျွန်ုပ်တို့သည် မီးခွက်များကိုပြင်လျက် မိမိတို့၏သခင်ကြွလာတော်မူခြင်းကို မျှော်နေသော သူများကဲ့သို့ ပြုလုပ်ဖို့မသင့်ဘူးလား။ အလင်းကိုယူဆောင်သွားဖို့၊ အမှုဆောင်ရွက်ဖို့အချိန်ကျရောက်ပြီ။

မောင်ညီမများတို့၊ "ခေါ်တော်မူခြင်းကျေးဇူးတော်ကို သင်တို့သည် ခံရသည်နှင့် အထိုက်အလျောက်ကျင့်ဆောင်မည်အကြောင်း၊..... ငါသည် သင်တို့ကိုတိုက်တွန်းနိုးဆော်ပါ၏။ အရာရာ၌စိတ်နှိမ့်ချခြင်း၊ နူးညံ့သိမ်မွေ့ခြင်း၊ စိတ်ရှည်ခြင်းနှင့်ပြည့်စုံသဖြင့်၊ မေတ္တာစိတ်နှင့်တစ်ယောက်ကိုတစ်ယောက် သည်းခံခြင်းရှိကြ၍၊ အသင့်အတင့်ပေါင်းဖော်ခြင်း အဖွဲ့အစည်းအားဖြင့်၊ သင်တို့သည် အချင်းချင်းစိတ်သဘောမခြားမနား တစ်လုံးတစ်ဝတည်းဖြစ်အံ့သောငှာ ကြိုးစားအားထုတ်ကြလော့" ဧ၊ ၄း၁–၃။[၄]

## သစ္စာရှိသောသူအဖို့ဆုလာဘ်

မောင်ညီမတို့၊ မိုးတိမ်နှင့်ကြွလာတော်မူမည့် သခင်ခရစ်တော်အတွက် ပြင်ဆင်နေကြရန် ကျွန်ုပ်တိုက်တွန်းနိုးဆော်ပါ၏။ တစ်နေ့ပြီးတစ်နေ့ သင်တို့၏ စိတ်နှလုံးထဲမှ လောကကိုနှစ်သက်သောသဘောကိုပယ်ရှားပါ။ သခင်ခရစ်တော် နှင့်ပေါင်းသင်းဆက်ဆံရခြင်းသည် အဘယ်သို့ဆိုလိုသည်ကို ဗဟုသုတအား ဖြင့်နားလည်လော့။ သခင်ခရစ်တော်ကြွလာတော်မူသောအခါ၊ ယုံကြည်သော သူအပေါင်းတို့တွင် ချီးမွမ်းခြင်းခံရလျက် ကိုယ်တော်ကိုငြိမ်သက်ခြင်းနှင့်

တွေ့ဆုံကြမည့်သူတို့အထဲတွင် ပါဝင်မည်အကြောင်း တရားစီရင်ခြင်းအတွက် ပြင်ဆင်နေလော့။ ထိုနေ့၌ ရွေးနုတ်ခြင်းခံရသောသူတို့သည် ခမည်းတော်နှင့်သားတော်၏ဘုန်းတော်တွင် တောက်ပနေကြလိမ့်မည်။ ကောင်းကင်တမန်တို့သည် ရွှေစောင်းများကိုတီးလျက် ရှင်ဘုရင်နှင့်သူ၏အောင်မြင်ခြင်း အထိမ်းအမှတ်ဖြစ်ကြသော သိုးသငယ်၏အသွေး၌ဆေးကြော၍ ဖြူစင်စေကြသောသူတို့ကို ကြိုဆိုကြလိမ့်မည်။ ကောင်းကင်တစ်ဝန်းလုံးကို ဟိန်းသွားစေခြင်းငှာ အောင်မြင်သောသီချင်းသံသည် ထွက်ပေါ်လာလိမ့်မည်။ သခင်ခရစ်တော်သည် အောင်မြင်တော်မူပြီ။ ကိုယ်တော်ဒုက္ခခံ၍ ပူဇော်ခြင်းအမှုသည် အချည်းနှီးမဖြစ်ကြောင်း သက်သေဖြစ်ကြသောရွေးနုတ်ခြင်းခံရသူများပါလျက် ကိုယ်တော်သည် ကောင်းကင်နန်းတော်ထဲသို့ဝင်တော်မူ၏။

ကျွန်ုပ်တို့သခင်ဘုရား၏ထမြောက်ခြင်းနှင့် ကောင်းကင်သို့တက်ကြွသွားတော်မူခြင်းအမှုကား၊ ဘုရားသခင်၏သန့်ရှင်းသူတို့သည် သေမင်းနှင့်မရဏာနိုင်ငံကိုအောင်မြင်ကြောင်း သက်သေဖြစ်၏။ ၎င်းပြင် သိုးသငယ်၏အသွေး၌ မိမိတို့၏အကျင့်တည်းဟူသော ဝတ်ရုံကိုဆေးကြော၍ ဖြူစင်စေသောသူအား ကောင်းကင်ကိုဖွင့်ပေးမည်ဟူသော ကတိဝန်ခံချက်လည်းဖြစ်၏။ သခင်ယေရှုသည် လူသတ္တဝါတို့၏ကိုယ်စားတော်အဖြစ် ခမည်းတော် ထံတက်ကြွသွားတော်မူ၏။ ၎င်းပြင် ဘုရားသခင်၏ပုံသဏ္ဍာန်ကို ပြန်၍ ထင်ပေါ်စေသောသူတို့အား ကိုယ်တော်နှင့်အတူ မိမိ၏ဘုန်းတော်ကိုမြင်စေလျက် ပါဝင်ခံစားခွင့်ရရှိစေရန် သူတို့ကို ဘုရားသခင်သည် ယူဆောင်လာ တော်မူမည်။

မြေကြီးပေါ်၌ဧည့်သည်အာဂန္တုဖြစ်သောသူတို့အတွက် နေစရာအိမ်ရှိ၏။ ဖြောင့်မတ်သောသူတို့အဖို့ ဝတ်ရုံများနှင့်အတူ ဘုန်းတော်သရဖူနှင့် အောင်မြင်ခြင်းစွန်ပလွံခက်များရှိကြ၏။ ဘုရားသခင်စီမံထားတော်မူသည် အတိုင်း ကျွန်ုပ်တို့အားရှုပ်ထွေးစေသောအရာအားလုံးသည် လာလတ္တံ့သော လောကတွင် ရှင်းလင်းသွားကြလိမ့်မည်။ နားလည်ဖို့ခက်ခဲသောအရာတို့သည် ထိုအခါ အဓိပ္ပါယ်ပေါ်လာကြလိမ့်မည်။ ကျေးဇူးတော်၏နက်နဲရာများကို

ကျွန်ုပ်တို့ရှေ့တွင် ဖော်ပြတော်မူလိမ့်မည်။ ကျွန်ုပ်တို့၏ကန့်သတ်ထားသော စိတ်သည် ရှုပ်ထွေးခြင်းနှင့် ပျက်ကွက်သောကတိများကိုသာ တွေ့ရသော နေရာတွင် ကျွန်ုပ်တို့သည် အလွန်စုံလင်တင့်တယ်သော ညီညွတ်မှုကိုတွေ့ မြင်ရလိမ့်မည်။ အကန့်အသတ်မရှိသောမေတ္တာတော်သည် အလွန်ဒုက္ခရောက် စေသည်ဟု ထင်ရသောဗဟုသုတကို စီမံတော်မူခဲ့သည်ကို ကျွန်ုပ်တို့သိရှိရ ကြလိမ့်မည်။ ကျွန်ုပ်တို့၏ကောင်းကျိုးအတွက် အရာခပ်သိမ်းကိုဖန်ဆင်း တော်မူသော အရှင်၏ကြင်နာစွာစောင့်ရှောက်ခြင်းကို ကျွန်ုပ်တို့သည် မြင်ရ ကြသောအခါ၊ ကျွန်ုပ်တို့သည် မဖော်ပြနိုင်၍ ဘုန်းတော်နှင့်ပြည့်ဝသော ဝမ်းမြောက်ခြင်းနှင့်ဝမ်းမြောက်ကြလိမ့်မည်။

ကောင်းကင်ပတ်ဝန်းကျင်တွင် ဝေဒနာခံစားခြင်းမရှိ။ ရွေးနုတ်ခြင်း ခံရသောသူတို့၏အိမ်တော်တွင် မျက်ရည်ကျခြင်း၊ မသာပို့သူများ၊ ဝမ်းနည်း ခြင်း၏အမှတ်လက္ခဏာများရှိမည်မဟုတ်။ "မြို့သားကလည်း၊ ငါနာသည် ဟုမဆိုရ။ ထိုမြို့၌နေသောသူတို့သည် အပြစ်ဖြေရှင်းခြင်းသို့ရောက်ရကြလိမ့် မည်" ဟေရှာ ၃၃း၂၄။ များစွာသောဝမ်းမြောက်ခြင်းကာလသည် ရောက်လာ ၍ ထာဝရကာလအဆက်ဆက် ၎င်းသည် တိုးလာလိမ့်မည်။

ထာဝရအသက်အတွက် ကျွန်ုပ်တို့၏မျှော်လင့်ချက်များသည် ဗဟို တည်လျက်ရှိသောကိုယ်တော်ကို ကျွန်ုပ်တို့တွေ့မြင်ရမည့်အချိန်သည် မကြာ တော့ချေ။ ၎င်းပြင် ကိုယ်တော်၏မျက်မှောက်တော်၌ ဤအသက်တာ၏ စုံစမ်းခြင်းနှင့်ဒုက္ခဆင်းရဲခြင်းအပေါင်းတို့သည် ဘာမျှမဟုတ်သကဲ့သို့ဖြစ်လိမ့် မည်။ "ထိုကြောင့် ကြီးစွာသောအကျိုးနှင့်ယှဉ်သော သင်တို့၏ရဲရင့်ခြင်းစိတ် ကို မစွန့်ကြနှင့်။ ဘုရားသခင်၏အလိုတော်ကိုဆောင်ပြီးမှ ကတိတော်အတိုင်း အကျိုးရမည်အကြောင်း သည်းခံခြင်းစိတ်ရှိရမည်။ အဘယ်ကြောင့်နည်းဟူမူ ကား၊ ကြွလာလတ္တံ့သောသူသည် မဆိုင်းမလင့်ဘဲ၊ မကြာမမြင့်မီရောက်တော် မူလိမ့်မည်" ဟေဗြဲ ၁၀း၃၅–၃၇။ မျှော်ကြည့်လော့၊ မျှော်ကြည့်လော့၊ သင်၏ယုံကြည်ခြင်းသည် အမြဲတိုးပွားပါစေ။ ဘုရားသခင်၏မြို့တော်တံခါး များကိုဖွင့်လျက် ရွေးနုတ်ခြင်းခံရသူတို့အတွက် ဘုန်းတော်နှင့်ပြည့်ဝသော

ကျယ်ပြန့်အတိုင်းအရှည်မရှိသော နောင်ကာလတိုင်အောင်ညွှန်ပြနေသော ကျဉ်းမြောင်းသောလမ်းသို့ ဤယုံကြည်ခြင်းသည် သင်တို့ကိုလမ်းပြပါစေ။ "ထို့ကြောင့် ညီအစ်ကိုတို့၊ သခင်ဘုရားကြွလာတော်မူသည်တိုင်အောင် သည်းခံလျက်စောင့်နေကြလော့။ အကယ်၍ လယ်လုပ်သောသူသည် အရင်မိုး၊ နောက်မိုးကိုရသည်တိုင်အောင် အဖိုးထိုက်သောမြေအသီးကို သည်းခံ လျက်စောင့်နေ၍ မျှော်လင့်တတ်၏။ သင်တို့သည်လည်း သည်းခံလျက် စောင့်နေကြလော့။ ကိုယ်စိတ်နှလုံးကိုမြဲမြံစေကြလော့။ သခင်ဘုရားကြွလာ တော်မူသောအချိန် ရောက်လုနီးပြီ" ယာ ၅း၇၊၈။[၁]

နောက်မှ အဘယ်သို့သောသူဖြစ်မည်ဟု မထင်ရှားသေး။ သို့သော်လည်း၊ ကိုယ်တော်သည် ထင်ရှားပေါ်ထွန်းတော်မူသောအခါ၊ ငါတို့သည် ကိုယ်တော်နှင့်တူကြလတ္တံ့ဟု ငါတို့သိကြ၏။ အကြောင်းမူကား၊ ကိုယ်တော်ဖြစ်တော်မူသည်အတိုင်း ငါတို့သည်မြင်ရကြလတ္တံ့။"

ထိုနောက် ကိုယ်တော်အမှုတော်၏အကျိုးအပြစ်များတွင် သခင်ခရစ်တော်သည် ၎င်း၏အကျိုးကိုတွေ့မြင်တော်မူလိမ့်မည်။ "အပြစ်မရှိဘဲ ဝမ်းမြောက်ခြင်းနှင့်ပြည့်စုံလျက် ဘုန်းအသရေတော်ရှေ့၌ ဆက်သထား" ၍ မည်သူမျှမရေမတွက်နိုင်သော လူအစုအဝေးကြီးတွင်၊ ကျွန်ုပ်တို့အား မိမိ၏အသွေးအားဖြင့်ရွေးနုတ်၍ မိမိ၏အသက်တာအားဖြင့် သွန်သင်တော်မူခဲ့သော ကိုယ်တော်သည် "မိမိစိတ်ဝိညာဉ်ခံရသော ဝေဒနာ၏အကျိုးကို မိမိမြင်၍ အားရလိမ့်မည်။"[၆]

## ရဲရင့်၍ယုံကြည်အားထားရန်
## နောက်ဆုံးစကား

ကျွန်ုပ်သည် ကြာရှည်နေရလိမ့်မည်ဟုမမျှော်လင့်ပါ။ ကျွန်ုပ်၏ အလုပ်သည် ပြီးလုနီးပြီ။ ကျွန်ုပ်တို့၏လူများအတွက် သက်သေခံချက်များသည် ကျွန်ုပ်၌မရှိတော့ဟုထင်ပါသည်။ အလုပ်ကိုချီးမြှင့်ခြင်း၊ တည်ဆောက်

ခြင်းအတွက် မည်ကဲ့သို့အကျိုးရှိသည်ကို ကျွန်ုပ်တို့၏စိတ်ခိုင်ခဲ့သောလူများတို့သည် သိရှိကြသည်။ သို့ရာတွင် မိမိ၏စိတ်နှလုံးထဲ၌ ဘုရားသခင်ကိုချစ်ခြင်းနှင့် ဘုရားသခင်နှင့်ဆိုင်သောအရာတို့ကိုသာ၍၊ သာ၍လေးနက်စွာသူတို့သည် လေ့လာဆည်းပူးဖို့လိုပေသည်။[၇]

ကျွန်ုပ်တို့၏လွန်ခဲ့သောရာဇဝင်ကိုပြန်ကြည့်ရာ၌၊ ကျွန်ုပ်တို့၏ယခုလက်ရှိအခြေအနေတိုင်အောင် တစ်ဆင့်ပြီးတစ်ဆင့် တိုးတက်လာသည်ကိုတွေ့မြင်ခဲ့ရပြီဖြစ်သောကြောင့် ဘုရားသခင်၏ကျေးဇူးတော်ကို ချီးမွမ်းကြပါ ဟုကျွန်ုပ်ပြောဆိုနိုင်ပါသည်။ ထာဝရဘုရားသည် မည်ကဲ့သို့ပြုတော်မူခဲ့ သည်ကိုကျွန်ုပ်သည် မြင်ရသောအခါ၊ ကျွန်ုပ်သည် အံ့ဩခြင်းနှင့်ပြည့်ဝ လာလျက်သခင်ခရစ်တော်ကို ရှေ့ဆောင်အဖြစ်ယုံကြည်အားထားခြင်းရှိလာ ပါသည်။ ထာဝရဘုရားသည် ကျွန်ုပ်တို့အားပို့ဆောင်တော်မူခဲ့သောလမ်းခရီး ကိုလည်းကောင်း၊ လွန်ခဲ့သောကျွန်ုပ်တို့၏ရာဇဝင်တွင် ကိုယ်တော်သွန်သင် တော်မူခဲ့သောအရာတို့ကိုလည်းကောင်း ကျွန်ုပ်တို့သည် မေ့လျော့ကြမည်ကို စိုးရိမ်ရခြင်းမှလွဲ၍ ကျွန်ုပ်တို့၌ နောင်ကာလအဖို့ ဘာကိုမျှပူပင်ကြောက်လန့် စရာမရှိပါ။[၈]

---o---